
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၄ ခုနှစ်၊ မေလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

BURMESE CLASSIC

“ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း” (CIP)

၈၉၅.၈၃
သျှင်မ
အဆုံးမဲ့သစ္စာ/ သျှင်မ၊ ရန်ကုန်။ ရွှေသမင်စာပေ၊ ၂၀၁၄။
၃၄၄ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) အဆုံးမဲ့သစ္စာ



## အခန်း (၃၅)

“မင်း မသွားရဘူး လူလေး ...၊ ဒါ သက်သက် အကွက်ဆင်ထားတာ .. သူ့ဟာသူ အက်ဆီးဒင့်ဖြစ်ပြီး သေသွားခဲ့တာ အရှင်းကြီး ...၊ သက်စွဲတော် လည်း ခုထိ ဆေးရုံမှာ .. ကိုယ့်ကိုယ်ကိုယ် မသေရုံလေး ဆာ့ ကားမှောက်အောင် လုပ်ကြည့်မယ်ဆိုတာမျိုး ရသလား ...၊ ဘယ်သူက ကိုယ် သေသွားနိုင်တဲ့ကိစ္စကို ဂရုမစိုက်ဘဲ သူများကို သတ်ဖို့ ကြိုးစားမှာလဲ ..”

“ဒါပေမယ့် ခုထိ သူတို့က ဒီတိုင်း စွပ်စွဲနေကြပြီ .. မဆိုင်တဲ့လူကို ဖမ်းထားပြီး ရှင်းရအောင်လို့ ခေါ်နေတာ ..”

“ရှင်းဖို့ မလိုဘူး .. ဒါ သူတို့မိသားစု နှစ်စုကိစ္စ .. ဒီမှာ သော.. ဝဒေဆောင်တွင်းမှာ နေထိုင်ကြတဲ့ နိုင်ငံသားတွေကွ .. စိတ်မထင်တိုင်း လူသတ်လို့ မရဘူး ..”

ယက္ခ တားဆီးနေပေမယ့် တင်းမာနေသော မာန်အပြည့်နှင့် သောမဲ့မျက်နှာက နည်းနည်းမှ တွေဝေသွားတာ မရှိ ...၊ ခါးပတ်ချိတ်၌ သက်ပတ်တပ်ခြင်း၊ ဘယ်လက်မှာ လက်ဖဝါးစာပဲပါသည့် လက်အိတ်စွပ်ခြင်းတို့ကို သေနတ်တစ်လက် တပ်ဆင်နေသလို တစ်ခုပြီးတစ်ခု တပ်ဆင်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ယက္ခ ရဲ့အကြည့်တွေကလည်း သော လှုပ်ရှားနေသမျှပေါ်မှာ စိုက်နေခဲ့လျက် ...

"အောင်ဘော် က သူ့ဆရာဘက်က နာမယ်ဆိုရင် သန်းမြတ်[...] ရဲ့ သားသမီးတွေက သူ့ရန်သူတွေပဲ .."

"ဒါကြောင့် သဒ္ဒါပိုမို ကို သူတို့ ဘာလုပ်လုပ် ကြည့်နေရမ[...] ပေါ့ .."

"ဘာမှမလုပ်ဘူး .. အဲဒါ မင်း ထွက်လာအောင် တမင် ခြိမ်းခြော[...] တာ .."

"ဒါကြောင့် အခု သွားမှ ဖြစ်မယ် .."

နောက်ထပ် 'ဒါကြောင့် ..' တစ်ခွန်း ထွက်လာတာနဲ့ ခြေလှမ်း[...] တော့မှာကို ယက္ခ က သိနေသည်။

"သူတို့တွေအကြောင်း ဦးခ သိပါတယ် .. မင်း မသွားပ[...] လူလေးရယ် .. ငါတို့တွေ ဘာဆက်လုပ်ကြမယ်ဆိုတာ အခု မင်းအ[...] လည်း ရှိနေပြီ .. တိုင်ပင်ကြတာပေါ့"

"မေမေ့ကို ဦးခ ပဲ မေးပါ .. မြန်မာပြည်ကို ပြန်လာတာ ဘ[...] အတွက်လဲလို့ .."

သော အားလုံးကို သိနေပြီမှန်း တွေးမိကာ ယက္ခ ပြောရခက်သ[...] သည်။ မအေက တစ်မျိုး .. သားက တစ်မျိုး ...။

ဒါကို သူ ဘယ်လိုစေ့စပ် ဆွေးနွေးဖို့ ကြိုးစားရမလဲ ...။ လူငယ်[...] တစ်ယောက်က တစ်ဖွတ်ထိုး လုပ်တော့မည်ဆိုရင်တောင် မအေဖြစ်[...] သူက အရာရာကို စဉ်းစားချင့်ချိန်ရမှာ ဖြစ်၏။

မဒါ ဘာတွေဖြစ်ချင်နေမှန်း သူ ရိပ်မိပေမယ့် ဘာလုပ်မှာလဲ[...] တာကို ခန့်မှန်းလို့ မရပေ ...။

တွေဝေသွားသည့် ယက္ခ မျက်နှာကို လှည့်ကြည့်ပြီး သော[...] ပြုံးလိုက်သည်။





"မေမေ စိတ်ချမ်းသာသလို နေပါစေတော့ .. ကျွန်တော်လည်း [...]န်တော့်ရည်ရွယ်ချက်အတိုင်း ဆက်လုပ်မယ် ...၊ မေမေ့ကို ဦးခ ဘာမှ [...]မဆောင်နိုင်သလို ကျွန်တော်လည်း ဦးခ စကားကို နာခံမှာ မဟုတ်[...]း .."

"ဘာ!... ဘယ်လိုပြောလိုက်တာလဲ .. သော .."

"ဦးခ နဲ့ ကျွန်တော် ခဏခဏ အချင်းများနေရမှာ စိုးလို့ပါ .."

"သော .. ငါက မင်းရဲ့နို့ထိန်း ဆိုပေမယ့် ..."

"ဘာမှမတော်စပ်တဲ့သူမို့လို့ ကျွန်တော်က မရိုသေ မလေးစားနိုင်[...]ဘူး ပြောနေတာ မဟုတ်ပါဘူး ...၊ ဒါက ကျွန်တော်တို့ မိသားစုရဲ့ [...]ရေးကြီးဆုံး အပိုင်း"

"ငါကတော့ သွေးမတော်တဲ့လူမို့ ဝင်ပါစရာ မလိုဘူးပေါ့ .."

"ကျွန်တော် ခေါင်းအရှုပ်မခံနိုင်လို့ .."

"အခု မင်းသွားမယ့်လမ်းက မင်းကို ခေါင်းရှုပ်ရုံမကဘူး ခေါင်း[...]ဘာက်အောင် .. မင်း ဘဝပျက်အောင် လုပ်ပစ်မယ့် ထောင်ချောက်[...]ွေနဲ့ .."

"လုပ်ပေ့စေ ဦးခ .. အဲဒါမျိုးပဲ တွေ့ချင်တာ ...၊ နာကျင်လာရင် [...]နဲ့ ထိုးခွဲပစ်ရပစ်ရ .. ပုဆိန်နဲ့ပဲ ပေါက်ထုတ်ရမလား ...၊ နာကျင်နေ[...]ကို တစ်ဆုံးထိ ပို့ပေးလိုက်မယ် ...၊ ပြည်တည်နာတစ်ခုလို ဂဏ်ဆစ်[...]စ်ကိုက်ပြီး ဒုက္ခပေးနေတာ မခံနိုင်ဘူး .."

"ဒါဖြင့် အခု မင်းက သူတို့စွပ်စွဲထားတာကို ဟုတ်ပါတယ်လို့ [...]းဝန်ခံမလို့လား ...၊ ကိုယ်နဲ့ ဘာမှမဆိုင်တဲ့ကိစ္စကို မိုက်ရူးရဲဆန်ပြီး [...]က်ဝင်လျှိုမယ်ပေါ့ .."

"သူတို့နဲ့ တွေ့မယ်လို့ ဆုံးဖြတ်လိုက်တာ သူတို့ ကျွန်တော့်ကို[...]နေကြတယ် ...၊ ဒါကြောင့် သူရဲကောင်း ရဲ့သားနဲ့ သန်းမြတ်ဖော်[...]သားစု ပူးပေါင်းလုပ်ကြံတယ်လို့ စွပ်စွဲနေတာ .."



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို သိနေကြတာက ပြည့်သျှင် ကို မင်းကပဲ သွားစိန်ခေ နေတာကိုး ..၊ ဒါကြောင့် မင်းကြောင့်ပဲ ဟိုက နောက်ယောင်ခံ လိုက် လာတာ .."

'မင်းအဘိုးရဲ့ခြံထိတောင် သူတို့က ရောက်လာပြီးပြီ' လို့ ပြေ လိုက်ချင်မိသည်။ ခုလောက်ဆို ဦးသူရိန်၊ ဒေါ်ပန်းမြတ်မာလာရဲ့ စံအိ ဘယ်လို ဘယ်နေရာမှာ ထီးထီးမားမား တည်ရှိနေသည်ဆိုတာကိုလည် သိနေလောက်ပြီ ထင်၏။

"ဘာပဲဖြစ်ဖြစ် မင်း ဝန်ခံခဲ့တာ ဘာမှမရှိသေးဘူး ..၊ တောခြော တိုင်း လန့်ပြေးစရာ မလိုဘူး သော .. ငါတို့က တောနေသတ္တဝါလေ တွေ မဟုတ်ဘူး .. ခြသေ့်လိုနေရင် ခြသေ့်လို ရဲရင့်ရတယ် .."

"ဒါဆို ဘာလို့ တားနေတာလဲ .."

"မင်း သူရဲကောင်း ရဲ့သားဆိုတာ ကိုယ့်ကိုယ်ကိုယ် ဖော်ဖို့ မ သေးဘူး .."

"လိုအပ်ရင် ဖော်မယ် .. ဒါပေမယ့် အစွယ်အပွားတွေနဲ့ ရင်ဆို မဟုတ်ဘူး ..၊ ပြည့်သျှင် ဆိုတဲ့ပုဂ္ဂိုလ် ထွက်လာဖို့ .."

ယက္ခ ငေးခနဲ ဖြစ်သွားသည်။ သော က ခါးပတ်မှာ သေချာ ချိတ်ထားသည့် ဓားပါးလေးတွေကို စမ်းကာ ဂျက်ကက် ထပ်ဝတ်လို သည်။

ပြဿနာက ဘာမှကြီးမားတာ မဟုတ် ..၊ ရှုပ်ထွေးစရာအကြော လည်း မရှိဘဲ ညားကာစလင်မယား ကားအတူမောင်းကြရင်း အက် ဒင့်ဖြစ်တာကို လုပ်ကြံပါတယ်လို့ စွပ်စွဲထား၏။

ဥပဒေဆောင်ထဲကနေ လက်ညှိုးထိုးတာ မဟုတ်ဘဲ ကျောင်းထေ က ရန်စတွေနဲ့ ပတ်ချည်လာခဲ့တာ ဖြစ်သည်။ ပြည့်သျှင် နှင့်ပတ်သ သည့် တပည့်တပန်းလူကတောင် ဒီရန်ငြိုးအတွက် အမြစ်က လှ ချေမှုန်းချင်နေသည်ဆိုလျှင် ကိုယ်က သူရဲကောင်း ရဲ့သား ..။



"သော .."

သူ ကားပေါ်ရောက်ခါနီးထိ ယက္ခ က လိုက်ပါလာကာ ...

"အစစ အရာရာ သတိထားပါ .."

မဖြစ်သာသည့်အဆုံးမို့ ခွင့်ပြုရသည့်လေသံက စိုးရိမ်မှုတွေ တနင့် တပိုး ရှိနေလျက် ...

"မင်းအခမကို ဂရုမစိုက်ရင်တောင် မင်း စောင့်ရှောက်ရမယ့် .. မင်းရဲ့ .."

ယက္ခ ခဏလေး ထစ်ငေါ့သွားပြီးမှ ...

"မင်းရဲ့အဒေါ် ရှိသေးတယ် .."

ခုမှ အထူးအဆန်း လာပြောနေသဖြင့် သော က စူးခနဲ ကြည့် သည်။

"ဟုတ်တယ် .. ဟိုအရင်တုန်းကတော့ မင်းအဒေါ်ကို မင်း သတိရ တိုင်း တွေ့ခွင့်တောင် မရခဲ့ဘူး ..၊ ဒါပေမယ့် ငါတို့အားလုံးထဲမှာ မင်းကသာ သူ့ရဲ့ သွေးသားအရင်း .."

"ဒါတွေ ပြောနေစရာ လိုလို့လား ကိုခ .."

စကားပြောလက်စသည့် နှစ်ယောက်ကနေ သုံးယောက် ဖြစ်သွား ခဲ့၏။ ဘဒ္ဒါ သည် မဟော်ဂနီရောင် ဂါဝန်ပျော့ကပ်ကပ်လေးနှင့် ဆံပင် တွန့်တွန့်လေးတွေကို ဆူးလိပ်တွေနဲ့ ပုံပေါ်အောင် ထပ်မံ ပြင်ဆင်ထား ၏။

မခြောက်သေးသည့် လက်သည်းဆိုးဆေးတို့ကို နှုတ်ခမ်းလေး လုံး နေအောင် မှုတ်ရင်း လှလှပပလေး လျှောက်လာ၏။

သူမ၏ သွားလာ နေထိုင်ပုံတို့နှင့် နုပျိုချောမွေ့သော မျက်နှာ သွင်ပြင်အရ မသိတဲ့လူဆို သူမကို အသက်သုံးဆယ်နီးပါးလောက်သာ ခန့်မှန်းကြမှာ ဖြစ်သည်။

သူမရဲ့ ဇရာရုပ်ကို ခန့်မှန်းနိုင်သည့် အစိတ်အပိုင်းနေရာဟာ သွေး

www.burmeseclassic.com



ကြောတို့ ထောင်ကြွနေကြသော လက်ခုံနှစ်ဖက်သာဖြစ်ကာ အရာရာ ဟာ ဆုတောင်းကောင်းလွန်းသည်လို့ပဲ ပြောမလား ..။

"အလုပ်ကြီး အကိုင်ကြီး သွားလုပ်တော့မယ့်သူကို မင်း ဘာဖြစ် လို့ ယုံကြည်မှုနည်းစေမယ့် စကားတွေ ပြောနေတာလဲ ..၊ သူ့အလုပ် သူ လုပ်ပါစေ .."

ယက္ခ မျက်နှာ အညိုရောင်သမ်း၏။ သော ရဲ့ စူးရဲသောအကြည့် တွေကလည်း သူ့ဆီကိုပဲ ရောက်လာခဲ့သည်။

သွေးကြွေးကာလဲ့စား အစီအစဉ်တွေကို နှောင့်နှေးကြန့်ကြာအောင် ဖန်တီး တားဆီးနေခဲ့သူဟာ ဘဒ္ဒါ မဟုတ်ဘဲ ကိုယ်သာဖြစ်ကြောင်း ဒီစကားတွေက သက်သေခံနေပြီ ဖြစ်၏။

ယက္ခ နဲ့ သော ရဲ့အခြေအနေကို ဝေ့ခနဲ တစ်ချက်ပဲကြည့်ကာ ဘဒ္ဒါ က ပြုံးလိုက်သည်။

"သား လုပ်စရာရှိတာကို ပါးပါးနပ်နပ် လုပ် ..၊ မေမေတို့ အနှစ် နှစ်အလလ မျိုးသိပ်အုံ့ဖွဲ့ခဲ့သမျှကို ဒီအချိန်ကျမှ ခြေလှမ်းမှားသွားတာ မျိုး မဖြစ်စေနဲ့ .."

သော က ယက္ခ ကိုပဲ ချဉ်တူးတူး စိုက်ကြည့်ပြီး မျက်နှာလွှဲသည်။ ပြီးတော့ ကားထဲဝင်၏။

သော ရဲ့ကားသံ ပျောက်ကွယ်သွားသည်နှင့် ဘဒ္ဒါ က အိမ်ထဲ လှည့်ဝင်လိုက်လျှင် ...

"မဒါ .."

"ဘာလဲ .. မင်း မကျေနပ်ဘူးမို့လား .. ငါကလည်း မကျေနပ်တဲ့ သူကို ချော့မပေါင်းနိုင်ဘူး ကိုခ ..၊ ငါ့ကိုလည်း မင်း မျိုးသိပ်ဟန်ဆောင် မှုတွေနဲ့ မဆက်ဆံနဲ့ .."

"မဒါ ဘာတွေ ပြောနေတာလဲ ..၊ ကျွန်တော်နဲ့ မဒါ က ဒီလို စိတ်ဝမ်းကွဲနေရမယ့် လူတွေလား .."





"မင်းကို ငါ မယုံတော့ဘူး .."

"ဪ .. ဒီလိုလား .."

"ဟုတ်တယ် .."

ဘဒ္ဒါ က တင်းမာနေသည့်မျက်နှာနှင့် သူ့ကို ပြန်လှည့်ရင်ဆိုင် ကာ ...

"မင်း အရင်က ယက္ခ မဟုတ်တော့ဘူးဆိုတာ ငါ သေချာသိလိုက် ရတည်းက .."

"ဘာကြောင့် ဒီလို စွပ်စွဲတာလဲ မဒါ .."

"စွပ်စွဲတာ မဟုတ်ဘူး ငါ မြင်တာ .. မင်းက သော ကို မွေးမြူခဲ့ ပေမယ့် ချည်တိုင်တစ်ခုမှာ ချည်ထားခဲ့တာလေ ..၊ အချိန်တန် အစာ ကျွေး ရေတိုက်ထားရုံနဲ့ သူ့တာဝန်ကို မင်း ကျေနေပြီ ထင်နေတာ လား ..၊ သူ့တာဝန်က ပြည့်သျှင် ကို ပြန်သတ်ဖို့ ..၊ သူ့ကို ခိုင်းနွားတစ် ကောင်လို မင်း မွေးမြူရမှာ မဟုတ်ဘူး .. မင်းထက်မြတ်သော က စစ်မြင်းတစ်ကောင် ဖြစ်ရမှာ .."

"မဒါ .."

"ပြည့်သျှင် ကို သူ သတ်ပစ်နိုင်ရမယ် ..၊ ပြည့်သျှင် ဆိုတဲ့လူ နလုံးကြေပျက်ပြီး နောင်ဘဝအထိ ကြေကွဲမဆုံး ဖြစ်နေရမယ် .."

"သားကောင်က မုဆိုး ဖြစ်ခဲ့ရင်ရော .."

"မင်း ဒီစကားမျိုး ပြောပြန်ပြီလား .."

"ပြည့်သျှင် က သော ကို ပြန်သတ်နိုင်ခဲ့ရင် ဆိုတာမျိုး နည်းနည်း တွေးကြည့်ပါဦး .."

စူးရဲသောမျက်ဝန်းတို့ အားပြိုင် ဆွဲငင်နေကြပြီး ...

"သော အတွက် ကြေကွဲမယ့်လူ မရှိရင်တောင် ကိုယ် မွေးလင့် သလို ဖြစ်မလာခဲ့တဲ့ ဒီဇာတ်သိမ်းအတွက် မဒါ ကျေနပ်နိုင်မလား ..၊ ပြည့်သျှင် ကရော သော ဆိုတဲ့ကောင်လေး ဘယ်အရိပ်ကိုခိုပြီး ဘယ်



www.burmeseclassic.com

www.burmeseclassic.com



အကိုင်းမှာ နားခဲ့တာလဲဆိုတာ နည်းနည်းလေးမှ စိတ်မဝင်စားတော့ဘဲ ပွဲပြီးတာနဲ့ ဖျာလိပ် ပြန်မှာတဲ့လား ..”

“မင်း ပြောလိုက်တိုင်း ပြည့်သျှင် ဆိုတဲ့လူက ဟိုးအမြင့်ဘုံဖျားက မဆင်းဘူး ကိုခ ..၊ မင်းရဲ့လေသံတွေမှာ သူ့အပေါ် မင်း ဘယ်လောက် အထင်တကြီး ရှိခဲ့သလဲ ..၊ ခုထိ ဘယ်လိုစွဲမြဲနေခဲ့သလဲဆိုတာတွေ ပါနေတယ် .. တကယ်တော့ မင်းနဲ့ ငါက မပေါင်းစည်းသင့်တဲ့လူတွေပဲ..”

“ကျွန်တော်တို့က ပေါင်းစည်းခဲ့ကြတာမှ မဟုတ်ဘဲ .. လိုအပ်မှု ချင်း ချိတ်ဆက်ခဲ့ကြတာ ..၊ ကျွန်တော့်ရဲ့ လိုအပ်မှုက နိုလှုံခြင်း .. မဒါ ကတော့ တုံ့ပြန်လိုခြင်း ..”

“မင်းက သူ့ကို ဘယ်တုန်းကမှ မမုန်းခဲ့ဘူးလို့ ပြောလိုက်တာ လား ..”

“မုန်းခဲ့တယ် .. ကျွန်တော့်မိသားစုတွေ သေကွဲရှင်ကွဲတွေ တကွဲ တပြားစီဖြစ်ပြီး ဒုက္ခရောက်နေကြတာကို သူ မကူညီခဲ့ဘူး..၊ ကျွန်တော့် ကိုလည်း သွားခွင့် မပေးဘူး .. ဒါတွေက နာကျင်မုန်းတီးစရာတွေပါ..၊ ပြီးတော့ ဘယ်တော့မှ ရှေ့တန်းတင်မခံခဲ့ရတဲ့ မျက်နှာငယ်ဘဝမှာ နေခဲ့ ရတယ် ..၊ ဒါတွေကြောင့် ကျွန်တော် စိတ်နာခဲ့တာ ..”

ယက္ခ ရဲ့မျက်လုံးတွေက ဘဒ္ဒါ ဆီ ရောက်လာကာ ...

“မိန်းမတစ်ယောက်ရဲ့ မာယာကွန်မှာ မြှူးမိငါးလို မရုန်းနိုင် မလွတ်နိုင်ဘဲ ကျွန်တော် အမှားတွေ ဆက်တိုက်လုပ်လာခဲ့တာ ..”

ယက္ခ ၏ လေသံတို့သည် နာကျင်ကြေကွဲမှုများနှင့် ပြည့်နှက်နေခဲ့၏။

“ကိုယ်ခန္ဓာမှာ သွေးပူနေတာ ကောင်းပေမယ့် ကျောပြင်အရေ ပြားတွေက နေပူဒဏ်ကို မခံနိုင်ဘူး ..၊ လူဖြစ်လာကြတဲ့ဘဝမှာ ကျေး ဇူးကန်းတဲ့လူလောက် လူဖြစ်ရှုံးတာ မရှိဘူး .. သွေးပူနေဖို့အတွက် ကျောပူခံနေတဲ့လူက အရှုံးပဲ ..”





“ဟား ဟား ဟား ဟား”

ဘဒ္ဒါ က ဟားတိုက်ရယ်သည်။ သို့သော် ရယ်သံနဲ့မတူ ..၊

“ဒါဆို မင်းက ကိုယ်လျှောက်မယ့်လမ်းကို ရွေးချယ်လိုက်ပြီပေါ့”

“မဒါ က ပြတာပါ ..”

“ဟုတ်ပြီလေ .. အဲဒီတော့ မင်းနဲ့ ငါ ဘယ်လိုရှေ့ဆက်မလဲ ..”

“မဒါ ကိုယ်တိုင် လမ်းရွေးပြီးမှ ဘာကို မေးနေတာလဲ..၊ စိတ်ချမ်း သာသလို နေပါ .. သော ကိုယ်တိုင်က သူ့အမေကို စိတ်ချမ်းသာသလို နေပါစေလို့ ပြောသွားခဲ့တာ ..”

“ဘာ!...”

“အဲဒါ ကျွန်တော့်ပယောဂ မပါဘူး .. သူ့မျက်လုံး သူ့ခံစားချက် ထဲမှာ ရှိတဲ့အတိုင်း ပြောသွားတာ ..”

“ယက္ခ .. မင်းက နိုင်ကွက်ရှိတယ်ဆိုပြီး ငါ့ကို ပမာမခန့် လုပ်နေ တာလား ..”

“အားနည်းချက်တွေ ရှာပြီး ချုပ်ကိုင်ဖို့ ကြိုးစားခဲ့တာ မဒါ ပါ.. ကျွန်တော် မဟုတ်ပါဘူး ..၊ မဒါ မှာ အားနည်းချက် ရှိနေတယ်ဆိုရင် ကျွန်တော်လည်း အပြစ်ရှိခဲ့တဲ့လူပဲ ..”

မယုံကြည်နိုင်သေးသည့် အကြည့်စိမ်းတွေက ယက္ခ မျက်နှာထက် မှာ စူးစိုက်ကြည့်နေသည်။ ယက္ခ က ဂရုမစိုက်သည့်အပြုံးနှင့် နောက်ကို ခြေတစ်လှမ်းဆုတ်ရင်း ခါးထောက်၍ ...

“ကျွန်တော်တို့က တကွဲတပြားစီ နေသင့်တဲ့လူတွေတော့ မဟုတ် ဘူး ..၊ ဘာဖြစ်လို့လဲဆိုတော့ မဒါ သိမှာပါ .. ဒါပေမယ့် မဒါ ဘက်က တော့ မယုံကြည်တော့ဘူးဆိုမှတော့ ကျွန်တော်တို့ ..”

“နေဦး ..”

လက်ဝါးနဲ့ကာ၍ တားဆီးကာ ဘဒ္ဒါ က ခေါင်းခါရင်း ရှေ့ကို တိုးကပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"စကားတွေ လှအောင်ပြောပြီး ဒီကထွက်သွားတာနဲ့ လက်သီးပုန်းထိုးမှာပဲဆိုတာ ငါ သိတယ် .."

"ဟား!... အဲဒါ မဒါ မှားနေပြီ .."

ယက္ခ မျက်နှာတစ်ပြင်လုံး နီရဲသွားသည်။

ပြီးတော့ နှစ်ပေါင်းများစွာ ပျောက်ကွယ်နေခဲ့သည့် မာန်မာနနှင့် မျက်နှာမျိုး ပြန်ပေါ်လာခဲ့ပြီး ...

"ကျွန်တော် ဘယ်လိုလူလဲဆိုတာ မဒါ မေ့သွားတာလား ..၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းတာလား .."

"ဟုတ်တယ် .. ငါက ကိုယ့်ကိုယ်ကိုယ် ကော(န်)ဖစ်ဒဲ့(န်စ်)ရှိတဲ့ လူပဲ ..၊ ငါ လုပ်သမျှဟာ တချို့တလေမှာ လွဲချော်မှု ရှိရင်ရှိမယ် .. အဆုံးသတ်မှာ အောင်ပွဲခံရမှာပဲ .."

"ကျွန်တော်တို့ အဆုံးသတ်ကို သွားနေတုန်းပဲ ရှိသေးတယ် .. မရောက်သေးဘူး .."

"ငါ မအောင်မြင်နိုင်ဘူးလို့ မင်း ပြောချင်တာလား ..၊ မင်းနဲ့လက်မတွဲတော့ရင် ငါ အကျနာမယ်ပေါ့ ..၊ ပြောလေ.. မင်း ကိုယ့်လမ်းကိုယ် လျှောက်မှာမို့လား .. ဘာကို မျိုသိပ်နေတာလဲ .."

"ပြောဖို့ မလိုပါဘူး .. ကိုယ့်ထက် အများကြီးတော်တဲ့လူရဲ့ ကံကြမ္မာကို ဖတ်ရလောက်အောင် ကျွန်တော် မတော်သေးဘူး ..၊ မဒါ လိုလည်း ကျွန်တော့်မှာ ကော(န်)ဖစ်ဒဲ့(န်စ်)မရှိဘူး ထင်တယ် .."

"နေဦး .. ဟေ့ .. ယက္ခ .. မင်း!..."

ဘယ်လိုမှ ဟန်ဆောင်ပြုံးရယ်နေလို့ မရတော့ဘဲ ယက္ခ ထွက်သွားတာနှင့် ဘဒ္ဒါ အကြမ်းပတမ်း ဆောင့်ဆွဲထားကာ ...

"မင်း ငါ့ကို ထားသွားလို့ မရဘူး .."

ယက္ခ ကို ဆွဲယမ်းရိုက်ပုတ်ရင်း အိမ်တံခါးအတွင်းကို နှစ်ယောက်စလုံး ပြန်ရောက်သွားခဲ့လျှင် ...





"မင်းက တကယ်ပဲ ငါ့ကို ထားခဲ့မယ်ပေါ့ ..၊ လမ်းခွဲတော့မယ် ဟုတ်လား .."

နံရံမှာ ကျောကပ်မှီလျက်နှင့် ယက္ခ က တစ်ခွန်းမှ မပြောဘဲ ပါးစပ်ပိတ်နေ၏။

"ငါ မင်းကို မယုံကြည်တော့ဘူးလို့ ပြောတာ မင်းက နာတယ်..၊ ငါ အဲဒီလိုပြောရတာက မင်းဘက်က ငါ့ကို ယုံကြည်စေချင်တဲ့ သက်သေပြချက်စကားတွေ ထွက်လာအောင်လို့ပါ ..၊ ဒီလောက်လေးတောင် ငါ့ကို မင်း နားမလည်ခဲ့ဘူးလား ယက္ခ .. ဟင် .."

ယက္ခ မျက်နှာမှာ စူးစမ်းမှုတွေသာ ရှိနေဆဲဖြစ်ကာ ဘဒ္ဒါ ကလည်း မျက်ရည်ဝဲ့သော မျက်ဝန်းတို့ဖြင့် မော့ငေးနေခဲ့လျက် ...

"ကိုခ .."

ယက္ခ ရဲ့ ရင်ဘတ်ကျယ်မှာ သူမ လက်ဖဝါးတို့ ထိကပ်၍ နူးညံ့ညင်သာစွာ ပွတ်သပ် ရွေ့လျားရင်း ...

"ငါ မှားသွားရင် တောင်းပန်ပါတယ် ..၊ မင်းပြောသလိုပဲ ငါတို့ နှစ်ယောက်က ခွဲနေလို့ မရတဲ့ လူတွေပါ .."

ဘဒ္ဒါ က ယက္ခ ရဲ့ရင်ခွင်ထဲမှာ မျက်နှာလေးကပ်၍ တိုးဝင်ဖက်တွယ်ရင်း....

"ငါ စိတ်တွေ အရမ်းရှုပ်နေပြီ သိလား .. ငါ ဝန်ခံပါတယ် ယက္ခ ရယ် .. ငါလေ သျှင့် ကို သိပ်ချစ်တယ် ..၊ အထင်ကြီး မြတ်နိုးပြီး စွဲစွဲလမ်းလမ်း ချစ်ခဲ့တာ .. သူ့ကို သတ်ပစ်ချင်နေတဲ့သွေးတွေ တစ်ကိုယ်လုံးမှာ ပွက်ပွက်ဆူနေပေမယ့် နှလုံးသားရဲ့အနက်ရှိုင်းဆုံးနေရာမှာ သူ့ကို ချစ်နေဆဲပဲ ဖြစ်နေတယ် ..၊ သူ့ကို ငါ မုန်းတယ် .. ဒါပေမယ့်လေ သူ ဒါမှမဟုတ် ငါ တစ်ယောက်ယောက် မသေဆုံးခင်မှာ သူ့ဆီက နူးညံ့တဲ့ လိုက်လျောမှုလေး တစ်ချက်လောက် ရချင်တယ် ..၊ ငါ အဲဒီလို ရူးသွပ်နေတုန်းပဲ .."



www.burmeseclassic.com

www.burmeseclassic.com



ယက္ခ သည် သူမကိုယ်ခန္ဓာကို ပွေ့ပိုက်ကြင်နာခြင်း မရှိသလို တွန်းဖယ် ပြတ်တောက်စေတာမျိုးလည်း မလုပ် ...၊ ကိုယ့်ရင်ခွင်ထဲမှာ နိုဝင်နေသည့် မိန်းမတစ်ယောက်က တခြားယောက်ျားတစ်ယောက်ကို ဘယ်ရွေ့ဘယ်မျှထိ ရင်ခုန် မျှော်လင့်နေပါသည်ဆိုတာတွေကို ကြားနေရပေမယ့်လည်း သူ့မျက်နှာမှာ ဒေါသမရှိ ...။

"ဒါပေမယ့် ငါ ဆင်ခြင်ပါ့မယ် .. မင်း ပြောတာ .. တားဆီးတာတွေကိုလည်း ငါ လက်ခံနိုင်အောင် ကြိုးစားမယ်..၊ မင်း ငါ့ကို နားလည်ပေးပါ .. ငါ့ကို လက်တွဲမဖြုတ်ပါနဲ့ .."

ယက္ခ ရဲ့အကြည့်တွေ သူမမျက်နှာပေါ် ပြန်ရောက်လာသည်။ ထို့ပြင် သူ့ရဲ့လည်တိုင်ထိ ထိကပ်ပွတ်သပ်နေသည့် ဘဒ္ဒါ ရဲ့လက်တွေကို အသာဖယ်ချကာ ...

"ကျွန်တော်ကလည်း ဒီစကားတွေကို ပြောချင်လို့ ပြောနေတာ မဟုတ်ပါဘူး .. ပြည့်သျှင် ကို မုန်းတဲ့အမုန်းက သူ့ကို သတ်ပစ်ချင်တဲ့အထိ မဟုတ်ခဲ့ပေမယ့် ကိုယ့်အသက်ကို ဖက်နဲ့ထုပ်တော့မယ်ဆိုရင်တော့ သတ်ဖို့ အဆင်သင့် ပြင်ထားပါတယ် ...၊ သူ့စီးပွားဥစ္စာ .. သူ့ရဲ့ ပျော်ရွှင်မှုတွေ အားလုံးကိုလည်း ပျက်စီးစေချင်တာ အမှန်ပဲ .. ဒါပေမယ့် ..."

"မင်း သူ့ကို အထင်ကြီးခဲ့တဲ့စိတ်တွေ မပျောက်နိုင်တာပါ ...၊ ပြီးတော့ သူ့ကို မင်း ကြောက်နေတာ .."

"မဟုတ်ဘူး .."

"ထားလိုက်ပါတော့ .. သူက ကြောက်လည်း ကြောက်သင့်တဲ့လူပါ .."

"ကျွန်တော်က သတိထားစေချင်တာ မဒါ ...၊ ကိုယ့်အလှည့် ရဖို့ အစောင့်ကြီး စောင့်ခဲ့ပြီးမှ လစ်ကွက် ဟာကွက်လေး တစ်ခုတလေကြောင့် အားလုံး သဲထဲရေသွန် မဖြစ်စေချင်လို့ .."







သူ့ရဲ့လက်မောင်းတစ်ဖက်ကို မထိတထိ ပွတ်သပ်ရင်း ဘဒ္ဒါ က သက်ပြင်းချသံလေးနှင့် ခေါင်းငုံ့သွား၏။

ပြီးတော့ မျက်ရည်ဝေ့ခဲ့သော မျက်ဝန်းတို့မှာ အေးစက်သော စိုစေခြင်းတို့ဖြင့် နှုတ်ခမ်းတို့သည် ကောက်ကျစ်စွာ ပြုံးယောင်သမ်းလျက် ...

"မင်း ဘာဖြစ်နေသလဲဆိုတာ ငါ သိတာပေါ့ ယက္ခ ရယ် .. မင်းကလည်း ယက္ခ .. ငါကလည်း ဘဒ္ဒါ ပဲ ...၊ စူဠသုဘဒ္ဒါ ဟာ ဆဒ္ဒန်ဆင်မင်းရဲ့ စွယ်စုံကို ရအောင်ယူနိုင်ခဲ့သလို အသက်ကိုလည်း သေစေခဲ့တယ် ...၊ ဘဒ္ဒါ ဆိုတဲ့နာမည် ငါ ယူခဲ့တာ အဓိပ္ပာယ်မဲ့မှုမဟုတ်တာ .."

မဲ့ပြုံးတို့၏နောက်ကွယ်မှ ရင်တွင်းစကားတို့က ပြောခဲ့တာတွေနှင့် ဆန့်ကျင်ဘက် ...။

"မင်းလို အစေအပါးအဆင့်လောက်ကောင်ကို ငါက ကိုးကွယ်နေတယ် ထင်လို့လား ...၊ မင်းကို ခိုင်းကောင်းလို့ ကျွေးသပ်ခိုင်းနေတာ.. ပြီးတော့ မင်း လက်ထဲမှာ ငါ့ကို အန္တရာယ်ပြုနိုင်တဲ့ စနက်တံ ကိုင်ထားလို့ ...၊ အားလုံး ပြီးဆုံးသွားတဲ့နေ့မှာ မင်းက တစ်ရှူးစပဲ .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၆)

"ဟုတ်တယ် .. ငါတို့အတွက် တစ်ရှူးတစ်စလောက်ပဲ .. ဒါပေမယ့် တစ်ရှူးတစ်စကလည်း မီးနဲ့ထိရင် လောင်မှာပဲ ..၊ ငါတို့ဘာသာနေခဲ့ကြပေမယ့် ငါ့သမီးကို မရမက လာချိုင်တယ် ..၊ အငြိုးကြီးကြီးနဲ့ လက်စားချေဖို့ ပရိဂရမ် ရေးတယ် .."

"ရှင်တို့ လျှောက်ပြောမနေနဲ့ .."

"လျှောက်ပြောနေတာ မဟုတ်ဘူး .. မင်းတို့ဘက်က စပြီး ထွက်လာတဲ့စကားတွေ .."

"ဒီမှာ .. ဦးအောင်ဘော် .."

"အံမာ .. မင်းလောက် မိန်းကလေးက ငါ့ကို နာမည်ခေါ်ရအောင် .. ငါ တယ် .."

"သူရှေး .."

ဦးအောင်ဘော် ဒေါသတကြီး လက်ပြင်လိုက်တာနှင့် ဘေးကဘစ်ယောက်က ဝင်ရောက် သတိပေးကာ ...

"စိတ်ကိုထိန်းပါ သူရှေး .. ကိုယ့်ဘက်က ကိုယ်ထိလက်ရောက်ဖြစ်ကုန်ရင် မကောင်းဘူး .."





"ဘာကွ!..."

လူကို ဆရာ လုပ်လို့ ..၊

ကိုယ့်ရဲ့ဝန်ထမ်းက ဖျောင်းဖျနေသဖြင့် စိတ်က နောက်ထပ် တိုးရာ ဖြစ်သွားပြန်၏။

အောင်ဘော် ဆိုတာ သူရှေးဦးအောင်ဘော် ဖြစ်နေကာမှ ကိုယ့်ရဲ့အတွင်းရေးမှူးဖြစ်လာပြီး ရင်းနှီးခဲ့ကြသည့် ဝန်ထမ်းတွေကတော့ အောင်ဘော် ဘယ်လိုလူစားလဲဆိုတာ သိမှာ မဟုတ်ပေ ..။

ကိုယ့်အတွေးနဲ့ကိုယ် ဒေါသကို ချုပ်ထိန်းဖို့ သတိရလာ၏။ ပြီးတော့ ဟိုးအရင်တစ်ချိန်က သန်းမြတ်ဇော် အုပ်စုနဲ့ သူ ဘယ်လိုတွေ တတ်သက် ရှုပ်ထွေးခဲ့တယ်ဆိုတာကို ကုမ္ပဏီဝန်ထမ်းတွေအနေနဲ့ သေချာ မသိနိုင် ..။

"မင်းတို့ အပြင်ထွက်နေစမ်း .."

စိတ်တိုတိုင်းတော့ ထိန်းချုပ်ဖို့ မလွယ်ပေ ..၊ ထို့ကြောင့် အားလုံးကို နှင်လွှတ်လိုက်ကာ ...

"ဒွန်း .."

ကုလားထိုင်ကို ဆောင့်ဆွဲကာ သဒ္ဒါပိုမို ၏ရှေ့မှာ ခြေကား လက်ကား ထိုင်ချလိုက်ပြီး ...

"ဒီမှာ .. မင်းရဲ့မောင်က ခြေတစ်ဖက် လက်တစ်ဖက် နည်းနည်းဆိတယ် .. မျက်နှာမှာ ဒဏ်ရာရတယ် .. သေကွင်းသေကွက်နဲ့ အဝေးကြီးပဲ ..၊ ငါ့သမီးက ဘာလို့ သေတာလဲ .."

"သေချင်လို့ သေတာပေါ့ .."

"ဘာ!... ပြောတယ် .."

နောက်ထပ် လက်ကြီး မြှောက်လိုက်မိပြန်၏။ ထိုစဉ် ...

"ခြေတွေလက်တွေ ကြိုးတုပ်ထားတဲ့ မိန်းကလေးတစ်ယောက်ကို ရိုက်မလို့လား .."



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း .. ဖြောင်း .. ဖြောင်း ..."

စကားသံနှင့်အတူ လက်ခုပ်တီး ဝင်လာသူက သော ..၊

ဦးအောင်ဘော် နေရာမှ ဆတ်ခနဲ ထရပ်ကာ ခုံကို ကန်ထုတ်ပစ်၏။

"မင်းထက်မြတ်သော .."

"ဟုတ်တယ် .."

လေးထောင့်ဆန်မလိုနှင့် မေးဖျားသွယ်သောမျက်နှာ .. ဆံပင်တွေကို အပြောင်သိမ်းလှန်ဖြီးကာ မျက်မှန်နက် တပ်ထားသဖြင့် လူမိုက်ဆန်ဆန် ခက်ထန်နေသည်။

ကျစ်လျစ်ပါးလျားသောကိုယ်က မြင့်မြင့်မားမားမို့ တစ်လှမ်းချင်း ဝင်လာတော့ ရဲရင့်မှုတွေ အပြည့် ..။

"ရုပ်ရှင်ဆန်ဆန်တွေ လုပ်နေတာ ရယ်စရာကြီးဗျာ .. ဆေးရုံကို လိုက်လာတဲ့ မိန်းကလေးကို ဂိုဒေါင်ထဲ ဖမ်းထည့်ပြီး ကြိုးတုပ်ထားရတယ်လို့ .."

"စကားတွေ ရှည်မနေနဲ့ .. မင်းက သူ့ရဲ့ကောင်း ရဲ့သားလား.."

"မတန်မရာတွေ မမေးပါနဲ့ .. ကျွန်တော့်အဖေနာမည်ကို ခင်ဗျား အဆင့်နဲ့ ခေါ်ဖို့ မတန်သေးဘူး .."

"ဟိတ်ကောင် .."

အောင်ဘော် က ရှေ့ကို တလှမ်းလှမ်း လျှောက်လာသည်။ ဝင်လာသည့် သော နှင့် မျက်နှာချင်းဆိုင် နီးကပ်စွာ ရပ်လိုက်မိတော့ သူ့မျက်နှာက သော ရဲ့မေးဖျားအောက်မှာရှိကာ ...

"အပြောကို လျှော့ .. ငါတို့ လက်တွေ့ ရှင်းရအောင် .."

"ဟုတ်တယ် .. မိန်းမလိုမိန်းမရ ညဏ်နိဉာဏ်နက်တွေနဲ့ ခြိမ်းခြောက်ခေါ်တာ .. အခု ကျွန်တော် ရောက်လာပြီဆိုတော့ သူ့ကို လွှတ်လိုက်တော့ .."





အောင်ဘော် တက်ခေါက်သံပြင်းပြင်းနှင့် ကိုယ်တစောင်း လှည့်ရပ်သည်။ ပြီးတော့ နှစ်ယောက်စလုံးကို ကြည့်၍ ...

"မင်းတို့နှစ်ယောက် ပူးပေါင်းခဲ့ကြတာပေါ့ .."

"ဘာတွေ စွပ်စွဲနေတာလဲ .. ကျွန်မက ဥပဒေအကျိုးဆောင် တစ်ယောက် .. ပြီးတော့ ကိုယ့်မောင် သေသွားနိုင်တဲ့ကိစ္စကို ဘာကြောင့် လုပ်ရမှာလဲ ..၊ ကားတစ်စီးတည်းမှာ ဆင့် ကိုတော့ သေစေ .. စွဲ ကိုတော့ ရှင်စေလို့ ခွဲခြားသတ်မှတ်နိုင်ရအောင် ကျွန်မက တန်ခိုးရှင်လည်း မဟုတ်ဘူး .."

"မဟုတ်ပေမယ့် ဒါ မင်းတို့လက်ချက်မှန်း ငါ သိတယ်..၊ မင်း.."

သော ကို ဆတ်ခနဲ လှည့်ကြည့်ကာ ...

"မင်းထက်မြတ်သော .. မင်း သွေးမကြောင်တတ်တဲ့သူမှန်း ငါ သိတယ် .."

"အဲဒီတော့ .."

"မင်း ပြောလာမှာကို ငါ စောင့်နေတာ .."

"ခင်ဗျားသားကို ကျုပ်က သတ်လိုက်တယ် ထင်လို့လား .."

ဒေါ်သက ပါးပျဉ်းထောင်လာပြီမို့ သော ရဲ့ စကားထဲမှာ ကျုပ်တွေ ဘာတွေ ပါလာပြီ ဖြစ်၏။ အောင်ဘော် က သော တစ်ကိုယ်လုံးကို ကြည့်၍ မဲ့ကာ ...

"ဟွန်း .. မင်းနဲ့ငါတို့ အဆက်အစပ် မဲ့ခဲ့တယ် .. မင်းက ငါတို့ကို သိနေပေမယ့် ငါတို့ကမှ မသိခဲ့တာ ..၊ ဒါပေမယ့် မင်းက ကိုယ်ထင်ပြပြီး ရန်စခဲ့တာနော် .."

"တစ်ခါဝါးမျိုပြီး အစာချက်ဖို့ ပြန်ခွေနေတဲ့ စပါးကြီးမြွေကို ပြန်ထလာတဲ့ထိ စောင့်နေရမလား .."

ပြောပြီးတော့ သော က လက်ပိုက်ထားရင်း ပခုံးတွန့်သည်။

"ဒါပေမယ့် ဝအီသွားတဲ့မြွေက သူ့ကိုယ်ပေါ်မှာ ကောက်ရိုးပုံပြီး



www.burmeseclassic.com

www.burmeseclassic.com



မီးရှို့တာတောင် မလှုပ်သေးဘူး ..”

“မင်း ဘာပြောတာလဲ ..”

“ခင်ဗျားသမီး သေရတဲ့ အကြောင်းရင်း ..”

“ဘာ!... မင်း .. မင်း .. ..”

“ဟား .. ဟား .. ဟား .. ဟား ...”

သော က လက်ပိုက်မပျက်ဘဲ ဟားတိုက်ရယ်သည်။ ပြီးတော့ မို့ ကို မျက်ခုံးတွေ ပင့်ပြီး မေးဆတ်ပြကာ ...

“သူ့ကို လွှတ်လိုက်ပါ ..”

အောင်သော့် အကြည့်တွေက ရူးရူးရဲရဲဖြစ်လာကာ ဆင့် ထံ လုံးဝ မရွေ့လျားခဲ့ဘဲ ...

“မင်း .. မင်း .. ငါ့သမီးလေးကို ...”

“ဟုတ်တယ် ..”

“လူယုတ်မာကောင် ..”

လက်သီးတစ်လုံး ဝှီးခနဲ ပစ်ဝင်၏။ သော မျက်နှာ ငွဲရှောင်သည်။ လူကြီးတစ်ယောက်နဲ့ သော တိုက်ခိုက်ပုံက ကြောင်နဲ့ ကြွက် ကစားသလို ဖြစ်နေခဲ့သည်။

ဖိုက်တာတစ်ယောက်၏ အရည်အချင်းတို့သည် အမြဲတမ်း လေ့ကျင့်မှုအပေါ်မှာသာ မှီတည်သည်မို့ အသက်အရွယ်ပိုင်းအရ ခရာလွန်ခဲ့ပြီဖြစ်သည့် အောင်သော် ၏ လှုပ်ရှားမှုတွေက ဖျတ်လတ်မှု မရှိ ...။

ထိုင်ခုံပေါ်မှာ လက်တွေပူး၍ ကြိုးတုပ်ခံထားရသော သူမ ကိုယ့်ဒုက္ခကို မေ့နေခဲ့သည်။ ရန်ဖြစ်ကြ သတ်ပုတ်ကြတာကလည်း မမြင်ဘူးသည့်မြင်ကွင်းမျိုး မဟုတ်ပေ ...။

သို့သော် လူသတ်ပါသည်ဆိုသော မင်းထက်မြတ်သော ၏ ဝန်ခံစကားကြောင့် မို မျက်လုံးအဝိုင်းသား ဖြစ်နေဆဲ ...။

“ဘုန်း ..”





“အ!..”

ဗိုက်ကို လက်ပြန်ရိုက်ချက် မိကာ အောင်သော် နောက်ပြန် ကုန်းကွ ယိုင်သွားသည်။ သို့သော် သားသမီးဇောကြောင့် ဒေါသက ငြိမ်ဝပ်မသွားခဲ့ဘဲ ချက်ချင်း ရှေ့ပြန်တက်လျှင် ...

“ဒေါက် ..”

ခြေလှမ်းတွေ တုံ့ခနဲ ပြန်ဖြစ်၏။ ငုံ့ကြည့်လိုက်တော့ သူ့ခြေထောက်နှစ်ဖက်ကြားထဲမှာ ဓားမြှောင်တစ်လက်က စူးနစ် စိုက်ဝင်နေလျက်...

“အပိုတွေ အလုပ်ရှုပ်အောင် လုပ်မနေနဲ့ ဦးအောင်သော် .. ဟောဒီပတ်လည်မှာ ပြည့်သျှင် ဆိုတဲ့လူကြီးကို သတ်ပစ်ချင်နေတဲ့ မိသားစုတွေ ရှိတယ် .. ဒါပေမယ့် ဘယ်သူကမှ သတ်ဖို့ကြိုးစားမှာ မဟုတ်ဘူး ..”

သော လက်ထဲမှာ နောက်ထပ် ဓားတစ်ချောင်းကို ကိုင်လျက်ရှိကာ ထိုဓားဖြင့် မို့ ကို ညွှန်ပြ၍ ...

“ဒီလို မိသားစုတွေ ...၊ သူတို့လိုလူတွေက မတရားမှုကို သွေးနဲ့ ဆပ်မှာ မဟုတ်ဘူး ”

အောင်သော် အံကြိတ်နေပေမယ့် ရှေ့ကိုတော့ ထပ်မတိုးခဲ့ပေ ...၊ သို့သော် ကြောက်နေခြင်းလည်း မဟုတ် ...၊ သူ့ရင်ထဲမှာ မယုံကြည်နိုင်လောက်အောင် အံ့သြနေခြင်းက ဖိစီးနေခဲ့ရာ ...

“မင်းကတော့ သွေးချောင်းစီးအောင် လုပ်မယ့်သူလို့ ပြောချင်တာလား ..”

“ချောင်းစီးစေချင်ပေမယ့် ပြည့်သျှင် ဆိုတဲ့လူက တစ်ကိုယ်တည်း ရပ်တည်နေတာလေ ...၊ အဲဒါကြောင့် စိတ်တော့ မကောင်းဘူး ..”

“အေး .. ငါလည်း အံ့သြလွန်းလို့ ဒေါသထွက်ဖို့တောင် မေ့မိပါရဲ့ ...၊ ဟွန်း .. ရက်စက်တဲ့လူတွေ ငါ တွေ့ဖူးတယ် .. ဒါပေမယ့် မင်းလောက် အသက်အရွယ်လေးနဲ့ မင်းလို ကောက်ကျစ်ပြီး ရက်စက်ယုတ်မာတာ မင်းနဲ့ကျမှ တွေ့ဖူးတာ ပထမဆုံးပဲ ..”



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား မေ့နေလို့ ဖြစ်မှာပါ …၊ ကျုပ်ကို ခင်ဗျား တွေ့ဖူးတာ ဒုတိယခြောက် …"

ပြောနေရင်း မဲ့သည်။ နောက်ထပ် ဓားကို 'ဆ'ရင်း ရှေ့တိုးလာကာ …

"ကိုယ်သတ်ချင်တဲ့ အသက်တစ်ချောင်းကို သေစေဖို့အတွက် တုတ် ဓား မကိုင်ဘူး … ပစ်မှတ်ကို ချိန်ပြီးရင် မလွဲခဲ့ဘူး …၊ အဲဒီလူက ဘယ်သူလဲ …၊ သူ သတ်ပစ်ခဲ့တဲ့လူတွေ ဘယ်နှစ်ယောက် ရှိခဲ့လဲ …"

အောင်ဘော် မျက်ခုံးထူထူတွေ တွန့်ကုတ်နေခဲ့တာ ထိစပ်မတတ်ပင် …၊

"မေ့နေရင် ပြန်မေးလိုက်စမ်းပါ … ပြီးတော့ ဒီတစ်ယောက်က စပြီး နံပါတ်စဉ် ဝင်သွားပြီဆိုတာ ပြောလိုက် …"

"မင်း ဘာပြောတာလဲ …"

"ဦးပြည့်သျှင် အစာချက်နေတာ နောက်ထပ် ကြာဦးမယ်ဆိုရင် နံပါတ်စဉ်တွေ ပွားလာလိမ့်မယ် …၊ သူ့နည်းအတိုင်းပဲ ကျုပ် လုပ်ပြမယ် … လူတစ်ယောက်ကို ကိုယ့်လက်နဲ့ သတ်စရာမလိုဘဲ ရှင်းပစ်နိုင်တဲ့နည်းတွေနဲ့ …"

သော က ပြောပြီးတာနှင့် တစ်ဖက်လှည့်သွားကာ ဂိုဒေါင်နံရံမှာ ဓားဦးနဲ့ ခြစ်လိုက်၏။

၁။ နီလာဆင့်





## အခန်း (၃၇)

"အဲဒါ ဆရာ့ကို သွားမပြောနဲ့ အောင်ဘော် …"

တီလုံး ရဲ့အကြည့်တွေက ဓားဦးနဲ့ရေးခြစ်ထားသည့် စာတန်းပေါ်မှာ ရှိလျက် …

"ပြဿနာတွေတော့ ပြန်စတော့မယ် …"

စိုးရိမ်သည့်စကားသံနှင့် မျက်နှာသည် ပြုံကျတော့မယ့်မိုးလို ညိုမှောင်နေကာ …

"ကျွတ်!…"

စိတ်ပျက်လက်ပျက်နှင့် ခေါင်းတခါခါ ဖြစ်နေခဲ့သည်။ အောင်ဘော် သည် ယောက်ျားကြီးတစ်ယောက် ဖြစ်နေလျက်နှင့် ကြုံကြုံပါ အောင် မငိုမိဖို့ ကြိုးစားနေရင်း မျက်နှာက နီရဲနေကာ …

"ဒီမှာ ငါရပ်နေတာ သူနဲ့ငါ မျက်နှာချင်းဆိုင်ပဲ …၊ ဒါပေမယ့် ဘယ်လိုပစ်ထည့်လိုက်မှန်းကို မသိဘူး … ငါ့ခြေထောက်ကြားထဲမှာ ဓား လာစိုက်မှ သိတယ် …၊ ပြီးတော့ သူ့လက်ထဲမှာ ဓားတစ်ချောင်း ထပ်ရှိနေသေးတယ် …"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဆရာ့ကို စိုးရိမ်တာ .. သတိလည်း ပေးခဲ့သေးတယ် ..၊ ဒီကောင်လေးကို လျှော့တွက်လို့ မရဘူးဆိုတာ .."

အောင်ဘော် ဖြေမဆည်နိုင်အောင် ခံစားနေရကာ မျက်ရည်တို့သည် မျက်ဝန်းအိမ်မှာ ပြည့်သိပ်နေကြလျက် ...

"မင်းပဲ စဉ်းစားကြည့်ပါဦး .. နှစ်တွေလည်း ကြာခဲ့ပြီ ..၊ ငါတို့က တရားခံအစစ်တွေလည်း မဟုတ်ဘူး .. နောက်ပြီး သူ့လောက် အသက်အရွယ်လေးနဲ့ကွာ ..၊ တောက်!..."

အောင်ဘော် အံတကြိတ်ကြိတ် ဖြစ်နေခဲ့၏။

"ငါ့သမီးလေးကို သတ်ပစ်ရက်တယ် .. တော်တော် သွေးအေးပြီး ရက်စက်တဲ့ကောင် .."

"ငါတို့တွေ ပတ်ငြိနေခဲ့တဲ့ပုံက သတ်ခွင့်တွေ ရှိနေကြလို့ ဂရုမစိုက်ဘဲ စိန်ခေါ်တာလည်း ဖြစ်နိုင်တာပဲ အောင်ဘော် ..၊ ကားတစ်စီးတည်း အတူတူရှိနေကြတဲ့ဟာ မင်းသမီးက ပွဲချင်းပြီး ဆုံးသွားတယ်..၊ ဟိုကောင့်ကိုတော့ ဘာမှမဖြစ်စေရဘူးဆိုပြီး ဘယ်လိုခွဲခြားချန်မလဲ .. လူရှိန်အောင် ရောချ ဖြီးနေတာလည်း ဖြစ်နိုင်တာပဲ .."

"မဖြစ်နိုင်ဘူး .."

အောင်ဘော် က ခေါင်းခါသည်။

"သန်းမြတ်ဇော် ကို ဆရာ သတ်ခဲ့ဖူးတယ် .. သူ့ရဲ့ကောင်း ကို ခြေကျိုးလက်ကျိုးလောက်ပဲဖြစ်အောင် ကားနဲ့တိုက်ခဲ့တာတွေ .. ပြီးတော့ ဆရာ ပြောခဲ့ဖူးတဲ့စကားတွေ သူ ရွတ်ပြတယ် ..၊ ဆရာ လုပ်တဲ့နည်းအတိုင်းပဲ သူ လုပ်မှာလို့လည်း ကြိမ်းခဲ့သေးတယ် .."

တီလုံး ဘာမှမပြောနိုင်ဘဲ ငြိမ်သွားသည်။

"ဒီကောင်က ဆရာ့ ငယ်ငယ်တုန်းကအတိုင်းပဲ .. ရုပ်ရည်ပုံစံရော စိတ်ဓာတ်ရော လက်မြန်တာ .. အထက်စီးဆန်ဆန် စကားပြောတာ.. အားလုံး ဘာမှမကွာဘူး .. နောက်ထပ် ပိုတာက သူ့အဖေလိုပဲ လက်





နက်ပုန်း ပစ်တာ မြန်တယ် .."

"မဟုတ်ဘူး အောင်ဘော် .. သူ့ရဲ့ကောင်း ထက် အများကြီး ပိုတော်တယ် ..၊ ဆရာကိုယ်တိုင် ဒီတိုင်း ပြောတာ .. ဒါပေမယ့် ဒီကောင်လေး ဘာတွေလုပ်နေနေ ဆရာက သူ့ကို မျက်လုံးထဲ မထည့်ဘူး ဖြစ်နေတယ် ..၊ တော်တာကို သိတယ် .. အထင်သေးတာလည်း မဟုတ်ဘူး.. ဘာဖြစ်လို့ ဂရုမစိုက်တာလဲဆိုတာ စဉ်းစား မရဘူး .."

"ငါကတော့ ဒီကိစ္စတွေကို ပြောထားချင်တယ် ကိုတီ .. ဘာဖြစ်လို့လဲဆိုတော့ .."

"ဘာဖြစ်လို့ပဲပြောပြော ဆရာ စိတ်ဆင်းရဲသွားမှာပဲ အောင်ဘော်.. ဆရာက သူ့အတွက် သူ ဥပေက္ခာထားရင် ထားလိမ့်မယ် ..၊ မင်း ဒီလိုဖြစ်သွားတယ်ဆိုရင် ခံစားသွားရမှာပဲ ..၊ ငါ မင်းကို မစာနာလို့ပြောတာ မဟုတ်ဘူး .. ဒါပေမယ့် ဆရာ ခံစားခဲ့ရတဲ့နှစ်တွေ ခုထိ အနည်မထိုင်သေးဘူးဆိုတာ မင်း သိပါတယ် .."

"ဒါပေမယ့် သွေးကြွေးဆပ်မယ့်သူက အခု ဆရာ့ကို စိန်ခေါ်နေပြီလေ .. ဒါကို ငါတို့ ဝိုင်းဖြေရှင်းလို့ ရမှာ မဟုတ်ဘူး ..၊ ဆရာကလည်း ငါတို့က ခုလို အနစ်နာခံပြီး ကာကွယ်နေကြတယ်ဆိုတာကို ကျေနပ်နေမယ့်လူစား မဟုတ်ဘူး ..၊ မင်းလည်း သိပါတယ် .. ဆရာ့စိတ်က ထူးဆန်းတယ် ဆိုတာ .."

တီလုံး က ဘာမှမပြောပေ ...။

"ဆရာက သူ့ကို ရင်ဆိုင်ဖို့ မထွက်မချင်း ဒီတိုင်း လုပ်နေမယ်လို့ ကြိမ်းဝါးသွားတာ မင်း တွက်ကြည့် ..၊ ငါတို့မှာ နောက်ထပ် ချည်နှောင်စရာ ဘာကျန်သေးလဲ .. လူရင်းတွေထဲမှာ ရှာမယ် .. မရှိရင် ဆရာ့ရဲ့ ပတ်သက်ရုံ အစွယ်အပွားတွေထဲက ဆွဲထုတ်လိမ့်မယ် ..၊ အဲဒီလိုလုပ်ဖို့ အတွက် သူ ပြန်မေးသွားတာ .. 'ဆရာ ဒီလိုနည်းနဲ့ လူ ဘယ်နှစ်ယောက် သတ်ခဲ့သလဲ' တဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"သူ ဒီလောက် မစွမ်းနိုင်ပါဘူး .."

"စွမ်းသလား မစွမ်းသလား ဆိုတာကတော့ အလောင်းကောက်ဖို့ ပြေးရပြီဆိုမှ သိရမှာလေ .. အခု ငါ့သမီး ကားမှောက်ပြီး ဆုံးသွားတယ်၊ ဘယ်သူ့ကို တရားခံလို့ စွပ်စွဲမလဲ ..၊ မင်းထက်မြတ်သော ဆိုတဲ့ကောင် ဒီလိုကြံစည်ပြီး ကားကို ဒီလိုလုပ်ထားတာပါ .. ဘယ်လိုစီစဉ်ထားတာပါ လို့ ငါတို့ ဘယ်သူ့ကို သွားတိုင်မလဲ .."

"အောင်ဘော် .. မင်း ခံစားနေရတာကို ငါ နားလည်ပါတယ်ကွာ .. ဒါပေမယ့် ငါတို့ .."

"ကိုတီ .. ငါက မခံစားနိုင်လို့ ဆရာ့ကို ပြေးတိုင်ချင်တာ မဟုတ်ဘူး .. ထပ်ပြီးတော့လည်း သူ ငါ့ကို ဘာမှ ဒုက္ခပေးစရာ မရှိတော့ဘူး..၊ ဒါပေမယ့် ငါလုပ်နေတဲ့ လုပ်ငန်းကြီးက ဆရာပိုင်တဲ့စီးပွား .. သူဌေး ဆိုတဲ့ ငါက ဆရာ့ကိုယ်စား သူဌေးဖြစ်နေရတဲ့လူ ..၊ လူကို ဒုက္ခမပေးဘဲ ငါတို့အုပ်စုရဲ့ စီးပွားရေးတွေကို အမှည့်ခြွေ ခြွေမယ်ဆိုလည်း .."

"ခဏ .."

ကိုယ့်အိတ်ထဲက ဖုန်းသံကြောင့် တီလုံး က အောင်ဘော့် ကို လက်ကာပြကာ ဖုန်းထုတ်ပြီး ဂိုဒေါင်အပြင်ကို လျှောက်ထွက်သွားသည်။

"ဘာ!... ဘာပြောတယ် .."

"... ... ... ..."

"အုပ်ချုပ်ရေးမှူးကို ခေါ်လိုက်စမ်း .."

"... ... ... ..."

"တောက်!..."

"ဘာတွေ ဖြစ်ကုန်လို့လဲ .."

အောင်ဘော် က တီလုံး ရဲ့ဘေးကို ရောက်လာပြီး မေးသည်။ တီလုံး က မဖြေသေးဘဲ အံတကြိတ်ကြိတ်နှင့် ရှိကာ ...





"နယ်စပ်ဘဏ်ခွဲမှာ လူသုံးယောက် လာသောင်းကျန်းသွားတယ်တဲ့ .."

"ဟင်!... လုံခြုံရေး အဖောက်ခံရတာလား .."

"မဟုတ်ဘူး .. တစ်ယောက်တစ်မျိုးစီ ပြဿနာရှာကြတာ ..၊ ဘဏ်ကတော့ နာမည်ပျက်ပြီ .. သွားပြီ .."

"တော်တော် ဆိုးဆိုးဝါးဝါးတွေ ဖြစ်ကုန်တာလား ..၊ အဲဒီကောင်တွေက ဘယ်သူ .."

အောင်ဘော် မေးခွန်းမဆုံးခင် ကိုယ့်မေးခွန်းကို သဘောပေါက်ကာ ဒီမှာ ရပ်တန့်သွားခဲ့၏။

တီလုံးနဲ့ မျက်လုံးချင်းဆုံမိလျှင် စကားသံတို့အစား ကိုယ်စီ ရင်ထဲမှာ သတိပေးခေါင်းလောင်းသံတွေ မြည်လာခဲ့ကြသည်။

ဒါပေမယ့် နောက်ကျခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၈)

"ဒီမှာ နောက်ထပ် ဓားတစ်ချောင်း ဆရာ .."

"အောင်ဘော် ကို ဒီဓားနဲ့ ပစ်သွားတာ .."

"အောင်ဘော် ကတော့ သူ့သမီး သေသွားတာကို သော ဆိုတဲ့ ကောင်လေးရဲ့လက်ချက်လို့ တပ်အပ်စွဲနေတာ .."

"ဒီကောင်လေးကလည်း လက်စွဲတော် ကို အများကြီး ကူညီခဲ့ သလို အောင်ဘော် ကို အမျိုးမျိုး ရန်စတွေ လုပ်ခဲ့တာ ဆရာ ..၊ အဲဒါ ကြောင့် သူ့ရဲကောင်း ရဲ့သားဆိုတာ သေချာပြီးတည်းက ဒီကောင့်ကို အောင်ဘော် က မသတ်ခဲ့တာ .."

ကူရှင်ကနေ နုတ်ယူလာခဲ့သည့်ဓားနှင့် တီလုံး ပေးသည့်ဓားကို ငုံ့မိုးကြည့်ရင်း သူ့စိတ်တွေက ကြားခဲ့သည့် စကားတို့ကို အထပ်ထပ် ဆင်ခြင်နေခဲ့၏။

သူ့ရဲကောင်း ရဲ့သား ဆိုတာက ဝန်ခံသွားပြီပဲ..၊ ကိုယ့်ကို လက်တုံ့ ပြန်မည်ဆိုတာကိုလည်း ကြေညာခဲ့သည်။





ဘာဖြစ်လို့ ခုချိန်ထိ ဘေးမှာ ပတ်မွှေနေတာလဲ ..၊

တီလုံး တို့ ဖုံးကွယ်ထားကြပေမယ့် ဘာတွေ ဖြစ်ပျက်နေသည် ဆိုတာ သူ သိသည်။

နယ်စပ်ကို ခရီးထွက်ဖို့ တီလုံး အရေးတကြီးထ ဖြစ်လာတာကို လည်း သူ ဘာမှမမေးဘဲ နေခဲ့တာပါ ..။

ဒါပေမယ့် ပြဿနာကို သူ သိပြီးသား ..၊

မျက်ဝန်းတို့ကို ကန်ရေပြင်ဆီ ပြန်ပို့လိုက်ပေမယ့် ရေပြင်ပေါ် မှာ မြင်နေတာက မင်းထက်မြတ်သော ၏ ပုံရိပ် ..၊

အရာရာကို ပေါ့ပါးစေဖို့အတွက် ခေါင်းထဲ မထည့်ဘဲ ထားခဲ့ ပေမယ့် ကံကြမ္မာက ကိုယ့်စိတ်ကြိုက် ဘာကိုမှ စီမံဆုံးဖြတ်ခွင့် မပြုခဲ့ ပေ ..။

တဖြူးဖြူး တိုက်ခတ်နေသည့် လေငွေ့တွေက မအေးဘဲ နွေးနေ သည်။

အရိပ်ထဲမှာ ထိုင်နေပေမယ့် ကိုယ်ဟာ ရေစပ်လေးမှာပဲ ရှိနေ သော်ငြား အေးချမ်းမှုက ကိုယ့်အတွက် မဟုတ်ဘဲ ဖြစ်နေသည်။

"ဓားတွေ ဘေးမှာချပြီး ရေထဲမျှောပစ်လိုက်ဖို့ ချီတုံချတုံ ဖြစ်နေ တာတော့ မဟုတ်ပါဘူး နော် .."

ဘေးကသစ်ပင်နားမှာ အရိပ်လေးတစ်ရိပ် ပေါ်လာသည်။

သူမ အသံကို ကြားလိုက်တာနှင့် လှည့်မကြည့်ဘဲ သိနေခဲ့သည်။ သို့သော် ...

"ဒီတစ်ခါတော့ ကိုကြီးက မဖော်ထုတ်ခင် ဆို့ ဝန်ခံပါတယ် ..၊ ကိုကြီးကို မြင်လို့ လိုက်လာခဲ့တာ .."

သျှင် မျက်မှောင်ကုတ်သွားသည်။

အနားရောက်လာသည့် သူမဆီကို လိုလားခြင်း မရှိသေးအကြည့် တွေ ရောက်သွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်စုံပေါ်မှာ အဖြူအနက်ကျားလေး ထပ်ဝတ်ထားသည်။

ပြီးတော့ နှုတ်ခမ်း မျက်လုံးတွေက အစ မျက်တောင်ကော့တွေပေါ်မှာ အနက်နဲ့ ခရမ်းရင့်ရောင်ကို ခပ်ရင့်ရင့်တင်ထားသဖြင့် မျက်လုံးတွေက တလက်လက် စူးရဲနေကြ၏။

သျှင် မျက်လုံးတွေကို မြင်မှ ဆွိ က လက်လေးပိုက်၍ နစ်မြိုက်စွာ ရယ်ရင်း ...

"ဘယ်လိုလဲ ကိုကြီး .. ဆွိ ပိုလှလာလို့လား .."

"မင်းကို ဒီလိုမခေါ်ဖို့ ငါ ပြောခဲ့တယ် ထင်တယ် .."

"ဆွိ ကတော့ ..."

"မင်းကိုယ်က ငါ ရနေတဲ့ အဲဒီ ရွံစရာမိန်းမတစ်ယောက်နဲ့ တူနေတဲ့ အမွှေးနံ့ကိုလည်း မကြိုက်ဘူး .."

ပြုံးနေသည့် ဆွိ ရဲ့မျက်နှာလေး ဖျတ်ခနဲ တည်သွားသည်။

သျှင် က စိတ်ကူးတွေ ပျက်သွားသဖြင့် ဒေါသရိပ်သမ်းနေသော မျက်နှာက သိသာစွာ တင်းနေကာ ...

"ခုတစ်ခါလည်း မင်းကို နှင်လွှတ်ရဦးမှာပဲ ထင်တယ် .. နှစ်သက်ဖွယ်မကောင်းတဲ့ စကားဆိုတာ ပြောရတဲ့လူလည်း မကောင်းဘူး..၊ ပြောမှ သိရင်လည်း မကောင်းဘူးကွ .. အဲဒီတော့ ..."

"ဆွိ ကို ကိုကြီး အဲလောက်တော့ မပြောပါနဲ့ .."

"ပြောနေတာတောင် မင်း နောက်တွန့်သွားခဲ့တာ ရှိလို့လား .."

ဆွိ မျက်နှာလေးတော့ ရှုံ့မဲ့ ဖြစ်နေသော်လည်း နေရာမှ နည်းနည်းလေးမှ မရွေ့သေးပေ ..။ ကုတ်ချီထားသည့် သျှင် မျက်ခုံးတွေ ပြေကျသွားကာ နှုတ်ခမ်းအစုံမှာ ခပ်လွန့်လွန့် မဲ့ပြုံးတို့ ဖြစ်လာခဲ့ပြီး...

"မင်းကို ကြည့်ရတာ မင်း သိနေတဲ့လူတစ်ယောက်ကို မင်းဘက်က အပိုင် ရင်းနှီးနေသလိုပဲ .."





ဆွိ နောက်ထပ် မျက်နှာပျက်သွား၏။

"ငါကလည်း အချစ်အတွက်နဲ့ ရူးသွပ်ခဲ့ဖူးပေမယ့် အတိတ်မေ့ဝေဒနာမျိုးတော့ မဖြစ်ခဲ့သေးဘူး .."

"ဘာပဲဖြစ်ဖြစ် ပဋ္ဌာန်းဆက်ရှိထားခဲ့တဲ့ လူတွေဆိုရင် တစ်ခါမှ မသိခဲ့ဘဲ အရမ်းရင်းနှီးကြသလို ဖြစ်နေတာမျိုး ရှိတယ်မို့လား .."

"မင်းဖြစ်ပေမယ့် ငါ မဖြစ်ဘူး .."

သျှင် က ဘေးမှာချထားသည့်ဓားနှစ်လက်ကို မကြည့်ဘဲ ကောက်ယူလိုက်ပြီး နေရာမှ ထရပ်ကာ ...

"မင်း မသွားချင်သေးရင် နေခဲ့ .."

"ကိုကြီးက ဒီလောက်တောင် မာနကြီးတယ်ပေါ့ .."

သျှင် က သူမကို ပြန်ငုံ့ကြည့်ပြီး ပြုံးလိုက်သည်။

ထိုနှုတ်ခမ်းတို့ကို ဆွိ က ငေးစိုက်ကြည့်နေပြီး နှုတ်ခမ်းလေး မသိမသာ ကိုက်၏။

"တချို့ယောက်ျားတွေက မိန်းကလေးတွေအပေါ်မှာ ဥပေက္ခာတွေ ပြပြီး ဆွဲဆောင်ကြတယ် ."

"ဟွန်း .."

"ကိုကြီးက အထူးဆွဲဆောင်မနေရပါဘူး .. အဲဒီလိုပုံစံမျိုးဆို ကမ္ဘာ့ဆွဲဆောင်နိုင်ဆုံး မင်းသားတွေတောင် ကိုကြီးကို မီမှာ မဟုတ်ဘူး ..၊ အရမ်း တော်တာပဲ .."

"ဒီလိုချီးမွမ်းတဲ့လူက မင်း မဟုတ်ဘူးဆိုရင်တော့ ငါ ဂုဏ်ယူမိမှာပဲ .."

"ကြိုက်သလို ပြောပါ .. ကိုကြီး ပြောခွင့်သာအောင်လည်း ဆွိ က ကိုယ့်ကိုယ်ကိုယ် ဝန်ခံပြီးသားပါ .."

"ဒါဆိုလည်း တစ်ဖက် ပြောခွင့်ရအောင် ဝန်မခံနဲ့လေ.. ကြောက်တတ်တာ ဂုဏ်ယူစရာ မဟုတ်ဘူး ..၊ အထူးသဖြင့် မိန်းကလေးတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



အကြောက်တရား မဲ့လာရင် အရှက်မရှိဘူး ဖြစ်လာကြတာ ..."

"ကိုကြီး ..."

သူ့ခြေလှမ်း တုံ့ခနဲ ဖြစ်သွားသလို မျက်နှာက တင်းပြီးသားဖြစ်သွားခဲ့သည်။

ဆွိ ကလည်း မျက်နှာတည်တည်လေးပဲ ရှိကာ ...

"မေးကြည့်ချင်လို့ပါ .. စောစောက ကိုကြီး ပြောခဲ့တဲ့ ရွှံ့စရာမိန်းမဆိုတာ ..."

"မင်းလိုမျိုးပဲ .."

အားနာခြင်း ကင်းမဲ့နေသော သျှင့် မျက်နှာမှာ မျက်လုံးအစုံက စူးရှရဲရဲ ဖြစ်နေခဲ့သည်။

"မေးလို့ ပြောပြတာ .. ဟောဒီစားတွေကို နေ့တိုင်း ထိုင်ကြည့်ပြီး အံကြိတ်နေခဲ့ရတဲ့ရက်တွေ ညတွေကို မင်း မြင်ရရင် ငါ မပြောဘဲ သိသွားမှာတွေလည်း ရှိသေးတယ် .."

"ပြောပြတော့ ပိုရှင်းသွားတာပေါ့ .. ပြောပြစမ်းပါ .."

"သတ်ပစ်ချင်လောက်အောင် မုန်းတာတွေလေ ... သူ့ရဲ့ ကာရိုက်တာမျိုးနဲ့ ရောက်လာတဲ့ မင်းကိုပါ မြင်မြင်ချင်း မေတ္တာတွေထားခဲ့တာ မင်း မယုံဘူးလား .."

လူကို အထင်မြင်သေးစွာ ကြည့်ရက်ခဲ့သည့် မျက်လုံးတွေက ဟိုးအရင်တုန်းကအတိုင်းပါပဲ ...।

သျှင် ချာခနဲ လှည့်ထွက်သွားတော့ သူမ ဒီတိုင်းပဲ ရပ်ကြည့်ကျန်ရစ်၏။

အမြင်တွေ စူးရှနေဆဲ သျှင် ရဲ့ အရည်အချင်းတွေ ခုထက်ထိ မယုတ်မလျော့ ကောင်းမွန်နေဆဲပါလားဆိုတာ သိလိုက်ရခြင်းသည် သူမရဲ့မျှော်လင့်ချက်တွေ .. အမုန်းမီးတွေကို ဆတိုးနှင့်ဖောက်လောက်စေခဲ့၏။





"မိန်းကလေးတွေမှာ အကြောက်တရား မဲ့လာရင် အရှက်မရှိဘူး ဖြစ်လာကြတာ ..."

"မင်းလိုမျိုးပဲ .."

"သတ်ပစ်ချင်လောက်အောင် မုန်းတာကွ .."

ဆွိ နှုတ်ခမ်းကို တင်းတင်းစေ့ထားမိကာ သူ့စကားတွေကို ပြန်စဉ်းစားရင်း တက်ခေါက်မိသည်။

'အဲဒီမိန်းမက ကျွန်မပဲဆိုတာတော့ ရှင် ဘယ်တော့မှ သိနိုင်မှာ မဟုတ်ဘူး သျှင် ..'

ဘာဖြစ်လို့လဲဆိုတော့ .. ကျွန်မက သူဖြစ်ပေမယ့် အခု သူ မဟုတ်တော့ဘူးဆိုရင် ...।

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၉)

ခပ်ရေးရေး လှုပ်ရှားနေသည့်ပုံရိပ်က ညအိပ် မီးရောင်မှုန်မှုန် အောက်မှာ သေချာကြည့်လေ ပီပြင်လာလေ ...၊

"ဟိတ် .. မင်း ဘယ်သူလဲ .."

သျှင် သေချာ မတ်တတ်ရပ်လိုက်ပြီးမှ မီးခလုတ်ဆီ လှမ်း၍ ဖွင့် ပစ်လိုက်သည်။ ဖွေးထိန်သွားသည့် မီးရောင်အောက်မှာ ကျောခိုင်းနေသူ သည် ဆလိုက်တံခါးလေးကို ဖွင့်ပြီးပြီ ဖြစ်၏။

ပြီးတော့ သူ့လက်တစ်ဖက်က ဆံပင်ရှည်တွေ အစင်းလိုက်ရှိနေ သည့်ပေါ်မှာ သေချာ လက်လျှို၍ ဆုပ်ကိုင်ထားပြီးဖြစ်လျက် ...

"ဘာလုပ်တာလဲ အဲဒါတွေ ...၊ ခု လွှတ်လိုက်စမ်း .."

တခြား တန်ဖိုးကြီးပစ္စည်းတွေ ကြိုက်တာယူလို့ရပါလျက်နှင့် ဒီ ဆံပင်တွေကိုမှ ဖျက်လို ဖျက်ဆီး ...၊

မျက်လုံးထဲမှာ မီးပွင့်သွားသလိုပင် ...၊ ထို့ပြင် အလုမပျက်အောင် မတို့မထိရက်စွာ သိမ်းဆည်းထားခဲ့သည့် လှပနွဲ့ပျော့သော ဆံနွယ်တို့ သည် ဆုပ်ကိုင်ထားသည့်လက်ထဲမှာ ပုံပန်းပျက်နေလျှင် ထိုလူ၏နောက် ကို သျှင် လွှားခနဲ ရောက်သွားသည်။





ကုပ်ကိုဆွဲကိုင်၍ စိတ်ရှိလက်ရှိ ပေါက်ကွဲမည့်ဒေါသတို့က ဖျတ် ခနဲ လှည့်လိုက်သော မျက်နှာကြောင့် ...

"ဟင်!... မင်း .. .."

မင်းထက်မြတ်သော ...၊

"ဟုတ်တယ် .. ဒါတွေ ခင်ဗျားကြီးနဲ့ ဘာမှမဆိုင်ဘူး ...၊ ခင်ဗျား က လူယုတ်မာ .. လူသတ်သမား .."

"တောက်!..."

ဘယ်တုန်းကမှ မျက်လုံးထဲ မထည့်ခဲ့သည့် ချာတိတ်လေး တစ် ယောက်က ကိုယ့်အမြတ်တနိုး သိမ်းဆည်းခဲ့သည့်ရတနာကိုမှ ထိပါးရဲ ခဲ့သည်။

တက်ခေါက်လိုက်ရင်း သျှင့် လက်တစ်ဖက် မြောက်တက်သွား သည်။

သော က ဖျတ်ခနဲ ငုံ့ရှောင်သွားသလို သူ့လက်ထဲမှာ ဆံနွယ်တွေ ဆွဲ လွင့်ပါသွား၏။

"ဟော့ကောင် .."

"ဒါ ကျွန်တော့်အမေရဲ့ ဆံပင်တွေ .."

"ဘာ!... ဟော့ကောင် .. နေဦး .. ရပ်နေစမ်း .. ဟေ့ .."

လူက လွှားခနဲ ခုန်လိုက်သော်လည်း ဘယ်ကိုမှ မရောက်ခဲ့ဘဲ ပြန်ကြည့်လိုက်တော့ .. ဘားရဲ့ရှေ့မှာ သူ တစ်ယောက်တည်း ငုတ် တုတ် ...။

"ဆရာ .."

တံခါးဝမှာ တီလုံး ရောက်လာသည်။

စပ်ဖျင်းဖျင်း ကျန်ရစ်သည့် မျက်လုံးတွေကို ဖိမှိတ်၍ မျက်နှာ တစ်ပြင်လုံးကိုပါ ပွတ်ပစ်လိုက်ရင်း ...

"ဘာလာလုပ်တာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ တစ်ခုခု လှမ်းပြောလိုက်တာလားလို့ .. အကျယ်ကြီးပဲ.."

"ဘာမှမပြောဘူး .. သွားတော့ .."

နေရာတကာ ဂရုတစိုက်ရှိတာတွေကို ဘယ်လိုလူတွေက ကျေနပ်ကြသလဲတော့ မသိ ...၊ သူ့အတွက်က ကျဉ်းကျပ်စေခြင်းသာ ဖြစ်သည်။

လိုအပ်လျှင် ခေါ်မည် ...၊ မခေါ်ဘဲ မလာနဲ့ ...၊

ဒီတိုင်း မှာထားတာတွေလည်း အကြိမ်ပေါင်း မနည်းတော့ပေ...။ စိတ်ပျက်ခြင်းများစွာနှင့် နေရာမှ ထရပ်မိသည်။

အိမ်ထဲမှာပဲ အကောင်းဆုံးအရက်တွေ မျိုးစုံထားပြီး ကိုယ့်ဘာသာ ထိုင်ချင်တဲ့အချိန် ဝင်ထိုင်သည်။

တီလုံး တို့ကိုပါ ခေါ်ပြီး အတူထိုင်၍ စကားစမြည် ပြောဖြစ်တာတွေလည်း ရှိသလို ခုလို တစ်ယောက်တည်း ထိုင်ပြီဆိုရင်လည်း တခြားဘယ်သူ ဘာလာလုပ်တာကိုမှ မကြိုက် ...။

အချိန်က ည ဆယ်နာရီလောက်ပဲ ရှိလိမ့်ဦးမည် ...၊ သူလည်း ဒီလောက်တော့ မမူးသေးပါ။ ပြီးတော့ ကိုယ့်ကိုယ်ကိုယ် အိပ်ပျော်သွားမှန်းတောင် မသိခဲ့ဘဲ ...

"ဒါ ကျွန်တော့်အမေရဲ့ ဆံပင်တွေ .."

ကျွတ်!...

အဓိပ္ပာယ် မရှိ ...၊

သော ဆိုသည့် ကောင်လေးကို သေချာမြင်လိုက်သည်။ ဒီတိုင်း ပြောသွားခဲ့တာလည်း ပီပီသသ ...၊

ဒါပေမယ့် ဘယ်လိုမှ မယုံနိုင်ပေ ...၊ အိပ်မက်မက်တာလည်း မဟုတ် ...။ ဒါက အိပ်မက်ဆိုရင်လည်း မဆီမဆိုင်တွေလုပ်ပြီး မသက်ဆိုင်တဲ့စကားတွေ ပြောသွားတာကို လက်မခံနိုင် ...။

ဘာကြောင့် ဒီလိုအိပ်မက်တွေ မက်နေတာလဲ ...၊





အိပ်မက်မဟုတ်ဘူးဆိုရင်ရော ဒီလိုအကြောင်းအရာတွေနဲ့ ပတ်သက်ပြီး သူ ဘာများ ခေါင်းထဲ ထည့်တွေးခဲ့ဖူးသလဲ ...၊

ခြေလှမ်းတို့သည် အိပ်ခန်းဆီ တောက်လျှောက်လှမ်းသွားခဲ့ရင်း နံရံကပ်ဗီရိုကြီးကော့စ်လေးရှေ့ကျမှ ရပ်တန့်ခဲ့သည်။

ပြီးတော့ အမြဲတမ်း လင်းနေသည့် မီးရောင်လေးအောက်မှာ ဆံနွယ်ရှည်တို့ကို ငေးစိုက်ကြည့်မိသည်။

ထို့နောက် လက်တို့သည် ဆလိုက်တံခါးလေးကို ဖွဖွလေး တွန်းဖယ်၍ ဆံနွယ်တွေထက်မှာ အမြတ်တနိုး တို့ဖိ ပွတ်သပ်နေမိကာ ...

"ဒီဆံပင်တွေက ဘာဖြစ်လို့ ငါနဲ့ မဆိုင်ရမှာလဲ ...၊ ဒါတွေက ငါ့ဘဝ .. ငါ့ရဲ့ အသက်ရှင်သန်မှု အစအဆုံး ဒီဆံပင်တွေမှာ ရှိတယ်.."

"သူက မင်းရဲ့အဒေါ်ပေမယ့် ငါ့ဘဝ ဖြစ်နေတဲ့အတွက် သူနဲ့ ပတ်သက်သမျှ ငါကလွဲပြီး ဘယ်သူနဲ့မှ မသက်ဆိုင်ဘူး သော .. အဲဒါက မင်းနဲ့ ငါ ရှုပ်ထွေးလာနိုင်တဲ့ ဂန္ထဝင်ဆက်ထုံး"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၀)

"ဦးဆောက်ပန်း .."

ခေါ်သံကြားလိုက်တာနှင့် ဖားလျားပြန့်ကျနေသည့် ဆံနွယ် ရှုပ်ပွပွ ဝှေ့ခနဲ ခါသွားသည်။ ကျောပေးရပ်နေသည့် မျက်နှာလေးပါ ဒီဘက်ကို လှည့်လာ၏။

ဘဒ္ဒါ ရှေ့ကို တစ်လှမ်းချင်း တိုးသွားခဲ့သည်။

"ငါ ဘယ်သူလဲ သိတယ်မို့လား .."

"အင်း .."

"ပြော .. ငါ ဘယ်သူလဲ .."

"ဒါ .. ဒါ .."

ဒါဒါ လား .. ဒါ တစ်လုံးပဲလားဆိုတာ မကွဲပြားသလို ခပ်တွန့်တွန့် ခေါ်သည်။ ပြီးတော့ ကော့နက်သည့်မျက်တောင်ရှည်တွေ တဖျပ်ဖျပ် ခတ်နေ၏။

နှုတ်ခမ်းဝင်းစိုသည့် ပါးပြင်ညက်ညက် .. ကော့ထင်းနေသည့်နှာတံ.. မဟာဆန်ဆန် ပြေပြစ်လှသည့် နဖူးပြင်နဲ့ မျက်ခုံးတန်းလေးတွေ ..၊





သူမမှာတော့ အလှအပတွေ အားလုံးက ဇရာရိပ် မထင်လောက်အောင် နုပျို ဝင့်ကြွားနေဆဲပါလား ..၊ ပြီးတော့ မီးလောင်ပျက်စီးခဲ့ပြီးမှ ဖုန်းဆိုးမြေက ချုံတောရိုင်းတွေလို ပို၍ အားကောင်းနေကြသည့်ဆံပင်တွေက ခါးကျော်လို့ တင်ပါးပေါ်တောင် ရောက်နေကြပြီ ..။

စေ့စေ့ကြည့်ရင်း မနာလို သဝန်တိုခြင်းတွေက ဟိုအရင်တုန်းက အတိုင်း ရုန်းကြွလာကြ၏။ ထို့ကြောင့် သူမ ရှေ့ကို ပို၍နီးအောင် တိုးလိုက်ရင်း ...

"ငါက ဒါဒါ မဟုတ်ဘူး .. နိုမီကို .."

အားပါးတရ ပြောလိုက်မိသော်လည်း သူမရဲ့ အေးဆေးသည့် မျက်ဝန်းလေးတွေက မပြောင်းလဲပေ ..၊

"နိုမီကို .. ငါက နင့်ကိုသတ်မယ့် မိန်းမပဲ .."

ပြော၍ နောက်ထပ် တိုးကပ်လိုက်မှ ဦးဆောက်ပန်း ထိတ်လန့်သည့်မျက်နှာလေးနှင့် နောက်တွန့်သွားသည်။

"နင့်ကို စမြင်ဖူးတည်းက သတ်ပစ်ချင်ခဲ့တာ ..၊ ခုချိန်ထိ မသတ်ဘဲ နေခဲ့တာရော ဘာဖြစ်လို့လဲ သိရဲ့လား .. နင့်ကို သိပ်ချစ်တဲ့လူတွေ ရှိနေလို့ ..၊ နင့်ဗိုက်ထဲက ကလေးကို မွေးခိုင်းချင်သေးလို့ .. အဲဒီကလေးကြောင့် ငါက သူ့ရဲကောင်း မျိုးဆက်ကိုပြပြီး ဒီဘဝမျိုး ရအောင် ယူနိုင်ခဲ့တယ် ..၊ သူ့ကြောင့်ပဲ အခု ငါ သိပ်မုန်းတဲ့လူကို သတ်နိုင်တော့မယ်.."

သူမ ပြောနေသမျှကို ဦးဆောက်ပန်း က အေးတိအေးစက်လေး ကြည့်နေကာ ထိတ်လန့်သလို ဖြစ်သွားတာလည်းရှိကာ ငေးမော နားထောင်နေတာတွေလည်း ရှိ၏။

သူမ ဘာတွေပြောနေမှန်း မသိတာကတော့ သေချာလေသည်။

"ဟွန်း .. နင်က အရူးပဲ .. ရူးနေမှတော့ ဘာမှမသိတော့ဘူးပေါ့..၊ ဒါပေမယ့် ခုချိန်ထိ သူက နင့်ကို မမေ့နိုင်ဘူး .. ဟွန်း .. ငါ့ကိုတောင် သတ်ပစ်ချင်သေးသတဲ့ .. ဟား .. ဟား .. ဟား .. ဟား ..."



www.burmeseclassic.com

www.burmeseclassic.com



အကျယ်ကြီး ရယ်ချလိုက်တော့ ဦးဆောက်ပန်း ခြေလှမ်းလေးပါ ဆုတ်သွားခဲ့သည်။

မျက်တောင်ကော့တို့ ဖြန့်ကပ်သွားခဲ့ပြီး ညိုလဲ့သော မျက်ဝန်းတို့ ဝိုင်းစက်သွားသည့်အခါ ဖိုးရိုးဖားရားဆံပင်တို့နှင့် မျက်နှာက ဘယ်လိုမှ မလှမပနိုင်တော့သဖြင့် ...

"ဟား .. ဟား .. ဟား .. ဟား .. အရူးမ .. နင့်ကို ဒီပုံစံအတိုင်းပဲ မြင်သွားစေချင်တာ ..၊ ဒီလို အရူးရုပ်ကို ပြည့်သျှင် ဆိုတဲ့သတ္တဝါ ဘယ်လောက်ထိ ချစ်နိုင်ဦးမလဲဆိုတာလေ .. ဟား .. ဟား .. ဟား ..."

နိမိကို တစ်ဖြစ်လဲ ဘဒ္ဒါ သည် ဒီမြင်ကွင်းကိုတော့ သဘောအကျကြီး ကျနေခဲ့လျက် ...

"နင် ဘယ်တော့မှ ပြန်လှတော့မှာ မဟုတ်ဘူး .. နင့်ရဲ့ ကြေးသော့မစင်တဲ့ မျက်နှာ၊ ရှုပ်ထွေးနေတဲ့ ဒီဆံပင် ဒီပုံစံနဲ့ပဲ ဇာတ်သိမ်းရတော့မယ်၊ ဘယ်လိုလဲ .. မသေခင် ဘာသိချင်သေးသလဲ မေး .. ငါ အားလုံး အမှန်အတိုင်း ပြောပြမယ် .."

ဦးဆောက်ပန်း က ခေါင်းခါနေသည်။ ဘဒ္ဒါ ခါးနှစ်ဖက်ထောက်လိုက်ပြီး မဲ့ကာ ...

"နင့်ရဲ့ပုဂ္ဂိုလ်ကတော့ ဦးဆောက်ပန်း ဆိုမှာ သူ့ရဲ့ရင်သွေးလေး ပါသွားမှန်းတောင် မသိရှာဘူးဟယ် .. ဘယ်လောက်များ တုံးလိုက်လဲ ဟင် ..၊ ဒါနဲ့တောင် သူက သူ့ကိုယ်သူတော့ ဆရာကြီး .."

လူကို သတ်ချင်လွန်းလို့ ဓားသွေးနေပါသည်ဆိုတဲ့ စကားကို ပြန်သတိရတိုင်း နာကြည်းမိသည်။

ဆွံ့ ဆိုတာ နိမိကို မှန်း သင်းက မသိသလို ဘဒ္ဒါ ဟာ နိမိကို မုန်းလည်း ဦးဆောက်ပန်း ဘယ်တော့မှ သိခွင့်ရတော့မှာ မဟုတ်ပေ..။

"အခု နင် သေရတော့မယ် .. ငါက နင့်ကို ရှင်သန်ခွင့် မပေးသင့်ဘူးဆိုတာ အစတည်းက သိပါတယ် ..၊ ဒါပေမယ့် ကလေးမွေးပြီးရင်





နင် ရူးမယ် .. ပြီးရင် သူ့ဟာသူ သေသွားမှာပဲ ထင်ခဲ့တာ .. ပြီးတော့ နင် ရှိခြင်း မရှိခြင်းက ငါ့အတွက် ဘာမှမဆန်းဘူးလေ .."

ဦးဆောက်ပန်း မျက်ဝန်းတွေမှာ စိုးထိတ်ခြင်းတွေ ပေါ်လာခဲ့၏။ အရာရာကို မသိနိုင်ပေမယ့် သတ်ခြင်း သေခြင်းတွေကိုတော့ သူမ နားလည်လာခဲ့ပြီ ဖြစ်၏။

"ဘာလို့ နောက်ဆုတ်သွားတာလဲ အရူးမ .. အရူးက သေရမှာ ကျတော့ ကြောက်ရမှန်း သိနေပါလား .."

"ဟင့်အင်း .."

"ဟား .. ဟား .. ဟား .. ဟား ..."

ဘဒ္ဒါ လက်ထဲမှာ တူတစ်လက် သံတစ်ဖက်နှင့် ရှေ့တိုးလာတော့ ဦးဆောက်ပန်း နောက်လှည့်ပြေး၏။ ဘဒ္ဒါ သဘောတွေကျကာ တဟားဟား ရယ်ရင်း ...

"ပြေးစမ်း .. နင့်ရဲ့ငယ်ထိပ်ကို ဟောဒီသံနဲ့ ရိုက်ထည့်လိုက်ရင် သွေးမထွက် ဒဏ်ရာမပေါ်ဘဲ ကိစ္စတုံးသွားမှာ .."

"ဟင့်အင်း .. ဟင့်အင်း .. မလုပ်ပါနဲ့ ..."

တူကို မြှောက်ပြလိုက်တာနှင့် အကျယ်အဝန်းရှိသမျှ အခန်းထဲမှာ ပတ်ပြေးတော့သည်။ ဘဒ္ဒါ က တစ်လှမ်းချင်း လိုက်ရင်း ရယ်တော့ ရယ်နေပေမယ့် မျက်ဝန်းတို့မှာ နာကြည်းမှုများနှင့် တလက်လက်ဖြစ်နေခဲ့၏။

ဒီအရူးမ သူ့ဘာသာ ဇာတ်သိမ်းလိမ့်မည်လို့ ထားခဲ့မိ၏။ သား နဲ့ အမေအရင်းဆိုတာ ဘယ်သူမှမသိအောင် လျှို့ဝှက်ထားဖို့ဆိုတာလည်း သူမ ဖန်တီးထားခဲ့သည့် ကံကြမ္မာကောက်ကြောင်း၏ အစအဆုံးကို ဘယ်သူမှ ဆက်စပ် သိမြင်နိုင်မှာ မဟုတ် ..၊

ထိုသို့သော သေချာခြင်းများနှင့် သူမ ဒီတိုင်းကြည့်နေခဲ့မိတာ ဒီနေ့ ပြောင်းလဲရတော့မည်။ အဘယ်ကြောင့်ဆိုလျှင် အားလုံးကို အသ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ခံစားနေခဲ့သည့် မပျောင်းခဲ့သော သျှင့် ရဲ့ရင်ထဲက အချစ်တွေကို သူမ သိခဲ့ရပြီး ဦးဆောက်ပန်း ကို နောက်ထပ် ရင်သန်ခွင့်မပေးနိုင်..။

"မလုပ်ပါနဲ့ .. ငါ့ကို .. ဟင့်အင်း .."

"လာခဲ့စမ်း .."

"ဒုန်း .."

"အား!..."

လက်မောင်းကို ဖမ်းဆွဲလိုက်လျှင် ဦးဆောက်ပန်း က လက်ကို ဆော့ယမ်းပြီး ရုန်းထွက်သွားသဖြင့် ဘဒ္ဒါ နောက်ပြန်လဲကာ ခုံပေါ် နောက်ပြန်ကျ၏။

ခုံရောလူပါ ရွေ့လျားသွားကာ ဝုန်းဒိုင်းအသံတွေ ကျယ်လောင်သွားသလို ခါးတွေ ရင်တွေပါ အောင့်သွား၏။

"ကောင်မ .. အရူးမ .. လာခဲ့စမ်း .."

"ဒုန်း .. ဒုန်း .."

"အား!..."

ရှိရှိသမျှ ရှပ်နေတာ အားလုံးကို တွန်းတိုက်ဖယ်ရှားကာ ဦးဆောက်ပန်း ကို အမိအရ ဖမ်းဆွဲလိုက်သည်။ လူကိုမမိဘဲ ဆံပင်တွေသာ မိလိုက်သဖြင့် ...

"အရူးမ သေရမှာတော့ ကြောက်တတ်လိုက်တာ .. အရူးလုပ်နေတဲ့ မျက်နှာကျတော့ မျောက်သေရုပ်နဲ့ .. လာခဲ့ .."

"မေမေ လွှတ်လိုက်ပါ .."

ဟင်!...

ဦးဆောက်ပန်း သည် သူမ ခွစီးထားသည့်အောက်မှာ ပက်လက်ကလေး ဖြစ်နေခဲ့လျက် ..၊

ဘဒ္ဒါ သံနဲ့တူကို အကျအန ကိုင်ထားဆဲ ...

"ဒေါ်ဒေါ်ဦး ကို လွှတ်လိုက်ပါ မေမေ .."





သော ခြေလှမ်းတွေက မပြေးရုံတစ်မယ်ဖြစ်ကာ နောက်ထပ် တား ဆီးသံနှင့်အတူ လူက အနားရောက်လာ၏။

"သော .. မင်း .. မင်း ဘယ်လိုရောက်လာတာလဲ .."

"အဲဒါတွေ ချထားလိုက်ပါဦး .."

သော မျက်နှာ နီမြန်းနေကာ သူမလက်ထဲက လက်နက်ကိရိယာတွေကို ဆွဲယူသွား၏။ ပြီးတော့ မျက်လုံးအဝိုင်းသားနှင့် ကြက်သေသေနေသည့် ဦးဆောက်ပန်း ကို ဆွဲထူလိုက်သည်။

ထိုအခါ ဘဒ္ဒါ သူမဘာသာ ဘေးတိုက် ပြိုလဲကျသွားခဲ့လျက် ...

"ငါ့ဘာသာ ဘာလုပ်နေနေ မင်း ဝင်မရှုပ်နဲ့ .. ဖယ် .."

"မရှုပ်လို့ ရမလား မေမေ .. ဒေါ်ဒေါ်ဦး က ဘာအပြစ်ရှိလို့လဲ ..၊ မေမေ့ကို ကျွန်တော် မျက်စိရှေ့ နားပါ ရှုပ်နေပြီ ..၊ ဒီကို မေမေ ဘာလာလုပ်တာလဲ..၊ ရန်သူကို သတ်ဖို့လား.. ကိုယ့်လူကိုသတ်ပြီး အဓိပ္ပာယ်မရှိတာတွေ လုပ်ဖို့လား .."

"အဓိပ္ပာယ် ရှိတယ် .. ငါ လုပ်နေတာ ငါ သိတယ် .."

"သိရင်လည်း ကျွန်တော့်ကို ရှင်းအောင် ပြောဦးလေ .. မေမေ့ရန်သူက ကျွန်တော့်ရန်သူပဲ ..၊ သတ်ပစ်ဖို့ လိုလာရင် မေမေ့လက်နဲ့ သတ်ဖို့ မလိုဘူး .. ကျွန်တော် ရှင်းပေးမယ် ..၊ ပြောပါ .. ဒေါ်ဒေါ်ဦး မှာ ဘာအပြစ်ရှိသလဲ .."

သူ့လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်ဖက်တွယ်ထားသူသည် တခ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်လျက်ရှိကာ မျက်နှာရှေ့မှာ ရှိနေသည့် တစ်ယောက်က လူကို သေစေသောလက်နက်များနှင့် ခက်ထန်စွာ ရှိနေလေသည်။ ထိုအမျိုးသမီးကြီး နှစ်ယောက်လုံးဟာ တစ်ယောက်သည် ကိုယ့်မိခင်ရင်း ဖြစ်နေခဲ့လျက် .. တစ်ယောက်က အဒေါ်ရင်း ..၊

"သော .. ငါက မင်းအမေနော်"

"ဟုတ်ပါတယ် .. အဲဒါကြောင့် မေးနေတာ ..၊ မေမေ ဘာတွေလုပ်



www.burmeseclassic.com

www.burmeseclassic.com



နေတာလဲ ..၊ ဒေါ်ဒေါ်ဦး ကရော ကျွန်တော့်အဒေါ်အရင်း မဟုတ်လို့လား .. ဒီလိုလုပ်ရလောက်အောင် မေမေ့မှာ .."

ပြောနေရင်း ပြောရတဲ့စကားတွေက အဓိပ္ပာယ်မဲ့သလို ခံစားမိလာသည်။ မြင်လိုက်ရတဲ့မြင်ကွင်း ..၊ ကြားခဲ့ရတဲ့ စကားတွေကို သူ ဘယ်လိုမှ မယုံနိုင် ..။

"ပြေးစမ်း .. နင့်ရဲ့ငယ်ထိပ်ကို ဟောဒီသံနဲ့ ရိုက်ထည့်လိုက်ရင် သွေးမထွက် ဒဏ်ရာမပေါ်ဘဲ ကိစ္စတုံးသွားမှာ .."

"ကောင်မ .. အရှုးမ .." တဲ့ ..။

မေမေ ပြောနေတာတွေမှ ဟုတ်ရဲ့လား ..၊

ဒါပေမယ့် သူကိုယ်တိုင် ကြားခဲ့ရတာဖြစ်သည်။ တကယ် သတ်ဝစ်ဖို့ ကိုင်ထားသည့် လက်နက်တွေကလည်း ခုချိန်ထိ သူ့လက်ထဲမှာ ရှိနေတုန်း ..။

"ဒေါ်ဒေါ်ဦး အပေါ်မှာ မေမေ မကျေနပ်စရာရှိခဲ့တယ်ဆိုရင်လည်း ဒီလိုဖြစ်လောက်အောင်ရှိခဲ့တာတွေ ကျွန်တော် ဘာမှမသိခဲ့ရပါလား.."

"မင်း သိစရာမလိုလို့ မပြောခဲ့တာ ဆိုရင်ရော ..."

"သိစရာ မလိုဘူးဆိုရင် ကျွန်တော် မမေးဘဲ နေလို့ရတယ် .. ဒါပေမယ့် သတ်ပစ်မယ်ဆိုရင်တော့ ကြည့်မနေနိုင်ဘူး မေမေ .."

"ဘာ!... ပြောတယ် .."

"မေမေက မေမေ ဖြစ်သလို ဒေါ်ဒေါ်ဦး က ကျွန်တော့်အဒေါ်..."

ဘဒ္ဒါ မျက်နှာမှာ မျက်လုံးအစုံသည်သာ ရူးရဲဝင်းပြောင်နေခဲ့လျက် နှုတ်ခမ်းနီလှုပခြင်းတို့ပါ ပျောက်ဆုံးနေသကဲ့သို့ ရှိ၏။

"အဒေါ် .. ဟုတ်လား ..."

ဘဒ္ဒါ အကြည့်တွေက သော နဲ့ ဦးဆောက်ပန်း ရဲ့မျက်နှာပေါ်မှာ ဝေ့ဝဲနေခဲ့လျက် ဖြစ်ထွန်းလာသည့်မဲ့ပြုံးက ကြောက်မက်ဖွယ် အေးစက် ခက်ထန်၍ ...





"သူ့ကိုယ်သူတောင် ဘာမှန်း မသိ ..၊ ကျေးဇူးမပြုတဲ့သူကိုတော့ မင်းက ကျေးဇူးတွေ သိတတ်လို့ .. ကိုယ့်မိဘကိုကျတော့ .."

"အဲဒါ မဆိုင်ဘူး မေမေ .. ဒေါ်ဒေါ်ဦး က စိတ်ဝေဒနာရှင် .."

သော မျက်နှာမှာ စိတ်ပျက်ခြင်းတွေပဲ ရှိနေလျက် ပြောနေရင်း ဦးဆောက်ပန်း ကို သူ့ကျောနောက်မှာ ထားလိုက်ပြီး ...

"ဒေါ်ဒေါ်ဦး က မေမေ့ကို ထိခိုက်အောင် ဘာလုပ်လိုက်လို့လဲ..၊ ဒါမှမဟုတ်ရင် အဲဒီလို ရှိခဲ့လို့လား .."

"အဲဒါ ငါတို့ကိစ္စတွေပါ ..၊ မင်း အခု ဒီအခန်းထဲက ထွက်သွားလိုက်တော့ .."

"ကျွန်တော် ထွက်သွားရင် မေမေ ဘာလုပ်မှာလဲ .."

"ဘာလုပ်လုပ် .."

"ကျွန်တော် ခွင့်မပြုဘူး မေမေ .."

"သော .."

ဦးဆောက်ပန်း လက်ကို ဆွဲ၍ လှည့်ထွက်သွားသည့် သော ရဲ့ ကျောပြင်သည် ဘဒ္ဒါ မျက်လုံးထဲမှာ ပြည့်သျှင် ၏ပုံရိပ် ဖြစ်နေခဲ့လျက် အော်ပစ်လိုက်သည့် သူမအသံက ဟိန်းထွက်သွားခဲ့၏။

"မင်း အဲဒီမှာ ရပ်နေလိုက်စမ်း .."

သော က ရပ်နေလိုက်ပေမယ့် လှည့်မကြည့် ..၊

"သူ့ကို ဒီတိုင်းဆက်ထားလိုက်ရင် မင်းအမေ သေသွားမှာပဲဆိုရင် မင်း ဘယ်လိုဆုံးဖြတ်မလဲ .."

သော မျက်နှာ သူမဘက်ကို လှည့်လာသည်။

"မင်းက အဒေါ်နဲ့ အမေကို လဲရမယ်ဆိုရင်တောင် လဲမှာပဲဆိုတဲ့ သားမျိုးလား .."

"ကျွန်တော်က မိဘကိုရော အဒေါ်ကိုပါ ကာကွယ်ပေးမယ့်သားပါ မေမေ ..၊ ကျွန်တော် မေးတာကို မေမေ မဖြေဘဲနဲ့ အချိုးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မဲ့တဲ့စကားတွေ ပြောမနေပါနဲ့ ..၊ မေမေ့ကို သေစေမယ့်သူဆိုရင် ဒေါ်ဒေါ်ဦး က ဘယ်လိုလူမျိုးလဲဆိုတာ ကျွန်တော် သိရမှ ဖြစ်မယ်.."

"ငါ့ကို မယုံကြည်ဘူး ဆိုပါတော့ .."

"ယုံစေချင်ရင် မေမေ ကျွန်တော် မေးတာကို ဖြေပါ .."

"သားမိုက် .."

ရှေ့ကို ချက်ချင်းရောက်လာကာ ပါးကို ရိုက်ချလိုက်တာ ဖောင်းခနဲ မြည်သွားသည်။ သော မျက်နှာ လည်ထွက်သွားကာ တော်တော်နဲ့ ရှေ့ကို ပြန်လှည့်မလာပေ ..။ လှည့်လာတော့ ပါးပြင်တစ်ဖက်ခြမ်းမှာ ရဲညိုနေကာ ထိုမျက်ဝန်းတို့သည် မျက်ရည်တွေ ပြည့်ဝိုင်းလျက် ...

"အဲဒီလို အသားနာရင် ခေါင်းညိတ်သွားတတ်တဲ့အကျင့်တွေ ရှိအောင် ကျွန်တော် ငယ်ငယ်တည်းက မေမေ သင်ပေးခဲ့ရမှာ .."

ဘဒ္ဒါ ရဲ့ ရူးရဲသောမျက်လုံးတွေက သော ရဲ့မျက်ဝန်းတွေအောက်မှာ မှိန်ဖျော့သွားခဲ့သည်။

သော က ကိုင်ထားသည့် တူနဲ့ သံကို လွှင့်ချပစ်၍ ...

"အခု ကျွန်တော်က ခြောက်တိုင်း မကြောက်တတ်တဲ့လူစား .."

"မင်းအမေ သေသွားနိုင်တယ်ဆိုတာ မင်းကို ခြောက်လှန့်ပြောနေတယ်လို့ ထင်တယ်ပေါ့ .. ဟုတ်လား .."

"ကျွန်တော် ပြောပြီးပြီပဲ ..၊ မယုံကြည်ထိုက်တာမှန်သမျှ ဘာကိုမှ ဂရုမစိုက်ဘူး .."

ကြည့်စမ်း ..၊

ဦးဆောက်ပန်း ရဲ့လက်ကို ဆွဲထွက်သွားခဲ့တာ သူ မွေးမြူခဲ့တဲ့ သား လား ..၊ သူမ ဘယ်လိုမှ မယုံနိုင်အောင် ဖြစ်နေမိသည်။

သွေးက စကားပြောတယ်ဆိုတာတွေ ကြားဖူးသည်။ ဒါပေမယ့် လက်တွေ့ မကြုံခဲ့ဖူးပါ ..၊ တကယ့်လက်တွေ့ဟာ စိတ်ကူးထဲမှာထက် ပို၍ ထူးဆန်းနေတာကို လက်ခံဖို့ ခက်နေ၏။





"ပြည့်သျှင် ကို စိန်ခေါ်ဖို့ ဆုံးဖြတ်ပြီးရင် သူ့သားနဲ့ ဇနီးကို ဒုက္ခ ့ မစဉ်းစားနဲ့" တဲ့ ..၊

ယက္ခ ပြောတာကို သတိရမိ၏။ ပြီးတော့ ...

"ဦးဆောက်ပန်း ကို တစ်ခုခု နာကျင်အောင်လုပ်ဖို့ စိတ်ကူးမိရင် မိန်းမက သော ရဲ့အမေရင်းဆိုတာ မမေ့ပါနဲ့ .."

လို့ ပြောတာတွေလည်း ပါသည်။

ဘဒ္ဒါ လက်သီးနှစ်ဖက် ဆုပ်ထားမိရင်း ဦးဆောက်ပန်း ကို ခေါ် ထွက်သွားသည့် သော ရဲ့ပုံစံကို ပြန်မြင်နေမိသည်။ သူ့အမေမှန်းမသိဘဲ ကောင် ကိုယ့်ကို မယုံကြည်တာတွေ တည့်တည့်ကြည့်ပြောသွားခဲ့တာ ချက်လေးမှ စိုးရွံ့နောက်တွန့်တာ မရှိ ..။

သိသွားခဲ့ရင် ဘယ်လိုတုံ့ပြန်မလဲ ..၊

ဒါထက်ပိုပြီး အတိတ်ကအကြောင်းတွေကို အစအဆုံး သိသွားခဲ့ ရင် ဘာတွေ ဖြစ်လာမလဲ ..၊

သူမ မျက်လုံးထဲမှာ ယက္ခ ကို ဖျတ်ခနဲ မြင်၏။ ဒီလျှို့ဝှက်ချက် ရဲ့သော့ချက်က ယက္ခ ..၊

"ယက္ခ .."

စိတ်မှ ဖြစ်လာတာနှင့် နှုတ်မှ ကယောင်ကတမ်းခေါ်မိကာ ခြေ င်းတွေက အခန်းပြင် ချက်ချင်း ရောက်၏။

ယက္ခ ဘယ်ရောက်နေလဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၁)

"ကျွန်တော် ထွက်သွားပြီလို့ မဒါ ဘာဖြစ်လို့ ထင်တာလဲ .."

ကိုယ်က မေးတာကို သူက မဖြေဘဲ မေးခွန်းပြန်ထုတ်နေသည်။ ဘဒ္ဒါ ကိုယ့်စိတ်ကို ထိန်းချုပ်ဖို့ ခက်နေသည့်အချိန်မို့ မေးခွန်းရဲ့ သက်ရောက်မှုကိုလည်း သတိမထားနိုင်ခဲ့ပါ ..။

"ငါ .. ငါ .. ဦးဆောက်ပန်း ကို သတ်ပစ်မလို့ လုပ်ခဲ့တာ .."

"ဘာ!... မဒါ ဘာပြောလိုက်တယ် .."

ရုတ်တရက် ကားရပ်မိတော့မလို ဖြစ်သွားသည်။ ပြီးတော့ ဘဒ္ဒါကို တအံ့တသြကြည့်မိတာ ခြေဆုံးခေါင်းဆုံး ..။

"ဟုတ်တယ် .. အဲဒါကို ..."

"သော သိသွားသလား .. အခု မသတ်ဖြစ်ဘူးမို့လား ..၊ ဘာတွေဖြစ်ကုန်ပြီလဲ .."

ယက္ခ ကယောင်ချောက်ချားဖြစ်သွားတာကို ကြည့်ကာ ဘဒ္ဒါ ပို၍ တုန်လှုပ်သွား၏။ ဒါပေမယ့် ပင့်သက်ရှိုက်၍ စိတ်ကို အတတ်နိုင်ဆုံး စုစည်းကာ ...



"ဟုတ်တယ် .. သူ့ တွေ့သွားတယ် .."

"ဟာ!..."

ကားက မလွှတ်မလပ် တစ်နေရာမှာ ဦးတိုက် ဆင်းသွားပြီး ရပ်၏။ ကိုယ်ရှိတဲ့နေရာကို ကားတစ်စီးနဲ့ ရောက်လာသည်။ ခုချက်ချင်း အိမ်ပြန်လိုက်ခဲ့ဖို့ ခေါ်၏။

ကားနားရောက်တော့ သူမ မမောင်းနိုင်ဘူးဆိုကာ ကားသော့ သူ့ကို လှမ်းပေးသည်။ ထိုစဉ်တည်းက သူမ အမူအရာတွေ ပျက်နေတာကို ယက္ခ သတိထားမိသည်။ ဒါပေမယ့် ...

"ကျွန်တော် အတန်တန် မှာထားတာတောင်မှ ဗျာ .. ကျွတ်!..."

"ကားပြန်ထွက် ကိုခ .. ဒီနေရာတွေမှာ ကားရပ်လို့ မရဘူး"

"မတတ်နိုင်ဘူးဗျာ .. မဒါ ကိုယ့်ဘဝပျက်မယ့်ကိစ္စကိုတောင် ရှုမစိုက်ခဲ့ဘဲနဲ့ ကားအဖမ်းခံရမှာကျမှ ကြောက်နေသလား .."

"ဘာ!..."

"ဦးဆောက်ပန်း ကို သွားမထိပါနဲ့လို့ မဒါ ကို ကျွန်တော် သတိ ..ခဲ့တယ်..၊ သော က ပြည့်သျှင် ကို စိန်ခေါ်လိုက်ပြီးပြီ .. အောင်ဆော့ ..ကို သတ်ပစ်လိုက်ပြီး သူ့ကိုယ်တိုင် ဝန်ခံပြီး စိန်ခေါ်ခဲ့တာ .. အဲဒါ ..ွ မဒါ သိလား .."

"သူလည်း ငါ့ကို မတိုင်ပင်ဘဲ လုပ်ခဲ့တာလေ .."

"မတိုင်ပင်ပေမယ့် မဒါ ခွင့်ပြုလိုက်တာပဲ .. ကျွန်တော်က တား ..တော့ မဒါ ကျွန်တော့်ကို ကလေးရှေ့မှာ ဘာပြောခဲ့သလဲ .."

ဘဒ္ဒါ က မျက်နှာတင်းတင်းနှင့် တစ်ဖက်လှည့်နေ၏။

"သော အမျိုးမျိုး ခလုတ်တိုက်နေတာကို ပြည့်သျှင် က ဂရုစိုက်ခဲ့ .. ခဟုတ်ဘူး ..၊ အဲဒါ သူ့ရင်ထဲမှာ ဦးဆောက်ပန်း နဲ့ပတ်သက်ခဲ့ ..တ်ကို မမေ့နိုင်သေးတဲ့သက်သေ .. သူ့ရင်ထဲကို တခြား ဘယ်လို ..ကမှ တိုးမပေါက်နိုင်သေးတာ ..၊ မဟုတ်ရင်လည်း သူ့ရဲ့ကောင်း

www.burmeseclassic.com



ဟာ ဦးဆောက်ပန်း နဲ့ပတ်သက်နေတဲ့လူမို့လို့ သော ကို ရင်ဆိုင်ချင်စိတ် မရှိတာလည်း ဖြစ်နိုင်တယ် ..၊ ဒါပေမယ့် အခု သော ကို သူ ဥပေက္ခာ ထားမှာ မဟုတ်တော့ဘူး .."

"အဲဒီတော့ ဘာဖြစ်လဲ .. ငါတို့ရဲ့ ရည်ရွယ်ချက်က ဒါပဲ ..၊ သူတို့သားအဖကို အိမ်ကြက်ချင်း အိုးမည်းသုတ် ခွပ်နိုင်းတာလေ ..၊ ဘယ်သူသေသေ ငါတို့ရဲ့အောင်ပွဲက အဲဒါ .."

"သူတို့က ကြက်တွေမှ မဟုတ်တာ .. မဒါ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးလွန်းတယ် ..၊ ပြည့်သျှင် က ဂရုစိုက်လာပြီဆိုရင် မည်းမည်းမြင်တိုင်း လိုက်ကိုက်မယ့်သတ္တဝါ မဟုတ်ဘူး .. သိပ်ကိုပါးတဲ့လူ.."

"မင်းရဲ့ သူ့အပေါ် အထင်ကြီးမှုတွေကရော ဘယ်တော့ ကုန်ဆုံးမှာလဲ .."

"အဲဒီ အထင်ကြီးမှု ကျွန်တော့်မှာ ကုန်ဆုံးသွားရင် မဒါ ကိုလည်း ကယ်မယ့်သူ ရှိမှာ မဟုတ်တော့ဘူး .."

"ဟား .. ဟား .. ဟား ..."

"ရယ်ပါ .. အခု မဒါ ရယ်နိုင်သေးတယ် .."

ဒေါသကြောင့် တင်းမာလာသည့်မျက်နှာကို ရှေ့ပြန်လှည့်ကာ...

"သူ့ရဲကောင်း ကို နုပ်နုပ်စဉ်းပြီး သတ်ပစ်ချင်နေတာတောင်မှ သူ့မှာ အပြစ်ရှိနေတာ တကယ် ခိုင်လုံရဲ့လားဆိုတာကို ပြည့်သျှင် က သေချာ စုံစမ်းခဲ့တာ .."

"ဒါပေမယ့် အပြစ်မရှိဘူးဆိုတာ သူ မသိဘဲနဲ့ သတ်ခဲ့တာပဲလေ.."

"ဒါက သူတို့နှစ်ယောက်ရဲ့ ကံကြမ္မာပါ..၊ ကျွန်တော်က ဖြစ်ခဲ့တာတွေကို အမှားအမှန် ခွဲပြနေတာ မဟုတ်ဘူး ..၊ သူလုပ်ခဲ့တဲ့ လုပ်ကွက်တွေကို ပြောပြတာ .. သူ့ရဲကောင်း ကို သတ်ခဲ့တယ်ဆိုတာလည်း ဒီလိုတွေဖြစ်ကုန်အောင် ဖန်တီးခဲ့တဲ့လူတွေကြောင့်ပဲ ..၊ အဲဒီအချိန်တုန်း





က ပြည့်သျှင် ရင်ထဲမှာ သူ့ရဲကောင်း ကို သတ်ကွင်းထဲကလူအဖြစ် ကနေ ဖယ်ထုတ်ပြီးသား .."

"တော်စမ်း ယက္ခ .. အဲဒါတွေကြောင့် နင့်ကို ငါ မယုံကြည်မှုတွေ ဖြစ်လာတာ ..၊ ကျန်တာတွေ မပြောနဲ့ .. အခု ငါ ဘာဆက်လုပ်သင့် သလဲ .. အဲဒါ အဓိက .."

"မဒါ လုပ်ချင်ရာလုပ်လာပြီးမှ ကျွန်တော့်ကို ဒီလိုမေးတော့ ဘယ်လို ဖြေရမလဲ ..၊ ကျွန်တော် ကွန်ပျူတာထဲက ဖြေစက်မှမဟုတ်တာ.."

ယက္ခ မျက်နှာလွှဲ၍ အကြည့်တွေ ရှေ့ကို ရောက်သွားမိစဉ် ...

"ဟင်!..."

တစ်ကိုယ်လုံးမှာရှိသမျှ အကြောအခြင်တွေ ရှိန်းခနဲ ပူလောင်ကာ မောင်းကြွ ထောင်ကားသွားသလိုပင် ..၊

ပြည့်သျှင် ..၊

"ဘာဖြစ်တာလဲ ယက္ခ .."

"သူ ကျွန်တော်တို့ကို တွေ့သွားပြီ .."

သူဆိုတာ ထည့်မပြောပေမယ့် ယက္ခ မျက်နှာပေါ်က ချောက်ချားမှုကို မြင်တာနှင့် ဘဒ္ဒါ သိလိုက်သည်။

"ပြည့်သျှင် လား .."

ယက္ခ ကားကို ပုံမှန်အတိုင်းနှုန်းနဲ့ မောင်းထွက်လိုက်ကာ ခေါင်းညိတ်ပြသည်။

ပြီးတော့ ဘက်ခ်မှန်ကိုကြည့်ကာ မသိမသာ အရှိန်တင်သည်။ သိသာစွာ အရှိန်တင်လိုက်သည်နှင့် ဘဒ္ဒါ ကားပေါ်မှာ ယိမ်းထိုးသွားတာ ...

"သူ .. သူ လိုက်လာပြီလား ..၊ တကယ် သူ ဟုတ်လို့လား .."

ကိုယ့်ဒုက္ခကို ဂရုမစိုက်နိုင်ဘဲ မေးသည့်အသံတွေ တုန်နေ၏။ ယက္ခ ကားကို ဘေးလမ်းထဲ ကွေ့ဝင်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်မှာ လမ်းကြောပိတ်နေလို့ တော်သေးတယ် .. ဒါပေမယ့် ကျွန်တော်တို့ ကားပြောင်းမှ ဖြစ်မယ် .."

သူတို့ ရင်တုန် ပြေးလွှားနေသကဲ့သို့ ပြည့်သျှင် ခပ်ကြိတ်ကြိတ် တက်ခေါက်၏။

"ဘယ်ရောက်သွားပြီလဲ ...၊ တောက်!..."

တံတားဆောက်နေသည့်တစ်ဖက်မှာ လမ်းက ကားတစ်စီးစာပဲ ဆံ့ထားသည်။ စိတ်ဇောပြီး လှတက်လိုက်တော့ တစ်ဖက်မှာ ခေါင်းထိုးထားပြီးဖြစ်သည့် မာ့ခ်IIနှင့် ချိတ်မိသွား၏။

ဒါကိုသိလိုက်ပေမယ့် ဂရုမစိုက်ပေ ..၊ တံတားရဲ့ဟိုဘက်ခြမ်းမှာ မြင်လိုက်သည့်ကားကို မီအောင်လိုက်ဖို့က ဒီလမ်းကိုတက်ပြီး တဆုံးထိ သွားပြီးမှသာ ပြန်လှည့်လို့ရမှာမို့ အတင်း ရှေ့ဆက်ခဲ့ရ၏။

ဒါပေမယ့် မမီတော့ပါ ..၊ မမီနိုင်တော့မှန်း သိနေပေမယ့် ကားကို ရှာမတွေ့လေ ရင်ထဲမှာ တနုံ့နုံ့ ဖြစ်လေ ...။

ကားမောင်းနေတာ တာနော မှ တာနော ပါ ...။

ဟိုတစ်ခါလည်း တာနောကို သေချာတွေ့လိုက်သည်။ မျက်မှန်နဲ့ ဦးထုပ်ဆောင်ထားပေမယ့် တာနော ကို သူ သိနေသည်။ ခုလိုပဲ ဖျတ်ခနဲ မြင်လိုက်ပြီး ခြေရာပျောက်သွားခဲ့၏။

ခုလည်း ပျောက်သွားခဲ့ပြန်ပြီ ..၊ တာနော က ပိုတော်နေသည်ဆိုလျှင် သူ ညံ့နေတာလား ..၊ လူကို မြင်လိုက်တာနှင့် ပြေးနေသော ထိုလူဟာ တာနော ဆိုတာ သေချာလျှင် သူ့ဘေးမှာ ဆိုဗီ ဆိုတဲ့ မိန်းကလေး ရှိနေတာ ဘာလဲ ...။

ခေါင်းထဲမှာ အထပ်ထပ်တွေးနေရင်း တာနော နဲ့ ဆိုဗီ ကို ပူးတွဲမြင်ယောင်နေခဲ့သည်။ သူမ ကိုယ့်နောက်ကို ရောက်ရောက်လာပုံက ထူးခြားနေမှန်းတော့ သိခဲ့သည်။

ဒါပေမယ့် ခုလိုဖြစ်နေနိုင်မည်လို့ မထင်ခဲ့ပေ ...။





သျှင့် ရဲ့ မျက်ခုံးအစုံ တွန့်ကုတ်သွားခဲ့၏။ အနားမှာ သွားလာဖြတ်သန်းနေကြသော လူတွေ ကားတွေ အားလုံး ပျောက်ကွယ်ကုန်လျက် သူ့အာရုံထဲမှာ တာနော နဲ့ ဆိုဗီ ၏မျက်နှာတွေသာ ထင်ကျန်ရစ်ခဲ့၏။

ပြီးတော့ မင်းထက်မြတ်သော ..၊

ဒီလူသုံးယောက် သူ့ရှေ့ကို မရှေးမနှောင်း ရောက်လာပုံတွေက စိတ်အာရုံမှာ ချိတ်ဆက်မှုများနှင့် ပေါ်လာခဲ့၏။

သူတို့တွေ ဘယ်လိုပတ်သက်နေကြသလဲ..၊ ကိုယ့်ဘက်က အတိတ်ကို ပြည်ဖုံးကားချခဲ့ပေမယ့် ကန့်လန့်ကာသာ ကျသွားခဲ့ပြီး တေးသွားက အဆုံးမသတ်ခဲ့ဖူးလား ...။

"ဆရာ ဒီချာတိတ်ကို လျှော့မတွက်နဲ့နော် .. သူ့နောက်ကွယ်မှာ သွေးထိုးလှုံ့ဆော်နေတဲ့ ကျွန်တော်တို့နဲ့ အရင်းနှီးဆုံးလူ ရှိနေတာ သေချာတယ် ..၊ ဒီကောင့်မှာ ရည်ရွယ်ချက်တွေနဲ့ .."

တီလုံး သတိပေးတုန်းက သူ ပိတ်ပင်ခဲ့သည်။ ဒါတွေကို မေ့ထားချင်လို့ပါ ..၊ အနိုင်လိုချင်တာတွေ .. အရှုံးဆိုတာတွေကိုလည်း ချိုသလား .. ခါးသလား မသိချင်တော့ပေ ...။

ဒါပေမယ့် ဖြစ်လာတဲ့အခြေအနေတွေက သူ့ကို ရှောင်ထွက်နေခွင့် ပေးတော့မည်မထင် ...၊

ကုတ်ချိထားဆဲ မျက်ခုံးအစုံက မပြေဘဲရှိကာ မျက်စိရှေ့ရောက်လာသည့်ကားတစ်စီးကို မြင်လိုက်သဖြင့် လက်ပြတားလိုက်၏။

ကားသည် စောစောက သူနဲ့ချိတ်မိခဲ့သည့် မာ့ခ်II အညိုလေးဖြစ်ကာ သူ့ကားရှေ့ရောက်မှ ရပ်သွား၏။ ကားထဲက ဆင်းလာသူက သူ့အရွယ်လောက်ရှိမည့် အမျိုးသမီးတစ်ယောက် ...၊

"ရှင် ခုနက ကျွန်မကားနဲ့ ပွတ်မိသွားတဲ့ ..."

"ဟုတ်ပါတယ် .. အဲဒါကို တောင်းပန်မလို့ ကျွန်တော် စောင့်နေတာပါ .."



www.burmeseclassic.com

www.burmeseclassic.com



သူမ စကားမဆုံးခင် ဖြတ်ပြောလိုက်ကာ ရိုင်းတယ်ထင်ရင်လည်း မတတ်နိုင်တော့သည့် မထူးစိတ်နှင့် ကားထဲက ပိုက်ဆံအိတ် လှည့်ယူပြီး ဖွင့်၍ ...

"တစ်မျိုးတော့ မထင်နဲ့ဗျာ .. ကျွန်တော့်မှာလည်း အရမ်းအရေးကြီးတဲ့ပြဿနာလေး ရှိနေလို့ပါ ..၊ ကျွန်တော် မှားသွားမှန်းသိလို့ ဒီမှာ တမင် စောင့်နေတာ .. တကယ် မအားလို့ပါ .."

အိတ်ထဲက လိပ်စာကတ်ကို ထုတ်ပေးလိုက်ရင်း ...

"ကားပျက်စီးသွားတဲ့အတွက် တာဝန်ရှိတဲ့အတိုင်း ကျွန်တော် လုပ်ပေးပါ့မယ် .. ဖုန်းဆက်လိုက်ပါ၊ အိမ်ကိုလာလို့လည်း ရပါတယ်.."

"နေပါဦး ရှင်က .."

"လိပ်စာမှာ အပြည့်အစုံ ပါပါတယ် .. ခုလည်း ပိုက်ဆံတော့ ပါတယ် ..၊ ဒါပေမယ့် ကျွန်တော့်ဘက်က ပေးရင် ရိုင်းမှာစိုးလို့ပါ.."

"နေပါဦးရှင် .. ကျွန်မက ကားကိစ္စ ငွေကိစ္စတွေကို ပြောမလို့ မဟုတ်ပါဘူး .. ရှင့်ကို သိနေလို့ စကားပြောချင်လို့ပါ .."

"ဗျာ!..."

ကိစ္စ မြန်မြန်ဖြတ်ပြီး ထွက်သွားတော့ဖို့ စိတ်က သူမမျက်နှာဆီ ရောက်သွားခဲ့၏။ ဒါပေမယ့် သူမကို သူ မသိပေ ..။

"ကျွန်မက ဒေါက်တာ ဖြူစင်လင်း ပါ .."

"ဆောရီးပါ .. ကျွန်တော် မသိဘူး .."

"ဒါပေမယ့် ကျွန်မကတော့ ကိုယ် မှားခဲ့တာကို သိရပြီးတည်းက တောင်းပန်ချင်လို့ ခဏခဏ သတိရနေတာလေ ..၊ အဲဒီတုန်းကတော့ သူ့မှာ ကိုယ်ဝန် မရှိသေးပါဘူး .. တကယ်ကို သေချာပါတယ်ရှင်.. ဒါပေမယ့် သူ ကလေးမွေးသွားတဲ့ ဂျူးဒိတ်ကိုကြည့်တော့ ကျွန်မ ပြောခဲ့တဲ့ လထဲမှာပဲ ဖြစ်နေတယ် .."

"ဒေါက်တာ ဘယ်သူ့အကြောင်း ပြောနေတာလဲ .."





"ရှင့်မိန်းမလေ .. ဘာပန်းဆိုလား .. နာမည်လှလှလေးနဲ့ ..၊ လူကလည်း အရမ်းလှပါတယ် .."

ပြည့်သျှင် မျက်လုံးတွေ စူးရှလာ၏။ သူမကတော့ ပြောချင်တာကိုသာ ပြီးဆုံးအောင်ပြောဖို့ စိတ်သန်နေလျက် ...

"သူ မီးဖွားပြီး ဆေးရုံကဆင်းမယ့်နေ့မှာမှ ကျွန်မ တွေ့တာ ..၊ အရမ်းကို အံ့သြသွားတာပဲ သိလား ..၊ ရှင် ခေါ်လာပြီး ပြတည်းက သူ့မျက်နှာလေးကို ကျွန်မက မှတ်မိနေတာ ..၊ ဆံပင်တွေအရှည်ကြီးနဲ့ အရမ်းလှတာလေ .. ဒါပေမယ့် ကလေးဖွားတုန်းကတော့ ဆံပင်တွေ မရှိတော့ဘူး .."

"ဒေါက်တာ ကျွန်တော့်ကို အဲဒီတုန်းကလူမှန်း ဘယ်လို မှတ်မိတာလဲ"

"သြော် .. ရှင့်အရပ်အမောင်းကြီးက မမှတ်မိစရာမှ မရှိတာရှင်.. ပြီးတော့ ရှင့်မျက်နှာမှာ ဒဏ်ရာတွေနဲ့လေ .. ရန်ဖြစ်လာသလား .. အက်ဆီးဒင့်တစ်ခုခု ဖြစ်သလားလို့တောင် ကျွန်မ တွေးမိခဲ့သေးတာ..၊ ဒဏ်ရာရှိတဲ့လူက ဆေးမကုဘဲနဲ့ ကိုယ်ဝန်မရှိသေးတဲ့လူကို ရှိမရှိ စစ်ပေးပါလို့ အရေးတကြီး ရောက်လာတာ မထူးဆန်းဘူးလား ..၊ ကျွန်မ မှတ်မိတာပေါ့ .."

"ဒါဆို ဦး ကို .. ဦးဆောက်ပန်း ကို .. ခင်ဗျား မှတ်မိတာ သေချာပြီ .."

"ဦးဆောက်ပန်း .. ဟုတ်တယ် .. ဟုတ်တယ် .. သူ့ပဲ ..၊ အဲဒီနာမည်ကို မေ့နေတာ .."

"သူက ကလေးမွေးသွားတယ်ဆိုတာ သေချာသလား .. သူ့ကလေး ဆိုတာလေ .."

"သေချာပါတယ် .. သူ့ကို ကျွန်မမိတ်ဆွေနဲ့ အပ်ထားခဲ့တာပဲ.. ကျွန်မ တကယ် စိတ်မကောင်း ဖြစ်သွားမိတယ် ..၊ လူနာရှင်တွေထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှင် မပါပေမယ့် သူတို့မျက်နှာတွေက တင်းနေတာပဲ …၊ ကျွန်မကလည်း အရင်းမရှိ အဖျားမရှိ မေးခွန်းတွေ သွားမေးမိတာကိုး …၊ သူတို့ ကျွန်မကို ဒေါသတွေထွက်နေကြတာ သိသာတယ် …"

"လူနာရှင်က ဘယ်သူတွေလဲ …၊ ဒေါက်တာ မှတ်မိလား …"

"အင်း … မြင်ရင်တော့ သိမလား မသိဘူး … မသိလောက်တော့ဘူး ထင်ပါတယ် …၊ နှစ်တွေကလည်း ကြာခဲ့ပြီလေ … ကျွန်မ စမ်းသပ်ခဲ့တုန်းက သူ့မှာ တကယ်ကို မရှိခဲ့ပါဘူးရှင် … အဲ့ဒါကိုတော့ ယုံပါ …၊ ဒါပေမယ့် သူ ကလေးမွေးသွားတယ်ဆိုတာ ကျွန်မ မှားသွားခဲ့သလားဆိုပြီး တွေးမိတိုင်း စိတ်မကောင်းဖြစ်မိတယ် …"

ဒေါက်တာ ဖြူစင်လင်း ၏မျက်နှာမှာ တကယ် စိတ်မကောင်းဖြစ်နေမှန်း သိသာနေကာ …

"အဲဒီတုန်းက ရှင်ပြောခဲ့တယ်လေ … သူ့မှာ ကိုယ်ဝန်ရှိလို့ မဖြစ်ဘူး … ဂျင်းနံ ရှိနေတယ်ဆိုတာ …"

ပြောလိုက်ပြီးမှ အားနာသလို လေသံလေး ပျော့ကျသွားလျက်…

"သူ … သူ အခု ကျန်းမာရဲ့လား ဟင် … ကျွန်မ … ကျွန်မကြောင့်များ …"

"ခဏ …"

စိတ်ထဲမှာ တုန်ယင် လှုပ်ရှားရလွန်းသဖြင့် သျှင် ရုတ်တရက် စကားပြောဖို့ ခက်ခဲနေကာ …

"ခဏလောက် … ကျွန်တော် …"

နှုတ်ခမ်းတွေကို ပိတ်ကာ မျက်လုံးတွေ မှိတ်၍ စိတ်ကိုထိန်းချုပ်သည်။

ဒါ တကယ့်အဖြစ်ပဲ …၊ မင်း မယုံနိုင်ပေမယ့် ဒါ တကယ်ဖြစ်ခဲ့တာ … မင်း ယုံရမယ် …၊

မဖြစ်နိုင်ဘူးဆိုတာ သိသိကြီးနဲ့ပဲ ဖြစ်နိုင်တယ်လို့ သတ်မှတ်လိုက်





သည်။ ဒေါက်တာက သူမကို တားဆီးနေပြီး ဘာမှမပြောဘဲနေသည့် သူ့ကို ငေးကြည့်နေကာ …

"ကျွန်မ တကယ်ကို စိတ်မကောင်း ဖြစ်နေရပါတယ် … တောင်းပန်ပါတယ်ရှင် …"

"မဟုတ်ဘူး ဒေါက်တာ … အဲဒါကို ထားလိုက်ပြီး ကျွန်တော့်ကို တစ်ခုလောက် ကူညီပါ … သူ့ကို မွေးပေးတဲ့ ဒေါက်တာနဲ့ ကျွန်တော် တွေ့ချင်တယ် …"

"ဒေါက်တာ ဝင်းဝင်းသော် …"

သူမဘာသာ ရေရွတ်သလို နာမည်တစ်ခုကို ခေါ်လိုက်ရင်း ဒေါက်တာ့မျက်နှာမှာ အားနာ၍ စိတ်မကောင်းသောအကြည့်များ ဖြစ်လာခဲ့၏။

"ဖြစ်ရလေရှင် … ကျွန်မ အရမ်းကို ကူညီချင်ပါတယ်… ဒါပေမယ့် ဒေါက်တာက ဆုံးသွားပြီ …"

"ဗျာ!…"

"သူ ဆုံးသွားတာ ငါးနှစ်လောက် ရှိပြီ …"

"ဒါဆို ဦး ကို ဘယ်ဆေးရုံမှာ မွေးပေးခဲ့တာလဲ …"

"အဲဒါကလည်း …"

ဒေါက်တာက စကားတွေ ထစ်ငေါ့နေခဲ့လျက် သျှင် မျက်မှောင် ကြုတ်သွားတာ မြင်တော့ ပျာပျာသလဲ ဖြစ်သွားပြီး …

"ဒီလိုပါ …၊ ပြောရမှာ … ဟို … ကျွန်မလည်း သေချာမသိဘူး …"

"သူ့ကို ဒေါက်တာပဲ ဆေးရုံမှာ တွေ့တာဆို …"

"ဟုတ်တယ် … သူ ကလေးမီးဖွားပြီးတာကိုပဲ အဓိက မေးချင်တာ နဲ့ အလွယ်ပြောလိုက်တာပါ …၊ သူက ဆေးရုံမှာမွေးတာ မဟုတ်ဘူး … မွေးပြီးမှ ကျန်းမာရေးမကောင်းလို့ ဆေးရုံ လာတက်တာ …၊ ဒေါက်တာ ဝင်းဝင်းသော် နဲ့ အပ်ထားတာလေ …"



www.burmeseclassic.com

www.burmeseclassic.com



သျှင် ကျိုခနဲ အံကြိတ်သည်။ ဒါပေမယ့် ဒါဟာ မျှော်လင့်ချက်မဲ့သွားတာ မဟုတ်သေး ...။

"ဟုတ်ကဲ့ပါ .. ဒေါက်တာ သိသလောက်ကို ဆက်ပြောပြပါ.."

"ဒါနဲ့ တစ်ခုလောက် မေးပါရစေ .. ရှင်က ရှင့်မိန်းမနဲ့ အတူတူ မရှိခဲ့တာလား ...၊ အဲဒီတုန်းကလေ ..."

"ဟုတ်တယ် .. ကျွန်တော်က တခြားမှာ .."

"သြော် .. ကျွန်မက ကျွန်မကို မြင်သားနဲ့ တမင်ရှောင်ထွက်သွားတယ် ထင်နေတာ .."

"မဟုတ်ပါဘူး .. သူ့နားမှာ ကျွန်တော် မရှိခဲ့တာ .."

"ဟုတ်လား .. သူ့ကို ဂရုစိုက်နေကြတာတော့ လင်မယား နှစ်ယောက်ပဲ ထင်တယ် ...၊ ကျွန်မတို့ အသက်လောက်တွေပဲ .. အမျိုးသမီးက မျက်နှာကျပုံက မြန်မာနဲ့ သိပ်မတူဘူး ...၊ တော်တော်တော့ ကြည့်ကောင်းတယ် .. မာနကြီးပုံလည်း ပေါ်တယ် ...၊ ကျွန်မ စကားသွားပြောတာကို ဘာမှပြန်မပြောဘူး ...၊ ဒေါက်တာကလည်း မမေးမြန်းဖို့ မျက်ရိပ်ပြတာနဲ့ ကျွန်မ ဒီတိုင်းပဲ ရပ်ကြည့်နေခဲ့ရတာ .."

"ကျွန်တော် သေချာချင်တာက အဲဒီမိန်းကလေးက ဦးဆောက်ပန်း တကယ် ဟုတ်မဟုတ်ဆိုတာပဲ ...၊ ပြီးတော့ သူ ကလေးမွေးခဲ့တယ်ဆိုတာ .."

"အဲဒါကတော့ မသေချာဘဲ ပြောပါ့မလားရှင် .. ကလေးက ယောကျ်ားလေး .. ဖြူဖြူထွားထွားကြီးရယ် .. ဒါပေမယ့် မွေးလာတည်းက ငိုလည်း မငိုဘူး၊ နို့လည်း မသောက်ဘူးတဲ့၊ စမ်းသပ်စစ်ဆေးတော့လည်း ရောဂါ ရှာမတွေ့ဘူးတဲ့ ...၊ အဲဒါကြောင့် မီးဖွားပြီး ငါးရက်ကျမှ ဆေးရုံပြန်တက်ရတာ ...၊ ဦးဆောက်ပန်း ကတော့ ..."

"သူ ဘယ်လိုနေသလဲ ဒေါက်တာ .."

အလျှင်စလို မေးလိုက်သံကြောင့် ဒီလင်ဒီမယား ခုချိန်ထိ မဆုံကြ





သေးတာလားဆိုသော နားမလည်သည့်အကြည့်နှင့် ဒေါက်တာက ခေါင်းညိတ်သည်။

"သူ့ကျန်းမာရေးကတော့ စိုးရိမ်စရာ မရှိသေးဘူး ...၊ ဟို .. အဲဒီအချိန်မှာလေ ကျွန်မကတော့ ဂျင်းနီ ရှိနေတယ်ဆိုတာကိုပဲ အရမ်းစိုးရိမ်နေတာဆိုတော့ အခု ရှင့်ကိုတွေ့လို့ အဲဒါကိုမေးရင်းနဲ့ အနူးအညွတ် တောင်းပန်ဖို့ပါ .."

"ကျွန်တော်တို့လင်မယားချင်း အဲဒီနောက်ပိုင်းမှာ မဆုံဖြစ်ခဲ့တာ ဒီနေ့ထိပဲ .."

ပြောနေရတဲ့လူကိုတော့ လိတ်ပတ်လည်အောင် သိစေချင်သည်၊ ဒါမှ သူမ ဘယ်လောက်ထိ ပြောပြဖို့လိုသည်ကို တွေးမိပြီး ပြောလည်းပြောချင်လာမှာ ဖြစ်သည်။

အားလုံးကို အမှန်အတိုင်း ပြောလို့ မဖြစ်တာက ကိုယ့်အပိုင်း ...၊

"အဲဒါကြောင့် ကျွန်တော် သေချာသိချင်လို့ပါ .."

ဒေါက်တာသည် မျက်လုံးအဝိုင်းသားနှင့် ကြည့်နေရင်း စာနာဒိသည့်အမူအရာတွေလည်း ဖြစ်ကာ ခေါင်းတညိတ်ညိတ်ရှိကာ ...

"ရှင်တို့က ကွဲနေကြတာကိုး ...၊ ကျွန်မ စိတ်မကောင်းလိုက်တာရှင် .. ဒါပေမယ့် ကျွန်မလည်း ဒီထက် ပိုမပြောပြနိုင်တော့ဘူး ထင်တယ် ...၊ ရှင် ဘာသိချင်သေးလဲဟင် .."

"သူ ဘယ်မှာမွေးခဲ့တာလဲဆိုတာများ ဒေါက်တာ မေးကြည့်ခဲ့သေးလား .."

"ဟုတ်တယ် .. မေးကြည့်တယ် ဒေါက်တာ့ကိုလေ ...၊ အဲဒါကို ဒေါက်တာ ပြောတော့ တောမှာ မပြည့်မစုံနဲ့ မွေးလာတာတဲ့ ...၊ လူမှာရှင်တွေကြည့်ရတာ မိခင်နဲ့ ကလေးရဲ့ကျန်းမာရေးကြောင့်သာ ဆေးရုံကြီးကို ပို့လိုက်ကြတာပေမယ့် ဘာမေးမေး ဘာမှသိပ်မဖြေဘူးတဲ့ ...၊ သူ အဲဒီလို ပြောပြတာကလည်း ကျွန်မက ကိုယ့်အသိ ဖြစ်နေတော့



www.burmeseclassic.com

www.burmeseclassic.com



အတင်းလိုက် မေးနေလို့ပါ ..၊ ပြီးတော့ ..”

ပြီးတော့ဆိုပြီး ပြောစရာရှိတာကို စဉ်းစားနေသဖြင့် သျှင် စိတ်လှုပ်ရှားစွာ စောင့်နေမိသည်။

“မွေးလူနာကို အင်္ကျီလက်ရှည်ကြီး ဝတ်ပေးထားလို့ ဆရာဝန်ကြီးတွေက ဆူတယ်တဲ့ .. အဲဒါကို လုံးဝ ပေးမချွတ်ဘဲနဲ့ လူနာရှင် အမျိုးသမီးက ခပ်ရိုင်းရိုင်း ပြောတယ်တဲ့ ..”

“ဦး ပုံစံကို ဒေါက်တာ အကဲခတ်မိတယ်မို့လား .. သူ့ကျန်းမာရေးကို သေချာပြောပြပါဗျာ .. ပြီးတော့ သူ့ပုံစံ .. အဲ .. သူ့မျက်နှာနဲ့ မြင်နေရတဲ့ တချို့နေရာတွေမှာ ဟိုဗျာ .. မီးလောင် .. အဲ .. အပူလောင်ထားတဲ့ဒဏ်ရာမျိုးတွေ ဘာတွေ ရှိသလား ..၊ သူ ကျန်းမာရေးမကောင်းဘူးဆိုတာ ဘယ်လိုအခြေအနေမျိုးလဲ ..”

“အဲဒါထိ ကျွန်မ မသိတော့ဘူး .. သူ့မှာ ထူးခြားတာကတော့ ဆံပင်တွေ ပခုံးထိရှည်လေးပဲ ရှိတော့တယ်၊ ပြီးတော့ မျက်နှာကို ငုံ့ပဲ ငုံ့နေတာ .. စကားပြောတာတွေလည်း မတွေ့ဘူး၊ ကော်လံနဲ့ အင်္ကျီလက်ရှည်ဝတ်ထားတော့ ဒဏ်ရာဆိုတာလည်း ရုတ်တရက် မမြင်မိဘူးလေ..၊ သိလည်း မသိတော့ အမှတ်တမဲ့ပဲ ကြည့်မိတာကိုး..”

“ကျွန်တော့်ကို အဲဒီဆေးရုံကိုပဲ ပြောပြပါတော့ ..”

“ရှင် သွားရှာရင်လည်း သူနဲ့ပတ်သက်တာ အဲဒီမှာ ဘာမှရှိတော့မှာ မဟုတ်တော့ဘူး .. ဘာဖြစ်လို့လဲဆိုတော့ ဘာမေးမေး မဖြေလို့ သူ့ကို ပေးရှင့်စာရင်းမှာ မထည့်ခဲ့ဘူး ..၊ သူတို့ဘာသာ ဒေါက်တာငှားပြီး ပိုယ့်ဆေးကိုယ်ဝယ် ကုသွားကြတာ ..”

“အဲဒီ ဒေါက်တာ ဒေါ်ဝင်းဝင်းသော် ပေါ့ ..”

“ဟုတ်တယ် ..”

သူမက ဆုံးသွားပြီမို့ နောက်ထပ် ဘာမှ သိခွင့်ရတော့မှာ မဟုတ်ပါ။ ဒါပေမယ့် ဝမ်းသာကြည်နူးမိသည့်စိတ်ဟာ ကြားရသမျှတွေ အား





လုံးက ယုတ္တိမတန်ဘူးလို့ ထင်စရာရှိနေပေမယ့် ဒါ အမှန်ပဲလို့ ယုံကြည်နေခဲ့၏။

သူမကို သေဆုံးသွားပြီဖြစ်သည့် လူတစ်ယောက်အနေနဲ့ ဘယ်လိုမှ မမေ့ပျောက်နိုင်ခဲ့ခြင်းသည် သူမ ရှိနေသေးလို့ပါလားလို့ တွေး၍ အပျော်လွန်ပြီး ထခုန်လိုက်ချင်၏။ ဦး နဲ့ သူ စိတ်ချင်းဆက်သွယ်နေသလိုပါလား ..။

“ကျွန်မ ဒီထက် ပိုမပြောနိုင်တာကို စိတ်မကောင်းပါဘူး ..”

“ရပါပြီ .. အားလုံး ပြည့်စုံပါတယ် ..”

ချက်ချင်း ဝမ်းသာလှိုက်လှဲသည့်မျက်နှာ ဖြစ်သွားတာကို ဒေါက်တာက အံ့ဩနေ၏။ သျှင် က နှစ်ခြိုက်စွာ ပြုံးပြရင်း ...

“ကျွန်တော့်ဇနီးကို ပြန်ရှာဖို့အတွက် ကွင်းဆက်ပျောက်နေပေမယ့် သူ ရှိနေသေးတယ်ဆိုတာ သိရတဲ့အတွက် ဒေါက်တာ့ကို ကျေးဇူးတင်ပါတယ် ..”

“ရှင်!...”

တွေ့ခဲ့တာက လွန်ခဲ့သောနှစ်များစွာကပါ။ ကလေးမွေးဖွားခွင့်မရှိသော ရောဂါရှင်မိန်းမတစ်ယောက်က မွေးလည်းမွေးဖွားခဲ့ပြီးမှ ခုချိန်ထိ အသက်ရှင်နေနိုင်ပါ့မလား ..။

ပျော်ရွှင်သွားသည့်မျက်နှာကို ကြည့်၍ သူမ လိုက်မပျော်နိုင်ဘဲ ဘယ်လိုပြောရမှန်း မသိ ဖြစ်သွားသည်။

ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားကိုလည်း လက်မခံချင်သလိုပါ ..။

“ကျွန်မကတော့ ရှင်တို့ကွဲနေကြမှန်း တကယ်ကို မသိခဲ့တာပါ..၊ ပြောမိသမျှလည်း အမှားချည်းပဲ ဖြစ်နေခဲ့တော့ မတောင်းပန်ပါရစေနဲ့ရှင်..၊ ရပါတယ် ..၊ ပြီးတော့လေ .. ကျွန်မ တွေ့ခဲ့တဲ့ အမျိုးသမီးက ဦးဆောက်ပန်း ဆိုတာ သေချာပေမယ့် ..”



www.burmeseclassic.com

www.burmeseclassic.com



"ရပါပြီ .. ကျွန်တော် လိုချင်တာ အဲဒါပဲ ..၊ သူ ရှိနေသေးတယ် ဆိုတာလည်း ယုံတယ် .. သားကလည်း ကျွန်တော့်ရင်သွေးပဲ ..."

ရင်သွေးဆိုသည့်စကားကို ပြောရာမှာ ရင်ထဲမှာ လှိုက်ခနဲ ခါသွားသည်။ အသံတွေပါ တုန်သွားပြီထင်ကာ ကိုယ့်စကားကို အဆုံးမသတ်ရသေးဘဲ ရပ်ပစ်လိုက်၏။ ပင့်သက်ရှိုက်မိ၏။

သူ့ဘဝ သေဆုံးခဲ့သမျှ ဒီအချိန် ဒီနေရာမှစ၍ ရှင်သန်ခွင့်ရလာသည့်အတိုင်း ရင်ထဲမှာ ကြည်နူးခြင်းတွေနှင့် ပြည့်နှက် ကြည်လင်နေကာ ...

"ဒေါက်တာ့ကားကို ဒီ့ထက်မော်ဒယ်လ်မြင့်တဲ့ အသစ်တစ်စီးနဲ့ လဲပေးမယ် .."

"ရှင်!..."

"အရမ်းကို ကျေးဇူးတင်ပါတယ် .."

ပြန်မောင်းလာခဲ့သည့်ကားဟာ မြေပြင်မှာမဟုတ်ဘဲ ဝေဟင်မှာ ပေါ့ပါးမြူးထူးစွာ လွင့်ဝဲနေခဲ့သလား ..၊

မင်း ရှိနေသေးတယ်..၊ မင်း ကိုယ့်အတွက် ရှင်သန်နေသေးတယ်..၊

ကျေးဇူးတင်လိုက်တာ ဦး ရယ် .. အရာရာကို ကိုယ် ကျေးဇူးတင်တယ် ..၊ မင်းနဲ့ ကိုယ် ပြန်လည်ဆုံစည်းခဲ့ကြရင် အားလုံးကို ကိုယ် ကျေးဇူးတင်မိမှာ ..၊

ကားမောင်းနေရင်း မျက်ဝန်းမှာ မျက်ရည်ကြောင့် စိုစိုစွတ်စွတ်ဖြစ်လာခဲ့သည်။ သူ့ရဲ့တစ်သက်နဲ့တစ်ကိုယ် ဒုတိယမြောက် မျက်ရည်ဆရခြင်းဟာလည်း သူမအတွက်ပဲမို့ မျက်ရည်ကို ကဲ့ရဲ့ဖို့ မေ့နေခဲ့သည်။

မင်းကို သိပ်ချစ်တယ် ဦး ရယ် ..၊





အခန်း (၄၂)

"ဟုတ်တယ် .. ရှေ့နေကြီးကို ကျွန်တော် ယုံကြည်ပါတယ် ..၊ လိုအပ်တဲ့ စာရွက်စာတမ်းတွေ ကျွန်တော့်ဘက်က အားလုံး ပြနိုင်တယ် .."

"... ... ... ..."

"အိုခေ ဗျာ .."

ဖုန်းချပြီး ဒီဘက်လှည့်လိုက်သည်နှင့် တီလုံး က အဆင့်သင့် ရပ်စောင့်နေကာ ...

"အဲဒီခြံကိစ္စ အရမ်းရှုပ်ထွေးမယ် ထင်တယ် ဆရာ ..၊ အစ်မကို ရှာမယ်ဆိုရင်လည်း ရှာဖို့ကိစ္စကိုပဲ ကျွန်တော်တို့ လုပ်ကြရင်း ..."

"အရှုပ်တစ်ခုကို ဖြေဖို့အတွက် အစကို တန်းဆွဲလို့ မရဘူးကွ..၊ ရှုပ်နေတာကို ထပ်ဖွရတယ် .. ဘယ်လိုရှုပ်ထွေးနေသလဲဆိုတာ မြင်နိုင်အောင် ကြည့်ရတယ် ..၊ ငါ မင်းကိုခေါ်လိုက်တာ အဲဒါတွေ ဆွေးနွေးဖို့ မဟုတ်ဘူး .. ဦးသုရိန် ရဲ့ခြံကြီးနားမှာ မပြတ်စောင့်ကြည့်နေဖို့ မင်းစီစဉ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ .."

"ဒေါ်မေယု ကို ဘယ်သူတွေ ထိန်းချုပ်နေတာလဲဆိုတာ ပေါ်အောင် ဖော်ရမယ် ..၊ မင်းထက်မြတ်သော က သူ့ရဲ့ကောင်း ရဲ့သား ဆိုရင် ဒီခြံနဲ့ ဒေါ်မေယု ဆီမှာ အဝင်အထွက် မရှိတာ ဘာကြောင့်လဲ..၊ ယက္ခ ဆိုတာ အရင်က ပုံမှန်လာနေပြီး မင်း ရောက်သွားတဲ့နောက်ပိုင်းတွေမှာ မလာတော့တာ ဘာကြောင့်လဲ ..၊ ဒါတွေကိုကြည့်ရင် ငါတို့ရဲ့ လှုပ်ရှားမှုတွေကို သူတို့ သိနေတယ် .."

သျှင် စကားပြောနေသည့် မျက်နှာကို တီလုံး ငေးကြည့်နေမိသည်။

လူသာပိန်ကျသွားပြီး ဆံပင်တွေ ရှည်လာပေမယ့် ဆရာ ဘယ်တုန်းကမှ ပစ်စလက်ခတ်နေခဲ့ဖူးတာ မရှိပေ ..။

ဒီနေ့မှာတော့ မျက်နှာပြင်က ပို၍ ကြည်လင်လန်းဆန်းနေသလို ဟိုတုန်းက အဝတ်များခဲ့သော အနီရဲရဲဆွယ်တာလက်ရှည်နဲ့ ရှားညိုရောင်ရင့်ရင့် ကုတ်အကျီလက်စကကို ဝတ်ထားသဖြင့် ပို၍ ကြည့်ကောင်းသည်။

ကုတ်အကျီလက်ဖျားရဲ့အပြင်မှာ အနီရောင်ဆွယ်တာ၏လက်စ ပေါ်နေကာ ဖြူဝင်းသောမျက်နှာနှင့် ထင်းနေသော အကျီကာလာတွေက ကိုယ်မှာ ကွက်တိကွက်ကျား ပေါ်၏။

ဘောင်းဘီနဲ့ အပေါ်ထပ်တွေကို အနက်တွေပဲ အဝတ်များကာ အတွင်းခံအရောင်ရင့်ရင့်ရှူးစူးတွေ ဝတ်တတ်တာ ဟိုတုန်းက ပြည့်သျှင်ရဲ့ စတိုင်လ်ပဲ ဖြစ်သည်။

ဦးဆောက်ပန်း ရဲ့အသံကို ကြားလိုက်တာနှင့် ဆရာ ဘယ်လောက်ထိ ပြောင်းလဲသွားလဲဆိုတာ နာရီပိုင်း ရက်ပိုင်းလေးအတွင်းမှာပဲ သိသိသာသာပါ ..။

ဒီတိုင်းပဲဖြစ်စေချင်ခဲ့တာမို့ သူတို့လည်း ပျော်ကြပါ၏။



သို့သော် ဒါ တကယ်သာ မဟုတ်ခဲ့ဘူးဆိုလျှင် ...

"တီလုံး .."

"ဗျာ .. ဆရာ .."

"ပြောတာ ကြားလား .."

"ကြားပါတယ် ဆရာ .. ကျွန်တော်တို့ အရင်လူတွေကို တစ်ယောက်မှ မသုံးဘဲ လူသစ်တွေနဲ့ လှုပ်ရှားဖို့ပါ .."

ဒေါသရိပ်သမ်းနေသည့် ပြည့်သျှင် မျက်နှာ အင်တင်တင် ပြေကျ၏။

"ငါ စကားပြောရင် ရှော့ရိုက်နှိုးနေရတဲ့ လူသေရုပ် လုပ်မနေနဲ့ ..၊ ဘာလဲ .. မင်းက ငါ့ကို သနားနေတာလား .. ဦး တကယ် အသက်ရှင်မနေခဲ့ရင် ငါ ရူးပြီဆိုပြီးတော့ .."

တီလုံး ပါးစပ်ဟသွားမိပြီးမှ ကမန်းကတန်း ပြန်ပိတ်ရသည်။ သျှင် အဲဒီလို မျက်လုံးထဲကစာကို တန်းခနဲ ဖတ်နိုင်သူမှန်း သိလျက်နှင့် ရင်ဆိုင်လိုက်ရတိုင်းလည်း အံ့သြခဲ့ရတာ မရိုးနိုင် ..။

သျှင် က သူ့မျက်နှာကို ကြည့်၍ ဟွန့်ခနဲ မဲ့သည်။

"ငါ့ယုံကြည်ချက်က ငါ့ကို ဘယ်တော့မှ အရူးမလုပ်ခဲ့သေးဘူး တီလုံး ..၊ ငါ့အတွက်ကို ပူမနေနဲ့ .. တခြားလူအပေါ်မှာ ငါက လူကောင်းတစ်ယောက် ဟုတ်ချင်မှဟုတ်မယ် .. ဦး နဲ့ပတ်သက်သမျှ ငါ့မှာ မာယာ မရှိဘူး .. သူ့ကို ချစ်ခဲ့တာ ..၊ သူ သေသွားပေမယ့် ငါ ခံမနိုင်ခဲ့တာ .. သူကလွဲပြီး မိန်းမဆိုတာ မရှိတော့ဘူးလို့ ငါ ခံစားမိခဲ့တာ အားလုံးပဲ ..၊ အဲဒါတွေက သူ့အပေါ်မှာ ငါထားခဲ့တဲ့ သစ္စာ .."

"ဟုတ်ပါတယ် ဆရာ .. ဆရာ ယုံကြည်နေတာကို ကျွန်တော်တို့လည်း ယုံကြည်ပါတယ် ..၊ ဒါ မခိုင်လုံသေးတာကိုပဲ မချင့်မရဲ ဖြစ်မိတာ ..၊ ဒါကြောင့် အစ်မကိုရှာဖို့ တစ်ခုကိုပဲ ကျွန်တော်တို့ အရင်ဆုံး .."

www.burmeseclassic.com



"အဲဒီအရင်ဆုံးက ခြံကိစ္စကို အမှုဖွင့်လိုက်ဖို့ပဲ ..၊ ဒါမှ ခြံနဲ့ပတ်သက်နေတဲ့လူတွေ ထွက်လာမယ် ..၊ ဒေါ်ယုမေ က သူ့အသက်အရွယ်.. သူ့ကျန်းမာရေးအရ ဘယ်လိုမှ ထွက်လာနိုင်မှာ မဟုတ်တော့ ထွက်လာမယ့်လူတွေက .."

သျှင် စကားရပ်သွားသည် ..၊ တီလုံး က ဆတ်ခနဲ ခေါင်းညိတ်၏။

"ဟုတ်တယ် ဆရာ .. ဒီခြံကိုရောင်းဖို့ လုပ်ကြတာ သူရဲကောင်းရဲ့ လူတွေငဲ ..၊ အစ်မ ရှိနေသေးတာမှန်ရင် သူတို့နဲ့ တစ်ဝိုင်းတစ်စည်းတည်း ရှိနေမှာပါ .. ကျွန်တော်ကတော့ မင်းထက်မြတ်သော ကို ဆွဲထားပြီး သူ့အဒေါ်အကြောင်း မေးရင် ကောင်းမလားလို့တောင် စဉ်းစားနေတာ .."

"မလုပ်ရဘူး .."

"ဆရာ တားမှာပဲဆိုတာလည်း သိပါတယ် .. ဒါပေမယ့် သူရဲကောင်း ရဲ့သားဆိုတာလည်း သိနေတယ် .. ဒီချာတိတ်လေးကပဲ ဆရာကို စိန်ခေါ် တိုက်ခိုက်နေတာတော့ တော်တော် ခံရခက်နေတာ .."

"နောက်ထပ် ခံရခက်စရာ ရှိသေးတယ် .."

"ဗျာ!... ဆရာ ဘာပြောလိုက်တာလဲ .."

"ငါ ခန့်မှန်းမိသလောက်ဆိုရင် တာနော အဲဒီဘက်မှာ ရှိနေနိုင်တယ် .."

"ဘယ်လို!... ဆရာပြောတာ သူရဲကောင်း အုပ်စုထဲမှာ ဟုတ်လား.."

"ဟုတ်တယ် .. ဦး အသက်ရှင်နေသေးတဲ့အဖြစ်က ဒီကောင်နဲ့ လုံးဝ သက်ဆိုင်တယ် .."

"ဒါဆို နိုမိကို နဲ့ ငြိမိပြီး ကျွန်တော်တို့ကို ယစ္စာဖောက်သွားတဲ့ ကိစ္စကရော ..."





"ငါ ဘာမှမတွေးချင်လို့ ဖြစ်နိုင်တဲ့အစိတ်အပိုင်းတွေကို ဆက်စပ်ဖို့ မကြိုးစားဘဲ ဒီတိုင်း ပစ်ထားခဲ့တာ ..၊ ဒါပေမယ့် အခု ဒါတွေသိဖို့ လိုလာပြီ .."

သျှင် က ဆိုဖာမှာ ဝင်ထိုင်လိုက်ပြီး ဖုန်း တစ်ခါထပ်ခေါ်သည်။ ပြောပြီးမှ ပြန်ချထားလိုက်ကာ ...

"မီးထဲကို ဦး ခုန်ဆင်းသွားတယ် .. သူရဲကောင်း က နောက်တစ်ခါ ထပ်ဝင်သွားတယ် ..၊ အဲဒါတွေက ငါ့မျက်စိရှေ့မှာထင် ဖြစ်ခဲ့တာ.. ဒါပေမယ့် ..."

"ဆရာ မီးလောင်နေတဲ့နားကို ပြေးကပ်သွားတော့ အဆောက်အဦးကို ဖြိုချလိုက်တဲ့ထဲက မီးစစဉ်ပြီး ဆရာ သတိလစ်သွားတယ်လေ ..၊ ကျွန်တော်တို့လည်း ဆရာ့ဆီ ပြေးလာကြတာ .. မီးထဲကလူတွေကို ပြန်မကြည့်နိုင်ကြဘူး .."

သူရဲကောင်း ပြေးဝင်သွားတာမြင်သည်နှင့် နင့်သည်းသောချစ်ခြင်းကို က သျှင့် ရင်ထဲကို ကူးစက်လာခဲ့၏။

ဦး ကို သူ ဆုံးရှုံးမခံနိုင်ပါ ..၊

"ဟော့ သူရဲကောင်း ထွက်လာတဲ့ဘက်ကို သွားဖြိုချစမ်း .. ရေနိုင်အောင် ပက် .."

အော်ဟစ်အမိန့်ပေးကာ ဦး ဝင်သွားသည့်တံခါးဆီ သူ တအားပြေးသွားမိသည်။

ထိုစဉ် အုန်းခနဲပြိုကျသံသည် ဖြိုချလိုက်တာလား ..၊

မီးရှိန်ကြောင့် ပြိုကျတာလား မသိခဲ့ဘဲ အသံနှင့်အတူ သူ့ထံသို့ မီးစတစ်စ ရဲခနဲ ပြေးစင်လာသည်။

သတိလက်လွှတ်ပြေးနေတုန်းမို့ လက်နဲ့ ဖျတ်ခနဲ ပုတ်ချလိုက်ပေမယ့် နောက်ကျသွားခဲ့၏။ ပူပြင်းသော နာကျင်သွားခဲ့သော ရိုက်ခတ်မှုများနှင့် ထိုမီးစနဲ့အတူ သျှင် နောက်ပြန်လန်ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တီလုံး တို့ ပြေးထူကြတော့ ခေါင်းနောက်မှာပါ ဒဏ်ရာနှင့် သွေးချင်းချင်းနီနေကာ ရင်ဘတ်တစ်ခြမ်းနဲ့ လက်ဖျံမှာ မီးလောင် ဒဏ်ရာတွေ မနည်းဘူးလို့ ဆို၏။

"သူရဲကောင်း နဲ့ ဦး ရဲ့အလောင်းကို တာနော နဲ့ ချက်ကြီးတို့ ထုတ်လာကြတာမို့လား .."

"ဟုတ်တယ် ဆရာ .. သစ္စာဖောက်သွားတာလည်း ဒီနှစ်ကောင် ပဲ ..၊ ဒါဆိုရင် ..."

"မီးလောင်တာတွေ .. ဦး ကို ပြန်ထုတ်သွားတာတွေက ကြိုတင် စီစဉ်ထားတာတွေပဲ ..၊ သူရဲကောင်း က ရုပ် သိပ်မပျက်ဘဲနဲ့ သူ့ရင်ခွင် ထဲက ဦး ကို ဘယ်လိုမှ ရုပ်ဖမ်းမရခဲ့တာ တမင် ဖန်တီးခဲ့တာပဲ ..၊ နိုမီကို ငါ့ကို စပြီး စိန်ခေါ်နေတည်းက တာနော နဲ့ သူတို့ ချိတ်ရှိနေကြ တာ .."

"ဒါပေမယ့် နိုမီကို က လုံးဝ ပျောက်နေတာနော် ဆရာ .."

"သူ ရှိနေလိမ့်မယ် .. ငါတို့က မတွေ့တာ .."

"ဟုတ်မှာပါ .. ဆရာက ဘာကိုမှ ခေါင်းထဲ မထည့်တော့တာ ကိုး .."

တာနော ကို မတွေ့တွေ့အောင် ရှာရမယ် အမိန့်ထုတ်တာတောင် မှ နိုမီကို ကို သတ်ပါဆိုမှ မသတ်ဘဲ လူမိုက်အားပေး လုပ်သွားခဲ့တာကို ခွင့်မလွှတ်နိုင်တာကြောင့်သာ ..၊

"ဦးနေသူရိန်နဲ့ ဒေါ်ပန်းမြတ်မာလာ တို့ရဲ့ တိုက်ကြီး ခြံကြီးတွေ ဒီလောက် ထီးထီးမားမားရှိနေတာတောင် ဘယ်သူ့ကိုမှ အထင်အရှား မတွေ့ရတာ တော်တော် ထူးဆန်းတယ် .."

"မထူးဆန်းပါဘူး .. ငါတို့ကို အတွေ့မခံရဲတဲ့လူတွေက ငါတို့ သိနေတဲ့ လူတွေပေါ့ကွ .. တာနော နဲ့ နိုမီကို ကို အဲဒီအုပ်စုတွေထဲမှာ ရှိကို ရှိရမယ် ..၊ ဦး အသက်ရှင်နေတယ်ဆိုတာ ငါ ယုံတယ် .. အဲဒါ





ကြောင့် ဒီကိစ္စတွေကို ဖန်တီးနိုင်တဲ့လူက ငါ့ရဲ့အတွင်းလူပဲ ..၊ တာနော နဲ့ သူရဲကောင်း အုပ်စု ပတ်သက်နေတဲ့အဖြစ်က ဒါကြောင့် ခိုင်လုံနေ တာ .."

"ကျွန်တော့်ကို စိတ်မဆိုးပါနဲ့ ဆရာ .. တကယ်လို့များ အစ်မက အဲဒီတုန်းက တကယ်ရှိပေမယ့် .. အခု ..."

"ခုထိ သူ ရှိနေတယ် တီလုံး .. အဲ့ဒါ ငါ့အတွက်နဲ့ငါ ခိုင်လုံနေတာ မဟုတ်ဘူး .. သူရဲကောင်း ကို မွေးပြီးတော့ သူတို့ရဲ့အမေက ချက်ချင်း ဆုံးသွားတာ မဟုတ်ဘူး .. ဦး ကို ထပ်ရခဲ့သေးတယ် ..၊ ပြီးတော့လည်း နောက်ထပ် အသက်ရှင်နေသေးတယ် ..၊ ဦး ကိုသာ အသက်ရှင်လျက် ငါ ပြန်ရမယ်ဆိုရင် သူ ဘယ်လိုဘဝမျိုး ရောက်နေပါစေ .."

အချစ်သည် နွံနစ်သော ပတ္တမြားလိုလား ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၃)

"ညည်း ဘယ်လိုလုပ်နေတာလဲ မို ..၊ ကိုယ့်ကိုယ့်ကိုယ် ဘာလုပ်နေလဲဆိုတာ သိရဲ့လား .."

"သိတာပေါ့ မေမေရယ် .. မို က ရှေ့နေပဲ ..၊ ကိုယ့်အမှုသည်ဖြစ်လာရင် သူ့အတွက် အကျိုးဆောင်ပေးဖို့ ရပ်တည်ရမှာပဲ .."

"ဟဲ့ .. အဲဒီအမှုသည်က ညည်းအဖေကို သတ်ထားတဲ့ လူယုတ်မာ .."

မို့ မျက်နှာလေး တွန့်မဲ့သွားသည်။ တာဝန်နဲ့ ကိုယ်ရေးကိုယ်တာကို သူမ ရောထွေးမခံနိုင်ပါ ..။ ပြီးတော့ ဒီတာဝန်ကို ကိုယ့်ဆရာက လွှဲအပ်ခဲ့တာ ဖြစ်သည်။

အမြဲတမ်း ဆရာနဲ့သာ လက်တွဲဖြေရှင်းခဲ့ပေမယ့် ဒီအမှုနဲ့ပတ်သက်တာကို ဆရာက သူမကို လုံးဝလွှဲအပ်ခဲ့၏။

"ပြီးတော့ ညည်း စဉ်းစားကြည့်စမ်း .. အဲဒီခြံမြေ အရောင်းအဝယ်ကိစ္စတွေက ဟိုး တောင်ကြီးမှာ ဖြစ်ခဲ့တာတွေ ..ပြီးတော့ အဲဒါ သူ့ပေါ်တင်ကြီး လိမ်လိုက်တာ .. သူ့ရဲကောင်း က စာရွက်စာတမ်း အခိုင်အမာနဲ့ ဝယ်ပြီးခဲ့တဲ့ကိစ္စ .. အားလုံး သိပြီးသား .."





"အားလုံးသိတယ်ဆိုတာ ဥပဒေအတွက် အကျုံးဝင်တဲ့သက်သေ မဟုတ်ဘူး မေမေ .. ဒီခြံကို ပိုင်ရှင်က ဒစ်(စ်)ပို့ဇက်(စ်)အဖြစ် လျှော့ထားခဲ့တာ .."

"ညည်းတို့ဟာတွေ ငါ မသိဘူး .. အဲဒါ ဘာလဲ ..၊ ဘာအဖြစ်ပဲ လျှော့လျှော့ သူ့ခြံနဲ့တိုက်ကို သူ့ရဲကောင်း က တရားဝင် ဝယ်ခဲ့ပြီးသား .."

"သူတို့ဘက်က အဲဒါကို သက်သေအထောက်အထား ပြကြလိမ့်မယ် .."

"ဟဲ့ .. သူ့ရဲကောင်း မှ မရှိတော့တာ .. ဒီလူယုတ်မာက အဲ့ဒါကို အပိုင်ကိုင်ပြီး မတရားလုပ်တာ ..၊ ညည်း နားမလည်ဘူးလား .."

"တရားတာ မတရားတာတွေက စာရွက်စာတမ်းတွေပေါ်မှာ အရုပ်ထင်ကျန်ခဲ့တာ မဟုတ်ဘူး မေမေ .. ဥပဒေကတော့ သူတို့ ဘာတွေ သဘောတူဆုံးဖြတ်ပြီး ဘာတွေ မှတ်တမ်းတင်လက်မှတ်ထိုးခဲ့ကြတယ် ဆိုတာကိုပဲ အဆုံးအဖြတ်ပေးမှာ .."

"သဒ္ဒါပိုမို .. ညည်း ခေါင်းမာလှချေလား .."

"မေမေလည်း တော်ပါတော့ .. မို ကိုယ့်အလုပ်ကိုယ် ဖြောင့်အောင် လုပ်ပါရစေ .."

"မလုပ်ရဘူး .. ဒီလူယုတ်မာကို ဘယ်သူ ဘယ်လိုကူညီနေနေ ညည်း မကူညီရဘူး .."

"မို ကူညီမှာ မဟုတ်ဘူး .. ကိုယ့်အလုပ် ကိုယ်လုပ်မှာ .."

ဇွဲ မျက်နှာ ရှုံ့မဲ့မဲ့နှင့် နေရာမှ ထရပ်သည်။

ပြီးတော့ နှစ်ဖက်စလုံးကို ကြည့်ပြီးမှ မိခင်ဖြစ်သူကို ပြန်ငုံ့ကြည့်၍ ...

"ဦးပြည့်သျှင် ဆိုတဲ့လူကြီးက ဘာသံမှမထွက်ဘူး .. ကျွန်တော်တို့ ရှုပ်းပဲ ဗိုက်နေ တိုက်နေကြတာ .. တွေးကြည့်ရင် အရှုံးလိုပဲ..၊ ဦးအောင်



www.burmeseclassic.com

www.burmeseclassic.com



သော် ဆိုတဲ့ လူကြီးက သူ့ဆရာဘက်က မှန်း .. ကျွန်တော်တို့က ဖေဖေ့ဘက်က .. ဦးသူရဲကောင်း ဘက်က ..၊ မေမေပဲ တွေးကြည့် .. တကယ့် ကာယကံရှင်တွေက ဘယ်မှာလဲ .."

"ဘာပြောတယ် စွဲ .."

ဒေါ်သဲမာ ဆတ်ခနဲ ထရပ်သည်။ ဆုံးသွားခဲ့သော ခင်ပွန်းသည် ဖြစ်သူအတွက် ခံပြင်းစိတ်က ကိုယ့်သားသမီးတွေမို့ ပို၍ နာကျင်စေကာ ...

"သန်းမြတ်ဇော် ရဲ့ သားနဲ့ သမီးက ပြောကြတဲ့စကားတွေပေါ့.. ဟုတ်လား .."

"မေမေရယ် .. ကျွန်တော်ပြောတာက ဖေဖေ့အတွက် မနာကျင်လို့ မဟုတ်ပါဘူး .. အခု မမကို ပြောနေတာကလည်း ..."

"ငါ နားမလည်ဘူး .. ဒါ မတရားလုပ်တဲ့ကိစ္စ ..."

"အဲဒါကို သူတို့ ဖြေရှင်းကြလိမ့်မယ်လေ မေမေရာ .. ထားလိုက်ပါတော့ .. မမမို ကလည်း သူ ပထမဆုံးကိုင်ရတဲ့ ကေ့စ်အတွက် အများကြီး ကြိုးစားနေရပါတာ .. ဘယ်လိုလုပ် လက်လွှတ်ခံချင်ပါ့မလဲ ..၊ ဆင့်လည်း မရှိတော့ပါဘူး .. ဦးပြည့်သျှင် နဲ့ ဦးအောင်သော် တို့ဘက်က ကျွန်တော် လိုက်ပြောနေစရာလည်း ဘာအကြောင်းမှ မရှိဘူး ..၊ အခု ရှင်းရမယ့်ကိစ္စက ဖေဖေနဲ့ ငြိခဲ့တဲ့အပိုင်းမှ မဟုတ်ဘဲ .."

"ငါ့ကို မင်းတို့ မိကျောင်းမင်း ရေခင်းမပြနဲ့ .. သူရဲကောင်း က မင်းတို့အဖေကိုရော .. အခု ငါတို့မိသားစု ရပ်တည်နေနိုင်တဲ့ အခြေအနေ အဆုံး .. ငါတို့အပေါ်မှာ ကျေးဇူးရှိခဲ့တဲ့လူ..၊ သူ့လက်နဲ့ ရေးခဲ့တာကို ခြေနဲ့ ဖျက်မယ့်ကိစ္စ ..၊ မဆိုင်သလို နေရင်တောင်မှ ဘာမှ ပါဝင်ကူညီဖို့ မလိုဘူး .. ဒီလိုလုပ်ခွင့်လည်း မဖြစ်နိုင်ဘူး .."

အမှုက ရင်မဆိုင်ရသေးဘဲ ကိုယ့်မိသားစုထဲမှာပဲ စစ်တိုက်နေရသဖြင့် မို စိတ်ညစ်ကာ ကိုယ့်အခန်းထဲ ပြန်ဝင်ရင်း ဗုန်းဗုန်းလဲသလို





ထိုင်ချလိုက်မိသည်။

သိပ်မကြာခင်မှာ စွဲ က လိုက်ဝင်လာပြီး စားပွဲစွန်းမှာ တင်ပါးခံ မှီရပ်၍ ...

"မမမို က ဦးပြည့်သျှင် နဲ့ တွေ့ပြီးပြီလား .."

"တွေ့ပြီးပြီ .. ဆရာရောပဲ .."

"အဲဒီလူကြီးက ဘယ်လိုမျိုးလဲ .."

စွဲ မေးလိုက်တော့ သော ကို ကွက်ခနဲ မြင်၏။

"ဘယ်လိုပြောရမှန်းတောင် မသိပါဘူး .. မျက်မှောင်ကုတ်ကြည့်ပုံတွေ .. လှမ်းသွားပုံတွေ .. ဘယ်လိုပြောရမလဲ ..၊ သူ့ကို မြင်လိုက်တာနဲ့ တစ်ယောက်ယောက်နဲ့ တူလိုက်တာလို့ တန်းပြီး တွေးမိသွားတယ် .."

"ဘယ်သူနဲ့လဲ .."

"သော .."

စွဲ မျက်ခုံးမြင့်တက်သွားသည်။

သူတို့မှာ ကိုယ့်မိဘရဲ့ ရန်သူတော်ကြီးလို့ သတ်မှတ်ထားခဲ့ပါလျက်နှင့် ဦးပြည့်သျှင် ကို တစ်ခါမှ မျက်နှာချင်းဆိုင် သေချာ မမြင်ဖူးခဲ့ကြ ..။

မေမေကတော့ တဖွဖွ ပြောနေခဲ့သည်။

"သင်းက အားလုံးကို ဒုက္ခလှလှကြီး ပေးပြီးပြီကိုး .. ကျေနပ်အားရစွာ ခံစားနေပြီပေါ့ .. ခံလိုက်ရတဲ့လူတွေမှာတော့ ဘယ်လိုလုပ် မေ့လို့ ရနိုင်မှာလဲ" တဲ့ ..။

"မမကို ဦးသန်းမြတ်ဇော် သမီးဆိုတာ သူ သိမှာပါ ..၊ စကား ပြောတော့ ဘယ်လိုနေလဲ .."

"ဆရာကတစ်ဆင့် ကြည့်တာ ပြောတာပဲ ရှိတာ ..၊ သူနဲ့ သိပ် မပြောဖြစ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"မမ ဒီအမှုကို ကိုင်တော့မယ်ဆိုရင် သူနဲ့ တွေ့ရ ပြောရမှာပဲ…"

"ဒါပေမယ့် ဒဏ်ရာတွေ မပါအောင် ငါ သတိထား ပြောမှာပါ…၊ သူကတော့ မသိချင်ယောင်ဆောင်တာလား … ဂရုမစိုက်တာလား မသိဘူး …၊ မျက်နှာကတော့ တစ်လောကလုံး သူ့ခြေထောက်အောက်မှာပဲ ရှိနေသလိုလို …"

"သော နဲ့ တူတယ်ဆိုတော့ ဒီပုံစံပဲ နေမှာပေါ့ …၊ ဒါနဲ့ သူတို့က ဘာဖြစ်လို့ ပုံစံတူနေတာလဲ မသိဘူး …၊ တကယ့်ကို မတူသင့်တဲ့ ငြိုးသူ ရန်ဘက်တွေ …"

မို က ဖက်လုံးကို ရင်ခွင်ထဲမှာ ဆွဲယူလိုက်ပြီး ခေါင်းအုံးပေါ်မှာ တစောင်းလေး လှဲချလိုက်ကာ …

"ဖေဖေနဲ့ပတ်သက်ခဲ့တဲ့ အတိတ်ကအကြောင်းတွေကို ငါ လှန်လှောပြီးပြီ စွဲ … ငြိမ်တယ်ဆိုကတည်းက နှစ်ဖက်စလုံးမှာ ချိတ်တွေနဲ့ပဲ …"

"ဘယ်လို!…"

စွဲ အံ့သြသွားပေမယ့် မို က စွဲ ကို မကြည့်ဘဲ မျက်နှာကြက်ကို ငေးနေရင်း …

"ငါတို့အဘိုးကြောင့် ဦးပြည့်သျှင် ရဲ့အဖေ ထောင်ကျသွားခဲ့တယ် … ဦးပြည့်သျှင် က လေလွင့်သွားပြီး အမေက သေတယ် … သူ့ အစ်မတွေကလည်း သေကုန်ကြတယ် …၊ သူ အထီးကျန် ဖြစ်ကျန်ခဲ့တဲ့ အချိန်ထိ သူ့ရဲ့မိသားစုတွေ ဆုံးရှုံးပျက်စီးခဲ့သမျှက ဖေဖေနဲ့ရော … ဦးသူရဲကောင်း နဲ့ပါ ပတ်သက်နေခဲ့တာ …"

"ဟင်!…"

မို ကတော့ ရှေ့နေပီပီ ရှုပ်ထွေးနေတာမှန်သမျှကို စိတ်ဝင်စားသည်။ ကိုယ်နဲ့ပတ်သက်ဖို့ ရှိလာတော့ အားလုံးကို ရနိုင်သမျှ နှိုက်ချွတ်စုံစမ်းခဲ့၏။





အတိတ်ကို သူမ အတော်များများ လှန်လှောနိုင်ခဲ့သည်။ နောက်ဆုံး ဦးပြည့်သျှင် ကို ဖေဖေက ပြန်ပြီး ခြိမ်းခြောက်နိုင်ခဲ့တဲ့အထိ …၊

"မမ သိတာတွေ တကယ်လား …"

"တကယ့်အဖြစ်တွေပဲ စွဲ … ဦးပြည့်သျှင် က သူ့အဖေအတွက် ကုမ္ပဏီတစ်ခုလုံးကို ငြိုးခဲ့တာ …၊ သူ့ရဲ့ငြိုးချက်ထဲမှာ လူကို ဒုက္ခပေးဖို့ မပါဘူး … ကုမ္ပဏီကို ရအောင်ပြန်ယူပြီး အစိပ်စိပ်အမွှာမွှာ ပြိုကွဲသွားအောင် လုပ်ပစ်ဖို့ပဲ …၊ သူ့အဖေပိုင်ခဲ့တဲ့ ကုမ္ပဏီ … သူ့အဖေကို ဘဝပျက်စေခဲ့တဲ့ ကုမ္ပဏီ … သူ အစွဲအလမ်းကြီးနေတာ အဲဒါပဲ …"

"ဒါဆို အဘိုးကိုတော့ မငြိုးဘဲ နေမှာတဲ့လား …"

"သူ ပြန်လာတဲ့အချိန်မှာ အဘိုးလည်း မရှိတော့ဘူး"

"ဖေဖေ ရှိနေတာလည်း သူက ခွင့်လွှတ်တာပဲတဲ့လား …"

"ကုမ္ပဏီက ရှယ်ယာတွေ သူ အားလုံး ရခဲ့တယ် …၊ ဖေဖေ တင်ယောက်ပဲ တင်းခံနေတာလေ … ဦးသူရဲကောင်း က ကူညီတော့ ဖေဖေက သူ့ကို စိန်ခေါ်တယ် …၊ အဲဒါတွေကတော့ ဖေဖေ့ဒိုင်ယာရီထဲမှာ ဖတ်ရတာပါ …၊ ဟိုတုန်းက နာမည်ပျက်ရှိခဲ့တဲ့ ဦးပြည့်သျှင် ရဲ့အဖေကို ဖော်ထုတ်ပြီး ဦးပြည့်သျှင် သိက္ခာကျ မျက်နှာမဖော်ဝံ့အောင် လုပ်ဖို့ ဖေဖေက စပြီး စိန်ခေါ်တာ …"

စွဲ မျက်နှာငယ်သွားသည်။ မို ကလည်း မော့ငေးနေသည့် မျက်တောင်ဖျားလေးတွေ စိုက်ကျသွားကာ လှဲနေရာမှ ထထိုင်ပြန်၏။ ပြီးမှဆက်၍ …

"မေမေကတော့ ဖေဖေ သေရတဲ့အဖြစ်ကိုပဲ တစ်ယူသန် စွဲနေခဲ့တာ…၊ ဒါပေမယ့် ငါတို့က လူကြီးတွေရဲ့ တစ်ယူသန်စွဲကို ဆက်လက်ထမ်းပိုးပြီး အားဆွဲ တုတ်ဆွဲ ထွက်သင့်သလား… နင် စဉ်းစားကြည့်စမ်း…"

စွဲ က ငိုင်နေ၏။

"ကျေနပ်မပေးနိုင်ရင်တောင် အဖြစ်မှန်ရှိခဲ့တာကို လက်ခံရမယ်…



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် အပြစ်ရှိထားတဲ့လူဟာ ကာကွယ်ဖို့ ကြိုးစားတာပဲ ဖွဲ့ ..၊ ဦးပြည့်သျှင် ကို ငါ မြင်တော့ သူ အရှုံးကို တည်ငြိမ်နေတာ တွေ့ရတယ်၊ ပြီးတော့ သူ့မာနတွေ သူ့မျက်နှာမှာ အပြည့်ပဲ ..၊ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး .."

"ဒါကတော့ ဒီလူကြီးနဲ့ တွေ့တဲ့လူတိုင်း သူ့ရှေ့ရောက်သွားရင် တပည့်ခံရတော့မလိုလို .. ဆွဲ့အသွားသလိုလို .. မပြောတတ် မဆိုတတ်တွေ ဖြစ်ကုန်ကြတာပဲလို့ ပြောကြတဲ့စကားတွေ ရှိတာပဲ ..၊ ဘာဖြစ်ဖြစ် မမရာ .. 'ငါ့စကား နွားရ' ပြောတတ်တဲ့လူတွေက ပြိုင်ပြောရင် အနိုင်ရကြတာပဲ .."

"ငါက သူ့ကို အထင်ကြီးစိတ်နဲ့ အကောင်းမြင်နေတာ မဟုတ်ဘူး ..၊ ရှေ့နေရဲ့ပညာရပ်ထဲမှာ လူကဲခတ်တတ်ခြင်းလည်း အရေးကြီးတာပဲ .. အထူးသဖြင့် ကိုယ့်အမှုသည်က မဟုတ်မမှန် ဖွဲ့ဆိုတာလား..၊ မမှန်ကန်တဲ့သက်သေတွေနဲ့ ခုခံမှာလား .. အဲဒါကို အရင်ဆုံး ကိုယ်က သိရတယ် ..၊ အဲဒီအခါကျတော့ မှန်တာဖြစ်ဖြစ် .. မမှန်တာဖြစ်ဖြစ် ကိုယ့်ရဲ့အကျိုးဆောင်ရှေ့နေကို အားလုံး ဖွင့်ပြော တိုင်ပင်သင့်တဲ့ အကြောင်း ပြန်စည်းရုံးရပြန်ရော .."

"အခု ဒီအမှုက ဘာလဲ .."

"ဦးပြည့်သျှင် ဘက်က လျှောက်ထားချက်တွေ ကောင်းတယ်..၊ သူ အားလုံးကို ပြည့်စုံအောင် ပြင်ဆင်ပြီးမှ ဒီအမှုကို စဖွင့်တာ .."

"ဒါဆို ဦးသူရဲကောင်း ဝယ်ထားခဲ့တယ် ဆိုတာကရော .."

"မသိဘူး .. ဦးပြည့်သျှင် ရဲ့ အချိန် .. နေရာနဲ့ သက်ရှိထင်ရှား အထောက်အထားတွေအရဆိုရင် ဒါကို ပြန်ပြီး ခုခံလျှောက်လဲဖို့ ဦးသူရဲကောင်း ဘက်က တော်တော် ကြိုးစားရမှာပဲ ..၊ ဘာဖြစ်လို့လဲဆိုတော့ ဦးသူရဲကောင်း အပါအဝင် သက်ရှိထင်ရှားနေထိုင်ဆဲ ခုခံပိုင်ခွင့်ရှိသူ သူတို့ဘက်မှာ မရှိဘူး .."



အခန်းအပြင်မှာ တိတ်ဆိတ်စွာ ရပ်စောင့်ပြီး နားထောင်နေခဲ့သည့် ဒေါ်သဲမာ သည် လက်သီးနှစ်ဖက် ဆုပ်ထားရင် အံကြိတ်၏။

ဒီအမှု ဘယ်အခြေအနေဆိုတာ သူမ မသိပေမယ့် အတိတ်က ဘယ်လိုဖြစ်ခဲ့ကြတယ်ဆိုတာတော့ သူမ သိခဲ့လေသည်။

ဘာပဲဖြစ်ဖြစ် ကိုယ့်ယောက်ျားကို သတ်ပစ်ခဲ့သည့် တရားခံဟာ ပြည့်သျှင် ဆိုသူပဲ ဖြစ်သည်။

ကိုယ်မွေးထားပြီး ကိုယ့်စိတ်နဲ့ ဘာကြောင့် တစ်ထပ်တည်း မကျခဲ့တာလဲ ..၊

ခုခေတ်လူငယ်တွေအားလုံးပဲ တော်နေ ထက်နေကြပြီး လူကြီးတွေ တကယ်ပဲ တုံးကျို ကျန်ခဲ့ကြပြီလား ..။

ဒီမေးခွန်းကို မကြာခဏ မေးဖြစ်ခဲ့ပေမယ့် ဘယ်တော့မှလည်း အဖြေက မရှိ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၄)

"မဒါ ကျွန်တော့်ကို ဘာဖြစ်လို့ စွပ်စွဲတာလဲ .."

"ဘာဖြစ်လို့လဲဆိုတော့ မင်းက ငါ့ကို လေစိမ်းတိုက်နေတဲ့လူလေ ..၊ ဒီရက်ပိုင်းမှာရော မင်း ငါ့နားမှာ ရှိခဲ့သလား ..၊ အခု ဒီထဲမှာ မင်း ရောက်နေတယ် .."

"အဲဒါနဲ့ပဲ ကျွန်တော်က စာချုပ်စာတမ်းတွေ ခိုးထားတယ်ပေါ့"

"မင်းကို ငါက မေးရုံပဲ ရှိသေးတယ် ကိုခ .. မင်းက ငါ့ထက်လည်း လာဘ်မြင်ပါတယ် ..၊ အဲဒါကြောင့် ကြိုသိပြီး ကြိုတင်သိမ်းဆည်းထားခဲ့ရင် ငါတို့ အတူတိုင်ပင်ပြီး ရှေ့ဆက်ကြဖို့ ပြောနေတာ .."

"စကားတွေ လှအောင် ပြောမနေပါနဲ့တော့ .. အဘွားဆီက စာရွက်စာတမ်းတွေကို ကျွန်တော် ယူထားတယ်လို့ မဒါ စွပ်စွဲပြီးပါပြီ.."

"အေးကွာ .. ဟုတ်တယ်ပဲ ထားလိုက် ..၊ အခု ပြည့်သျှင် က သူ့ခိုးက လှုလှု ဟစ်နေပြီ .. ဒါတွေမရှိရင် ငါတို့ ဘာမှ အဖတ်ဆယ်ရတော့မှာ မဟုတ်ဘူး .."

"ဟုတ်တယ် .. ပြန်မရနိုင်တော့မယ့်အပြင် အိမ်ကိုရောင်းဖို့ ထုတ်ဖို့ ကြိုးစားမှုနဲ့ ပြန်ထောင် တရားစွဲခံရမလားပဲ .. ဒါပေမယ့် ဒီစာရွက်တွေနဲ့ မဒါ ရှေ့ထွက်မှာလား .."





ဘဒ္ဒါ ငိုင်သွားသည်။

"သူ့ရဲ့ကောင်း က ဦးဆောက်ပန်း နာမည်နဲ့ ဝယ်ခဲ့တာ ..၊ အဲဒါကြောင့် ဒီနာမည်နဲ့ စာချုပ်ကို မပျောက်ပျက်ဖို့ ပြည့်သျှင် က အရောင်းအဝယ်မဖြစ်အောင် လိုက်တားတယ် ..၊ မဒါ ကို ကျွန်တော် အစောကြီးကတည်းက တားခဲ့တာပဲ ..၊ အဲဒီခြံနဲ့ တိုက်ကို ထားလိုက်ပါတော့လို့.."

"ငါ့အတွက် ငွေလိုတယ်လေ .. ဟိုအဘွားကြီးက ငါလိုတဲ့ ငွေကို ပေးလို့လား .."

"အခုရော မဒါ လိုချင်တာတွေ ရခဲ့လို့လား ပြောပါဦး .. ပြည့်သျှင် ဆိုတဲ့လူက သူ ဘာလုပ်လုပ် ပြီးဆုံးအောင် လုပ်တယ် ..၊ ဖြစ်ချင်တာကို ဖြစ်ပြီးမှ အဆုံးသတ်တဲ့သူ ..၊ ကျွန်တော်တို့ဘက်က မပြည့်စုံ မခိုင်လုံသေးဘဲ ဘာမှ သွားမစနဲ့ဦးဆိုတဲ့စကား ကျွန်တော် အထပ်ထပ် ပြောနေတာကို မဒါ နားမထောင်ဘူး .."

"ယက္ခ.. ငါ မင်းနဲ့ မျက်နှာချင်းဆိုင်လိုက်ရတိုင်း ပြည့်သျှင် ရဲ့ ကောင်းခြင်းအဖြာဖြာတွေပဲ ကြားနေရတာ အားလုံး အလွတ်ရနေပြီ.."

ယက္ခ က ခံရခက်ဖွယ် မဲ့ပြုံးကြီးနှင့် ခေါင်းခါနေ၏။ ဘဒ္ဒါ နှုတ်ခမ်းကိုဖိကိုက်ရင်း စောင့်ကြည့်နေမိသည်။ အဘွားကြီးက မမြင်စမ်းနဲ့ ဘာမှန်းညာမှန်း သိတာ ဟုတ် ..။

ဒီမှာ သင်းပဲ အမြဲတမ်း ဝင်ထွက်နေတာ ..၊ အဘွားကြီး ဘယ်မှာဖွက်ထားထား ရှာဖွေခိုးယူလို့ မရဘဲ နေမလား .. ဒီကိုဒေါင်စုတ်လေးက ဘယ်လောက်ကျယ်လို့လဲ ..။

"မင်း မယူပါဘူးဆိုတာ သေချာရင်တော့ ငါ ဟိုအဘွားကြီးကို ရရအောင် မေးရမှာပဲ ကိုခ .."

ဘဒ္ဒါ ရဲ့ အခေါ်အပြောတွေက နူးညံ့မလို ဖြစ်သွားလိုက် .. ဟာလိုက်နှင့် မညီညာ ..၊

"ဒီအဘွားကြီးကို ငါ အစတည်းက မသင်္ကာတာ ..၊ ငါတို့ပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မရှိးသားတာ လုံးဝ သေချာတယ် ..."

"ဟုတ်တယ်လေ .. အစတည်းက သိခဲ့သားပဲ .. ဒါပေမယ့် ကျွန်တော်တို့ကလည်း လူကောင်းမှ မဟုတ်ဘဲ ..၊ သူ့ဆီက မျှော်ကိုးစရာရှိလို့ အပျော့ဆွဲ ဆွဲနေခဲ့ကြတာ .. ခုလည်း မဒါ သူ့ကို အကြမ်းနည်းသုံးလို့ မရနိုင်ဘူး .."

"ဘာလို့ မရရမှာလဲ .."

"သူ ကျွန်တော်တို့ကို သံသယဝင်နေပြီ .."

"ဘာကိုလဲ .."

"သော နဲ့ လုံးဝ ပေးမတွေ့တာကို ဖြစ်မှာပေါ့ .. ပြီးတော့ မဒါက အချိုးပြောင်းသွားတာ လုံးဝ သိသာတယ် ..၊ ကျွန်တော် ဘယ်လောက်ပဲ ကောင်းပါစေ သူက မဒါ ကိုပဲ မြေးချွေးမလို သဘောထားပြီး ခင်တွယ်ခဲ့တာ ..၊ သူ့ရဲ့မြစ်လေးကို ခေါ်လာနိုးနိုးနဲ့ မျှော်လင့်တောင်းဆိုရင်း သူ့အသက်ကို မွေးမြူနေတဲ့သူ .."

"အလကား အပိုတွေ လုပ်နေတာ ယက္ခ .. သူ့ရဲ့ကောင်း နဲ့ သွေးသားတော်တဲ့သူ ဘယ်သူရှိလို့လဲ ..၊ ဘာမှ တော်စပ်တာ မဟုတ်ဘဲနဲ့ ဒီလောက် သည်းသည်းလှုပ်နေတာ လုံးဝ အဓိပ္ပာယ်မရှိဘူး .."

"မဒါ ကိုယ်တိုင်က မတွယ်တာတာတ်လို့ပါ .. အဘွားက သူ့ရဲ့ကောင်း တို့နဲ့ ဘာမှမပတ်သက်ပေမယ့် အခု သူ့လက်ထဲမှာ သူ့ရဲ့ကောင်းတို့ရဲ့ပစ္စည်း တချို့တစ်ဝက်တော့ ရှိနေတယ် ..၊ တောင်ကြီးက တိုက်နဲ့ မြေကို ဝယ်ထားတဲ့ စာချုပ်စာတမ်းတွေလည်း သူ့ကိုပဲ အပ်ထားခဲ့တာ.."

"ဟုတ်တယ်လေ .. အဲဒီလုပ်ပိုင်ခွင့်တွေ သူ့မှာရှိနေလို့လည်း မချစ်ပေမယ့် အောင့်ကာနမ်း လုပ်နေတာပေါ့ .. သူကတော့ ငါ့ကို ဂရုစိုက်စရာလို့ကို မမြင်တာ .. မင်း တွေးကြည့် .."

"မဒါ .."

"ဖယ် .."





ဘဒ္ဒါ က ဘယ်လိုမှ မထင်မှတ်အောင် မြန်ဆန်သည့်ခြေလှမ်းတို့နှင့် တိုက်ပုလေးဘက်ကို လျှောက်ထွက်သွားသည်။ ယက္ခ ပြေးလိုက်ခလို့ ခြေလှမ်းပြင်ပြီးမှ ခေါင်းတယမ်းယမ်းနှင့် ကျန်ရစ်၏။

ပြီးတော့မှ လျှောက်လိုက်လာခဲ့လျှင် သူ ထင်ထားသည့်အတိုင်း ဘဒ္ဒါ ပေါက်ကွဲနေပြီဖြစ်ကာ ...

"ဘယ်လိုပြောလိုက်တာလဲအေ .. ငါ့မှာရှိသမျှကိုတောင် ဘာမှချန်ဖွတ်မထားဘဲ ညည်းကို ပေးခဲ့တာလေ ..၊ ငါ ဘာမှမသိတဲ့ ဒီ စာချုပ်စာတမ်းတွေကိုကျမှ ဘာဖြစ်လို့ ဖွက်ထားရမှာလဲ .."

"အဘွားက အဘွားမြေးကိုပဲ တွေ့ချင်နေတာလေ ..၊ လူကြီးတွေ ဘယ်လို ကတ်ဖွဲ့သတ်ကြသလဲ ကျွန်မ မသိဘူး ..၊ အဘွားကတော့ အကယ့်ပညာရှိပဲ .."

"ဖြစ်ရလေအေ .."

"ဟုတ်တယ်.. ရှုးသလိုကြောင်သလို ဟန်ဆောင်လိုက် ..၊ အားလုံး ဘာမှမသိတာ မရှိဘူး ဖြစ်နေလိုက် .."

"ဒါဒါ .. ဒါဒါ .. ညည်း ဒီစကားတွေ ပြောလာတယ် ဟုတ်လား..၊ ပြောရက်လိုက်တာအေ .. ဟီး .. ဟီး ..."

ဒေါ်မေယု အသက်အရွယ်ကြီးရင့်လာသည့်အလျောက် ငိုချင်ပြီဆိုအော်ငိုတတ်တာလည်း ထိန်းလို့ မရတော့ပေ ..၊ မျက်ရည်စို့ရွှဲလာသည့်အခါ တွန့်ရှုံ့လှုပ်ခတ်နေသည့် ပါးပြင်ကျယ်ကြီးတွေက ဇရာ၏ပြယုဂ်အဖြစ် ထင်ရှားလာကြ၏။

"ငါ့ကို ငါ ထိန်းကျောင်းခဲ့တဲ့ ကလေးတွေကတောင် ခံမပြောရဲကြဘူး ..၊ ဟီး .. ဟီး .. ငါ့ကို ဟန်ဆောင်တယ်တဲ့ .. တစ်သက်လုံးအေးရိုးသားသားနေလာခဲ့တာကို ပြောရက်လိုက်တာ .."

"ကဲ .. တော်ပါတော့ အဘွားရယ် .. ဆေးလူကြားရင် ကျွန်မကပဲ နှိပ်စက် နှိပ်စက်နေသလိုလို .."

www.burmeseclassic.com

www.burmeseclassic.com



- ဒေါ်မေယု ငိုသံ တိခနဲ တိတ်သွားသည်။ ပြီးတော့ ဆတ်ခနဲ မော့လာကာ ...

"ဘယ်လို!... ငါ့ကို .. ဟုတ်လား ..၊ ဒီလိုမျိုးစကားတွေ ညည်း ပြောထွက်တယ် .."

"ဟာ!... ဖြစ်ရပြန်ပြီ တစ်မျိုး .."

ဘဒ္ဒါ မျက်နှာ ရှုံ့မဲ့သွားကာ လှည့်ကြည့်လိုက်တော့ ယက္ခ က တံခါးဝမှာ ပေါ်လာလျက် ရှေ့ဆက်မတိုးဘဲ ရပ်ကြည့်နေ၏။

"ဘယ်သူလဲ ဟင် .. မောင်ခ လား .."

"ဟုတ်တယ် အဘွား .."

ယက္ခ က အသံပြန်ပေးမှ ဒေါ်မေယု လည်ပင်းရှည်တာ ပြန်ကျုံ့သွားကာ ...

"ဒီ ပြည့်သျှင် ဆိုတဲ့ လူသတ်သမားကို ငါ့ကလေးတွေအတွက် ငါလည်း မုန်းနေတာပါ .. ကောင်း ဝယ်ခဲ့တဲ့အိမ်ကို သင်းက ခုချိန်ကျမှ သူသာ ပိုင်ရှင်ဖြစ်ကြောင်း ဘာညာတွေနဲ့ လုပ်လာတာ ပိုတောင် ခံပြင်းဖို့ ကောင်းသေးတယ် .."

"ခံပြင်းနေရုံနဲ့ သူ ဖွင့်ထားတဲ့အမှုကို ရင်ဆိုင်လို့ မရဘူး .."

ဘဒ္ဒါ စကားသံက မာကျောနေသဖြင့် ယက္ခ အထဲကိုဝင်လာပြီး ဘဒ္ဒါ ကို လက်ကာပြ၍ ...

"ဟုတ်ပါတယ် အဘွားရယ် .. ဒီလူက သူ့ခြံနဲ့တိုက်ကို လုပ်ပိုင်ခွင့်ရှိသူ မပါဘဲ အစုတူ မှားယွင်းချုပ်ဆိုခြင်းအဖြစ်နဲ့ ရှိခဲ့တဲ့ အရောင်းအဝယ်စာချုပ်ကို ပျက်သွားဖို့ ကြိုးစားနေတာ .."

"ဘာဖြစ်လို့ ဥပဒေအကြောင်းတွေ ရှည်ရှည်ဝေးဝေး ပြောပြနေတာလဲ ကိုခ .. အဘွားက အသက်အရွယ်ကြီးလို့ မျက်စိတောင် မမြင်တော့ဘူး ..၊ ရင်ဆိုင်ရမှာက ငါ .. အဘွား လုပ်ပေးရမှာက စာချုပ်စာတမ်းတွေကို ငါ့ကို ပေးဖို့ပဲ .."





"ငါ သိမ်းထားခဲ့တာ မှန်တယ် .. ဒါပေမယ့် ငါ မသိတော့ဘူး ..၊ ...ကောင်း ငါ့ကို အပ်ထားတုန်းက ဒါက စာချုပ်တွေမှန်း သိတယ် .. အရေးကြီးမှန်းလည်း သိတယ် ..၊ ကလေးတွေရဲ့ ငွေကြေး ရတာနာက ...အစ သူတို့ အပ်သမျှ ငါ သိမ်းပေးခဲ့တာပဲ ..၊ ဒါပေမယ့် အရေးကြီးတာ ...တွေ အားလုံးကို အရေးမကြီးလောက်အောင် ဒုက္ခများခဲ့တဲ့အချိန်ကစပြီး ...ငါ့အသိထဲမှာ အားလုံးက တန်ဖိုးမဲ့ခဲ့တာပါ .."

မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာပြီး အင့်ခနဲ ရှိုက်တော့ ဘဒ္ဒါ က မဲ့သည်။ အရှုံးဆိုပြီး ဒါကျတော့ တဖွဲ့တနွဲ့ပြောနေလိုက်တာ ...တချာဆရာတောင် မီပါ့မလား ..။

မမြင်မစမ်း အကန်းလို့ အမည်ခံပြီး ဘာဖြစ်ဖြစ် ခေါင်းရှောင်နေ...တာကရော တမင် ရှောင်လို့ကောင်းအောင်လား ..၊

စိတ်အလိုမကျသမျှ စိတ်ထဲရှိတဲ့အတိုင်း ပြောမထွက်မိအောင် ...ဆိန်းချုပ်ရ ခက်နေခဲ့၏။

"ငါ တကယ်ကို မသိတော့တာပါ ..၊ နင်တို့လည်း ရှာပြီးကြပြီမို့ ...လား ..၊ ငါ ဒီနေရာက အပြင် ဘယ်ကိုမှ ..."

"အဘွား ဒါပဲပြောနေတာကိုက စိတ်ပျက်ဖို့ကောင်းတာ .. ...ကလေးနဲ့ပတ်သက်ပြီး အရင်းအနှီးလိုပါတယ် ဆိုတုန်းကလည်း အဘွား မရှိတော့ပါဘူး ငြင်းတယ် ..၊ အဲဒီ အသူရာခြံကိုရောင်းဖို့ ဝယ်လက်တွေ ရောက်လာတော့လည်း ပြည့်သျှင် က တိုက်ဖျက်နေတာ တစ်မျိုး..၊ အဘွားဆီက စာရွက်စာတမ်းတွေ မပြည့်စုံလို့ လန့်ထွက်သွားကြတာက တစ်မျိုး ..၊ ဘာကိစ္စပဲဖြစ်ဖြစ် လုပ်ပိုင်ခွင့်အားလုံးက ပြည့်သျှင် ဆီမှာပဲ ဖြစ်နေတယ် .."

"ခဏနေပါဦး မဒါ .. အဲဒါတွေကလည်း အဘွား တမင် ဖန်တီး...နေတာ မဟုတ်တော့ ကျွန်တော်တို့က ..."

"တမင်ဖန်တီးနေတာနဲ့ တူလာလို့ ပြောတာပေါ့ ..၊ ...မင်း အသာ



www.burmeseclassic.com

www.burmeseclassic.com

နေစမ်းပါ ကိုခ …၊ ဒါ ငါ့ကိစ္စ … မင်းက ငါ့ရဲ့ဒရိုင်ဘာ … နေရာတကာ ဝင်မပါနဲ့ …”

ဒါက ဒေါ်မေယု ရှေ့မှာ တမင်တကာ ပြောလိုက်တဲ့စကားပါ။ ဒါပေမယ့် ဘဒ္ဒါ ရဲ့မျက်နှာပေါ်က ကောက်ကြောင်းတို့၏ အဓိပ္ပါယ် အရ သူမစိတ်ထဲက စကားတွေပဲဆိုတာ ယက္ခ နားလည်နေသည်။

ထို့ကြောင့် ပါးစပ်ပိတ်ထားလိုက်ရင်း တံတွေးမျိုချမိ၏။ စိတ်ထဲ မှာ ဖြေသိမ့်မှုတစ်ခုလို နေသာထိုင်သာ ရှိမသွားသည့်ပြင် လည်ချောင်း တစ်လျှောက် ကျပ်ခဲနေတာကို ခံစားမိ၏။

ဘဒ္ဒါ နဲ့ပတ်သက်ပြီး ခံစားခဲ့ရသမျှတို့သည် …

“ကိုခ … အခု နင် ငါ ပြောတာကို လုပ် … အဘွားက မမြင်မစမ်း နဲ့ … ပြီးတော့ အသက်လည်းကြီးပြီ …၊ ပစ္စည်းတစ်ခုကို ဘယ်မှာထားမိလို့ ထားမိမှန်း သိမှာ မဟုတ်ဘူး …၊ ဒီတစ်ခန်းလုံး အပေါ်ထပ်နိုးပါမကျန် အကုန် လိုက်ရှာ …”

“မဒါ …”

“အထွန့်မတက်နဲ့ ကိုခ …၊ အခု သွားရှာ …”

“ဒါဒါ…”

“အဘွားက မမြင်ရတော့ဘူးလေ … မြင်ရတဲ့လူတွေက ရှာမှ ရမှာ ပေါ့ …၊ ကျွန်မ ဒီစာချုပ်နဲ့ ခြံရဲ့ စာရွက်စာတမ်းတွေကို မရလို့ မဖြစ်ဘူး ဆိုတာ အဘွားကိုလည်း ပြောပြီးပြီ …၊ အထူးသဖြင့် အဘွားရဲ့မြစ်လေး ဝုဏ်သိက္ခာအတွက်ပါ … ဒါတွေ အကျယ်တဝင့်ဖြစ်ကုန်ရင် လူကြီးတွေ ရှိခဲ့တဲ့ ရန်ငြိုးတွေကို သိသွားတဲ့အဆင့်ထိ ရောက်နိုင်တယ် …”

ဒေါ်မေယု မျက်လုံးတွေက သူမရှိရာကို မှန်ဆငေးရင်း မျက်ရည် တို့ ရစ်ဝိုင်းလျှက်ရှိကာ …

“အေးပါ … ရှာပါ … စိတ်ကြိုက် ရှာပါ …၊ ဟီး … ဟီး …”

ကောင်းကောင်းပြောနေရင်းက ငိုချလိုက်ပြန်ကာ …





“ငါ့မြေးလေးတော့ ဘာမှမသိပါစေနဲ့ … ရန်ငြိုးတွေ ဆက်ထားနေ ချင် သူ့မိဘတွေလို …”

“အို … ဘာတွေ ကျက်သရေမရှိ ပြောနေတာလဲ … ခက်တော့တာ ပဲ …၊ သော ကို မွေးလာခဲ့တာ မိဘတွေအတွက် ဂုဏ်ယူစားချေဖို့ … သဖို့ မဟုတ်ဘူး …”

ဒေါ်သဖြစ်ဖြစ်နှင့် လွှတ်ခနဲ ပြောလိုက်သည်။ ဒေါ်မေယု ပါးစပ် အပေါင်းသား ဖြစ်သွားကာမှ …

“ကိုယ့်ဘက်က ဘာမှ ထပ်ခံရဖို့ မရှိတာကို ပြောပြတာပါ …၊ အဘွားလည်း ကိုယ့်ကိုယ်ကိုယ် အသက်ကြီးပြီဆိုတာ သတိထားဦး…၊ စကားပြောရင် တရားလက်လွတ် မပြောပါနဲ့ … သော ကို ကျွန်မဘဝနဲ့ ရင်းပြီး မွေးလာရတာ … သူ့ဘဝကိုလည်း တိမ်းစောင်းမခံနိုင်ဘူး …”

အပြတ်ပြော၍ နေရာမှ ခြေသံပြင်းပြင်းနှင့် လှည့်ထွက်ခဲ့သည်။ ဒေါ်မေယု တရှိုက်ရှိုက် ငိုကြွေးနေတာကို နားခါးလွန်းလို့ပါ …။

“ဘာမှမတွေ့ဘူး မို့လား …”

ထပ်နိုးလှေကားဂုဏနေ ဆင်းလာသည့် ယက္ခ က မဖြေပေမယ့် အိတ်ထဲမှာ ဘာမှပါမလာတာကို မြင်လိုက်တာနှင့် သဘောပေါက်ကာ ဘဒ္ဒါ ခပ်ကြိတ်ကြိတ် တက်ခေါက်၏။

“တမင်ဖွက်ထားတာမှန်း ငါ သိတယ် …၊ သင်း တကယ်ကန်းနေ ထယ်ဆိုရင်တောင် မကန်းသေးခင်ကာလတွေမှာ ဘာဖြစ်ဖြစ် လုပ်လို့ ရတယ် …၊ ဟွန်း… သိပ်လည်တဲ့အဘွားကြီး … မြေး … မြေးနဲ့ တယော ထိုးပြီး စားသောက်ကောင်းအောင် လုပ်နေတာ …၊ ဟိုမောင်နှမရဲ့ ကျေး ဇူးမှန်း သိသိနဲ့ ငါ့မှာ ကိုးကွယ်နေရတာ ဘယ်လောက် ခံပြင်းဖို့ ကောင်းလဲ …၊ တော်ပြီ … ဘာမေးမေး ဒါထက် ဘာမှပိုသိရမှာ မဟုတ် ဘူး …၊ ဒီနေ့ကစပြီး နောက်ကို ဘာအစားစာမှ မပို့နဲ့တော့ …”

ယက္ခ စကားတစ်လုံးမှ မပြောတော့ပေမယ့် အကြည့်တွေ ရှုံးခနဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာ၏။ ဘဒ္ဒါ က ဂရုမစိုက်ပေ ..၊ လက်ပွေ့အိတ်ကို ပခုံးမှာ ဖွာ်ချိတ်လိုက်ပြီး လက်ပိုက်၍ ...

"ငါတို့ ဒီမှာ ဝင်ထွက်နေရတာလည်း ပြည့်သျှင် ဆိုတဲ့ သတ္တဝါ က အနံ့ရနေပြီဆိုတော့ အန္တရာယ်များတယ် .. မင်း ဘယ်လိုရှုပ်ပြောင်း အောင် လုပ်ထားထား သိမှာပဲ .."

ဘဒ္ဒါ က ယက္ခ မျက်နှာလွှဲပြီး ဟိုဖွင့်ဒီရှာ လုပ်နေတာကို လက် ပိုက်ရပ်ရင်း လိုက်ကြည့်နေလျက် ...

"ဒီနေရာနဲ့ အဆက်ဘွယ် ဖြတ်ရမယ် .."

"အဘွားကို ရိက္ခာမပို့ဘဲ ထားလိုက်ရင် သေသွားမှာပေါ့ မဒါ..၊ ပြီးတော့ ခြံအရောင်းအဝယ်ကိစ္စကို ဘာမှလုပ်မရတော့တာ ပြဿနာမရှိ ဘူး .. ပြည့်သျှင် အမှုဖွင့်ထားတဲ့ကိစ္စ အဘွား မရှိရင် ..."

"ရှိတဲ့လူက ရှင်းရုံပဲ .. ဒီအသက်အရွယ် မျက်မမြင်တစ်ယောက် က ဒီခြံကိုရောင်းဖို့ အစဉ်တစိုက် လုံးပမ်းလာခဲ့တာဆိုတာကိုရော ပြည့် သျှင် က ယုံမယ် ထင်လို့လား ..၊ နောက်ကွယ်မှာရှိနေတဲ့ လူနောက်ကို သူ လိုက်ကိုလိုက်မှာ .. ငါ သိတယ် .."

'ခုတော့ သိနေပြန်ပြီလား' ဆိုသည့် အပြုံးတစ်ချက်နှင့် ယက္ခ က မျက်နှာလွှဲ၏။

"သူ့ရဲကောင်း ဆိုတဲ့လူကို တစ်ခါမှတောင် စေ့စေ့မကြည့်ခဲ့ဘူးဘဲ နဲ့ ငါတစ်ဘဝလုံး မှီခိုရာရဖို့ ဒီမိန်းမကြီးကို ဟန်ဆောင် ပေါင်းသင်းခဲ့ရ တာ ..၊ ဒါတွေအားလုံး ခုကစပြီး အဆုံးသတ်မယ် .."

ဆုံးဖြတ်ချက်တွေက ရင့်မာကုန်၏။ ယက္ခ ကလည်း ဘာမှ ထပ် မပြောတော့ဘဲ ရေငုံနှုတ်ပိတ် နေလေသည်။

"မှားတယ် .. ငါကိုက ဒီလို ကျေးကျွန်သာသာ လူတစ်ယောက် ကို ရွှေရှိနိုး .. ငွေရှိနိုးနဲ့ ကိုးကွယ်နေခဲ့တာ .. မိန်းမမိုက် .."

ပြောဆိုသွားသည့်စကားသံတွေကို ဒေါ်မေယု ကြားနေရသည်။





သူမတို့ ပြန်ထွက်လာမှာမို့ အိမ်ရှေ့ကို ခပ်စမ်းစမ်း ပြန်ထွက်ခဲ့ ရင်း မျက်ရည်တွေ တလဟော သွန်ကျလာ၏။

နှုတ်ခမ်းသားတို့သာမက မျက်နှာပြင်မှာ ရှိသမျှ အသားစိုင်တွေ အားလုံး လှုပ်လီလှုပ်လဲ့ တုန်ခါ ခုန်ပေါက်နေပြီလား ထင်ရအောင် ခံစား ချက်ကြောင့် ဆို့နင့် တုန်ယင်နေတာကို ကိုယ့်ဘာသာ သိနေ၏။

'သူ့ရဲကောင်း နဲ့ တစ်ခါမှတောင် စေ့စေ့မကြည့်ခဲ့ဘူးဘဲနဲ့ ..'

'ကျေးကျွန်သာသာ လူတစ်ယောက်ကို ရွှေရှိနိုး .. ငွေရှိနိုးနဲ့ ကိုး ကွယ်နေခဲ့တာ ..'

ရင်ထဲမှာ နင့်နင့်သီးသီး ဖြစ်လာခဲ့သည်။ ကျေးကျွန်သာသာလူကို သူမက ကိုးကွယ်မှားခဲ့သည်တဲ့လား ..၊ ကိုယ့်မှာ ကောင်း ရဲ့ ဇနီးနဲ့ ရင်သွေးဆိုပြီး ချစ်လိုက်ရတာ .. မျှော်လင့်လိုက်ရတာတွေ ..၊

သူမ မှားတာကျတော့ ပေါက်ကွဲခွင့် ရနေပေမယ့် ကိုယ် အညာခံ ခဲ့ရတော့ ရင်ဘတ်ထု ငိုခွင့်တောင် မရှိပါလား ..၊ ရှိုက်သံမထွက်အောင် ကြိတ်ငိုရင်း အိပ်ရာထဲမှာ ကွေးကွေးလေး လှဲလိုက်မိသည်။

"အဘွား ကျွန်တော်တို့ ပြန်မယ်နော် .. အရေးတကြီး အလုပ်လုပ် စရာတွေ ရှိလို့ပါ .."

ယက္ခ၏နှုတ်ဆက်သံက ကျန်ရစ်ခဲ့လျက် ဒေါက်ဖိနပ်သံပြင်းပြင်း က စောစီးစွာ ပျောက်ကွယ်သွား၏။ အသံဗလံတွေအားလုံးထဲမှာ တံခါး ပြန်ပိတ်ခဲ့သော ထိခတ်သံတွေက ဒေါ်မေယုရင် ကို ပြင်းရှစွာ နာကျင် စေခဲ့လျက် ကွေးနေရာကနေ ပက်လက်လှန်အနေအထားကို ပြောင်းမိ သည်။

"အင်း .."

ဆို့ကျပ်နေသည့် ရင်ဘတ်ထဲက အောင့်တက်လာသဖြင့် ညည်းသု မိ၏။ ထိုအချိန်လေးမှာပဲ ကောင်း ရဲ့မျက်နှာလေးကို မြင်ယောင်လာ မိသည်။ ပြီးတော့ ဦးဆောက်ပန်း ...၊

www.burmeseclassic.com

www.burmeseclassic.com



'အဘွား ဘာဖြစ်တာလဲ'လို့ မေးချင်နေကြသည့် မျက်နှာလေးတွေမှာ စိုးရိမ်ပူပန်မှုတွေအပြည့်နှင့် အဝေးကနေ ငုံ့ကြည့်နေသည်။

မစိုးရိမ်ကြနဲ့ ..၊ အဘွားက မကောင်းတဲ့ အထိန်းတော်ကြီးပါ ကလေးတို့ရယ် .. လူလေးတို့ရဲ့ ပစ္စည်းတွေလည်း မဆိုင်တဲ့လူတွေ လိမ်ညာယူကြတာ ကုန်ပြီ ..၊

ကောင်းလေး ဒီလိုလူ မဟုတ်နိုင်မှန်း သိလျက်နဲ့ ဖနီးနဲ့ သားတစ်ယောက် ပေါ်လာတာကို အဘွား ယုံကြည်ခဲ့မိတယ် ..၊ ဝမ်းသာအားရ ကြိုဆိုခဲ့တယ် ..၊

တကယ်ပါ .. အဘွားမှာ ရှိသမျှ အကုန်ချပေးခဲ့တာပါ .. အားလုံးကို ရိုးသားစွာ အညာခံခဲ့တာ ..၊

ဒါပေမယ့် အခုလေ .. ကျေးကျွန် လူလိမ်မကြီး ..၊ လူလေးတို့ မောင်နှမရဲ့ မိဘဘိုးဘွား ပစ္စည်းတချို့ကိုလည်း ထင်သလို ပုံချပေးပစ်ခဲ့တဲ့ တာဝန်မကျေတဲ့ ကျေးကျွန် ..၊

ဒေါ်မေယု နှုတ်ခမ်းတွေ လှုပ်နေပေမယ့် ရှိုက်သံလေးတောင် မထွက်နိုင်ခဲ့ပေ ..၊

မျက်ဝန်းတို့ကို မှေးမှိတ်လိုက်ရင်း ကိုယ်တိုင် မကျေနိုင်ခဲ့သည့် တာဝန်ဝတ္တရားတို့အတွက် သစ္စာကိုသာ အားကိုး တိုင်တည်ရင်း ..၊

သစ္စာဖြင့်သာ စီရင်ပါစေ ..။





## အခန်း (၄၅)

"သဒ္ဒါပိုမို .."

မို ခြေလှမ်း တုံ့သွားသည်။ လှည့်ကြည့်လိုက်တော့ သော က လေကားထိပ်တို တက်လာပြီဖြစ်ကာ သူမရှိရာကို ခြေလှမ်းကျဲများနှင့် လျှောက်လာ၏။

"ခဏ စကားပြောလို့ ရမလား .."

သော မျက်နှာကို ကြည့်လိုက်တာနှင့် အကြောင်းတစ်ခုခု ပြောဖို့ အတွက်မှန်း သိကာ မို ခေါင်းညိတ်လိုက်သည်။

"ရုံးနဲ့ဝေးလို့တော့ မရဘူး .. ဒီနားက ကဲန်တင်းမှာပဲ ထိုင်မယ်လေ .."

မို က အပေါ်ထပ် အနက်ရောင်လေးကို ကဲန်တင်းမှာထိုင်မှ သေချာခေါက်၍ အိတ်ထဲထည့်ကာ ဖြီးမှ ကိုလာတစ်လုံး မှာပြီး သူမ အိတ်ကို စားပွဲစွန်းမှာ တင်၏။

သူ ဘာမှာမလဲ ..၊ ဘာမှ မမှာဘူးလား ဘာကိုမှ ဂရုမစိုက်သလို ချက်ချင်းရောက်လာသည့် အအေးပုလင်းကို ချက်ချင်းပဲ ယူသောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်မှာ ထိုင်နေပြီး ကိုယ် လှပ်ရှားသမျှကို ကြည့်နေသည့် ယောကျာ်းတစ်ယောက် ရှိနေမှန်း သိတာတောင် သူမမျက်နှာလေးက တည်ငြိမ်နေသည်။

ဒေါသဖြစ်ပြီဆို လက်ပါချင်သောအကျင့်လေး ရှိပေမယ့် တည်ငြိမ်နေပြန်တော့ လူကြီးလေးနဲ့ တူ၏။ သူမကို ကြည့်နေမိရင်း ပြုံးယောင်သမ်းလာသည့်မျက်နှာကို တစ်ဖက်ကို မသိမသာ လွှဲမိသည်။

တစ်ခါတလေမှာ ဝင်းညက်ဖြူနုနေသလို တစ်ခါတစ်ခါကျတော့ အသားညိုပုံလေးပေါက်ကာ နှာသယ်စပ်ဆံစလေးတွေ ရိုးရိုးရိပ်ရိပ် စိမ်းမှောင်တန်းဆင်းနေတာထိ မြင်ရတတ်သော မျက်နှာလေးက သူ့အတွက် အမှတ်တရတွေ ဖြစ်လာခဲ့တာ ကိုယ်တိုင် သတိထားမိလာသည်။

"ရှင် ဒီမှာ ထိုင်နေချင်တာဆိုရင်တော့ ရတယ် နော် .. ကျွန်မက အအေးသောက်ပြီး ပြန်မှာ .."

သော က ပြုံးလိုက်ပြီး စီးကရက် မီးညှိသည်။ ပြီးတော့ ဒီတိုင်းကိုင်ထားကာ ရှေ့နေတွေ အမှုသည်တွေချည်း စုရုံး စုရုံးရှိနေကြသည့် စားပွဲဆီ မျက်လုံးဝေ့ကာ ...

"ထိုင်နေချင်တာဆိုရင် မင်းနဲ့ ဒီလိုနေရာကို ဘယ်လာမလဲ .."

မင်းနဲ့ ဆိုသည့်စကားကြောင့် မို မျက်လုံးတွေ သူ့ဆီ ရောက်လာပုံက လက်ခနဲ တောက်သွားသလိုပင် ..၊ သော က ခပ်တည်တည်။

"အအေးသောက်တာ ပိုက်မတပ်ဘဲနဲ့ ဘာဖြစ်လို့လဲ ..၊ ဖန်ခွက်ကြီးနဲ့ .."

"ကျွန်မဘာသာ ဇလုံထဲ ထည့်သောက်သောက် ရှင့်ကို တိုက်နေတာမှ မဟုတ်တာ .. ရှင် ပြောချင်တာ ဒါတွေလား ..၊ ကျွန်မ အမှုသည်နဲ့ တွေ့ဖို့ ရှိသေးတယ် .."

"ဆောရီးပါ .. ငါကလည်း မင်းနဲ့တွေ့မှပဲ ထွေရာလေးပါးပြောဖို့တွေ စကားက ရောက်ရောက်သွားတာ .."





နောက်ထပ် လျှပ်စီးလက်သွားတာ မိုးကြိုးပစ်ချတော့မလောက် စူးရှသွား၏။ ထိုအကြည့်စူးစူးတွေကို သော က နောက်ထပ် ဥပေက္ခာထားလိုက်ရင်း ...

"မင်း လိုက်နေတဲ့ အမှုအကြောင်း ခွဲ ကနေ ငါ ကြားလိုက်လို့.."

"ကြားတယ် .."

"အင်း .. 'အသူရာ'ခြံကိစ္စပဲ .."

"အဲဒါကို ရှင်က ခုမှကြားတယ်ဆိုလို့ အံ့ဩတာ ..၊ အရင်ပိုင်ရှင်က ဦးပြည့်သျှင် .. ဝယ်ထားတဲ့သူက ရှင့်အဖေ .."

ဦးသူရဲကောင်း ကို သူ့အဖေဆိုတာမျိုး မငြင်းခဲ့သော်လည်း တစ်ခါမှ ထုတ်မပြောခဲ့ဖူးသဖြင့် မို က သော မျက်နှာကိုပဲ အကဲခတ်နေခဲ့၏။

"ငါ့ရဲ့ အုပ်ထိန်းသူတွေ လုပ်ကြတာ .."

"ရှင် အဲဒါ မသိဘူးပေါ့ .."

"ခွဲ က မေးမှ သိတာ .."

ဒီခြံကို ရောင်းဖို့ ကြေညာခဲ့တဲ့နှစ်တွေ ကြာခဲ့ပြီပဲ ..၊ အရောင်းအဝယ်တွေ မတည့်ခဲ့ရင်း ဒီအချိန်ထိ နေထိုင်သူမရှိဘဲ ကြာလာခဲ့တာ ဖြစ်သည်။

ဒါကို သော လိုလူတစ်ယောက်က မသိဘူးဆိုတာ သူမအတွက် ထူးဆန်းနေခဲ့၏။ ထို့ပြင် မှုန်ကုပ်ကုပ်ဖြစ်သွားသော မျက်နှာပေါ်မှာ ရှုပ်ထွေးခြင်းတွေ ရှိနေတာကို အကဲခတ်မိကာ ...

"ရှင် ဘာသိချင်လို့လဲ .."

"အဲဒီအမှုအကြောင်း .."

"ဆွေးနွေးပြင်ဆင်နေကြတုန်းပဲ .. ရုံးချိန်းမှာ နှစ်ဖက် အမှုသည်တွေ မစုံရင်တော့ မလာတဲ့ဘက်က အရှုံးပဲ .."

"မလာဖို့ ရှိနေတာက .."

"ဦးသူရဲကောင်း ဘက်က .."



www.burmeseclassic.com

www.burmeseclassic.com



သော မျက်နှာ တင်းသွားသည်။ ပြီးတော့ စွဲ နဲ့ တွေ့တုန်းက ပြောခဲ့တဲ့စကားတွေကို ပြန်သတိရမိ၏။

“မင်း ပြောနေတာမို့လို့သာ ယုံရတာ .. ဒီလောက် ကိစ္စအကြီးကြီး ကို မသိဘူးဆိုတာ တော်တော်အံ့ဩဖို့ ကောင်းနေပြီ ..၊ မင်းအဖေ တောင်ကြီးမှာ ဒီခြံဝယ်ထားတာ လူပျိုတည်းကလားတောင် မသိဘူး.. ကြာပြီလေ ..၊ ပြီးတော့ မင်းက တစ်ဦးတည်းသော သား ..”

“ငါ့အဖေနဲ့ မင်းအဖေက တကယ့်မိတ်ဆွေရင်းတွေပဲ .. မေမေက အဲဒါတွေကို သိထားခဲ့လို့ ပြန်ပြောပြတာ ..၊ ဖေဖေ ဆုံးသွားတော့ ငါ့ကို ကိုယ်ဝန်နဲ့တဲ့ .. မမမို့ နဲ့ ငါက နှစ်နှစ်ပဲကွာတာ ..၊ တွက်ကြည့်ရင် ငါကတောင် မင်းထက် အသက်ကြီးသေးတယ် ..”

ပြောနေရင်း စွဲ မျက်နှာ ရယ်ကျဲကျဲကိုလည်း တစ်ပါတည်း မြင် မိသေးသည်။ သူများ အံ့ဩစရာ .. ရယ်စရာတွေ ဖြစ်နေတဲ့အထိ သူ့ အဖြစ်က ထိုသို့ ရှိခဲ့သည်လား ..၊

ထို့ထက်မကသော စကားတွေကို ကြားရသည့်အခါ ကိုယ့်နား ကိုယ် မယုံချင်သလိုဖြစ်လာတာ သူကိုယ်တိုင် ဖြစ်လာခဲ့လျက် ...

“မင်းကလည်း .. ဦးပြည့်သျှင် နဲ့ မင်းအဖေ အကြီးအကျယ် ငြိ ခဲ့တာ အဲဒီခြံကိစ္စပဲလေ ..၊ ဒီခြံကို လိုချင်လို့ သူ့မိသားစုကို သေကြေ ပြိုကွဲအောင် လုပ်ပါတယ် .. ဖျက်ဆီးပါတယ်နဲ့ မင်းအဖေကို အငြိုးကြီး သွားတာ ..၊ ငါ့အဖေကို ပိုက်ဆံထုတ်ချေးတဲ့ပြဿနာတုန်းက ဒီလောက် မဟုတ်သေးဘူး တဲ့ ..”

“မေမေက မင်းအဖေကို အမြဲတမ်း ကျေးဇူးတင်နေတဲ့သူပါ ..၊ ခုလည်း မင်းနဲ့ ဦးပြည့်သျှင် ထိပ်တိုက်တွေ့ကြတော့မယ်ဆိုပြီး စိတ်ပူနေ တာကွ.. ငါတို့က မင်းကို ယုံပေမယ့် မေမေ့အမြင်မှာတော့ ဦးပြည့်သျှင် က ခြင်္သေ့အိုကြီးလေ .. မင်းကတော့ သိုးပေါက်လေးလို ဖြစ်နေတာ ပေါ့ ..”





“နောက်ပြီးတော့ကွာ .. မိဘပြဿနာကို ခေါင်းထဲမထည့်တဲ့ သား မျိုးဆိုရင် တစ်မျိုး ..၊ မင်းလိုလူက ဒါတွေ သိမထားခဲ့ဘူးလို့တော့ ဘယ်သူက ထင်မှာလဲ” တဲ့ ..။

ဒီစကားတွေကို နားထောင်ရင်း နားထဲမှာ အသံတွေ ဝင်သွားခဲ့ တာမဟုတ်ဘဲ ဒဏ်ရာတွေသာ ထင်ကျန်ခဲ့သည်။ မေမေတို့ ဘာကြောင့် လျှို့ဝှက်ထားခဲ့သည်ကို သူ မသိ ..။

ဖေဖေ့အတွက်ဆိုသည့် နာကျင်မှုနှင့် သွေးကြွေးဆပ်ရေးသည် ကိုယ့်ရဲ့အနာဂတ်အဖြစ် ပန်းထမ်း ရည်သန်ခဲ့ပေမယ့် ...

“ဒီမှာ ..”

စိတ်တို့သည် မို ခေါ်လိုက်ကာမှ ပစ္စုပ္ပန်ဆီ ပြန်လှည့်ပြေးခဲ့၏။ မို က အအေးပုလင်းနဲ့ ဖန်ခွက်ကို သားရှေ့ထားလိုက်ရင်း သူ့ကိုကြည့် ၍ ...

“ကျွန်မက ဦးပြည့်သျှင် ဘက်က အကျိုးဆောင်ရှေ့နေ ..”

“အဲဒီတော့ ..”

“ရှင် ဘာလုပ်သင့်တယ်ဆိုတာ ကျွန်မက အကြံပေးနိုင်မှာ မဟုတ် ဘူး ..”

“မင်းဆီကို အဲဒီလို အကြံဉာဏ်တောင်းဖို့ လာတယ်လို့ ထင်လိုက် တာလား ..”

“ဟုတ်တယ် .. ရှင် ကျွန်မကို ကူညီခဲ့တာတွေလည်း ရှိသလို ဦးသူရဲကောင်း က ကျွန်မတို့မိသားစုရဲ့ ကျေးဇူးရှင်ပါ ..၊ ဒါပေမယ့် ဦးပြည့်သျှင် အတွက် ကျွန်မက အကျိုးဆောင်ရှေ့နေအဖြစ် ရပ်တည်ရ မယ့်သူ ဖြစ်သွားခဲ့တယ် ..”

မျက်လွှာချထားပေမယ့် မို က တကယ့်စိတ်ရင်းနဲ့ ပြောနေမှန်း လည်း သိသာနေ၏။ ထို့ပြင် သူ့စိတ်ထဲမှာလည်း သူမအပေါ်မှာ အမျက် သို ရန်လိုစိတ် မဖြစ်ခဲ့ပေ ..။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကျွန်မ ဘယ်သူ့ကိုမှ မရည်ရွယ်ဘူး ..၊ ကျွန်မရဲ့စိတ်ရင်းနဲ့ ဆုံးဖြတ်ခဲ့တာလည်း မဟုတ်ဘူး .. ဆရာက ရှင်နဲ့ ဟိုတစ်ခါ ဆုံခဲ့ဖူးတဲ့ လူတွေနဲ့ပတ်သက်ပြီး သူတို့အတွက် အကျိုးဆောင်ပေးရမယ့် အခြေအနေဖြစ်နေတော့ ဒီအမှုအတွက် ကျွန်မကို လွှဲခဲ့တယ် ..၊ အင်တိုက်အားတိုက် ကြိုးစားဖို့ ပြင်ဆင်ထားတဲ့ ကျွန်မကလည်း ဒီအမှုမဟုတ်ဘဲ တခြားအမှုဆိုရင်လည်း ဝမ်းသာအားရ ကြိုးပမ်းမှာပဲလေ .."

"မင်းအလုပ် မင်း လုပ်ပါ .. အဲ့ဒါတွေ ငါ့အတွက် မလိုဘူး .."

"ကျေးဇူးပါပဲ .. ဒါပေမယ့် မေမေနဲ့ ကျွန်မ ပဋိပက္ခတွေ ဖြစ်ခဲ့ရတယ် .."

"မင်းအမေ အိမ်ကထွက်သွားတယ်ဆိုလို့ ငါ စိတ်မကောင်းပါဘူး .. ဒါပေမယ့် သူ နားလည်မပေးတတ်လို့ပါ .. အားလုံးဟာ ချိတ်ဆက်ပတ်သက်မှုတွေ ရှိလာခဲ့တာ မှန်ပေမယ့် ကိုယ့်အတွေးနဲ့ကိုယ်ပဲ.."

"ရှင် နားလည်ပေးတာကို ကျေးဇူးတင်ပါတယ် .. ဒါပေမယ့် စွဲ ကလည်း သူ့သူငယ်ချင်းတစ်ယောက်နဲ့ ဆက်သွယ်မိလို့ စင်ကာပူကို လိုက်သွားတော့မယ် .. ဟိုမှာ အဆင်ပြေသွားရင်လည်း ကြာကြာနေဖြစ်မယ် ..၊ ဘာပဲဖြစ်ဖြစ် အဲဒါလည်း ကျွန်မရဲ့ဆုံးဖြတ်ချက်ကြောင့်ပဲ ဖြစ်မှာပါ .."

"မဟုတ်နိုင်ပါဘူး .. သူနဲ့ ငါ စကားပြောခဲ့တာ အကောင်းပဲ ..၊ မင်း ဒီအမှုကို လက်ခံဆောင်ရွက်မှာအတွက်နဲ့ဆိုရင် ငါ့ကို သူ ဒါတွေ ပြောပြမလား .."

"ဘာတွေလဲ .."

"ဒီအမှုအကြောင်း သူ ပြောလို့ ငါ သိတာလေ ..၊ ငါက ဦးသူရဲကောင်း ရဲ့ သားပဲ .."

မို နဲ့ သော မျက်လုံးချင်း ဆုံသွားသည်။

ဟိုအရင်အစက မြင်ဖူးခဲ့သော တလက်လက်တောက်နေသည့်





မျက်ဝန်းပြာလေးတွေက ဒီတစ်ခါ သူ့အကြည့်တွေအောက်မှာ ဖျတ်ခနဲ ကွယ်သွားခဲ့ပြီး ...

"ဆရာ့မှာလည်း ခက်ခဲတဲ့အခြေအနေတစ်ခုနဲ့ ပိတ်မိနေတာကြောင့်ပါ .. ပြီးတော့ ကျွန်မ ဒီအမှုကို တကယ်လည်း စိတ်ဝင်စားတယ် ..၊ ဦးပြည့်သျှင် က ဖေဖေ့ကို သတ်ခဲ့တယ်ဆိုတာ ဘာဖြစ်လို့ သေချာသွားမှန်းတော့ မသိဘူး ..၊ ဒါပေမယ့် ဖေဖေက ကားအက်ဆီးဒင့်နဲ့ ဆုံးခဲ့တာ ..၊ ပြီးတော့ သူတို့ချင်း အပြန်အလှန် ထိုးနှက်ချက်တွေ ရှိခဲ့တယ်ဆိုတာကိုလည်း ..."

"မင်းက ဒီ့လူကြီးကို နားလည်ဖို့ ကြိုးစားနေတာလား .."

"အမှန်တရားကိုပဲ သိချင်တာပါ .. နောက်ပြီး ..."

မို က သော ကို အားနာသလို တစ်ချက်ကြည့်ကာ ...

"ရှင့်အဖေနဲ့ ဦးပြည့်သျှင် ငြိခဲ့ကြတဲ့ အကြောင်းတွေ ..."

"အဲဒါတွေကို မင်း ခေါင်းထဲက ထုတ်လိုက်ပါ .."

"ဟုတ်တယ် .. ကျွန်မနဲ့ မဆိုင်ဘူး ..၊ ဒါပေမယ့် သူတို့နှစ်ယောက်စလုံးနဲ့ အခု ပတ်သက်ရတော့မှာ .."

"ဦးပြည့်သျှင် က မင်းရဲ့အမှုသည် .. မင်း အကျိုးဆောင်ရမယ့်အမှုက 'အသူရာ ခြံကိစ္စ' .."

မို့ မျက်ဝန်းလေးတွေက အားမာန်အပြည့်နှင့် စူးလက်လာပြီးမှ မျက်တောင်များတို့ လှုပ်ခတ် တိမ်းဖယ်သွားကာ ...

"ရှင် ကျွန်မကို အခုအခံစိတ်တော့ ရှိနေတာပဲ .."

"လုံးဝ မဟုတ်ဘူး .."

သော က အတိအကျ ငြင်းလိုက်ပြီး ခပ်မဲ့မဲ့မျက်နှာကို တစ်ဖက်လှည့်ပစ်သည်။

"ကိုယ် ခံစားရတဲ့ အမုန်းအငြိုးတွေကို သူများရင်ထဲ ထည့်ပေးပြီး အင်အားရှာရလောက်အောင် ငါ မကြောင်ဘူး မို .."



www.burmeseclassic.com

www.burmeseclassic.com



သူ့နှုတ်ဖျားက မို လို့ ခေါ်လိုက်တာကို သတိထားမိကာ မို ရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်း မသိ ..၊ အမ်းသွားသလိုလို ရှက်သလိုလို ..၊

"မင်း ချစ်တာ မုန်းတာကို ငါ တားခွင့်မရှိသလို .. ငါ ချစ်နေတယ်ဆိုရင်လည်း မင်း တားလို့ မရဘူး .."

မို့ ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားသည်။ မျက်ဝန်းတွေ နောက်ထပ်ဆုံမိတော့လည်း သူ့မျက်လုံးတွေက ဘာလိုလို စူးရဲနေကာ ...

"မင်းဆီကို ငါ အခုလာတာ မသက်ဆိုင်တာတွေမှာ ဝင်ပါပြီး မလိုအပ်တာတွေ ပြောဖို့ မဟုတ်ဘူး .. မိတ်ဆွေဆိုတဲ့ မင်းအမေ သိထားသလောက်တောင် သားအရင်းဖြစ်တဲ့ ငါက ကိုယ့်အမေအကြောင်း သေချာ မသိခဲ့ဘူး .. ငါ မသိသေးတာတွေ ဘယ်လောက်များနေသလဲ ဆိုတာ သိချင်လို့ လာခဲ့တာ .."

ပြောပြီး တင်းခနဲ အံကြိတ်သည်။

"မေးကြည့်ရုံပဲ .. ကျွန်တာ မပါဘူး.. မင်း ဖြေချင်တာကိုပဲ ဖြေပါ .."

"ဒါဆိုလည်း မေးလေ .."

မို က နာရီကြည့်ကာ ...

"ဖုန်းဆက်လာရင်တော့ စကားမပြတ်ဘဲလည်း ထပြန်ရမှာ .."

သော က ခေါင်းညိတ်၏။

"ဦးပြည့်သျှင် က ဘယ်သူ့ကို စွဲဆိုထားတာလဲ .."

"ဒီခြံကို ရောင်းမယ့်သူ .."

"ဘယ်သူဆိုတာ ပါမှာပေါ့ .."

"ဟုတ်တယ် .. ဒေါ်မေယု .."

ဒီနာမည်ကိုလည်း သူ မသိ ..၊

"အသက်က ရှစ်ဆယ့်တစ်နှစ် .."

သော မျက်နှာ မှုန်ကုတ်ကုတ် ဖြစ်နေ၏။





"သူက ဆုံးသွားပြီ .."

"ဘာ!..."

"အားလုံးက ကျွန်မတို့အကျိုးဆောင်တွေ လက်ထဲမှာပဲ ရှိသေးတာပါ .. ဦးပြည့်သျှင် ကလည်း ရုံးတော်ကို ဦးတိုက်လျှောက်တာ မဟုတ်သေးဘူး ..၊ ဒါပေမယ့် ဒီအမှု ရင်ဆိုင်နေကြရတဲ့ အဆင့်မျိုး .. သတင်းကတော့ တော်တော်လေး ပျံ့နေပြီ .."

"သူ ဘာဖြစ်စေချင်တာလဲ .."

မို့ ကို မေးတာမဟုတ်ဘဲ သော ခပ်တိုးတိုး ရေရွတ်သည်။ မို က ခေါင်းညိတ်ကာ ...

"ကျွန်မ တစ်ခုတော့ သတိပေးချင်တယ် .."

ပြောပြီး သော ရဲ့မျက်ဝန်းတွေ သူ့မဆီ ရောက်လာတဲ့အထိ စောင့်ပြီးမှ ...

"တရားလိုကနေ တရားခံ ဖြစ်သွားတတ်တယ် .. သူခိုးက လူလုဟစ်တယ်ဆိုတာတွေ ရှိပေမယ့် အဲဒီသူခိုးက လွတ်သွားပြီး မခိုးဘဲနဲ့ အချုပ်ထဲရောက်သွားတဲ့လူတွေလို အဖြစ်မျိုးပေါ့ ..၊ ကျွန်မတို့ အချင်းချင်းမို့လို့ အရင်းနှီးဆုံးစကားနဲ့ပြောရရင် ဒီခြံကို ဦးသူရဲကောင်း က ရှေ့နေရှေ့ရပ်နဲ့ ယိုက်တန်တဲ့ တန်ဖိုးပေးပြီး ဝယ်ထားတယ်ဆိုတာ အသိုင်းအဝိုင်းတွေထဲမှာ အားလုံး သိကြတယ် .. ဒါပေမယ့် သူက .."

"သဘောပေါက်တယ် .."

တင်းမာနေသည့်မျက်နှာနှင့် သော ရဲ့လေသံက မာထန်နေသည်။

"သူ ထင်တိုင်း လုပ်လို့မရဘူးဆိုတာ မကြာခင် သိရမှာပါ .."

"သော .."

သူ ထရပ်ဖို့ ပြင်လိုက်တာနှင့် မို အံ့ဩသည့်မျက်နှာလေးနှင့် မော့ကြည့်ကာ ...

"ရှင့်ကိုကြည့်ရတာ ဒီအမှုကိုတောင် ခုမှ သိတာဆိုတော့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



သိထားသလောက် ရှင် မသိသေးဘူးထင်တယ် ..”

“မင်း သိသမျှကိုလည်း မပြောနိုင်ဘူးမို့လား ..”

မို က ပင့်သက်လေး ရှိုက်ရင်း ...

“စာရွက်ရဲ့ မျက်နှာစာနှစ်ဖက်စလုံးကို တစ်ပြိုင်တည်း ဖတ်လို့ မရနိုင်သလိုမျိုးပေါ့ .. အဲဒီအတွက် ကျွန်မ တောင်းပန်ပါတယ် ..”

“ဟွန်း ..”

“နောက်ထပ် ရှင် စိတ်ကျေနပ်ဖွယ် မရှိတဲ့ စကား ပြောဖို့ရှိသေးတယ် ..”

“ပြောကြည့်ပါဦး ..”

“ရှင့်အဖေရယ် .. ကျွန်မအဖေရယ် .. ဦးပြည့်သျှင် ...”

“အင်း .. မျက်နှာစာ သုံးဖက် ဖြစ်သွားပြီ ..၊ ဆက်ပြော ..”

“ပုဂ္ဂိုလ်ရေးတွေ ရန်ငြိုးတွေကို ကျွန်မ မသိပါဘူး ..ဒါပေမယ့် ပထမဆုံး ဥပဒေဘောင်တွင်း ရောက်လာခဲ့တဲ့ ဦးပြည့်သျှင် ဘက်က စာမျက်နှာကိုတော့ ကျွန်မ အနည်းအကျဉ်း ဖတ်မိလိုက်တယ် ..”

“ဟား .. ဟား .. ဟား ...”

ရယ်လိုက်သည့် သော ရဲ့ မျက်လုံးတွေက အေးစက်သော အငွေ့အသက်တို့သည် ချက်ချင်း စိမ်းသက် ခက်ထန်သွားခဲ့လျက် ...

“မင်းအမေနဲ့ အတိုက်အခံပြောပြီး လုပ်တဲ့အထိ ဒီအမှုအတွက် အကျိုးဆောင်ဖို့ ဆုံးဖြတ်ခဲ့တာ ခုမှပဲ လိပ်ပတ်လည်တော့တယ် ..”

မို မျက်နှာလေး ပျက်သွားသည်။

“ရှင် ဘယ်လိုအဓိပ္ပာယ်နဲ့ ပြောလိုက်တာလဲ ..”

“ငါ သဘောပေါက်လိုက်တဲ့အတိုင်း ပြောတာ .. ရှေ့နေတွေလိုတော့ ပရိယာယ်ဝေဝုစ်တွေ ပါချင်မှ ပါမှာပေါ့ ..”

“ဟွန်း .. အဲ့ဒါ ပရိယာယ်ဝေဝုစ်တွေဆိုရင်လည်း အမှန်တရားဘောင်ထဲက အရိုးသားဆုံးပြောတဲ့ စကားတွေပဲ ..”





“မဟုတ်ဘူး .. လိုချင်တဲ့ဘောင်ထဲရောက်အောင် ခန့်ခန့်ညားညား ဒိမ်းသွင်းတာ ..”

သော က ခပ်မှဲ့မှဲ့ပြော၍ ဘောင်းဘီအိတ်ထဲက ပိုက်ဆံအိတ် နှိုက်ယူလိုက်သည်။ မို က ဘေးမှာအဆင်သင့်ရှိနေသည့် လက်ဆွဲအိတ် ဘေးခန်းထဲက အကြွေကို ဖွင့်ထုတ်လိုက်ရင်း ...

“ဒီမှာ ထားခဲ့ပြီ ..”

စိတ်တာကို လှမ်းပြောကာ ပိုက်ဆံကို အအေးပုလင်းနဲ့ဖိထားလိုက်သည်။

ပြီးတော့ နေရာမှထရပ်လိုက်ပြီး အိတ်ကို ကောက်ယူကာ ...

“ကျွန်မ ပြောခဲ့သမျှတွေ .. ပြီးတော့ ကျွန်မရဲ့ ဆိုလိုရင်းကို သဘောမပေါက်တဲ့အတွက် ဆက်ပြောဖို့တော့ မလိုတော့ပါဘူး ..၊ ဒါပေမယ့် ကျွန်မ စလိုက်တဲ့စကားကိုတော့ ဆုံးတဲ့အထိ ပြောချင်တယ်..”

သော က ပိုက်ဆံအိတ်ကို ဘောင်းဘီနောက်ထဲ ပြန်ထည့်လိုက်ပြီး နေရာမှ ထရပ်ကာ ...

“ဆောရီးပဲ .. ငါ ငယ်ငယ်တည်းက အမေက အိပ်ရာဝင်ပုံပြင်တွေ ပြောမပြခဲ့လို့ ထင်တယ် .. ပုံပြင်နားထောင်တာ ဝါသနာမပါဘူး..”

“ကျွန်မကလည်း ပုံပြောမလို့ မဟုတ်ဘူး သော .. သူများစကားကို ဆုံးအောင်နားမထောင်ဘဲ ထင်ရာဆွဲတွေးပြီး ဒေါသထွက်တတ်တဲ့ ရှင့်ကို ကျေးဇူးရှိခဲ့ဖူးတာလေး ရှေ့ထားပြီး ပြောပြသွားလိုက်မယ် ..၊ လူကြီးတွေရဲ့ရန်ငြိုးက လူကြီးချင်း ဖြေရှင်းသွားကြတာ ဆင့် သေသွားခဲ့တဲ့ ပြဿနာမှာ ရှင် တရားခံပဲဆိုတာ ရှင်ကိုယ်တိုင် ကျွန်မရှေ့မှာ ဝန်ခံသွားတော့ ...”

“ဝန်ခံခဲ့တာ မဟုတ်ဘူး .. စိန်ခေါ်တာ ..”

“ဟုတ်တယ် .. အဲဒါကြောင့် ရှင်နဲ့ ဦးပြည့်သျှင် လည်း အရှင်ပုံစံတွေအတိုင်း ထိပ်တိုက်တွေ့ဖို့ ရှင် ကြိုးစားတာပဲ ..၊ ဒါပေမယ့် အခု



www.burmeseclassic.com

www.burmeseclassic.com



ဦးပြည့်သျှင် က ဥပဒေဆောင်ထဲကို ခြေတစ်ဖက်နင်းလာပြီ ...၊ ရှင့်မှာ ရှိတဲ့ တော်သင့်ကောင်းမွန်သော အရည်အချင်းတွေနဲ့ ဖြေရှင်းလို့ မရတော့ဘူး .."

"ဘယ်သူ ပြောတာလဲ .."

"ကျွန်မ ပြောနေတာ .."

"သဒ္ဓါပိုမို .."

"ဒီမှာ သော .. သူ့ကို ရှင် ကြိုက်သလို သတ်ပစ်လို့ရတယ်ပဲထား .. အဲဒါ အောင်မြင်တာ မဟုတ်ဘူး ..၊ ကျွန်မက သူ့ဘက်ဂ အကျိုးဆောင်အဖြစ် ရပ်တည်ခဲ့တာ အမှန်တရားကို သိချင်လို့ ..၊ သုံးပွင့်ဆိုင် ဘာတွေ ဖြစ်ခဲ့ဖြစ်ခဲ့ ဘယ်သူပဲ မှားနေနေ ဦးပြည့်သျှင် ဘက်မှာလည်း အမှန်တရား တစ်ခုခု ရှိတယ် ..၊ ကျွန်မ ဖော်ထုတ်ချင်တာ အဲဒါ .."

မို့ စကားသံလေးတွေက ထိန်းချုပ်ပြောနေတာပေမယ့် တင်းေ ပြတ်တောက်နေခဲ့ပြီး ...

"အဲဒီအတွက် ရှင် ကြိုက်သလို ထင် .. ကျွန်မ လုပ်နေတာ ကျွန်မ ရည်ရွယ်ချက်နဲ့ ကျွန်မ ရှိတယ် .."

"မင်းရည်ရွယ်ချက်က ဒီလူကြီးနဲ့ပဲ ပတ်သက်နေတာ အံ့ဩစရာပဲ .."

"ဒါကတော့ မှောင်ရိပ်ထဲက တယ်သူဘယ်ဝါတွေကို ကျွန်မမှ သုံးသပ်လို့ မရဘဲ .. အလင်းရောင်ထဲ ထွက်လာတဲ့ပုဂ္ဂိုလ်ကိုပဲ မြင်တာ အံ့ဩစရာ မရှိပါဘူး ..၊ သူ ဒီအမှုကိုဖွင့်တော့မယ်လို့ ကြေညာထားတယ် .. အားလုံး သိနေကြတာဆိုတော့ ဦးသူရဲကောင်း ဘက်က သက်ဆိုင်သူတွေ ကြားမှာပါ ..၊ ခုချိန်ထိ ဘယ်သူမှထွက်မလာကြတာတော့ ကျွန်မလည်း မသိဘူး .."

သော မျက်နှာ တင်းခနဲ ဖြစ်သွားသည်။





မို က သူမတို့ကို လူတွေ သတိထားမလားဆိုသည့် စိုးရိမ်စိတ်နှင့် ဆိုင်ထဲကို မျက်လုံးဝေ့ကြည့်ပြီးမှ ...

"ခြံနဲ့တိုက်ကို ဘယ်သူ ဝယ်ခဲ့တာလဲ ..၊ ဂရန်အမည်ပေါက်လား.. မပေါက်ဘူးလား ..၊ ပေါက်ခဲ့ရင် ဘယ်သူ့နာမည်နဲ့လဲ ..၊ မပေါက်သေးဘူးဆိုရင် အက်(စ်)ပီ သက်တမ်းတိုးနေတဲ့သူ ဘယ်သူလဲ ..၊ ဝယ်တဲ့သူ.. အက်(စ်)ပီ ယူထားတဲ့သူ .. အဲဒီလူတွေ သက်ရှိထင်ရှား ရှိသေးသလား..၊ ခရှိတော့ဘူးလား .."

စိတ်တွေတိုနေပေမယ့် မို က ဒေါသအလျောက် ပြောသည့်စကားတွေကိုလည်း မမှားအောင် ထိန်းချုပ်ရင်း ...

"ဒါတွေက ဒီလိုအမှုမျိုးအတွက် ဖြစ်ရိုးဖြစ်စဉ်တွေ ..၊ ဦးပြည့်သျှင်နဲ့ ဒီအမှုက ဖြစ်ရိုးဖြစ်စဉ် မဟုတ်ဘူး .. ဦးသူရဲကောင်း ဘက်မှာ ဒါကို ရင်ဆိုင်ဖို့ .."

"သဒ္ဓါပိုမို .. မင်းက ရှေ့နေဆိုပေမယ့် မင်း အရမ်းကြိုးစားပြီး ရှာဖွေ စုဆောင်းထားရတဲ့ တွေးခေါ်ချက်တွေအတွက် ငါက ခုတစ်ခါတည်း အဖြေပေးသွားနိုင်တယ် ..၊ ဒီလူကြီး မင်းတို့ကို အရူးလုပ်တာ.."

"ဘာ!..."

"ဟွန်း .."

သော ၏ ခပ်ချဉ်ချဉ်မဲ့ပြုံးတွေကို အစကအတိုင်း မျက်နှာပေါ်မှာ မြင်လာရ၏။

"သူလိုချင်တာ အိမ်ခြံမြေ မဟုတ်ဘူး .. တရားသူကြီး ရှေ့ကိုလည်း ဘယ်တော့မှ လာမှာ မဟုတ်ဘူး .."

မို က နားထောင်နေ၏။ ဒါပေမယ့် သော က ဆက်မပြောဘဲ လှည့်ထွက်သွားလျှင် ...

"ရှင့်စကား မဆုံးသေးဘူး ထင်တယ် .."

သော ခြေလှမ်းတုံ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ခပ်ဖြည်းဖြည်း လှည့်ကြည့်ကာ …

"မင်းက သနျောတော်ပေမယ့် မေးခွန်းတိုင်းကို နားလည်ဖို့တော့ လိုသေးတယ်.. မင်း ရှုပ်ထွေးစွာ ဖတ်ရှုနေတဲ့ မေးခွန်းကို ငါပြောပြတာလေ …၊ ကိုယ့်ဘာသာ အဖြေရှာပေါ့ .."

ဒေါသနှင့် လှမ်းခဲ့သည့်ခြေလှမ်းတွေက ကားပေါ်ရောက်လာတဲ့ အထိ ဦးတည်ချက် မဲ့နေဆဲ ဖြစ်ခဲ့၏။

ဦးပြည့်သျှင် ကို သူ စိန်ခေါ်ခဲ့သည်။ သူ့ဘာသာ အက်ဆီးဒင့်ကြောင့် သေဆုံးခဲ့သည့် ဆင့် ကို ကိုယ် သတ်ခဲ့သလို ပြော၍ နှီးဆွစိန်ခေါ်ခဲ့တာ သူ …၊

ဦးပြည့်သျှင် ဘာဖြစ်လို့ သူ့ကိုပဲ ရှောင်ကွင်းပြီး တလွဲပစ်မှတ်တွေချည်း ချိန်နေခဲ့တာလဲ …၊ ဒါမှမဟုတ် သူ့ကို အရေးထားစရာ လူတစ်ယောက်လို့ကို မမြင်ခဲ့တာလား …၊

သို့တည်းမဟုတ် ကိုယ်တိုင် သူ့ရှေ့က ပြေးဝင်ပြီး ရင်ဘကို ဓားနဲ့ ထိုးရမယ့် အခြေအနေထိ ဖြစ်လာစေချင်သည်လား …၊

ဘာပဲဖြစ်ဖြစ် ယုတ်မာစွာ အောင်နိုင်ခဲ့တဲ့ ခင်ဗျားကြီးရဲ့ မာတိကာ ပြီးသွားပြီ ဦးပြည့်သျှင် …၊

'ဒီတစ်ခါ ကျူပ်အလှည့် ..'





## အခန်း (၄၆)

"ဒီတစ်ခါ မရတော့ဘူး …၊ နင့်ကို ဘယ်သူမှလည်း လာမကယ်တော့ဘူး .."

ကြွက်သတ်ဆေးနဲ့ဖျော်ထားသည့် ကော်ဖီကို ကိုင်ရင်း ဘဒ္ဒါ က ရှေ့တိုးလာသည်။ ကြမ်းပေါ်မှာ ငုတ်တုတ်ထိုင်ပြီး ဘာလုပ်နေမှန်းမသိသော ဦးဆောက်ဗန်း အလန့်တကြား ထရပ်လိုက်ကာ …

"နင် .."

"ဟုတ်တယ် .. နင့် သေမင်း …၊ ငါ့လက်နဲ့ မသေချင်ရင်လည်း နင့်နောက်က ပြတင်းပေါက်ကနေ ခုန်ချလိုက်စမ်း .."

"မဒါ .."

"နင်က ဘာလာလုပ်တာလဲ .."

ယက္ခ ရှေ့တိုးဖို့ ပြင်လိုက်တာနှင့် ဘဒ္ဒါ က သူ့ပခုံးအကျီစကို ဆောင့်ဆွဲထားလိုက်ကာ …

"ခုနေ သော ကိုယ်တိုင် ဝင်လာရင်တောင် ငါ လက်လွှတ်မှာ မဟုတ်ဘူး ယက္ခ .. နင် ခုချက်ချင်း ထွက်သွားစမ်း .."

"လေသံကို ပြင်လိုက်ပါဦး .. ယက္ခ ဆိုတဲ့ကောင်က မဒါ ဒီလို ဆက်ဆံရမယ့်ကောင်မျိုး မဟုတ်ဘူးဆိုတာ မမေ့တတ်ရင် ပြန်စဉ်းစား.."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!... ပြောတယ်.."

"အခြေအနေတွေအားလုံး ပွထကုန်ပြီ .. အပေါ်ရေကြည်လေးကို လိုချင်ရင် ရေနောက်အောင် လုပ်လို့မရဘူး ..၊ ရေနောက်သွားပြီဆိုရင်လည်း အပေါ်ရေကြည်တက်လာအောင် အချိန်ကို မစောင့်လို့ မရဘူး..၊ လုပ်ချင်သလိုလည်း လုပ်မယ်ဆိုရင် ဖြစ်ချင်သလိုဖြစ်လာမှာတွေကို မဒါ လက်ခံနိုင်မလား .."

"လက်ခံနိုင်နိုင် မနိုင်နိုင် ဖြစ်လာတာတွေကို မင်း တားဆီးနိုင်လို့လား ..၊ ငါ ထိန်းချုပ်နေတော့ရော အခု ဖြစ်မလာခဲ့လို့လား ..၊ ဟိုအဘွားကြီး သေပြီ .. ဟိုသတ္တဝါက တရားစွဲနေတယ် ..၊ ငါတို့မှာ လက်ရှိပိုင်ဆိုင်သူဖြစ်ကြောင်း ဘာသက်သေ အထောက်အထားမှ မရှိတော့ဘူး.."

"အဲဒါတွေ ခုလို ဆိုးဆိုးဝါးဝါး ဖြစ်ကုန်တာလည်း မဒါ အပြောအဆို မဆင်ခြင်တာတွေပဲ ..၊ အခု ခြံစောင့်က သစ္စာဖောက်တယ် ..၊ သူ့ရဲ့ကောင်း ဘက်က စာချုပ်မှာပါခဲ့တဲ့ ရှေ့နေတွေ ဘယ်သူ့မှ ရှာမရဘူး .."

"အဲဒီတော့ ငါက တိုင်နဲ့ ခေါင်းနဲ့ ပြေးတိုက်ရတော့မလား .."

"တိုက်ချင်လည်း တိုက်လိုက်တော့ .. မဟုတ်ရင်လည်း အခု ကြံစည်ထားတာတွေကို လျှော့လိုက်ပါ ..၊ မဒါ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်ဖြစ် ဆိုရင်လည်း ကျွန်တော်က ပြည့်သျှင် ကို ထိပ်တိုက်တွေ့ချင်တာ မဟုတ်ဘူး .."

"မင်းမှ သတ္တိမရှိဘဲ .."

"ထားလိုက်ပါ .. မဒါ ဘာပဲလုပ်လုပ် သူ့ကို မကျော်နိုင်တဲ့အမှန်းတွေကြောင့် ကျွန်တော် မဒါ ကို အားပေးကူညီနေခဲ့တယ် ..၊ ကျွန်တော်တို့နှစ်ယောက် လက်တွဲပူးပေါင်းဖို့လည်း မျှော်လင့်ခဲ့တယ် ..၊ ဒါပေမယ့် မဒါ က လက်တွဲချင်တာ မဟုတ်ဘူး .. လိုသလို အသုံးချရုံပဲ ကျွန်တော့်ကို .."





"မင်း ကော်တော် အသုံးမကျပါလား ယက္ခ .. ငါက ခေါင်းကိုမှန်းပြီးမှ ဂုတ်လောက်နဲ့ ကျေနပ်ရမလား..၊ ငါ တစ်ဘဝလုံး ရှုံးသွပ်လာခဲ့တာ ခုချိန်ထိ ဖြေဆေး မရှိသေးဘူး .. မင်းမို့ ပြောရက်တယ် .."

"ဩော် .. ဩော် ..."

"အေး .. အမှန်တရားကတော့ နားဝင်မချိုဘူး .. ဒါပေမယ့် နားထောင်ဦး..၊ ငါ မင်းကို ခိုင်းစေ အသုံးချခဲ့တယ်ဆိုရင်တောင် မင်း လိုချင်တာ ရခဲ့တာပဲ..၊ ဒီထက် ဘာဖြစ်လို့ လောဘကြီးရတာလဲ..၊ ငါ့ကို မှန်းမယ့်အစား ဆရာကတော်လို့ ခေါ်တတ်အောင် မင်း ကျင့်ရမှာ .."

ဘဒ္ဒါ က ယက္ခ ဘာဖြစ်နေနေ ဆတ်ခနဲ မျက်နှာလွှဲ၍ ဦးဆောက်ပန်း ကို ကြည့်သည်။ သူတို့နှစ်ယောက်ကို အငေးသား ကြည့်နေသည့် ဦးဆောက်ပန်း က ဘဒ္ဒါ သူမဘက်ကို လှည့်ကြည့်လိုက်သည်နှင့် ခြေလှမ်း နောက်ဆုတ်သွား၏။

ပြတင်းပေါက်က သူမကျောနောက်မှာ မထိတထိ အကွာအဝေး..

"ဒါကို သောက်မလား .. အဲဒီကနေ ငါ တွန်းချလိုက်ရမလား.."

"မလုပ်နဲ့ .. ငါ ကြောက်တယ် ..၊ ငါ့ကို တွန်းမချနဲ့နော် .."

"ဒါဖြင့် ဒါကို သောက်လိုက် .. ကော်ဖီပဲ .."

ကော်ဖီ ဆိုတော့ ဦးဆောက်ပန်း ငြိမ်သွားသည်။ ပြီးတော့ ကော်ဖီခွက်ကို ကြည့်၏။ အနားမှာ ယက္ခ မရှိတော့ပေ ..၊ ငုံ့စောင်းကြည့်ပြီး ဘဒ္ဒါ မဲ့မိသည်။

သင်းကများ မှန်းသေးတယ် မတန်မရာ ..၊

"အဲ.. အဲ့ဒါ သောက်မယ် .. ငါ ဆေးတွေနဲ့ မသောက်ဘူးနော်.."

"ဟွန်း .. နင့်ကို ဘာဆေးများ တိုက်ရဦးမှာလဲ ..၊ ပူမနေနဲ့ .. ဒါသောက်ပြီး နင် အိပ်မက်လှလှတွေနဲ့ တစ်လောကလုံးကို ထာဝရ မေ့သွားမှာ .."

ဦးဆောက်ပန်း ခေါင်းညိတ်ပြီး ရှေ့ကို တစ်လှမ်းတိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဒ္ဒါ နှစ်လှမ်းတိုးပြီး ကမ်းပေးလိုက်တော့ ကော်ဖီခွက်က လက်ပြောင်း ရောက်ရှိသွား၏။

သောက်လိုက်တော့ ဦးဆောက်ပန်း …။

တောက်လောင်နေသည့် ဒေါသ မောဟတွေကြားကနေ ပြုံးလိုက်မိသည်။ အခန်းထဲမှာ ကြွက်ကိုက်ရာတွေ ဖြစ်နေအောင် ဖန်တီးမည်။ ကြွက်ပေါလွန်းလို့ ကြွက်သတ်ဆေးချထားရတာမျိုး သရုပ်ပေါ်သွားလိမ့်မည် …။ ထိုအခါ အရှုံးက ဒါတွေ ကောက်စားမိပြီး သူ့ဘာသာ ကိစ္စချောသွားတာမျိုး …။

"ခွမ်း .."

"အမလေး!…"

"ဒေါက် .."

ကော်ဖီခွက်ကို တစ်စုံတစ်ခုက ပစ်ခွင်းသွားသည်နှင့် ဦးဆောက်ပန်း လန့်အော်ကာ နားနှစ်ဖက်ကို ပိတ်ပစ်ပြီး ဆောင့်ကြောင့်လေး ထိုင်ကျသွား၏။

ကြမ်းပေါ် ပြုတ်ကျသွားသည့် ကြွေမတ်ခွက်ကွဲစများနှင့် ဖုန်းကို ကြည့်ကာ ဘဒ္ဒါ မျက်လုံးတွေ မီးဝင်းဝင်းတောက်၏။ ဆတ်ခနဲ လှည့်ကြည့်လိုက်တော့ သော က တစ်လှမ်းချင်း ဝင်လာနေကာ …

"မေမေ ကျွန်တော့်အခန်းထိ လိုက်တက်လာတယ် .."

"သော .."

"ကျွန်တော့်မှာ မေးစရာတွေရှိတယ် မေမေ .. ကျွန်တော် ပြန်လာတာ ဒါကို အချိန်မီတားရဖို့ မဟုတ်ဘူး …၊ ဒါပေမယ့် အချိန်မီ တားနိုင်အောင် ကျွန်တော့်အာရုံတွေက ပြန်နိုးနေသလိုပဲ …၊ မေမေ ဘာတွေခံစားနေရတယ်ဆိုတာ ပြောပြစမ်းပါ …၊ လုပ်သင့်နေပြီဆိုရင် အခေါ်ပဲ ဖြစ်ဖြစ် ငရဲပဲကြီးကြီး ခုချက်ချင်း မေမေ့ရှေ့မှာ ကျွန်တော် ရိုက်သတ်ပေးမယ် .."





"မလိုဘူး.. ငါ မလိုဘူးလို့ မင်းကို ပြောပြီးပြီ သော.. မင်း ခု ထွက်သွား .. မသွားရင်လည်း ငါ သွားမယ် …၊ အေး .. ဒါပေမယ့် တစ်ခုတော့ ပြောခဲ့မယ် .. ဦးဆောက်ပန်း ဆိုတဲ့မိန်းမ ငါ့လက်နဲ့ပဲ သေရမယ် .."

"ဦးပြည့်သျှင် ကိုရော .."

"မင်းလက်နဲ့ သတ်ရမှာ .."

"ဘာက အရေးကြီးသလဲ မေမေ .. မေမေ့အတွက် အဓိက အကျဆုံးက ဘာလဲ .."

"ငါ့အတွက် အဓိကအကျဆုံးက ဦးဆောက်ပန်း …၊ မင်းအတွက် အရေးကြီးဆုံးက ပြည့်သျှင် .."

"အဲဒီလို ခေါင်းစဉ်ကြီးတွေ ရှိနေခဲ့ရင် အစက ဘာဖြစ်လို့ ကျွန်တော့်ကို မပြောခဲ့တာလဲ …၊ ရန်သူကိုလည်း ချေမှုန်းရမယ် .. မင်းအဖေကိုလည်း သတ်ရမယ်ဆိုတာ .."

"ဦးဆောက်ပန်း ကို သတ်ဖို့က ငါ့အတွက် ခေါင်းစဉ်မဲ့စွာ ပြီးပြည့်စုံနေတဲ့ ဂန္ထဝင်ဓာတ်လမ်းတစ်ပုဒ်ပဲ .."

"ဂန္ထဝင်တွင်ခဲ့တဲ့ အရာရာတိုင်းမှာ ခေါင်းစဉ်ရှိတယ် မေမေ .. ဒေါ်ဒေါ်ဦး ကို သတ်ဖို့ ပြင်းပြနေတဲ့ မေမေ့ရင်ထဲက ဘာမှန်းမသိတာတွေကို မပြောနိုင်ဘူးဆိုရင် ထားလိုက်ပါ .. အခု ကျွန်တော် သိချင်တာက 'အသူရာ'ခြိကိစ္စပဲ .."

ဘဒ္ဒါ မျက်ခုံးနှစ်ဖက် ဆတ်ခနဲ ကျုံ့သွားသည်။ သိသာစွာ ပျက်ယွင်းသွားသည့်မျက်နှာက သော ကို စေ့စေ့ကြည့်ရင်း အေးစက်စက်ပြောင်းသွားခဲ့ပြီး …

"ဘာဖြစ်လဲ ဆက်ပြောလေ .."

"မေမေ ပြောရမှာ မဟုတ်ဘူးလား .."

"ဘာကို ပြောရမှာလဲ .. အသူရာခြံက ပြည့်သျှင်ရဲ့ခြံပဲ …၊ မင်းအဖေက ဝယ်ထားခဲ့တယ်.. အဲဒါကြောင့်ပဲ ပြည့်သျှင် က အမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com



စွပ်စွဲပြီး မောင်နှမနှစ်ယောက်လုံးကို ရက်ရက်စက်စက် မီးရှို့သတ်ပစ်ပါ တယ်လို့ မင်းကို ဒါတွေပဲ တစ်သက်လုံးက ပြောပြလာတာ .."

"တစ်သက်လုံး မပြောဘဲ ထားခဲ့တာ မရှိခဲ့ဘူးပေါ့ .."

"အို .. ပြောသင့်တာ ပြောခဲ့တာပဲ .. မင်း မှတ်ထားရမှာက ပြော တာကို မှတ်ထား .. မပြောဘဲ ထားတာကို မမေးနဲ့ .."

"စက်ရုပ်တွေတောင် မျက်ရည်ကျတတ်နေပြီ မေမေ.. ကျွန်တော် မနေ့တစ်နေ့ကမှ ပုခက်ထဲက ဆင်းလာတာ မဟုတ်ဘူး .. ဒါပေမယ့် မေမေက မပြောခဲ့တဲ့စကားကို ဘယ်လိုမေးမေး ပြောမှာမဟုတ်မှန်း ကျွန်တော် သိပါတယ် ..၊ ထားလိုက်ပါ .. နောက်ထပ် ဘာတွေရှိလာလာ မေမေ့ဆီကနေ သိရဖို့ ကျွန်တော် မကြိုးစားတော့ဘူး .."

"သော .. မင်း လုပ်ပြန်ပြီလား .."

ဦးဆောက်ပန်း ရဲ့လက်ကို ဆွဲကိုင်လိုက်တာနှင့် ဘဒ္ဒါ ဇွေ့ဇွေ့ခုန် မတတ် ဖြစ်သွားသည်။ ထို့ပြင် ထိုလက်ကို ဖြုတ်ချပစ်ဖို့ လက်ပြင်လျှင်—

"မလုပ်ရဘူး မေမေ .. နောက်ထပ် မေမေ ဒီလိုလုပ်ခွင့်သာအောင် အခွင့်အရေးလည်း ထပ်မရတော့ဘူး .."

"ဘာ!... ပြောတယ် သော .."

"ဒေါ်ဒေါ်ဦး ကို ဒီမှာ မထားတော့ဘူးလို့ ပြောတာ .."

"ဘာ!..."

အသံက စူးရှ ကျယ်လောင်သွားသည်။ လက်သီးနှစ်ဖက်ဆုပ်၍ တအားအော်လိုက်သဖြင့် ငုတ်ကုတ်ထိုင် နားပိတ်ထားသည့် ဦးဆောက် ပန်း ပခုံးတွေ ထပ်ကျုံ့သွားကာ မျက်နှာကို ပျောက်ကွယ်မတတ် ငုံ့ချ ပစ်၏။

ထိုအခါ သော ကိုင်ထားသည့်လက်ကို ဖြုတ်ခါချလိုက်သလို ဖြစ် သွားကာ သူမသည် အဝတ်ထုပ်ဟောင်းတစ်ထုပ်လို ပုဝပ်နေလျက် သော ခါးမတ်မတ် ပြန်ဖြစ်သွားသည်။





ဘဒ္ဒါ နဲ့ မျက်နှာချင်းဆိုင်ပြီးသား ဖြစ်သွားခဲ့လျှင် ...

"အေး .. ငါပြောပြမယ် .. မင်းအဖေက သူ့ညီမသာ သူ့ဘဝ သူ့ ကမ္ဘာထင်ပြီး ငါ့ကိုတော့ ချောင်ထိုးထားခဲ့တာ .."

မဟုတ်တဲ့စကားတွေကို ပြောတာပေမယ့် ရင်ထဲမှာ အချစ်အမုန်း တွေနဲ့ ပြည့်သိပ်နေသည်မို့ အခြေအနေတိုက်ဆိုင်မှုတို့က ဘဒ္ဒါ အတွက် အသာစီး ..၊

"ခြံဝယ်တာတွေ .. သူ ဘယ်လောက်ချမ်းသာတာတွေ .. ဘာတွေ စုဆောင်းမိထားတာကအစ ငါ့ကို ဘာမှ အသိမပေးခဲ့ဘူး ..၊ မင်းကို ကိုယ်ဝန်ရှိတော့ ပြည့်သျှင် နဲ့ သူ့ရဲ့ အမုန်းရန်ငြိုးတွေရယ် .. ပြည့်သျှင် နှိပ်စက်ယုတ်မာနေတဲ့ ဦးဆောက်ပန်း ရယ်ကြားမှာ ငါ့ကိုတော့ ဥပေက္ခာ တွေနဲ့ ထားခဲ့တာ .."

စီးစွတ်လာသော မျက်ရည်တို့သည် ပြည့်သျှင် ၏ တစ်စက်လေးမှ နုညံ့ပျော့ဝင်ခြင်း မရှိခဲ့သော မျက်နှာနဲ့ စကားလုံးကြမ်းကြမ်းတွေကို တွေးမိတာကြောင့် ချက်ချင်း ပြည့်လျှံတက်၏။

ထိုမျက်ရည်နဲ့ မျက်ဝန်းတို့ကို သော က အဓိပ္ပာယ်လွဲမှားစွာ ဖတ် ရှုနေခဲ့လျက် ...

"ဒေါ်မေယု ဆိုတာကရော .."

"သူတို့မောင်နှမရဲ့ အထိန်းတော်လေ .. မင်းအဖေ ငါ့အပေါ် ရက် စက်ခဲ့တာတွေကို တွေးကြည့်စမ်း..၊ သူ့ရဲ့ပိုင်ဆိုင်မှုတွေ အားလုံးကို မိန်းမ တစ်ယောက်လုံးကို ကျော်ပြီး အဲဒီ အထိန်းတော်လက်ထဲ ထည့်ခဲ့တာ.."

ဖေဖေ့ကိုပါ စိတ်နာခြင်းအမှတ်ဖြင့် ပြနေသော မေမေ့ရဲ့ နှလုံး သား ဂရပ်ဖ်ပေါ်က အနီရောင်အမှတ်သားတို့ကို သော က နားလည်ဖို့ ကြိုးစားနေခဲ့၏။

ဒါပေမယ့် ဖေဖေ့ကို တသသ လွမ်းမောခြင်းတွေပဲ မေမေ ပြော နေခဲ့တာ တစ်လျှောက်လုံး ...



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ခုကျမှလဲ ...၊

"သူ့ညီမက အားလုံးထက် အရေးပါဆုံး ... သူ့ဘဝ သူ့ကမ္ဘာ သူ့အသက်ရှင်သန်ခြင်းရဲ့ တစ်စိတ်တစ်ပိုင်းပဲ ...၊ အခု ဒေါ်မေယု က သေသွားပြီ ...၊ ပြည့်သျှင် နဲ့ ရင်ဆိုင်ယှဉ်ပြိုင်ရဖို့တွေ ပေါ်လာကာမှ ..."

ဘဒ္ဒါ ဆက်မပြောနိုင်တော့ဘဲ မျက်ဝန်းတွေက ကြမ်းပေါ်မှာ အပြန့်လိုက်ရှိနေသည့် ပုံတူရေးထားသော စာရွက်ပြန့်ပြန့်ထက်မှာ စူးစိုက်သွား၏။

သော ရဲ့အကြည့်တွေပါ ထိုဆီ ရွေ့လျားသွားခဲ့လျှင် ပုံတူကြောင့် အံ့သြခြင်းတွေ ကိုယ်စီ ဖြစ်သွားကြ၏။

ဒါ ... ပြည့်သျှင် ရဲ့ပုံတူပဲ ...၊

မဟာနဖူးပြေပြေ ... မျက်ခုံးတန်းတို့ ထင်းနေလျက် ...၊ ပေါ်လွင်နေသည့်နှာတံက မဟာနဖူးနှင့် လိုက်ဖက်တင့်တယ်နေသည်။

မေးရိုးကျပုံနှင့် နှုတ်ခမ်းပုံ မသိမသာလေး လွဲချော်နေတာ ရှိပေမယ့် ဘယ်သူ့ပုံဆိုတာ တန်းခနဲ သိနိုင်လောက်အောင် လက်ရာမြောက်၏။ ပြီးတော့ ပြည့်သျှင် ပုံကို ဆွဲထားပေမယ့် သောမှာ နာမည်ထိုးထားတော့ ကိုကို ...၊

ကိုကို ဆိုတာ သူ့ရဲကောင်း ကို ခေါ်တာမှန်း သော က မသိပေ...၊ ထို့ကြောင့် ...

ပြည့်သျှင် ကို ခေါ်နေသည့်နာမ်စားပဲ ထင်သွားကာ ဒီလောက်ထိ စွဲလမ်းနေသင့်တဲ့လူမို့လို့လားဆိုသော ဒေါသက မျက်နှာပေါ် ဖြတ်ပြေးသွားသည်။

ဟင်!...

ဦးဆောက်ပန်း မျက်ရည်သုတ်ရင်း မော့လာလျှင် ဒီပုံကို သူတို့ ကြည့်နေမှန်း သိသွားကာ ကမန်းကတန်းကောက်၏။ လက်ဖဝါး နှစ်ဖက်ထဲမှာ လုံးထွေး ဆုပ်ချေပစ်လိုက်ပြီး ...





"ဘာမှမဟုတ်ပါဘူး ... ငါ ... ငါ့ကို မသတ်ပါနဲ့ ..."

စာရွက်လုံးကို ကိုင်ရင်း ထိုင်ရာမထဘဲ သော ရဲ့ခြေထောက်နားဆီကို တိုးကပ်သွားပြီး အကာအကွယ်ယူသည်။

"တွေ့လား မင်းအဒေါ် ... လူကသာ ရူးနေတာ ... ဟိုလူယုတ်မာကို ဘာန်းတန်းစွဲနေတုန်း ..."

ဘဒ္ဒါ ရဲ့ ဒေါသတွေကို ဘယ်က အခြေပြု၍ ဘယ်ဆီကို ဦးတည်နေမှန်း ဆုပ်ဖမ်း မရတော့ပါ ...။

"မင်း ငါ့ကို အဲဒီလိုမျက်လုံးနဲ့ မကြည့်နဲ့ ...၊ လူတစ်ယောက်ကို သတ်ပစ်ချင်လောက်အောင် မုန်းရတဲ့အမုန်းမျိုးဖြစ်ဖို့ ... အဲဒီလူဘက်က ဘာရှိခဲ့လဲဆိုတာ မလိုဘူး ... ကိုယ့်ဘက်မှာ ဘာဖြစ်ကျန်ခဲ့သလဲ ဆိုတာနဲ့ပဲ ဆိုင်တယ် ...၊ မင်း နားလည်နိုင်ပါတယ် သော ... တစ်ယောက်ကို တစ်ယောက်က မုန်းဖို့အတွက် ဘဲ့လဲ့(နှစ်)ဖြစ်ဖို့ မလိုဘူး ..."

"ထားလိုက်ပါလို့ ကျွန်တော် ပြောသားပဲ ... ဒေါ်ဒေါ်ဦး ကို မေမေ မုန်းရခြင်းအကြောင်း ကျွန်တော် မမေးတော့ဘူး ... ဖြစ်ဖို့ရှိနေတဲ့ အမှုကိစ္စတွေအကြောင်းလည်း ..."

"အမှုကိစ္စတွေကို မင်း ဒီ့ထက်သိချင်သေးရင်လည်း မေမေ ဘာမှ ပြောပြနိုင်မှာ မဟုတ်ဘူး ..."

နူးညံ့မှုတချို့ ပြန်ပေါ်လာသည့် ဘဒ္ဒါ ထံမှ စကားသံတွေကလည်း ချိုသာသယောင် ရှိခဲ့ပြီး ...

"မေမေက ပြိုင်ဘက်မရှိပေမယ့် မင်းအဖေရဲ့ မယားသီနေရာကိုလည်း မရခဲ့တဲ့သူ ...၊ အဲဒါကြောင့် သူနဲ့ပတ်သက်လာတိုင်း မေမေ့မှာ ဘယ်လိုကြိုတင်ပြင်ဆင်မှုမှ မရှိခဲ့ဘဲ ရင်ဆိုင်နိုင်အောင် ကြိုးစားနေခဲ့ရတယ် ...၊ သူ့အတွက် နာကြည်းလွန်းလို့ ဘဝကိုပုံပြီး ကလဲ့စားချေဖို့ ကြိုးစားနေခဲ့တဲ့မိန်းမက သူ့အတွက်ကတော့ တန်ဖိုးမဲ့ပါ"

မိဘတို့၏ အတိတ်ဇာတ်ကြောင်းတွေ တစ်ရစ်ပြီးတစ်ရစ် တက်



www.burmeseclassic.com

ဘ်တိုင်း နာကြည်းရမယ့်သူတွေ တိုးပွားလာသလိုလို ..၊ စာနာသင့်သည့် လူတွေ များပြားလာသလိုလို ..၊

သော မျက်နှာမှာ နာကျင်မှုတွေသာ တိုးပွား ရှုပ်ထွေးလာခဲ့ပြီး...

"ကျွန်တော် သိထားတာတွေနဲ့ ထပ်သိရတာတွေ ခေါင်းထဲမှာ ဘာမှ အစီအစဉ်မကျတော့ဘူး မေမေ ..၊ ကျွန်တော် မေမေ့ဆီက ဘာမှ ထပ်မသိချင်တော့ဘူး .."

"ဘာ!..."

အပျော့ဆွဲ ဆွဲကြည့်ဖို့ စိတ်ကူးတော့လည်း မအောင်မြင် ..။

သော က ဦးဆောက်ပန်း လက်လေးကို ငုံ့ဆွဲခေါ်ရင်း ထွက်သွားဖို့ ခြေလှမ်းပြင်၏။

"မင်း ဘယ်မှမသွားရဘူး သော .."

"သွားမှဖြစ်မယ် မေမေ .. ဒီလောက်ထိ လုံလောက်အောင် မုန်းပြနေတာ ဒေါ်ဒေါ်ဦး ကို မေမေ့နားမှာဆက်ထားဖို့ ဘယ်လိုမှမဖြစ်နိုင်ဘူး"

"သော .. ငါက မင်းအမေ နော် .."

"ကျွန်တော့် အဒေါ်ရင်းဖြစ်နေတဲ့ ဒေါ်ဒေါ်ဦး ကလည်း ဖေဖေ ချစ်ခဲ့တဲ့ ညီမတစ်ယောက်ပါ .."

"ဩော် .. ဩော် ... မင်းက မင်းအဖေ အရေးပေး အလိုလိုက်လွန်းလို့ ငါက မုန်းပါတယ်ပြောကာမှ မင်းဘက်က ချစ်ရခြင်းအကြောင်းတွေနဲ့ ကွန်ပလိန်းတက်တာကိုး .."

"တစ်ခုတော့ မေမေ ပြောပြပါ ..၊ ဖေဖေတို့ရဲ့ အထိန်းတော်ဆိုတဲ့ ဒေါ်မေယု ဘယ်မှာ နေခဲ့တာလဲ .."

"ဘယ်မှာနေနေ အခု မရှိတော့ဘူး .."

မေမေ့ဆီက ဘာမှ ထပ်ကြားရတော့မှာ မဟုတ်တော့မှန်း သူ နားလည်လိုက်သည်။ ထို့ကြောင့် ဦးဆောက်ပန်း လက်ကိုဆွဲ၍ သူ ထွက်လာခဲ့၏။ သို့သော် ...





"အေး .. မင်းက မင်းအမေစိတ်ကို စမ်းတာကိုးကွ ..၊ လုပ်လေ.. ငါ့ဘဝကို ပြာပူမိုး .. မီးမိုးရွာသလို တစ်စက်မှ ငြိမ်းချမ်းမှုမပေးခဲ့တဲ့ အဲဒီ ဦးဆောက်ပန်း ဆိုတဲ့ မိန်းမ .."

ဦးဆောက်ပန်း တုန်ခနဲ ဖြစ်သွားပြီး ခြေလှမ်းရပ်သွားခဲ့လျှင် သော ပါ ရုတ်တရက် ရပ်တန့်သွား၏။ ဘဒ္ဒါ က ကျေနပ်အားရစွာ ပြုံး၍...

"မသေသေအောင် ငါ လိုက်သတ်မှာပဲ ..၊ ခုကစပြီး အသက်ကို စက်နဲ့ ထုပ်ထားလိုက် .."

"ဟင့်အင်း .. မသတ်ပါနဲ့ .."

ဦးဆောက်ပန်း ခေါင်းခါရင်း ထွက်ပြေးဖို့ ရုန်းတော့သည်။ သော ထောင်းခနဲ စိတ်တိုသွားကာ လက်ကို လွှတ်မသွားအောင် ထိန်းရင်း မေမေ့ကို လှည့်ကြည့်မိသည်။

ဘဒ္ဒါ က ဆံပင်တွေ ခါသွားအောင် လှည့်ထွက်သွား၏။

"ဘာမှမဖြစ်ဘူး ဒေါ်ဒေါ်ဦး .. သွားမယ် .."

ဆံပင်တွေ ဖရိုဖရဲ ဖြစ်ကုန်အောင် ခေါင်းက ဘယ်ညာလှည့်ပတ်ကာ ဘဒ္ဒါ ကို ရှာသည်။ ပြီးတော့ လိုက်သူမရှိဘဲ အပြေးတစ်ပိုင်း လျှောက်တာ ခလုတ်တိုက်လိုက် ..၊ သော ရဲ့လက်မောင်းတစ်ဖက်ကို မျက်နှာ ကပ်မိလိုက် ..၊

ဦးဆောက်ပန်း ဘဒ္ဒါ ကိုသာ အသေအကြေ ကြောက်ရွံ့နေခဲ့လျှက် ...

"ငါ့ကို သူ လိုက်သတ်မှာလား ဟင် .. သူ လိုက်လာမှာလား.."

ကားပေါ်ရောက်တဲ့အထိ လှည့်ပတ် ရှာဖွေနေဆဲ ...

"ဘာမှမဖြစ်တော့ဘူး .. မကြောက်နဲ့တော့ .. ဒေါ်ဒေါ်ဦး လက်ထဲက စာရွက်ကိုပဲ အပြင် လွှင့်ပစ်ခဲ့ပါ .."

"ဟင်!..."

"အဲဒီ စာရွက် .."



www.burmeseclassic.com

www.burmeseclassic.com



ထုပ်ပြောကာမှ သူမ လက်နှစ်ဖက်ထဲမှာ လုံးထွေး ဖိဆုပ်ထားဆဲ စာရွက်ကို ပြန်ငုံ့ကြည့်၏။

"ဒါ .. ဒါ .. အမှိုက် .."

သေချာ ငုံ့ကြည့်ပြီးမှ အမှိုက်လို့ သတ်မှတ်ကာ ခြေထောက်နားကို လွှတ်ချပစ်သည်။ ပြီးတော့ နောက်ပြန် လှည့်ကြည့်၍ ...

"ဒါဆို သူ ငါ့ကို မသတ်တော့ဘူးလား .."

"သူ လိုက်မလာနိုင်တော့ဘူး .. အားလုံး ပြီးသွားပြီ .."

ကားမှန်ချလိုက်ပြီးမှ သော က ဦးဆောက်ပန်း ကို ကြည့်၍ စက္ကူစုတ်ဆီ မေးဆတ်ပြကာ ...

"ကျွန်တော့်ကို ပေး .."

"ဘာလဲ ဟင် .."

"အမှိုက်ပစ်ရအောင် .."

တကယ်က စက္ကူစုတ်အဖြစ်ကို ရောက်သွားပေမယ့် အထဲမှာ မပျောက်မပျက် ထင်ကျန်နေဆဲ ပုံတူကို ဒေါ်ဒေါ်ဦး ရဲ့ အနီးနားမှာ မရှိစေချင်တာ ဖြစ်သည်။

ကိုယ့်အဒေါ်မို့ ဘယ်လိုဖြစ်ဖြစ် နားလည်ပေးနိုင်ပေမယ့် ဒီလူကြီးနဲ့ ပတ်သက်တာကိုတော့ ခွင့်မလွှတ်နိုင် ..။

"ဒေါ်ဒေါ်ဦး ဒီပုံကို ဘာဖြစ်လို့ ဆွဲနေတာလဲ .."

"ဟင်!..."

"ဒီပုံ .."

ပြန်ဖြန့်ပြလိုက်တော့ စာရွက်ရော ပုံတူကပါ ကြေမွနေပြီဖြစ်ကာ ဦးဆောက်ပန်း ကိုယ်တိုင် သူမ ဆွဲထားခဲ့တာကို သတိမရတော့သလို ကြည့်၏။ သော က ပုံကိုင်ထားသည့်လက်ကို ခါပြ၍ ...

"ဒါ ဘယ်သူ့ပုံလဲ .."

"ဒါ .."





"ဒီပုံ ဒေါ်ဒေါ်ဦး ကိုယ်တိုင် ရေးတာလေ .."

ဦးဆောက်ပန်း က ပုံကိုပဲ ငေးကြည့်နေခဲ့သည်။ စောစောတုန်းကတော့ အကြောက်တရားတို့ ဖိစီးကာ စကားတွေပြောနေခဲ့ပြီး ခုကျတော့ အေးစက်စက်လေး ကြောင်ငေးနေပြန်၏။

"သူ့ကို ကျွန်တော် မြင်ဖူးသလိုလို ရှိလို့ပါ ..၊ ဒေါ်ဒေါ်ဦး က ပုံတူ ရေးနိုင်တဲ့အထိ မှတ်မိနေတာဆိုတော့ ကျွန်တော့်ထက် ပိုသိမလားလို့ .."

စာရွက်ပေါ်က ပုံတူကို ငေးရင်း ဦးဆောက်ပန်း တိတ်မြဲတိတ်နေသဖြင့် သော သက်ပြင်းချမိသည်။ ပြီးတော့ ကားကို ခပ်ဖြည်းဖြည်း မောင်းထွက်ခဲ့၏။

လမ်းပေါ်မှာ ပြေးလွှားနေကာမှ ပုံတူစာရွက်ကို လက်ထဲမှာ ထုပ်ပြီး လုံးချေကာ မှန်ချထားသည့်တံခါးကနေ အပြင်ကို လွှင့်ပစ်လိုက်သည်။

ဒီနေရာမှာ ခင်ဗျားကြီးရဲ့ပုံကို ထားခဲ့ပေမယ့် ခင်ဗျားနဲ့ပတ်သက်တဲ့ အမုန်း အငြိုးတွေကိုတော့ ဒီဘဝမှာ အပြီးမသတ်နိုင်ရင်တောင် နောက်ဘဝအထိ ဆက်ယူသွားဦးမှာ..၊

ခင်ဗျားနဲ့ ကျွန်တော်တို့က ကျားနဲ့ဆင် မဟုတ်ကြပေမယ့် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၇)

မီးပွိုင့်မှာ ကားရပ်ထားစဉ် မိတ်ဆွေတစ်ယောက်က ကိုယ့်အေး ရောက်လာသဖြင့် ပြုံးပြ နှုတ်ဆက်မိသည်။ ထိုသူက လက်ပြရင်း ကား ရှေ့နားကို မေးဆတ်ပြသွားခဲ့သည်။

သူ နားမလည်ဖြစ်သွားတော့ လက်ညှိုးထိုးပြသွားသေးသည်။ ထို့ ကြောင့် တစ်ခုခုဖြစ်နေပြီကို သိကာ ကားရှင်းသည့်နေရာမှာ ရပ်လိုက် ပြီး ဆင်းကြည့်မိ၏။

ကား၏ရှေ့ဘီးအထက်နားမှာ ကွမ်းတံတွေးတွေ စဉ်ထားတာ မြင်လို့ မကောင်း ...၊

"တောက်!..."

ဖိတ်ဖိတ်လက်နေသည့် အဖြူရောင် ဆပ်(ဖ်)ကား၏အဖြစ်က ဘယ်သူမဆို သတိမထားမိဘဲနေမှာ မဟုတ်သော အစွန်းထင်းကြီးနှင့် အကျည်းတန်နေ၏။

ပါကင်မှာ ရပ်ထားတုန်းက လုပ်သွားတာလား ...၊ ဘယ်တုန်းက မှန်း မသိလိုက်သော်လည်း တမင်တကာ လုပ်သွားတာမှန်း သိသာနေ သည်။





ဘာ့ပဲဖြစ်ဖြစ် တရားခံရှာဖို့ မဖြစ်နိုင်သည့်အဆုံးမှာ ကိုယ့်ဘာသာ သုတ်သင်ပစ်ဖို့ပဲ စိတ်ကူးရတော့သည်။

ကားထဲက တစ်ရှူးဘောက်(ဂ်စ်)မှာလည်း တစ်ရှူး မရှိတော့တာ သိထားသဖြင့် ကားဘီးနဲ့ မလှမ်းမကမ်းလေးမှာပဲ ရှိနေသည့် စက္ကူစုတ် ကို အကြည့်ရောက်သွားမိသည်။

ထိုအခါ ကောက်သင့် မကောက်သင့် စဉ်းစားဖို့ထက် စက္ကူစုတ် မှာ တချို့တစ်ဝက်ပေါ်နေသည့် မျက်ခုံးတစ်ဖက်နဲ့ မျက်လုံးကို သတိ ထားမိလိုက်၏။

ပြီးတော့ အစွန်းထွက်စလေးမှာ 'ကိုကို'ဆိုသည့်စာလုံးကို မြင်နေ ရ၏။ ဖြစ်သလို ဖိဆုပ်ထားပုံရှိသည့် စာရွက်လုံးကို ဘာတွေပေပေ ဘာ တွေရှိရှိ ပြည့်သျှင် ခြေဖျားထောက် ထိုင်လိုက်ရင်း ကောက်ယူလိုက်သည်။

ထိုမျက်လုံးမျိုးကို စာရွက်ပေါ်မှာ သူ တွေ့ခဲ့ဖူးသည်။ မမေ့လျော့ တတ်သော သတိဉာဏ်စဉ်ထဲမှာ သူ မကြာသေးခင်ကမှ မြင်ဖူးခဲ့တာ မှန်းလည်း သတိရလာ၏။

မင်းထက်မြတ်သော ...၊

သော လက်နဲ့ ဆွဲပေးခဲ့သည့် သူ့ရဲ့ပုံတူမှာ စာရွက်ပေါ်မှာထင်တဲ့ မျက်လုံးတွေက ဒီစာရွက်ပေါ်က အတိုင်း ...၊

ဟင်!...

စာရွက်လုံးကို အလျင်စလို ဖြန့်ကြည့်လိုက်မိလျှင် ပုံတူသည် သူ့ပုံ ပဲ ဖြစ်နိုင်ချေများနေခဲ့လျက် ...၊

'ကိုကို'လို့ ရေးထားသည့် မိန်းကလေး လက်ရေးသည် ...၊

ပြည့်သျှင် ဖျတ်ခနဲ ထရပ်လိုက်သည်။ သူ့ရဲ့ပုံတူကိုဆွဲပြီး 'ကိုကို' လို့ ခေါ်ထားတာ မင်းထက်မြတ်သော ဘယ်လိုမှ မဖြစ်နိုင် ...။

လှုပ်ရှားလာသည့်စိတ်ကြောင့် ကြေနေသည့်စာရွက်ကို ကိုင်ရင်း စတီယာရင်မှာတင် လက်တင်ထားပြီး ကားမောင်းဖို့ ခက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျွဲခနဲ အံကြိတ်ရင်း တဖြည်းဖြည်း ဘီးလိုမ့်စေကာ...

သူ ရှုးနေပြီလား ...၊

ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်ရင်း မျက်ဝန်းတို့သည် ပတ်ဝန်းကျင်မှာ ဝေ့ဝဲရှာဖွေနေခဲ့၏။ မဖြစ်နိုင်တာတွေ ကြားနေရသည် ...၊ မယုံနိုင်စရာတွေ ကြုံလာရ၏။

ဒါပေမယ့် မဖြစ်နိုင်ဘူးဆိုတာ မရှိ ...၊ မယုံနိုင်စရာတွေဟာ သူ့အတွက် တကယ်ဖြစ်လာမယ့် ကံကောင်းခြင်းလက်ဆောင်တွေ ...၊

သူ အားလုံးကို မျှော်လင့်ခွင့်ရှိသည် ...၊ ဦး တကယ်မသေဘူးလို့ပဲ ယုံကြည်ထားလိုက်တာ ကိုယ့်အတွေးနဲ့ ကိုယ် ...၊

"ကျွဲ .."

"ဒုန်း .."

"ဟာ!..."

လမ်းကြားထိပ်တစ်ခုမှာ ဆိုင်ကယ်လ်သည် ဝေါခနဲ ထောင်တက်လာသဖြင့် သူ့ကားနဲ့ ကန့်လန့်ဖြတ် ဆိုင်မိကာ ဖြစ်သလို ဝိုက်ချရှောင်သွားသည်။

ပြည့်သျှင် ကားရပ်လိုက်ပေမယ့် ဆိုင်ကယ်လ်က သူ့အရှိန်နဲ့သူ တစ်ပတ်ပြန်ခေါက်ပြီး ပလက်ဖောင်းထိပ်နဲ့ ပစ်ဆောင့်လေသည်။

ကံကောင်းချင်တော့ ဆိုင်ကယ်လ်နဲ့ လူ တခြားစီဖြစ်ကာ လူက တက္ကစီပေါ်တင်မယ့် တာယာပုံပေါ် လွင့်ကျသဖြင့် သက်သာသွား၏။

"ခင်ဗျားဗျာ .. လမ်းထိပ်တွေဘာတွေ ဖြတ်ရင် သတိထားမှပေါ့ဗျ .."

ပြည့်သျှင် ကားပေါ်က ဆင်းလိုက်တာနှင့် ဝိုင်းဝန်းလာကြသည့် လူတွေ ပြစ်တင်မောင်းမဲခြင်းကို ခံလိုက်ရသည်။

"ဟိုမှာ မူလတန်းစာသင်ကျောင်း ရှိတာတောင် ကားကို အတင်းမောင်းထွက်လာတယ် .."





"ကံကောင်းလို့ မသေတာ .."

ကိုယ်နဲ့ မတိုက်မိခဲ့သော်လည်း ကိုယ့်ဘက်က ဝတ္တရားရှိသည့်အတိုင်း ကူညီဆောင်ရွက်ပေးဖို့ ဆင်းလာခဲ့တာပါ။ ဒါပေမယ့် ပြောကြသည့်လူတွေကိုကြည့်ကာ ပြည့်သျှင် မျက်နှာ တည်သွားသည်။

"ခေါင်းတော့ ကွဲသွားတယ် .. လူက သတိမလစ်သေးဘူး .."

"ခြေကျိုးလက်ကျိုးတော့ မဖြစ်ပါဘူး .."

ဆိုင်ကယ်သမားနားမှ ဝိုင်းနေသည့်လူစုထံမှ အသံထွက်လာသည်။ ပြီးတော့ တွဲထူကြသည့်ကြားမှ ထရပ်လာသော လူနာက နဖူးချိုစောင်းမှာ သွေးစီးကြောင်းနှင့် ...

"ဟေ့လူ .. ခင်ဗျား .. တောက်!..."

နဖူးကသွေးကို လက်နဲ့သုတ်ပစ်ရင်း လူကယိုင်နေပေမယ့် ပြည့်သျှင်ကို ကြိမ်းနေသေးသည်။ ထို့ပြင် ...

"အား!... ခြေထောက်က နာလိုက်တာ ...၊ ခင်ဗျား .. ခင်ဗျားကြောင့် ...၊ ကျွတ် .. ကျွတ်!... ကျုပ်ဆိုင်ကယ်လ်ကို ခင်ဗျား ပြန်ပြင်ပေး .."

ပြည့်သျှင် မျက်လုံးတွေ ဆိုင်ကယ်လ်ဆီ ဝေ့ခနဲ ရောက်၏။ ပြီးတော့ ပြုံး၍ ...

"ငါနဲ့ တိုက်မိလို့လား .."

"ဘာဗျ .."

"ငါက လမ်းမပေါ်မှာ .. မင်းက လမ်းကြိုလမ်းကြားက ထွက်တာ ...၊ ငါ့ကားကို ငါ ထိန်းနိုင်တယ် .. မင်း စပိ(ဒ်)ကို မင်း မထိန်းနိုင်ဘူး ...၊ ဘယ်သူ့မှာ အပြစ်ရှိလို့လဲ .."

လူတွေ အံ့သြထက် အံ့လာတော့ ကားထွက်မရတော့သဖြင့် သော့ကျွတ်ခနဲ စုတ်သပ်သည်။ လမ်းထိပ် မကျဉ်းမကျယ်လေးမှာ လူအုပ်ခဲနေတာ ဘယ်လိုမှ ရှေ့တိုးလို့ မရ ...။



www.burmeseclassic.com

www.burmeseclassic.com



"တီ .."

စိတ်မရှည်တော့တဲ့ ဟွန်းတီးပြီး တရွေ့ရွေ့ တက်လိုက်၏။

"သော .."

တံခါးကို ပုတ်ခေါ်သဖြင့် လှည့်ကြည့်ကာ စိတ်ပျက်သွားမိသည်။ ဒါပေမယ့် မှန်ကို တစ်ဝက်ချပေးလိုက်ရ၏။

"မင်း ငါ့ကို မညာနဲ့နော် .. ဦးဆောက်ပန်း ကို မင်း တစ်နေရာရာမှာ သွားထားခဲ့ပြီမို့လား .."

"မမေ့ကို ကျွန်တော်က ဘာဖြစ်လို့ ညာရမှာလဲ ..၊ မမေနဲ့ ကားကို မြင်လိုက်တည်းက သူ အသေကြောက်နေတာ ..၊ ခဏလေး ဆင်းပြီး နောက်ဖုံးသွားလှန်နေတုန်း ဘယ်ကိုထွက်ပြေးသွားမှန်း မသိလိုက်ဘူး .."

ဘဒ္ဒါ စိုးရိမ်စိတ်တွေ ကဲသွားသည်။ ဒီနေရာမှာ သော ညာပြောလိုက်တာကို အလိုရှိပေမယ့် အညာခံချင်တိုင်းလည်း ခံလို့ မရခဲ့ပေ ..၊ တကယ်တမ်း ဦးဆောက်ပန်း ကို သော တစ်နေရာမှာ ဝှက်ထားခဲ့ပြီ ဆိုတာကိုသာ သူမ ကြားချင်ခဲ့တာ ..၊

ဒါဆို ဦးဆောက်ပန်း ထွက်ပြေးသွားပြီပေါ့ ..၊ ထွက်ပြေးပြီဆို ရန်ကုန် တစ်နယ်လုံး ဒါမှမဟုတ် မြန်မာပြည်အနှံ့မှာ ရောက်ချင်ရာရောက် ..၊ သွားချင်သလို သွားတော့မည် ..။

အဲဒီလိုသွားတဲ့အခါ ပြည့်သျှင် နဲ့ အမှတ်မထင် ဆုံစည်းသွားခဲ့လျှင် ...

"တီ .. တီ ..."

နောက်က ကားဟွန်းသံတွေ ဆူညံသွားသည်။ သော က လှည့်ကြည့်ကာ ...

"မမေ့ကား သွားရွှေ့လိုက်ပါ .. ဟိုမှာ ကားတွေ တန်းစီနေပြီ"

"အဲဒါ ငါ့လမ်းနဲ့ ငါပါ .. မင်း ငါ့ကို ပြောစမ်း သော ..၊ သူ





ဘယ်နားမှာ ပျောက်သွားတာလဲ .."

"ဒီနားတစ်ဝိုက်မှာပဲ .."

သော ရဲ့လေသံက ရွဲ့သလိုလို ငေါ့လိုက်သလိုမို့ ဘဒ္ဒါ သော မျက်နှာကိုကြည့်လိုက် ..၊ ဘေးဘီကို ကြည့်လိုက် ဖြစ်သွားစဉ် ...

ဟင်!...

ယောကျ်ားအများစုရဲ့အလယ်မှာ မြင့်မားပေါ်လွင်စွာ ရှိနေသည့် မျက်နှာတစောင်း ..၊

ပြည့်သျှင် ..၊

ဘဒ္ဒါ ထိတ်လန့်သွား၏။ သူမ ကြည့်နေစဉ် မျက်မှောင်ကုတ်လိုက် နှုတ်ခမ်း ခပ်တွန့်တွန့်မဲ့လိုက်နှင့် ပြည့်သျှင် မျက်နှာက ကိုယ်တစ်ခြမ်း လှည့်လာတဲ့အထိ သူမတို့ဘက်ကို မျက်နှာမူလာ၏။

ရင်ဘတ်တစ်ခြမ်းမှာ ရွှေရောင်နဂါးရုပ်ပါသော အဖြူဆွတ်ဆွတ် ရှပ်အင်္ကျီလက်ရှည် .. ဘောင်းဘီရှည်အဖြူနှင့် မီးခိုးရောင် ကုတ်အင်္ကျီ ဝတ်ထားသည်။

ကုတ်အင်္ကျီ၏ ရင်ဘတ်နှစ်ဖက်ကို လက်တို့နှင့်သိမ်း၍ ဘောင်းဘီ အိတ်ထဲ လက်ထည့်ထားသဖြင့် ပြည့်သျှင် ၏ ဟိုတုန်းက စတိုင်ပေါ် အတိုင်း လူငယ်တစ်ယောက်လို နုပျိုချောမွေ့နေခဲ့သည်။

ပြောဆိုနေသော သူ့မျက်နှာ အပြောင်းအလဲများအရ ဖြစ်နေသည့် အကျဆီးဒင်နဲ့ လုံးဝ သက်ဆိုင်နေသူမှန်းလည်း သိသာ၏။

စိတ်က ထိုဆီရောက်သွားသည်နှင့် ဖြေရှင်းနေကြသောအသံတချို့ ကိုပါ နားစွင့်ပြီးသား ဖြစ်သွားခဲ့သည်။

"အစတည်းက မင်း ဒီတိုင်း ပြောသင့်တာ .."

အမြဲတမ်း အနိုင်နဲ့ပိုင်းနေကျ ပြည့်သျှင် အသံ ..၊

"ယာဉ်ကြီးနဲ့ ယာဉ်ငယ်ဖြစ်တိုင်း အကြီးက လွန်တယ်ပဲ ဖြစ်စရာ လား .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ဖြစ်စဉ်ကိုကြည့်လို့ မရဘူး .. စည်းကမ်းကိုပဲ ကြည့်ရမှာ .."

ရန်တွေ ဖြစ်နေကြတာလား .. ဘာတွေ ဖြစ်ကြမှာလဲ ...၊

ဦးဆောက်ပန်း လက်ဖဝါးနှစ်ဖက်ကို ဖိဆုပ်ချေရင်း အေးနေသည့် လက်တွေက နွေးမလာဘဲ ရေတွေထွက်လာသကဲ့သို့ ချေးတို့နှင့် စိုစွတ်ခဲ့၏။

လမ်းပေါ်မှာပြေးရင်း ကားတွေကို ကြောက်လာသဖြင့် ရပ်ထားသည့်ကားတစ်စီးပေါ် ပြေးတက်ကာ ရှေ့ပိုင်းက အိတ်ထပ်တွေနားမှာ ပုကပ်နေခဲ့တာ ဖြစ်သည်။

ကိုယ် ဝင်ပုန်းကာမှ အုန်းခနဲ ဒိုင်းခနဲ ဘာတွေဖြစ်ကုန်မှန်းလည်း မသိ ..၊ လူတွေ ဘာကြောင့် အုပ်ခဲလာသလဲ .. ဘာတွေ ပြောဆို အငြင်းပွားနေကြသလဲ ..၊

သူမ အားလုံးကို ကျောခိုင်း၍ ပုကပ်ကွယ်နေရင်း ခြေဖျားလက်ဖျားတွေပါ တုန်၏။ မြင်ယောင်နေတာက သူမရဲ့သေားကို နီးကပ်စွာ ရပ်လာသည့် ကားပေါ်မှာ ဘဒ္ဒါ ရဲ့မျက်လုံးတွေ စူးရဲနေသော မျက်နှာ..၊

ကိုယ့်ကိုသတ်ဖို့ သူမ မရမက လိုက်လာခဲ့ပြီ ..၊ သူမ လက်ထဲမှာ တူကြီးနဲ့လား .. ဓားကြီးနဲ့လား မသိ ..၊

ဘုရား!... ဘုရား .. ဒီနားကလူတွေ မြန်မြန်ထွက်သွားကြပါစေ..။

"ခင်ဗျား ရစ်မနေနဲ့ ဟေ့လူ .. ဒဏ်ရာက သွေးထွက်လွန်နေပြီ..၊ ဟိုတက္ကစီပေါ် တက် .. ဆေးရုံက ရှေ့နားမှာ သိပ်မဝေးတော့ဘူး ..၊ ဒီအစ်ကိုကလည်း ဝတ္တရားရှိတဲ့အတိုင်း ကူညီပေးမယ် ပြောနေပြီဥစ္စာ.."

"ကားက မအားဘူးနော် .. တာယာတွေ တင်ရမှာ .. သူ တာဝန်ယူရင် သူ့ကားနဲ့ လိုက်သွား .."

"တာယာတွေအတွက် ကျွန်တော် ကားငှားပေးမယ် .. တက္ကစီကို ယူသွားပါစေ .."





"တက္ကစီက ဒီအချိန် ထမင်းစားနားတဲ့အချိန်ကြီး .. ဒီလိုနေရာမှာ ရှားတယ်ဗျ .."

"ခင်ဗျားတာယာတွေထက် လူနာက ပိုအရေးကြီးနေတာ..၊ လုပ်.. ဆိုင်ကယ်လ်ပါ နောက်မှာ တင်သွားလိုက် .."

မတရား အနိုင်ပိုင်းပြောတာပေမယ့် လူနာကြောင့်လား .. ရာဇသံပြင်းတာပဲလား မသိ .. တက္ကစီခေါ်ထားသူထံမှ နောက်ထပ် အသံမထွက်တော့ပေ ..။

ထိုအခါကျမှ ပြည့်သျှင် က လှည့်ပြုံးပြကာ ...

"ကျွန်တော်လည်း လှည့်ထွက်မသွားချင်လို့ ကူညီတာ ..၊ ခင်ဗျားလည်း သည်းခံပေးပါ '.. ခဏလေးပဲ ..၊ ကျွန်တော် ချက်ချင်း လွှတ်ပေးပါ့မယ် .."

ပြောပြီးမှ ဆိုင်ကယ်လ်တင်နေသည့်ကားကို ပြန်ကြည့်မိသည်။ သူတို့ချင်း နေရာချလို့ မပြီးနိုင် ..။

"ဒီ အမျိုးသမီးက ဘယ်သူလဲ .."

"ကဲ .. ဘယ်သူဖြစ်ဖြစ်ကွာ .. သူ့ဟာသူနေတာ ဥစ္စာ .. ဒီမှာ ငါ့ညီ .. မင်း ဒီမှာ ခဏမှီနေလိုက် .."

လူနာကို ကူညီဖို့ တွဲထူလိုက်ပါကြမည့်သူတွေက သုံးယောက်..၊

ဒီဘက်အခြမ်းမှာ ဆံပင်တွေ ပွယောင်းယောင်းကို ဖားလျားဖြန့်ချထားကာ မျက်နှာကို ဆံပင်တွေနဲ့ မြုပ်ကွယ်နေလောက်အောင် အတင်းငုံ့ထားသည့် အမျိုးသမီးတစ်ယောက်က ဘယ်သူ ဘာတွေပြောနေနေ တုတ်တုတ်လေးမှ မလှုပ် ..၊

ပြည့်သျှင် သူမကို မျက်နှာမြင်ရမလားလို့ အမှတ်တမဲ့ လိုက်ငုံ့ကြည့်မိသေးသည်။ ထိုမြင်ကွင်းကို ရှင်းရှင်းကြီး မြင်နေရသည့် ဘဒ္ဒါရဲ့မျက်လုံးတွေ ပုစွန်ဆိတ်လို ပြူးထွက်လာ၏။

ဟိုမှာ .. ဟိုမှာ .. ကားထဲမှာ ဦးဆောက်ပန်း ပါလား ...၊



www.burmeseclassic.com

www.burmeseclassic.com



ကားနားမှာ ပြည့်သျှင် ...၊

မြတ်စွာဘုရား ကယ်တော်မူပါ ...၊ နတ်မြတ်နတ်ကောင်းတို့ မစပါ ဘုရား ...၊

ပြည့်သျှင် ဦးဆောက်ပန်း ကို ကြည့်နေပြီ ...၊ မကြည့်နဲ့ .. မသိရဘူး ...၊ ဦးဆောက်ပန်း ဆိုတာ ရှင် လုံးဝ မသိရဘူး ...၊

ဆုတောင်းနေရင်း မျက်လုံးတွေကို မှိတ်ချလိုက်မိသည်။ သူမ မကြည့်ရဲတော့ပေ ...၊ သို့သော် ပြည့်သျှင် နဲ့ ဦးဆောက်ပန်း သိသွားကြပြီလား .. လွဲသွားမလား ...၊

တဒိုင်းဒိုင်း ဆောင့်ခါနေသော ရင်ဘတ်နဲ့ နားစွင့်နေမိ၏။ ထိုစဉ်...

"တီ .. တီ .. တီ ..."

ကားသုံးစီးကနေ ဟွန်းသံတွေ ပြိုင်တူထွက်လာသဖြင့် ပတ်ဝန်းကျင် တစ်ခုလုံး ဆူညံသွား၏။

ထိုအခါကျမှ ကွာပြဲစပြဲသော လူအုပ်က လမ်းထိပ်ကို ဦးတိုက်၍ ရှေ့တက်မရဖြစ်နေသည့် ကားတန်းကို သတိတရ လှည့်ကြည့်ကြသည်။

အမျိုးသမီး မျက်နှာကိုကြည့်ဖို့ အာရုံစိုက်နေသော ပြည့်သျှင် မျက်နှာပါ ဟွန်းသံတွေကြောင့် ဒီဘက်ကို လှမ်းကြည့်လာလျှင် ...

'ဘုရား!...'

ကိုယ်က မျက်လုံးအဖွင့်နှင့် မျက်လုံးချင်း ဒိုင်းခနဲ ဆုံ၏။ ဘဒ္ဒါ မျက်နှာလွှဲပစ်မိကာ ဟန်ဆောင်ဖို့ သတိမရသေးမီ ကျောခိုင်းပြီးသားဖြစ်သွားခဲ့သည်။

သူမကို မြင်လိုက်သည်နှင့် ပြည့်သျှင် မျက်လုံးတွေ ရူးရဲကျဉ်းမြောင်းသွား၏။

သူမကို ဆွိ ဆိုသောနာမည်နှင့် သိထားသဖြင့် ကျောပေးကွယ်သွားသည့်မျက်နှာနောက်ကို အကြည့်ပါရင်း ခြေလှမ်းတွေ တိုးသွားမိသည်။

နောက်ထပ် မျက်နှာပြန်လှည့်လာပုံကလည်း ခိုးချောင်ခိုးဝှက်ဆန်





နေကာ သူ့ဆီ တည့်တည့်မလှည့်မိ လှစ်ခနဲ ပြန်လွှဲသွား၏။ ဆွိ ဆိုတာ သေချာသွားခဲ့ပြီး မရိုးသားခြင်းကိုလည်း ခံစားမိကာ ပြည့်သျှင် ခြေလှမ်းတွေ ရပ်တန့်သွားသည်။

ပြီးတော့ သူမ ရပ်နေခဲ့သည့်ကားထဲကနေ ခေါင်းတစ်လုံး ပြူထွက်လာ၏။ ဆွိ ပျောက်ကွယ်သွားသည့်ဘက်ကို လည်ပင်းလိမ်အောင် လိုက်ကြည့်နေတာလည်း သူ မြင်နေရသည်။

ပို၍ အံ့ဩစရာကောင်းတာက ထိုသူက မင်းထက်မြတ်သော ဖြစ်နေခြင်းပင် ...။

သော ကလည်း မျက်နှာပြန်လှည့်လာပြီး ကားထဲ ပြန်ဝင်ကာမှ ပြည့်သျှင် ကို မြင်သွားသည်။ သိပ်မဝေးကွာတော့သော နေရာကိုယ်စီမှာ အကြည့်တွေ ရူးစိုက်နေကြသည့် သော နဲ့ ပြည့်သျှင် ကို ကွယ်ရာကနေ ပြန်ချောင်းကြည့်ရင်း ဘဒ္ဒါ ရင်တွေခုန်တာ ဗြောင်ဆန်နေ၏။

ကားထဲမှာ ဦးဆောက်ပန်း .. ထိုကားနားမှာ ပြည့်သျှင် ...၊ ဒါပေမယ့် တစ်ယောက်ကိုတစ်ယောက် မသိခဲ့ကြဘဲ သူတို့ကို သိနေသည့် သူမကလည်း ထိုနေရာမှာပဲ ရှိနေခဲ့၏။

ပြီးတော့ သော နဲ့ ပြည့်သျှင် ရင်ဆိုင်မိကြပြန်ပြီ ...၊ နှစ်ပေါင်းများစွာ ကွဲကွာခဲ့ကြသော ဒီလူ သုံးဦး သို့မဟုတ် ရင်သွေးမှန်း မသိဘဲ နှစ်ကြာရှည် ရန်ငြိုးတို့ဖြင့် တစ်နေရာစီ ပျောက်ကွယ်နေခဲ့သည့် သော နဲ့ ပြည့်သျှင် ...၊

သူမတို့ လေးယောက်စလုံးကို တစ်ချိန်တည်း တစ်နေရာတည်းမှာ လာရောက်ဆုံစည်းဖို့ ဖန်ဆင်းလိုက်သည့် ကံကြမ္မာရဲ့ပဥ္စလက်ကဘာလဲ ...၊

ဒီနေရာအနီးအနားမှာ မနေရဲတော့သည့် ကိုယ့်ဘာသာ ရိုးသားစိတ်သည် ကိုယ့်ကားပေါ် ပြန်ရောက်တာတောင် လုံခြုံသည်မထင် ...။

သူမက ဦးတည်ထားသည့်အတိုင်း တည့်တည့်မောင်းထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



ရမှာဖြစ်ကာ ကားရပ်ထားခဲ့တည်းကိုက နောက်ပြန်ဆုတ်ဖို့ မလွယ်တာကြောင့် သော နောက်ကို ဒီတိုင်း ဆင်းလိုက်သွားခဲ့တာ ဖြစ်သည်။

သော နဲ့ ပြည့်သျှင် ဘာတွေဖြစ်နေကြပြီဆိုလဲဆိုတာ နောက်ထပ်သွားကြည့်ဖို့လည်း စိတ်ကူးထဲမှာ မရှိတော့ဘဲ လမ်းကြောထဲကထွက်သည်နှင့် လီဗာကို နင်းပစ်မိသည်။

သော ကို သူ့ရဲ့ကောင်း ရဲ့သားအဖြစ် သိထားသည့် သူ့ရှေ့မှာ သူမ နဲ့ သော ကို အတူတူတွေ့သွားလို့ မဖြစ်ပေ ...၊ ဒါပေမယ့် အခုတွေ့သွားခဲ့ပြီလား ...၊

သော ရဲ့ကားဘေးမှာ သူမ ရှိနေတာကို သတိထားမိသွားနိုင်သလား ...၊

ပြည့်သျှင် ဘယ်လောက်ထိ အမြင်စူးတာကို သူမ သိနေ သဖြင့် များများတွေးလေ ရင်တွေပူလာလေ ...၊

ဖုန်းဖွင့်၍ ယက္ခ ကို ခေါ်ပေမယ့်လည်း ...

"တောက်!..."

ယက္ခ ဘယ်ရောက်နေသလဲ ...၊ ဘာဖြစ်လို့ ဖုန်းခေါ်လို့ မရတာလဲ ...၊ ခေါ်သည့်အကြိမ်တိုင်းမှာ ဝင်နေသားနဲ့ မကိုင်တာကို ကြာတော့ ဒေါသထွက်လာမိသည်။

အားမလိုအားမရနှင့် ကားကို တစ်နေရာမှာ ထိုးရပ်လိုက်ကာ နောက်ထပ် တစ်ယောက်ဆီ ဖုန်းခေါ်၍ ...

"ဪ .. ရှေ့နေ ဒေါ်သဒ္ဒါပိုမို လား မသိဘူး .."

"... ... ... ..."

"အင်း .. အသူရာခြံကိစ္စနဲ့ ပတ်သက်ပြီး ဆွေးနွေးချင်တာလေး ရှိလို့ပါ .. နည်းနည်းလောက် အချိန်ပေးနိုင်မလား မသိဘူး .."

"... ... ... ..."

"ဪ .. ဪ ..."





စကားလုံးလှလှနှင့် ချိုသာနေရပေမယ့် ဘဒ္ဒါ ရဲ့မျက်နှာကတော့ တင်းမာခက်ထန်နေခဲ့လျက် ...

"ကောင်းပြီလေ .. တို့က လာရမှာပေါ့ ..၊ အခု လာမယ်ဆို ဖြစ်ရဲ့လား .."

"... ... ... ..."

"ဟင် .. ဪ .. ဪ .. ဟုတ်ပါပြီ .. ညနေဆိုလည်း ညနေပေါ့ ..၊ ရုံးမှာပဲ ဟုတ်လား .."

ပြီးဆုံးသွားတဲ့အထိ မနည်း ပြောနေရသည်။ ပြီးတာနှင့် ထက်ခေါက်မိ၏။ ခြံကိစ္စလို့ ပြောလိုက်တာတောင် ဘယ်သူဘယ်ဝါလဲလို့ မမေး ...။

ဘယ်လိုအကြောင်းအရာမျိုး ဆွေးနွေးမလဲဆိုတာ စိတ်ဝင်စားပုံမပြ ...၊

ရှေ့နေအစုတ်ပလုတ်က ငါ့ကို ဘယ်သူမှတ်နေလို့လဲ ...၊

အရာရာ အဆင်မပြေဖြစ်ရခြင်းတွေက ဒေါသတွေမှာလည်း မာန စိတ်တို့ မိုးမွန်၏။ ဘယ်လိုဖြစ်ဖြစ် ရင်ဆိုင်ရတော့မည်ဆိုရင်တော့ ကိုယ့်ဘက်က ဦးမှ ဖြစ်တော့မည်သာ ...၊

အနှစ်နှစ်အလလ မျိုးသိပ် ပြင်ဆင်ခဲ့သမျှကို ဘယ်နည်းနဲ့မှ အလွဲမခံနိုင်တော့ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၈)

မီးရောင်အောက်မှာ မြင်နေရသည့် ဒေါ်ဘဒ္ဒါနွယ် ဆိုသော အမျိုးသမီးကို မို ဖျတ်ခနဲ ကြည့်မိလိုက်ပြီး မျက်နှာပြန်လွှဲဖို့ ခဏမေ့သွား၏။

လှလည်း လှသည် ...၊ နုလည်း နုပျိုသည်။ ပြီးတော့ အိုင်ရှဲဒိုးအရောင်ဖျော့တို့ကို အရစ်လိုက် ဖျော့ဖျော့ ပါးပါးလေး တင်ထားသော မျက်ဝန်းတို့က လက်တောက် စိုလဲ့နေ၏။

ဆံပင်တို အဖျားတွန့်လေးတွေနှင့် ဟိုက်လိုက်ထိမောက်ထားသည့် ကာလာရောင်က ပေါ်လွင်သည်။ ထိုပြင် ဝတ်ထားသည့် ပုစွန်ဆီရောင် ရဲရဲက မျက်နှာပြင်လေးကို မီးထိုးပေးထားသလို နုရဲ ဝင်းစိုနေတော့သည်။

"ဘယ့်နှယ်လဲ .. တို့ အဲဒီလောက်တော့ ဆွဲဆောင်မှုမရှိဘူး ထင်တာ ...၊ ကြည့်လှချေလား သဒ္ဒါပိုမို .."

"မိန်းကလေးချင်းတော့ ဆွဲဆောင်မှုတွေက အသုံးဝင်ချင်မှ ဝင်မှာပေါ့ .. ဒါပေမယ့် အရမ်းလှနေရင် မိန်းကလေးချင်းလည်း ငေးရတာပါပဲ .."





ကျေနပ်အားရသွားသည့် သူမမျက်နှာမှာ အပြုံးနှင့်အတူ အမူအရာတွေ ပေါ်သွားသည်။ နည်းနည်းတော့ ပိုသလိုရှိပေမယ့် ကြည့်ကောင်းနေတာပင် ...။

သူမက မို့ ကို မျက်နှာလေး စောင်းငဲ့ကြည့်ကာ ...

"မင်းလည်း လှပါတယ် .. ပြင်ဆင်မှုလေးတော့ လိုတာပေါ့၊ ဒါနဲ့ တို့ကို သိလား မသိဘူး ...၊ တို့က သော ရဲ့အမေ .."

"မသိဘူး အန်တီ .. ဆောရီးပါ .."

"ဖြစ်နိုင်ပါတယ်.. တို့က မြန်မာပြည်မှာ သိပ်နေဖြစ်တာမှ မဟုတ်ဘဲ ...၊ တို့က မင်းကို ရှေ့နေတစ်ယောက်လို တလေးတစားကြီး ပြောဆိုနေတာက သော နဲ့ မိတ်ဆွေမှန်း သိနေလို့ပါ ...၊ သားရဲ့ ပထမဆုံးဂဲလ်ဖရန့်ဒ်ဆိုလို့ မင်းပဲရှိ .."

"မဟုတ်ဘူး အန်တီ .. ကျွန်မတို့ သိကြရုံပါ၊ ဒါနဲ့ အန်တီ ရောက်လာတဲ့အကြောင်း မပြောရသေးဘူး နော် .."

"တို့နဲ့ ဒီရှေ့က ကော်ဖီဆိုင် ခဏ လိုက်ထိုင်ပါလား ...၊ ဒီမှာက ကျဉ်းကျပ်ပါတယ် .."

မို က သူမနေသည့် အခဆောင်ဧည့်ခန်းလေးကို ပြန်ကြည့်၍ ပြုံးပြလိုက်ကာ ...

"ဟုတ်လား .. ကျဉ်းတော့ ကျဉ်းကျပ်ပေမယ့် ကျွန်မ အန်တီပြောမှပဲ သတိထားမိတယ် ...၊ အလုပ်နဲ့လူက လုံးထွေးနေတော့ စိတ်က အိပ်ခန်းထဲတောင် ထိုင်ခွင့်မရဘူး ဖြစ်နေတာ .."

ဘဒ္ဒါ မျက်ဝန်းတွေ အားခဲမတတ် မျက်နှာပြင်ကပါ အေးစက်တင်းမာသွားခဲ့သည်။

"အင်း .. တို့ နားလည်ပါပြီ .. ရိုင်းတယ်တော့ မထင်နဲ့နော် ...၊ ခင်း အမှုတစ်ခုလိုက်ရင် အကျိုးဆောင်ခ ဘယ်လောက်ရသလဲ .."

"ကျွန်မ အဲဒီလောက်တော့ မဟုတ်သေးပါဘူး အန်တီ၊ ခုချိန်ထိ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဆရာကတစ်ဆင့် လွှဲပေးတဲ့တာဝန်ကို ကျေပွန်အောင် ကြိုးစားနေတာပါပဲ ..၊ ဝါသနာပါတဲ့အလုပ်ဆိုတော့ အလုပ်လုပ်နေရတာကိုပဲ ကျေနပ်နေတာ .."

"ဒါကတော့ အနုပညာဖြစ်ဖြစ် .. စီးပွားရေးနဲ့သက်ဆိုင်တဲ့ ပညာရပ်ဖြစ်ဖြစ် စပြီး ရှုးသွပ်ကြတုန်းမှာ ဒီလိုဖြစ်ကြတာပါပဲ..၊ နောက်တော့ ငွေမှငွေ ဖြစ်လာရော .."

မို က ပါးပြင်မှာ ခပ်လှုပ်လှုပ် ထိကပ်လာသည့်ဆံစတို့ကို နားတစ်ဖက်မှာ ထည့်ညှပ်လိုက်ပြီး ဘာမှမပြောဘဲ ကြည့်နေခဲ့၏။

"မင်းက ဘယ်ကိုမှ မလိုက်ချင်ဘူးဆိုတော့လည်း တို့ ဒီမှာပဲ ပြောကြတာပေါ့ .."

ဘဒ္ဒါ က အိမ်ရှင်စတိုင်လ်နှင့် လက်ပိုက်၍ ခြေချင်းချိတ်ကာ ကျောမှီမှာ တောင့်တောင့်လေး ကပ်မှီရင်း ...

"မင်း အခု လက်ခံထားတဲ့ကေ့စ် ဘယ်လောက်အကြီးကြီးလဲဆိုတာ မင်း သိလား သဒ္ဒါပိုမို .."

"ဟုတ်ကဲ့ .. ဆရာ ပြောထားပါတယ် ..၊ ကိုယ့်ဆီရောက်လာတဲ့ အမှုတိုင်းဟာ ပုဒ်မနဲ့ စီရင်ထုံးတွေ ကွဲပြားသွားကြပေမယ့် အရေးမကြီးတဲ့အမှု မရှိဘူး ..၊ အမှုတိုင်းဟာ လူတစ်ယောက် .. မိသားစုတစ်စုရဲ့ဘဝကို သေကျေ ပျက်စီးစေနိုင်တာချည်းပဲ ..၊ အန်တီက ဘာပြောချင်တာလဲ မသိဘူး .."

"ဦးပြည့်သျှင် ဆိုတာ ဘယ်လိုလူလဲ မင်း သိထားဖို့ လိုတယ်.."

"အမှုနဲ့သက်ဆိုင်သလောက် သိသင့်တာတွေတော့ သိပြီးပါပြီ.."

"ဒေါ်မေယု ဆိုတာရော .."

"ကျွန်မရဲ့အမှုသည်က ဦးပြည့်သျှင် ပါ .."

"ဟွန်း .."

ဘဒ္ဒါ က မဲ့လိုက်ကာ ...





"ဦးပြည့်သျှင် တစ်ယောက်တည်းကိုပဲ ဖိုင်ထဲထည့်ထားရင် မင်း ဒီအမှုကို ဘယ်လို ကိုင်တွယ်မလဲ .."

"ကျွန်မ မသိတာရှိရင် ဆရာကို မေးပါ့မယ် .. အန်တီ ဘာပြောမယ်ဆိုတာပဲ ပြောလို့ ရပါထယ် .."

"သဒ္ဒါပိုမို .. မင်းက တော်တော်သတ္တိရှိတဲ့ မိန်းကလေးပဲ .."

မီးရောင်သည် အပေါ်စီးကနေ လင်းနေသော်လည်း မျက်ဝန်းနှစ်စုံ၏ ဗဟိုမှာလည်း မီးရောင်တွေ လက်ဖြာနေကြ၏။ အတန်ကြာ စိုက်ကြည့်ပြီးမှ ဘဒ္ဒါ မျက်နှာမှာ တည်ငြိမ်မှုတွေ ပြန်ဖြစ်သွားကာ ...

"တို့ လိုရင်းကိုပဲ ပြောတော့မယ် သဒ္ဒါပိုမို .. မင်းက ပြည့်သျှင်ရဲ့ အကျိုးဆောင်ရှေ့နေအဖြစ် ရှိနေပြီဆိုတော့ သူ့ရဲ့တရားပြိုင်ဖြစ်တဲ့ တစ်ဖက်က မင်း ရှေ့ကို ဘာလို့ ရောက်လာတာလဲဆိုတာ ငါ ပြောဖို့ မလိုတော့ဘူး .."

သိခြင်း မသိခြင်းကို အဖြေမပေးဘဲ မို က ဒီတိုင်းကြည့်နေခဲ့၏။

"ငါ မင်းကို အများကြီး မမေးပါဘူး .. ဘာမှလည်း တောင်းမယူဘူး .. ပြည့်သျှင် နဲ့ပတ်သက်ပြီး သူ့ဆီက မင်း စုဆောင်းထားတဲ့ ဒီအမှုနဲ့ ပတ်သက်တာတွေကို အခု ဒီနေရာမှာပဲ တစ်ချက်လောက် ကြည့်ပါရစေ ..၊ ကြည့်သွားရုံပဲ တောင်းဆိုတာ .. မင်းအတွက် သိန်းတစ်ရာတန် ချက်လက်မှတ် ခုချက်ချင်း ထုတ်ပေးသွားမယ် .."

မို့ မျက်နှာ ပြုံးယောင်သမ်းသွားသည်။

"ဒါ ဘယ်သူမှ မသိလိုက်စေရဘူး .. မင်း ဆရာတောင်မှ .."

"ကျွန်မကတော့ ဆရာ့လို ရှုပ်ထွေးမခံဘူး အန်တီ .. ကျွန်မဆရာက တကယ်တော့ အဲဒီလိုလူ မဟုတ်ဘူး .. ဒါပေမယ့် တစ်ဖက်လူတွေဆင်တဲ့အကွက်မှာ ပိတ်မိပြီး .."

"ဟား .. ဟား .. ဟား ..."

စကားမဆုံးခင် ဘဒ္ဒါ ရဲ့ ရယ်သံက ရှိင်းစိုင်းစွာ ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"လက်မှာ ကြွက်ထောင်တန်းလန်းနဲ့ အသည်းနိုက်အောင် အော်နေရတာတောင် ဒါကို မကိုင်ပါဘူးလို့ ငြင်းနေသလိုပဲ ..၊ ရှေ့နေကြီးတစ်ယောက်က အမှုသည်တွေလက်ထဲမှာ ချည်နှောင်ခံနေရတာ ရယ်စရာကြီး .."

"အဲဒီလို ရှေ့နေလို့ သိထားရက်နဲ့ ဒီထိရောက်လာပြီး အန်တီ တောင်းဆိုနေရတာက ပိုပြီး ရယ်စရာ ဖြစ်သွားပါ့မယ် .."

မို့ မျက်နှာလေး တည်ငြိမ်နေကာ ...

"ပြီးတော့ အန်တီ တောင်းဆိုတဲ့ အချက်တွေကိုလည်း ကျွန်မ လိုက်လျောနိုင်မှာ မဟုတ်ဘူး .."

"ဘယ်လို!..."

"ကျွန်မတို့ ဥပဒေအကျိုးဆောင်တွေက အမှားအမှန် ရောထွေးပျောက်ကွယ်နေတာတွေကို ဖော်ထုတ် ဖြေရှင်းပေးနိုင်အောင် ကြိုးစားနေကြတာပါ..၊ ပေါ်လာရင် ဈေးကောင်းပေးနိုင်တဲ့သူကို ရောင်းဖို့ ဗန်းထဲ ထည့်ခင်းနေတာ မဟုတ်ဘူး .."

"ကြားလို့ကောင်းပေမယ့် ငါကတော့ အပြောကောင်းတဲ့လူတွေကို အထင်မကြီးတတ်ဘူး.. ဒီအမှုကို ငါတို့ ရင်ဆိုင်ဖြစ်မလား .. မဖြစ်ဘူးလား .. မသေချာဘူးဆိုတာတော့ မင်း သိမှာပါ .."

မို က မဖြေ ..၊

"မင်း သူ့အကြောင်းကို သေချာ သိသွားရင်လည်း ဒီအမှုကို အကျိုးဆောင်ပေးဖို့ လက်ခံခဲ့တာ မှားပြီလို့ အော်နေမှာပဲ .."

"ဟုတ်ကဲ့ .. အော်လောက်အောင်ဖြစ်ရင် အော်မိနိုင်တယ် ..၊ ဒါပေမယ့် အခု အန်တီက သူ့အကြောင်း သိထားပေမယ့် မအော်ဘူးဆိုတော့ .."

"သဒ္ဒါပိုမို .. ဒီမှာ .."

ဘဒ္ဒါ မျက်နှာက တင်းမာနေကာ ...



"ဘာမှမသေချာတာကို ဖတ်ဖတ်မောအောင် လှုပ်ရှား ကြိုးစားနေမယ့်အစား အသေအချာပေးနေတာကို အရယူထားဖို့ မင်း လက်မနှေးသင့်ဘူး ..၊ ဒါကို ငါ ယှဉ်ကြည့်ခြင်းအားဖြင့် ငါလည်း ဘာတွေလုပ်မယ် .. ဘာဖြစ်လာမယ်ဆိုတာ ဘာတစ်ခုမှ မပြင်ဆင်ခဲ့ဘူးဆိုတာလည်း အမှန်ပဲ ..၊ ဒီတော့ ဘယ်သူ့မှာမှ နစ်နာဖို့ မရှိတာကို တလွဲမာနတွေနဲ့ ခေါင်းမာမနေပါနဲ့ .."

"အန်တီ ငွေစကားတွေ ပြောလုချေလား .."

"ဟွန်း .. မင်း သေချာ မမြင်သေးဘူးပဲ .."

"ကျွန်မရှေ့မှာ စိန်တောင်ကြီးတစ်လုံးလောက် မြင်အောင် ပြလိုက်ပါ အန်တီ .."

"ဟား .. ဟား .. ဟား ဟား ... မင်းက မလွယ်ဘူးပဲ .."

"အလွယ်ကူဆုံး ပြီးပြတ်သွားစေမယ့်အဖြေ ပေးချင်လို့ပါ .."

"ရပြီ .."

ဘဒ္ဒါ က ခေါင်းညိတ်၍ ခြေချင်းချိတ်ထားတာကို ဖြုတ်သည်။ ပြီးတော့ ကုလားထိုင်လက်တင်တွေကို လက်ဖဝါးနှစ်ဖက်နဲ့ အသံမြည်အောင် ဆုပ်ကိုင် အားပြု၏။

ပြီးမှ လှလှပပလေး ထရပ်လိုက်ကာ ...

"ငါ့သားမှာ မင်းလိုမိတ်ဆွေမျိုး ရှိနေတာ ဂုဏ်ယူစရာပါပဲ ..၊ ဒါပေမယ့် မင်းတို့နှစ်ယောက် မိတ်ဆွေလို ပတ်သက်သွားကြတယ်ဆိုတာက အံ့သြစရာ ဖြစ်နေတယ် .."

"ဟုတ်မှာပါ .. ကျွန်မတောင်မှ အန်တီတို့ သားအမိဆိုတာကို အံ့သြသွားသေးတာ .."

ဘဒ္ဒါ မျက်ခုံးနှစ်ဖက် ဆတ်ခနဲ တွန့်သွားတော့ မို က ပြုံး၍ ...

"အန်တီက အရမ်းနုပြီး လှနေလို့ပါ ..၊ ပြီးတော့ အစစအရာရာ ကွာဟချက်လေးတွေ ရှိနေတာက လွဲရင်ပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



အစစအရာရာ ကွာဟနေမှတော့ တူတာ ဘာရှိသေးလို့လဲ ..။

စိတ်ထဲမှာ ထောင်းခနဲ ဖြစ်သွားတော့ သဒ္ဒါပိုမို ဆိုသည့် သူမက ထိုင်ရာကနေ ထရပ်လိုက်ပြီဖြစ်ကာ ...

"အဆောင်မှာ ညှိချိန် ကုန်တော့မယ်ထင်တယ် .. တော်ကြာ အဆောင်မှူး ရောက်လာရင် အန်တီ့ကို အားနာလို့ပါ .."

"အဟွန်း .. ရှေ့နေတစ်ယောက်ရဲ့ဝင်ငွေက ဒီလောက်ပဲရှိတာလား .. ဒါမှမဟုတ်ရင် တို့ယောက်ျားက ကူညီခဲ့တယ်ဆိုတဲ့ လက်လွှတ်ထောက်ပံ့မှုတွေ ဘာမှ မရှိတော့တာလား .. မင်း အဆောင်မှာနေရတာကို ပြောတာပါ ..။ မင်းအဖေကို ကိုကောင်း အတိုးမဲ့ လက်လွှတ်ချေးငှားထားတာတွေ နည်းတာမှ မဟုတ်တာ .."

ကျေးဇူးတရားကို ထောက်ပြလာတာကျတော့ မို မျက်နှာလေး သိသာစွာ ပျက်သွားသည်။

ပြီးတော့ မေမေ့ဒေါသနဲ့ စကားတွေကို သတိရမိ၏။

"ကျေးဇူးကန်းတဲ့အပြစ်လောက် ကြောက်စရာကောင်းတာ မရှိဘူး သဒ္ဒါပိုမို .. သူ့ရဲ့ကောင်း က ငါတို့မိသားစုကို ဒီအချိန်ထိ ရပ်တည်ကျန်ရစ်နိုင်အောင် ကျေးဇူးပြုခဲ့တယ် ..။ ညည်းကတော့ ကျန်ရစ်တဲ့ သူ့ရဲ့မိသားစုကို လက်မဲ့ဖြစ်အောင် အသေအလဲ ကြိုးစားတော့မယ် ..။ ညည်းလုပ်ရပ်ကို ညည်း ပြန်စဉ်းစား .."

"ကျေးဇူးကန်းလို့ ဘဝပျက်ရမယ့်အစား ခုတည်းက ပျက်ထားလိုက်တာ ကောင်းပါတယ်အေ .. ငါ ပြန်လာချင်မှ လာမယ် ..၊ ညည်း ငါ့ကို မျှော်မနေနဲ့ .."

"သွားမယ်ဆိုလည်း သွားလိုက်ပေါ့ မို ရယ် .. ငါ့နားမှာ နေရင်ညည်း ထင်တိုင်းကြဲရမှာမှ မဟုတ်တာ ..၊ အေး .. ဆုံးဖြတ်ပြီးသွားရင်တော့ ကိုယ့်လမ်း ကိုယ်လျှောက်ပေတော့ .. ညည်း ပြန်လာဖို့လည်း ငါ ဘယ်တော့မှ မျှော်လင့်စောင့်စားနေမှာ မဟုတ်ဘူး" တဲ့ ..။





မေမေ အိမ်ကထွက်သွားတုန်းက 'သမီးပဲ သွားပါ့မယ်' ပြောတော့ မတားဆီးသည့်ပြင် မေမေ ပြန်ပို့လိုက်တဲ့ ရာဇသံက ပြင်းသည်။

တကယ်တမ်း ဒီလောက်ထိလုပ်ဖို့ မရည်ရွယ်ခဲ့ဘဲ လုပ်ဖြစ်ခဲ့တာပါ။ သူမတို့ သားအမိကြောင့် ခွဲ ခရီးသွားခါနီးတောင်မှ စိတ်မချမ်းသာစွာ ညည်းညူသွားသေးသည်။

"မမတို့ကိုလည်း ကျွန်တော် မပြောချင်တော့ဘူး .. မေမေကလည်း တစ်ယူသန် .. မမကလည်း မေမေ့သဘောနဲ့ ထပ်တူ အစကရှိခဲ့ပြီးမှ ခုကျမှ ဘာတွေ ထဖြစ်တာလဲ ..၊ ဦးပြည့်သျှင် ဆိုတဲ့ လူကြီးက ကျွန်တော်တို့ အသိုင်းအဝိုင်းထဲမှာ တကယ့်နတ်ဆိုးပဲ .."

"ခရီးထွက်ဖို့ဆုံးဖြတ်ခဲ့တာတောင် ကိုယ့်ဆုံးဖြတ်ချက်ကို ကျေးဇူးတင်ရမလို ဖြစ်နေပြီ ..၊ မဟုတ်ရင် သော ကို ဘယ်လိုရင်ဆိုင်ရမလဲတောင် သိတော့မှာ မဟုတ်တော့ဘူး .. ကျွန်တော် မေမေ့လို တစ်ယူမသန်ချင်ပေမယ့် မမ လုပ်တာ မကောင်းဘူးဆိုတာတော့ ခံစားမိနေတယ် ..၊ မမက ဆရာ့မျက်နှာတစ်ခုကိုတော့ ငဲ့ရမှန်း သိတယ် .. ကိုယ့်အဖေ .. ကိုယ့်မိသားစုကိုတော့ ဂရုမစိုက်ဘူး ..၊ တကယ် အဲဒီအတိုင်းဖြစ်နေတာ .."

ကိုယ် ရင်ဆိုင်ခဲ့ရတာတွေ တွေးမိတော့ မို ဘာမှမပြောနိုင်ဘဲ ငိုင်တွေသွားခဲ့၏။

"အင်း .. ပြောမှသိမှာမို့ ပြောပြတာမျိုး မဟုတ်ပါဘူး .. မင်းချို့တဲ့လွန်းတာကို အမြင်မတော်လို့ ပြောမိရင်းနဲ့ပါ ..၊ တစ်ခုတော့ရှိတာပေါ့ .. ကျေးဇူးဆိုတာ ဆပ်တတ်ရင် ကျေပါတယ်၊ ကျေးဇူးကန်းမိရင်တော့ ဘယ်လိုဒုက္ခတွေ ကြုံရတတ်တယ်ဆိုတာ မင်းရဲ့အမေ သင်ပြမှာပါ .."

ဘဒ္ဒါ က မိဘ မဆုံးမခဲ့ဘူးလားဆိုသည့် စကားမျိုး ပြောကာ မျက်ဝန်းတို့နှင့် စိုက်ကြည့်ပြီး မဲ့သည်။ ထို့ပြင် ...



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြလိုက်ပါဦးမယ် ငါ့သားကို မင်းရဲ့ သုံးစားမရတဲ့ မာန တွေနဲ့ အရည်အချင်းကောင်းတွေအကြောင်း .."

မပြောသင့်သည့်စကားတွေကို ခပ်ရိုင်းရိုင်းပြောပြီးမှ ပြန်ထွက် သွား၏။

မို့ ဒီတိုင်းကျုန်ရစ်ခဲ့တာ သူမကို ဘာမှ ပြန်မပြောတတ်လို့ မဟုတ် ပါ ..။

ဒါပေမယ့် ကျေးဇူးဆိုသည့်စကားကို ထပ်ကြားလိုက်ရသည့်အခါ မေမေ ပြောခဲ့တာတွေကို သတိရပြီး တုန်လှုပ်သွားမိသည်။

ကိုယ့်ကြောင့် ဦးသူရဲကောင်း ရဲ့မိသားစုတွေ ဘဝပျက် ဒုက္ခများ ကြမည်ဆိုလျှင် ..၊



## အခန်း (၄၉)

ရှေ့နေ ဦးထင်ပေါ် ..၊

စာလုံးတွေကို ဖတ်လိုက်ရင်း ကိုယ့်ဘာသာ ရေရွတ်နေမိသည်။ သူမ ဒီစာတွေကို ဖတ်လိုက်တာလား ..၊ ဒါဆို သူမ ဖတ်လိုက်တာ အမှန်လား .. အမှားလား ..၊

ရှေ့နေ ဦးထင်ပေါ် ဆိုသည့် ဆိုင်းဘုတ်ပြားလေးရှေ့မှာ အမေ့ တလျှော့ ရပ်နေရင်း သူမအတွက် အပြင်လောကကြီးတစ်ခုလုံးက ထူးခြား ဆန်းပြားနေတာကို တွေးမိလာသည်။

သူမ ဘယ်က လာခဲ့တာလဲ ..၊ အခု ဘယ်ကိုသွားမှာလဲ ..၊ ဘာကိုမှ လည်း တွေးလို့ မရတော့ပေ ..။

"သြော် .. ကိုပြည့် ဟုတ်ပါတယ် ..၊ အဲဒါကို ခုပဲ ပြောနေကြ တာပေါ့ .."

ခြံထဲက စကားသံ ကြားလိုက်တာနှင့် ဦးဆောက်ပန်း သစ်ပင်တွေ ကြားထဲ တိုးဝှေ့ဝင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခြံအုတ်တံတိုင်းရဲ့ရှေ့မှာ အလှစိုက်ထားသည့် ရွက်လှပန်းပင်တွေ သူမကြောင့် ဘာတွေဖြစ်ကုန်ပြီမှန်းလည်း မသိတော့တဲ ယုန်တစ်ကောင် လို ဝပ်နေလိုက်မိ၏။

"အိုခေ .. အိုခေ စိတ်ချ ကိုပြည့် .. စိတ်ချမ်းသာအောင် ဆောင် ရွက်ပေးမယ် ...၊ ကျူပ်တပည့်ကလည်း အလုပ်ကို လေးစား ကြိုးစားတဲ့ မိန်းကလေးပါ.. ကျူပ်တပည့်တွေထဲမှာ ယုံကြည်အားထားရဆုံး တပည့် ဆိုလည်း ဟုတ် .. သမီးဆိုလည်း မှန်တယ် .."

"... ... ... ..."

"သင့်နှ(ခ်)ယူ ဗျာ .."

ဦးထင်ပေါ် က ဖုန်းပြောပြီး မို့ ကို လှည့်ပြုံးပြကာ ...

"ကိုပြည့်သျှင် က သမီးကို ချီးကျူးနေတာ .."

မို့ က မျက်မှောင်လေး ကုတ်သွားကာ ...

"ဦးပြည့်သျှင် နာမည်ကြီးနေသလောက် တကယ်တော်တယ် ဆို ရင် ဒီလိုအမှားမျိုးကို .."

ဦးထင်ပေါ် ရယ်လိုက်ကာ ခြံတံခါးနားရောက်မှ ခြေလှမ်းရပ် လိုက်ပြီး ...

"ဆရာ့ကို နာမည်ဖျက်နေကြတဲ့လူတွေအကြောင်း သိနေရက်နဲ့ ဒီအမှုအပ်တာကို သမီး တွေးနေတာလား .."

မို့ က ဖိုင်ကို ပိုက်ထားရင်း ပြုံးကာ အားနာသည့်မျက်နှာလေး နှင့် ...

"ဒီလိုလေ ဆရာ .. ဘာပဲဖြစ်ဖြစ် ဆရာ့အတွက် လောလောဆယ် အရမ်းခက်ခဲနေတဲ့အချိန်ပဲ ...၊ ပြီးတော့ ဆရာ့ကို ယုံကြည်ပေမယ့် ဆရာ က မို့ ကို လွှဲပေးလိုက်တဲ့အတွက် သူ့ဘက်က ကွန်ပလိန်းတက်သင့်တာ မျိုးတော့ ရှိလာမယ်လို့ မို့ က ထင်တာ .."

"သူက ထူးခြားတဲ့လူတစ်ယောက်ပဲ သမီးရယ် .. ဘာဖြစ်လို့ပဲဖြစ်





ဖြစ် သမီး ပထမဆုံး လက်ခံပြီး အကျိုးဆောင်ရွက်ခွင့်ရတဲ့အမှုက ဘု ပတ်သက်နေတာ သမီးအတွက် ဂုဏ်ယူစရာပဲ ...၊ နောက်ပြီး သူ့ ယုံကြည်မှုကို သမီး ရထားတာလေ .."

သူမ တွေးနေတာက ဤသို့ မဟုတ်ပေ ...၊ ဆရာ့မှာ နာမည်ပျ ကိန်း ကြုံနေရသလို သူမကလည်း ဆရာ့ရဲ့တပည့်ပဲ ဖြစ်နေသည် ဒါကို ဘာဖြစ်လို့ ဒီအမှုကို အပ်ခဲ့တာလဲ ...။

"ကိုပြည့်သျှင် က ယုံလွယ်တဲ့သူ မဟုတ်ဘူး သမီး .. ဆရာတော မှ သူ့ကို ရှေ့နေ ဦးခန့်ဇော် နဲ့ ဆက်စပ်ပြီး ခင်မင်ခဲ့တာ ...၊ ဦးခန့်အ နယ်ကိုပြောင်းသွားမှ သူ့ရဲ့ တချို့ စာချုပ်စာတမ်းကိစ္စတွေမှာ အကျ ဆောင်ပေးခဲ့ရတယ် ...၊ သူက သုံးသင့်တာဆိုရင် ရက်ရောတယ် သူ့စိတ် ထူးခြားသလောက် ထူးခြားတဲ့လူတွေကို စိတ်ဝင်စားတတ်ေ သဘော ရှိတယ် .."

ဦးထင်ပေါ် က ကိုယ်တိုင် ခြံတံခါးဖွင့်ပေးရင်း ရှင်းပြနေ၏။

"ပြောရရင် သမီးရယ် .. သူ့စိတ်ကို ဖြစ်ရိုးဖြစ်စဉ်တွေအင်္ဂ အကဲခတ်လို့ မရဘူး .."

မို့ ကတော့ သူမဟာ ဦးသန်းမြတ်ဇော် ရဲ့သမီးမှန်း သိလို့ ဒီငွေ ဖြစ်လာမှာကို တွေးပြီး ပတ်သက်မှုရှိလာအောင် ကြိုးစားတယ်လို့ ထင်မိသည်။

ဆရာက သူမတို့ရှိခဲ့ကြတဲ့ ကောက်ကွေ့ကြောင်းတို့ရဲ့ လွဲ ဆုံမှတ်တွေအကြောင်း ဘာမှသိထားတဲ့သူ မဟုတ် ...။

ဒါဆို သန်းမြတ်ဇော် ရဲ့သမီးဟာ သူ့အတွက် အကျိုးဆော ရှေ့နေအဖြစ် ရပ်တည်ပေးမှာပဲလို့ ဘာဖြစ်လို့ တွက်ခဲ့တာလဲ ...၊ ဒီအ ဆရာ့လက်ထဲကနေ ကိုယ့်ဆီရောက်မှာပဲဆိုတာ တကယ်ကြိုတင်အ သိနေခဲ့တာလား ...။

"သမီး ဒီအချိန် လိုင်းကားတွေ တက်လို့ရမှာ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လမ်းထိပ်မှာ ကားငှားသွားနော် ..."

ဦးထင်ပေါ် က တပည့်ဖြစ်သူကို စိတ်မချသလို လှမ်းမှာ၏။

"တက္ကစီငှားရတာ ဂိုဆိုးတယ် ဆရာ .. အခု ယာဉ်စည်းကမ်းတွေ အမျိုးမျိုးနဲ့ဆိုတော့ ကားကို ဘယ်မှာသွားတားရမယ်မှန်းကို မသိတော့ဘူး ..၊ ရပါတယ် .. သိပ်လည်း မဝေးပါဘူး ..၊ ကားအခြေအနေကြည့်ပြီး ဖြည်းဖြည်းပဲ လျှောက်ပြန်လည်း အဆင်ပြေပါတယ် .."

"အေး .. အေး .. နေ့လယ်တုန်းကတော့ မေမြတ်နိုး တို့ ကားနဲ့ လာကြတာ ..၊ သူတို့နဲ့ ညည်း အတူတူရောက်လာတာဆိုရင် ကားနဲ့ ပြန်လိုက်သွားလို့ ရဦးမှာ .."

ဆရာ စိတ်မကောင်းစွာ ရေရွတ်ကျန်ခဲ့တာကို ပြုံးပြရင်း နှုတ်ဆက်ခဲ့မိသည်။ မို့ မှာလည်း ခပ်စုတ်စုတ်ကားလေးတော့ ရှိသားပဲ ..။

ဒါပေမယ့် အဆောင်မှာနေကာမှ ကားစီးနေလို့ မဖြစ်တော့ပေ..။ ထို့ပြင် မေမေ့ထံမှ ကြင်ကြင်နာနာ ခွင့်လွှတ်ကြိုဆိုခြင်း မရှိသရွေ့ ..၊

"အား!..."

အော်သံက တိုးတိုးလေးပဲ ဖြစ်သည်။ မို လှည့်ကြည့်လိုက်တော့ သူမနောက်မှာ အမျိုးသမီးတစ်ယောက် ..၊

"ကျွတ်!... ကျွတ် ..."

ခြေထောက်ကို ငုံ့ကြည့်ပြီး ပြန်မော့လိုက်တော့ သူမကို မို လှည့်ကြည့်လိုက်တာမြင်သွားကာ နှုတ်ခမ်းပေါ်ကို လက်ဝါးနှစ်ဖက်နဲ့ အလန့်တကြား ဖိကပ် ပိတ်ပစ်သည်။

ပြီးတော့ ခြေလှမ်းတွေပါ တုံ့ခနဲ ရပ်၏။ ဆံပင်တွေ ခါးအောက်စပ်လောက်မှာ ဖားဖားဝေဝေပြန့်ကျလျက် မျက်နှာပေါ်မှာလည်း မသေမသပ် ကျနေသည်။

ခရမ်းရောင် ညဝတ်အင်္ကျီ ရင်စေ့ဖွာဖွာနှင့် ဘောင်းဘီရှည်ကလည်း ပွပွပဲ ဖြစ်၏။





ဆံပင်တွေပွပွ၊ အင်္ကျီဘောင်းဘီတွေပွပွနှင့် နော်မယ်လ် မဟုတ်တာက သိသာနေသည်။

ပေပေစုတ်စုတ် ဖျတ်ဖျတ်လတ်လတ် ဖြစ်မနေတာကြောင့် ဘယ်လိုထင်ရမှန်းလည်း မသိ ..။

မို ဆက်လျှောက်လာခဲ့ရင်း သူမရဲ့ခြေသံကိုတော့ နားစွင့်ထားမိသည်။ ရပ်ကွက်လမ်းထဲကနေ လမ်းမကြီးနားရောက်တဲ့အထိ သူမက ကိုယ့်နောက်မှာ ကပ်လျက်သား ..၊

မို ခြေလှမ်းတွေ တုံ့နှေးသွားသည်။ သူမကလည်း ဖြည်းဖြည်းလေးပဲ ပါလာ၏။ ဒီထဲက လမ်းသွယ်တွေထဲ ဘယ်ကိုမှမဝင်ဘဲ ဘာဖြစ်လို့ ကိုယ့်နောက်ကိုပဲ လိုက်လာတာလဲ ..၊

မိန်းမသားချင်းပေမယ့် သူမက လူကောင်းလား ..၊ လူဆိုးလား.. ဒါမှမဟုတ် ရူးနေလားလည်း မသိ ..။

လမ်းထိပ်ရောက်တော့ မို ခြေလှမ်းရပ်ကာ နောက်လှည့်ကြည့်လိုက်သည်။

သူမကလည်း ရပ်တန့်သွားကာ အလန့်တကြားဖြစ်သွားသည့် မျက်နှာနှင့် ဖျတ်ခနဲ ကျောခိုင်းပစ်သည်။

မို ပြန်မလှည့်ဘဲ သူမကို စိုက်ကြည့်နေခဲ့လျှင် မရဲတရဲ ပြန်လှည့်လာသည့် မျက်ဝန်းတို့နှင့် ဆုံမိသွား၏။ သူမ မျက်နှာကို ပြန်ကွယ်ဖို့ ကြိုးစားလျှင် ...

"အစ်မ .."

"ဟင်!..."

ခေါ်လိုက်တော့လည်း လန့်လန့်ဖျပ်ဖျပ် ပြန်ထူးကာ မို့ ကို သေချာကြည့်၏။ သူမ ဘယ်လိုအခြေအနေလဲဆိုတာ အကဲခတ်ရင်း မို က နောက်ကို ပြန်လျှောက်သွား၍ ...

"အစ်မက ဘယ်ကိုသွားမလို့လဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .."

မျက်ဝန်းတို့ ပြူးဝိုင်းနေပုံက မသိပေါင်းများစွာနဲ့ ဖြစ်လျက် ခေါင်းခါလိုက်တော့ မို အနည်းငယ် သံဘောပေါက်သွားသည်။

သူမ အတိတ်မေ့နေတာလား ..၊ ရောဂါအမျိုးမျိုးနဲ့ ဝေဒနာသည် လား ..၊

နောက်ထပ် စောင့်နေပေမယ့် ဘာမှလည်း မဖြေ ..၊ မျက်နှာကို ကွယ်ဝှက်ဖို့ ကြိုးစားတော့ပေမယ့် နေရာမှ တုတ်တုတ်မျှလည်း မလှုပ်..။

မို သက်ပြင်းချကာ ဖိုင်တစ်ဖက်နှင့် ဆလင်းဘက်ခ်ကို ပခုံးပေါ် ထပ်ဆွဲချိတ်ရင်း ကိုယ့်လမ်းကိုယ် ဆက်သွားတော့ဖို့ ပြန်လှည့်မိသည်။ သို့သော် သူမကိုပဲ ပြန်လှည့်ကြည့်ကာ ...

"အစ်မ ကျွန်မနောက်က လိုက်မနေနဲ့နော် .."

"မလိုက်ရဘူးလား .."

သူမ အသံလေး ထွက်လာ၏။ မို က ခေါင်းညိတ်ကာ ...

"ကိုယ့်အိမ်ကို ပြန်ပေါ့ အစ်မရယ် .. သူများအိမ်ကို ဘယ်လိုလုပ် လိုက်လို့ ရမှာလဲ .."

မို ထပ်စောင့်ပေမယ့် သူမက ဘာမှမပြောဘဲ ဒီတိုင်းပဲ ရပ်နေခဲ့ ၏။ ထို့ကြောင့် လှည့်ထွက်သွားခဲ့မိသည်။ ဒါပေမယ့် လှည့်ကြည့်လိုက် တော့ သူမက ပါလာမြဲဖြစ်ကာ ...

"ငါ လိုက်ချင်လို့ .."

စကားသံက တိုးတိုးလေးပေမယ့် ပီပီကလေးငယ်လေးသဖွယ်..၊ ကြားရသည့်လူကို မလိုလားစွာ ငြင်းဆန်လိုစိတ် အလျဉ်းမဖြစ်စေသော အသံလေး ဖြစ်နေရကာ ...

"ဟင်း .."

မို နောက်ထပ် သက်ပြင်းချမိပြန်၏။ ပြီးတော့ သူမရှိရာကို ပြန် လျှောက်သွားရကာ ...





"အစ်မက ဘယ်ကလာတာလဲ .."

"ငါ .."

"အစ်မ အိမ်ကမသိအောင် ထွက်ပြေးလာတာလား .."

"ဟင် .. ဟုတ်တယ် ..၊ အဲဒါ .. အဲဒါက ဟုတ်တယ် .."

ပါးရိုးကို ဖြတ်ဆင်းကျနေသည့် ရှေ့ဆံပင်တွေထဲကနေ မျက်နှာ ကို သေချာမြင်ရအောင် ကြည့်မိသည်။

သူမ မျက်နှာ ပြန်မလွှဲတော့သည် မို့ ဖြာလဲ့သောမျက်ဝန်းညိုတို့ ကို ပထမဆုံး သတိထားမိသည်။

ပြီးတော့ တစ်ပင်ချင်း ထင်းနေသော ကော့နက်သည့်မျက်တောင် ရှည်ကြီးတွေ ..၊ ထိုပြင် ဖြူနုဝင်းစိုနေသောမျက်နှာ မသွယ်မဝိုင်းလေး နှင့် ...

သူမ ဘယ်အသက်အရွယ်ဆိုတာ ခန့်မှန်းကြည့်ဖို့ ဆံပင်တွေ ကြောင့် သိပ်တော့ မနီးစပ်နိုင်ပေ ..။

"အစ်မကို ဘယ်သူက ဆူပူနေလို့ ထွက်ပြေးလာတာလဲ .."

ထပ်မေးကြည့်တော့ သူမက ဘာမှမပြောဘဲ ငေးနေပြန်သည်။ ဒါပေမယ့် တလှုပ်လှုပ် နှုတ်ခမ်းတို့ကိုကြည့်ကာ မို စိတ်ရှည်လက်ရှည် စောင့်နေမိ၏။

"သူက ငါ့ကို သတ်မှာ .."

"ဘယ်သူလဲ .."

"သူတို့ .."

လက်ညှိုးထောင်လာပြီး အားတက်သရောဖြေလိုက်ပေမယ့် တိကျ သည့်အဖြေ မဟုတ်ခဲ့ဘဲ ...

"သူ .. သူမ .. သူမလေ .. မိန်းမ .. ငါ့ကို တူနဲ့ထုသတ်မယ်လို့ ပြောတာ .."

သူမ ဘယ်လိုဖြစ်လာမှန်းတော့ မသိပေမယ့် အဝတ်အစားနှင့်



www.burmeseclassic.com

www.burmeseclassic.com



သန့်စင်ဖြူနုနေသော သူမရဲ့တစ်ကိုယ်လုံးကို အကဲခတ်ခြင်းအားဖြင့် ဆင်းဆင်းရဲရဲထဲက ဘယ်လိုမှ မဖြစ်နိုင် ...။

ဒါမျိုးတွေက ရှုပ်ထွေးသော အိမ်တွင်းရေးတွေရှိနေတတ်ကြတာမို့ ပါဝင်မပတ်သက်ဖို့ စိတ်က ဆုံးဖြတ်ပြီးဖြစ်ကာ ...

"ဘာပဲဖြစ်ဖြစ် ကိုယ့်အိမ်ကိုယ်ရှာ မဟုတ်ဘဲ အစ်မကို ဘယ်သူကမှ အိမ်မှာ ပေးနေမှာမဟုတ်ဘူး .. ကျွန်မနောက်ကိုလည်း မလိုက်ခဲ့ပါနဲ့တော့ .. နော် .."

သူမက ဒီစကားကိုတော့ နားလည်ပုံပေါ်ကာ ခေါင်းမညိတ် ခေါင်းမခါပေမယ့် မျက်ဝန်းတွေမှာ ဝမ်းနည်းသွားသည့်အမူအရာတွေ ဖြစ်ထွန်းသွား၏။

မို က လှည့်ထွက်လာခဲ့လျက် သူမ ဒီတိုင်း ရပ် ကျန်နေခဲ့၏။ စိတ်ထဲမှာ သိပ်တော့မကောင်းပေ ...၊ ဒီအမျိုးသမီး ရူးနေတာမျိုးတော့ မဟုတ်နိုင် ...။

ဒါပေမယ့် ဆံပင်တွေ ဖရိုဖရဲနှင့် နေထိုင်ပုံအရ အတိတ်မေ့ရဲ့ လောက် ဖြစ်တာမျိုးလည်း မဟုတ်ဘူးလို့ တွေးမိပြန်၏။ သူမရဲ့စကားသံလေးက နားထဲမှာ ပါလာသလို ကျောခိုင်းလာခဲ့ပြီးမှ သူမအကြောင်းတွေပဲ တွေးမိနေတာ ပြဿနာ ...၊

ကားမှတ်တိုင် ရောက်လာကာမှ နောက်ကို ပြန်လှည့်ကြည့်မိလျှင်...

"ဟင်!..."

သူမက ကိုယ့်နောက်နားမှာ ...၊

"ဒုက္ခပါပဲ .. ကျွန်မနောက်ကို လိုက်လာတယ် ဟုတ်လား .."

ရိုက်ခံရမှာစိုးသည့် ကလေးငယ်လေးလို စိုးရိမ်သည့်မျက်ဝန်းလေးတွေနှင့် ခေါင်းညိတ်ပြသည်။ သူမ စကားပြောနိုင်သည်။ စိတ်ဝေဒနာရှင်ဖြစ်ဖို့လည်း များ၏။





ဒါပေမယ့် တခြားစိတ်ဝေဒနာရှင်တွေကဲ့သို့ အကဲခတ်ရလွယ်အောင် စကားတွေ ထင်တိုင်းပြောနေတာမျိုးလည်း မဟုတ်ပေ ...၊

ဘယ်လိုတွေးတွေး ကရုဏာသက်ဖွယ်တွေပဲ ရှိနေပါ၏။ သို့ကြားသော်လည်း ...

"အစ်မနာမည် ဘယ်လိုခေါ်လဲ ..၊ မှတ်မိလား .."

မှတ်တိုင်က တခြားလူတွေ မရိပ်မိအောင် မို က သူမနားကို ကပ်လိုက်ပြီး ခပ်တိုးတိုး မေးသည်။

"ငါ့နာမည် .."

"ဟုတ်တယ် .."

သူမက မျက်တောင်ဖျားတွေ မျက်ခွံမှာ ဖြန့်ကပ်သွားတဲ့အထိ အပေါ်ကို မော့လှန်ငေးရင်း စဉ်းစားသည်။ ပြီးမှ ...

"ခေါ်ခေါ်ဦး .."

"ဟင်!..."

"ခေါ်ခေါ်ဦး တဲ့ .."

သူမကို တစ်ယောက်ယောက်ခေါ်တဲ့နာမည်ပဲဆိုတာ မို တွေးမိသည်။ ဒါပေမယ့် ...

"နာမည်ကို မမှတ်မိဘူးပေါ့ .."

"ခေါ်ခေါ်ဦး .."

"အင်း ... ခေါ်ခေါ်ဦး ..၊ ဒါပေမယ့် ကျွန်မနဲ့ လိုက်လို့ မရဘူး..၊ ခေါ်ခေါ်ဦး သွားလာဖို့ လမ်းစရိတ် ကျွန်မ ပေးခဲ့မယ် .. ကိုယ့်ဘာသာဆက်သွားလိုက်ပါ .."

မို က အိတ်ကို ပခုံးကဖြုတ်ချပြီး အထဲကပိုက်ဆံ နှိုက်ယူလိုက်သည်။ သူမ မပေးရသေးခင် ခေါ်ခေါ်ဦး နောက်ကို ခြေလှမ်းဆုတ်သွားတာ သိလိုက်သဖြင့် မော့ကြည့်တော့ သူက ခေါင်းခါလက်ကာပြလျက်...

"ဟင့်အင်း .."



www.burmeseclassic.com

www.burmeseclassic.com



"ဩော်.. မယူချင်ဘူးလား .. ဒါပေမယ့် ဒေါ်ဒေါ်ဦး ကို မို က .."

ကားတစ်စီး ထွက်သွားတာကို ငဲ့ကြည့်ကာ မို စကားသံရပ်သွားမိသည်။ ညနေစောင်းလာပြီမို့ ကားက လူတွေ ကျပ်သိပ်နေတာ မြင်လို့ တောင် မကောင်း ...။

ဒီပုံအတိုင်းဆို သူမ လမ်းလျှောက်သွားရဖို့ သေချာပါပြီ ...၊ လမ်းလျှောက်သွားရင်လည်း ဒေါ်ဒေါ်ဦး ဆိုသည့် သူမက အိမ်ထိ ပါလာမှာပင် ...။

"ဒုက္ခပါပဲ .."

စိတ်ဝေဒနာရှင်တစ်ယောက်နဲ့ အချိန်ကုန် အလုပ်ရှုပ်ခံနေရသော ကိုယ့်အဖြစ်ကို ပြန်တွေးမိကာ စိတ်လည်း ညစ်မိပါ၏။ ဘယ့်နှယ် ဒီအမျိုးသမီး ကိုယ့်နောက်ကိုမှ တကောက်ကောက် လိုက်နေရတာလဲ...။

"စိတ်တော့ မကောင်းပါဘူး ဒေါ်ဒေါ်ဦးရယ် .. ဒါပေမယ့် ကျွန်မမှာလည်း အခက်အခဲတွေနဲ့ရယ် .. သူများဒုက္ခကို မကူညီနိုင်ဘူး .."

အိတ်ကိုပြန်လွယ်၍ မို လှည့်ထွက်လာခဲ့သည်။ ဒီတစ်ခါ လိုက်လာလာ မလာလာ လှည့်မကြည့်တော့ဖို့ ဆုံးဖြတ်ကာ ပါလာရင်လည်း ဟော့ဟော့ရမ်းရမ်း အော်ဟစ်ဆွဲလွဲမှာမျိုး မလုပ်ဘူးဆိုတာကို သိနေသည်။

ထို့ကြောင့် အဆောင်ထဲ တန်းဝင်ပြီး ကျန်တာ အဆောင်မှူးကို လက်တို့လိုက်ရ ...၊

အတွေးတို့နှင့် ဒီတိုင်းလျှောက်နေရင်း ကိုယ့်ရှေ့မှာ တက္ကစီတစ်စီး လာရပ်ကာ ပဲဆင်နံ့ဂျာတွေ ဆင်းသွားကြတာကို မြင်လိုက်သဖြင့် ...

"တက္ကစီ ခဏ .."

နေရာပြောပြီး တစ်ခါတည်း ဝင်လိုက်မိသည် ...၊ ထင်သည့်အတိုင်းပင် သူမက ကိုယ့်နောက်က ကပ်ပါလာပုံပေါ်ကာ ပလက်ဖောင်းပေါ်မှာ မျက်လုံးအဝိုင်းသားဖြင့် ခြေစုံရပ်လျက် ...





"ဦးလေး မောင်းတော့လေ .."

"အေးပါကွယ် .. ဆင်းသွားတဲ့ ပဲဆင်နံ့ဂျာထဲက ကလေးမလေး အန်ချသွားတာတွေ ခြေနင်းပြားနဲ့ ဖုံးထားချင်လို့ .. ပြီးမှပဲ ဆေးရတော့မယ် .."

"ဟင်!..."

ဒါကြောင့် ကားထဲမှာ အနံ့အသက်တွေ မကောင်းတာလား ...၊

"အဟွန်း .. ကလေးမ ကားပြောင်းစီးချင် စီးပါ .. ဦးလေးကလည်း ညည်းကို ဟိုနားဒီနားမို့လို့ ဘာမှမပြောတာ ...၊ မဟုတ်ရင် ဒါကို အရင် သွားဆေးရမှာလေ .."

ကားဆရာက တစ်ဖက်မှာ ကုန်းကွ အလုပ်ရှုပ်ရင်း မာနကလည်း ပြနိုင်သေးသည်။

"ကဲပါ ဦးလေးရယ် .. ပြောနေမယ့်အစား မြန်မြန်မောင်းလိုက်ရင် ရောက်နေပြီ .. တကယ်ပါပဲ .."

မြန်မြန်သွားချင်ပေမယ့် ဒေါ်ဒေါ်ဦး ရပ်နေတဲ့ဆီ နောက်ထပ် မျက်လုံးရောက်သွားခဲ့တာက အမှားတစ်ခု ...၊

'ဟင် .. ငိုနေတယ်'

ရင်ထဲမှာ ဖျင်းခနဲ ထိရှသွားသည်။ မျက်ရည်တွေ ပြည့်လျှံနေသည့် မျက်ဝန်းတို့ဖြင့် စူးစိုက်ငေးနေကာ လျော့ရိလျော့ရဲလက်သီးဆုပ်လေးက နှုတ်ခမ်းမှာ ကပ်ထားသည်။

ပြီးတော့ မို လှမ်းကြည့်လိုက်ကာမှ နောက်ကို ခပ်စမ်းစမ်းဆုတ်ကာ လိုက်လာခဲ့သည့်လမ်းအတိုင်း ပြန်လှည့်လေသည်။

"ခဏ .. ခဏ .. ဦးလေး .."

မို ဘယ်လိုမှ ဥပေက္ခာမထားနိုင်တော့ဘဲ ကားပေါ်က ပြန်ဆင်း၍ ...

"လာ .. လာ .. မငိုနဲ့တော့ .."



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုသွားဆွဲလိုက်တော့ ဖျတ်ခနဲ လှည့်ကြည့်သည်။ ပြီးတော့ အသံမထွက်ဘဲ သွားလေးတွေပေါ်အောင် ရယ်၏။ ကားထဲပြန်ထိုင်မိကြတော့လည်း မို က ခေါင်းစည်းကွင်းလေးတစ်ခု အိတ်ထဲက ထုတ်ပေးကာ ...

"ဆံပင်တွေ အရမ်းပွနေတာ ကြည့်ရဆိုးတယ် .. ဒါလေးနဲ့ စည်းသားလိုက်ဦး .."

လှမ်းပေးပေမယ့် သူမ နားလည်ပုံမပေါ်ဘဲ ခေါင်းစည်းကွင်းကိုငုံ့ကြည့်၏။ ထိုအခါ မို သက်ပြင်းချမိရင်း အိတ်ထဲပဲ ပြန်ထည့်၍ ...

"အဆောင်ရောက်မှပဲ လုပ်ပေးတော့မယ် .."

တစ်ယောက်တည်း ဆုံးဖြတ်နေမိသည်။

'ခြေနှစ်ချောင်းလည်း မကယ်နဲ့ .. မင်းလေ့များလည်း မဆယ်နဲ့' တဲ့ ..။

ရှေးရိုးစကားပုံထဲမှာ 'ရူးတဲ့သူကို မကယ်နဲ့'လို့တော့ မပါဘူးဟုတ်လား ..။





## အခန်း (၅၀)

"ဆောရီးပဲ မဒါ .. ကျွန်တော် သည်းခံနိုင်တဲ့အတိုင်းအတာ ကုန်သွားပြီ .."

"ဘာပြောတယ် ယက္ခ .."

လူတွေ ဥဒဟို သွားလာနေကြသည့်နေရာမို့ စကားပြောရတာ အဆင်မပြေသလို ဒေါသထွက်တာတောင် ဖုံးဖိ ဖြေလျှော့နေရ၏။ ဒါပေမယ့် ယက္ခက ဘယ်နေရာမှာ စကားသွားပြောဖို့မှ ခေါ်လို့ မရတော့ဘဲ ...

"အဲဒီနေ့တည်းက ကျွန်တော် ကိုယ့်လမ်းကိုယ်လျှောက်တော့ဖို့ အပြီးထွက်ခဲ့တာ .."

"အေး .. ဒါဆိုရင်လည်း ငါ့ကို တစ်ခါတည်း သတ်သွားလိုက်တော့ ယက္ခ .. ငါ ကြိုတ်ခဲ မျှော်လင့်ခဲ့ရသမျှ မင်းက ဖျက်ချတော့မယ်ဆိုရင် ငါ့ဘဝ ဘာအဓိပ္ပာယ်မှ မရှိတော့မယ့် အတူတူ ..."

"မဒါ ရဲ့ မျှော်လင့်ချက်တွေကို အကောင်အထည်ဖော်ခွင့် ရဦးမယ်ထင်ရင် ဆက်လုပ်ပါ .. ကျွန်တော်က ဘာဖြစ်လို့ ဖျက်ရမှာလဲ.."

www.burmeseclassic.com



ဘဒ္ဒါ က မယုံကြည်သည့်မျက်လုံးတွေနှင့် ကြည့်နေဆဲ …၊

"ဘယ်သူမှမဖျက်ဘဲ မဒါ ရဲ့ ချောလင့်ချက်တွေ ရေတိုက်စားတဲ့ မြစ်ကမ်းပါးတစ်ခုလို သူ့ဘာသာ တဝုန်းဝုန်း ပြိုကျနေတာ မဒါ မသိလို့ပါ …"

"ဒါကြောင့် မင်းက ကြောက်ဒူးတုန်ပြီး ပြေးတာလား …"

"မဟုတ်ဘူး … ဒါပေမယ့် မုန်းရတဲ့အကြောင်း … နာကြည်းခဲ့ရတဲ့ ထုထည်အရ ကျွန်တော့်ရင်ထဲမှာ မဒါ လောက်တော့ မဟုတ်ခဲ့ဘူးထင်တယ် …၊ ထိပ်တိုက်ရင်ဆိုင်ဖို့ ကြိုးစားတိုင်း ရင်မဆိုင်ချင်ဘူး ဖြစ်နေတယ် …"

"ကြောက်တာကို ကြောက်တာလို့ပဲ အစိမ့်ဖွင့်စမ်းပါကွာ …၊ ပြည့်သျှင် ကို မင်း ဘယ်တုန်းက မော်ကြည့်ဖူးခဲ့တာ မဟုတ်တော့ ယ်ကြောက် ဖြစ်နေတာလေ …"

ဟိုမှာ တာနော နဲ့ ဆွိ ပါလား …၊

တံခါးဖွင့်လိုက်ပြီးမှ ဂျိမ်းခနဲ ပြန်ဆောင့်ပိတ်လိုက်သည်။

နှုတ်ခမ်းမွှေးထူထူနဲ့ ကောင်းဘွိုင်ဦးထုပ် ဆောင်းထားပေမယ့် ဒီလိုရုပ်ဖျက်နည်းလောက်နဲ့ ပြည့်သျှင် ဆိုတဲ့ လူကို လှည့်စားလို့ရသလား …၊

ပြည့်သျှင် မေးရိုးနှစ်ဖက် တင်းခနဲဖြစ်သွားအောင် အံကြိတ်သည်။ တွေ့လိုက်တိုင်း သံသယဝင်ခဲ့သည့်စိတ်က သင်းကို တာနော မှန်း ကြာလာလေ သေချာလေ …၊

ပြီးတော့ ဆွိ ဆိုတဲ့ မိန်းမ …၊

စကားဝါရောင်ဆွဲသားကိုယ်ကျပ်နဲ့ ဝင်းထိန်နေသည်။ ဒီလောက်ထိ ပြင်ဆင်ထားတတ်တဲ့ သူမကို ဘယ်နေရာကကြည့်ကြည့် မမှတ်မိစရာ မရှိ။ ထို့ပြင် …

သူမကို သော ရဲ့ အနီးဝန်းကျင်မှာလည်း မြင်လိုက်သေးသည်။





ခုတစ်ခါ တာနော နဲ့အတူ …၊

"တာနော …"

ဒေါ်သသည် တာနော ကို အစိကဖြစ်နေကာ ဒီကောင်နဲ့ တွေ့ရမှ ဦး နဲ့ပတ်သက်သည့်သတင်းကို ရမည်။

ဆွိ နဲ့ ဘာတွေဘယ်လို ပတ်သက်ကြသည်ကို စိတ်ဝင်စားဖို့ထက် တာနော ရဲ့ အင်္ကျီရင်ဘတ်ကို ဆောင့်ခါပြီး မျက်စိအောက်ကနေ အသက်မပါဘဲ တစ်ခါတည်း လွင့်ထွက် ပျောက်ကွယ်သွားအောင် လုပ်ပစ်ဖို့လည်း ရှိသေးသည်။

သို့သော် …

"တောက်!…"

ရှုပါမားကက်ကြီးရဲ့ထိပ်ထောင့်ကို သူ ရောက်သွားတော့ နှစ်ယောက်စလုံး မရှိတော့ပေ

ဘယ်ရောက်သွားကြသလဲ …၊

ဒေါ်သကြောင့် အသားတွေ တုန်လာခဲ့တာ ဒါ ပထမဆုံး …၊

ကိုယ့်ကို သတ္တိရှိရှိ တော်လှန် ခြားနား၍ လစ်ထွက်သွားသည့် တာနော …၊

နိုမီကို ကို အပြတ်ရှင်းပါလို့ ခိုင်းကာမှ သူမနဲ့ ပူးပေါင်းသွားသလိုလို …၊

ကိုယ့်ရဲ့လူယုံတစ်ယောက်လုံး ဒီထိဖောက်ပြန်နေတာကို သူကိုယ်တိုင် လက်ပြန်နှုတ်ဆက်သွားမှ သိခဲ့ရသည်။ ထို့ကြောင့် တာနော ကို သူ ခွင့်မလွှတ်နိုင် …၊

ပြီးတော့ နိုမီကို …၊

သူနဲ့ ဦး နိုင်ငံခြားခရီးစဉ်အတွက် သေချာစီစဉ်ပြီး ထွက်ခွာအံ့ဆဲဆဲကျမှ သူ့ရဲ့ကောင်း ကို သတင်းပေးပြီး လက်ထောက်ခဲ့သည်။

ဦး တကယ် အသက်ရှင်နေသေးတာ မှန်လျှင် ဒါတွေကို အကွက်



www.burmeseclassic.com

www.burmeseclassic.com



ချ စီစဉ်ခဲ့တာ သူမပဲဖြစ်ဖို့မှတစ်ပါး တခြား မရှိနိုင်…၊ ထို့ကြောင့် သူမ နဲ့ လက်တွဲခဲ့သည့် တာနော လည်း ဒါကို သိရမည် …။

ပြည့်သျှင် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရင်း တက်ခေါက်မိတာ ဘယ်နှစ်ခါမှန်း မသိ …၊ သူ့မှာ နေ့နေ့ညည ဒါတွေကို ဆက်စပ်မိဖို့တွေးရင်း ကြာကြာ ထပ်ဝေးနေရလျှင် ရူးသွားနိုင်လောက်သည် …။

သေသွားပြီလို့ တွက်ထားခဲ့တုန်းက မမေ့နိုင်သည့်ဆေဒနာ တစ်ခုတည်း …၊ ခုကျတော့ ဘယ်လိုမှ အေးဆေးထိုင်နေလို့ မရ…၊ အိပ်လို့လည်း ကောင်းကောင်းပျော်တယ်ဆိုတာ မရှိ …။

စားသောက်ဖို့ ဆန္ဒမရှိသည့်အဖြစ်မှာ ကော်ဖီနဲ့မုန့်သာ ပြီးစလွယ် ဝင်သွားတတ်တာလည်း များခဲ့ပြီ …။

မင်းထက်မြတ်သော ပေါ်လာခဲ့ခြင်းကိုပါ ဆက်စပ် တွေးကြည့်တော့ တာနော ရယ် .. နိုမီကို နဲ့ မင်းထက်မြတ်သော ရယ်ဟာ စည်းဝိုင်းတစ်ခုတည်းမှာ အတူတူ ဖြစ်သွားခဲ့၏။

သို့သော် သူသာ အရူးတစ်ယောက်လို ပြေးလွှား ရှာဖွေနေခဲ့ပေမယ့် ရှာပြီဆိုကာမှ ဘယ်သူ့ကိုမှ မတွေ့ဘဲ ဖြစ်နေခဲ့၏။

ဦးနေသူရိန် ရဲ့ စံအိမ်ကြီးမှာလည်း ဒေါ်မေယု ဆုံးသွားခဲ့ပြီး ခြံစောင့်တောင်မှ မရှိတော့ပေ …။ ဒေါ်ပန်းမြတ်မာလာ ရဲ့ ခြံကျယ်ကြီးမှာလည်း ဒီအတိုင်း …။

လူရှုပ်ရှုပ်ထဲမှာ တစ်ယောက်တည်း အံတကြိတ်ကြိတ် ဖြစ်နေတုန်း ဖုန်းဝင်လာ၏။

သူ ထုတ်ကြည့်ပြီးမှ …

"ပြော .."

"ဆရာ .. ဆရာ ခိုင်းထားတဲ့ ယူကေကပြန်လာတဲ့ ခွဲစိတ်ပါရဂူ ဒေါက်တာ ပပဝင်းနဲ့ ဆက်သွယ်တာ ရပြီ .."

"အင်း .. ပြော .."





"မနုတ်ဖြန်တွေ့ဖို့ အပ္ပိုင့်မင်နဲ့ ယူထားတယ်၊ သူက ခရီးပြန်ထွက်ဖို့ အရေးကြီးရှိနေသေးတော့ အလုပ်ကိစ္စတွေနဲ့ ရှုပ်ယှက်ခတ်နေတာ.. အဲဒါ ဆရာ့နာမည် ပြောပြလိုက်တော့ သူ တန်းသိတယ် …၊ သူ့ကို ဆရာ ကူညီခဲ့ဖူးတယ်ဆိုတာလည်း ပြန်ပြောပါတယ်.. နောက်ပြီး နိုမီကို ကိစ္စလည်း သူ သိတာတွေ ရှိတယ် .."

"ငါ မနက်ဖြန် မစောင့်နိုင်ဘူး .. ခုပဲ တွေ့မှဖြစ်မယ် .."

ဖုန်းပိတ်လိုက်ပြီး ကားရှိရာကို ခြေလှမ်းကျဲများနှင့် ပြန်လျှောက်ခဲ့သည်။ သူ့ကို ကျောဘက်ထောင့်ကွယ် တစ်နေရာက ကြည့်နေသည့် မျက်ဝန်းနှစ်စုံက စူးစိုက်နေလျက် …

"သူ အများကြီး သိနေပြီ .. တွေ့လား မဒါ .."

လက်မောင်းမှာ ဆုပ်ကိုင်ထားသည့် ဘဒ္ဒါ လက်ကို ယတ္တ က ဖယ်ချပစ်လိုက်သည်။ ဘဒ္ဒါ မျက်လုံးတွေ စူးစိုက် ငြိမ်သက်နေဆဲနှင့် ဘာမှလည်း မပြောနိုင် …။

"ခင်ဗျားလက်ထဲမှာ ဦးဆောက်ပန်း မရှိတော့ဘူး .. သော လည်း ထွက်သွားပြီ .."

"မင်း .. မင်း .. ဒါတွေ သိတယ်ပေါ့ .. သိနေလို့ ကိုယ်လွှတ်ရုန်းခဲ့တာ ဟုတ်လား .. မင်း တစ်ကိုယ်ကောင်းဆန်လှချေလား ယက္ခ .."

"ကိုယ်လွတ်ရုန်းတာ ဟုတ်ချင်ဟုတ်မယ် …၊ တစ်ကိုယ်ကောင်း မဆန်ရသေးပါဘူး .. ကျွန်တော် မဒါ အတွက် နောက်ထပ် ပေးဆပ်သွားနိုင်ပေမယ့် မတန်ဘူးထင်လို့ နောက်ဆုတ်လိုက်တာ .."

"ဘယ်လို !…"

"မဒါ စော်ကားပြောဆိုတာတွေ ပြည့်သျှင် ကို နာကြည်းတာထက် ပိုဆိုးလာတယ် .. လူတိုင်းမှာ မာနရှိတယ်ဆိုတာ မဒါ စနောတတ်လာရင် ပြောနေကျ မဒါ ရဲ့စကားသံတွေလည်း နူးညံ့လာမယ်လို့ ထင်ပါတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ယက္ခ .. ယက္ခ .."

"မဒါ .."

ယက္ခ ကို ဘဒ္ဒါ က လိုက်ဆွဲထား၏။ ယက္ခ က ဖယ်ချပစ်သည်။

"ခင်ဗျား မကြောက်တတ်ဘဲနဲ့ ဘာဖြစ်လို့ အားကိုးမဲ့သလို အော်နေတာလဲ ..၊ မပေါ်သေးတဲ့ကိစ္စတွေကို ကျွန်တော် ဖော်လိုက်မှာ စိုးလို့လား .."

"ဟုတ်တယ် .. ငါ့အတွက် မင်းက မစဉ်းစားတော့ဘူးဆိုရင် သွားပါ .. မနှိပ်စက်ခဲ့ပါနဲ့ ..၊ မစားရတဲ့အမဲ သဲနဲ့ပက်တာမျိုး .."

"စားချင်စရာ မကောင်းတော့တာကို ကိုယ်တိုင်သိနေတယ်ဆိုရင် သဲနဲ့ပက်ဖို့လည်း မလိုဘူးမို့လား .. မဒါ စိတ်ချလက်ချ နေခဲ့ပါ .."

ကြည့်စမ်း .. ချွေးသူတောင်းစား ..၊ ပြောသွားလိုက်တာ မတန်မရာ ..၊

စိတ်ထဲကနေ ပစ်ပစ်နှစ်နှစ် ဆဲရေးကာ ဆံပင်တွေကို အကြမ်းပတမ်း ထိုးလှန်ဖွမိသည်။

နင်တို့ ဆရာတပည့်တွေကို အရှုံးလုပ်နိုင်ခဲ့တာ ဘယ်သူမို့လို့လဲ ယက္ခ ..၊

အဲဒါ နိုမီကို ဆိုတဲ့ ငါ ..၊





အခန်း (၅၁)

ဖြူဝင်းသည့်မျက်နှာမှာ နှုတ်ခမ်းတို့က နီမြန်းမြန်း ဖြစ်၏။ ဆံပင်တွေကို သိမ်းလှန်ဖြီးထားပေမယ့် ကုပ်ထောက်သာသာ ကပိုကရို ခွေကျနေပုံက လူကို ရင့်ရော်သွားစေတာမျိုး မဖြစ်ခဲ့ပေ ..။

ထိုလူဟာ ဦးပြည့်သျှင် ဆိုသူဖြစ်လျက် ငွေမှင်ရောင် ညစ်ထပ်ထပ်လက်နေသော ဂျက်ကက်နှင့် အတွင်းခံဆွယ်တာအနက်ကို ဝတ်ထားသည်။

ဒီပုံစံ ဒီလိုလူဟာ မုဆိုးဖိုဘဝနှင့် ဒီတိုင်း တစ်ယောက်တည်းနေလာခဲ့သည်ဟူသော 'ဒီ'သုံးလုံးကို ပိုင်ဆိုင်ထားသူလည်း ဖြစ်ကာ..

"ခင်ဗျားကို အရမ်း လေးစားတယ်ဗျာ .."

ရှေ့နေ ဦးထင်ပေါ် က လူကို တည့်တည့်ကြည့်နေပြီးမှ ဒါကိုပဲ ထပ်ပြောကာ ...

"တကယ်ပါ .. ခင်ဗျားအတွက် အရမ်းအရေးကြီးတဲ့အလုပ်ကို အကျိုးဆောင်ခွင့်ရတာ ကျုပ် ဝမ်းသာပါတယ် ..၊ ဂုဏ်ယူမိတယ်လည်း တကယ်ပါ .. ကျုပ်ရဲ့ တပည့်မလေးနဲ့ လွှဲရတဲ့အတွက်ဘဲ ကိုပြည့်ဘက် က စိတ်စနိုးစနောင့်ဖြစ်မှာ စိုးတာ .."



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ပါဘူး .. ကျွန်တော် ခုလို တွေ့ဆုံဖို့ ချိန်းရတာကလည်း ဒါကို ပြောမလို့ မဟုတ်ဘူး .. မေးစရာလေး ရှိလို့ပါ .."

"ဟုတ်ပါပြီ .. ကိုပြည့် ပြောထားလို့ ကျုပ် သိပြီးပါပြီ ..၊ ဒါပေမယ့် ဟိုဘက်မှာလည်း အမှုလက်စ မပြတ်လို့သာ ..၊ ကိုပြည့် စွဲဆိုမယ့် အမှုနဲ့ပတ်သက်ပြီး ကျုပ် စိတ်ဝင်စားတယ် ..၊ အမှုက အကျိုးဆောင်တွေနဲ့ တရားလိုရဲ့လက်ထဲမှာပဲ ရှိသေးပေမယ့် ရုံးတင် စစ်ဆေးနေပြီလိုလို .. တော်တော်လေး ကျယ်ပြန့်နေတာ .."

ပြည့်သျှင် က ဒီအတွက် စိတ်အနှောင့်အယှက် မဖြစ်သလိုမျိုး ပြုံးနေ၏။ ပြီးတော့ တစ်ပွဲပြီးတစ်ပွဲ လာချနေသော စားသောက်ဖွယ်တွေကို အကြည့်ရောက်ပြီးမှ ...

"ကျွန်တော်က ခုချိန်ထိလည်း ဒီအမှုကို ရုံးတင်မစွဲသေးဘူး ဆိုတော့ ဦးထင်ပေါ် တို့ စိတ်ထဲမှာ တွေးစရာတွေ ဖြစ်နေပြီထင်တယ်.."

တကယ်ပဲရှိနေတာမို့ ဦးထင်ပေါ် က ရယ်လိုက်ကာ နာရီကိုလည်း ကြည့်၏။

"ဟုတ်တယ် .. ဒါပေမယ့် ကျုပ်က ဒီကာလမှာ စိတ်တွေ ရှုပ်ထွေးရလွန်းလို့ မတွေးအားခဲ့ပါဘူး .. မို ကတော့ တွေးမိနေတယ် .."

သူတို့ပြောနေကြချိန်မှာ မို့ ဆီက ဖုန်းဝင်လာခဲ့၏။

"ဟော .. ကျုပ်တပည့်မလေး လာပြီထင်တယ် ..၊ ဟလို .. သမီး.. ဆရာတို့ အဝင်ဝ ညာဘက်ထိပ်မှာ .."

"... ... ... ..."

"အေး .. သမီး အေး .. တက္ကစီလည်း ဝင်လာလို့ ရတယ် .. ဦးပြည့်သျှင် နဲ့ တွေ့မယ့်ချိန်သည်လို့ ဂိတ်မှာ ပြောလိုက် .."

ဦးထင်ပေါ် ဖုန်းချလိုက်ကာမှ ...

"သဒ္ဒါပိုမို ကို ဇူဇကီးလေးနဲ့ တွေ့မိသလားလို့ .."

"ဟုတ်တယ် .. သူ့အိမ်နဲ့ အဆင်မပြေဖြစ်နေတယ် ထင်တယ်..၊





ကား ယူမစီးတာ သိပ်မကြာသေးဘူး .. သူ့အိမ်က ဒီအလုပ်အပေါ်မှာ ဘယ်လိုသဘောထားသလဲ ဆိုတာတောင် ပြောရခက်တယ် .."

ပြည့်သျှင် က နှုတ်ခမ်းလှုပ်ရုံ အပြုံးနှင့် ပါကင်ဘက်ကို မျက်လုံးတွေ ရောက်သွားသည်။ တက္ကစီတစ်စီး ဝင်လာတာကို မြင်နေရကာ သဒ္ဒါပိုမို ဆင်းလိုက်တာကို မြင်ရ၏။

ကားထဲမှာ အမျိုးသမီးတစ်ယောက် ထိုင်ကျန်ခဲ့တာကို သူမ ဘာတွေ ပြန်ငုံ့ကြည့်ပြောနေသည် မသိ ..၊ ကြက်သွေးရောင်ရဲနေသည့် စကတ်ရှည်ပျော့ပျော့နှင့် တင်းန်တီရှပ် ကြက်သွေးရောင် အနက်ကွက်လေးကို ဝတ်ထားသည်။

အသားသိပ်မဖြူသော်လည်း ဝင်းညက်နေသည့် သူမအသားရောင်လေးက အရောင်ရင့်ရင့်နဲ့ ထင်းနေ၏။ သူမက သန်းမြတ်ဇော် ရဲ့သမီးကြီး သဒ္ဒါပိုမို ..၊

ပြည့်သျှင် ဆိုသူကို လူသတ်သမားဆိုပြီး သတ်ပစ်ချင်အောင် မုန်းတီးနေတဲ့ သဲသဲမာ ရဲ့ သမီး ..၊

ဒါပေမယ့် သူမလေးက ခုတော့ ပြည့်သျှင် ၏ အကျိုးဆောင်ရှေ့နေမလေးအဖြစ် ရောက်လာခဲ့ပြီ ဖြစ်သည်။ ဒါတွေကို သူ ဖန်တီးခဲ့တာ မဟုတ်ပေ ..။

ကိုယ့်အဖြစ်ကို ပြန်တွေးရင်း နှုတ်ခမ်းအစုံမှာ ဂရုမစိုက်သည့်မဲ့ပြုံးတို့ ခပ်ရေးရေး ထင်၏။ ခုချိန်မှာ သူ့အတွက် အရေးကြီးဆုံးတွေ .. တကယ် အဓိကကျတာတွေမှာ အတိတ်က ဘယ်သူ့နာမည်မှ မပါတော့ဘူးဆိုတာ သိတော့ သိစေချင်၏။

ဒါကြောင့် ကိုယ့်ကို သတ်ချင်ဖြတ်ချင်နေကြသည်ဆိုတာ ကြားလည်း သူ ဂရုမစိုက် ..၊ ဘယ်သူ ဘယ်လိုကြံစည်နေပါစေ .. ဒါတွေ ပြောပြော ဘယ်လိုထင်ထင် ..၊

"လာ .. သမီး ထိုင် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် .."

မို က ဦးထင်ပေါ် ရဲ့ဆားမှာ ဝင်ထိုင်လိုက်ပြီး ပြည့်သျှင် ကို ပြုံးပြ၍ ခေါင်းလေးငုံ့ကာ ...

"မို နောက်ကျသွားတာ ဆောရီးပါ .."

"မကျပါဘူး .. ချက်ချင်း ဖုန်းဆက်ခေါ်ရတာကိုပဲ ဦးက အားနာနေတာ .."

ပြည့်သျှင် က ပြောရင်း ကားဆီ လှမ်းကြည့်ကာ...

"သမီးမှာ ချည့်သည်ပါရင် ခေါ်လို့ရတယ် နော် .. ဒီမှာ ဘာမှ အပန်းမကြီးဘူး .."

ကားထဲမှာ ဒေါ်ဒေါ်ဦး ကို ထားခဲ့ရသည်။ ဒါကို ပြည့်သျှင် မြင်သွားမှန်းသိကာ မို ပျာပျာသလဲ ခေါင်းခါ၏။

"ရတယ် .. ရပါတယ် မခေါ်ပါဘူး .. သူက စိတ်ဓေဒနာရှင်ပါ.."

"ဟော!..."

ဦးထင်ပေါ် အံ့သြသွားကာ ပြည့်သျှင် က ကားရှိရာကို နောက်ထပ် ကြည့်ပြန်၏။ ထိုင်ကျန်ရစ်သော အမျိုးသမီး၏ပုံရိပ်က ထိုင်နေလျက်ကနေ မလှုပ် ...။

"စိတ်ဝေဒနာရှင် ဟုတ်လား သမီး ...၊ သမီးက ..."

"ဟို .. ဒီလိုပါ ဆရာ .. သူက နော်မယ် မဟုတ်တာလေးပဲ ရှိတာပါ .. ပြောစကား နားထောင်တယ် ...၊ အရမ်းလည်း ကြောက်တတ်တယ် ...၊ ဒီနေ့ ရုံးအလုပ်လည်း မရှိတော့ သူနဲ့ စကားပြောချင်တာနဲ့ ခေါ်လာတာပါ .."

"ဪ ..."

"ဒီကပြီးရင် တစ်နေရာရာ သွားထိုင်ကြမှာပေါ့ .."

မို့ မျက်ဝန်းလေးတွေ ပြည့်သျှင် ဆီ အထင်ကြီးခြင်းတချို့နှင့် ရောက်လာခဲ့လျက် ...





"ဟုတ်ကဲ့ .. မို လည်း စိတ်ပြေလက်ပျောက် ထိုင်နေချင်စိတ်တွေ ဖြစ်လာတာနဲ့လေ .."

"နေပါဦး သမီးရဲ့ .. သမီးနဲ့ ဘယ်လိုပတ်သက်တာလဲ ...၊ သမီးမှာ အလုပ်က မအား .. သမီး ဒီရက်ပိုင်း အခေါင်မှာ နေတာဆို .."

စကားစလိုက်ပြီးမှ ရပ်ထားလို့ မဖြစ်တာကြောင့် ပြီးဆုံးအောင် ပြောလိုက်ရသည်။ ပြည့်သျှင် ရှေ့မှာမို့ ဦးတင်ပေါ် နည်းနည်းတော့ စကားထောက်သွား၏။

ပြည့်သျှင် က ဆရာတပည့် ပြောနေကြတာတွေကို ဘာမှ ဝင်မမေးဘဲ နားထောင်နေ၏။ ဒါပေမယ့် ဦးထင်ပေါ် ရဲ့စကားတွေထဲမှာ မို နဲ့ သူမရဲ့ မိသားစုအခြေအနေကို သူ တွက်မိလိုက်ပြီ ဖြစ်သည်။

ထို့ပြင် သူနဲ့ပတ်သက်ပြီးမှ ဖြစ်ပေါ်လာသည့်အခြေအနေတွေ ဖြစ်မယ်မှန်းလည်း တွက်မိပြီး ဖြစ်ကာ ...

"ကျွန်တော် ရှေ့နေနဲ့ စကားနည်းနည်း ပြောလို့ ရမလား .."

"ဟင်!..."

ဦးထင်ပေါ် ရုတ်တရက် ကြောင်သွားပြီးမှ ပျာပျာသလဲ ခေါင်းညိတ်၏။

"ရတာပေါ့ .. ဘာလို့ မရရမှာလဲ ...၊ ကျုပ်ကလည်း ကိုပြည့်သျှင် စိတ်တိုင်းကျစေချင်တာပါ .. ဒါကြောင့် မို့ ကိုလည်း အားပေးရင်း လာခဲ့တာ ...၊ အတော်ပဲ .. သွားစရာလေး ရှိတာနဲ့ .."

ဦးထင်ပေါ် နှုတ်ဆက်ပြန်သွားသည်နှင့် ပြည့်သျှင် က စားသောက်ပွဲတွေကို မျက်လုံးနဲ့ပြကာ ...

"စားစရာ မှာထားတာတွေ အေးကုန်လိမ့်မယ် ...၊ အရင်စားလိုက်ပါလား .."

"ရှင်!..."

"မင်းတို့ ဆရာတပည့်အတွက် နှစ်ယောက်စာပဲ မှာထားတာ ...၊



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တော့ တစ်ယောက်စာပဲ ဖြစ်သွားတာပေါ့၊ ငါက အပြင်မှာ စားဖြစ်ရင်လည်း အပူအအေးနဲ့ မုန့်လောက်ပဲ .. ဒီလို ဖွယ်ဖွယ်ရာရာတွေ မစားဘူး ..၊ တစ်ယောက်တည်း နေတတ်လာတဲ့အကျင့်တွေပေါ့ .."

ပြောရင်း စီးကရက်မီးညှိသည်။ မို ကလည်း ခေါင်းခါလိုက်ကာ...

"မို ကလည်း စားစရာထက် ဦးပြည့်သျှင် ပြောမှာတွေကိုပဲ ပိုစိတ်ဝင်စားတာ ..၊ ကျွန်မတို့ အမှုနဲ့ပတ်သက်ပြီး ဘာမှ သေချာမပြောဖြစ်သေးဘူးလေ .."

"ဒါပေမယ့် မင်း ငါ့အကြောင်း အများကြီး သိထားပြီပဲ .."

သမီးလို့ ခေါ်သံတွေအစား ပြည့်သျှင် မျက်နှာမှာ အလုပ်သဘောတွေ ပျောက်ကွယ်သွားခဲ့တာကို မို မြင်နေရ၏။ မို ကလည်း မငြင်းပါ..၊ မလုံမလဲ ကာကွယ်ဖို့ ကြိုးစားမယ့် အမူအရာမျိုးလည်း မဖြစ် ..။

"ဦးက တကယ်ပဲ ရုံးတင်စွဲမယ့်အမှုလို့ ကျွန်မက ထင်ခဲ့တာလေ ..၊ အဲဒါကြောင့် အမှုသွားအမှုလာကို ဖတ်ရှုနိုင်ဖို့အတွက် ကျွန်မဘက်က ရှာဖွေဖို့ရှိတာတွေကို လှန်လှောရတာပါ .."

"အခု တကယ်စွဲဆိုမယ့်အမှု မဟုတ်ဘူးလို့ မင်း ထင်လို့လား.."

"ကာယကံရှင်ရှေ့ ရောက်နေပြီဆိုတော့ ကိုယ့်ဘာသာ တွေးထင်နေဖို့ မလိုတော့ဘူးလေ .. ကျွန်မ မေးတာကို ဦး ဖြေပေးမယ် ထင်ပါတယ်.."

"ငါက မင်းကို မေးဖို့ လာတာ .."

မို က ဆတ်ခနဲ ခေါင်းညိတ်၏။

ပြည့်သျှင် က တက္ကစီကို အကြည့်မရောက်ပေမယ့် မျက်လုံးတွေ ဝေ့လိုက်ပြီး ...

"မင်းရဲ့တက္ကစီနဲ့ လူစောင့်နေတာ စကားပြောလို့ ဖြစ်ရဲ့လား .."

"ဖြစ်ပါတယ်.. တက္ကစီက စွဲ ရဲ့သူငယ်ချင်းပါ.. ကျွန်မမောင်လေး လက်စွဲတော် လေ .. အန်ကယ်လ်ဦးအောင်ဘော် ရဲ့သမက် .."





မို တမင် ထည့်ပြောလိုက်တာပေမယ့် ပြည့်သျှင် မျက်နှာက အပြောင်းအလဲ မရှိခဲ့ဘဲ တည်ငြိမ်နေ၏။

ထိုစကားကို ခေါင်းထဲမထည့်သည့်ပုံစံက တခြားအကြောင်းတစ်ခုကို ပြောလာတော့မှ ပိုသေချာသွားသည်။

"မင်း ဒီအမှုကို အကျိုးဆောင်ပေးဖို့ ဘာဖြစ်လို့ လက်ခံမှန်း မသိပေမယ့် ငါ ဦးထင်ပေါ် နဲ့ ဆက်သွယ် ဆွေးနွေးခဲ့တာကတော့ မင်းနဲ့ ဒီလိုပတ်သက်ဖို့ ရှိလာအောင် မဟုတ်ဘူး .."

"မို သိပါတယ် .."

"ဘာဖြစ်လို့ သိတာလဲ .."

"သိနေတာလို့ပဲ ပြောရမှာပဲ .. ကလေးစကားနဲ့ပြောရရင် အနိုင်ရသွားတဲ့လူဆိုတာ ပြီးပြည့်စုံတဲ့ကျေနပ်မှုကို ရသွားကြတာပဲလေ .."

"ဟုတ်ပြီ .. ဒါဆိုရင် ငါ မေးချင်တာတွေက အဓိပ္ပာယ်ရှိသွားပြီ..၊ မင်းအဖေကို သေစေခဲ့တာ ငါပဲ ..၊ ဒီလိုဝန်ခံရတာကိုလည်း ငါ ကျေနပ်တယ် ..၊ မင်း အခု ငါ့အလုပ်အတွက် ရှေ့နေရှေ့ရပ်အဖြစ် ရောက်လာတာ ဘာအတွက်လဲ .."

"ကျွန်မက ရှေ့နေရှေ့ရပ်လုပ်နေတဲ့သူမို့လို့ .."

"အကျိုးအကြောင်းက သိပ်မဆီလျော်သေးဘူး .."

"ဘယ်သူ့အတွက် ဆီလျော်တာ မဆီလျော်တာ အရေးမပါပါဘူး ..၊ ကျွန်မ ဘာလုပ်နေသလဲဆိုတာ ကျွန်မကိုယ်တိုင် သိနေဖို့ပဲ.."

ပြည့်သျှင် မျက်လုံးတွေမှာ အထင်ကြီး၍ ကျေနပ်သွားသည့် အကြည့်တွေ ထင်ဟပ်လာသည်။ ပြီးတော့ မို့ ကို အကြာကြီး ကြည့်နေပြီးမှ ခေါင်းညိတ်ကာ ...

"မင်းလိုမိန်းကလေးနဲ့ စကားပြောရတာ စိတ်ကျေနပ်စရာပဲ.."

"ဒါပေမယ့် ကျွန်မက မေးချင်သေးတယ် .."

"ဘာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ဦးသန်းမြတ်ဖော် ရဲ့သမီး ဖြစ်နေတဲ့အတွက် အလုပ်တကယ်လုပ်ကြဖို့ကို ဦး နောက်ဆံတင်းနေတာလား .."

"မတင်းပါဘူး .. ငါ ဘယ်အလုပ်ဖြစ်ဖြစ် ဆုံးဖြတ်ပြီးရင် ဖြစ်အောင် လုပ်တယ် ..၊ စဉ်းစားဆင်ခြင်တာတွေကို ဆုံးဖြတ်ပြီးတဲ့နောက်မှာ ဘာမှ မထားဘူး .. ဒါပေမယ့် ငါ့ဘဝမှာ မေ့လျော့ ပျောက်ပျက်မသွားအောင် နာကျင်ကျန်ရစ်ခဲ့တဲ့ နောင်တမျိုးတော့ ရှိခဲ့တယ် ..၊ အဲဒီအကြောင်း စိမ်းသက်တဲ့လူတစ်ယောက်ရှေ့မှာ ဖွင့်ပြောမိတာ မင်းက ပထမဆုံးပဲ .."

"ဂုဏ်ယူရပါပဲ .. ဒါပေမယ့် ကျွန်မကတော့ ဦးနဲ့ ဦးရဲ့ မကောင်းသမိုင်းတွေကို မသိချင်ဘူး.."

"ဘာ!... မကောင်းသမိုင်း ဟုတ်လား .. အဟွန်း .."

ပြည့်သျှင် ပြုံးလိုက်ပြီး ခေါင်းညိတ်နေ၏။

ထိုလူ၏ အကြည့် .. အပြောတွေက ဘာဖြစ်လို့ တစ်ယောက်သောသူနဲ့ ဆင်တူနေရတာလဲ ..၊

သော နဲ့ ပြည့်သျှင် ကို ယှဉ်တွဲကြည့်မိရင်း မို့ မျက်ဝန်းလေးတွေကလည်း ပြည့်သျှင် ရဲ့ လှုပ်ရှားမှုများမှာ စူးစိုက်နေခဲ့၏။

"ငါ့မှာ မင်းလို သမီးရှိနေရင်လည်း မင်းအဖေကို ဒီတိုင်းပြောမှာပဲ .."

"မှန်ပါတယ် .. ဖေဖေ မကောင်းခဲ့တာတွေရှိရင်လည်း မို့ ကို ဦး ပြောလို့ရတယ် ..၊ မကောင်းတာကို ဘယ်သူမှ အပြောမခံချင်ပေမယ့် ကိုယ့်အဖေ ဖြစ်ပါစေ မို့ နားထောင်ပေးနိုင်တယ် .."

"ငါပြောရင် ငါ့စကားက အမှန်ပဲ ဖြစ်မှာပေါ့ .. အဲဒီတော့ မင်းအမေ ပြောခဲ့တာတွေပဲ မှတ်ထားလိုက်ပါ ..၊ ပြီးတော့ လူတွေကို ဂရုမစိုက်တတ်တဲ့အကျင့် ငါ့မှာ ရှိတယ် .. အခု ငါ့ကို မကျေနပ်နေတဲ့ မင်း အပါအဝင် ဘယ်သူ ဘယ်လိုထင်ထင် ငါ ဖြေရှင်းမှာ မဟုတ်ဘူး..၊





လူတိုင်းမှာ အဆိုးအကောင်း ဒွန်တွဲနေတာဆိုတော့ ငါ့ကိုယ်ငါလည်း ကောင်းပါတယ်လို့ အာမ မခံနိုင်တဲ့အတွက် .."

ဒါ ဒီတိုင်းရှိလာခဲ့ရတဲ့အကြောင်း မဆုံးသေးဘဲ အဆုံးသတ်လိုက်သည်။

"အခု ငါ့ဘက်က ပြောနိုင်တာတစ်ခုပဲ ..၊ အောင်သော့ သမီးနဲ့ မင်းတို့မိသားစုကိစ္စတွေရော .. မင်းတို့ရဲ့ အမုန်းသမိုင်းတွေကိုရော ငါ့ခေါင်းထဲမှာ ဘာမှမရှိဘူး .. ငါ့အတွက် ခုထိ အရေးပါနေတဲ့ အလိုအပ်ဆုံးအတိတ်ဟာ ငါ ဆုံးရှုံးခဲ့ရတဲ့ ငါ့ရဲ့ဇနီး .."

"သေသွားတဲ့လူကို တမ်းတနေတဲ့ အဓိပ္ပာယ်လား .."

"ဟွန်း .. မင်း ပြောရဲသားပဲ .."

ပြုံးလိုက်တာပေမယ့် ပြည့်သျှင် မျက်လုံးတွေက ကြေကွဲမက်မွှယ် အေးစက်နေခဲ့လျက် ...

"ငါလည်း မင်းလိုလူပဲလေ .. ငါ ဘာလုပ်နေသလဲဆိုတာ သူများသိဖို့ မလိုဘူး .. အဓိပ္ပာယ်ရှိသည်ဖြစ်စေ .. မရှိသည်ဖြစ်စေ .."

"ကျွန်မကလည်း .."

"ငါ မေးတာကို ဖြေပါ ..၊ မင်းဆီကို ဒေါ်မေယု နဲ့ပတ်သက်တဲ့ တစ်ယောက်ယောက် ရောက်လာခဲ့သလား .."

မို့ မျက်ဝန်းလေးတွေ လှုပ်ရှားသွားတာကို စိုက်ကြည့်ပြီး ပြည့်သျှင် က မဲ့သည်။

"သူက အမျိုးသမီးတစ်ယောက် ဖြစ်လိမ့်မယ် .."

"ပြီးတော့ရော ..."

"သူရဲကောင်း ရဲ့ မိန်းမ .."

"ဟုတ်တယ် .. ရောက်လာတယ် .."

သူ ဘာလာလုပ်တာလဲ ..၊

ဘာတွေပြောသွားလဲဆိုရင်တော့ ပြောပြနိုင်တာတွေ မပြနိုင်တာ



www.burmeseclassic.com

www.burmeseclassic.com



တွေအတွက် မို့ မှာ တောင်းဆိုဖို့တွေ ရှိလာပါပြီ ..။

သူမ ဆရာနဲ့အတူတူ လေ့လာ ပါဝင်ခဲ့ဖူးတဲ့ အမှုတွေထဲမှာ ဒီအမှုမျိုး ဒီတစ်ခါပဲ တွေ့ဖူးသေးသည်။

အခိုင်အမာ စာချုပ်ချုပ်ဆိုပြီး ဝယ်ခဲ့သည့် ခြံမြေကို နိုင်မာကြောင်း သက်သေပြဖို့ ထွက်မလာနိုင်တဲ့ လက်ရှိ ဝယ်ယူထားသူတွေရယ် .. သူသာ လက်ရှိပိုင်ဆိုင်သူအဖြစ် ရပ်တည်ပြီး တရားစွဲမည့်သူ ..၊

နှစ်ဖက်စလုံးက တာရှုနေကြသည် ထင်ပေမယ့် ဘယ်ဘက်ကမှ လည်း ရှေ့ထွက်မလာ ..၊ တရားလိုကလည်း တကယ်တမ်း စွဲဆိုခြင်း မပြုသေးသလို ရင်ဆိုင်မည့်သူဘက်က ဘယ်သူတွေ ထွက်လာမှာလဲ ဆိုတာလည်း ဘယ်လိုမှ ခန့်မှန်းလို့ မရ ..။

"အဟာမ်း .."

မို က လည်ချောင်းတစ်ချက် ရှင်းကာ ...

"လောလောဆယ် ကျွန်မ မရှင်းတဲ့ကိစ္စကိုတော့ မေးခွင့်ပြုပါ.."

"ဘာလဲ .."

"အခုထိ ဦး ဘာလုပ်နေတာလဲဆိုတာ မသိဘူး ..၊ ဒါပေမယ့် ဦး ဘာလုပ်မှာလဲ .."

"ဒီအိမ်ကို ရောင်းချင်နေတဲ့လူတွေနဲ့ ငါ တွေ့ချင်တယ် .. ဒါပေမယ့် တရားခွင်မှာ မဟုတ်ဘူး .."

"တရားခွင်မှာ မတွေ့ချင်ရင် တရားစွဲဖို့ ကြိုးစားနေတာ ဘယ်လို နည်းပရိယာယ်တွေနဲ့လဲ .."

"ဒါက မင်းသိဖို့ မလိုဘူး .."

"ကျွန်မ သိဖို့ မလိုရင် ဦးနဲ့ ကျွန်မ ဆွေးနွေးစရာ ဘာမှမရှိတော့ ဘူးပေါ့ .."

"မင်းက ငါ ဆွေးနွေးရမယ့်အရွယ်မှ မဟုတ်တာ .. မင်းနဲ့ တွေ့ ချင်တာ ဆွေးနွေးဖို့ မဟုတ်ဘူး .. မေးချင်တာ .."





"ကျွန်မဘက်ကလည်း ဖြေသင့်တာ မဖြေသင့်တာကို ရွေးရတယ် လေ .."

"ဒီတော့ .. ငါတို့ အလုပ်ကိစ္စနဲ့မဟုတ်ဘဲ အကြောင်းအရာတစ်ခု ကို ပြောမိတာမျိုးနဲ့ဆို ဖြစ်မလား .."

"မဖြစ်ဘူး .."

မို က ပြည့်သျှင် မျက်နှာကို စေ့စေ့ကြည့်၍ ရဲရင့်စွာ ဆိုသည်။

"အလုပ်ကိစ္စကြောင့် ဖယ်ထားရတာ မဟုတ်ရင် ဦးက ကျွန်မ အတွက် အာလာပသလ္လာပ ပြောသင့်တဲ့လူမျိုးမှ မဟုတ်ဘဲ .."

"မှန်တယ် .. ဒါပေမယ့် မင်း ငါ့အကြောင်းကိုတော့ စိတ်ဝင်စား တယ်မို့လား ..၊ ဥပမာ .. မင်းအဖေနဲ့ ပဋိပက္ခတွေနဲ့ ပတ်သက်ခဲ့ဖူးတဲ့ လူအဖြစ် .."

မို က မဖြေ ..၊

"ခုထိ ငါ ဘယ်လိုလူစားမျိုးလဲ ဆိုတာပေါ့ .."

"ဟုတ်တယ် .. မေမေနဲ့ အတိုက်အခံတွေဖြစ်ရတဲ့အထိ ဦးရဲ့အမှု တို ကိုင်တွယ်ဖို့ ကျွန်မ စိတ်ဝင်စားခဲ့တာ ..၊ ပြီးတော့ မေမေ့ကို မို့ ဘက်က ဒါကြောင့် မို လုပ်ကြည့်ခဲ့တာဆိုတာမျိုး တစ်ခုခု ပြန်ပြချင် တယ် ..၊ ဒါပေမယ့် ဦးကလည်း အမှုနဲ့ဆက်နွယ်တဲ့ အခြားအကြောင်း အရာတစ်ခုကိုပဲ အလိုရှိခဲ့တာ ..၊ ကျွန်မကလည်း ဦးသန်းမြတ်ဖော် ရဲ့သမီး ဖြစ်နေတယ် .."

"မင်းက ငါထင်တဲ့ မိန်းကလေးမျိုးဆိုရင် ရန်ငြိုးဆိုတာတွေ ကြောင့် ဒီနေရာကနေ ရုတ်ခနဲ ထပြန်သွားမှာ မဟုတ်ပါဘူး .. လူတိုင်း မှာ အမှားအမှန် ဝေခွဲနေတဲ့ အတ္တတွေ ကိုယ်စီရှိကြတယ် ..၊ ငါက မင်းအဖေဆိုရင် မင်း ငါ့ဘက်က ရပ်တည်ဖို့ ကြိုးစားမှာမို့လား ..၊ အဲဒီအခါ ငါ့ဘက်က မှားတာ မှန်တာတွေအပေါ် မင်း ဆုံးဖြတ်တာ မှန်မလား .. မှားမလား ဆိုတာရော သေချာ သိနိုင်မလား .."



www.burmeseclassic.com

www.burmeseclassic.com



မို က ငြိမ်သက်နေခဲ့သည်။

"ငါ ပြောချင်တာက အခု ငါ ဘာတွေ ခက်ခဲနေသလဲဆိုတာ မင်း စိတ်ဝင်စားနေတယ် .. ငါတို့ အဲဒါကိုပဲ ပြောလို့ မရဘူးလား.."

မို ပါးစပ်ပိတ်ဆဲကို စိုက်ကြည့်ကာ ပြည့်သျှင် က စားပွဲပေါ်မှာ လက်ထောက်၍ ...

"မင်းကို ငါ့အကြောင်းပြောပြရင် အမှန်တွေပါဆိုတာ ယုံမလား.."

"ပြောပြတော့မလို့လား .."

"မင်း နားထောင်ချင်မှပါ .."

"ဦးလည်း ပြောချင်တဲ့ဆန္ဒရှိမှ ပြောပါ ..၊ ယုံဖို့ မယုံဖို့က ကျွန်မ အပိုင်း .."

"ကောင်းပြီ .."

ပြည့်သျှင် ရဲ့အကြောင်းဆိုတာမှာ ဦးသူရဲကောင်း ..၊ ပြီးတော့ ဖေဖေ နဲ့ အဲဒီတုန်းက ပတ်သက်ခဲ့သမျှလူတွေအကြောင်း .. အားလုံး ဆက်နွယ် ပါလာမှာပဲ ထင်ခဲ့ပေမယ့် တကယ်တော့ ဘာမှမပါခဲ့ပါ..။

"ဦး ကို ငါ သိပ်ချစ်ခဲ့တာ .. သူ့ကို ဘယ်လောက်ချစ်သလဲဆိုရင် ငါ့ဘဝနဲ့ရင်းပြီး သေလောက်အောင်မုန်းတဲ့ သူ့အစ်ကိုကို ငါ့ရဲ့အမုန်း စာရင်းက ဖယ်ဖျက်လိုက်ဖို့ စဉ်းစားခဲ့တဲ့အထိ .."

ဒါပေမယ့် အသားထဲက လောက်ထွက်၍ လုပ်ကြံခံခဲ့ရသည်။ မထင်မှတ်ဘဲ ကသောင်းကနင်းတွေ ဖြစ်ကုန်ကာ မီးလောင်ငုတ်တို့နှင့် သေကျေပျက်စီးခြင်းတို့သည် ဒီနေ့ ပြန်ပြောရတော့ ဒဏ္ဍာရီလိုလို...။

"ငါသိမ်းထားခဲ့တဲ့ သူ့ရဲ့ဆံပင်တွေက ငါ့အသွေးအသား ငါ့နှလုံးသားကို တုပ်နှောင်ထားခဲ့တယ် ..၊ သူကလွဲပြီး ငါ့မျက်စိထဲမှာ မိန်းမ ဆိုတာ မရှိဘူး .. အဲဒါ ငါ့ရင်ထဲက အချစ်ရဲ့ အဆုံးမဲ့သစ္စာပဲ .."

အံ့ဩနေမိသည့် မို့ မျက်ဝန်းလေးတွေက ဖခင်ဖြစ်သူအတွက် မကျေနပ်စိတ်တို့ ဖြစ်ခဲ့မိသောအကြည့်တွေပါ ပျောက်ဆုံးနေခဲ့၏။





မေမေ ပြောနေတတ်တဲ့ ဒီဇာတ်လမ်းရဲ့ တစ်စွန်းတစ်စကတော့ ဒီလို မဟုတ်ပါလား ..။

"သူရဲကောင်း တို့ မောင်နှမကို ဒီလူ ဒုက္ခလှလှကြီးပေးခဲ့တာ .. မောင်နှမနှစ်ယောက် သေသွားတာကို လုပ်ကြံမှုလို့ ဘယ်သူမှ မထ အောင် ငွေနဲ့ ဖုံးတယ် ..၊ စီးပွားပြိုင်တွေဖြစ်တာနဲ့ပဲ ညီမကို ဖျက်ဆီး.. အစ်ကိုကို သတ်တာ .. ဒီကောင် သတ်ပစ်ခဲ့တာ အသိအသာကြီး .. တဲ့ ..။

"တစ်ခုလောက် မေးလို့ ရမလား .."

သူ့စကားအဆုံးကို စောင့်ပြီး မို က မေးလိုက်တော့ ပြည့်သ က ခေါင်းညိတ်သည်။

"ဦးသူရဲကောင်း နဲ့ ဦး ရဲ့ရန်စတွေကို လူသိများနေခဲ့တာလေ .. ဘယ်လောက်ကြီးမားခဲ့တဲ့ ရန်စတွေဆိုတာ နည်းနည်းလောက် သိ တယ် .."

"နည်းနည်းပဲ ပြောပြလို့ရတဲ့ အကြောင်းတွေ မဟုတ်ဘူး Leader အဖြစ် ပြောင်းလဲသွားတဲ့ ဟိန်း ကွန်စထရပ်ရှင်ကို ငါ ဖြုန် ကြိုးစားခဲ့တာကစပြီး ဒါကို ပြိုကွဲမခံနိုင်တဲ့ မင်းအဖေနဲ့ ငါ ငြိဖို့ ဖြစ် ခဲ့တယ် ..၊ မင်းအဖေကို ကူညီဖို့ ကြိုးစားခဲ့တဲ့ သူရဲကောင်း က နော ထပ် ငြိလာခဲ့တဲ့လူ .."

အဖြစ်အပျက်ကို အရှင်းဆုံး ပြောတတ်သည့်နေရာမှာ ပြည့်သ လောက် တော်တဲ့သူ ရှိပါ့မလား ..၊ မပြောချင်ဘူးဆိုသည့် အကြော အရာကို ရှည်ရှည်ဝေးဝေး ဘာမှကိုမပြောခဲ့တာ ဖြစ်၏။

"မင်းအဘိုးနဲ့ ငါ့အဖေ အမှားအမှန်တွေ ရောထွေးပြီး ပျက်စီးသ ရှုံးမှုတွေပဲ ရခဲ့တာက ငါတို့မိသားစုပဲ ..၊ ဒါပေမယ့် ငါ့ရဲ့ အားဂင် လူတွေ မဟုတ်ဘူး .. Leader ကုမ္ပဏီ .."

"ဘာဖြစ်ခဲ့လို့လဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ဪ .. မင်းတို့ ဘာမှမသိခဲ့ဘူးပဲ .."

ပြည့်သျှင် မျက်ဝန်းတွေက စိတ်ပျက်သွားသလိုလို .. သနားသဖြင့် ကြည့်လိုက်သလိုလို .. မို့ ကို ကြည့်၍ ပင့်သက်ရှိုက်သည်။

"ဆောရီးပဲ .. မင်း မသိပေမယ့် ငါ ပြောပြချင်စိတ် မရှိဘူး ဖြစ်နေတယ် .."

"ဖေဖေ့ကို သတ်ခဲ့ရတဲ့အကြောင်းတွေ ပါလာမှာမို့လို့လား .."

"ဟုတ်မယ်ထင်တယ် .. ဒါပေမယ့် မင်းအဖေ ဘယ်လိုအချိုးချိုးဖို့ ကြံစည်ခဲ့သလဲဆိုတာ သိရင် .. ဒါမှမဟုတ် ငါ့အဖေဆိုတဲ့ အဘွားလေး နည်းနည်း မင်း ဖယ်ကြည့်နိုင်ရင် ငါ့လက်နဲ့တောင် သတ်သင့်တယ်လို့ မင်း ထင်မှာ .."

မို့ မျက်နှာလေး ပျက်သွားတော့ ပြည့်သျှင် က ခပ်မှဲ့မှဲ့အပြုံးနှင့် တစ်ဖက်လှည့်၏။ ထိုအခါ မြင်နေရသော တက္ကစီပေါ်က မိန်းမ တစ်ယောက်၏ပုံရိပ်က မျက်စိထဲ အလိုလို ဝင်လာ၏။

အောက်ထဲကို တစ်ခုခု ငုံ့ကောက်နေတာလား .. ညောင်းလို့ လှဲအိပ်ချင်တာလား ..၊ လှုပ်စိလှုပ်စိလေး ရှိနေတာတော့ မှန်၏။ သူ ဒီဘက်ကို ပြန်လှည့်လိုက်သည်။

"အကြောင်းရင်းကို ခဏထားပြီး မင်း တွေးကြည့်လေ .. ငါ့အဖေ ထောင်ကျအောင် .. မကျကျအောင် မင်းရဲ့အဘိုး စွမ်းဆောင်ခဲ့တယ်..၊ အဲဒီမှာ ငါ့အဖေ ထောင်ထဲမှာပဲ ဆုံးပြီး မေမေပါ လိုက်ဆုံးသွားတယ်..၊ စီးပွားပျက်ပြီး ကျရှုံးခဲ့ကြတဲ့ ငါ့အစ်မတွေက အထည်ကြီးပျက်ဂုဏ်ပုဒ်နဲ့ သူများဖျက်ဆီးတာ ခံလိုက်ရသေးတယ် .."

ဟင်!...

မို့ မျက်နှာ ဖျန်းခနဲ ပွသွားသည်။

မိန်းမသားချင်းမို့ ထိုသောကက ရင်ထဲကို တစ်မဟုတ်ချင်း ပျံ့နှံ့ဝင်၏။





"ဒီကုမ္ပဏီမှာ ရှယ်ယာတွေ လက်ခံပြီး သဘောကောင်းခဲ့တဲ့ ငါ့အဖေရဲ့အပြစ်ပေါ့ .. ငါတို့ကုမ္ပဏီက လီဒါဖြစ်နေတဲ့အချိန်မှာ ငါ ရောက်သွားတော့ ဦးမျိုးညွန့် မရှိတော့ဘူး .. ဦးမျိုးညွန့် ဆိုတာ မင်း အဘိုးမှန်းတော့ သိတယ်မို့လား .."

မို့ မျက်လွှာလေးချပြီးမှ ခေါင်းညိတ်သည်။

"မင်းအဖေက ဒီကုမ္ပဏီကို ရပ်တည်ဖို့ ကြိုးစားကျန်ရစ်တဲ့သူ.. ဒါပေမယ့် ငါ သူ့ကို မျက်လုံးထဲမှာ မရှိခဲ့ဘူး .. သူ့ရဲ့ကောင်း ဆိုးက အကူအညီယူပြီး ငါ့ကို ပြိုင်ဆိုင်လာတဲ့အထိ ငါ့ဒေါသမှာ သမိုင်းတွင်မယ့်အမုန်း မရှိခဲ့ဘူး .. လူတစ်ယောက်က နာကျင်မှုတစ်ခု ရှိထားခဲ့ရင် ဒါကို ကိုယ့်ဘာသာ ဖြေဖျောက်ဖို့ ကြိုးစားနိုင်ခဲ့တာ ရှိရင်ရှိမယ် .. တစ်စုံတစ်ယောက်က တူးဖော် ထိခိုက်လာခဲ့ရင်တော့ ခွင့်လွှတ်မှာ မဟုတ်ဘူး .."

ပြည့်သျှင် မို့ မျက်လုံးတွေကိုပဲ စိုက်ကြည့်နေကာ ...

"မညှာမတာပြောရရင် မင်းအဖေက ဗုံးကိုကိုင်ထားပြီး တစ်ဖက်လူက စနက်တံ ဖြုတ်အောင် တမင်ရန်စတဲ့လူမျိုး .."

"ဒီထဲမှာ ဘယ်ဟာ အမှန်တရားဆိုတာ သိထားတဲ့လူ ရှိခဲ့သလား.."

"ဟား .. ဟား .. ဟား ..."

ပြည့်သျှင် က ခပ်တိုးတိုး ရယ်ကာ...

"ဟော့ .. ဒါတွေ ပြန်သိမ်းသွား .."

ရယ်လက်စနှင့်ပြောတော့ အနားရောက်လာသည့် ဝိတ်တာက ကြောင်အမ်းအမ်းနှင့် ဘာလုပ်ရမှန်း မသိ ..၊ မစားမသောက်ရသေးသည့် စားသောက်ဖွယ်တွေက အလျှံပယ် ..။

"မစားတော့ဘူး .. သိမ်းသွားဖို့ ပြောနေတာ .."

"ဟုတ်ကဲ့ .."

သဘောပေါက်သွားကာမှ နောက်ထပ် ဝိတ်တာတွေ ထပ်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာပြီး မြန်မြန်ဆန်ဆန် ပြန်သိမ်းသွားသည်။ ရှုပ်သွားသောလက်တွေ ရှင်းကာမှ ပြည့်သျှင် က စောစောကစကားကို ပြန်ဆက်၏။

"မင်းရဲ့မေးခွန်းကို ငါ မဖြေချင်ဘူးလို့ ပြောသားပဲ သဒ္ဒါပိုမို ..၊ ငါက ရှိနေသေးတဲ့လူ .. သေသွားပြီဖြစ်တဲ့ မင်းအဖေကို ပုတ်ခတ်ပြောရမှာတွေ သူ့သမီးကို မပြောချင်ဘူး ..၊ အထူးသဖြင့် ငါ အခု မင်းအကူအညီ လိုတယ် .."

မို က မျက်မှောင်လေးကုတ်ထားပြီး ဘာမှမပြောဘဲ နေ၏။

"ဒါဆို ငါ ပြောချင်တာကိုပဲ ဆက်ပြောလို့ ရမလား .."

"ပြောချင်ရင်တော့ ပြောပါ .. ဒါပေမယ့် ကျွန်မ ကူညီနိုင်တာ ရှိမယ် မထင်ဘူး .."

"ငါမှ မပြောရသေးဘဲ .."

"ပြောပြီးမှဆိုရင် ဦး နောင်တရမှာ စိုးလို့ပါ .. နောက်ပြီး ကျွန်မလည်း ပုထုဇဉ်ပဲ .. ဦး အထင်ကြီးနေသလောက် ကျွန်မရဲ့စိတ် မခမ်းနားဘူး ..၊ ဦးနဲ့ ဖေဖေရဲ့အမုန်းအငြိုးတွေကို ဖယ်ထားပြီး ပြောဆိုချင်ပေမယ့် တကယ်တမ်းက မလွယ်ဘူးလေ .. မို ကိုယ်တိုင် မုန်းနေတာမျိုး မဟုတ်ဘူးဆိုရင်တောင် ခင်မင်စိတ်နဲ့ ရင်းနှီးဖို့ မဖြစ်နိုင်ဘူး .."

"မင်းကို ရင်းနှီးဖို့ ငါ မကြိုးစားပါဘူး .. နောက်လည်း ခုလိုမျိုး အချိန်ကြာကြာ ပြောဆိုဖြစ်ကြတာမျိုး ရှိချင်မှ ရှိလိမ့်မယ် ..၊ နံပါတ်တစ်က အချိန်ကာလတစ်ခုအထိ ဒီအမှုအတွက် မင်း ကြိုးစားနေတဲ့ အခု လှုပ်ရှားမှုတွေကို ဆက်ရှိနေစေချင်တယ် ..၊ နံပါတ်နှစ်က ဒီပုံထဲက မိန်းမကို ခင်း သိမသိ ကြည့်ပေး .."

ပြည့်သျှင် က ဖုန်းဖွင့်လိုက်ပြီး ဓာတ်ပုံတစ်ပုံကို မို့ မျက်နှာရှေ့ ချပြသည်။ ပြီးတော့ မို့ မျက်နှာကိုပဲ စူးစိုက်ကြည့်နေခဲ့၏။

ဓာတ်ပုံကို မြင်လိုက်သည်နှင့် မို တအံ့တသြဖြစ်သွားကာ သူ့ကို မော့ကြည့်သည်။





"ဒီပုံထဲက အမျိုးသမီးက ဘာဖြစ်လို့လဲ .."

"မင်းဆီကို ရောက်လာတဲ့ အမျိုးသမီးက သူ ဟုတ်လား .. မဟုတ်ဘူးလား .."

"ဟုတ်တယ် .."

ပြည့်သျှင် မျက်နှာ အေးခဲနဲ့ ဖြစ်သွားကာ ဖြစ်လာသည့်မဲ့ပြုံးက ခက်ထန်စွာဖြင့် ...

"မထင်ခဲ့ဘူး .."

"သူ တစ်နေ့ကမှ လာသွားတာ .. ဦးသူရဲကောင်း မိန်းမကို ဦး မသိခဲ့လို့လား .."

"မသိဘူး .."

"ဒါပေမယ့် .. ဦး အံ့သြသွားတာက သိနေတဲ့ပုံပဲ .."

"သူရဲကောင်း မှာ မိန်းမရှိမှန်းတောင် မသိခဲ့ဘူး .. သူ သေသွားတဲ့ အထိ ငါ သိခဲ့တာ သူက လူပျိုပဲ .."

ပြောပြီး အံကြိတ်နေတာ မြင်တော့ မို နားမလည်နိုင် ..၊

ဘယ်လို ရှုပ်ထွေးမှုတွေလဲ ..၊ အလင်းတစ်ခြမ်း အမှောင်တစ်ဝက်နှင့် ဘယ်ဟာ အမှား .. ဘယ်ဟာ အမှန်တရားဆိုတာလည်း ခွဲဖို့ ခက်နေ၏။

"မင်းကို ကျေးဇူးတင်ပါတယ် .. အဲဒါ စိတ်ရင်းနဲ့ပြောတဲ့ စကားပါ .."

"ဘာကို ကျေးဇူးတင်တာလဲ .. ကျွန်မ ဘာမှ မကူညီရသေးပါဘူး .."

"ဒီလောက်ဆို ရပါပြီ .. မင်းက သန်းမြတ်ဇော် ရဲ့ သမီးမို့လို့ ပိုပြီး ကျေးဇူးတင်မိတာ .."

ထိုစဉ် လူရွယ်တစ်ယောက် မလှမ်းမကမ်းထိ ရောက်လာတာ ...



www.burmeseclassic.com

www.burmeseclassic.com



"မမမို .."

"ဟင် .. ထွန်းထွန်း ဘာဖြစ်လို့လဲ .."

"မမမို လူကာ တံခါးဖွင့်ပေးပါ လုပ်နေတယ် .. မဖွင့်ဘူးဆိုတော့ ငိုတယ် ..၊ ကျွန်တော် ဘာလုပ်ရမလဲ .."

သျှင် က မို့ မျက်နှာကို အကဲခတ်ရင်း ဝိတ်တာကို ပိုက်ဆံရှင်းဖို့ ခေါ်၍ ...

"မင်း သွားချင်သွားလေ .. တစ်ခုခု အကူအညီ လိုသေးလား .."

"ရပါတယ်.. ဦး တစ်ခုခု သိချင်တာရှိရင် ဖုန်းဆက်လိုက်ပါ ..၊ ကျွန်မ ဖြေနိုင်တာဆို ဖြေပေးပါ့မယ် .."

ပြည့်သျှင် ကျေနပ်သွားသည်။ ကျေးဇူးတင်သောအကြည့်နှင့် ခေါင်းညိတ်ရင်း ...

"အိုခေ .."

ပထမဆုံး ရင်ထဲမှာ နွေးထွေးစွာ လက်ခံမိသည့် ရင်းနှီးမှု ဖြစ်သည်။ သူ အပြင်ကိုထွက်လာခဲ့တော့ မို တို့ တက္ကစီလေး မထွက်သေးပေ ..။

ကားထဲမှာ စိတ်ဝေဒနာရှင်အမျိုးသမီး ရှိနေသည်လို့ မို ပြောပြထားသဖြင့် ဒရိုင်ဘာ လာပြောတာကိုလည်း သတိရကာ အကူအညီ တစ်စုံတစ်ရာ လိုနေမလားလို့ တွေးမိလိုက်သည်။

ကားကို ရီမုနဲ့လှမ်းဖွင့်ပြီးမှ မို တို့ တက္ကစီဘက်ကို ပြန်လှည့်မိ၏။ သို့သော် သူ ခြေလှမ်းပြင်တုန်းမှာပဲ ကားက ထွက်သွားပြီ ဖြစ်၏။ ထို့ကြောင့် ...

ကိုယ့်ကားဆီကိုပဲ ပြန်လာခဲ့ရင်း စိတ်အာရုံမှာ နောက်ထပ်ပေါ်လာတာက သူရဲကောင်း ရဲ့မိန်းမ ဒါဒါ ..၊ နာမည်အပြည့်အစုံကို မသိခဲ့သော်လည်း ဆွိ နဲ့ ဒါဒါ က နာမည်တစ်ခုတည်း မဟုတ်နိုင်ဘူးဆိုတာ ကိုယ့်ဘာသာ သေချာနေခဲ့၏။





သူမက ဆွိ အဖြစ်နဲ့ ဘာဖြစ်လို့ ကိုယ့်ကို ချဉ်းကပ်ခဲ့တာလဲ .. တာနော မှဲ့ နိုမီကို တို့ ပူးပေါင်းသွားကြသည်လို့ သေချာ သိခဲ့ပြီးမှ သူရဲကောင်း ရဲ့မိန်းမက ဘယ်က ပါလာတာလဲ ..၊

တာနော နဲ့ ဒီမိန်းမ နှစ်ယောက် ဘယ်တုန်းတည်းက ဆက်သွယ်ပတ်သက်မှုတွေ ရှိနေခဲ့တာလဲ ..၊

တစ်စက်လေးမှ မရိပ်မိ မသိရှိခဲ့ဘဲ အလိမ်ညာခံလိုက်ရခြင်းကို နားလည်လာလေ ရှက်သည့်မာနစိတ်က ကိုယ်မှာ လောင်မြိုက်နေသကဲ့သို့ ရှိလေ ..၊

ဒီလူတွေ ပူးပေါင်းပြီး သူရဲကောင်း နဲ့ ဦး ကို သေစေ ရှင်စေ စီရင်ချက်တွေနဲ့ အနာဂတ်ကို ရေးခဲ့ကြတာ ..၊

သူရဲကောင်း တကယ် သေသလား .. မသေဘူးလား ..၊ ဦး ရှိနေသေးတာ တကယ်လား .. တကယ် မဟုတ်ဘူးလား ..။

သူ လိုက်နေရင်း မနီးစပ်နိုင်တာကို မချင့်မရဲ ဖြစ်လာမိသည်။ မင်းထက်မြတ်သော ဆိုတဲ့ ချာတိတ် ပေါ်လာခဲ့သည့်အတွက် ဘာမဆို အရာရာ ဖြစ်နိုင်နေသည်။

သို့ဆိုလျှင် ဆွိ သို့မဟုတ် ဒါဒါ သိကို သိရမည် ..။

ဦး တကယ် ရှိနေသေးတယ်ဆိုရင် ဘယ်မှာလဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၂)

အပြင်စားသောက်ခန်းကနေ အတွင်းကပုံရိပ်တွေကို မြင်နေရသဖြင့် ရှေ့နေကြီးနှစ်ယောက်နဲ့ ရှိနေသော မို ရဲ့မျက်လုံးတွေ ထိုဆီကို ရောက်နေခဲ့သည်။

အတွင်းမှာ ဦးပြည့်သျှင် ရှိနေသည်။ ဒီဆံပင်ပုံစံနှင့် ထိုင်နေသည့် ကိုယ်ဟန်ပန်က ဘယ်လိုမှ မမှားနိုင်ပေ ...၊ ပြီးတော့ ဦးပြည့်သျှင် ကို အပေါ်စီးကနေ ငုံ့ကြည့် စူးစိုက်နေသည့် သော ...၊

စားသောက်ဆိုင်တစ်ဆိုင်တည်းမှာ ဒီလူနှစ်ယောက်နဲ့ မို တို့ ရှိနေပုံက သုံးပွင့်ဆိုင် တြိဂံပုံ ...၊

"ဟင်း .."

မို သက်ပြင်းခိုးချမိရင်း မျက်လုံးလည်း မလွှဲနိုင် ...၊

သော ရဲ့မျက်လုံးတွေက ပြည့်သျှင် ထံမှာ ရန်လိုမျက်ရှုခြင်းများနှင့် စူးစူးရဲရဲ မမိုတ်မသုန်ရှိနေသလောက် ဦးပြည့်သျှင် ပုံစံက အေးအေးလူလူ ...၊

"သမီး ..."

"ရှင် .. ဆရာ .."





ဘေးနေတုန်းမို့ ထူးသံက ခပ်လေလေဖြစ်သွားသည်။ ဦးထင်ပေါ် က သတိမထားမိပေ ...၊ လက်ပတ်နာရီကို တစ်ချက်ပင့်ကြည့်၍ ...

"ကိုကျော်အောင် တို့ လာတော့မယ် ထင်တယ် .. သမီး သွားစရာရှိတာ သွားတော့လေ .."

"ရှင် .. ဟုတ်ကဲ့ပါ .."

ဦးထင်ပေါ် က ကားတိုက်မှုအတွက် သူ အလုပ်ရှုပ်နေသမျှ တပည့်မကိုတော့ မပတ်သက်စေချင်ပေ ...။ ဒီအမှုက ရိုးရိုးယာဉ်တိုက်မှု မဟုတ်တော့ဘဲ မှုးယစ်ဆေးမှုတွေနဲ့ ဆက်နွှယ်နေသဖြင့် ရှုပ်ထွေးနေခဲ့၏။

ထို့ပြင် ဒီလူတွေက ကောင်းတဲ့လူတွေ မဟုတ် ...၊ သူတောင်မှ ကိုယ့်ရဲ့အသက်အန္တရာယ်အတွက် တခြားရှေ့နေတွေနဲ့ ဆက်သွယ်ပြီး လိုအပ်တဲ့ကာကွယ်မှုတွေ လုပ်ထားခဲ့ရတာ ဖြစ်သည်။

ဒါတွေကြောင့်ပဲ တစ်ယောက်ကို အလုပ်တစ်ခုစီ လုပ်နေကြတာမျိုးဖြစ်အောင် မို့ ကို ပြည့်သျှင် ရဲ့ကေ့စ်တစ်ခုလုံး အပ်ထားခဲ့တာဖြစ်၏။

မို ကလည်း သိသည်။ ထို့ပြင် သူမကိုယ်တိုင် စိတ်က သော နဲ့ ပြည့်သျှင် ဆီ ရောက်နေခဲ့တာမို့ ...

"ဟုတ်ကဲ့ ဆရာ .. မို အသိတစ်ယောက်နဲ့ စကားသွားပြောလိုက်ဦးမယ် .."

"ဪ .. ဒီထဲမှာပဲလား .. သွားလေ သမီး .. သွား .."

မို က သူ့ကို မြင်နေပေမယ့် သော ရဲ့အာရုံထဲမှာ ပြည့်သျှင် က လွဲပြီး ဘာမှမရှိ ...၊ သူ ပစ်ခွင်းသမျှ စားတွေကို အသံတိတ် နုတ်သိမ်းပြီး ခတုံ့ပြန်ဘဲ နေသည်။

စိန်ခေါ်နေသမျှ မကြားတာလား .. မသိတာလား ...၊

ဂုဏ်သိက္ခာကျ အရှုက်ရအောင် သူ ပေါ်တင်စိန်ခေါ်ပြီး ကိုယ်သောင်ပြခဲ့သေးသည်။ ဒါကိုလည်း မတုံ့ပြန်သည့်ပြင် ဟိုတယ်လ်ကိုပါ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စား လွဲပြောင်းပစ်ခဲ့သေးသည်။

ခုဆို ဟိုတယ်လ်ကို လုံးဝ ရောင်းပစ်လိုက်ပြီ ဖြစ်သည်။ နောက်ထပ် ဘယ်နေရာမှာ ဘာစီးပွားမှ ထူထောင်တာ မတွေ့တော့ဘဲ ဦးအောင်ဆော် ကဲ့သို့ တပည့်တွေ ပိုင်ဆိုင်သမျှသည်သာ သူ့စီးပွားတွေလိုလို .. မဟုတ်ဘူးလိုလို ..၊

ဒီလူကြီးကို ဘယ်လိုရှင်းပစ်ရမလဲ ..၊ မေမေနဲ့ အဆင်မပြေတာတွေ ဒီရက်ပိုင်းမှာ ကိုယ့်စိတ်နဲ့ကိုယ် ရှုပ်ထွေးနေတာတွေကြောင့် ဒီလူကြီး လွတ်နေခဲ့တာ ကြာပြီ ..။

မျက်စိအောက်မှာ မြင်လာရကာမှ အမုန်းငြိုးကြောင့် ပူလောင်လာခဲ့သည့်သွေးက မုန်းတာတွေချည်း ထိုင်တွေးနေလျှင် မကြာခင် ပွက်ပွက်ဆူလာနိုင်၏။

သူ့မျက်စိထဲမှာ ကိုယ်က ဂရုစိုက်စရာလူ မဟုတ်ခဲ့တာလား..၊ ဒါမှမဟုတ် သူ့ရဲ့တာ့ဂတ်က ကိုယ် မဟုတ်သေးဘဲ ဖြစ်နေတာလား..၊ သို့မဟုတ် အဆုံးစွန်ထိ မိုက်ရိုင်း ရမ်းကားခဲ့ပြီးမှ ခုကျမှ သည်းခံသလိုလို..နားလည်သလိုလို သူတော်ကောင်းယောင် ဆောင်နေတာလား ..။

"တောက်!..."

ဒေါ်ဒေါ်ဦး ကို ဘယ်မှာမှ ရှာမရလို့ စိတ်ဆင်းရဲခြင်းဖြစ်နေသည့် ဒေါသတွေက ဒီလူကြီး ကိုယ့်မျက်စိ ရှေ့ရောက်လာခဲ့သည့်အခြေအနေပေါ်မှာ ပေါက်ကွဲဖို့ အဆင်သင့် ဖြစ်လာသည်။

"ခဏထိုင်လို့ ရမလား .."

ဟင်!...

ကိုယ့်နားကို ထူးဆန်းစွာ ရောက်လာသည့် မို့ ကို မော့ကြည့်ကာ မျက်မှောင်ကုတ်သွားမိသည်။ ပြီးမှ မေးဆတ်ပြကာ ...

"ထိုင်လေ .. တစ်ယောက်တည်း ဝင်လာတာလား .."

"အောက်ထပ် ရှေ့ပိုင်းမှာလေ .. ဆရာတို့ ပါတယ် ..၊ ညွှန့်သည်နဲ့





တွေ့ဖို့ စောင့်နေကြတာ .."

နက်ပြာရောင် တစ်ဆက်တည်းဂါဝန်ပျော့ပျော့လေးက ခြေဖမိုးပေါ်မှာ ဖေးတင်လျက် ..၊ လက်မောင်းသားလေးတွေပေါ်မှာ အပါးသားလေးတွေနဲ့ တွန့်ရှုံ့ကပ်ထား၏။ ထို့ပြင် လည်ပင်းမှာ လည်ဝိုင်းဟိုက်ထားပေမယ့် ပဝါပါးလေး သိုင်းတင်ထားသဖြင့် သိပ်လည်း မရိုင်းပေ..။

သူမပုံစံလေးက ပွဲတစ်ခုခုက ပြန်လာတာနှင့် တူနေသဖြင့် ...

"ဘယ်က ပြန်လာတာလဲ .."

"ဘယ်ကမှ မဟုတ်ပါဘူး .. သွားစရာရှိလို့ ပြင်ဆင်ထားတာလေ ..၊ ဆရာ ဖုန်းဆက်တော့ အလုပ်ကိစ္စ အရေးကြီးတယ်ဆိုတာနဲ့ ညွှန့်သည်ဆီမှာ အပ္ပိုင့်မင်န့် ယူပြီး ဆရာ့ဆီ သွားတယ် ..၊ အဲဒီကနေ ဒီရောက်လာတာပဲ .."

ပခုံးအောက်ထိ ရှည်သောဆံနွယ်တို့က သူ့ရှေ့မှာ ထိုင်ချလိုက်တော့ ရင်ဘတ်လှလှလေးပေါ်မှာ ညွတ်ခွေကျ၏။ ပြီးမှ ခေါ့ခနဲ ပြန်ပါကာ ကျောပေါ် ပြန်ရောက်သွားသည်။ ပြီးတော့ ဒီတိုင်းပဲ ပြန်ကျပြန်ကာ...

"ရှင်က ဘာဖြစ်လို့ ဒီလောက်တောင် ကြည့်နေရတာလဲ .."

သူကြည့်နေတာ သိလို့ ထိုင်ချလိုက်တာတွေ .. ဆံပင်တွေ ရှေ့ရောက် နောက်ပို့ လုပ်တာတွေမှာ အချိန်ပိုထည့်၍ မျက်နှာလွှဲနေခဲ့သည်။ ပြန်ကြည့်လိုက်တော့လည်း မျက်လုံးက မခွာ ..။

မို့ မျက်နှာလေး မကျေမနပ်ပုံ ပေါက်သွားတာကို သော က သဘောကျသလို ပြုံးလိုက်ရင်း ...

"မင်း အလှပြင်ထားတာ သူများကြည့်ရဖို့ မဟုတ်ဘူးလား .."

"မဟုတ်ဘူး .. လူတိုင်း လုပ်နေကျအလုပ်တွေ ရှိပေမယ့် လုပ်ကြတဲ့လူတိုင်း စိတ်ကူးချင်း တူကြတာ မဟုတ်ဘူး .."

သော မျက်ခုံးတွေ ပင့် .. ပခုံးတွန့်သွားသည်။ ဒါပေမယ့် သူမမျက်နှာလေးက မမြင်ဖူးခဲ့သော မိတ်ကပ်ပြေပြေ နှုတ်ခမ်းသားရောင်



www.burmeseclassic.com

www.burmeseclassic.com



ပန်းရင့်လေးနှင့် ငေးကြည့်နေချင်ဖွယ် ဖြစ်ကာ...

"မသိဘူးလေ .. ဒါပေမယ့် မင်းကို ကျေးဇူးတင်တယ် .."

"ဘာဖြစ်လို့လဲ .."

သော မျက်လုံးတွေ ပြည့်သျှင် ထိုင်နေရာသို့ ရှုးခနဲ ရောက်သွား၏။ ပြုံးနေသည့် မျက်နှာကလည်း တည်တင်းသွားခဲ့ပြီး ...

"လူသတ်ချင်စိတ်တွေ ပေါက်နေတာ .. မင်း ရောက်မလာရင် ခုချိန်လောက်ဆို ငါ တစ်ခုခုလုပ်ဖို့ ဆုံးဖြတ်ပြီးပြီ နေမှာ .."

"ကျွန်မ မြင်တယ် .. အဲဒါကြောင့် လာခဲ့တာ .."

"ဘာ!..."

"ဘာအတွက်မှန်းတော့ မသိဘူး .. ဒါပေမယ့် ရှင်တို့ကို ကျွန်မ ခိုက်ရန်ဒေါသတွေ မဖြစ်စေချင်တာတော့ အမှန်ပဲ .."

"မင်းရဲ့အမှုသည်အတွက် ဒီမှာ အင်ထရိုဝင်တာလား .."

"ကျွန်မရဲ့အမှုသည် မဟုတ်သေးပါဘူး .."

"သူက တရားစွဲမယ်.. မောင်းထုတ်မယ်နဲ့ ခုချိန်ထိ ဘာလုပ်တာလဲ.."

"မသိဘူးလေ .. ဒါပေမယ့် သူ့ပုံစံကို ကြည့်ရတာ တစ်ခုတော့ အကဲခတ်လို့ ရတယ် .."

မို က သျှင် နဲ့ သော ရဲ့ နှစ်ဖက်စလုံးမှာ ထိရှနစ်နာမှု နည်းစေမည့် စကားလုံးတို့ကို သေချာရွေး၍ ...

"သူ ဒါကို ဘာလို့ စလိုက်မှန်း မသိပေမယ့် ဒီအမှုအတွက် လောဘတကြီး ဖြစ်မနေတာတော့ သေချာတယ် .."

"ဟွန်း .. နာမည်ကြီးနေတဲ့ ပြည့်သျှင် ဆိုတာ ဒီလိုလူလား ..၊ အလုပ်တစ်ခုကို ဗန်းပြပြီး စိတ်ထဲက ဆင်ကြံကြံ ..၊ လူမြင်ရင်တော့ မင်းသားလိုလို .. ဂိုဏ်းစတားကြီးလိုလို .."

"သူလုပ်နေတာ သူ့ရည်ရွယ်ချက်နဲ့သူတော့ အဓိပ္ပာယ်ရှိရင် ရှိနေမှာပေါ့ .. ရှင်များ သိချင်မလားလို့ သူ့ဆီက သိရတာလေး တချို့ကို .."





"ဘာလဲ .."

သော မျက်နှာ စိတ်ဝင်တစားဖြစ်သွားတာ မြင်မှ မို က ခေါင်းညိတ်၍ ...

"သူ့ကို လူတွေ တော်တော် အထင်ကြီးနေကြပေမယ့် သူလည်း တစ်ချိန်က လုပ်ကြံခံခဲ့ရတာပဲ တဲ့ .."

"မင်းကို ဒါတွေ ပြောပြတယ်ပေါ့ .."

"ကျွန်မက သူ့ရဲ့ရှေ့နေအဖြစ် အကျိုးဆောင်မယ့်သူလေ .. ကျွန်မ သိမှ ဖြစ်မှာ တချို့ကိုတော့ ပြောမပြလို့ ဘယ်ရမလဲ .."

မို က ဆံပင်တွေကို လက်ဖဝါးလေးနဲ့ ခပ်ဖွဖွသပ်ရင်း စားပွဲပေါ်မှာ လက်ပိုက်လေး မှေးတင်လိုက်ကာ ...

"ကျွန်မ သေချာတော့ ပြောမပြချင်ဘူး သော .. ဒါပေမယ့် သူ့ဘဝမှာလည်း ဒဏ်ရာအနာတရနဲ့ပဲ သူထင်ရာတွေ လုပ်ခဲ့တာ ..၊ သူ့ကို လူတွေ သတ်ချင်ဖဲ့ချင်နေကြချိန်မှာ လူတွေကို သူ ဂရုမစိုက်တော့ဘူး.. သူ လုပ်ခဲ့တာတွေကို အပြစ်လို့ မမြင်တာလား .. မကြောက်တတ်တာလား ဆိုတော့ .."

"သတ်ချင်နေကြတဲ့လူတွေက မှားတယ် .. သူ မှန်တယ် ..၊ မင်း ဒါကို ပြောချင်တာလား .."

"စွပ်စွဲပြန်ပြီလား သော .."

"မင်းရှေ့မှာ တည့်တည့်ကြည့်ပြီး ပြောနေတာ.. နောက်ထပ်တည့်တည့်ပြောဖို့ရှိတာက သူ့ကောင်းကြောင်းတွေ ငါ့ရှေ့မှာ မပြောနဲ့.."

ဒီတစ်ခါ သူနဲ့ ပြိုင်ဆိုင်စိတ်တိုဖို့ မို မကြိုးစားမိဘဲ သက်ပြင်းလေးချကာ ...

"ထူးဆန်းတာကတော့ ပြောရမှ ဖြစ်မယ်.. အဲဒါ ဘာလဲဆိုတော့.."

တင်းပြတ် မှုန်ကုတ်နေသည့် မျက်နှာကို မို က တည်တည်ငြိမ်ငြိမ်လေး ပြန်ကြည့်သည်။ ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဦးသူရဲကောင်း ရဲ့ညီမ .. ဟို .. ရှင့်အဒေါ် .."

"အဲဒါ ဘာဖြစ်လဲ .."

"သူ့ကို ဦးပြည့်သျှင် က တော်တော်ချစ်ခဲ့တာ .."

"ဒါကြောင့် အိမ်ထောင်ပြုလိုက်တာနဲ့ ရှူးပါမယ် သေပါမယ် ဆိုတဲ့ ဂျင်းန်ရှိတဲ့ မိန်းကလေးတစ်ယောက်ကို ခြေတော်တင် ဖျက်ဆီးပြီး သူ့အစ်ကိုကို မီးရှို့သတ်ပြတာလား .."

ဘယ်တုန်းကမှ ဘယ်သူ့ကိုမှ မပြောခဲ့ဖူးသည့်အကြောင်းတွေ ဒေါသကြောင့် ပွင့်အံထွက်ကုန်၏။ သော ရဲ့ မျက်နှာတစ်ပြင်လုံး နီရဲနေကာ အသံမကျယ်အောင် ထိန်းချုပ်ရင်း သွားကြားစေ့သံက ကြောက်မက်ဖွယ် အေးစက်လျက် ...

"မင်း ငါ့ဘဝ .. ငါ့ဒဏ်ရာတွေကို ဘာမှမသိဘဲနဲ့ .."

"သော .."

"မင်း ဆက်မပြောနဲ့ မို.. ငါ မင်းနဲ့ကျမှ မျိုသိပ်တာတွေ .. ထိန်းချုပ်လိုက်ရတာတွေ တတ်လာတာ.. တခြားလူသာဆို ငါ.. တောက်!..."

သော ဒေါသတွေနဲ့ ရှူးရှူးရှားရှား ဖြစ်နေသလောက် မို က ငြိမ်ငြိမ်သက်သက်လေး ငေးစိုက်ကြည့်နေလျက် ...

"ကျွန်မက ရှင် ဒီလိုစိတ်ဆင်းရဲသွားဖို့ မရည်ရွယ်ပါဘူး .. ဒီလိုဖြစ်သွားရတဲ့အတွက် ဆောရီးပါ .."

ပြောပြီး မို က ထရပ်လိုက်ကာ ...

"တစ်ခုတော့ ရှိတယ် သော .. ကျွန်မအနေနဲ့ ဦးပြည့်သျှင် ဘက်က ကာကွယ်ရပ်တည်စရာအကြောင်း ဘာမှမရှိဘူး .. ပြန်တွက်ကြည့်ရင် သူက တစ်ဖက်.. ကျွန်မတို့က တစ်ဖက်ပါ ..၊ ဒါပေမယ့် ကျွန်မကတော့ ဆုံးဖြတ်ချက်တစ်ခုချဖို့အတွက် စည်းကမ်းကိုပဲ ကြည့်တာ မှားတယ်လို့ ထင်တယ် .."

"ဖြစ်စဉ်အရကြည့်ရင် ငါတို့က မှားနေတယ်ပေါ့ .."





"မှားတာမှန်တာကို ခွဲခြားနိုင်စွမ်းက နှစ်ဖက်မျှကြည့်မှ မြင်တာ..၊ ခု ရှင် ဘယ်လိုမှ ခွဲခြားဖို့ စိတ်ဝင်စားမှာ မဟုတ်ဘူးဆိုတာ ကျွန်မနားလည်သွားပြီ ..၊ ပြီးတော့ ရှင်နဲ့ ကျွန်မ နောက်ထပ် စကားပြောဖို့လည်း အဆင်ပြေမှာမဟုတ်တော့ ကျွန်မ ပြောခဲ့တာတွေကို ရုပ်သိမ်းပါတယ် .."

မို တည်တည်ငြိမ်ငြိမ်ပဲ နှုတ်ဆက်ခဲ့သည်။ ပြီးတော့ သူ့ရှေ့က ထွက်လာခဲ့မိသည်။ ကွယ်ရပ်တစ်ခုမှာ ချိုးကွေ့ကျောခိုင်းလိုက်မိတာနှင့် နှုတ်ခမ်းသားလေးကို ဖိကိုက်၍ ငိုချင်လာတာကို ထိန်းချုပ်ရ ခက်ခဲနေခဲ့သည်။

"တခြားလူသာဆို .. ငါ .. တောက်!..."

သူ့ဒေါသတွေက ကိုယ့်ဆီကို ကာယကံမြောက် ကျူးလွန်မလာခဲ့ပေမယ့် ရင်ထဲမှာ နင့်နေအောင် နာကျင်မိသည်။ ပြီးတော့ ရှက်လည်း ရှက်မိပါ၏။

ဟိုအစကလိုပဲ မသိခဲ့သလိုလို .. သိခဲ့သလိုလို ခပ်မှန်မှန် နေခဲ့ပါလား ..၊ သူမ ဘာစိတ်ကူးတွေဖြစ်ပြီး သော ရဲ့ရှေ့ကို ရောက်သွားခဲ့တာလဲ..၊ ဘာဖြစ်လို့ ကိုယ်နဲ့မသက်ဆိုင်တဲ့စကားတွေ ပြောမိ ပါမိခဲ့တာလဲ..။

ဆရာတို့ကို နှုတ်မဆက်ဘဲ သူမတစ်ယောက်တည်း ဆိုင်ပြင်ကို ထွက်လာခဲ့မိသည်။ တက္ကစီတစ်စီး လာနေတာမြင်သည်နှင့် လက်ပြတားလိုက်လျှင် ...

"ငါ လိုက်ပို့မယ် .."

မို့ လက်ကလေးကို ဆုပ်ကိုင်ထားလိုက်သူက သော ပဲ ဖြစ်ကာ...

"စိတ်ဆိုးသွားတာလား .."

"မဆိုးပါဘူး .. ဖယ်ပါ ..၊ တက္ကစီ .."

"ဟိုမှာ လူပါလာတယ် .. မင်း ရမှာ မဟုတ်ဘူး .."

"အို .. ဘယ်လိုလုပ်တာလဲ ..၊ လဲတော့မှာပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"မင်းက အသာတကြည့်မှ မလိုက်ဘဲ .."

ဂါဝန်စလေး တစ်ဖက်က ဆုပ်ဆွဲထားရင်း လည်ပင်းမှာ သိုင်းပတ်ထားသည့်ပဝါက တစ်ဖက်စလေး ပြေကျသွားသည်။ ထိုအခါ ကားထဲကို လူက အသာတကြည့်ရောက်သွားပေမယ့် တကယ်ကို ဖရိုဖရဲ..။

"ဘာဖြစ်လို့လဲ .. သူများပဝါ ငှားလာတာလား ..၊ ပြန်လျှော်ပေးလိုက်ပေါ့ .."

တမင်ရွဲ့ပြောနေသည့်မျက်နှာကို မျက်စောင်းထိုးပစ်ချင်၏။ ကိုယ့်စိတ်ကို ထိန်းနေရပေမယ့် မို့ နှုတ်ခမ်းလေး စူနေကာ ...

"ကျွန်မ ရှင်နဲ့ စကားမပြောချင်တော့လို့ .."

"ဆောရီးပါ .. ငါ စိတ်တွေ အရမ်းရှုပ်နေလို့ ဒေါသတွေ အလိုလို ထွက်နေတယ် ..၊ တကယ်တော့ မင်းကို ပြောဆိုလိုက်မိတာပေမယ့် ဒေါသက မင်းကို မဟုတ်ပါဘူး .."

မို့ က မျက်နှာတည်တည်လေးနှင့် ငြိမ်သက်နေခဲ့၏။ သော က ကားကို ခပ်ဖြည်းဖြည်း လိမ့်ရင်း မို့ ကိုပဲ လှည့်ကြည့်နေကာ ...

"ထပ်တောင်းပန်တယ်ကွာ .. ဆောရီး .. ကိုယ် မင်းကို အဲလောက်ထိ အော်လိုက်မိတာ မင်း ထွက်သွားမှ သတိရတယ် ..၊ ဟိုလူကြီးကို မြင်လိုက်ရလို့ ဖြစ်နေတဲ့ဒေါသတွေက .. မင်းက ဒါတွေပဲ ပြောလာတော့ .."

"အခု အဲဒါတွေ ထပ်ပြောရင် ကျွန်မ အော်ထုတ်ခံရဖို့ ရှိသေးတာပေါ့ .."

ကားမောင်းနေသည့် သော ရဲ့မျက်နှာ ဖျတ်ခနဲ ပြောင်းသွားသည်။ မို့ က ခပ်ယဲ့ယဲ့ပြုံးကာ ...

"ဒီတစ်ခါ ကျွန်မက ပြန်တောင်းပန်ရမှာပါ .. ရှင့်အပေါ် အခွင့်အရေးယူသလို ဖြစ်သွားပြန်ပြီ .. ဒါပေမယ့် ရှင်နဲ့ ကျွန်မ စကားပြောလို့ မရတော့ဘူးလို့တော့ ဆိုင်မှာ ပြောခဲ့မိတယ် ထင်တယ် .."





မို့ က ပဝါလေးကို ပွတ်သပ်ခါနေရင်း မျက်လွှာချထားလျက် --

"အခု ကျွန်မ ပြောချင်တာက ရှင် လိုက်ပြီးတောင်းပန်မှ ပြောင်းဆန်နေတာ မဟုတ်ဘူးဆိုတာကိုပါ .. ခုနှ ရှင့်ရှေ့က ထွက်သွားတည်းက ဆုံးဖြတ်ခဲ့တာ .."

"အဲဒီဆုံးဖြတ်ခဲ့တာကို မေ့လိုက်ပါ .. မင်းနဲ့ ကိုယ် ဘာမှမဖြစ်ခဲ့ဘူး .. ဟုတ်ပြီလား .."

မို့ က ခေါင်းမခါပေမယ့် ခေါင်းလည်းမညိတ်ပေ ..၊ ထိုစဉ် ကား က လွတ်ကင်းသည့် နေရာတစ်ခုမှာ ရပ်သွားကာ ...

"မို့ .."

ပေါင်ပေါ်တင်ထားသည့်လက်ကို လှမ်းဆုပ်ကိုင်လိုက်သဖြင့် မို့ ဖွန့်ခနဲ ဖြစ်သွားသည်။ ပြန်ရုန်းပေမယ့် သော က ခပ်ဖိဖိ ဆုပ်ကိုင်ထားကာ ...

"ကိုယ် မင်းကို တောင်းပန်နေတာပါ .."

"ဘယ်သူက စိတ်ဆိုးနေလို့လဲ ..၊ ဖယ်ပါ .."

"ဟွန်း .."

သော က ရယ်ပေမယ့် မဲ့လိုက်ခြင်းသာဖြစ်လျက် ...

"မင်းက စိတ်ဆိုးစရာကိုပဲ ယူသွားလို့ပါ မို့ .. မင်းနဲ့ကျမှ ကိုယ့်ဘက်က အရာရာ သည်းခံ ပြင်ဆင်ခဲ့ရတာတွေလည်း ပြောခဲ့ပါသေးတယ် .."

မို့ ပါးပြင်လေးတွေ နီမြန်းသွားသည်။ လက်ကို ဖိကြိတ်ရုန်းရင်း သူ ဖိဆုပ်ထားပုံက ခံစားချက်တွေ ပါလာသလို စိတ်က သိလာခဲ့ရင်း ရင်ခုန်သံတွေ မြန်လာ၏။

"မို့ .."

"... ... ..."

"မင်းက ကိုယ် ပထမဆုံး ထူးဆန်းအံ့ဖွယ်တွေနဲ့ ဆုံးစည်းခဲ့ငှဲ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားစရာ အကောင်းဆုံး မိန်းမပဲ ..."

တွန့်ကုတ်နေသည့် မျက်ခုံးတန်းလေးတွေက ထိစပ်မတတ်ရှိကာ ဆံပင်တွေကို ခါထုတ်၍ မော့လာသည့်မျက်နှာလေးက ပန်းရင့်ရောင်လေးမို့ ပိုလှနေ၏။

"ပြီးတော့ မင်း သိဝ်လှတာပဲ ..."

"ရှင် ဘာတွေ ပြောနေတာလဲ ..."

"မင်း ပြောချင်တာတွေ ပြောခွင့်ပေးထားဖို့ မင်းကို ငါက လိုအပ်နေမှ ဖြစ်မှာ ..."

"ဘာ!..."

"မင်း ဖြစ်စေချင်တာတွေကို ငါတို့ ဆွေးနွေးကြည့်လို့ ရတဲ့အထိ မင်းနဲ့ ငါ အဆင်ပြေဖို့ မင်းက ငါ့အတွက် ..."

"တော်ပါတော့ ..."

"ငါ့အတွက် မင်းက အလိုအပ်ဆုံး ဖြစ်နေရမှာ ..."

"ရှင် လိုအပ်တာ ဘာတွေဖြစ်ဖြစ် ကျွန်မနဲ့ မဆိုင်ပါဘူး ...၊ ဘာလဲ ရှင့်ဆီးကို ထမင်လာထိုင်ပြီး စကားရောဖောရောတွေ လာလုပ်တယ် ထင်လို့ ဒီစကားတွေ ထွက်လာတာလား ..."

"စကားရောဖောရောလုပ်တိုင်း ရင်ခုန်လို့ မရဘူး ... မင်းကို ကိုယ် ရင်ခုန်ခဲ့တာ ..."

မို မျက်နှာတစ်ပြင်လုံး ပူရှိန်းနေတာ အငွေ့တွေတောင် ပျံနေသလား မသိ ...၊ ဒီစကားတွေ ပြောရလောက်အောင် သူမနဲ့ သူ ရင်းနှီးခဲ့ကြတာလည်း မဟုတ် ...။

တွေ့ကြတိုင်းမှာ မပြေလည်သော ပြဿနာတွေနဲ့သာဖြစ်လျက် ရင်ခုန်ဖွယ်ရာအကြည့်တွေနဲ့ ဖလှယ်ခဲ့ဖူးတာလည်း မရှိခဲ့ပါ ...။

ဒီစကားတွေ သူ ဘာလို့ ပြောလာတာလဲ ...၊ သော မျက်နှာကိုပဲ မို က မျက်မှောင်ကုတ်ထားသည့်အကြည့်လေးတွေနှင့် စူးစိုက်နေကာ...





"ရှင် ကျွန်မကို ရည်းစားစကား ပြောနေတာလား ..."

"ဟုတ်တယ် ..."

ကိုယ့်ဘာသာ တည့်တည့်ကြီး မေးလိုက်ပြီးမှ ပြန်ဖြေတော့လည်း ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခုန်သွားသည်။ မျက်နှာလွဲပစ်လိုက်တာနှင့် သော က သူမလက်ဖဝါးလေးကို မလွှတ်ဘဲ လက်ချင်းချိတ်၍ ဖိဆွဲလိုက်၏။

မို့ ကိုယ်လေး သူ့ဘက်ယိုင်သွားမှ ပခုံးချင်းထိကပ်လာရင်း မျက်နှာနားကပ်၍ ...

"ရန်ဖြစ်နေရင်းနဲ့ ချစ်လို့ မရဘူးလား ..."

"ရှင် နော် ..."

"နောက်ထပ်လည်း ကိုယ်မကြိုက်တာတွေ မင်းပြောရင် ရန်ဖြစ်ကြဦးမှာပဲ ... ဒါပေမယ့် ကိုယ်ပြန်ချော့ရင် ကျေနပ်ပေးရမယ် ..."

"အဲမှာ ..."

"အဟွန်း ... ချစ်ဖို့ကောင်းတယ် ..."

"အို!..."

မျက်ခုံးစွန်းလေးတစ်ဖက် နွေးသွားသည်။ မို တစ်ကိုယ်လုံး ကျဉ်ခဲသွားကာ ကိုယ့်ရင်ဘတ်ကြီးကို အထဲကရော အပြင်ကပါ ဒိုင်းဝန်းထုနက်နေသလို တဒိုင်းဒိုင်း ဆောင့်ခါနေကြသည်။

"တိ ..."

ကားဟွန်းသံက တစ်ချက်တည်း ဆောင့်မြည်သွားသည်။

ပြည့်သျှင် ရဲ့ကား ...၊

"တောက်!..."

ကြည်နူးတာ ရန်ခုန်တာတွေ ဘယ်ဆီ ပြေးလွင့်ကုန်မှန်းမသိ... တက်ခေါက်ရင်း သော စက်ပြန်နှိုးသည်။

အချိန်က ညနေ နေဝင်ရီသရော ...၊



www.burmeseclassic.com

www.burmeseclassic.com



ကားသိပ်ရှုပ်တဲ့လမ်း မဟုတ်ပေမယ့် သော ကတော့ ရှုပ်အောင် လုပ်တော့မှာကို မို သိလိုက်၏။

"သော .. ရှင် ဘာလုပ်မလို့လဲ .."

"ဟိုလူကြီး ရန်စသွားတာ .. မင်း မကြားဘူးလား .."

"အို .. ဖြည်းဖြည်းမောင်းပါ .. မကျော်နဲ့ဦး၊ ရှေ့ .. ရှေ့မှာ ကား.. အမလေး!..."

ပြေးဝင်လာသည့် ကားတစ်စီး၏ဦးခေါင်းပိုင်းက ပြူးပြဲနေကာ မို မျက်လုံးတွေ မှိတ်ပစ်လိုက်၏။ ဒါပေမယ့် သော ဘယ်လိုလွတ်အောင် ရှောင်ထွက်ခဲ့သည် မသိ ..။

"ဘာမှမဖြစ်ဘူး .. ကြောက်မနေနဲ့ .."

"ဖြစ်ဖြစ် မဖြစ်ဖြစ် သော .. ဒေါသဆိုတာ အရာရာကို အမှောင်ကျစေတယ် ..၊ စိတ်ကို ခဏထိန်းပြီး အရှိန်လျှော့လိုက်ပါ .. ကျွန်မ တောင်းပန်နေတာပါ ..၊ ကားနဲ့လိုက်ပြီး ရှင် ဘာလုပ်လို့ရမှာမို့လို့လဲ..၊ သူ့ကို ပစ်တိုက်ရင် ကိုယ်လည်း သက်သာမှာ မဟုတ်ဘူး .."

"မင်း ကြောက်နေတာလား .."

"ကြောက်တယ် .. ကျွန်မ အမိပွားယ်မဲ့ မသေနိုင်သေးဘူး ..၊ ပြောလို့မရရင် ရှင် ကားရပ်ပေး .. ကျွန်မ ဆင်းမယ် .."

ကားက အရှိန် သိသိသာသာ ကျသွားသည်။ မို က လက်ကိုင်အိတ်လေးကို ကျကျနနကိုင်၍ ဆင်းဖို့ပြင်၏။

"ဘယ်သူက ဆင်းခိုင်းနေလို့လဲ .."

"ခိုင်းခိုင်း မခိုင်းခိုင်း ဘာပြောပြော မရတဲ့လူကို ဘာမှလည်း မပြောချင်တော့ဘူး .. သိပ်စိတ်ညစ်တာပဲ .."

"ယော့ .."

"ဖယ်နော် .. ဒီတစ်ခါ မရဘူး .."

"ဘယ်တုန်းက ရခဲ့တာ ရှိလို့လဲ .."





"ဘာ!... ပြောကယ် .."

"ကိုယ် ဘာပြောပြော အဆင်ပြေပြေ တုံ့ပြန်လာခဲ့တာ ဘယ်နှစ်ခါ ရှိလို့လဲ ..၊ အဲဒါပြောတာ .."

မို က သော လှမ်းဆွဲလိုက်သည့်လက်ကို ခါချပစ်သည်။ ရူပွနေသည့်နှုတ်ခမ်းလေးနှင့် တစ်ဖက်လှည့်ပစ်ကာ ဆင်းထွက်ဖို့တော့ မကြိုးစားတော့ဘဲ ...

"ကျွန်မ ရှင့်ကို အဲဒီလို ဒေါသတွေနဲ့ လုံးထွေး ရှင်သန်နေရတဲ့ လူတစ်ယောက် မဖြစ်စေချင်ဘူး .."

"ငါမွေးလာတာကိုက ဒေါသတွေနဲ့ ရှူရှိုက်ရင်း ရှင်သန်ခဲ့တာ.."

"လူကြီးတွေ ရှိခဲ့တဲ့ ရန်ငြိုးတွေအကြောင်း လူကြီးမိဘက မပြောဘဲ ရှင် မသိပါဘူး .. ရှင့်အခမက ဒါတွေကို ပြောခဲ့တာလား ..၊ ပြီးတော့ ဒီလိုတွေ လုပ်နေဖို့ရော ပါသလား .."

"ပါတယ် .."

"ဟင်!..."

"ငါ လူမှန်းသိတတ်လာတည်းက ဒီလူကြီးကို ကလဲ့စားချေရမယ် ..၊ ငါ့လက်နဲ့ သတ်ရမယ်ဆိုတဲ့ စကားတွေပဲ ရေရွတ်နေခဲ့တာ..၊ မေမေ နာကျင်ခဲ့ရသမျှ ငါ ထပ်တူခံစားရတယ် ..၊ ငါ့အဒေါ်ကို ဖျက်လိုဖျက်ဆီး သေကြောင်းကြံခဲ့တဲ့အတွက် ငါ ခွင့်မလွှတ်ဘူး .."

"ရှင်နဲ့ကျွန်မ ရန်ဖြစ်ရဖို့ ရှိလာပြီ .."

"ကောင်းတာပေါ့ ..၊ ဘာလဲ .. ပြော .."

ချစ်ရေးဆိုထားသူရဲ့ မျက်နှာပေါ်မှာ နူးညံ့လိုက်လျောမည့်ဟန် တစ်စုံတစ်ရာမှ မရှိခဲ့ဘဲ ချဉ်တူးတူးအကြည့်တို့နှင့်ရှိကာ မို ကလည်း သူ့ဆီက လိုက်လျောမှုကို မျှော်လင့်နေတဲ့သူ မဟုတ် ..။ ထို့အခါ ...

"ကျွန်မအဖေလည်း သူ့ကြောင့် သေရတာပဲ ..၊ ရှင့်ဘက်မှာ ပိုတာက အဒေါ်ကိုပါ ဖျက်ဆီးခံရတယ် ဆိုတာပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ပိုတာလိုတာပဲရှိရှိ .. သမမျှတနေတာ ဖြစ်ပါစေ .. မင်းအဖြစ်နဲ့ ငါ့အဖြစ် ချိန်ခွင်လျှာ ဘယ်ဘက်ကိုစောင်းနေနေ .. မင်း ကျေနပ်နိုင်တဲ့ ကိစ္စကို ငါ မကျေနပ်နိုင်ဘူး ဖြစ်နေရင် မရဘူးလား .."

"ရပါတယ် .."

"ရရင် ပြီးတာပဲ .. မင်းလည်း ထင်ရာလုပ် .. ငါ့ကိုလည်း လွှတ်ထားလိုက် .."

"ရှင် ကျွန်မကို ရန်တွေဖြစ်နေရတာထက် ပိုပြီး အဆင်ပြေကြဖို့ ကြိုးစားတာ ဒီလိုလုပ်ကြဖို့တော့ မဟုတ်ဘူး ထင်တာ .."

"ဘာကိုလဲ .."

"လက်ဝါးချင်းရိုက်ပြီး ကိုယ်ထင်ရာ ကိုယ်လုပ်ကြဖို့ .."

"မင်းကို ငါဖြစ်စေချင်သလို မဖြစ်ခိုင်းဘူး ... မင်းလည်း .."

"ရှင့်ကိုလည်း ကျွန်မ ဖြစ်စေချင်တာတွေ ဖြစ်ပေးဖို့ တောင်းဆိုနေတာ မဟုတ်ဘူး သော .. ကျွန်မတို့ မိတ်ဆွေတွေလို ဆက်ဆံကြမယ်ဆိုရင်တော့ အကြံပြုတာ ဆွေးနွေးတာတွေ ရှင် လက်ခံမှဖြစ်မယ် .."

"မင်းကို ငါ မိတ်ဆွေဖွဲ့ခဲ့တာ မဟုတ်ဘူး .. ရည်းစားစကားပြောခဲ့တာ .."

ပြောပြီး ခပ်မှဲ့မှဲ့မျက်နှာနှင့် ပခုံးတွန့်၏။ ပြီးတော့ ဘီးလိမ့်ရုံ သွားနေသည့်ကားက ရပ်သွားပြန်ကာ ...

"ဒါပေမယ့် မင်း ငါ့ကို အဖြေမပေးသေးဘူးဆိုတော့ သက်ဆိုင်သူတွေအဖြစ် သတ်မှတ်လို့ မရသေးဘူး .."

"ကျွန်မ .."

"နေဦး .. ချစ်တယ်လို့ ကောက်ကပ်ထွက်မလာနဲ့နော် .."

"အံမာ .. ရှင်!..."

"ပြောပြတာ .. ကိုယ်လည်း ကိုယ်လုပ်ချင်ရာ လုပ်ပြီးမှ မင်းဆီက အဖြေတောင်းမှာ ... တော်ကြာ ..."





"သော .. ရှင့် လူကို ဘာများ အောက်မေ့နေသလဲ ဟင် .."

"ဟာကွာ .. ရင်ထဲရှိတဲ့အတိုင်း ပြောနေတာကို ရိုးသားတဲ့ ကောင်လေးပါလားလို့ မမြင်ဘူး ... ကဲ .. ပြော .. အဆောင်မှာ နေတာဆို ... ဘယ်အဆောင်လဲ .. ပြန်ပို့ပေးမယ် .."

"မလိုပါဘူး .. ကျွန်မ နေရာတကာ ကားတစီစီနဲ့ သွားနေတာ မဟုတ်ဘူး .."

"ဟား .. ထစ်ခနဲရှိ ဆင်းဖို့ပဲ .. ဘာတွေ ဒီလောက်ဒေါကန်နေတာလဲ ... ကိုယ့်ကို အဖြေပေးခွင့် မရလို့လား .. ဒါဆိုလည်း ပြောခဲ့လေ ... ချစ်တယ်လို့ .."

"ကြည့်စမ်း .."

"ဟား .. ဟား .. ဟား ..."

သော က မျက်နှာမော့ ရယ်နေသည်။

မို ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ဘဲ သူ့ပခုံးကို လက်ကိုင်အိတ်နဲ့ လှမ်းရိုက်မိတော့သည်။

ထိုအခါ မို့ လက်လေးကို သော က ပြန်ဆွဲထားကာ ...

"မင်းကြောင့် ကိုယ်သောကတွေ ခဏတစ်ဖြုတ် လျော့ပါးခွင့်တွေ ရလာခဲ့ပြီ ... တကယ်ပါ .. ကိုယ် ခုလို ကြည်နူးတဲ့စိတ်နဲ့ မရယ်မိခဲ့ဘူး ထင်တယ် .. ဒီလိုခံစားမိလာတဲ့ ပေါ့ပါးမှုမျိုး ဒီတစ်ခါပဲ .."

မို နဲ့ သူ မျက်လုံးချင်း ဆုံသွားသည်။ အကြာကြီး ငေးနေကြပြီးမှ မို မျက်လွှာချမိလျှင် သော က မို့ ပါးပြင်လေးကို သူ့လက်ချောင်းတို့နဲ့ လှမ်း၍ ထိကပ်၍ ...

"မင်းကို ချစ်တယ် မို .."

မို က မျက်နှာလေး လွှဲပစ်လိုက်ပြီး သူ့လက်ကို ရှောင်သည်။ ပြီးတော့ ...

"ရှင့်ထက် ကျွန်မ အသက်ပိုကြီးတယ် သော .."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ဘာဖြစ်လဲ ..၊ မမလို့ ခေါ်စေချင်လို့လား .."

"ကိုယ့်ထက် အသက်ငယ်တဲ့ ယောကျာ်းကို .."

"ဘယ်သူ့ကိုမေးမေး မင်း ငါ့ထက်ကြီးတယ်ဆိုတာ ဘယ်သူမှ ယုံမှာ မဟုတ်ဘူး .."

"ဘယ်လို!..."

"အသက်ကိုပြောတာ .. သူချင်းယှဉ်လိုက်ရင် ငါ မင်းထက် ခေါင်းတစ်လုံး ကျော်တယ် .."

"ဟွန်း .. စွဲ တောင် ရှင့်ထက် ..."

"ကြီးတော့ ဘာဖြစ်လဲ ..၊ ငါကလည်း ကိုယ့်မိန်းမကို မမလို့ ဘယ်တော့မှ ခေါ်မှာမဟုတ်ဘူး .. အသက်ကြီးကြီး ဘာကြီးကြီး .."

မို မျက်နှာလေး ရဲခနဲ ဖြစ်သွားသည်။ ထိုစဉ် ဖုန်းလာသဖြင့် သော က နေရာမှာ မတ်မတ်ပြင်ထိုင်ကာ ...

"ဟာလို .."

"... ... ... ..."

"ဗျာ!... ဘယ်လို မေမေ .."

"... ... ... ..."

"ဘယ်မှာလဲ ..၊ အခု ဘယ်နားမှာလဲ .."

"... ... ... ..."

မို နားထောင်ရင်း မျက်လုံးအဝိုင်းသား ဖြစ်လာ၏။ ခုနကပဲ ဦးပြည့်သျှင် ကြောင့် ဒေါသတွေနဲ့ ဝုန်းဒိုင်းကြဲပြီးပြီ ..၊ ခုတစ်ခါ ဘာတွေ ဖြစ်ကုန်ပြီလဲ ..။

သော ရဲ့ မအေးချမ်းသည့်ဘဝကို မြင်ရကာ ကရုဏာစိတ်တို့သည် ကိုယ့်အဖြစ်လည်း ဒီလိုပဲဆိုတာကိုတောင် မေ့၏။

"ဆောရီး မို ရာ .. ကိုယ် အရေးတကြီးကိစ္စ ပေါ်လာလို့ မေမေ့နောက် လိုက်ရဦးမယ် ..၊ မင်းကို ပြန်ပို့ပေးမယ်နော် .."





"ဟင့်အင်း .. မို့ ဘာသာ ပြန်ပါ့မယ် ..၊ ရှင် အရေးကြီးနေတာကို သွားပါ .."

"ကိုယ် လိုက်ပို့မယ် .."

သော က ကားကို တစ်ဖက်လမ်းကြားထဲ ပြန်ခေါက်သည်။ တင်းမာနေသည့် သော ရဲ့မျက်နှာတစောင်းကို ကြည့်ကာ မို သက်ပြင်းချမိသည်။

သိမ်းသွင်းစည်းရုံးဖို့ မလွယ်သည့်လူစားမျိုးကို သူမ ဘယ်လိုစည်းရုံးရမှန်း မသိသည့်ထဲမှာ ကိုယ့်ကို သူက ချစ်ရေးဆိုလာသေးသည်။

အရာရာဟာ ပြောဆိုဖို့ ခက်ခဲသွားပြီမှန်းသိကာ ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်တော့ပေ ..၊ သော ကို သူမ ဘာဖြစ်စေချင်နေတာလဲ..။

ဦးပြည့်သျှင် နဲ့ သော တို့ နှစ်ယောက်ကြားမှာ ဘာဖြစ်ဖို့ သူမ အလိုရှိနေတာလဲ ..၊ ပဋိပက္ခမဖြစ်ရေး သက်သက်လား ..၊ ငြိမ်းချမ်းစေချင်တာလား ..။

ဒါဆို မေမေနဲ့ သူမ မငြိမ်းချမ်းနိုင်သည့်အဖြစ်ကိုတော့ ဘယ်လိုနည်းနဲ့ ဖြေရှင်းနိုင်မလဲ ..၊

ဒီ ရန်ငြိုးကလဲ့စားတွေထဲမှာ ကိုယ်ဟာ ဘေးလူတစ်ယောက်ဆိုရင်တောင် သော ကို သိမ်းသွင်းဖျောင်းဖျဖို့ ကြိုးစားတာ ကြားကောင်းဦးမည်။

ခုတော့ ... ကိုယ်သည်လည်း ဒီစက်ကွင်းထဲက လူ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၃)

"တောက်!..."

"ဒုန်း .."

လက်သီးချက်ကြောင့် ရှိုးကေ့စ်တစ်ခုလုံး တုန်ခါသွားတာကို မြင်ရကာ ဘဒ္ဒါ ကျေနပ်စွာ ပြုံးသည်။ သူမ လိုချင်တာက ဒါပဲဖြစ်သည်။

"မေမေ့ကို ဖမ်းနိုင်စက်ပြီး ပြန်လွှတ်လိုက်တာ ရှင်းရှင်းလေးပဲ မေမေ .. ကျွန်တော့်ကို စိန်ခေါ်ထုတ်တာ ..၊ ဘာလဲ .. ဘာတွေ ကောက်ကျစ် လှည့်ဖြားမလို့လဲ ..၊ ဘယ်သူက သူ့ကို ရှောင်ပြေးနေလို့ ဒီနည်းသုံးတာလဲ .."

"သား .."

သော ခြေလှမ်းပြင်လိုက်တာနှင့် ဘဒ္ဒါ၏ မရိုတရိခေါ်သံက ရှိက်သံစွက်လျက် ...

"ဘယ်သွားမလို့လဲ သား ..၊ မသွားပါနဲ့ .."

"ဘာလို့ မသွားရမှာလဲ မေမေ .. လူတစ်ယောက်ကို တစ်ခါပဲ သတ်လို့ ရမယ် ..၊ ဘဝသေအောင်တော့ အကြိမ်ကြိမ် အခါခါလုပ်နိုင်တယ် ..၊ ဒီလူတွေ ဘာအချိုး ချိုးနေတာလဲ ..၊ ကျွန်တော် သိတယ်.."





"မေမေက မိန်းမသားပဲ သားရယ် .. ဒါပေမယ့် ငါ့သားက ဆိုင်ဘဲ သွားမလုပ်ရဘူး .."

"လာပြန်ပြီ .. နောက်ထပ် ဘာကို ထပ်စောင့်ရဦးမှာလဲ မေမေ..၊ အခု ဦးခ လည်း ထွက်သွားတယ် .. မေမေလည်း မသိဘူး ..၊ ကျွန်တော်လည်း ဘာမှမသိခဲ့ဘူး .. တောင်ကြီးက ခြံကိစ္စတွေ ပေါ်လာတယ် ..၊ ဒါလည်း ကျွန်တော်တို့ဘက်က လက်မဲ့ဖြစ်နေတာကို သိလို့ အမင် ဝွင်ဆင်ကြတာ .. ဒေါ်ဒေါ်ဦး ကိုလည်း ဘယ်မှာမှ ရှာမတွေ့ဘူး .."

"သားရယ် .. ရူးနေတဲ့လူက တိရစ္ဆာန်တစ်ကောင်လိုပဲ .. ဘာကိုမှ အတွေးအခေါ် အထိန်းအကွပ် မရှိဘူးလေ ..၊ ပြီးတော့ သူက ဟစ်သက်သုံး ရူးသွပ်လာတဲ့ဘဝနဲ့ အေးအေးချမ်းချမ်း နေလာခဲ့တာ ..၊ လောဘ ဒေါသ ဘာမှမရှိခဲ့တဲ့ မင်းအဒေါ်မှာ ဇရာရိပ်ဆိုတာလည်း မရှိဘူး ..၊ သူလို မိန်းမတစ်ယောက်က လူတော်လူကောင်းလက်ထဲ ရောက်သွားဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး .."

"မေမေ ဘာပြောတာလဲ .."

"သူ မရှိနိုင်တော့ဘူး .. မင်း ပူပင်ရမှာက မင်းအမေကို .."

"ပူတယ် မေမေ .. ဒါပေမယ့် မေမေ့ထက် ဒေါ်ဒေါ်ဦး ကို ပိုပြီး စိတ်ပူတယ် .."

ရင်ထဲမှာ ဒေါသကြောင့် ထောင်းခနဲ ပူလောင်သွားခဲ့သည်။

မေမေ့ထက် ပိုစိတ်ပူတယ် တဲ့ ..၊ ဒေါသသည် ရင်ထဲမှာဖြစ်လျက် ဘဒ္ဒါ မျက်ဝန်းမှာ မျက်ရည်တို့နှင့် ...

"အား!... ကျွတ် .. ကျွတ် ..."

လည်ပင်းကိုင်လိုက် .. ရင်ဘတ်ကို ဖိလိုက်နှင့် ခပ်မှုံမှုံညည်းတာသည်း ရှိကာ ...

"သူတို့က တကယ်တော့ .. တကယ်တော့လေ .. သားနဲ့မေမေ့ကို

www.burmeseclassic.com

www.burmeseclassic.com



တွဲပြီး မသိခဲ့ကြဘူး ..၊ အဲဒါကြောင့် အမှုကိစ္စကို ဖော်ထုတ်ပြီး မေမေ ထွက်လာအောင် လုပ်ကြတာ .."

"မေမေ့ကို ဘာတွေမေးလိုက်တာလဲ ..၊ နောက်ထပ် ဘာလုပ်သေးလဲ .."

မေမေ့ကို သူ တွေ့ခဲ့တာ လမ်းဘေး ကားမှတ်တိုင်တစ်ခုမှာပါ။ နှုတ်ခမ်းထောင့်မှာ သွေးစတချို့နှင့် အမြဲတမ်းလှနေသည့် ဆံပင်တွေက ဖရိုဖရဲ ..။

ပြီးတော့ ငုတ်တုတ်ထိုင်နေတာတောင် အနိုင်နိုင်ဖြစ်နေသည့် ပုံစံနှင့် သူ့ကိုမြင်တော့ ရှိုက်ကြီးတငင် ငိုကြွေးလေသည်။

သူများကို အနိုင်ယူဖို့သာတွေးသော စိတ်ဓာတ်ခိုင်မာသည့် မေမေ့ကို မျက်ရည်လည်ရွဲနှင့် သူ ဘယ်လိုမှ မကြည့်ရက်နိုင်ပေ ..၊

ဒါပေမယ့် အိမ်ကိုပဲ ပြန်ပို့ပေးပါလို့ လူကို ဆွဲလွဲရိုက်ပုတ်၍ တောင်းဆိုနေသဖြင့် အိမ်ပြန်လာခဲ့ရသည်။

ဓါသကြောင့် တက်ခေါက်နေမိတာ အကြိမ်ကြိမ် ..၊

"ဦးအောင်သော် ဆိုတဲ့လူကြီး ပါသလား မေမေ .."

သူမ သိတဲ့လူတွေ မပါခဲ့ပါ ..၊ ဒါပေမယ့် ...

"ပါတာပေါ့ သားရယ်.. သူ့လူတွေက လုပ်ငန်းကိုယ်စီ အကြောင်းပြပြီး တစ်နေရာစီ တစ်မြို့စီ ခွဲထွက်နေကြတာ ..၊ ပြည့်သျှင် ဆိုတဲ့လူလိုအပ်ပြီဆိုရင်တော့ ကြိမ်စကြာနဲ့ ရိုက်ခေါ်လိုက်လာမှ ကြာသေးတယ်.."

"မေမေ ခုနက စကားပြောလို့ မရဘူး ဆို .."

"ဟင်!..."

"ပါးစောင်းထိထားတယ် ဆိုလို့ .."

ဘဒ္ဒါ မျက်နှာ ညှိုးသွားကာ ပါးတစ်ဖက်ကို အုပ်ထားလိုက်ပြီး...

"ကိုယ့်ဒဏ်ရာကိုတောင် မေ့သွားတယ် .. သား ထွက်သွားမှာ





လို့လေ .. သားက လူငယ်လေးတစ်ယောက်တည်း ..၊ ဟိုက ဂိုဏ်းနဲ့ အသင်းအဖွဲ့နဲ့ ..၊ ပြောရင်းနဲ့တောင် နာလာပြီ .."

လက်ခုံနဲ့ ကပ်သုတ်လိုက်တော့ လက်မှာပါလာသည့်သွေးတွေကို ငုံ့ကြည့်ရင်း သော မျက်နှာ တင်းသွားပြန်သည်။ ပြန်ကြည့်လိုက်တော့ မေမေ မျက်နှာငုံ့ရင်း မျက်ရည်တွေ ကြိတ်သုတ်နေတာ မြင်လျှင် ...

"မေမေ .."

"... ... ... ..."

"မေမေ ဘာဖြစ်လို့လဲ ..၊ ဘယ်နေရာ ထိထားတာ ရှိသေးလဲ ..၊ ကျွန်တော့်ကို ပြောစမ်းပါ မေမေရာ .."

အနားကပ်သွားရင်း မေမေ့ပခုံးတွေကို စိုးရိမ်စိတ်နှင့် ကိုင်လှုပ်မေးမိသည်။ ဒါတွေဖြစ်ရတာ သူ့ကြောင့်လား ..၊

မေမေ့ကို လုံးဝ မေ့ထားခဲ့ပြီး ဒေါ်ဒေါ်ဦး ကိုပဲ လက်ဆွဲထွက်ခဲ့သည်။ ပျောက်သွားတော့လည်း စိတ်ပူတိုင်း လမ်းပေါ်မှာပဲ လိမ့်နေခဲ့တာ နေ့ရောညပါ ..။

"သား .."

ဘဒ္ဒါ က သော အသံတိတ်သွားတာကို အကဲခတ်လိုက်ပြီး မျက်ရည်ကို ကုန်စင်အောင် သုတ်လိုက်သလို လက်ဖဝါးနှစ်ဖက်နဲ့ မျက်နှာကို ဖြစ်သလို ပွတ်သုတ်ပစ်ရင်း ...

"ဘာမှတွေးမနေနဲ့ သား .. သားက လူငယ်လေးတစ်ယောက်ပဲ ရှိသေးတာ ..၊ မေမေတို့ ဘယ်လောက်မုန်းမုန်း ဘာတွေစီစဉ်ထားပါစေ အချိန်တန်တော့ ..."

"အချိန်တန်ရင် နစ်နာခဲ့တဲ့သူဘက်က တန်ရာတန်ကြေး ပြန်ရမှာပဲ မေမေ ..၊ အမြဲတမ်း အောင်နိုင်ခြင်းဆိုတာ မရှိဘူး .. ဒီလူကြီးရဲ့ ရာဇဝင်တွေ ဒီထိ ဘယ်လောက်ကောင်းခဲ့သလဲ ..၊ ထင်သလိုမိုက်ရိုင်း ထင်တိုင်းကြဲခဲ့တာ ကမ်းကုန် ..၊ သူ့လက်ထဲမှာ သူပိုင်ဥပဒေနဲ့ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ကို အနိုင်နဲ့ပိုင်းခဲ့တာလည်း နိုင်ခဲ့တာချည်းပဲ .. အဲဒါတွေ ပြီးပြီ ...၊ ခုကစပြီး မရတော့ဘူး .. ကျွန်တော် သူနဲ့ ရင်ဆိုင်မယ်."

"သားရယ် .."

"မေမေ ဘာလို့ ကျွန်တော့်ကို တားနေတာလဲ ...၊ ဦးခ တားနေတုန်းကပဲ မေမေ လွှတ်လိုက်တော့ဆို .. ကျွန်တော်တို့ ဒါကိုပဲ ရည်ရွယ်ခဲ့ကြတာ မဟုတ်ဘူးလား ...၊ သူနဲ့ကျွန်တော်လည်း ကြိုးဝိုင်းအလယ်မှာ ရင်ဆိုင်ကြဖို့ပဲ လိုတော့တာ .."

"ကိုခ လည်း မရှိတော့ဘူး .. တကယ်တမ်း ရင်ဆိုင်ကြမယ်ဆိုတော့ သားကို မေမေ စိတ်မချနိုင်တော့ဘူး သားရယ် .."

စကားအရလှတွေ ပြောနေသေမယ့် ဘဒ္ဒါ ရင်ထဲမှာ ဘီလူးဆိုင်းတီးနေပြီ ဖြစ်သည်။

တွေ့ရမယ် ...၊ မင်းလက်နဲ့ သူ့ကို သတ်ရမယ် ...၊ မင်းက မသတ်နိုင်ရင် သူက မင်းကို သတ်လိမ့်မယ် သော ...၊ ပြီးသွားတဲ့အခါ အဖေနဲ့ သား ထာဝရနှုတ်ဆက်ရင်း ရင်နင့်ကြပေတော့ ...၊

ပြည့်သျှင် .. ရှင် အမြဲတမ်း ရွံရှာမုန်းတီးခဲ့တဲ့ မိန်းမက ရှင်တို့ရဲ့ ကံကြမ္မာကို အဆိုးရွားဆုံး အဆုံးသတ်ပေးမယ့်မိန်းမဆိုတာ ရှင် မကြာခင် သိရတော့မယ် ...။

သူမ အပြီးအပိုင် လစ်ပြေးရဖို့ အချိန်တန်ပါပြီ ...၊ ဒါပေမယ့် သူ့ရဲကောင်း တို့မောင်နှမ ပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာတွေ သူမလက်ထဲကို မရောက်သေးပေ ...။

ဒီအမွေပစ္စည်းတွေ ဘယ်မှာလဲ ...၊ ဘယ်လိုသိမ်းဆည်း သိုဝှက်ခဲ့သလဲဆိုတာ သိတဲ့လူဆိုလို့လည်း တစ်ညလုံး မအိပ်ဘဲ ငုတ်တုတ်ထိုင်စဉ်းစားတာတောင် တစ်ယောက်မှမမြင် ...။

ဒါကြောင့် ဦးနေသူရိန် ရဲ့ လုံးဝပိတ်ထားသည့် စံအိမ်ကြီးထဲကို ခိုးဝင်မွှေနှောက်ဖို့ သူမ သွားခဲ့တာဖြစ်၏။ အထဲတောင် မရောက်သေး





ဘဲ ဘီလုံး တို့လူစုနှင့် တည့်တည့်တိုးခဲ့ခြင်းကတော့ ...၊

"မေမေတို့ ကံမကောင်းသေးဘူးထင်တယ် သားရယ် .. လူဆိုတာ ကံဆိုးကံကောင်းဆိုတဲ့အချိန်ကို သတိထားရတယ်.. လိုအပ်ရင် သည်းခံရတယ်၊ မေမေ .. မေမေ ခုလို စော်ကားခံရတာကတော့ .."

"ဘာ!... မေမေ ဘာပြောလိုက်တာလဲ .."

မျက်နှာပြန့်ငုံ့သွားပြီး ငိုပြန်ပြီထင်လိုက်ကာ သော မျက်နှာ အကြီးအကျယ် ပျက်သွားသည်။

"မေမေ .. မေမေ့ကို သူ့လူတွေ .."

"မဟုတ်ဘူး .."

"မဟုတ်ဘူးဆိုရင် ဘာလဲ မေမေ ...၊ မေမေ ဘာလို့ငိုနေတာလဲ.."

သော အသံတွေ တုန်ခါနေသဖြင့် ဘဒ္ဒါ ငိုလက်စမျက်နှာနှင့် မော့လာကာ ...

"သူ့ .. သူ့တပည့်တွေ မဟုတ်ဘူး .."

ဟာင်!...

သော မျက်လုံးတွေ ရူးရဲကျဉ်းမြောင်းသွား၏။ ဘဒ္ဒါ က ရှိုက်သံတစ်ချက်နှင့် မျက်နှာလွှဲပစ်ကာ ...

"ဒီလူ .. သူ .. သူက မေမေ့ကို ရန်ငြိုးကြီးနေတာ ...၊ မင်းအဖေနဲ့ ရန်ဘက်တွေဖြစ်နေကြတည်းက ကိုကောင်း ဘက်က မေမေ ရပ်တည်ကူညီခဲ့တာတွေရှိတော့ အဲဒါတွေကြောင့်ပဲ .. သူ အခု မေမေ့ကို .."

သော အသံ လုံးဝတိတ်ကျသွားသည်။

ပြီးတော့ နေရာမှ ဖြည်းလေးစွာ ထရပ်၏။

"မေမေတို့ လူကြီးချင်း တုံ့တင်ကြီးမားခဲ့တဲ့ ရန်ငြိုးတွေပါ သားရယ် .. မင်းကိုတော့ စိတ်လိုက်မာန်ပါလုပ်ဖို့ မေမေ ခွင့်မပြုဘူး သား...၊ အဲဒါကြောင့် ကိုခ တားဆီးခဲ့တာတွေကိုလည်း သတိရတယ် ...၊ ကိုယ့်ဘက်က ပြီးပြည့်စုံမှု မရှိသေးဘဲ ဒီလူ မသိစေနဲ့ဆိုတာ .."



www.burmeseclassic.com

www.burmeseclassic.com



သော ရဲ့ လက်သီးနှစ်ဖက် ဆုပ်ကျစ်ထားတာကို ဘဒ္ဒါ မသိမသာ စိုက်ကြည့်သည်။ မျက်ရည်ရစ်ဝိုင်းသော မျက်ဝန်းတို့မှာ ရယ်မြူးရိပ်တို့ထင်လျက် နှုတ်ခမ်းအစုံက အံကြိတ်ရင်း ပြုံး၏။

တားဆီးနေတာ မဟုတ်ဘူး သော ..၊ မင်းကို သွားခိုင်းနေတာ .. သွားသတ်စမ်း ..၊ မင်းအဖေကို မင်း သွားသတ်တော့ ..။

သူမမျက်လုံးတွေက တစ်လှမ်းချင်း ထွက်သွားသည့် သော ရဲ့ ကျောပြင်မှာ ကပ်ငြိပါသွားခဲ့၏။

"သား .. မေမေ စိတ်ချမယ်နော် သား .. မေမေ နားချင်နေပြီ ..၊ သား ဘယ်မှမသွားနဲ့နော် .."

အခန်းထဲဝင် တံခါးပိတ်လိုက်ရင်း မျက်နှာမော့၍ အသံတိတ် ရယ်ပစ်လိုက်မိသည်။ ပြီးတော့ သွားကြားမှာ ကပ်ထည့်ထားသည့် ပလတ်စတစ်သေွးအိတ်လေးကို လျှာနဲ့ထိုးထုတ်ပြီး လက်ဖဝါးပေါ် တင်လိုက်သည်။

သူတို့ ငါ့ကို လက်ဖျားနဲ့ မထိခဲ့ဘူး ..၊ ဒါက ငါ တမင်ကြံစည်ပြီး ထည့်ထားခဲ့တဲ့ သွေးတုတွေ ..၊

မင်းအတွက် ငါ ပေးခဲ့သမျှ ဘာတစ်ခုမှ အစစ်အမှန်တွေ မပါခဲ့ဘူးဆိုတာ မင်း သိလာတဲ့နေ့ ..၊

မင်းအတွက် နောက်တစ်နေ့ မိုးမလင်းတော့ဘူးဆိုတာ ..။





အခန်း (၅၄)

"သူ့ပုံစံက လုံးဝ ခန့်ညားမှု မရှိဘူး ဆရာ ..၊ သူ့ရဲ့ကောင်း ရဲ့ မိန်းမဆိုရင် ကိုယ်ပိုင်ဆိုင်ရမယ့်အိမ်ကို သူခိုးကြမ်းပိုးလိုလို ကပ်တွယ်ဝင်စရာ အကြောင်းမရှိဘူး .."

"မင်း အောင်သော့် ကောင်တွေရှေ့မှာ ဘာတွေ ပြောလိုက်သေးလဲ .."

တီလုံး က ခေါင်းခါ၍ ...

"မပြောပါဘူး .. ကျွန်တော်တို့က သူနဲ့ တွေ့မယ့်အစီအစဉ်မှ မဟုတ်တာ .. ပြီးတော့ သူ့ပရိုဂရမ် သူရေးပြီး ပရော့ဂျက်တွေနဲ့ ခိုင်မာနေတာ ..၊ ဆရာ့စိတ်ကို ကျွန်တော်တို့ သိနေတာပဲ .."

ပြည့်သျှင် က ဖုန်းနှစ်လုံးကို ဘယ်တစ်ဖက် ညာတစ်ဖက် ကိုင်ထားကာ တစ်လုံးကို ကုတ်အင်္ကျီအိတ်ထဲ ထည့်လိုက်ရင်း ဖုန်းလုံး ရှိရာ လျှောက်လာ၏။

"မင်းနဲ့ ဘယ်သူတွေ ပါသေးလဲ .."



www.burmeseclassic.com

"ကျွန်တော် ခိုင်းနေကျ ကောင်လေးနှစ်ယောက်ပဲ ပါတာ ..၊ အောင်စော့် ကောင်တွေက တောင်ကြီးကကိစ္စပြောဖို့ ကျွန်တော် ညတည်းက ခေါ်ထားတာလေ ..၊ အဲဒီထိပ်က ဘုရားခြေရင်းက လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်တို့ မထင်မှတ်ဘဲ စုမိနေကြတာ .."

ဦးနေသူရိန် ရဲ့စံအိမ်ကြီးနဲ့ ဒေါ်ပန်းမြတ်မာလာ ရဲ့စံအိမ် အနီးအနားတွေမှာ သူတို့လူတွေ ဖြန့်ကြက်နေစေခဲ့တာ သိပ်တောင် မကြာသေးပေ ..။

အစတုန်းကတော့ သော နဲ့ပတ်သက်ပြီး သတိထားဖွယ်တွေ ရှိလာတာကို ဆရာ့အတွက် စိုးရိမ်ပြီး အမှတ်တမဲ့မနေနိုင်တော့တာ သက်သက်ရယ် ..၊

နောက်ကျတော့ တာနော ကို ခြေရာခံမိပြီဆိုပြီး ဆရာကိုယ်တိုင်ညွှန်ကြားလာတော့ ဒါကို ဂရုစိုက်ခဲ့သည်။

ကိုယ် တကယ် အရေးတကြီးဖြစ်လာတဲ့အချိန်မှာ နောက်ကျသွားခဲ့၏။

သူတို့ ဘယ်လိုပဲ ဝီရိယထားပြီး စောင့်ကြည့်ပေမယ့် စံအိမ်ကြီးနှစ်လုံးစလုံးမှာ လူအဝင်အထွက် မျက်ခြည်ပြတ်သွားခဲ့သည်။

ထိုကိစ္စနှင့်ပတ်သက်၍ ...

"သူ့ကို ကျွန်တော်တို့က သူခိုးဖမ်းသလိုပြောလိုက်တော့ ပြန်ပြောတဲ့စကားတွေကလည်း မှုမမှန်ဘူး .. တကယ်တမ်းကျတော့ ..."

"အနာပေါ် တုတ်ကျသွားမှာပေါ့ကွ .. သူ့ရဲကောင်းရဲ့ဇနီး ဆိုပေမယ့် ဘယ်သူမှ မသိခဲ့တဲ့ ဇနီးတစ်ယောက်က စံအိမ်ကို အရှင်သခင်လိုသဘောထားရဲမလား ..၊ သူ့အတွက် ပိုင်ဆိုင်ခွင့်ဆိုတာလည်း ဘယ်သူက စီစဉ်ထားခဲ့မှာလဲ .."

သျှင့် မျက်နှာက တင်းနေတာလည်း မဟုတ် ..၊ နူးညံ့မှုလည်း မရှိပေ။ ဖုန်းခေါ်မလို့ လက်တင်ပြီးမှ ပြန်ချလိုက်ကာ ...





"ဘာအကြောင်း ထူးခဲ့သလဲ .."

"မမဦး အကြောင်း ဘာမှ မေးလို့မရဘူး .. စကားစလိုက်တာနဲ့ ရိုလိုက် လှောင်လိုက်တွေပြောပြီး စကားကို ဟိုရောက်ဒီရောက်တွေ လုပ်ပစ်တယ် ..၊ အပ်ချမတ်ချမေးတော့ လူတွေကို အရူးလိုလို အပေါ လိုလို .. ပြီးတော့ ဆရာ့ကို အရမ်းမုန်းတာတွေ .., သတ်ပစ်ချင်တာ တွေ .. ကလဲ့စားချေမယ်လို့ ကြိမ်းဝါးတာတွေများ ကျွန်တော် လည်ငင် ထညှစ်မိတော့မလို့ မနည်းထိန်းထားရတယ် .."

"ခြံကိစ္စ ပါသေးလား .."

"သူ့ရဲ့ အဓိကက ခြံကိစ္စပဲ ဆရာ .. ဆရာက မမဦး ကို စုံစမ်းဖို့ သူတို့ ထွက်လာအောင် လုပ်တာ ..၊ သူတို့ကတော့ ခြံကို ဆုံးရှုံးရမှာ တွက်ပြီး အရူးမီးဝိုင်း ဖြစ်နေခဲ့တာ .. ကျွန်တော်လည်း စိတ်တိုလွန်း ပြောချလိုက်တယ် ..၊ မင်းထက်မြတ်သော ကိုယ်တိုင် ခြေသလုံးဖက်ပြီး တောင်းပန်ရင်တော့ ဆရာက ဒါကို လက်လွှတ်ပေးရင် ပေးလိမ့်မယ် မဟုတ်ရင်တော့ မင်းတို့ ထောင်ကျမှာပဲလို့ .."

သျှင် မျက်မှောင်ကုတ်သွားသည်။ တီလုံး က ပြောနေရင်း ခေါ်သ ထွက်လာသည့်မျက်နှာနှင့် ...

"ဒီစကားကို ဟိုကောင်လေး ကြားရင်တော့ ဝုန်းဒိုင်းကြဲပြီ ရောက်လာမှာပဲ .. မမဦး သေတာ ရှင်တာကို ဒီကောင်လေး သိရမယ် သူကတော့ အမှန်အတိုင်း ပြောမှာပဲလို့ ထင်တယ် .."

"ဘာဖြစ်လို့ ထင်တာလဲ .."

"ဒီကောင်လေးက ဆရာနဲ့ တော်တော်တူတာ ဆရာ .. ကျွ တော်က သူ့နောက် တကောက်ကောက် လိုက်ကြည့်ဖူးတယ် ..၊ သ ဆရာ့ကို ရန်လာစသွားတဲ့နောက်ပိုင်းတုန်းက သူ့လှုပ်ရှားမှုတွေ .. သ ပတ်ဝန်းကျင်မှာ သူ နေထိုင် ဆက်ဆံပုံတွေက တကယ်ဆရာ့အတိုင် ပဲ ..၊ ဒီကြားထဲ ဘော်ဒီစထရပ်ချာနဲ့ ဖွေ့စ်တိုက်ပုံကလည်း .."



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ .."

"အံ့ဩလွန်းလို့ပါ .. သူ့ရဲ့ကောင်းသား ဆိုတော့ ဒီလောက်တောင် မှန်းရသလားလို့ပဲ တွေးစရာရှိတော့တာ .. နောက်ပြီး သူက ကြိမ်းဝါးနေသေးတယ် ..၊ ဆရာ အရှောင်ကောင်းလို့တဲ့ .. မဟုတ်ရင် သူက စိဋ္ဌမာအလို မိန်းမမျိုးပဲ ..၊ ဆရာ့ကို သိက္ခာကျ အရှက်ရအောင်လုပ်ပြီး ထောင်ချဖို့ ကြံစည်ခဲ့တာတဲ့ ..၊ သူ့သား ဘာမှလုပ်စရာမလိုဘဲ သူကိုယ်တိုင် ကလဲ့စားချေပြီးသား ဖြစ်အောင်လို့ တဲ့ .."

"ဟွန်း .."

သျှင် က ခပ်မဲ့မဲ့ရယ်ပြီး ဖုန်းတစ်လုံးကိုပါ အိတ်ထဲ ထည့်ထား လိုက်သည်။ ပြီးမှ ...

"ဒါဆို မင်းတို့ ခံခဲ့ရတာပေါ့ .."

"ဟုတ်တယ် .. ဆရာက သူတို့ကို ကန့်သတ်နယ် သတ်မှတ်ထား တော့ မျိုးသိပ် သည်းခံလာခဲ့ရတယ် ..၊ သူ ပြန်သွားတော့ ကောင်လေး တစ်ယောက်ကို နောက်ယောင်ခံ ထည့်လိုက်တာတောင် မျက်ခြည်ပြတ် သွားတာ လျှင်သလား မမေးနဲ့ .. တောင်ကြီးက ခြံကိစ္စ ဆရာ ထဖွပစ် လိုက်တာ မှန်တယ် ဆရာ ..၊ ဒီမိန်းမ တော်တော်သွေးပျက်နေတာ .. များများ ဟားတိုက်ရယ်တဲ့လူက ကြောက်လို့ပဲတဲ့ ..၊ ဒီမိန်းမ ရယ်ပဲ ရယ်နေတာ .."

"သူတို့ အသိုက်ပျက်ငှက်တွေလို ဖြစ်နေကြပြီ ..၊ ငါ သတင်း အတိအကျ ရထားတယ် .."

"ဟင်!... ဟုတ်လား ဆရာ .."

"ခြေရာဖျောက်တာ ကျွမ်းမယ်မယ့် ဆုံရပ်ဆိုတာ ရှိတယ် ..၊ သူတို့ မဆုံကြတာ ကြာပြီ .."

"ကြာကန်ခြံကြီးထဲမှာလား ဆရာ .. အဲဒီခြံကို သူတို့က တိတ် တဆိတ် အခြေပြုခဲ့ကြတာပဲ ..၊ တခြား ..."





"သူတို့အချင်းချင်း ဆုံရပ်လို့ သတ်မှတ်နိုင်တဲ့နေရာ .. ဥပမာ ယက္ခ ဆိုတဲ့လူကို သိနေတဲ့လူ .. သော ကို အနီးကပ် ပေါင်းနိုင်တဲ့ လူမျိုး .. ပြီးတော့ ဘဒ္ဒါ ကို ရင်းနှီးတဲ့မိန်းမ ..၊ သူတို့တွေက ငါတို့မသိခဲ့ တာတွေကို .. ငါတို့အတွက် တစ်ချိန်တည်းမှာ ဒီသုံးယောက်အကြောင်း သိဖို့ မလွယ်တာတွေကိုပေါ့ .. သူတို့က လွယ်လွယ်လေး သိနိုင်တယ်.. ငါ ကြိုးစား လိုက်ရတာက ဒီလူတွေကို ရှာဖွေ ဆွဲထုတ်ခဲ့ရတဲ့အတွက် ပဲ .."

"ကောင်းလိုက်တာ .."

တီလုံး အားပါးတရ ထောက်ခံမိသည်။ သူတို့က လူနောက်လိုက် နေကြတုန်း ဆရာက အရိပ်နောက်ကို လိုက်သည်။

ဒါကလည်း ဟိုအရင်အချိန်ကလို ကိုယ့်အတွက် နယ်ပယ်ကျယ် ပြန့်ထားမှ ဖြစ်မယ့်ကိစ္စ ..၊

"တစ်ခုတော့ တော်တော်စိတ်ရှုပ်ဖို့ ကောင်းတယ်ကွ .."

"ဘာလဲ ဆရာ .."

"သော ကလည်း ငါ့နောက် လိုက်နေတယ် .. သူကိုယ်တိုင် မဟုတ်ဘူး .."

"ဟော် ..."

"သူလည်း သူ့ပတ်ဝန်းကျင်မှာ လက်တံရှည်တဲ့လူပဲ .."

"အဲဒါကြောင့် ကျွန်တော် ပြောတာ .. ဆရာနဲ့ တူ ..."

ပြည့်သျှင် အကြည့်တစ်ချက်ကြောင့် တီလုံး တိခနဲ အသံတိတ် ၏။ ပြီးမှ ...

"တစ်ယောက်နဲ့တစ်ယောက် ခြေမြင်တာကို ပြောတာပါ .. သူ့ရဲ့ ကောင်း ရဲ့သားဆိုတော့ လျှော့တွက်လို့ မရဘူး .."

ဖြေရှင်းချက်ပေးရင်း သျှင် ကျောခိုင်းလျှောက်သွားသော် တဲတွေး မှိုင်ချမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့သမျှ အတိတ်ကပုံရိပ်တွေဟာ လက်တွေ့မဆန်သော စိတ္တဇဆန်ပုံရိပ်တွေနဲ့သာ တူခဲ့တာ မဟုတ်ဘူးလား ..။

ဒီ အတိတ်အကြောင်းတွေကို မမေ့နိုင် မပျောက်နိုင် ဖက်တွယ်ထားခဲ့တာ ဆရာပဲ ရှိသည်။ အမုန်းတွေကြောင့် တုံ့ပြန်မှုတွေ ဖြစ်ခဲ့ကြသည်။ အပြန်အလှန် တုံ့ပြန်မှုတိုင်းမှာ မှတ်ကျောက်မရှိ .. ဆုံရပ်မရှိ..။

ပန်းတိုင် ဘယ်မှာမှန်း မသိလိုက်ခင် ခရီးမဆုံးဘဲ တစ်ခန်းရပ်ခဲ့ကြ၏။ အသေအကျေ ပျက်စီးမှုတွေ သောက်သောက်လဲ ရှိခဲ့ပေမယ့် နံ့ရှုံးဆိုတာ မပါဝင်ခဲ့သလို ဘယ်လူကြီးရှေ့မှာမှ တရားဝင် ဆုံးဖြတ်စီရင်ခဲ့တာမျိုးလည်း မဟုတ် ..။

ဒီအဖြစ်တွေဟာ ခုကျမှ ဇာတ်ပို့ဇာတ်ရုံများစွာနှင့် အစကနေပြန်ပြီး ခရီးနှင်လာခဲ့သည်။ ဟိုအရင်ကအတိုင်း စည်းကမ်းကလနားမဲ့စွာ ဝုန်းဒိုင်းကြဲ၍ပဲ ဖြစ်၏။

ခုကျမှ ဆရာ့ဘက်က ရှုံးတင်စွဲဆိုမည့်အမှုတစ်ခုကို ဆွဲထုတ် ကြေညာခဲ့ခြင်းဟာ ...

"ငါ ထင်တယ် .. သော ဆိုတဲ့ချာတိတ် ဒါတွေ အကုန်လုံး သိမနေလောက်ဘူး .."

တီလုံး အတွေးစတွေ ပြတ်တောက်ကုန်ကာ ကိုယ်ကို မဘ်မတ်ပြင်လိုက်ရသည်။ သျှင် က သူ့ဘက်ကို လှည့်ရပ်လိုက်ပြီး ...

"ဒီအမှုကိစ္စ ပေါ်လာတဲ့အတွက် ဦးဆုံး ထွက်လာရမှာက သောပဲ ..၊ ဒါပေမယ့် ထွက်မလာဘူး .. ခုထိ သူတို့ ဘာမှမလှုပ်ရှားခဲ့တာ ဒါတွေကို ဒီချာတိတ် ဘာမှ ကြိုသိမထားဘူးဆိုတဲ့ သက်သေ .."

"ဆရာ အောင်ဘော် ကတော့ သော ကို ခေါ်ထုတ်ချင်နေတာ လက်ယားနေတဲ့ပုံပဲ ..၊ ဆရာ ဒီတိုင်းငြိမ်နေတာကို သူ ဆရာ့ကိုလည်း စိုးရိမ်နေတယ် .. ဒီကောင်လေးကိုလည်း မခံရပ်နိုင် ဖြစ်နေတယ် .."

"ငါကတော့ သူ့ကို ဘယ်ကိစ္စထဲမှ ဝင်မပါဖို့ တားချင်တာ ..၊





ငါ့ရန်ကြွေးက သူ့ရန်ကြွေး ဖြစ်နေမှာ စိုးတယ် ..၊ သော ခုလို ငြိမ်နေတာ မှန်တိုင်းမကျခင် လေငြိမ်နေတာမျိုးလည်း ဖြစ်နိုင်တာပဲ ..၊ ငါ သူ့ကို အထင်သေးလို့ ဂရုမစိုက်တာ မဟုတ်ဘူး.. ဦး ရဲ့သတင်းကြောင့် အားလုံးကို အမေ့တလျော့ ထားလိုက်တာလည်း မဟုတ်ဘူး .."

ပြောနေရင်း လူကို စိုက်ကြည့်တော့ တီလုံး မလုံမလဲ မျက်နှာလွှဲသည်။ ဆရာ့ကို စိုးရိမ်စိတ်နဲ့ သူတို့တွေ ဆရာ့ကွယ်ရာမှာ ဒီစကားတွေ ပြောခဲ့ကြဖူးသည်။ ဒါကို ဆရာတော့ မကြားတန်ရာ ...၊

"ငါ့ကိုယ်ငါ ယုံကြည်တာ .. သူ့ရဲ့ကောင်း ကို ငါ သတ်ခဲ့တာ မဟုတ်ဘူး .. ဦး က ငါသိပ်ချစ်တဲ့ မိန်းမ ..၊ မိဘကို သတ်တဲ့သူဆိုပြီး သော ငါ့ကို ပစ်မှတ်ထားတဲ့အတွက် ငါ့မှာ စိုးရိမ်စိတ် လုံးဝ မရှိတာ အမှန်ပဲ ..၊ ငါ့စိတ်ထဲမှာ အန္တရာယ်တစ်ခုလို မခံစားမိတဲ့အရာဟာ ငါ့ဆီကို အန္တရာယ်ပေးဖို့ ရောက်မလာနိုင်ဘူး .."

"ရှေ့က မားတွေနဲ့ လွဲချော်သွားတာက တမင်ချော်ပစ်ခဲ့တာတွေပဲ ဆရာ .. ကျွန်တော်တို့အထင်ကတော့ ကိုယ့်ဆီလာမယ့်လက်နက်ကို ယုံကြည်မှုနဲ့ ရင်ကော့ခံပေးတာ မိုက်မဲရာ ကျပါတယ် .."

"ငါ မိုက်မဲဖို့ပဲ ဆုံးဖြတ်ထားတယ် .."

"ဗျာ!..."

"ဦး ကို ရအောင်ရှာမယ် .. ဦး ရှိနေသေးတာ အမှန်ပဲလို့ ငါ ခံစားမိနေတယ် တီလုံး ..၊ ငါ့ရဲ့ခံစားချက်တွေကြောင့် ငါ နောင်တရခဲ့တယ်ဆိုတာ မရှိသေးဘူး ..၊ အဲ .. ဦး နဲ့ ငါ ကွေကွင်းခဲ့တဲ့အဖြစ်က ခြွင်းချက် .."

"ဟုတ်တော့ ဟုတ်ပါတယ် ဆရာ .. မမဦး နဲ့ သူ့ရဲ့ကောင်း ရဲ့ အဖြစ်ကလည်း ဆရာ ယုံကြည်မှု ဆုံးဖြတ်ချက်တွေနဲ့ ကျူးလွန်ခဲ့တာမှ မဟုတ်ဘဲ ..၊ နောက်ထပ်ပြီး မမဦး နဲ့ စည်းခြားရမယ့် အကြောင်းရာတွေ ထပ်မရှိတာလည်း ဆရာ့ဘက်က မမှားပါဘူး ..၊ မမဦး သဘင်း



www.burmeseclassic.com

www.burmeseclassic.com



မကြားခင်တည်းက သူ့တူဆိုတဲ့အသိနဲ့ ဆရာ့ရဲ့မသိစိတ်က အပြစ်မယူချင်တော့ဘူး ဖြစ်နေတာ ..”

“မှန်တယ် .. ခု သူရှိနေသေးတာ သိရတော့ ငါ သူ့ကိုသာ ပြန်ရမယ်ဆိုရင် ..”

အိတ်ထဲကဖုန်းသံကြောင့် ပြောလက်စ စကားက ရပ်သွားသည်။ သျှင် က ဖုန်းထုတ်ကိုင်ရင်း အပြင်ဘက်ကို ဆင်းထွက်သွား၏။

တီလုံး လည်း နေရာမှထကာ ဖုန်းထုတ်၍ တစ်နေရာကို ခေါ်ကာ ...

“ဘာ!...”

“... ... ... ...”

“ပြန်ဝင်နေတာ သေချာလား .. သားအမိ နှစ်ယောက်စလုံး ..”

“... ... ... ...”

“ဆက်ကြည့်ထား .. ငါ ခု ထွက်လာမယ် ..”

“တီလုံး ..”

“ဗျာ .. ဆရာ ..”

ခေါ်သံကြောင့် မော့မကြည့်ဖြစ်ခင် ထူးသံက အရင်ထွက်၏။ သျှင် ကလည်း ဖုန်းကိုင်လျက်ဖြစ်လျက် မျက်နှာချင်းဆိုင်မိတော့ တစ်ယောက်လက်ထဲကဖုန်းကို တစ်ယောက် ကြည့်လိုက်မိရင်း ...

“မင်းကို ဒေါပန်းမြတ်မာလာ ခြံဘက်က သတင်းပေးသလား..”

“ဟုတ်တယ် ဆရာ .. သော နဲ့ သူ့အမေ အထဲမှာရှိနေတယ် ..”

“သော .. သူ့အဒေါ် ပျောက်လို့ လိုက်ရှာနေတယ်တဲ့ ..”

“ဟင် .. ဗျာ!...”

တီလုံး တအံ့တသြကြီး ဖြစ်သွားသည်။

ပြီးတော့ စိတ်လှုပ်ရှားနေသည့် ပြည့်သျှင် ကို ကြည့်ရင်း ဝမ်းသာအားရ ဖြစ်သွားခဲ့ပြီး ...





“ဒါဆိုရင် ဆရာ့ခံစားချက်တွေကို ကျွန်တော် လေးစားသွားပြီ ဆရာ .. ခုပဲ ကျွန်တော်တို့ ပြောနေကြတုန်း နော် ..”

သျှင် က စိတ်လှုပ်ရှားနေသည့်မျက်ဝန်းတို့နှင့် ပြုံးသည်။ ပြီးတော့ မေးနှစ်ဖက်မှာ အံကြိတ်လိုက်တာ တင်းခနဲ ...၊

သူမ ရှိနေသေးတာ သေချာသွားပြီဆိုသည့် အသိစိတ်က အဆူပြင်မ်ကာစ ရေနွေးအိုးကို မီးပူပြန်ပေးလိုက်သလို ချက်ချင်း မြည်သံပေး၍ ပွက်ပွက်ဆူလာ၏။

သူမကို နောက်ထပ် ဆုံးရှုံးမခံနိုင် ...၊ သူမအတွက် အချစ်နဲ့ ငြိမ်းပြည့်စုံစေနိုင်သလို ...၊ စစ်ခင်းရမယ်ဆိုရင်လည်း တစ်နိုင်ငံလုံးနဲ့ တစ်ယောက် ဖြစ်ပါစေ ...၊

သော ...၊

မင်းကလည်း အဒေါ် ...၊ ငါကလည်း ငါ့အချစ်ရဆုံး မိန်းမပဲ ...၊

မင်းနဲ့ ငါ ရင်ဆိုင်တွေ့ကြတော့မယ် .. အဲဒါ သေချာတယ် ...၊

အချစ်နဲ့ဖြစ်ဖြစ် .. စစ်နဲ့ဖြစ်ဖြစ် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၅)

စိတ်ထဲမှာ နောက်ကို ရှုပ်ထွေးနေသည် ...၊

ရင်ဘတ်ထဲက ပူလောင်မှုတွေဟာ တစ်စုံတစ်ယောက်နဲ့ ရင်ဖွင့်ပြောလိုက်ရမှ ပြေပျောက်နိုင်မည်ဆိုလျှင် သူ ရင်ဖွင့်ရမှာ ဘယ်သူဖြစ်နိုင်မလဲ ...၊

မို့ ကို ဖျတ်ခနဲ သတိရကာ သူမရှိသည့်ရုံးထိ လိုက်သွားခဲ့သည်။ သူမ ပေးလာမယ့်အချိန်ကို စောင့်၍ သူ သည်းခံစောင့်နေခဲ့မိ၏။

"ရှင် ဘာဖြစ်နေတာလဲ သော .. ဒီနေ့ကျမှ ကျွန်မ အရမ်းအလုပ်ရှုပ်နေလို့ ဆောရီးပါ .."

"ရပါတယ် .. ဒါပေမယ့် အခု မင်းရဲ့အချိန်တွေကို ငါ့အတွက် ဖြုန်းပေးပါလား .."

"ဟင်!..."

"ငါ မင်းကို ပြောစရာတွေ ရှိတယ် .. ဘယ်တော့မှ မပြောဘူးလို့ ဆုံးဖြတ်ထားတာမျိုး မဟုတ်ပေမယ့် ဘယ်သူ့ကိုမှပြောဖို့ မရည်ရွယ်ခဲ့တဲ့ ငါ့အကြောင်းတွေကို အခု မင်းကို ပြောချင်လို့ .."





"အင်း .. ပြောလေ .. ကျွန်မလည်း စိတ်ဝင်စားပါတယ် .."

ကားသည် ကန်ပတ်လမ်းအတိုင်း မောင်းလာပြီးမှ မျှော်စင်ကျွန်းဘက်ကဝင်၍ အရိပ်ကောင်းသည့်နေရာလေးမှာ ရပ်သွားခဲ့၏။

"ဒီနေ့ လူရှင်းတယ် နော် .."

မို့ က ကန်စပ်က ခုံတန်းလေးတွေ လွတ်နေတာမြင်တော့ မှတ်ချက်ချသည်။

အတူတူ တွဲလျှောက်နေရင်း သော က လှည့်ကြည့်ကာ ...

"မကြာမကြာ ရောက်နေခဲ့ပုံပဲ .."

"ရောက်တယ် .."

မို့ မျက်ဝန်းတွေက ကြင်နာယုယနေကြသည့် စုံတွဲတစ်တွဲစီ ဆေွသွားပြီးမှ ...

"မေမေနဲ့ အဆင်မပြေဖြစ်ပြီးကာမှ အဆောင်မှာလည်း နေသားမကျတော့ ရုံးကိစ္စတွေ ပြီးတာနဲ့ တစ်ယောက်တည်း ဒီထဲ ရောက်ရောက်လာခဲ့တာ .."

မို့ က ခုံတန်းလေးရဲ့ဘေးမှာ ရပ်နေလိုက်ရင်း ရေပြင်ကို ငေးကာ ...

"ဒါပေမယ့် အရမ်းဇရတ်ကျတဲ့လူတွေနဲ့ ဆုံမိရင် အစအနောက်ခံရတယ် ...၊ ပြီးတော့ ဒါက အပန်းဖြေလို့ကောင်းတဲ့နေရာပေမယ့် ယဉ်ကျေးမှုလွန်ကဲတဲ့ တချို့ချစ်သူစုံတွဲတွေကြောင့် ဘယ်ကိုမှလည်း ရဲရဲ မကြည့်ဝံ့ဘူး ...၊ အဲဒီတော့ အပန်းဖြေ ထိုင်ငေးနေချင်ပေမယ့် မျက်စိလည်း မအေး .. နားလည်း မအေးနဲ့လေ .."

"နောက် မလာဖြစ်တော့ဘူးလား .."

"အင်း .."

"ကိုယ်တော့ တစ်ခါမှ မလာဖူးဘူး .."

"ဟုတ်မှာပေါ့ .. ရှင်က ကလပ်တွေပဲ သွားတတ်တာကိုး .."



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ဆုံပြီးမှ မသွားဖြစ်တော့ဘူး .. တမင်မသွားတာ မဟုတ်ပေမယ့် အကြောင်းတွေများပြီး သွားကို မသွားဖြစ်ခဲ့တာ ...၊ ဒါနဲ့ ဇွဲ ဆီက ဘာသတင်း ကြားသေးလဲ .."

"မနေ့က အွန်လိုင်းမှာ တွေ့ဖြစ်တယ် .. သူလည်း စိတ်ညစ်လို့ ထွက်သွားတာပဲ ...၊ သိပ်အဆင်မပြေသေးပါဘူး .."

တိုက်ဆိုင်စွာ သက်ပြင်းကိုယ်စီချမိရင်း ခဏတိတ်သွားခဲ့ကြ၏။ ပြီးမှ ...

"ရှင် ဘာပြောမလို့လဲ ...၊ ပြောလေ .."

သော က မြက်ပင်တချို့ကို ခြေဦးထိပ်နဲ့ တိုက်ဆော့နေရင်း ငြိမ်နေ၏။

ပြီးတော့မှ ရှေ့တိုလျှောက်သွားပြီး ခုံတန်းအစွန်းတစ်ဖက်မှာ ထိုင်လိုက်ကာ ...

"ထိုင်လေ .."

သိပ်တော့ မထိုင်ချင်ပေမယ့် သူက ရိုးရိုးသားသား ပြောနေတာမို့ အစွန်းမှာ ဝင်ထိုင်လိုက်မိသည်။ အပြာရောင်ဝတ်စုံလေးနှင့် ဆံပင်တွေကို နားတစ်ဖက်ထဲမှာ သိမ်းညှပ်ထားသည့် မို့ မျက်နှာလေးကို သော က ငဲ့ကြည့်နေ၏။

ဆံပင်တွေ ရှင်းနေသည့် ပါးပြင်လေးတစ်ဖက်သည် နားသယ်စပ်ဆံစလေးတွေ ရှိန်းရှိန်းမြမြ ဆင်းကျနေလျက် တစ်ဖက်စောင်းလေးဖြာဆင်းနေသည့်ဆံစတို့က ပါးရိုးလေးတစ်ဖက်ကို အုပ်ကွယ်သလို ရှိနေ၏။

ညိုညက်ညက် အသားဝင်းလေးဖြစ်သော မို့ မျက်နှာလေးသည် အနီးကပ်ကြည့်လေ နုမွတ်နေသည့် ပါးပြင်လေးတွေက ရင်ခုန်ဖွယ်ဖြစ်လေ ...။

"ကိုယ် စိတ်တွေအရမ်းရှုပ်လာတော့ မင်းကို သတိရတယ်...၊ မင်း





ကိုယ့်အနားမှာ ရှိစေချင်တယ် ...၊ ကိုယ် ပြောချင်တာတွေကို မင်းကိုပဲ ပြောချင်လာတယ် .. ပြီးတော့ .."

သူ ဆက်တိုက်ပြောနေပြီးမှ ပင့်သက်ရှိုက်ကာ ...

"မင်း အလုပ်လုပ်နေတဲ့အချိန်တွေကို ကိုယ်ပဲ အပိုင်လိုချင်လာတယ် ...၊ အဲဒီလို တစ်စုံတစ်ယောက်ကို အလိုရှိနေတဲ့ လစ်ဟာမှုမျိုး ကိုယ် ခံစားရတာ ဒါ ပထမဆုံးပဲ ထင်တယ် ...၊ တကယ် ခံရခက်တာ.."

မို့ မျက်နှာထားရခက်သလို ဖြစ်နေကာ ဆံပင်ကိုပဲ နားနောက်မှာ ခဏခဏ ဖိသိပ်ထည့်နေလိုက်မိရင်း ...

"ရှင် ပြောချင်နေတာ ဒီလိုစကားတွေ မဟုတ်လောက်ဘူးလို့ ကျွန်မ ထင်တာ .."

"ဟုတ်တယ် .. မဟုတ်ဘူး ...၊ ဒါပေမယ့် မင်းနဲ့တွေ့တာနဲ့ အဲဒီလို ပြောမိဖို့ပဲ ဖြစ်သွားတာ ...၊ ဘာဖြစ်လို့လဲ ပြောလို့ မရဘူးလား .."

"ရတယ်လေ .. ဒါပေမယ့် ရှင် ကျွန်မကိုကြည့်ပြီး ပြောနေတော့ ကျွန်မ ရှက်တယ် .."

သော က ပြုံးလိုက်ပြီး ကန်ရေပြင်ကို လှမ်းငေး၏။

"ကိုယ် ဘာလုပ်လုပ် စိတ်က ခိုင်းတဲ့အတိုင်းပဲ လုပ်တာ ...၊ အဲဒီအတွက် ဘာကိုမှ ဂရုမစိုက်ဘူး .. ဂရုမစိုက်တတ်တာကို ရိုင်းတာပဲလို့ သတ်မှတ်ရင်လည်း မတတ်နိုင်ဘူး .."

သူက ပြောနေရင်း မို့ ကို ဖျတ်ခနဲ ပြန်ကြည့်ကာ ...

"ဒါပေမယ့် မင်း နေရခက်နေတယ်ဆိုရင် မပြောတော့ဘူး ...၊ တခြားအကြောင်း ပြောရအောင် .."

"ပြောလေ .."

"မင်း တောင်ကြီးကို ဘယ်နှစ်ခေါက် သွားပြီးပြီလဲ .."

မေးလိုက်တာနှင့် အမှုကိစ္စကို သတိရကာ မို့ က စူးစမ်းသည့် မျက်ဝန်းလေးတွေနဲ့ ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခု ထပ်သွားဖို့ရှိနေတာက ဘယ်တော့လဲ .."

"နောက်အပတ်ထဲမှာပဲ သွားဖြစ်မယ် ထင်တယ် .. ဘာဖြစ်လို့လဲ .."

"မင်း အဲဒီအမှုကိစ္စတွေနဲ့ မငြိပါနဲ့.. အထူးသဖြင့် ဒီအမှုကို မင်း ကိုင်ထားတာ မဖြစ်စေချင်ဘူး .."

"ကျွန်မက .."

"ဘာမှမ မစရသေးတာ မင်း နောက်ပြန်ဆုတ်လို့ ရတယ် မို့.."

ဦးပြည့်သျှင် ပြောတာတွေကို သတိရကာ ဒီအမှု တကယ်ဖြစ်လာမလာ မသေချာရတဲ့အကြောင်းတွေ ရှိနေတယ်ဆိုတာကိုလည်း သူ့ကို ပြောချင်မိသည်။

ဒါပေမယ့် ဒါကို ဒီတိုင်း ရှိနေပါစေလို့ ကတိတောင်းခဲ့တာကို မေ့လို့ မဖြစ် ...၊

"ဒီအမှုက မင်းထင်တာထက် ရှုပ်ထွေးတယ် ...၊ ငါတို့ချင်း ရင်ဆိုင်ဖို့ ရှိနေကြတဲ့ အကြောင်းရင်းတွေက အားလုံး ထင်ထားကြတာထက် ကျယ်ပြန့်တယ် ...၊ ခုဆိုရင် .."

သူ့စကားသံ တိတ်ကျသွားသည်။ ခြေချင်းချိတ်ထားသည့် ခြေထောက်တစ်ဖက်ကို ဖြုတ်၍ ခပ်ချချပြင်ပြီး တံတောင်နှစ်ဖက် တင်၏။

ပြီးတော့ လက်ဖဝါးနှစ်ဖက်သည် မျက်နှာကိုပွတ်၍ ဆံပင်တွေထဲထိ ရောက်သွားခဲ့ရင်း ...

"ငါ ဘာကိုမှ မတွေးမိရင် ကောင်းမယ် ...၊ ဘာမှ မမြင်ခဲ့ မသိခဲ့ဘဲ အမှန်တရား ဘာဖြစ်နိုင်မလဲဆိုတာကို မတွေးမိဘဲနဲ့ .."

"ဘာတွေ ဖြစ်လို့လဲ သော .. ပြောမယ်ဆိုရင်လည်း ကျွန်မကို အားလုံးပြောပြပြီး တိုင်ပင်လို့ ရပါတယ် .."

သော ကိုယ်ကို မတ်မတ်ပြင်လိုက်ပြီး ကျောမှီမှာ လက်ဆန့်တင်လိုက်တော့ မို့ ရဲ့ကျောနောက်မှာ သူ့လက် ရောက်လာသည်။





ထို့ပြင် သူက မို့ မျက်နှာလေးကို ငေးစိုက်ကြည့်ကာ ...

"ငါ့အမေကိုယ်တိုင်က မရိုးသားတဲ့သူ ဖြစ်နေခဲ့ရင် ငါ အားသွန်ခွန်စိုက် ကြိုးပမ်းလာခဲ့တဲ့ ငါကိုယ်တိုင် ဆေးရောင်ခြယ်မယ့် အနာဂတ် ဘယ်လိုဖြစ်မလဲ .."

"ရှင် ပြောတာ ကျွန်မ နားမလည်ဘူး .."

သူက တင်းခနဲ အံကြိတ်ပြီး ရှေ့ကို ငေးနေသည်။ ပြီးတော့မှ ...

"မင်းလည်း ဦးသန်းမြတ်ဖော် ရဲ့သမီးပဲ .. ငါတို့ရဲ့အတိတ်တွေမှာ တစ်ခေါက်ဖြစ်ဖြစ် လျှောက်ဖူးမှာပါ .."

"ဟုတ်တယ် .. ကျွန်မက ဒီအမှုကိုကိုင်ဖို့ ဆုံးဖြတ်ခဲ့တာ အဲဒီ အတိတ်ကို စိတ်ဝင်စားတာက အဓိကပါ ...၊ သိသင့်သလောက်တော့ သိထားပါတယ် .."

မို့ က သူ့မျက်နှာကို စိုက်ကြည့်ရင်း ...

"ရှင် ပြောရခက်နေရင် အနီးစပ်ဆုံး ကျွန်မ သိခဲ့တာကို အရင်ပြောရမလား .."

သော လှည့်ကြည့်တာကို မို့ က စောင့်နေပြီးမှ ...

"ဒေါ်ဘဒ္ဒါနွယ် ကျွန်မဆီကို ရောက်လာသေးတယ် .."

"ဟင်!..."

သူ အံ့သြသွားတော့ မို့ က မျက်နှာလွှဲကာ ...

"စိတ်တော့မရှိနဲ့ သော .. သူနဲ့ ကျွန်မ အဆင်ပြေပြေ မပြောဖြစ်ခဲ့ဘူး .."

ဘာသွားလုပ်တာလဲလို့ သော မမေးတော့ပါ ...၊ ငိုနေသည့် မေမေ့ မျက်ရည်တွေကို မြင်ယောင်လာခဲ့သည်။

ပြီးတော့ မေမေ ဘာတွေရင်ဆိုင်ခဲ့ရသလဲဆိုတာ ဆက်တွေးပါလာခဲ့၏။

ပြီးတော့ ပြည့်သျှင် ...၊



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို အဆောင်ပြန်ပို့ပြီး ငါ ချက်ချင်းထွက်သွားခဲ့တဲ့နေ့က မေမေ့ကို ဟိုလူကြီးရဲ့တပည့်တွေက ဖမ်းချုပ်မလိုလို .. ပြန်ပေးဆွဲသလိုလို လုပ်ခဲ့ကြတယ် .."

"ဦးပြည့်သျှင် ရဲ့လူတွေ ဟုတ်လား .."

"ဟုတ်တယ် ...၊ ပြီးတော့ ..."

သော မျက်နှာ ရဲသလိုလို .. ဖျော့ကျသွားသလိုလိုနှင့် သူမပဲ မျက်စိမှားသွားသလား ထင်ရအောင် ခဏအတွင်းမှာ တရှုပ်ရှုပ် ပြောင်းလဲသွားခဲ့၏။

ထို့ပြင် ငုံ့လိုက် အောက်နှုတ်ခမ်းကိုဖိလိုက်နှင့် ခပ်လွဲလွဲကနေ ဒီဘက်ကို ပြန်မလှည့်တော့ဘဲ ...

"ဒီလူ စော်ကားလိုက်တယ် တဲ့ .."

"ဟင်!..."

မို့ မျက်နှာလေး ဒီတစ်ခါ နီရဲသွားသည်။ နှုတ်ခမ်းမှာ လက်ခုံလေး ယောင်ရမ်းကပ်မိပြီးမှ ပြန်ခွာ၍ ရုတ်တရက် ဘာမှလည်း မပြောနိုင်ဘဲ ပြီးမှ ...

"ဦး .. ဦးပြည့်သျှင် က ဟုတ်လား .."

သော က မျက်နှာလွှဲနေသည်။

"ရှင် လိုက်သွားတော့ ဦးပြည့်သျှင် နဲ့ သူ့လူတွေကို တွေ့ခဲ့ရသေးလား ဟင် .."

"မတွေ့ဘူး .."

"ဒါဆို ..."

"မေမေ ညာခဲ့တာ .."

တုန်ခါသွားသည့် သော ရဲ့အသံကြောင့် မို စိတ်မကောင်းဖြစ်သွားမိသည်။ ဒီလိုကိစ္စမျိုးကို ဖွင့်ပြောနေရသည့် သားတစ်ယောက် ရင်ထဲကို ပြေးဝင်မကြည့်ပေမယ့် နားလည်နေခဲ့၏။





ကိုယ့်ကို ဒီစကားတွေထိ ဖွင့်ပြောခဲ့သော သူ့ရင်ထဲက ရင်းနှီးယုံကြည်မှုကို သိလိုက်ရ၍လည်း ကိုယ့်ဘက်က ဘယ်လို ကူညီနိုင်မလဲ ဆိုတာကို အပြေးအလွှား စဉ်းစားမိသည်။

"ဒီလူကြီးကို ငါ့မျက်စိအောက်မှာ တစ်ချိန်လုံး မြင်နေခဲ့တာ .."

"ဟုတ်ပါတယ် .. အဲဒါကို ခဏထားလိုက်ပါဦး ...၊ ဒါပေမယ့် ဒေါ်ဘဒ္ဒါ မှာ တခြားအကြောင်းရင်းတစ်ခုခု ရှုပ်ထွေးနေတာရှိလို့ ဒါကို အလွယ်ပြောလိုက်တာ ဆိုရင် .."

"ဒါ အလွယ်ပြောသင့်တဲ့ ကိစ္စလား .. မင်းဆိုရင်ရော ပြောမလား .."

မို့ မျက်နှာလေး ရဲခနဲ နီမြန်းသွားသည်။

"ငါ နားမလည်ချင်ဘူး .. ဒါကို သိလည်း မသိချင်ဘူး .. ဒါပေမယ့် သိနေတယ် .."

သူ ဆံပင်တွေ ထိုးဖွလိုက် ပြန်ဖိလိုက်နှင့် နေရခက်နေတာကို ကိုယ်ချင်းစာမိသည်။

ဒေါ်ဘဒ္ဒါ ၏ နုငယ်လှပသည့်ပုံစံကို ပြန်မြင်မိကာ ဒီအဖြစ်တွေနဲ့ ဆက်စပ်တွေးမိရင်း မရိုးသားသူဟာ ဘဒ္ဒါ ပဲဆိုတာ မို့၌ ဝိပြင်လာခဲ့သည်။

ဒါဆို သူမက ဘယ်လိုစိတ်ကူးနဲ့ ဒီစကားမျိုး ပြောထွက်ခဲ့တာလဲ ...။

"သူတို့က ဘာတွေ ဆွေးနွေးခဲ့ကြတယ်လို့ ရှင့်ကို ပြောလို့လဲ.. ဟို ..အဲဒီကိစ္စကို ဖယ်ပြီးတော့လေ .."

"ထားလိုက်တော့ .."

သော က ကျောမှီမှာ လျှောရဲရဲ မှီချလိုက်ပြီး မျက်လုံးတွေကို မှိတ်ထားလိုက်သည်။ မော့ထားသည့်မျက်နှာက မိုးခေါင်းကင်ကို မမြင်ဘဲ မေမေ့မျက်နှာကိုပဲ မြင်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ထိုနေ့က အေးဆေးသွားလာနေခဲ့သော ဦးပြည့်သျှင် ရဲ့ ပုံစံ ...။

တစ်ချိန်တည်းမှာ လူတစ်ယောက်က နှစ်ကိုယ်ခွဲလို့ မရနိုင်ပေ...။

ပထမ ပြောခဲ့သလို သျှင် ရဲ့တပည့်တွေနဲ့ ပြဿနာဖြစ်ခဲ့ရသည် ဆိုတာမှာ မေမေ့စကား အဆုံးသတ်ခဲ့ရင် အကောင်းသား ...။ ဒီလူ ဆော်ကားလိုက်ပါသည့်ဆိုသည့်စကား ဘာဖြစ်လို့ ပြောခဲ့သလဲ ...။

ခုတော့ အနှစ်နှစ်အလလတည်းက မေမေ့အတွက် ခံပြင်းနာကျင်ခဲ့သော ကလဲ့စားချေလိုသည့် ဒေါသ အတ္တတွေဟာ ...။

"မင်း ဘာမှမကြားခဲ့ဘူးလို့ ထားလိုက်ပါ ..."

သော ရဲ့အသံတွေ အက်ရှနေခဲ့သည်။ ရင်ထဲမှာတော့ ဘာတွေ ထိရှ ပျောက်ဆုံးကုန်ပြီလဲဆိုတာ မသိ ...။

ချစ်ခင်လေးစားခြင်းဆိုသည့် အဓိပ္ပာယ်က ဘာလဲ ...။





## အခန်း (၅၆)

"ဒါလေး ကြိုက်လား ..."

"ဟင့်အင်း ..."

"လှတယ် ... သိပ်လည်း ဈေးမကြီးပါဘူး ... ယူပါ ..."

မို က ဒေါ်ဒေါ်ဦး လက်ထဲကို ခေါင်းစည်းကွင်းလေး ထည့်ပေး လိုက်သည်။ သူမက ကျောက်ပွင့်လေးတွေကပ်ထားသည့် ခေါင်းစည်း ကွင်းကို သေချာကိုင်ကြည့်နေ၏။

ဂမုန်းပွင့်ရှော့ပင်းမောလ်မှာ လူတွေစည်ကားနေသည်။ ဘယ်ခေါ် ခေါ် လိုက်သည့် ဒေါ်ဒေါ်ဦး ကို ဒီနေ့ တမင် ခေါ်ထုတ်ခဲ့တာဖြစ်၏။

စိတ်ဝေဒနာရှင်မို့ စိုးရိမ်စိတ်ရှိခဲ့ပေမယ့် တကယ်တမ်းကျတော့ ဒေါ်ဒေါ်ဦး က သူမအတွက် အဖော်ကောင်း ရပါသေးသည်။

စိတ်မထင်တိုင်း စကားတွေပြော ထင်ရာလုပ်တတ်တဲ့ ဝေဒနာရှင် မျိုးလည်း မဟုတ် ...။ ထားရင် ထားသလို နေသည်။ စားပါဆိုမှ စား၏။

ပြီးတော့ ထမင်းစားတာက အစ သေသပ်သိမ်မွေ့မှု ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကို သေချာကြည့်ရင် မျက်လုံးနဲ့ မျက်တောင်တွေ အရမ်းလှပါလားလို့ တွေးမိခဲ့သည်။

လက်ခုံနဲ့လက်ဖျံ တချို့နေရာတွေမှာ ရှို့တွတွ အပူလောင်ဒဏ်ရာတွေရှိပေမယ့် မျက်နှာနှင့် တခြားနေရာတွေမှာ အသားစိုင်တို့က အံ့သြလောက်အောင် ဝင်းစို နူးမွှတ်နေလေသည်။

သူမကို မို သဘောကျခဲ့မိသည်။ အဖော်မဲ့နေသည့် သူမအတွက် မိန်းမဖော်တစ်ယောက် တိုးလာတာမို့လည်း ဒေါ်ဒေါ်ဦး ရောက်လာတာကို ပြန့်ခွဲထုတ်ဖို့ မစဉ်းစားတော့ခြင်း ဖြစ်သည်။

အဆောင်မှာနေခွင့်ရဖို့တောင်မှ အဆောင်မှူးကို ပြောပြထားပြီးပြီ ဖြစ်၏။

ဒီနေ့ ဒေါ်ဒေါ်ဦး ဆံပင်တွေ သေချာ ဖြီးပေးကာ သူမ ဝတ်စုံတွေထဲက လက်ရှည်နဲ့ တစ်စုံကို ဆင်ပေးခဲ့၏။

ဆင်စွယ်ရောင်ပေါ်မှာ ရှားရင့်နဲ့အနီလေးထောင့်ကွက် ဒူးနားလေးတွေပါသော မြန်မာဝတ်စုံ မရိုင်းမယဉ်လေးနှင့် ဒေါ်ဒေါ်ဦး ပုံစံလေးကို မို သဘောတွေကျနေမိ၏။

"ဘာဖြစ်လို့လဲဟင် ဒေါ်ဒေါ်ဦး .."

"ပြန်မယ် .."

"ပြန်မယ် .."

"ငါ့ကို ပြန်ပို့ပေးပါ ..၊ ငါ ကြောက်တယ် .."

နေရာတိုင်းမှာ လူတွေ ရှုပ်ယှက်ခတ်နေတာကို လှမ်းကြည့်ရင်း ဒေါ်ဒေါ်ဦး ကတုန်ကယင်လေး ဖြစ်လာ၏။

မို လည်း စိုးရိမ်သွားကာ ဟိုဒီလိုက်ကြည့်ရင်း ဝယ်ထားတာလေးတွေကို ကက်ရှာမှာ ပိုက်ဆံ သွားရှင်းလိုက်သည်။

ဒါပေမယ့် ဒေါ်ဒေါ်ဦး လက်ကိုပဲ မလွှတ်တမ်း ဆွဲထားမိကာ...

"ဘာမှမဖြစ်ပါဘူး မကြောက်နဲ့ .. ခုပဲ အိမ်ပြန်မယ်လေ .. နော်.."





အလုပ်ရှုပ်နေတုန်း ဖုန်းဝင်လာတော့ သော ရဲ့ဖုန်း ဖြစ်နေသည်။

"ဟလို .."

"မို မင်း ဘယ်မှာလဲ .. ကိုယ် ရောက်နေပြီ .."

သော ဖုန်းပြောနေတာကို ကားပေါ်က မဆင်းသေးဘဲ ပြည့်သျှင် စိုက်ကြည့်၏။

သော ကားနားက ထွက်သွားမှ သူ ဆင်းလိုက်ခဲ့သည်။

သော ဘယ်မှာမှန်း မသိပေမယ့် ထွက်လာခဲ့တာနှင့် သော နဲ့ကားကို သူ တန်းတွေ့ခဲ့သည်။

ရှေ့ကသွားနေသမျှ တောက်လျှောက်လိုက်နေခဲ့တာ ဒီနေရာထိ တစ်နာရီကျော် ကြာ၏။

လိုအပ်နေတာက ပြောဆို မေးမြန်းကြဖို့ပါ ..၊ ပြောမကောင်း ဆိုမကောင်းတာတွေ ထိရှပေါက်ကွဲကုန်မယ်ဆိုရင်လည်း ဒါက နောက်ဆက်တွဲကိစ္စ၊

ထို့ကြောင့် သူ အပင်ပန်းခံနေခဲ့တာ ဖြစ်သည်။ အရင်လို စိတ်နဲ့သာဆိုလျှင် ဒါမှမဟုတ် ဦးဆောက်ပန်း က သော ရဲ့အဒေါ်ရင်းတစ်ယောက်သာ မဟုတ်ခဲ့လျှင် ဖုန်းလှမ်းဆက်ပြီး ချလင့်နဲ့လုပ်လိုက်ရုံ ..၊

သော ပါလား ..၊

စက်လှေကားထိပ်ကို ရောက်လာကာမှ သော ကို ဘဒ္ဒါ မြင်သွားသည်။ မြင်လိုက်တာနှင့် ထောင်းခနဲ စိတ်က တို၏။

ကိုယ်ကတော့ ဒီကောင်လေး မအေကို ထိလို့ ဒေါသတကြီး ထွက်သွားပြီး ပြည့်သျှင် ကို ကမ္ဘာပတ်ရှာနေပြီလို့ ထင်ခဲ့သည်။

ထို့ကြောင့် ဘာသံကြားရမလဲလို့ နားစွင့်ရင်း ကိုယ်လုပ်စရာရှိတာတွေကို အပြီးသတ်လုပ်ခဲ့ဖို့ လူပ်ရှားနေခဲ့တာ ..၊

သူမအတွက်က ယက္ခ ကို ပြန်မတွေ့ရမချင်း အန္တရာယ်ရှိနေတာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ချက်တွေ ပျောက်ရှပျက်စီးမသွားရေးအတွက် ပြည့်သျှင် ကို သော အမြန်ဆုံး သတ်ပစ်ဖို့သာ ...၊

"ဟင်!..."

နောက်ထပ်မြင်ကွင်းထဲကို ဝင်လာသူတစ်ယောက်အား မြင်လိုက်သည်နှင့် ဘဒ္ဒါ ကိုယ့်ကိုယ်ကိုယ် လန့်ဖျပ် ပုန်းကွယ်မိတော့မလို ကတုန်ကယင်ဖြစ်သွား၏။

ပြည့်သျှင် ...၊

သော နဲ့ ပြည့်သျှင် ဘာလို့ ဒီထဲမှာ အတူတူဖြစ်နေတာလဲ ...၊

သော က ပြည့်သျှင် ကို ရှာနေတာလား ...၊ ပြည့်သျှင် က သော နောက်ကို လိုက်နေတာလား ...။

သူမကတော့ ဒီနှစ်ယောက် သူတို့ဇာတ်ကို သူတို့သိမ်းကြမှာပဲ ဆိုပြီး ဦးဆောက်ပန်း ကို လိုက်ရှာဖို့သာ အရုံစိုက်နေခဲ့တာ ဖြစ်သည်။

ဆေးရုံဆေးခန်းနဲ့ ရဲစခန်းတွေမှာ မသိမသာ တစ်မျိုး ...၊ သိသိသာသာတစ်မျိုး စုံစမ်းနေခဲ့တာ ဘယ်သူမှ မသိ ...။

ဦးဆောက်ပန်း သေသွားပြီ ဆိုသည့်သတင်းကို ကြားချင်သည်။ မသေသေးရင်လည်း ဒီတစ်ခါ သတ်ပစ်ဖို့ ဆုံးဖြတ်ပြီးသား ...၊

ခုတော့ ...၊

ဘဒ္ဒါ ဒေါကြောင် ရပ်နေမိ၏။

ပြည့်သျှင် သည် မီးခိုးရောင် ရှပ်အင်္ကျီနှင့် ကုတ်အင်္ကျီအနက်၊ ဘောင်းဘီရှည်အနက်နှင့်ဖြစ်ကာ သော နောက်ကို လိုက်နေတာလား...၊ သူ့ကိစ္စနဲ့သူ ဝင်လာတာလားဆိုတာ အကဲခတ်လို့မရအောင် ပုံမှန် ခြေလှမ်းတွေနဲ့ ဖြစ်၏။

သော ဘယ်ရောက်သွားပြီလဲ ...၊

ဘာမှန်းမသိပေမယ့် ချွေးပြန်ချင်မိသည်။

ဟိုတစ်ခါလည်း ဦးဆောက်ပန်း ရယ် ... သော နဲ့ ပြည့်သျှင်





ရယ်... သူမရယ် ... တစ်ယောက်ကိုတစ်ယောက် မသိကြဘဲ အတူတူ ဆုံမိခဲ့ကြတာ နီးနီးကပ်ကပ်လေးရယ် ...၊

မသိနိုင်သော ကံကြမ္မာသည် ဘယ်သူ့ကိုမှ ကြိုတင်ချိန်းဆိုခဲ့တာ မဟုတ်ဘဲ တစ်နေရာတည်း တစ်ချိန်တည်းမှာ အတိအကျ တွေ့ဆုံသော ပဋ္ဌလက်တို့ဖြင့် ...

"ဟိုမှာ ... ဟိုမှာ ... သူ့ကို ငါ မြင်တယ် ..."

"ဘယ်သူလဲ ဒေါ်ဒေါ်ဦး ... မို့ ကို ပြလေ ... ကြောက်စရာ မလိုဘူး ...၊ မို့ ဖြေရှင်းပေးပါ့မယ် ..."

"ဟင့်အင်း ... ဟင့်အင်း ..."

ဒေါ်ဒေါ်ဦး ကို လွတ်ထွက်မသွားအောင် ဆွဲထားနေရရင်း လက်ထဲကဖုန်းတောင် လွတ်ကျတော့မလို ဖြစ်သွားသည်။

ဘယ်သူ့ကို ဒီလောက် ကြောက်နေရတာလဲ ...၊ ဘယ်သူ ဖြစ်နိုင်မှာလဲ ...၊

စိတ်က ပတ်ဝန်းကျင်ကို ရောက်သွားပေမယ့် တကယ်တမ်းကျတော့ ဒေါ်ဒေါ်ဦး ကို ချော့မော့တားဆီးရင်း ဘယ်ကိုမှလည်း မကြည့်နိုင်ပါ။

ထိုစဉ် သော ကို မြင်လိုက်တော့ အားတက်သွားမိကာ ...

"သော ... လာပါ မြန်မြန် ... ဒီမှာ ဝိုင်းကူပါဦး ..."

သော ဆိုသည့်အသံ ကြားတာနှင့် ဒေါ်ဒေါ်ဦး တို့ခနဲ လှုပ်ရှားမှုတွေ ရပ်တန့်သွားသည်။ ပြီးတော့ အတင်း ဆောင့်ခါရုန်း၏။

"မလိုက်ဘူး ... ငါ့ကို ပြန်မထည့်ပါနဲ့ ... ငါ့ကို သတ်တော့မှာ..."

"ဟင်!... နေဦး ..."

လူတွေလည်း ဝိုင်းကြည့်ကုန်ပြီ ဖြစ်သည်။

ဒေါ်ဒေါ်ဦး က မို့ လက်က လွတ်တာနှင့် အတင်း ထွက်ပြေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သော ကို လှည့်ပြောလိုက် ခေါ်ခေါ်ဦး ကို ဆွဲမမိလိုက်နှင့် မို ဘာလုပ်ရမှန်း မသိ ..။

"ဘာဖြစ်လို့လဲ ..၊ ခုနက ထွက်ပြေးသွားတာ ဘယ်သူလဲ .."

"မို့ ဆီမှာ နေတဲ့ ညည့်သည်ပါ ..၊ စိတ်ဝေဒနာရှင်ပါ သော ရယ်.. လိုက်ပါဦး .. ပြန်ခေါ်ပေးပါဦး ..၊ သူ ဘယ်မှသွားစရာ မရှိဘူး .. သနားပါတယ်"

"မင်းနဲ့ ဘာတော်လို့လဲ မို .. စိတ်ဝေဒနာရှင်ကို ဒီလိုနေရာ ခေါ်လာရလား .."

ချစ်သူဆီ ရောက်လာပြီး ပြောဆိုတိုင်ပင်ဖို့တွေက စိတ်အနှောင့်အယှက်တွေ ကြုံလာရသဖြင့် သော မျက်မှောင်ကုတ်နှင့် ရေရွတ်သည်။

ပြီးတော့ သူ မြင်လိုက်သည့် ထွက်ပြေးသွားသော အမျိုးသမီး နောက်ကို လိုက်ရတော့သည်။

မို ဒုက္ခရောက်နေတာကို မကူညီချင်တာ မဟုတ်ပါ ..။ ကိုယ်နဲ့ မသက်ဆိုင်ဘူးထင်သည့် သူများကိစ္စတွေကို ဝင်ကို မပါချင်တာ ဖြစ်သည်။

ဦးဆောက်ပန်း ကတော့ 'သော'ဆိုသည့်နာမည် ကြားလိုက်တာနှင့် ကိုယ်နဲ့ အရမ်းရင်းနှီးနေတာကို သိလိုက်တာ ..၊ ခေါင်းထဲမှာ ဖြူတာမည်းတာ ကွဲပြားမလာခင်မှာပဲ ခြေဦးတည့်ရာကို ပြေးတော့သည်။

သို့သော် ...

"အား!..."

"ရပ်စမ်း .. ကောင်မ .."

တစ်စုံတစ်ယောက်နှင့် ရင်ဘတ်ချင်း အင့်ခနဲ ပစ်တိုက်မိ၏။

အနီးကပ် ကြိတ်၍ ကြိမ်းဝါးလိုက်သည့် စကားသံကြောင့် ကြည့်လိုက်မိလျှင် ဘဒ္ဒါ ရဲ့ နှုတ်ခမ်းနီရဲရဲနှင့် မျက်နှာကို မြင်လိုက်ရကာ ...

"နင်!... နင် .. ဟင့်အင်း .."





မြန်လှည့်ပြေးပေမယ့် ဘဒ္ဒါ က လက်ကို ဖျတ်ခနဲ ဆွဲချုပ်လိုက်၏။ ပြီးတော့ အထည်တွေ ထပ်ညပ်နေသော ချိတ်စင်တွေကြားထဲ အလျင်စလို ဆုတ်ပစ်လိုက်သည်။

ထိုအချိန်မှာ သူမ အတင်းချုပ်ကိုင်ထားရသည့် ဦးဆောက်ပန်း ရဲ့ ကိုယ်လုံးက တအိအိ ခွေကျသွားခဲ့သည်။

ဘဒ္ဒါ ထိတ်လန့်သွားပေမယ့် ဘေးမှာ အရောင်းဝန်ထမ်း မိန်းကလေးတချို့က ကြည့်နေကြပေမယ့် ...

"ညီမပါ .. သူက စိတ်ဝေဒနာသည် .."

အခြေအနေကို ထိန်းသိမ်းလိုက်ရတာ သိပ်တော့ မခဲယဉ်းပေ ..။

တကယ် ခဲယဉ်းသွားတာက သော ဖြစ်၏။ အကောင်းစားဘရန်းတွေချည်းရောင်းသည့်ဆိုင်ဘက် သူ ရောက်လာတာနှင့် ရှေ့မှာ မထင်မှတ်ဘဲ ပေါ်လာသူတစ်ယောက်ကြောင့် ခြေလှမ်းတုံ့သွားခဲ့သည်။

ထို့ပြင် သော ရဲ့မျက်လုံးတွေ ရှုံးရှုံကျဉ်းမြောင်းသွားကာ ရန်စမီးလျှံတို့ တညီးညီး လွန့်တက်လာ၏။

ပြည့်သျှင် ကတော့ တည်ငြိမ်နေသည့် မျက်လုံးတို့ဖြင့် ရှေ့ကို အနည်းငယ် တိုးလာပြီး ...

"မင်းနဲ့ စကားပြောချင်တယ် .."

"ခင်ဗျားနဲ့ မျက်နှာချင်းဆိုင် ထိုင်ပြောလောက်စရာ ဘာမှ မရှိဘူး .."

"ဒါဆို အခု ရပ်နေကြတာဆိုတော့ ပြောလို့ရမလား .."

သော က အံကြိတ်ပြီး နှာခေါင်းတွေ တွန့်သွားတဲ့အထိ မဲ့ပစ်သည်။

"ကျုပ်က ခင်ဗျားကြီးကို လက်စတုံးပေးမယ့်သူ .. စကားပြောစရာ ဘာအကြောင်းမှ မရှိဘူး ..၊ သတ်ကွင်းဖြစ်လို့ရမယ့် တစ်နေရာရာမှာ တွေ့မယ် .. အဆင်ပြေတဲ့ဘက်က ချိန်းရုံပဲ .."



www.burmeseclassic.com

www.burmeseclassic.com



သော ခြေလှမ်းရွှေ့လိုက်သည်။ ထိုအခါ သော ရဲ့နောက်ကို ရောက်လာခဲ့သည့် မို့ မျက်နှာလေးက မျက်လုံးအဝိုင်းသားနဲ့ဖြစ်ကာ...

"ဦး .. ပြည့် .. သျှင် ..."

မျက်နှာချင်းဆိုင်ဖြစ်သွားသည့် ပြည့်သျှင် ၏မျက်နှာကို တအံ့တသြကြည့်ရင်း နာမည်ကို တိုးတိတ်စွာ ရေရွတ်၏။ ပြီးတော့ ထွက်သွားပြီဖြစ်သည့် သော ရဲ့ကျောပြင်ကို လှမ်းကြည့်မိကာ ...

"ချိန်းထားကြတာလား ဟင် .."

ပြည့်သျှင် က ခေါင်း အရင်ခါပြီးမှ ...

"မဟုတ်ဘူး .."

တိုတိုတုတ်တုတ်ဖြေပြီး နေရာမှ ထွက်ခွာသွား၏။

ဒီလိုလူနှစ်ယောက် ဒီမှာဆုံစည်းကြပြီး အေးစက်ထုံခဲနေသည့် အခြေအနေတစ်ရပ်ဖြင့် ရှောင်ဖယ် ထွက်ခွာသွားခြင်းက သူမအတွက် အလွန်အမင်း ထူးဆန်းနေခဲ့လျက် ...၊

"တိုက်ဆိုင်တာလား .."

နောက်ထပ် ရေရွတ်၍ အံ့သြရင်း မပြီးနိုင် ...၊





## အခန်း (၅၇)

"တောက်!..."

"ဒုန်း .."

ထွက်နေသည့်ဒေါသက တက်ခေါက်ရုံအပြင် ကားအမိုးကို လက်သီးဆုပ်နဲ့ ထုချေပစ်လိုက်တာတောင် မပြေချင် ...၊ ဒီလူကြီးက ကိုယ်တိုင်ကိုယ်ကျ ရှေ့ကိုလာပြီး ဘာလုပ်တာလဲ ...၊

တကယ်ဆို ကိုယ်ကသာ စိန်ခေါ်ထုတ်ရမှာဖြစ်ကာ ခုလိုမျိုး ထိပ်တိုက်တွေ့နေကာမှ ကာလံ ဒေသံတွေနဲ့ ရှောင်ထွက်လာစရာလည်း မလို ...၊

ခုတော့ မေမေ့လုပ်ရပ်တွေကြောင့် သူ့စိတ်တွေ ထွေပြားနေခဲ့၏။ ဒေါ်ဒေါ်ဦး ကို သတ်ဖြတ်လိုနေသော အမုန်းတွေ .. ဦးပြည့်သျှင် အပေါ် အလွန်အမင်း အငြိုးထားနေခဲ့သော စိတ္တဇဆန်သည့်အမုန်း ...၊

ထို့ပြင် ဘာခံစားချက်မှ မရှိသကဲ့သို့ လှုလှုပပ ပေါ့ပေါ့ပါးပါး ရယ်မောတာမျိုးလည်းရှိကာ ဒေါ်ဒေါ်ဦး ကို သတ်မှ ဖြစ်တော့မလို မရမကကြိုးစားသည့်အခါ မယုံနိုင်အောင် ပြင်းထန် မာကျောနေခဲ့သည့် မျက်နှာ ...၊



www.burmeseclassic.com

www.burmeseclassic.com



ဦးပြည့်သျှင် ကို စွပ်စွဲပြောဆိုနေတာကျတော့ သနားဖွယ် မိန်းမငယ်လေးတစ်ယောက်လို ဖြစ်နေပြန်သည်။

"သော .."

ကားမှာ မျက်နှာကပ်၍ လက်ဖဝါးတို့နှင့် ဖိပွတ်နေမိစဉ် မို သူ့နောက်ကို ရောက်လာခဲ့သည်။

"မို က ဒီကိုခေါ်ပြီး ဒုက္ခပေးသလို ဖြစ်နေပြီ .. တောင်းပန်ပါတယ် .."

သော က ခေါင်းခါပြီး မျက်နှာချင်းဆိုင် လှည့်လာသည်။

"မဟုတ်ပါဘူး .. မင်းနဲ့ မဆိုင်ပါဘူး ...၊ ငါ ဒီလူကြီးကို .."

"ရှင် ခံစားနေရတာကို မို နားလည်ပါတယ် .. အဲဒါကလည်း ရှင့်ဘက်က ဦးပြည့်သျှင် ကို သတ်ဖြတ်သင့်တဲ့ ကိုယ့်ရဲ့ရန်သူတော် တစ်ယောက်လိုပဲ သဘောထားခဲ့တာမို့လို့ပါ .."

"ဘာ!... မင်း ဘာပြောချင်တာလဲ မို .."

"လူလိမ္မာအမျက် အပြင်မထွက်နဲ့တဲ့ .. ရှင်တို့တွေက စစ်မြေပြင်မှာ ရှိနေကြတာမှ မဟုတ်တာ ...၊ ချုပ်ချုပ်သံကြားတာနဲ့ လက်နက်ကိုင်ထားဖို့ မလိုပါဘူး ...၊ ခုလည်း ရှင်က ဦးပြည့်သျှင် ကို လက်ရှောင်ခဲ့တာ မဟုတ်ဘူး သော .. သူကိုယ်တိုင်က ရှင့်ကို ရန်ပြုမယ့်ပုံနဲ့ ရောက်လာတာ မဟုတ်လို့ပါ .."

သော မျက်နှာက မို အပြောမှားသွားတာနှင့် သေမိန့်ချတော့မည့် စီရင်သူကြီးကဲ့သို့ ရှိကာ ...

"သူ မင်းနဲ့ စကားပြောသွားတယ်ပေါ့ .."

"မပြောပါဘူး .. ဒါပေမယ့် မို သိနေသလိုပဲ ...၊ သူက ရှင့်ကို တစ်ခုခု ပြောချင်နေတာ .."

"ဟုတ်တယ်လေ .. ပြောသွားပဲ ...၊ ငါက သူပြောတိုင်း နားထောင်ရအောင် .."





"မဟုတ်သေးဘူး သော .."

မို တစ်ခုခုပြောဖို့ လွှတ်ခနဲ တားဆီးပြီးကာမှ သော ရဲ့စိတ်ကိုလည်း သိနေကာ ...

"ရှင် စိတ်အရမ်းရှုပ်နေတုန်းမှာ ကျွန်မ မပြောတော့ပါဘူး ...၊ ဒေါ်ဒေါ်ဦး ကို ကျွန်မ ဆက်ရှာရဦးမယ် .. ရှင် ပြန်ဖို့ လာပြောတာ.."

"ဘယ်သူ ..."

သော စိတ်လှုပ်ရှားသွားသည့်မျက်နှာနှင့် မေးလိုက်သဖြင့် သူမ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"မင်း ဘယ်လို ခေါ်လိုက်တာလဲ ...၊ ဘယ်သူ့ကိုလဲ .."

"ဒေါ်ဒေါ်ဦး လေ .. ခုန မို့ လက်ထဲက ရုန်းထွက်သွားတဲ့ အမျိုးသမီး .."

"သူ့နာမည်က ဒေါ်ဒေါ်ဦး တဲ့လား .."

"သူ့ကိုမေးတော့ ဒီတိုင်းပြောတာပဲ .. သူက စိတ်ဝေဒနာရှင်ပါ...၊ ပြီးတော့ ..."

"မို .. မို .. အဲဒါ ကိုယ့်အဒေါ် .."

"ဟင်!..."

"သွားပြီကွာ .."

သော လက်နှစ်ဖက် လွှဲခါပစ်ကာ ဆံပင်တွေကိုပါ ထိုးဖွပစ်၏။ မျက်နှာတစ်ခုလုံးသည် ရှုံ့မဲ့နေခဲ့လျက် ...

"ကိုယ် သူ့ကို ရှာနေခဲ့တာ ငါးရက်ရှိပြီ ...၊ ကျွတ်!... နီးနီးလေး ရှိနေတာကိုကွာ .."

"သော ရယ် .. မို တောင်းပန်ပါတယ် .. ဒါဆို အခု သွားရှာရအောင်လေ .."

"နေဦး မို .. ကိုယ်တို့ချည်းပဲ ရတ်တရက် ပြန်ရှာလို့ တွေ့မှာ မဟုတ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



မျက်စိအောက်ကနေ ခဏလေးအတွင်းမှာ ပျောက်သွားတာတောင် သူ ပြန်ရှာမတွေ့ခဲ့တာ သင်ခန်းစာ ရခဲ့ပြီမို့ ...

"သူ .. သူ နေဦး .. အဝါရောင်လေးလား .. ပန်းရောင်လား .."

ဖျတ်ခနဲ နောက်က မြင်လိုက်သေးသည်။ ဒါပေမယ့် မမှတ်မိသဖြင့် မို့ ကို ပြန်မေးရသည်။

"ဆင်စွယ်ရောင် ဝတ်ထားတာ .. ရှားရောင် လေးထောင့်ကွက်တွေနဲ့ ဒူးနားပါတဲ့ ထဘီ .."

သော က ဖုန်းထုတ်လိုက်ပြီး တစ်ယောက်ပြီးတစ်ယောက် ဆက်တော့သည်။ ကိုယ့်အပေါင်းအသင်းတွေ နေရာတိုင်းလိုလိုမှာ ရှိသည်။

ဒီဂမုန်းပွင့်ထဲမှာတောင် သူနဲ့ ရင်းနှီးနေသည့်ဝန်ထမ်းတွေ ရှိသေးသည်မို့ ...

"ဆံပင် ခါးလောက်ရှည်တယ် .. ဆင်စွယ်ရောင်ဝတ်ထားတာကွာ၊ ထဘီမှာ ရှားရောင်လေးထောင့်ကွက် ဒူးနားတွေနဲ့ .."

"... ... ... ..."

"အသက်လေးဆယ် ဝန်းကျင်ပဲ .. ဒါပေမယ့် မျက်နှာက အဲလောက် မရင့်ဘူးနော် .. သေချာကြည့်ပေး ..၊ မြင်လိုက်ရင် မျက်ခြည်မပြတ်အောင် ကြည့်ထားပြီး ငါ့ကို ဖုန်းဆက် .."

မို့ ကတော့ သူ ဖုန်းဆက်နေတာတွေကို နားထောင်ရင်း ရင်ခုန်သံတွေပါ မြန်နေခဲ့၏။ ဘာဖြစ်လို့ ဒီလောက်ထိ တိုက်ဆိုင်နေရတာလဲ..၊ သော ရဲ့အဒေါ်တစ်ယောက်လုံး ကိုယ့်ဆီမှာ ..၊

"ဟော့ကောင် .. ငါပြောတဲ့အတိုင်းပဲ နော် .. အရမ်းအရေးကြီးလို့..၊ သေချာ လှူပ်ရှားပေး .."

"နာရီဝက်အတွင်း အခြေအနေထူးချင်တာ ဟော့ကောင် .. သူက စိတ်ဝေဒနာ ရှိတယ် .. တွေ့ရင် ထိတ်လန့်သွားအောင် ပြုးပြဲသွားမလုပ်နဲ့ ..၊ မျက်ခြည်မပြတ် ထိန်းထားပေးရုံပဲ .. ငါ့ကို ဖုန်းဆက် .."





လမ်းသွားနေရင်း ဖုန်းနဲ့ အလုပ်ရှုပ်နေသည့် သော ရဲ့ ခြေလှမ်းတွေက ပြေးနေတာနှင့် တူ၏။

မို့ က သူနဲ့ အမီလိုက်နေရင်းကနေ ရပ်တန့်ပစ်လိုက်ကာ ...

"ရှင် ကားနဲ့ ဒီနားမှာ ပတ်ရှာလိုက်လေ .. ကျွန်မ အထဲမှာ ပြန်ရှာလိုက်မယ် .."

ဒေါ်ဒေါ်ဦး နဲ့ ပတ်သက်၍ ရေးကြီးသုတ်ပျာ ဖြစ်ကုန်ကြသည့်အနီးအဝေးမှာ ဖြန့်ကြက်ထားသူမှန်သမျှသည် သော အတွက် ဘာမဆိုကူညီဆောင်ရွက်ဖို့ အသင့်ရှိနေကြလျက် ..၊

တွေ့တော့ တွေ့ပါလိမ့်မည် ..၊ သို့သော် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၈)

"ဒီထဲမှာ သော .."

"သူက ကိုသော ရဲ့အမေလို့ ပြောနေတာ..၊ ဒါပေမယ့် ကျွန်တော်တို့ကလည်း .."

"ရပြီ .."

ကိုစိုး နဲ့ ညီထွန်း တို့က သူ့ကိုမြင်တာနှင့် အခန်းတံခါးဝထိ လိုက်ပို့ကြ၏။

နေရာကတော့ မြို့လယ်ခေါင်မှာပေမယ့် ငါးလွှာ အပေါ်ဆုံးထပ်ဖြစ်ကာ တိုက်ခန်းကလည်း စုတ်စုတ်ပြတ်ပြတ် ..။

လူမျိုးစုံနှင့် အလွှာမျိုးစုံ ရင်းနှီးထားခဲ့သည့် သူ့ဘက်မှာ လိုအပ်ချက်ရှိလာတိုင်း သူများထက် လွယ်ကူစွာ ဖြေရှင်းနိုင်ခဲ့သည်။

သူတို့ကလည်း သူတို့ပတ်ဝန်းကျင်နဲ့ သူတို့သာ ကျင်လည်နိုင်သူတွေဖြစ်ရာ ဘဒ္ဒါ နဲ့ ဦးဆောက်ပန်း က ပေပွစုတ်ပြတ်နေသော အခန်းထောင့်ကြီးထဲမှာ ...





"မေမေ .."

"ဖြန်း .."

ရင်ဆိုင်လိုက်တာနှင့် ရိုက်ချက်က သူ့မျက်နှာကို လည်ထွက်သွားစေ၏။

ဦးဆောက်ပန်း သည် ဘဒ္ဒါ လက်လွှဲလိုက်တည်းက မျက်လုံးတွေ မှိတ်ချလိုက်သည့်ပြင် လက်ဖဝါးနှစ်ဖက်ကိုပါ မျက်နှာမှောက်ထားခဲ့ပြီး တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေ၏။

သူမကို နှစ်ကြိမ်တိုင်တိုင် သတ်ဖို့ ကြိုးစားခဲ့သော ဘဒ္ဒါ ကိုဘာတွေပဲလုပ်လုပ် အကြောက်ကြီး ကြောက်နေခဲ့၏။ ဘာပြောပြောခေါင်းမခါရဲခဲ့ဘဲ ...

"တောက်!..."

ဘဒ္ဒါ ၏ တက်ခေါက်သံကြောင့် ပခုံးတွေ ကျုံ့ခနဲ ပုဝင်သွားပြန်သည်။

သားအမိနှစ်ယောက်သည် နက်ရှိုင်းသော နာကျင်မှုကိုယ်စီနှင့် မျက်လုံးချင်း ဆုံနေခဲ့လျက် ...

"အဲဒါ မအေကို ဝရမ်းပြေးလို ဖမ်းခိုင်းချင်ဦး .. လူမိုက် .."

"ကျွန်တော် မေမေ့ကို ဖမ်းခိုင်းတာ မဟုတ်ဘူး ..၊ ဒေါ်ဒေါ်ဦးကို ရှာခိုင်းခဲ့တာ .."

"မင်းအမေ သူနဲ့အတူ ရှိနေပါတယ်လို့ သူတို့ မင်းကို ပြောတယ်လေ .. ငါက ငါ့သားပါလို့ မိန့်မိန့်ကြီး ကြိမ်းဝါးခဲ့တာ ..၊ မင်းက..."

"မေမေ ဒေါ်ဒေါ်ဦး ကို ထားသွားခဲ့ရင် ဘယ်သူကမှ တားမှာမဟုတ်ဘူး .."

"ဘာဖြစ်လို့ ငါက ထားခဲ့ရမှာလဲ ..၊ မင်းလိုပဲ .. ငါလည်း သူ့ကိုရှာနေတဲ့သူ .."

"ကျွန်တော်က ဒေါ်ဒေါ်ဦး ကို စိုးရိမ်လို့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ငါကတော့ သတ်ပစ်ဖို့ .."

"မေမေ့ရည်ရွယ်ချက်ကို ကျွန်တော် သဘောမတူနိုင်ဘူးလို့ ပြောပြီးပြီ .."

"ဒါကြောင့် မင်းက ဂရုမစိုက်ကြောင်းပြပြီး ငါ့ကို ကျေးဇူးဆပ်လိုက်တာပေါ့ .."

သော မျက်နှာက ပြေပြစ်ခြင်းမရှိဘဲ တင်းတင်းစေ့ထားသည့် နှုတ်ခမ်းနှင့် ဆတ်ခနဲ လှဲပစ်၏။

ပြီးတော့ အံကြိတ်ထားသည့်လေသံနှင့် ...

"ချစ်ခြင်းမေတ္တာကို လိုသလောက် ပေးကမ်းရယူလို့ မရဘူး ..၊ ကိုယ့်ကို ချစ်စေချင်နေတဲ့လူက ကိုယ့်ကို မချစ်ဘဲ သူ့ကိုချစ်လို့ သတ်ချင်တယ်ဆိုတာ ကျွန်တော် လက်မခံဘူး မေမေ .."

"ဪ .. မင်းက ခုတော့ ဒီအရူးကို သနားလှချေရဲ့ပေါ့ ဟုတ်လား .. ဒီအရူးမ နှင့်အမေကို ဘယ်လိုချွန်တွန်းတွေ လုပ်ပြီး လင်မယားဝေးကွာအောင် လုပ်ခဲ့သလဲ မင်း သိလား ..၊ စိတ်ပုပ်စိတ်ယုတ်တွေနဲ့ မဟုတ်တမ်းတရား လိမ်ညာပြီး ငါ့ယောက်ျားကို သွေးထိုးလှုံ့ဆော်ခဲ့သလဲ .. အဲဒါတွေ မင်း သိလို့လား သော .."

"ဘယ်သိမလဲ.. ကျွန်တော့်ကို မေမေ အဲဒါတွေ တစ်ခါမှမှ မပြောခဲ့ဘဲ .."

တင်းမာနီမြန်းနေသည့် သော ရဲ့မျက်နှာက သူမ ရိုက်ပစ်ခဲ့သည့် ရိုက်ချက်ကြောင့်လား ..၊ သည်းမခံနိုင်အောင် တကယ် ခံစားနေရတာလား မသိ ..။

အကြည့်တွေက အရှိုင်းဆန်လျက် စကားလုံးတွေက မာကျောမှုအပြည့် ..၊

"ကျွန်တော့်ကို မေမေ တဖွဖွ ပြောခဲ့တုန်းက ဦးပြည့်သျှင် ပဲ..၊ ငါ့ယောက်မလေး သနားစရာဆိုတဲ့ စကားတွေတောင် ဒေါ်ဒေါ်ဦး ရဲ့





လက်မောင်းကိုကိုင်ပြီး မေမေ ပြောခဲ့ဖူးတယ် ..၊ အဲဒါတွေက ဘယ်သူ့ရှေ့မှာမို့လို့ ချစ်ဟန်ဆောင်နေခဲ့တာလဲ .."

အစတုန်းက ဒီအရူးမက ငါ့မျက်လုံးထဲမှာ အမှိုက် မဟုတ်ဘူး.. ပြီးတော့ ရူးပြီးရင် သေသွားကြတာပဲလို့ ထင်ထားခဲ့တာ ..၊ ဒါပေမယ့် သင်းက မသေခဲ့ဘူး ..၊

ပြည့်သျှင် ဆိုတဲ့သတ္တဝါက ဒီမိန်းမ ရှိနေသေးမှန်း မသိဘဲနဲ့ တောင် ခုချိန်ထိ ဗုန်းဗုန်းလဲအောင် ချစ်နေတုန်း ..။

ငါ ဘာလုပ်သင့်သလဲ ..၊ ပြည့်သျှင် ကို ငါ သတ်ချင်နေတဲ့အမုန်းတွေက အချစ်ကြီးလို အမျက်ကြီးတဲ့ အစွန်းရောက် အချစ်တွေကြောင့်ပဲ သော ..၊

ဒီကောင်မကို နောက်ထပ်တစ်ခါ ပြန်တွေ့ပြီး ချစ်ကြဦးမယ့် အဖြစ်ကို ငါ ဘာဖြစ်လို့ ဒီတိုင်း ကြည့်နေရမှာလဲ ..၊

အခု အားလုံး ရှုပ်ကုန်ပြီ ..၊ ငါ့ဆီကို ဒီအရှုပ်တွေ ပြန်မပတ်ခင် ငါ ရှင်းချင်တာ ရှင်းခဲ့ရမှာပဲ ..၊

ရင်တွင်းစကားတို့နှင့် သော ရဲ့မေးခွန်းတွေကို ထိုးစစ်ဆင်ရင်း ဘဒ္ဒါ မျက်လုံးတွေကလည်း မီးဝင်းဝင်းတောက်နေကြသည်။

"ဟွန်း .. မင်း လက်ခံအောင် ငါက ဟိုအရင်တည်းက အမုန်းစာရင်းပြုစုပြီး မင်းရှေ့မှာ တင်သွင်းထားရမယ်ပေါ့ ..၊ အင်း .. ဟုတ်တယ် .. အဲဒါ ငါ မေ့ခဲ့တာပဲ ..၊ ဒါပေမယ့် အခု ငါ့လက်နဲ့ ငါ့ရဲ့အမုန်းစာရင်းထဲကတစ်ယောက်ကို ဖျက်မယ် .. မင်း ဘေးဖယ်နေမလား .. ငါ့ကို ရင်ဆိုင်မှာလား .."

"ကာကွယ်မှာပါ .."

"ဘာ!..."

"မေမေက ကျွန်တော့်အမေပဲ .."

"သိသေးသားပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် မိဘဖြစ်ဖြစ် .. ဆရာဖြစ်ဖြစ် အရာအားလုံးအတွက် အမြဲတမ်း မှန်မနေဘူး .."

"ငါ အမှန်တရား ရှာနေတာ မဟုတ်ဘူး သော .."

"ကျွန်တော်ကလည်း ကိုယ့်အမေဖြစ်နေတိုင်း မေမေ လုပ်သမျှကို ထောက်ခံနေမှာ မဟုတ်ဘူး .."

"မင်းက ..."

ဒေါ်နှင့် လက်တစ်ဖက် မြှောက်တက်သွားပြန်သည်။ ဒါပေမယ့် မြှောက်လျက်အတိုင်း ရပ်တန့်သွားခဲ့၏။ မရိုက်ရက်သည့်ပေါက်ကွဲခြင်းလို့ ထင်စရာရှိပေမယ့် တကယ်တမ်းက ကိုယ့်အတွက် တစ်ကွက်ချန်၍ ခြေတစ်လှမ်း ပြန်ဆုတ်လိုက်တာ ဖြစ်သည်။ ပြီးတော့ ဘယ်နည်းသုံးရင် ကောင်းမလဲ ပြေးလွှားစဉ်းစားမိသည်။ ပြီးမှ ...

လက်ကို အသာလေးပြန်ချကာ သော ရဲ့ရှေ့ကို ပို၍ တိုးကပ်လိုက်ရင်း ...

"မင်းရဲ့အဒေါ် ဘယ်လိုမိန်းမမျိုးလဲ ..၊ မင်း ထပ်သိချင်သေးသလား သော .. ငါ ပြောပြမယ် .."

သော ထံမှ ပြောပါဆိုတာလည်း ထွက်မလာသလို မပြောပါနဲ့လို့ တားဆီးသံလည်း မထွက်ခဲ့ပေ ..။

"ငါ့ကို လက်ထပ်ထားမှန်း သိလို့ မင်းအဖေကို ရန်လုပ်ပြီး ပြည့်သျှင် နဲ့ ပူးပေါင်းခဲ့တာ .. သူ့ခိုးကို ဓားရိုးကမ်းတာလေ ..၊ အဲဒီမှာ ငါက သူ့ဓွေးသားကိုယူပြီးမှ တိတ်တိတ်ပုန်းဘဝနဲ့ နေခဲ့ရတာ ..၊ နောက်တော့မှ ပြည့်သျှင် ရက်စက်လွန်းလို့ လက်သည်းဆိတ်တော့ လက်ထိပ်နာ ဆိုသလို အစ်ကိုကို ကယ်ရင်း ဒီလိုဖြစ်သွားတာလေ ..၊ ငါ့ယောက်ျားရဲ့အသက်ကို ကယ်ဖို့ ကြိုးစားခဲ့တာလေးကြောင့် ငါ သူ့ကို စိတ်နာသမျှ မေ့နိုင်ဖို့ ကြိုးစားခဲ့တယ် .. ဆေးကုပေးခဲ့တယ်..၊ ငါ့ဘက်က ဒီ့ထက် ကောင်းရဦးမလား .."





စကားလုံးတွေက ထိရောက်ပါသည်။ သော ရဲ့ တင်းမာနေသည့် မျက်နှာ အနည်းငယ် ပြေကျသွားခဲ့ပြီး အကြည့်တွေက ဦးဆောက်ပန်းဆီမှာ စူးစိုက်နေခဲ့၏။

"တောင်ကြီးကခြံကို သူ့ညီမနာမည်နဲ့ ဝယ်ထားခဲ့မှန်းသိတဲ့အထိ ငါ ခွင့်လွှတ်သေးတယ် ..၊ ဒါပေမယ့် ခွင့်မလွှတ်နိုင်တဲ့အထိ မုန်းတီးလာခဲ့တာကို ငါ သက်သေမပြနိုင်ဘူး သော ..၊ နေ့ရှိသမျှ တွေးမိတာတွေထဲမှာ သူတို့မောင်နှမ .."

"ဒီလိုချစ်ခြင်းတွေကို မုန်းတာဆိုရင် မေမေ မုန်းခဲ့တာ ဖေဖေလည်း ပါမှာပေါ့ .. အချစ်ကြီးလို့ အမျက်ကြီးတယ်ဆိုတာလည်း ကိုယ်ချစ်နေတဲ့လူကိုသာ အမျက်သိုကြတာ ..၊ မေမေက ဒေါ်ဒေါ်ဦး ကိုပဲ.."

"တိတ်စမ်း သော .."

မျက်နှာပျက်ပျက်နှင့် အော်ပစ်လိုက်သံက စူးရှကျယ်လောင်စွာ..၊

"မင်းက ငါ့ခံစားချက်တွေကို ပြက်ရယ်ပြုဖို့ တစ်ဖက်တည်းက နေ အပြစ်ထောက်နေတာလား .. ဟင် ..."

"ခုမှသိရတဲ့ အဖြစ်အပျက် အကြောင်းအရာတွေအပေါ်မှာ ဆက်စပ်ကြည့်တာပေါ့ ..၊ တစ်ခုပြီးတစ်ခု ပေါ်လာတဲ့ မေမေ မုန်းရခြင်း အကြောင်းတွေက နင့်နင့်လာတယ် ..၊ မေမေ ကြုံခဲ့သမျှတွေကလည်း သေးသေးလေးတွေ မဟုတ်ဘူး .. ပါဝင်နေတဲ့လူတွေကိုကြည့်ရင် တစ်ယောက်က အဖေ .. တစ်ယောက်က အဒေါ်ရင်း .."

"ငါကရော .."

"မေမေက ပြောပြနေတဲ့သူ .."

"မင်းက မယုံနိုင်ဘူး .. ဟုတ်လား .."

သော ရဲ့အကြည့်က စူးခနဲ ရောက်လာခဲ့သည်။

မျက်နှာလွှဲတော့မလို ငုံ့တော့မလို ဖြစ်သွားပေမယ့် ဘဒ္ဒါ ကိုပဲ ပြန်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဦးပြည့်သျှင် က စော်ကားခဲ့ပါတယ်လို့ မေမေ မလိမ်ခဲ့ဘူးဆိုရင်ခု မေမေ ပြောနေတာတွေကို ကျွန်တော် ယုံမိမှာ .."

"ဘာ!..."

ဘဒ္ဒါ မျက်နှာတစ်ပြင်လုံး နီရဲ ချောက်ချားသွားသည်။ ခြယ်သထားသည့် ကာလာတွေက သပ်သပ်၊ ရှက်သွေးကြောင့် ရဲတွတ်လာခြင်းက သီးခြား ...၊

"သော .."

ဦးဆောက်ပန်း ဆီကိုပဲ ခြေလှမ်းပြင်လိုက်သဖြင့် ဘဒ္ဒါ က ဒေါသတကြီး ပြန်ဆောင့်ဆွဲကာ ...

"မင်း ဒီလောက်ထိ ငါ့ကို စော်ကားရဲတယ် ဟုတ်လား .. ဒီလိုကိစ္စမျိုးကို ငါ လိမ်ပြောတယ်လို့ ထင်တယ်ဆိုရင် မင်းက ပြည့်သျှင် ကိုတော့ ယုံကြည်တယ်ပေါ့ .. ဒီလူ ဒါမျိုးမလုပ်နိုင်ဘူးလို့ ယုံနေတာလား .."

"မေမေ ဖုန်းလှမ်းဆက်တဲ့အချိန်မှာ ဒီလူကြီး ကျွန်တော့်နားမှာရှိတယ် .."

ဘဒ္ဒါ တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ ဒီလိုဖြစ်နေနိုင်တယ်ဆိုတာ သူမ ဘာဖြစ်လို့ မတွေးမိခဲ့တာလဲ ...၊ သို့သော် ...

ရင်ထဲမှာ ချတ်တရက်မို့ အကြီးအကျယ် တုန်လှုပ်သွားပေမယ့်...

"မင်းက ငါ့ကို ရူးနေပြီ ထင်လို့လား သော .. မဟုတ်ရင် မင်းကန်းနေတာလား ...၊ ဘာမှမဟုတ်ဘူးဆိုရင်လည်း မင်း ငါ့ကို အတိုက်အခံ ပြောနိုင်ဖို့ တမင်ညာနေတာ .."

"ကျွတ်!..."

သော ဘာကိုမှ မကြားချင်တော့သလို မျက်နှာတစ်ပြင်လုံး ရှုံ့မဲ့သွားသည်။ ပြီးတော့ မျက်လုံးတွေ မှိတ်ထားသည့်အတိုင်း မျက်နှာလွှဲပစ်၏။





ဘဒ္ဒါ က ဒေါသကြီးနေဆဲ ...၊

"ငါ့ကို သူတို့ အရူးလုပ်နေကြတာလား ...၊ ငါ့မျက်နှာကို အသ
နဲ့ စည်းထားပြီးတော့ ဝိုင်းယုတ်မာကြတာ .. ငါ အရူးလုပ်ခံရတာပေါ့..

အရှက်အကြောက်မဲ့သော စကားသံတို့ကို ဆိုနေသူက ကဲ
အမေ မဖြစ်စေချင် ...၊ ဒါပေမယ့် သူမ တရစပ် ပြောနေခဲ့၏။ တိုးတ
ကနေ ကျယ်ကျယ်လောင်လောင်တွေ ဖြစ်လာခဲ့သည်။

သော ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ ...၊

"ဝုန်း .. ဒုန်း .."

"ဟာကွာ .. ကဲ .. ကဲ .."

"ချလွမ် .. ဝုန်း .."

အခန်းထဲမှာ ရှိရှိသမျှ ကွဲကြေ ပျက်စီးနိုင်တာအားလုံး အကောင
တိုင်း မကျန်သလောက် သူ ရိုက်နှက် ပေါက်ခွဲပစ်ခဲ့ပြီး ...

"လူရမ်းကားလေး .."

"ဖြန်း .. ဖြန်း .."

ပါးနှစ်ဖက်တည်းနှင့် သုံးချက် အရိုက်ခံခဲ့ရသည့် ဒီနေ့ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၉)

"အဲဒီတော့ အခု အန်တီက သပ်သပ် ..၊ ဒေါ်ဒေါ်ဦး နဲ့ ရှင်က သပ်သပ် .. အတူတူ မနေကြဘူးပေါ့ .."

"ဘယ်တုန်းကမှလည်း အတူတူနေခဲ့ကြတာ မဟုတ်တော့ မဆန်းပါဘူး ..၊ ဒါပေမယ့် .."

သူ ဆက်မပြောတော့ မို က မျက်နှာကို သေချာကြည့်နေကာ ...

"ပြောလေ သော .. ဒါပေမယ့် ဆိုတာက .."

"ဒေါ်ဒေါ်ဦး ကို ထားခဲ့တော့လည်း စိတ်မချဘူး ..၊ နေရာတကာ ခေါ်သွားဖို့လည်း ခက်နေတယ် .."

"သူ့ကို ဘယ်မှာ ..."

"အဲဒါကို မင်း မေးမှာ ငါ အကြောက်ဆုံးပဲ မို .."

"ဟင်!..."

"မင်းနဲ့ ဟိုလူကြီးက အခေါ်အပြော အဆက်အဆံတွေ ရှိနေကြတယ် ..၊ ဒီလူကြီးက ဒေါ်ဒေါ်ဦး ရှိနေသေးမှန်း သိရင် .."





သော က စကားကို ဒီမှာတင် ရပ်ဖစ်လိုက်သည်။ ပြီးမှ ...

"အခု ငါ့ရည်ရွယ်ချက်တွေ ငါ့ကိုယ်ငါ ဆုပ်ဖမ်းမနိုင်ဘူး ဖြစ်နေတယ် .. ခေါင်းထဲမှာ ဘာတွေးတွေး မြစ်ကျိုးအင်းတွေလိုပဲ ဘာမှ မသေသပ် မရေရာဘူး ...၊ ငါကိုယ်တိုင် ချရေးခဲ့တဲ့ အနာဂတ်အတွက် မာတိကာက မလှပတော့ဘူး .."

"ဟုတ်ပါပြီ .. ရှင် ဘာကြောင့် မပြောချင်တာဖြစ်ဖြစ် ကျွန်မ မမေးပါဘူး ..၊ ဒါပေမယ့် ရှင်နဲ့ သူ အဆင်ပြေအောင် ကျွန်မ ကူညီပေးနိုင်တယ်၊ ဥပမာ လူနာစောင့် ငှားပေးတာမျိုး ..၊ အိမ်အကူလိုမျိုးပေါ့..၊ အားလုံးအတွက် စိတ်ချရမယ့်လူမျိုး .."

"မလိုဘူး .."

ဘယ်လိုပြောပြော လက်ခံခြင်းမရှိတော့လည်း မို မျက်မှောင်လေး ကုတ်သွားမိသည်။

သော က ထိုင်နေရာကနေ ထရပ်လိုက်ပြီး ကားဘီး လဲနေသည့်ဆီကို လှမ်းကြည့်ရင်း ...

"ငါ အဲဒီလို အကူအညီမျိုး မလိုဘူး .. မင်းကို အကူအညီတောင်းရဖို့ ဖြစ်လာရင် ဒေါ်ဒေါ်ဦး ကို မင်းလက်ထဲပဲ အပ်ထားမှာ .."

မို နောက်ထပ် ဟင် .. ခနဲ ဖြစ်ပြန်၏။

"ရှင်းရှင်းပြောရရင် သူ့ခိုးလက်ကို ဘဏ္ဍာတိုက်ကြီး အပ်လိုက်တာမျိုးပေါ့ .."

"ခြော် ..."

"ကိုယ်ပြောတာ စိတ်ဆိုးသွားလား .."

"မဆိုးပါဘူး .. အဲဒီလို တည့်တည့်ပြောလိုက်တာ ကျေးဇူးတင်ပါတယ် .."

မို့ မျက်နှာလေးကို ကြည့်၍ သော ပြုံးမိသည်။ မို က ငေါ့တာလား .. အတည်လား မသိနိုင်သည့် မျက်နှာတည်တည်လေးနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"သူနိုးဆိုရင်လည်း သူနိုးပေါ့ .. ရှင် ပေးမယ့်တာဝန်ကို ကျေပွန်ချင်ပါတယ် .."

သော ရယ်လိုက်မိသည်။

ဒီလိုစကားမျိုးတွေ ပြောလာတိုင်း သူမ မျက်နှာလေးက ချစ်ဖို့ကောင်းနေတတ်တာ အမှတ်တရ ..။

"မေမေကလည်း အိမ်ပြန်နေဖို့ ခေါ်နေပါပြီ .. ခေါ်ခေါ်ဦး အတွက်လုံခြုံမှာပါ .."

"ဟုတ်လား .. ဟိုလူကြီးကို မင်း ကူညီခွင့် ရသွားပြီပေါ့ .."

"ဦးပြည့်သျှင် ကိုတော့ နာမည်တူတောင် မခေါ်နဲ့တဲ့ ..၊ ဒါပေမယ့် သမီးမိန်းကလေးမို့ ခွင့်လွှတ်တယ် ..၊ တစ်ယောက်အလုပ်ကို တစ်ယောက် မစွက်ဖက်ဘဲ နေကြေးပေါ့ .."

"ဟွန်း .. ဦးပြည့်သျှင် ဆိုတဲ့ .."

"ဒီမှာ .."

ဘေးကနေ ဘွားခနဲ ပေါ်လာတာမျိုး စူးရဲတင်းမာနေသည့်မျက်နှာနှင့် ပိန်ရှည်ရှည်လူတစ်ယောက်က ...

"မင်းက ပြည့်သျှင် ရဲ့သားလား .."

"ဘာဗျ!..."

အသက်လေးဆယ်ကျော်လူက သော ဒေါကန်သွားတာကို ဂရုမထားဘဲ မျက်နှာကနေ ခြေဖျားထိ စုန်ချီဆန်ချီ ကြည့်၏။

ကြည့်နေရင်း မဲ့ရွဲ့ရှုံ့တွနေသည့်မျက်နှာကြီးက ပို၍ အကျည်းတန်လာကာ ...

"ဟွန်း .. တစ်ပုံစံတည်းပဲ ..၊ လှမ်းမြင်လိုက်တည်းက ငါ ကြည့်နေတာ မင်းကို .."

"ခင်ဗျားက ဘာထင်လို့လဲ .."

"ဒီကောင့်သားလို့ ထင်လိုက်လို့ပေါ့ ..၊ ဟော့ .. အဲဒီကားကို လုပ်





လတ်စတွေ ဒီတိုင်းထားပြီး ချက်ချင်း ပြန်ကောက်တပ်စမ်း ..၊ လုံးဝမကိုင်နဲ့တော့ .."

ဒီမှာပြောနေရင်း အလုပ်လုပ်နေတဲ့လူတွေကို လှမ်းအမိန့်ပေးလိုက်တာ သံတုတ်ကြီး တရမ်းရမ်းနှင့် ..၊

"မင်းတို့ အခု ငါ့ဝပ်ခ်ရှော့ထဲက ထွက်သွားလိုက်ကြ .."

"ခင်ဗျားက ဘာလိုင်းကြီးပါလား .."

"ဘာလိုင်းကြီးတော့ မင်းက ဘာလုပ်ချင်လဲ ..၊ ပြည့်သျှင် ရဲ့သား ဆိုတာနဲ့တင် မင်းကို ဒီနေရာမှာ ရိုက်သတ်ပစ်လို့ရတဲ့ အကြောင်းပြချက်တွေ ငါ့မှာ ရှိတယ် ..၊ လက်တွေ့ သိချင်သလား .."

"နေပါဦး .. နေကြပါဦး ရှင် ..."

မိုး က ကမန်းကတန်း ကြားဝင်ဖြေရှင်းဖို့ ကြိုးစားသည်။

သော ဘက်က တစ်ခုခု စိန်ခေါ်သံ ထွက်လိုက်တာနှင့် အခြေအနေကို ဘယ်လိုမှ ထိန်းရတော့မှာ မဟုတ်မှန်း သိနေသဖြင့် ...

"ဒီမှာ ဦးရယ် .. သူက ဦးပြည့်သျှင် ရဲ့သား မဟုတ်ပါဘူး ..၊ ကျွန်မတို့က ဦးပြည့်သျှင် အကြောင်းကိုပဲ ပြောနေတာပါ ..၊ သူနဲ့ ဘာမှ မဆိုင်ပါဘူး .. သူက ဦးသူရဲကောင်း ရဲ့ သားပါ .."

"ဘာ!..."

မျက်လုံးကြီး အဆမတန် ပြူးထွက်လာသလား ထင်ရသည်။ 'ပေါ့စေလို၍ ကြောင်ရုပ်ရေး ဆေးအတွက်လေး' ဆိုတာလို ပြောပြလိုက်မှ ပိုဆိုးသွား၏။

လူကြီးက သော တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံး ကြည့်၍ ရွံရှာသလို မဲ့လာသည့်မျက်နှာမှာ နှာခေါင်းကြီးပါ တွန့်တက် သွားလေသည်။

သံတုတ်ကို ဘယ်ညာပြောင်းကိုင်ပြီး ရှေ့ကို ထပ်တိုးလိုက်ကာ...

"ဦးသူရဲကောင်း ရဲ့သား ဟုတ်လား .. မင်းက ငါ့ဆရာရဲ့သားလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တာပေါ့ ..”

ငါ့ဆရာ ဆိုသည့် စကားတစ်ခွန်းက နောက်ထပ်ဝင်လာလျှင် အလျင်စလိုဖြစ်တတ်သည့် သော ရဲ့ဒေါသတွေက ရင်ဘတ်ကနေ တွန်းကန် တားဆီးခံလိုက်ရသကဲ့သို့ အလိုလို တုံ့နှေး ရပ်တန့်ခဲ့၏။

ဒီလူကြီးက ဖေဖေ့ရဲ့ တကယ့်လူယုံ မိတ်ဆွေရင်းချာတစ်ယောက်ဆိုတာ သိလိုက်ရပြီ ..။

“ငါ့နာမည် စောညို .. ဒါပေမယ့် အာလူး ဆိုရင် လူတိုင်း သိတယ်..၊ အေး .. မင်းက အရှက်မရှိ ညာရဲတာပေမယ့် ငါ့ဆရာရဲ့သားအဖြစ် ခဏတစ်ဖြုတ် အကာအကွယ်ယူပစ်လိုက်တဲ့အတွက် ဆရာ့မျက်နှာကို ထောက်ပြီး မင်းကို အေးဆေးထွက်သွားခွင့်ပြုမယ် ..၊ သွားကြတော့ ..”

“ဦးက ဘာဖြစ်လို့ မမေးမမြန်းဘဲ တစ်ယောက်တည်း သေချာနေတာလဲ ..”

ဘေးမှာရှိနေသည့် မို့ အသံလေးက မကျေနပ်ခြင်းတွေ သိသာစွာ စိုးမိုးနေ၏။

ဦးအာလူး ရဲ့အကြည့်တွေ စူးစိုက်လာတော့ ဂရုမစိုက်စွာ ပြန်ကြည့်၍ ...

“သူ့နာမည်က မင်းထက်မြတ်သော ..၊ ဦးသူရဲကောင်း နဲ့ ဒေါ်ဘဒ္ဒါနွယ် တို့ရဲ့ သား ..”

“ဘာ ဘဒ္ဒါ လဲ .. ဘဒ္ဒါ တွေ ကလျာ တွေ လျှောက်ပြောမနေနဲ့ ..၊ ငါ့ဆရာ မသေဆုံးခင်အထိ ဆရာ့ဘေးမှာ ငါ ရှိတယ် ..၊ ဆရာ့အကြောင်း ငါ့ထက် ဘယ်သူ ပိုသိမှာလဲ ..”

ဦးအာလူး မျက်နှာက ချက်ချင်းကြီး ညှိုးငယ် ဆွေးမြည့်သွားပြန်ကာ ...

“ဆရာ့မှာ အချစ်ဆုံးမိန်းမ တစ်ယောက်ပဲ ရှိဘယ်..၊ သူက ဆရာ့





ညီမ အစ်မ ဦးဆောက်ပန်း ..၊ တစ်ယောက်ကိုတစ်ယောက် ဘဝပေးပြီး နှစ်ကိုယ့်တစ်စိတ်လို ရှင်သန်ခဲ့ကြတာ .. ဆရာ့မှာ မိန်းမ မပြောနဲ့ ရည်းစားတောင် မရှိဘူး ..”

ဒေါသထွက်ရမလား .. ရှင်က ကျွန်မတို့ထက် ပိုသိပါတယ်ဆိုပြီးတော့ပဲ အလေးပြု ဆရာခေါ်ရဦးမလား ..။

ကာယကံရှင်မဟုတ်သည့် မို့ ကိုယ်တိုင် ဒီလူကြီးပြောတာတွေကို ခံရခက်လာမိသည်။

ဒီမှာ သားတစ်ယောက်လုံး ရပ်နေတာကို ဒို့ထက်လည်း ဘာတွေပြောပြော ဒီလူကြီး လက်ခံမည့်ပုံ မရှိတာက သေချာနေကာ ...

“ဒီမှာ ဦးလေး ...”

“ဟော့ .. တော်ပြီ .. သွားကြ ..၊ ခု ထွက်သွားကြစမ်း ..၊ မင်းတို့ကို နောက်ထပ် ဒီနားမှာ မြင်နေရသေးရင် ငါ့အဆိုး မဆိုနဲ့ ..”

ဦးအာလူး ဆိုသူကြီးသည် အစတုန်းကလောက် ဝုန်းဒိုင်းကြဲတာမျိုး မလုပ်တော့ပေမယ့် မျက်နှာတင်းတင်းကြီးနှင့် ကြိမ်းမောင်းထွက်ခွာသွား၏။

“လာပါ သော ရယ် .. ဟိုမှာ ကားလည်း ပြီးနေပါပြီ ..၊ သွားရအောင် ..”

ဝပ်ခ်ရှော့ပ်တစ်ရုံလုံးမှာ ကားသမားတွေရော အလုပ်သမားတွေပါ ရှိနေကြကာ သူတို့ကို ဝိုင်းကြည့်နေကြ၏။

သော က အံကြိတ်ထားပေမယ့် ဘာတစ်ခွန်းမှ တုံ့ပြန် ပြောဆိုခြင်း မရှိဘဲ မို့ ကိုယ်တိုင် ကားထုတ် မောင်းလာကာမှ ဘေးမှာ ဝင်ထိုင်သည်။

ထူးဆန်းစွာ ဒေါသတွေ အပိုးကျိုးနေတာကို မို့ အံ့ဩမိသည်။ ဒါပေမယ့် မျက်နှာကို လှည့်ကြည့်ပြီးမှ ဘာမှမမေးဘဲ ဒီတိုင်းထားလိုက်တာ ပိုကောင်းသည်လို့ တွေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးပြည့်သျှင် ရယ် .. ဦးသူ့ရဲ့ကောင်း ရယ် .. ဒေါ်ဘဒ္ဒါနှယ်.နဲ့ ဒေါ်ဦးဆောက်ပန်း စိတ်ဝေဒနာရှင် ဖြစ်နေရရှာခြင်း စသည်တို့ဟာ ဘယ်လို ဆက်စပ်ပတ်သက်မှုတွေနဲ့လဲ ...။

ဒီအသိုက်အဝန်းထဲမှာ သူမတို့မိသားစုကလည်း ဦးသန်းမြတ်ဇော်၏ မျိုးနွယ်စုအဖြစ် ပါဝင် ပတ်သက်နေသေးသည်။ မို သက်ပြင်းချလိုက်မိသည်။

ကိုယ့်အကြောင်းကို တွေးရမလား ...၊ သော တို့ရဲ့ ရန်ငြိုးရန်စ ဆက်ထုံးတွေအပေါ် ငုတ်တုတ်ထိုင် စဉ်းစားရင်း အတိတ်ထဲကို တစ်ပတ်ပြန် လျှောက်ကြည့်ရမှာလား ...။

ဒါတွေအပေါ်မှာ သူမ စိတ်ဝင်စားသင့်သလား .. မသင့်ဘူးလား...၊

ကားမောင်းရင်း ငဲ့ကြည့်လိုက်တော့ သော မျက်ခုံးနစ်ဖက် ထိ ဆက်မတတ် စုကျုံ့နေဆဲ ...၊ ပေါင်ပေါ်တင်ထားခဲ့သည့်လက်က လက်သီးဆုပ်အဖြစ် ကျစ်ခဲ မာကျောနေကာ ...

"ဒီလူကြီးနဲ့ ထပ်တွေ့ချင်တယ် .."

"ဟင်!..."





## အခန်း (၆၀)

"ဟင်!..."

မျက်နှာရှေ့ကို ဘွားခနဲ ရောက်လာတော့ ဘဒ္ဒါ ခြေလှမ်း တုံ့ခနဲ ဖြစ်သွားသည်။ ညနေမှောင်ရီဖျိုးဖျမှာ အားလုံးနဲ့ လွတ်ကင်းသည့်အချိန်ကို ရွေး၍ ပြန်ထွက်ခဲ့တာ ဖြစ်သည်။

ပြီးတော့ ဒါက စံအိမ်ရဲ့ နောက်ဘက်တံခါးဖြစ်ကာ လူမြင်အောင်ထားတာလည်း မဟုတ်ဘဲနှင့် ...

"ဘယ်လိုလဲ ဘဒ္ဒါ...၊ ဒီတစ်ခါလည်း မရခဲ့ပြန်ဘူးလား .."

လက်ထိပ်တွေ ပေါက်ပြဲ သွေးစို့ထားတာရှိသဖြင့် ဖျတ်ခနဲ လက်သီးဆုပ်လိုက်မိသည်။ ပြည့်သျှင် ကလည်း ထိုလက်သီးဆုပ်ကို လှမ်းကြည့်၍ ခပ်မဲ့မဲ့ပြုံးကာ ...

"မင်းရဲ့ အစစ်အမှန်က ဘာလဲ ...၊ ဆွိ လား .. ဘဒ္ဒါ လား .."

ဘဒ္ဒါ က ဟွန့်ခနဲမဲ့၏။

"တစ်ခုမှ အစစ်အမှန် မဟုတ်ဘူး .."

"ဖြစ်နိုင်တယ် .. မင်းရဲ့မျက်လုံးတွေကို ငါ မြင်လိုက်တည်းက တစ်ခုခုကို ငါ ခံစားမိနေတာ ...၊ အဲဒီ တစ်ခုခုက ခုချိန်ထိ ရှိနေတုန်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ရှင် အဲလောက် မတော်နိုင်ဘူးဆိုတာ ကျွန်မ ပြောရဲတယ် .."

"ငါကလည်း မင်းနဲ့ တော်တာချင်း ပြိုင်ဖို့ လာတာမဟုတ်ဘူး.."

"ဘာလုပ်ဖို့လဲ .."

"အပြင်မှာဆို မင်းက လှစ်လှစ်ပါအောင် ပြေးနေတော့ .."

"ကျွန်မက ဘာဖြစ်လို့ ပြေးရမှာလဲ ..၊ ဒီမှာ ပြည့်သျှင် .. ပြေးရမှာက ကျွန်မ မဟုတ်ဘူး .. ရှင်ပဲ .."

"အကြောင်းက .."

"ရှင့် .. အဲ .. ကျွန်မသားက ရှင့်ကို သတ်မှာလေ ..၊ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီး မနေစမ်းပါနဲ့ .. မြွေအလမ္ပာယ်ဆရာ မြွေကိုက်လို့သေတာတွေ ရှင် မကြားဖူးဘူးလား .."

"ငါ ဘယ်လိုပုံစံသေဖို့ကို မင်း စိတ်ဝင်စားဖို့ မလိုဘူး ဘဒ္ဒါ ..၊ အခု မင်းကို ငါမေးချင်တာ ငါ့သား နဲ့ ဦး ဘယ်မှာလဲ .."

"အို!..."

အလွန်အမင်း အံ့သြသွားသလို ဘဒ္ဒါ က မျက်ခုံးတွေပင့်၍ တအံ့တသြဟန်နှင့် ပခုံးတွန့်သည်။ ကိုယ်ချစ်နေတဲ့ ယောကျ်ားတစ်ယောက်ကို မြင်လိုက်ရတိုင်း ဆွေးသွားမိသည့်စိတ်က 'ဦး ..' လို့ သူ့ပါးစပ်က ခေါ်သံကြားလိုက်တာနှင့် ဒေါသမာနများနှင့်အတူ ...

"ဦး ဟုတ်လား .. ဦး ဆိုတာ ဦးဆောက်ပန်း ကို ပြောတာလား..၊ ရှင်ပဲ သူတို့ကို မီးရှို့သတ်လိုက်တာလေ .."

သျှင် မျက်နှာ တင်းခနဲ ဖြစ်သွားသည်။ ရှေ့ကို တစ်လှမ်းချင်း တိုးလာတော့ ဘဒ္ဒါ နောက်ကို တရွေ့ရွေ့ ပြန်ဆုတ်မိ၏။ သို့သော် သစ်ပင် ချုံနွယ်တို့နှင့် ခြံစည်းရိုးက သူမကို ရှေ့ကို ပြန်တွန်းပို့နေသလို ကာဆီးနေခဲ့ရာ ...

"ရှင် ကျွန်မယောကျ်ားကို သတ်လိုက်တာ အားမရလို့ ကျွန်မကို



ပါ သတ်ချင်ပြန်ပြီ ဟုတ်လား ..၊ ဘာလဲ .. ကျွန်မသားကို ကြောက်နေလို့လား .. ရှင့်လိုလူက မိန်းမတစ်ယောက်ကို အနိုင်ကျင့်ပြီး ကိုယ်လွတ်ရုန်းဖို့ ကြိုးစားတာ ရှင် မရှက်ဘူးလား .."

"တိတ်တိတ်နေစမ်း .."

"အား!..."

သျှင် က ဘဒ္ဒါ ၏ဆံဖျားများကို လက်ဖျားနဲ့ လွဲရိုက်ပစ်လိုက်၏၊ ရိုက်ချက်သည် အသားကို မထိတထိရှပ်၍ မျက်နှာရှေ့ကနေ ဝီခေါဖြတ်သန်း၏။ ထိုပြင် စပ်ဖျင်းနာကျင်သွားကာ ဘဒ္ဒါ မျက်ရည်တွေပါ လည်ရင်း ...

"ရှင် .. ရှင် မိန်းမတစ်ယောက်ကို .."

"မင်းကို ငါ ဘာမှမလုပ်ဘူး .. မေးတာကို ကောင်းကောင်းဖြေ.."

"ဘာကို ဖြေရမှာလဲ .. မသိဘူး ..၊ ကျွန်မက သူ့ရဲ့ကောင်း ရဲ့မိန်းမဆိုပေမယ့် သူ့ညီမ မသိအောင် တိတ်တိတ်ပုန်း လက်ထပ်ခဲ့ရတဲ့ အပယ်ခံဇနီး .. သူလုပ်တာတွေ သူ ဘယ်လိုသေတာတွေ ဘာမှမသိဘူး ..၊ သေပြီဆိုမှ ရှင့်ကြောင့်မှန်း သိတာ .."

"စကားတွေ အများကြီး ငါ နားမထောင်ချင်ဘူး ..၊ ဦး နဲ့ ကလေး ဘယ်မှာလဲ .."

သူမကို သူ့ရဲ့ကောင်း ရဲ့ဇနီးအဖြစ်ပဲ သိထားနေမှန်းသိတော့ ဘဒ္ဒါ နှုတ်ခမ်းတို့မှာ အောင်နိုင်သူ့အပြုံးတို့ ခိုတွယ်နေဆဲ ရှိလေသည်။

'အောက်ကလည်း နေသေး .. ကြောက်ပြီလားလည်း မေးသေး..' ဆိုတာလို သူမ ဤသို့ဖြစ်နေပြီလား မသိ ..၊ ဒါပေမယ့် သူမ မနိုင်နိုင်သေးပဲ ရှိသည် မကျေနပ်ရှိုးသေးပေ ..။

ပြည့်သျှင် ဘယ်လိုလူ ဖြစ်ပါစေ ဒီလူကို အနိုင်တိုက်ဖို့ သူမမှာ ဝှက်ဖဲတွေ ရှိနေသေးသည်။ သူမ နှုတ်ခမ်းပေါ်ကအပြုံးကို ပြည့်သျှင်က စူးစိုက်ကြည့်နေရင်း အဖြေကို စောင့်သည်။ သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးဆိုတဲ့ အဖြေအပြင် ရှင် ဘာမှ သိရ ..."

"တောက်!..."

"အား!..."

သူမလက်ကိုဆွဲကာ ကားရပ်ထားသည့်နေရာထိ ခေါ်လာပြီး တွန်းတင်လိုက်၏။ ပြီးတော့ တံခါးမပိတ်ဘဲ သူ့ကိုယ်နဲ့ ပိတ်ရပ်ထားခဲ့ပြီး...

"အပိုတွေ ပြောမနေနဲ့ ဘဒ္ဒါ .. ငါ သတင်းအတိအကျ ရပြီးပြီ..၊ မင်းနဲ့ ငါ ဘာအကန့်မှ မရှိခဲ့တဲ့အတွက် မင်းယောကျ်ားဘက်က မင်းအပြီးထားတာကို ငါ ခွင့်လွှတ်ပေးနိုင်တယ် ..၊ ငါ့ကျောနောက်ကနေ အမြှောက်နဲ့ချိန်ထားပြီဆိုရင်လည်း ငါ ဂရုမစိုက်ဘူး .."

"ဟုတ်မှာပေါ့ .. ရှင့်လိုလူက အသက်ထွက်တဲ့အထိ 'ငါကွ' လို့ အော်ရင်း သေမယ့်လူပဲ .."

ပြည့်သျှင် မျက်မှောင်ကုတ်သွားသည်။ သူမရဲ့ မသတီဖွယ် အသံသေးကျစ်ကျစ်လေးကို ဘယ်လိုမှ ဖမ်းမမိပေမယ့် ပြောလိုက်သမျှ 'ရှင့်လိုလူ' ဆိုသည့် အသုံးအနှုန်းတွေဟာ ကိုယ့်အကြောင်း အတွင်းသိ အစင်းသိထဲက လူတစ်ယောက်လိုလို ..၊

ဒါပေမယ့် သူမ ဘယ်သူဘယ်ဝါဆိုတာ သူ့အတွက် လိုအပ်ချက်တစ်ခုမဟုတ် ..၊

"ငါ ပြောတာကို နားထောင် .. ဦး နဲ့ ပတ်သက်တဲ့အပိုင်းက မင်းနဲ့ မဆိုင်ဘူး ..၊ ဒါပေမယ့် ငါ အသည်းအသန်ရှာနေတဲ့ မိန်းမက ပျောက်နေပြီး ယက္ခ အဖြစ်ရှိနေတဲ့ တာနော ရဲ့အနားမှာ မင်းက ရောက်နေတော့ မီးလောင်နေတဲ့အခန်းထဲက လူကို ကယ်ထုတ်သွားတဲ့ကိစ္စက မင်းနဲ့ သက်ဆိုင်ဖို့ ဖြစ်သွားတယ် .."

"ဘာတွေ လာပြောနေတာလဲ ..၊ ယက္ခ က ကျွန်မ ဒရိုင်ဘာပဲ"

"မင်းနဲ့ ဘာဖြစ်နေနေ ငါ စိတ်မဝင်စားပါဘူး .. ငါပြောချင်တာက ဦး နဲ့ ကလေး ဘယ်မှာရှိနေတယ်ဆိုတာ မင်း သိတယ် .."



"မသိဘူး .."

"မင်း ပြောပြော မပြောပြော ငါ စုံစမ်းလို့ ရတယ် ..၊ ဒါပေမယ့် ငါ အခု သိချင်နေလို့ မင်းကို အခွင့်အရေးပေးမယ် .. အဲဒါက ဦး ရှိတဲ့နေရာ ငါ့ကိုပြောရင် မင်း ခုလို အိမ်ကိုဖြိုချပြီး ရတနာတွေရှာဖို့ ကြိုးစားရတဲ့အဖြစ်ဆိုးမျိုးနဲ့ မတိုးနိုင်တော့ဘူး ..၊ မင်းအတွက် သုံးလောက်တဲ့ငွေ အမောင့် ငါ ပေးနိုင်တယ် .."

"သူ့ရဲ့ကောင်း တို့ မောင်နှမ ချမ်းသာသလောက် ရှင် ပေးနိုင်သလား .."

ပြည့်သျှင် မျက်ဝန်းတွေ စူးရှသွားသည်။ သူမ ပြောဆိုပုံတွေက ကိုယ်ချစ်မြတ်နိုးတဲ့ လင်ယောကျ်ားတစ်ယောက်အကြောင်း ပြောနေတာနဲ့ မတူဘူး ..။

ခနဲ့တာ ရွံ့တာတွေနဲ့အတူ ပြုံးပြက်လက်သွားသည့်မျက်ဝန်းထဲမှာ လောဘတွေက သီးသန့် ဖြစ်ထွန်းနေခဲ့လျက် ...

"မျှော်လင့်မနေနဲ့ ပြည့်သျှင် .. ရှင့်လို သေလူတစ်ယောက်ဆီက တစ်စိုးတစ်စိသော ငွေကြေးပမာဏလောက်နဲ့ ကျွန်မရဲ့ဆုံးဖြတ်ချက်တွေကို ယိုင်လဲစေမှာ မဟုတ်ဘူး .."

"ဘာလဲ .. ဒီစံအိမ်ကြီးနဲ့ ဒေါပန်းမြတ်မာလာ ရဲ့ ကြာကန်အင်မ်ကြီးမှာ ထင်သလို မွှေနှောက်ရှာမယ် ဆုံးဖြတ်ချက်လား .."

"ကျွန်မက သူတို့ချွေးမပဲ .. အမွေဆက်ခံနိုင်တဲ့ သူတို့ရဲ့မြေးအတွက် ကျွန်မ ကြိုးစားခွင့်ရှိတယ် .."

"ကြိုးစားခွင့်မရှိခဲ့လို့ မင်း ခုလို ခိုးချောင်ခိုးဝှက် ထွက်နေရတာပေါ့ ဘဒ္ဒါ .. မင်း ကိုယ့်အခြေအနေကို နားမလည်သေးဘူးထင်တယ်.."

ဘဒ္ဒါ မျက်နှာက လူသတ်တော့မည့်ပုံ ဖြစ်သွားကာ ထိုနေရာကနေ ဆတ်ခနဲ ထရပ်လိုက်၏။ ထိုအခါ တံခါးနဲ့ အမိုးပေါ်မှာ လက်တင်၍ ရပ်နေသည့် ပြည့်သျှင် နဲ့ ရင်ဘတ်ချင်း တိုက်မိမလို ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ပြည့်သျှင် ဖျတ်ခနဲ နောက်ဆုတ်ပစ်လိုက်မှ လွတ်ရုံလေး နီးကပ်စွာ ရပ်မိကြပြီး …

"ကျွန်မကို ဘယ်သူကမှလည်း နားမလည်ခဲ့ကြပါဘူး၊ ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်ချင်ဘူး …၊ တစ်ခု သေချာတာက ရှင့်ကို သတ်ပစ်ချင်တယ် .. ရှင့်ကို မုန်းမိတဲ့အမုန်းကြောင့် ရှင့်ကို သတ်ကို သတ်ရမှ ကျေနပ်နိုင်မယ့်စိတ်ဟာ သိကြားမင်းစည်းစိမ်ပဲရရ .. ကျွန်မ ဘယ်လိုမှ ပြေပျောက်မှာ မဟုတ်ဘူး .."

သူမမျက်လုံးတွေက ဝင်းဝင်းလက်လက်ဖြစ်နေကာ တံလျှပ်ထနေသည့်အတိုင်း …၊

"ကျွန်မချစ်တဲ့သူကို ဆုံးရှုံးရတဲ့အတိုင်း ရှင်လည်း ဒီတိုင်း ဖြစ်နေရတာ သဘာဝကျပါတယ် …၊ အဲဒီတော့ ရှင် ကျွန်မကို အခု သတ်မလား .. လုပ်စမ်းပါ …၊ မဟုတ်ရင်တော့ ရှင့်ကို ကျွန်မနဲ့ ကျွန်မသားက သတ်မှာပဲ .. ဦးဆောက်ပန်း ကို ရှင် ရှာတွေ့ရင်တောင် သူ့အဒေါ်ကို သော က ရှင်နဲ့ ဘယ်လိုမှ ပေါင်းစေချင်မှာ မဟုတ်ဘူး .."

ပြည့်သျှင် က တစ်ခွန်းတစ်ပါဒမျှ မပြောဘဲ နားထောင်နေခဲ့၏။ ဘဒ္ဒါ့ အကြည့်တွေက ပို၍ ရိုင်းစိုင်းလာကာ …

"အေးဆေးနေလိုက်တော့ ပြည့်သျှင် .. အမုန်းဆိုတာ အချစ်နဲ့ အနီးဆုံးဆိုပေမယ့် သွေးစွန်းခဲ့တဲ့ ကလဲ့စားအမုန်းက သွေးစွန်းပြီးမှ ပြန်ပျောက်မှာ .. ရှင့်ကို မသေသေအောင် သတ်မယ် .."

မျက်နှာကို စေ့စေ့ကြည့်ပြီး ကြိမ်းဝါးတာတောင် အားမရနိုင် …၊ ဘဒ္ဒါ ရင်ထဲမှာ နှလုံးသားတစ်ခုလုံး ဆတ်ဆတ်ခါနေသည်။ အသက်တွေ ဘယ်လိုကြီးကြီး အချစ်က နငယ် လတ်ဆတ်နေဆဲပါ …။

သူမရင်ထဲမှာ ခုချိန်ထိ အချစ်က တစ်ဖက် .. အမုန်းက တစ်ဖက် ရှိနေခဲ့သည်။ သေလောက်အောင် စွဲလမ်းခဲ့ရသူကို သတ်ပစ်ချင်အောင် မုန်းနေပေမယ့် ခဏလေးဖြစ်ဖြစ် ကြင်နာချင်မိသည်။





သူကတော့ ဟိုတုန်းကလည်း ရက်စက်ခဲ့သည် …၊ ခုချိန်ထိလ
ရက်စက်နေတုန်း …။

ကိုယ်ဟာ သူ့အတွက် ခဏတာ သာယာဖွယ်အဆင့်ထက် မ
ဘဲ ဦးဆောက်ပန်း ကတော့ သူ့အသက် သူ့ဘဝ ဖြစ်နေဆဲ …။

မျက်ဝန်းမှာ မျက်ရည်တို့ ယိုစိမ့်လာခဲ့သည်။ သူ အသာတကြ
ဖွင့်ပေးခဲ့သည့်လမ်းကို လျှောက်ထွက်လာခဲ့ရင်း ကိုယ့်ကားဆီ
တော့ အားပါးတရ ရှိုက်ငိုမိသည်။

အချစ်သည် ဆုံးရှုံးတတ်ခြင်းလည်း ရှိသည်ဆိုပေမယ့် ထ
အဖြစ် ဆုံးရှုံးနိုင်သည်ဆိုတာ သူမ မယုံပေ …၊

ခုတော့ ကိုယ်ကသာ အမြဲတမ်း ချစ်နေရသည့်ဘက်မှာ ရှိ
လျက် …၊

အချစ်သည် ကိုယ့်ထံမှာ ဘယ်တုန်းကမှ မရှိခဲ့တာလား …။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆၁)

ကိုယ့်ကျေးဇူးရှင်လို့ မြင်ယောင်နေလို့ပဲ ပိုလှနေတာလား မသိ…၊ ကိုယ့်ရှေ့မှာ ထိုင်နေသော ဦးဆောက်ပန်း ဆိုသည့် အမျိုးသမီးဟာ စိတ္တဇဝေဒနာရှင်ဆိုတာလည်း မသိသာ …၊

ကိုယ့်လိုအသက်အရွယ် ရှိနေပြီဆိုရင်ရော ဘယ်သူယုံမှာလဲ …၊

သူမက နှုချိန်ထိ နုပျိုနေဆဲ …၊

သွယ်နွဲ့သည့်ကိုယ်ဟန်အလှက အစ မျက်နှာလေးအဆုံး ဖြူနုနုနှင့် ဝင်းမွတ်နေလေသည်။

"ဒဦး က တော်တော်ကို နုပျိုသေးတယ် နော် … မေမေ့လိုအရွယ် ဆိုတာ ယုံတောင် မယုံနိုင်ဘူး …"

မို က ဒေါ်ဒေါ်ဦး ကို ခေါင်းငြိမ့်ပေးရင်း ပြုံးသည်။

မေမေနဲ့ မို တို့ရဲ့ ငြိမ်းချမ်းရေးအစဟာ ဒေါ်ဒေါ်ဦး ပါလာတော့ ငိုပြီး စိုပြည်သွားခဲ့သည်။





ဦးပြည့်သျှင် ဆိုတာကို နာမည်ခေါ်တာတောင် မကြိုက်သေးမယ့် ဒေါ်ဒေါ်ဦး ကိုတော့ မေမေက သူ့ညီမလေးတစ်ယောက်လို တကယ်ကို တယုတယပါ …။

"ပြောရရင် ကိုယ့်ကျေးဇူးရှင်ဆိုတာ သိနေလို့ရယ် … ကိုကောင်း ကိုတောင် မေမေ သေချာ မရင်းနှီးခဲ့ဘူး … သူ့ကိုလည်း မတွေ့ခဲ့ဖူးပါ ဘူး …၊ ခုတော့ မေမေတို့က ပြန်ပြီး ကျေးဇူးဆပ်ခွင့် ရပြီပေါ့ …"

မေမေ ကျေနပ်နေတာကို မို ဝမ်းသာပါသည်။ ဒါပေမယ့် စိတ်ရှုပ် ထွေးခြင်းဝေဒနာတွေ အလူးအလဲနှင့် ပုလင်းထောင်နေသည့် သော ရဲ့ မျက်နှာကို မြင်ယောင်နေမိတော့ ပြုံးရတာတောင် ပီပြင်ကြည်လင်စွာ မဖြစ်ခဲ့ဘဲ …

"သူ့ကို ဦးပြည့်သျှင် က သိပ်ချစ်တာ မေမေ …"

"လာပြန်ပြီလား မို …"

နာမည်ပါလာတာနှင့် ပြုံးနေသည့် ဒေါ်သဲမာ မျက်နှာ ဖျတ်ခနဲ ပြောင်းလဲသွား၏။

"သမီးကို မေမေ မတားဆီးခဲ့တာနော် … သဘောတူ ခွင့်ပြုခဲ့တာ မဟုတ်ဘူး … မေမေတို့ နောက်ထပ် အဆင်မပြေမှုတွေ မဖြစ်ချင်ရင် ကိုယ့်အလုပ် ကိုယ်လုပ် …၊ ဟိုအကြောင်း ဒီအကြောင်း ပါလာတာတွေ လျှော့ …"

"သူတို့မိသားစုချင်း ပြဿနာတွေ အရှမ်းရှုပ်ထွေးနေတာ မေမေ ရယ် … ဦးသူ့ရဲ့ကောင်း မိသားစုကို မေမေ စိတ်ဝင်စားရင် ဦးပြည့်သျှင် ဆိုတာကိုလည်း ချန်ထားခဲ့လို့ မရဘူး …"

"အေး … ချန်ထားခဲ့လို့ မရရင် ညည်းပဲ တွေး … ညည်းပဲ ရှေး …၊ ငါ ဘာမှ မသိချင်ဘူး …"

သော ရဲ့ခြေလှမ်းတွေ ရပ်တန့်သွားသည်။

လမ်းပြင်နေသည့်နေရာကို ကားဖြတ်လို့ မရသဖြင့် အိမ်ထိ ခြေ



www.burmeseclassic.com

www.burmeseclassic.com



ကျင်လျှောက်လာခဲ့တာမှာ ပေါ်တီကိုအောက် ခြေချမိသည်နှင့် အထဲက မပြေလည်သံတွေက စူးခနဲ ..။

"ငါ့သမီးကို ညည်းကို ငါ ပစ်မထားနိုင်ဘူး .. ဒါပေမယ့် ပြည့်သျှင် ရဲ့အမှုကို ခုချိန်ထိ ညည်း .."

"အဲဒါ မို ပြောပြမလို့ မေမေ .. ဦးပြည့်သျှင် က ဒီအမှုကို တကယ် စွဲဆိုဖို့ မဟုတ်ဘူး .. သူ ကြိုးစားခဲ့ကာတွေက အိမ်ခြံမြေ ပိုင်ဆိုင်ခွင့် မဟုတ်ဘူး မေမေ ..။ ဒေါ်ဒေါ်ဦး မသေဘူးဆိုတဲ့ သတင်းအစ ရသွားလို့ အဲဒီနောက်ကို လိုက်ချင်တာ .."

"ဘာ!..."

"သူက ဒေါ်ဒေါ်ဦး ကို သိပ်ချစ်တာ .."

"နေပါဦး .. သူချစ်တဲ့မိန်းမက မဦး ဆိုတာ ညည်းက ဘာဖြစ်လို့ သေချာနေတာလဲ ..။ ဒီလူက မိန်းမတွေကို အပျော်သဘောထက် ပိုခဲ့တာ မရှိဘူးတဲ့ ..။ ဟိုတုန်းတည်းက လွတ်လပ်ပျော်ပါးမှုနောက် လိုက်ပြီး ကိုယ့်မိဘ စီးပွားပျက်တာတောင် သိခဲ့တာ မဟုတ်ဘူး ..။ ဖြစ်ကြပြီ ပျက်ကြပြီဆိုမှ ဘယ်က ခားပြတိုက် ကြီးပွားလာမှန်း မသိဘဲ သူ့အိမ်ကို ပြန်ယူမယ် ..။ ကုမ္ပဏီကို ပြန်ဖြုတ်ချမယ် ဘာညာနဲ့ တပည့်တပန်းတွေနဲ့ ပေါ်လာတာတဲ့ .."

"ဘာတွေဖြစ်ဖြစ် ဒါတွေက သူ့မိသားစုကိစ္စတွေပါ မေမေရယ်.."

"ဟဲ့ .. လူတစ်ယောက်ရဲ့ကာရိုက်တာက သူ့ဘဝပဲလေ .."

"ဟုတ်တယ် .. ဦးပြည့်သျှင် ရဲ့ကာရိုက်တာက အဲဒီတိုင်း ဖြစ်ရင် ဖြစ်မယ် ..။ ဒါပေမယ့် သူ ဒေါ်ဒေါ်ဦး ကို သိပ်ချစ်ခဲ့တာ .. အဲဒါတွေ ပြောပြနေတော့ သူ မျက်ရည်တွေ လည်နေတယ် .."

"ဘုရား!... ဘုရား .. အဲ့ဒါ ညည်းကို ဖြားယောင်းချင်တာ မို ..။ ယောကျ်ားတစ်ယောက်က မိန်းကလေးတစ်ယောက်ရှေ့မှာ တခြား မိန်းမတစ်ယောက်ကို ချစ်ပြနေရင် အဲ့ဒါ .."





"မေမေရယ် .. မို က ဆယ့်ခြောက်နှစ်သမီးလည်း မဟုတ်ပါဘူး..။ ပြီးတော့ ဦးပြည့်သျှင် က အဲဒီလိုလူစား မဟုတ်ဘူး .. မို ခံစားမိတယ်..။ ဒေါ်ဒေါ်ဦး ကို ချစ်တဲ့စိတ်နဲ့ ဦးသူရဲကောင်း ကို ကလဲ့စားမချေတော့ဘူးလို့ သူ ဆုံးဖြတ်ခဲ့တယ် ..။ ဒါပေမယ့် အဲဒီအချိန်လေးအတွင်းမှာပဲ ဦးသူရဲကောင်း ရောက်လာပြီး အခြေအနေတွေ ရှုပ်ထွေးကုန်တာ .."

မို က ပြည့်သျှင် ပြောပြတဲ့အတိုင်း ပြန်ပြောပြသည်။

"သူနဲ့ ဒေါ်ဒေါ်ဦး လေဆိပ်ကို ဆင်းခါနီးမှ ဦးသူရဲကောင်း က ကွက်တိရောက်လာတာ ..။ မီးလောင်ခဲ့တာတွေ .. သတ်ဖြတ်တာတွေ သူ ဘာမှ အမိန့်မပေးခဲ့ဘဲ ဖြစ်ကုန်တာ .."

"ဟွန်း .. သူ ပြောတာပေါ့ .."

"မို့ ကို သူ ညာပြောစရာ အကြောင်းမရှိဘူး မေမေ .. ဖေဖေ့ သူ့ကြောင့် သေရတယ်ဆိုတာ မို့ မျက်နှာကိုကြည့်ပြီး သူကိုယ်တိုင် ဝန်ခံတယ် ..။ သူ ရှင်းပြတာတွေက ဖေဖေ့အကြောင်းတွေ မဟုတ်ဘူး.. မို ရှေ့နေဖြစ်နေတဲ့အတွက် သူ့ရဲ့ဒါရိုက်ရှင်ကို ဆွေးနွေး တင်ပြတဲ့ သဘော .."

"အေးပေါ့အေ .. ညည်းက ဖအေကိုသတ်တဲ့လူကိုတောင် ကာကွယ်ပေးဖို့ ကြိုးစားတဲ့ ရှေ့နေကောင်းပဲ .."

"အဲဒါလည်း သူ မို့ ကို တမင်ရည်ရွယ်ချက်နဲ့ ရွေးချယ်ခဲ့တာ မဟုတ်ဘူး .. ဒါပေမယ့် သူ့ရဲ့အကျိုးဆောင်က မို ဖြစ်နေတဲ့အတွက် သူ့ခန့်မှန်းချက်နဲ့သူ ဒါတွေကို ယုံကြည် ပြောပြခဲ့တာ .. ဦးသူရဲကောင်း တို့မောင်နှမ ဒီလိုဖြစ်တာဟာ လွဲမှားစွာ တိုက်ဆိုင်ခြင်းလို့ပဲ သူ တွက်ခဲ့တာပါ ..။ ဒေါ်ဒေါ်ဦး မသေဘူးဆိုတာ သိရမှ ဒါတွေအားလုံးက လုပ်ကြံမှုဆိုတာ သူ သိခဲ့တာ .."

"အရမ်းကို ရှုပ်ထွေးနေတာတွေ စိတ်မဝင်စားနဲ့ မို .. သူတို့ရဲ့ အတိတ်က ဘာတွေပဲ ရှိခဲ့ရှိခဲ့ သူက ညည်းအဖေကို သတ်ခဲ့တဲ့လူ .."



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ် .. ဒါပေမယ့် ဦးသူရဲကောင်း နဲ့ သူတို့ ရင်ဆိုင်မိကြသလို အတွံ့အလှည့်ချင်းတော့ မတွေ့ပါဘူး မေမေရယ် .."

"ဘာ!..."

"ဖေဖေက ဦးပြည့်သျှင် ရဲ့ မိဘတွေလက်ထက်က စပြီး ငြိခဲ့ကြတာ ..၊ ဖေဖေနဲ့ သူ့ခေတ် ရောက်လာတော့လည်း ဦးပြည့်သျှင် က ကုမ္ပဏီပြန်ရရေးကိုပဲ အာရုံစိုက်ခဲ့တာ မေမေ .. ဖေဖေကသာ ဦးပြည့်သျှင် က မိဘလက်ထက်ကကိစ္စကို ငြိုးပြီး ကလဲ့စားချေမှာပဲ ထင်ခဲ့တာ ..၊ ဦးသူရဲကောင်း အကူအညီယူပြီး ဦးပြည့်သျှင် ကို .."

"သဒ္ဒါပိုမို .. ညည်းက ဖအေကို မကောင်းထင်လာတဲ့အထိ ဒီလူကို ယုံနေပြီပေါ့ .. ဟုတ်လား .."

"မဟုတ်ဘူး မေမေ .. ဖေဖေနဲ့ပတ်သက်တဲ့အပိုင်းကို သူ ပြောတာမဟုတ်ဘူး ..၊ ဖေဖေ့ဒိုင်ယာရီထဲမှာ ဖတ်ခဲ့ရတာ .."

ဒေါ်သဲမာ ဘာမှမပြောနိုင်ဘဲ ဖြစ်သွားသည်။

"ဦးသူရဲကောင်း နဲ့ ဦးပြည့်သျှင် ရဲ့ပြဿနာမှာ ဘယ်သူမှားတာ ဘယ်သူမှန်တာကို မသိရပေမယ့် မို သိတာကတော့ ဒေါ်ဒေါ်ဦး ကို တော်တော်ချစ်တဲ့သူ ဆိုတာပဲ .. သော ကိုယ်တိုင် ဦးပြည့်သျှင် ထွက်လာအောင်လို့ ဆင့် ကို သူသတ်တာလို့ပြောပြီး စိန်ခေါ်ခဲ့တာ ..၊ တခြား ရန်စခဲ့တာတွေလည်း ရှိတယ် .. ဒါပေမယ့် ..."

"ဆင့် ကို သူ သတ်တာပဲ .. အဲဒါကြောင့် ညည်းမောင် ခုလို..."

"သူ့ချစ်သူ သေသွားလို့ စိတ်လေသွားတာပါ မေမေရယ် .. သော ကို သူ စိတ်ကွက်ခဲ့တာမှ မဟုတ်တာ .. အဲဒါ မို သိတယ် ..၊ ခုလို ထွက်သွားတဲ့ အဓိကအကြောင်းကတော့ သူရှိနေရင် သော ကို သူ ရှောင်မှာ မဟုတ်ဘူး .. အဲဒီအခါ တစ်ဖက်နဲ့တစ်ဖက် အထင်လွဲမှုတွေ ပိုပြီး ကြီးထွားလာမှာ စိုးလို့ပါ .."

"ဩော် .. ဩော် .. ငယ်တဲ့လူကတောင် ရှောင်ထွက်သွားခဲ့တာ





ကို ညည်းက အဲဒီလူနဲ့မှ တိုက်ရိုက် ပတ်သက်ပြလိုက်တယ် .. ဟုတ်လား .."

"မေမေရယ် .."

ရှင်းပြနေရင်း ရှုပ်လာသဖြင့် ကိုယ့်ကိုယ်ကိုယ် ညံ့လှချေလားလို့တောင် ထင်မိပါ၏။

ဆိုလိုချင်တဲ့ လိုရင်းကို ပေါ်လွင်အောင် သူမ မပြောတတ်သေးတာလား ..၊

"မေမေ့ကို သမီး ရှင်းပြနေတာက ဦးပြည့်သျှင် ကို မုန်းတီးနေတာတွေ ပြေဖို့ မဟုတ်ပါဘူး .. မို တို့ရှေ့မှာ ရှိနေတဲ့ ဒေါ်ဒေါ်ဦး က ဦးပြည့်သျှင် သိပ်ကို တမ်းတ လိုချင်နေတဲ့ သူ့ရဲ့ဇနီး ဖြစ်နေတဲ့အကြောင်း ..၊ ပတ်သက်မှုရှိလာခဲ့တာတွေကို ဆက်စပ်ပြတာ .."

"ငါက ကိုကောင်း ရဲ့ညီမအဖြစ် ကျေးဇူးဆပ်ချင်တာ ..၊ အဲဒီတစ်ခြမ်းကိုပဲ တွေးတယ် .."

"ဟုတ်ကဲ့ပါ .. သော ကလည်း ဦးပြည့်သျှင် ပြင်ဆင်နေတဲ့အမှုကို မို ကိုင်တွယ်မယ်မှန်းသိရက်နဲ့ သူ့အဒေါ်ကို မို့ လက်ထဲမှာ စိတ်ချလို့ အပ်ထားတာ .."

"အဲဒီတော့ ငါက ဘာလုပ်ရဦးမလဲ .."

"သားအမိချင်းမို့လို့ သူတို့ကိစ္စတွေကို ပြောကြည့်တာပါ .. မေမေ့ကို မို ပြောတာတွေက တခြား ဘယ်သူ့ကိုမှ ပြောပြခွင့်မရှိတဲ့ စကားတွေ မေမေ သိလား .. ဒေါ်ဒေါ်ဦး အသက်ရှင်နေသေးတယ်ဆိုတာကို သော တို့က တစ်သက်လုံး ဖုံးဖိ ကာကွယ်လာခဲ့ကြတာ .."

"ဟိုလူက ဘာဖြစ်လို့ သတင်းရသွားတာလဲ .."

မေးခွန်းထုတ်ဖော် ရလာသဖြင့် မို ဝမ်းသာသွားကာ ...

"အဲဒါတော့ မသိဘူး .. သော အမေရဲ့ဓာတ်ပုံကိုလည်း သူပဲ ပြတာ ..၊ သော က ဦးသူရဲကောင်း သားအဖြစ် စိန်ခေါ်နေတာတောင်

www.burmeseclassic.com



ဒေါ်ဘဒ္ဒါနွယ် ကို သူ မစုံစမ်းဘူး ထင်တယ် .. ဒေါ်ဒေါ်ဦး ရဲ့သတင်း ပြန်ရကာမှ သူ့ကို ကလဲ့စားချေဖို့ ပြန်ပေါ်လာတဲ့ သော နဲ့ သူ့အမေကို စိတ်ဝင်စားလာတာ ...၊ ကြည့်ရတာ ဒေါ်ဘဒ္ဒါနွယ် ကို သော ရဲ့အမေ မှန်း မသိပေမယ့် အပြင်မှာတော့ သိထားပြီးတဲ့ပုံပဲ .."

မေမေ စိတ်ဝင်စားနေတာကို မြင်ရတော့ မို က သေချာပြောပြနေကာ ...

"သူ ပြောပြလို့လား ..."

"မပြောပါဘူး.. သူ့မျက်နှာကို အကဲခတ်ကြည့်တာပါ .. တကယ် တမ်းကျတော့ မို တို့မိသားစုကိုရော သော တို့ကိုပါ သူ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး ...၊ သော က စိန်ခေါ်နေပေမယ့်လည်း ဒေါ်ဒေါ်ဦး ရဲ့တူ ဆိုတဲ့ သူ့ရဲ့မသိစိတ်က သော ရဲ့လုပ်ရပ်တွေကို ဥပေက္ခာထားနေခဲ့ တာ ...၊ မို ထင်တာပြောရရင် ဦးပြည့်သျှင် က ဘယ်လောက်ဆိုးခဲ့သလဲ မသိဘူး .. ခု မြင်နေတာကတော့ သူ့မှာ ဒေါ်ဒေါ်ဦး နဲ့ပတ်သက်တဲ့ စိတ်တစ်ခုက လွဲပြီး ဘာမှမရှိတော့ဘူး .."

ကြားရသမျှတွေက နားထဲမှာ သပ်ရိုက်သလို စွဲလာသည်။ ဒေါ်ဒေါ်ဦး ကို တွေ့ဖို့ သွားခဲ့သည့်ခြေလှမ်းတွေက နောက်ကြောင်းပြန် လှည့်ခြင်းသို့ ရောက်၏။

ဒီလူနဲ့ပတ်သက်တာတွေချည်း ဘာဖြစ်လို့ အရပ်လေးမျက်နှာက နေ ကြားနေရတာလဲ ...၊

ဘယ်သူ့ကို ဘယ်လောက်ချစ်တော့ ဘာလုပ်ရမလဲ ...၊ သင်းကို ဘယ်လိုမှ ခွင့်မလွှတ်နိုင် ...။

သူ့ခြေလှမ်းတွေ တုံ့နှေး လေးလံသွားခဲ့တာက မေမေ့ကြောင့်သာ ဖြစ်သည်။

မေမေ့ကို သူ အထင်မလွဲချင် ...၊ မေမေ ခံစားနေရသည့် အစစ် အမှန်ကို သူ သေချာ သိချင်၏။





မေမေနဲ့ သူ့အခြေအနေ ဘာတွေဖြစ်သွားသွား ဖေဖေ့ကိုသတ် သည့် လူသတ်သမားအဖြစ်ကနေ ဦးပြည့်သျှင် ကို ဘယ်တော့မှ နုတ် ထွက်ခွင့် မပြုနိုင် ...။

ဘယ်သူလုပ်ကြံတာဖြစ်ဖြစ် သူဆင်ထားသည့်ထောင်ချောက် သူ့ ခြံဝင်းထဲမှာ ဖြစ်ခဲ့တာတွေပဲ ...။

ဒေါ်ဒေါ်ဦး ကို ချစ်လွန်းလို့ပါ ဆိုတာလည်း အဲဒါ လွှတ်သွားတဲ့ သားကောင်ကို ပြန်ရဖို့အတွက် မုသားတွေ သုံးနေတာ ...။

အိမ်ထောင်ပြုလို့ မဖြစ်ပါဘူးဆိုတဲ့ မိန်းကလေးတစ်ယောက်ကို တမင်တကာ ဘဝပျက်အောင် ဖျက်ဆီး စော်ကားခဲ့တာ အချစ်တွေ လား ...၊

ကားသည် လမ်းရှိနေတဲ့အတိုင်း ခပ်မှန်မှန် ပြေးနေပေမယ့် သူ့စိတ် တွေက ဝေဝါး ထွေပြားနေခဲ့သည်။

ပြည့်သျှင် ရဲ့သားလို့ အထင်ခံရတာနဲ့တောင် ရိုက်သတ်ခံရတော့ မလို ဖြစ်ခဲ့တာကို သတိရမိတော့ မဲ့လိုက်မိ၏။

အဲဒီလို လူချစ်လူခင်ပေါတဲ့ မိုက်ရိုင်း ရမ်းကားသူကြီး ...၊

ကိုယ် ရည်ရွယ်ခဲ့တဲ့ အကြီးမားဆုံး ရန်ကြွေးကို အမြန်ဆုံး ပြီးစီး အောင် ဆပ်ရမည်။ ဒါမှ ဒေါ်ဒေါ်ဦး ကို သူ စိတ်ချလက်ချ စောင့် ရှောက်နိုင်မှာ ဖြစ်သည်။

ဦးပြည့်သျှင် ကို ကလဲ့စားချေခြင်းကိစ္စ ပြီးသွားရင်တော့ မေမေ့ အမုန်းတွေ ဘယ်ကစပြီး အရင်းခံတာပဲဖြစ်ဖြစ် ဒေါ်ဒေါ်ဦး ကိုတော့ ထိခိုက်မခံနိုင် ...။

မေမေ့ဘက်မှာ စိတ်နာစရာအကြောင်းတွေ ဘယ်လောက်ရှိနေပါ စေ ဒေါ်ဒေါ်ဦး ကို ထိုသို့သောမိန်းမမျိုးလို့ ဘယ်လိုမှ မမြင်နိုင်ပါ ...။

ဒါက သူမ စိတ်ဝေဒနာသည်ဖြစ်နေလို့ သနားမိတာဖြစ်နိုင်သလို ဖေဖေ သိပ်ချစ်ခဲ့တဲ့ ညီမအဖြစ် အပြစ်မမြင်ရက်တာလည်း မှန်၏။



www.burmeseclassic.com

www.burmeseclassic.com



မေမေက တစ်ကိုယ်တည်း အမြဲတမ်း ရပ်တည်နိုင်ခဲ့သူ ဖြစ်ပေမယ့် ဒေါ်ဒေါ်ဦး က စောင့်ရှောက်မယ့်သူ မရှိလို့ မရ ..။

မေမေ့ကို မထိခိုက်စေချင်တာကြောင့် သူ့လုပ်ရပ်အပေါ် အများကြီး သုံးသပ်ခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့် သူ အရေးကြီးဆုံးလုပ်ရမည့် ရည်ရွယ်ချက်ဆီ စိတ်က ပြန်ရောက်လာသည်။

ဦးပြည့်သျှင် ကို သူ သတ်ပစ်ရမည် ..။

ထိုစဉ် ဆုံးဖြတ်ချက်နှင့်ထပ်တူ ဖုန်းသံ မြည်လာခဲ့၏။

"ဟလို .. ပြောလေ မို .."

"သော .. ရှင် ဘယ်မှာလဲ .."

"ကားပေါ်မှာ .."

"ဘယ်သွားမလို့လဲ ..၊ ကျွန်မ ခုပဲ အိမ်ကထွက်လာတယ် .. ရှင့်ကိုလည်း ပြောစရာရှိလို့ .."

"ဘာလဲ .."

"ဒေါ်ဒေါ်ဦး က ကြောက်နေတာ ထင်တယ် .. မျက်ရည်တွေပဲ လည်နေတယ် ..၊ အခန်းပြင်ထွက်ဖို့ မနည်းခေါ်ထုတ်ရတယ် သိလား..၊ ပြီးတော့ ဘာဖြစ်ကျွေးကျွေး လုံးဝ မစားဘူး .."

"... ... ... ..."

"သော .. ရှင် ကြားရဲ့လား .."

"ကြားတယ် .. အဲ့ဒါ ကိုယ် ဘာလုပ်ပေးရမလဲ .."

"သူ့ကို အပြင်တစ်ခါလောက် ခေါ်ထုတ်ပြီး အေးအေးချမ်းချမ်း စားသောက်ပြန်လာချင်တာ ..၊ အဲဒါဆိုရင် သူ့မှာ ဘာရန်သူမှ မရှိဘူးလို့ ခံစားမိပြီး ပုံမှန်ဖြစ်မလားလို့ ..၊ ကျွန်မတစ်ယောက်တည်းလည်း ခေါ်မလာရဲလို့လေ .. ရှင် လာနိုင်မလား ..၊ အခု ကျွန်မ ပြည်လမ်းဘက်ကို သွားနေတာ .."





"ဒီနေ့တော့ ထားလိုက်ကွာ .. ငါ အရေးကြီးတဲ့ကိစ္စ ရှိနေလို့ ..၊ အဲ့ဒါပြီးတာနဲ့ ဒေါ်ဒေါ်ဦး ကို ငါ ပြန်ခေါ်မှာပါ .."

"ကျွန်မက တာဝန်ကြီးလို့ ပြောနေတာ မဟုတ်ဘူးနော် .. မေမေကလည်း ဒေါ်ဒေါ်ဦး ကို ချစ်တယ် ..၊ အိမ်မှာထားတာ ရှင့်အတွက် အဆင်ပြေမှာပါ .."

"ဒါပဲလား .. ငါ အရမ်းစိတ်ရှုပ်နေတယ် မို .. မပြောချင်တော့ဘူး .."

မို အသံလေး တိတ်သွားရှာသည်။

ဒါပေမယ့် မတတ်နိုင် ..၊ ဖုန်းပိတ်ပစ်လိုက်ပြီး ကားကို ပြည့်သျှင်ရဲ့နေအိမ်ရှိရာ ဦးတည်လိုက်၏။

ဒီနေ့ ဘာနေ့ဖြစ်ဖြစ် .. ဒီအချိန်က ဘယ်အချိန် ဖြစ်နေပါစေ ဦးပြည့်သျှင် နဲ့ သူ နှစ်ယောက် တစ်ယောက်ကျန် ..၊ ဒါမှမဟုတ် နှစ်လောင်းပြိုင် ဖြစ်သွားမလား ..၊

ဒီနေ့က သတ်ပွဲကျင်းပရမည့်နေ့ ဖြစ်သည်။

ပြည်တည်နှာတစ်ခုလို တဆစ်ဆစ် ဒုက္ခပေးနေတာကို မခံစားနိုင်တော့ပေ ..။

ဟိုက ဒီက တစ်မျိုးစီ ကြားလာ သိလာရတဲ့ အကြောင်းအရာမျိုးစုံ ကြောင့် ချာချာလည်မတတ် ဖြစ်လာခဲ့သည့် ကိုယ့်ခေါင်းတွေ ကြာကြာနေရင် မီး ထတောက်တော့မည် ..။

ကားက အရှိန်တွေ မြင့်လာခဲ့သည်။ ဖြတ်ကျော် ကွေ့ကောက်တက်ခဲ့သည့်လမ်းကြောင်းက အသည်းယားဖွယ် ဖြစ်နေ၏။

ကျန်ရစ်သည့်ကားတွေထံမှ ဟွန်းသံ ..၊ ဆဲသံတချို့ကို နားထဲက သတိထားမိလာမှ အနည်းငယ် လျှော့ကျနေသည့်မှန်ကို ဒုတ်ခနဲ ပြန်တင်လိုက်သည်။

ထိုစဉ် ဖုန်းသံကြောင့် ကျွတ်ခနဲ ဖြစ်သွားမိကာ...

www.burmeseclassic.com

www.burmeseclassic.com



"ပြော .."

မို လို့ပဲထင်ပြီး မကြည့်ဘဲ နားထောင်လိုက်မိ၏။ သို့သော် ...

"ကိုသော .. ကိုသော ရဲ့အမေ ကားမောင်းထွက်သွားပြီ ..၊ ကြည့်ရတာ အခြေအနေမကောင်းဘူး .. တစ်ခုခု မကောင်းတာလုပ်တော့မယ် ထင်တယ် .."

"ဘယ်ယမ်းကိုလဲ .."

"တက္ကသိုလ်ရိပ်သာလမ်းပေါ်ကို ရောက်လာပြီ .. ဦးတည်နေတာ က .."

သူ သိလိုက်သည်။ ကားက အနည်းငယ် တုံ့သွားပြီးမှ ညာဘက်ကို ဝေါခနဲ ဝိုက်၏။

မို လည်း အပြင်ရောက်နေသည်။ မေမေ ဒေါ်ဒေါ်ဦး ဆီကို ရောက်သွားလို့ မဖြစ် ..။





အခန်း (၆၂)

"ကျွို .."

"ဟင်!..."

ရှေ့မှာ ခေါင်းတိုးဝင်လာသည့်ကားကြောင့် ရုတ်တရက် ထိတ်လန့်သွားသည့်စိတ်က သော ရဲ့ကားမှန်း သိလိုက်တာနှင့် ထောင်းခနဲ ဖြစ်သွားသည်။

"တောက်!..."

ဘဒ္ဒါ တက်ခေါက်ရင်း ဘေးမှာ မျက်လုံးအဝိုင်းသားနှင့် ရှိနေသည့် ဦးဆောက်ပန်း ကို လှည့်ကြည့်လိုက်မိသည်။

"ဟွန်း .. နင့်ကို ဒီနေ့မှ ငါ သတ်ခွင့်မရရင် ငါ့ရဲ့ မင်းသမီးခေါင်းဆောင်းထားတွပါ ကွာကျပါစေ .. ဘာတွေဖြစ်သွားသွား .. နင့်ကို သတ်မယ် ..၊ နင့်ကြောင့် ငါ ချုပ်ကိုင်လှည့်စားလာခဲ့တဲ့ ယောကျာ်းတွေ က ငါ့ကို သံသယဝင်ကုန်တာ .. ခုချက်ချင်း နင် သေရမယ် မိုဦး .."

"မေမေ နေဦး .. ကားရပ်လိုက်ပါ .."

သော ကားပေါ်ကပြေးဆင်းကာ တံခါးကို အတင်းပုတ်၍ အော်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဒ္ဒါ က အံကြိတ်၍ ကားကို အကြမ်းပတမ်း ဘက်ခ်ဆုတ်ပစ်၏။

"တီ .."

အရေးတကြီး ကားဟွန်းသံကြီး ပေါ်လာကာ နောက်မှာ ဘွားခနဲ ပေါ်လာသည့်ကားက ခေါင်းတစ်လုံး ပြူထွက်လာ၏။

"ဘာတွေဖြစ်နေတာလဲ .. နောက်မှာ ကားရှိနေတာ မမြင်ဘူးလား .."

"တီ ..."

နောက်ထပ်ကားတစ်စီး ထပ်ခံလာကာ ကိုယ့်နောက်မှာ ကားတွေ ထပ်လာသဖြင့် ဘဒ္ဒါ ပြန်ဆုတ်ပြီး ထွက်သွားလို့ မရတော့ပေ ..။

ထို့ပြင် ဦးဆောက်ပန်း က သူ့မဘက်ကတံခါးကို ဖွင့်၍ ဆင်းဖို့ပြင်၏။

"ဟဲ့ကောင်မ .. နေစမ်း .."

ဘဒ္ဒါ လော့ခ်ချလိုက်ဖို့ ကြိုးစားတာ နောက်ကျသွားသည်။ ဒေါသတွေနဲ့ မိုးမွှန်ကာ လော့ခ်ချဖို့ကို သတိမရခဲ့သည့်အပြစ်ကြောင့် သော က တံခါးကိုဆွဲဖွင့်၍ ဦးဆောက်ပန်း ကို ခေါ်ချသွားသည်။

ထိုစဉ် နောက်ထပ်ကားတစ်စီး ရောက်လာပုံက အလျှင်စလို ဖြစ်လျက် ...

"သော .."

"ဟင်!... ပြည့်သျှင် .."

သွားပြီ .. လုံးဝ သွားပြီ ..၊

ဘဒ္ဒါ မျက်လုံးတွေ မှုးမိုက်ပြာဝေသွားသည်။ အားလုံး ဆုံစည်းကုန်သည့်အဖြစ်မှာ သူမ ဘယ်လိုဇာတ်ရုပ်နဲ့ ဆက်ကမလဲ ..။

"ခင်ဗျား .."

"အား!..."





"ဂျိမ်း .."

"နေဦး .. နေပါဦး .."

ပြည့်သျှင် ပြေးလာပေမယ့် သော က ဦးဆောက်ပန်း ကို ကားထဲ တွန်းထည့်ကာ တံခါးကို ဆောင့်ပိတ်ပစ်လိုက်သည်။

"ဦး .. ဦး ကိုကြီးကို ကြည့်စမ်း .."

"ဘုန်း .. ဘုန်း .."

ပြည့်သျှင် ကားမှန်ကို တအားပုတ်၍ အလျှင်စလို ခေါ်သည်၊ ပြီးတော့ ဖွင့်ဖို့ ကြိုးစားလျှင် ...

"ခင်ဗျားကြီး မထိနဲ့ .."

"ခွပ် .."

မျက်နှာ ပက်ခနဲ လန်သွားသည်။ နောက်ထပ် သော ရဲ့လက်သီးချက် ထပ်ရောက်လာတော့ လက်နဲ့ ရိုက်ထုတ်ပစ်ကာ မှန်တံခါးနားကို ပဲ ကပ်၍ ...

"ဦး .. ဦး ဒီမှာ ကိုကြီးကို ကြည့် .."

"ဟာကွာ .."

"ဘုန်း .."

ဦးဆောက်ပန်း ကားထဲကနေ အခြေအနေတွေကို မြင်နေရသည်၊ သော ရဲ့ထိုးနှက်ချက်များမှာ ယိုင်နဲ့ ကုန်းကွနေသည့်လူဟာ ကားမှန်နားကနေ မခွာဘဲ သူမကို ခေါ်နေသည်။

မှန်နားကို တစ်ခါကပ်လာတိုင်း နှုတ်ခမ်းမှာ သွေးစတွေ များလာသည်။ ထိုစဉ် တခြားကားကလူတွေ ပြေးလွှားဆွဲလာကြတာ တွေ့၏။

မကြာခင် သော က သူမဆီးမှာ ဆောင့်ခနဲ ဝင်ထိုင်လိုက်တာ ကားတစ်စီးလုံး သိမ့်သိမ့်ခါ၏။

"သော .. ခဏနေပါဦး ..၊ ယော့ကောင် .. မင်းကို ငါ ပြောပြမယ်..၊ မင်း မသိသေးတာတွေ .. ဟေ့ .."



www.burmeseclassic.com

www.burmeseclassic.com



လူတွေ ဝိုင်းဝန်းဖေးမနေသည့်ကြားကနေ သျှင် တအားပြေးလိုက်လာ၏။

"တောက် .. ဒီလူတော့ ..."

သော မျက်နှာတစ်ပြင်လုံး နီရဲ ညိုမှောင်လာ၏။ ကားကို ထော်လော်ကန့်လန့်ရပ်ထားသဖြင့် ပုံပန်းမကျစွာ ထွက်လာခဲ့ရလျှင် ပြည့်သျှင်က ဟိုဘက်မှန်ကို ပြေးမလို.. ဒီဘက်မှန်ကိုပဲ ခွဲပစ်တော့မလိုနှင့် တအားရိုက်ပုတ်ရင်း ကားဘေးကနေ ပြေးလိုက်လာသည်။

မထင်မှတ်ဘဲ အံ့သြစရာ အရေးအခင်းတစ်ခု ကြုံလိုက်ရသဖြင့် တခြားကားက ဆင်းလာကြသူတွေလည်း ဘယ်သူ့ဘက်က ပါဝင် ဖျန်ဖြေရမှန်းမသိ ဖြစ်ကုန်ကြသည်။ ထို့ပြင် နောက်ထပ်ကားတွေ တစ်စီးပြီး တစ်စီး ထိုနေရာမှာ ပိုများလာကြ၏။

"ဟား .. ဟား .. ဟား ..."

ဘဒ္ဒါ သဘောကျစွာ ရယ်မိသည်။

ကားနောက်ကို ပြေးလွှားလိုက်နေရင်း ပုံကျမတတ် ရင်ကွဲ ကျန်ရစ်ခဲ့သော ပြည့်သျှင် အဖြစ်က သူမအတွက် နာကျင်ခံခက်ဖွယ် ဖြစ်သလို လှောင်ရယ်စရာ မြင်ကွင်းတစ်ခုပဲ ဖြစ်လေသည်။

'ဒီမိန်းမကို ရှင် ရူးလောက်အောင် ချစ်ခဲ့တယ်ဆိုတာ ယုံသွားပြီ ပြည့်သျှင် ..'

'ဦးဆောက်ပန်း ကို မြင်လိုက်တာနဲ့ ရှင် ဘာလုပ်ရမယ်ဆိုတာတောင် မသိတော့လောက်အောင် ပျာယာခတ်ပြီး ရူးသွားခဲ့တာ ..'

"ဟား .. ဟား .. ဟား .. ဟား ..."

ရင်တွင်းစကားတို့သည် ကြေကွဲသည့်ရယ်မောခြင်းအဖြစ် ကားထဲမှာ တစ်ယောက်တည်း ဟားတိုက်ရယ်ပစ်လိုက်မှ ကျေနပ်၏။

ပြီးတော့ ဂီယာပြန်ချိန်းကာ လီဗာမှာ ခြေထောက်တင်ရင်း အံကြိတ်လိုက်သည်။





"အစကတော့ ရှင်တို့သားအဖတွေ အပြန်အလှန် သေကြ သတ်ကြတာကို အားပါးတရ ထိုင်ကြည့်မလို့ပဲ ..၊ ဒါပေမယ့် အခု ရှင် သေဖို့က အစီက ..၊ ရှင့်ကို အရင် ရှင်းပစ်မယ် .. သေစမ်း .."

လူတစ်ယောက်လုံးကို ကားနဲ့တိုက်သတ်ဖို့ အပြီးသတ် ဆုံးဖြတ်လိုက်သည်။

ပြည့်သျှင် က ဝေးကွာသွားသည့်ကားနောက်ကို လိုက်မမီနိုင်တော့ကာမှ ကိုယ့်ကားနဲ့လိုက်ဖို့ သတိပြန်ဝင်လာသည်။

အစတည်းက ဘာဖြစ်လို့ မတွေးမိခဲ့တာလဲ ..။

ဦး ကို မြင်လိုက် ည့် သူ့စိတ်အာရုံတွေက ကိုယ့်ရင်ခွင်ထဲ ပြန်ဆွဲယူဖို့သာ စိတ်စောစွာ ကြိုးစားမိခဲ့သည်။

သူ့ ဒီလောက်ထိ ဦး ကို နောက်ထပ်ဆုံးရှုံးရမှာကို စိုးရိမ်ခဲ့၏။

သို့သော် ကားကို သတိရပြီး သူ ပြန်လှည့်လိုက်ချိန်မှာ ဝေါခနဲ ပြေးဝင်လာသည့် ကားတစ်စီးက သူ့ရှေ့ကို တည့်တည့် ဦးတည်လာနေ၏။

အန္တရာယ်ဆိုတာ သိလိုက်သည့်အာရုံက စိတ်ကို သတိပေးသကဲ့သို့ လူကိုပါ ကိုင်မြှောက်တွန်းချလိုက်သလို ပြည့်သျှင် လမ်းဘေးကို လိမ့်ထွက်ပစ်လိုက်သည်။

"ဟာ!..."

"သေပြီဟ .."

ဆူညံသံတွေ ပွက်လောရိုက်သွားသည်။

"တောက်!..."

ဘဒ္ဒါ ကားကို ဆက်မောင်းလာခဲ့ရင်း နာနာကြည်းကြည်း တောက်ခေါက်သည်။

လမ်းဘေးမှာ အလူးအလိမ့်ဖြစ်သွားသည့် ပြည့်သျှင် အဖြစ်ကို ကျေနပ်ပေမယ့် မသတ်လိုက်နိုင်တာကို ဘယ်လိုမှ မကျေနပ်နိုင် ..။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် အနီးကပ်ကြီးကိုတောင် လွတ်အောင် ရှောင်သွားသေးသည်။ ဒါနဲ့တောင် ခုနက သော ထိုးကြိတ်သွားတာကို လိုမ့်ခံနေသည်။

တွေ့မယ် ...၊ အဲဒါ ရှင့်သားမှန်း မသိသေးဘူး .. ရှင့်ကိုသတ်ပြီးမှ ပြောမယ် ...၊ ဒီနေ့ သူ့လက်နဲ့ဖြစ်စေ .. ကျွန်မလက်နဲ့ဖြစ်စေ .. ရှင် သေကို သေရမှာ ပြည့်သျှင် ...၊

ဦးဆောက်ပန်း ကို ရှင် တွေ့သွားပြီမို့လို့ ရှင့်ကို အရှင်မထားတော့ဘူး ...၊

ဆုံးဖြတ်ချက်တို့နှင့် ပြင်းထန်ရင်း ဘာလုပ်ရမလဲ အပြေးအလွှား စဉ်းစားသည်။ ထိုစဉ် သူ့ဘေးကို ရောက်လာသည့်ကားဆီ မျက်လုံးရောက်သွားမိ၏။

တီလုံး ...၊

မျက်နှာက လူသတ်တော့မည့် အရိပ်အငွေ့တို့နှင့် တင်းမာနေသည်။ သူမ ကြည့်လိုက်တာမြင်မှ သူမှန်းသိအောင် တမင် မှန်ချပြ၏။

ပြည့်သျှင် ကို ကားနဲ့တိုက်ဖို့ ကြိုးစားခဲ့တာကိုလည်း သေချာမြင်သွားပုံ ပေါ်သည်။

ဘယ်က ဘယ်လို ပေါ်လာတာလဲ ...၊

ဘဒ္ဒါ ကားကို အရှိန်ချလိုက် အရှိန်တင်လိုက် ...၊ မျက်ခြည်ဖြတ်ဖို့ ကြိုးစားရတော့သည်။ ဒီကားနဲ့ဆို လွတ်ပါ့မလား ...။

"တီလုံး ငါတို့ကို ဒီမိန်းမ မျက်ခြေဖြတ်သွားနိုင်တယ် .."

"ဟုတ်တယ် .. ကားတွေက အရမ်းရှုပ်နေတာ .."

အောင်သော် နဲ့ တီလုံး တို့ အခြေအနေကို တွက်ကာ ...

"ဟောကောင်တွေ မင်းတို့ ဆင်း .. တက္ကစီတစ်စီး ငှားပြီး အဲဒီကားကို ညှပ်ပူးညှပ်ပိတ် လိုက်စမ်း .."

ကပ်လို့ရသည့်နေရာမှာ နောက်မှပါလာသည့် လူငယ်တွေကို ချထားခဲ့သည်။





သူတို့ ဒေါသတွေ ပွက်ပွက်ဆူနေသဖြင့် စိတ်စောပြီး အတင်းလိုက်တော့ ရှေ့ကျော်သွားသည်။

ဖြန်ဆုတ်လိုက်တော့ ဘဒ္ဒါ ရဲ့ကားက ကျော်သွား၏။

မီးပွိုင့်မှာ ကွေ့ထွက်သွားတော့ သူ့ကားက လွတ်သွားပြီး သူတို့ကားက မလွတ် ...၊

"တောက်!... ဆရာ့ကိုတောင် လုပ်ကြံရဲတဲ့မိန်းမ .."

"ငါတို့ ဒီမိန်းမကို အလွတ်ပေးလို့ မဖြစ်ဘူးနော် အောင်သော်...၊ သူတို့သားအမိ ဖြစ်ပျက်နေပုံကိုက ပုံမလာဘူး .. အစ်မဦး ကို ဘာလုပ်မလို့ လုနေကြတာလဲ မသိဘူး .."

သူတို့စုံစမ်းမိသမျှ သော ရဲ့အမေက အစ်မ ဦးဆောက်ပန်း ကို သော နဲ့ ခွဲထုတ်နေသလိုလို ...၊ တစ်နေရာကို ခေါ်ထုတ်ဖို့ ကြိုးစားနေကြသလိုလို ...၊

အခြေအနေတစ်မျိုး ဖြစ်နေတည်းက သူတို့ စောင့်ကြည့်နေခဲ့ကြသည်။ ဒီနေ့ ဆရာနဲ့ သူတို့သားအမိကို ခဏလေးပဲ မျက်ခြည်ပျတ်သွားခဲ့တာ ဖြစ်သည်။

ဆရာ လျှင်လို့ပါ ...၊ သူတို့လည်း ကယ်နိုင်မှာမဟုတ်တဲ့ ဆရာသာ နောက်ကျခဲ့ရင် ဒီမိန်းမ ကားနဲ့တိုက်သတ်တာ မတွေးရဲစရာပင် ...။

"တော်တော်ကို အငြိုးကြီးတဲ့မိန်းမ .. ဆရာက နည်းနည်းလေးမှ လှုပ်ရှားဖို့ အမိန့်မပေးလို့ပေါ့ ...၊ မဟုတ်လို့ကတော့ ဟိုတုန်းကတည်းက ဆရာ့ကို ကြီးကြီးကျယ်ကျယ်တွေ ကြိမ်းဝါးနေကြတဲ့ ဒီသားအမိ ပါးစပ်တွေကို ပိတ်ပစ်ပြီးတာ ကြာပြီ ...၊ တောက်!..."

တီလုံး တက်ခေါက်လို့ မပြီးနိုင် ...၊

"မရှိတော့ဘူး .."

"ဟိုရှေ့မှာ လမ်းကြား .. အဲဒီထဲ ဝင်ကွာ .."

"လမ်းကြားက ကားဝင်တဲ့လမ်း မဟုတ်ဘူးကွ .."



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ကားတစ်စီးနဲ့ ရပ်မလို ထွက်မလိုဖြစ်ကာ အံတကြိတ်ကြိတ် ဖြစ်နေဆဲ ဖုန်းဝင်လာ၏။

"ဆရာနိုင် ကားကိုပဲ တွေ့တယ် .. လူ မတွေ့တော့ဘူး .."

"ဘယ်နားမှာလဲ .."

"သုဝဏ္ဏ အဝင်လေးမှာပဲ .."

"တောက်!... အဲဒီကားကို တစ်ခုခု လုပ်ပစ်ခဲ့စမ်း ..၊ ငါ ကိုယ့်လျှာ ကိုကိုက်ပြီး သေမိတော့မယ် .."

တီလုံး ဖွေ့ဖွေ့ခုန်နေသည်။ အောင်ဘော် က ကားကို ချက်ချင်း ပြန်လှည့်၏။

"ဆရာ ငါတို့ကို အတွဲမခံတာ တစ်ခုခုပဲကွ .. ဟို ဝဲစားလေး နောက်ကို ဆက်လိုက်သွားရင် မလွယ်ဘူး .. မင်းနဲ့ ငါ လူပြန်ခွဲပြီး ဆရာ့ကို ပြန်ပတ်ရှာရအောင် .."

ပြီးတော့ နောက်ထပ် အစီအစဉ်တစ်ခု ..၊





## အခန်း (၆၃)

"လူ .. လူတစ်ယောက် သေသွားပြီ ..၊ ကားနဲ့ တိုက်လိုက်တာ သေသွားပြီ .."

"မသေဘူး .. ကားနဲ့လည်း မတိုက်မိပါဘူး ..၊ ဒီမှာ .. ကျွန်တော့်ကို ကြည့်ပါဦး ဒေါ်ဒေါ်ဦး .."

"ငါ မြင်တယ် .. လဲကျသွားတာ .."

လက်ချောင်းထိပ်များတို့ကို ကိုက်ထားရင်း နှုတ်ခမ်းသားတို့ ဆတ်ဆတ်တုန်ကာ မျက်ရည်တွေ ရေသွန်ချသလို ကျလာကြသည်။

"ဂျိမ်း .."

သော တံခါးပိတ်လိုက်တော့လည်း ပခုံးလေး တုန်ခနဲ ဖြစ်သွား၏။

"ဘာမှမဖြစ်ဘူး ဒေါ်ဒေါ်ဦး .. လူဝင်လာမှာစိုးလို့ ခဏပိတ်ထားတာ .. ကျွန်တော် ပြောတာကို အေးအေး နားထောင် နော် .. မငိုနဲ့ .."

ဒေါ်ဒေါ်ဦး ကို ခုံမှာထိုင်ခိုင်းကာ သူမခြေရင်းမှာပဲ သူ ဒူးထောက်ထိုင်လိုက်ပြီး လက်ဖဝါးတို့ ထွေးဆုပ်ကိုင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဒေါ်ဦး ဘာမှမဖြစ်စေရဘူး .. အခု ကျွန်တော့်စကားကို နားထောင်ပြီး ဒီမှာ ငြိမ်ငြိမ်လေး နေ .."

"ငါ့ .. ငါ့ကို သတ်မှာလား ဟင် .."

"ဘယ်သူမှ မသတ်ဘူး .. ကျွန်တော် ရှိနေသရွေ့ ဒေါ်ဒေါ်ဦး ဘာမှမဖြစ်စေရဘူး .. မငိုပါနဲ့ ..၊ ဘာမှမဖြစ်တော့ဘူး .."

ဦးဆောက်ပန်း က ဘယ်လိုနှစ်သိမ့်လို့မှ မရတော့ပေ ..၊ သူမ မြင်တွေ့ခဲ့ရသည့် လူတွေ ရန်းရင်းဆန်ခတ်ဖြစ်ခြင်းနှင့်ပတ်သက်၍ ထို လူတွေထဲကနေ သူမနားကို ရောက်လာသည့် မျက်နှာတစ်ခုကို စွဲထင် နေသည်။

ထိုလူ ကျွမ်းပြန်လိမ့်ထွက်သွားတာကို အကြောက်ကြီး ကြောက် နေ၏။

ကိုယ့်ကို သူ လာခေါ်နေသည်။ 'ဦး..'ဆိုတာ သူမလား ..၊ ဒေါ်ဒေါ်ဦး လို့ 'သော'ခေါ်နေပုံအရ သူမက 'ဦး..'ဆိုတာ ဖြစ်နေသည်။

ထိုလူကလည်း 'ဦး..'ဆိုတာကို တရင်းတနှီး သိနေသည်။ ပြီးတော့ ဂူ ကားထဲက ကိုယ့်ကို ပြန်ဆွဲချဖို့ ကြိုးစားနေ၏။ ထို့ပြင် ဘဒ္ဒါ ၏ ဒေါသမျက်နှာကြီးကို ထိုလူနှင့် ယှဉ်တွဲမြင်လာလျှင် ...

"ဒေါ်ဒေါ်ဦး .."

"ဖယ် .. ဖယ်ပေး .. ငါ့ကို သတ်ကြလိမ့်မယ် .. ငါ ပြေးမှဖြစ် မယ် .."

"မဟုတ်ဘူး .. ခု ဒေါ်ဒေါ်ဦး အပြင်ထွက်လို့ မဖြစ်ဘူး ..၊ ဒီထဲမှာ ဒေါ်ဒေါ်ဦး ဘာမှမဖြစ်ဘူးဆိုတာ ယုံကြည်ပြီး စိတ်ချလက်ချနေပါ.."

"ဟင့်အင်း .. ဘာလို့ ငါ့ကိုချုပ်ထားတာလဲ .. တံခါးဖွင့်ပေးပါ..၊ သူတို့ မလာခင် ငါ ပြေးပါရစေ .."

"ငါ့ဆီကို လွှတ်ပေးလိုက်ပါ သော .."

ဟင်!...





သော နားထဲမှာ ဒီအသံကြောင့် ပူလောင်သွားသည်။

"သူ ထာဝရနားခိုရမယ့်အရိပ်ဟာ ငါ့ရင်ခွင်ပါ .."

"ခင်ဗျား .. ခင်ဗျား သူများအိမ်ထဲထိ လူပါးဝလှချေလား .."

သျှင် က မေးရိုးတစ်ဖက်မှာ အနည်းငယ်ရောင်နေကာ နှုတ်ခမ်း ထောင့်မှာ သွေးစက်တချို့ ရှိနေဆဲနှင့် ...

"မင်းတို့ သူ့ကို ဒီထဲမှာ နှစ်ပေါင်းများစွာ ချုပ်ထားခဲ့ပြီးပြီ .."

ပြည့်သျှင် မျက်နှာက ဒဏ်ရာရထားသူနဲ့ မတူ ..၊ မျက်လုံးအစုံက စူးရဲနေ၏။ စကားပြောပြီးတိုင်း တင်းတင်းစေ့သွားသည့် နှုတ်ခမ်းအစုံ က သူ့ရင်ထဲက မုန်တိုင်းထန်နေခြင်းကို ပြသနေသည့်နှယ် ..၊

"မင်းအဖေအတွက် မင်း ငါနဲ့ စာရင်းရှင်းချင်ရင် အချိန်မရွေးပဲ..၊ ဒါပေမယ့် အဲဒါတွေအတွက် ဦး ကို မင်း ချုပ်ထားဖို့ မလိုဘူး .."

"ဘာဗျ!..."

"ယောက်ျားပဲကွ .. အကျိုးအကြောင်း အကိုးအကားတွေ မလိုပါ ဘူး ..၊ မင်း ငါ့ကို အနိုင်ယူဖို့အတွက် ဦး ကို ချုပ်ထားတာ မဟုတ်ဘူး ဆိုရင် .."

"ဟော့ လူကြီး .."

"ဂျိမ်း .."

သော တံခါးကို ဆောင့်ဖွင့်ပစ်လိုက်သည်။ တစ်လှမ်းချင်း ရှေ့တိုး ထွက်သွားသည့်ခြေလှမ်းတွေက ပြည့်သျှင် နှင့် အနီးဆုံးမှာ ရပ်တန့်သွား ကာ ...

"ဒေါ်ဒေါ်ဦး ကို ဒုက္ခပေးလိုက်တာ ခင်ဗျား .. ကျုပ်တို့က စိတ် ဝေဒနာသည်ကို ဂရုစိုက် စောင့်ရှောက်လာခဲ့ကြတာ .."

"ဒါဆို သားအမိနှစ်ယောက် အစေမတည့်ဖြစ်နေကြတာ ဘာ ကြောင့်လဲ ..၊ ဦး ကို ရသွားတဲ့ဘက်က ငါ့ကို အနိုင်ယူလို့ရမှာပဲဆိုပြီး တော့လား .."



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို မနိုင်လို့ မတိုက်ဘဲထားတာ ထင်နေသလား .."

"စိတ်မဝင်စားဘူး သော .. မင်းကို ငါ ဂရုမစိုက်လို့ လှည့်စောင်မကြည့်ခဲ့တာ မင်း သိပါတယ် ..၊ အင်္ဂလိမာလလို ဘုရားကို လိုက်ရင်း တစ်ယောက်တည်း မောနေတာက မင်း .."

သော အံကြိတ်ရင်း သူပြောသမျှကို နားထောင်နေခဲ့၏။ ဦးဆောက်ပန်း .. ခုကျတော့ ထွက်ဖို့ ပြေးဖို့တွေ မပြောသည့်ပြင် တံခါးနဲ့ အဝေးဆုံး အခန်းထောင့်မှာ ပုကပ်နေ၏။

ပြည့်သျှင် က ဦး ကို လှမ်းကြည့်ရင်း မျက်ဝန်းတို့သည် ချက်ချင်း ငွေ့ရည်ဖွဲ့ခဲ့လျက် တင်းခနဲ အံကြိတ်သည်။ ဦး သည် ပြည့်သျှင် နဲ့ မျက်လုံးချင်းဆုံမိသည်နှင့် ဆတ်ခနဲ ထရပ်ကာ နောက်ဖေးခန်းထဲထိ ထွက်ပြေးသွား၏။

ဒီအိမ်ကြီးဟာ ဒေါ်ပန်းမြတ်မာလာ တို့အိမ်ကြီး ဖြစ်သလို ဒေါ်ပန်းမြတ်မာလာ ၏အမေ၊ အဘွားတို့ ဤသို့ ရှုံးသွပ်ခြင်းရောက်တိုင်း နေထိုင်သွားခဲ့ကြတာ ဒီအခန်းကြီးထဲမှာပဲ ဖြစ်လေသည်။

အကာအရံတိုင်းမှာ သံတိုင်တွေနဲ့ပေမယ့် ရိုးရိုးနေအိမ်ကဲ့သို့ အခန်းဖွဲ့များနှင့် ကျယ်ကျယ်ဝန်းဝန်းပဲ ဖြစ်၏။ ဦးဆောက်ပန်း ပြေးဝင်သွားသည်နှင့် ပြည့်သျှင် အကြည့်တွေ သော ဆီ ရောက်လာသည်။

"မင်းအဖေကို ငါ သတ်ချင်ခဲ့ပေမယ့် သတ်ဖို့ မရည်ရွယ်ခဲ့ဘဲ သူ သေသွားတာ .."

"ခင်ဗျား မီးရှို့သတ်ခဲ့တာ .."

"သူ့ကိုသတ်ဖို့ အဆောက်အဦးကြီးတစ်ခု အခိုင်အခံ့ဆောက်ပြီး မီးရှို့သတ်ပစ်ဖို့ရာ ထားထားခဲ့တာ ငါ ဟုတ်တယ် .."

"မဟုတ်တာတွေက သဘာဝမကျဘူး ဦးပြည့်သျှင် .. ခင်ဗျားက သွေးအေး လူသတ်သမား ..၊ ဒေါ်ဒေါ်ဦး ကို ဒီဘဝရောက်အောင် ယုတ်ယုတ်မာမာ ဖျက်ဆီးခဲ့တဲ့လူ .."





"ငါ သွေးအေးတယ် .. လူသတ်သမားလည်း ဟုတ်တယ်..၊ ဒါပေမယ့် မင်းအဖေကို ငါ မသတ်ဘူး .. ငါ့မိန်းမကို ငါ့အသက်နဲ့ထပ်တူ မြတ်နိုးလာခဲ့တဲ့အချိန်မှာ လူသတ်ချင်စိတ်တွေ .. ကလဲ့စားတွေ ငါ့စိတ်ထဲမှာ မရှိတော့သလောက် ဖြစ်လာတယ်၊ ဦး ကို သူ့အစ်ကို လာပြန်ခေါ်သွားမှာ ကြောက်လာတယ် .."

ပြည့်သျှင် က စကားတွေ ဆက်တိုက်ပြောနေခဲ့၏။

"သူ့ညီမကို ချစ်မိလာတဲ့အတွက် သူ့အစ်ကိုနဲ့ ရန်ဘက်ဖြစ်နေလို့ မရတော့ဘူးဆိုတာ ငါ နားလည်လာတယ် .. ဒါပေမယ့် ခွင့်လွှတ်ဖို့လည်း ခက်နေလို့ ဦး ကို ခေါ်ပြီး သူ့ရဲကောင်း နဲ့ဝေးရာ ထွက်သွားဖို့ ငါ စီစဉ်ခဲ့တာ ..၊ အဲဒီအချိန်မှာ သူ့ရဲကောင်း ရောက်လာပြီး သူ့ကြမ္မာ သူ စီရင်သွားတာပဲ ..၊ အဲဒီထဲမှာ မသမာသူတွေ ရှိနေတာကတော့..."

"အဲဒါတွေရှိခဲ့တာ မှန်ရင်လည်း ခင်ဗျားကို မုန်းကြတဲ့ ခင်ဗျားလူတွေပဲ ..၊ အပိုတွေ ပြောမနေနဲ့ ဦးပြည့်သျှင် .. ဒေါ်ဒေါ်ဦး ကို ခင်ဗျား မျှော်လင့်နေမယ့်အစား အသေကောင်းနဲ့ ခင်ဗျား ဘယ်လိုသေချင်သလဲ ဆိုတာပဲ ပြော ..၊ ခင်ဗျားကို ကျုပ် ဒီကနေ အသက်ရှင်လျက် ထွက်သွားခွင့် မပေးဘူး .."

"ဒေါက် .."

သော က မြန်သည်။ အင်္ကျီအပေါ်စကို ဖျတ်ခနဲ ဆွဲဖွင့်လိုက်တာပဲ မြင်လိုက်ကာ ဓားရောင်လက်သွားခဲ့ပြီး ပြည့်သျှင် ရဲ့ဘေးကနံရံမှာ ဓားက စိုက်လျက်သား ..၊

ပြည့်သျှင် က တည်ငြိမ်သည့်မျက်နှာနှင့် ဓားကို မျက်တောင်ဖျားတွေ စင်းရင်း ငုံ့ကြည့်သည်။

ပြီးတော့ ပြန်လှည့်၍ ...

"မင်းက ဒါပဲ တတ်တာလား .."

"ခင်ဗျား ဘယ်နည်းကြိုက်တာလဲ ပြောလေ ..၊ သေနတ်လား..



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ချင်း ရှင်းတာ အမှိုက်ချန်ခဲ့ဖို့မှ မလိုဘဲ .. သေနတ်ဆိုရင် မကောင်းပါဘူး .."

သော က နောက်ထပ် ဓားတစ်ချောင်းကို လက်ဖဝါးဖြန့်၍ ဓားပြားနဲ့ တဖတ်ဖတ်ရိုက်ရင်း နေရာမှာတင် တစ်လှမ်းချင်း လျှောက်သွားနေ၏။

"လက်ရုံးချင်း ယှဉ်မယ်ဆိုရင်တော့ ခင်ဗျားက ကိုယ့်အသက်ကို မေ့နေပေမယ့် ကျုပ်က အားနာတယ် ..၊ တိရစ္ဆာန်တွေနဲ့ထားခဲ့တဲ့ ဥပမာတွေက အသက်ကြီးတဲ့လူတွေ ဖြေသာအောင်ပါ၊ လက်တွေ့မှာ အစိပ္ပာယ်မရှိဘူး .."

ပြည့်သျှင် က ဘောင်းဘီအိတ်တွေထဲမှာ လက်နှစ်ဖက်ထည့်လိုက်ပြီး သူ့ကို စိုက်ကြည့်ကာ ..

"ကောင်းပြီ .. မင်းကြိုက်သလို ရွေးချယ်ပါ ..၊ ငါ့ဘက်ကို ထည့်တွက်ဖို့ မလိုဘူး .. ဒါပေမယ့် အခု မင်း ငါမေးတာကို အမှန်အတိုင်း ဖြေပေးဖို့တော့ ငါ တောင်းဆိုချင်တယ် .."

သော မျက်မှောင်ကုတ်သွားသည်။

"မင်းနဲ့ ငါ ဘယ်သူဖြစ်ဖြစ် .. နှစ်ယောက်စလုံးလည်း သေသွားနိုင်တယ်ဆိုတော့ မစကြခင် ငါ သိချင်တာကို မင်း ဖြေပေးမယ်လို့ ငါ ထင်တယ် .."

"ဘာလဲ .."

"ဦး မှာ ငါ့ရဲ့ကိုယ်ဝန် ပါသွားတယ် .. သူ မွေးလည်း မွေးခဲ့တယ်၊ ကလေးက ယောကျ်ားလေး .. အဲဒီကလေး ဘယ်မှာလဲ .."

"သေပြီ .."

သော ဘာသံမှ မထွက်ရသေးခင် ကြားဖြတ်ဖြေဆိုလိုက်သူက ဘဒ္ဒါ ဖြစ်၏။

မေမေ ဘယ်က ဝင်လာတာလဲ ..၊





နောက်ဖေးကြာကန့်ဝက မလွယ်ပေါက်ကနေ ဝင်လာတာလား..၊

သော လှည့်ကြည့်ပြီး အံ့ဩနေသည်။ ဦးပြည့်သျှင် က အိမ်ရှေ့က ဝင်လာသည်။ အိမ်ရှင်ဖြစ်သည့် မေမေက ဘာဖြစ်လို့ ခိုးချောင်ခိုးဝှက် ဝင်လာ တာလဲ ..၊

ဒေါ်ဒေါ်ဦး ..၊ စိတ်ထဲမှာ ဒေါ်ဒေါ်ဦး ကို ဖျတ်ခနဲ သတိရကာ အိမ်ထဲ ပြန်လှည့်လိုက်လျှင် ...

"သော .."

ဘဒ္ဒါ က သော ရဲ့ရှေ့မှာ ပိတ်ရပ်လိုက်သည်။

"မင်းရဲ့ ဒေါ်ဒေါ်ဦး ကို မေမေ စောင့်ရှောက်ထားတယ် .."

"မေမေ .."

"မေမေတို့ရဲ့ အစိကရန်သူတော်ကြီးကို ရှေ့မှာထားပြီး မင်းက ဘာကို ယုန်ထင်ကြောင်ထင် ဖြစ်နေတာလဲ .."

သော ခြေလှမ်းတွေ တုံ့ဆိုင်းသွား၏။

"မင်း သူ့ကို မသတ်သေးဘဲ အချိန်ဆွဲထားလေ .. သူ ဉာဏ်များလို့ ရလေပဲ ..၊ မေမေ့လောက် မင်း သူ့အကြောင်းကို မသိသေးပါဘူး.."

"မေမေ့ .."

"ဖယ်စမ်း .."

ဘဒ္ဒါ က အဆင်သင့်ကိုင်လာခဲ့သည့် ဓားမြှောင်နှင့် ပြေးထိုးသည်။ ပြည့်သျှင် က ရှောင်ထွက်လိုက်ပြီး သူမရဲ့ ဓားကိုင်လက်ကို လက်ကောက်ဝတ်ကနေ ဖြတ်ရိုက်ပစ်လိုက်သည်။

"အား!..."

"ဟော့ လူကြီး .."

ဘဒ္ဒါ ရဲ့ အသည်းခိုက်အောင် နာကျင်သွားသည့်အော်သံနှင့်အတူ ဓားပစ်လဲသွားခြင်းကြောင့် သော ဒေါသမီးတောက်ကာ ပြည့်သျှင် ကို လွှတ်ခနဲ ခုန်ကန်၏။



www.burmeseclassic.com

www.burmeseclassic.com



– ကန်ချက်နှင့်အတူ လက်ဝါးဆောင်းတွေ တံတောင်တွေပါ ပါလာသဖြင့် အားလုံးကနေ လွတ်အောင်ရှောင်ထွက်ဖို့က မလွယ် …။

'မှတ်ထား …၊ အဲဒါ ရှင် မုန်းတဲ့ နိမိတ်ကို ပဲ ..'

သတ်ပုတ်ပွဲကိုကြည့်၍ ဘဒ္ဒါ အားရကျေနပ်နေမိသည်။

ပြည့်သျှင် ကို သူမ ဓားနဲ့ တမင်ပြေးထိုးလိုက်တာ ဒီလိုဖြစ်လာဖို့ အကွက်ဆင်လိုက်တာ ဖြစ်သည်။

သူမကို ထိခိုက်မိပြီဆိုလျှင် သော ဘယ်လိုမှ ငြိမ်နေတော့မှာ မဟုတ်မှန်း သိပြီးသား …၊

ခုတော့ သားအဖနှစ်ယောက် ရန်သူတော်ကြီးတွေလို တိုက်ခိုက်နေကြတာ တစ်ယောက်ယောက်တော့ သေပွဲဝင်ရတော့မည်။ ဘယ်လောက် ပျော်ဖို့ကောင်းတဲ့ အဖြစ်လဲ …။

ဓားကို ကျစ်ကျစ်ပါအောင် ကိုင်ထားရင်း ဘဒ္ဒါ နေရာမှထသည်။ ဘယ်သူ ရှင်ကျန်ရစ်မှာလဲ …၊ ရှင်ကျန်တဲ့သူကို သူမက ပွဲသိမ်းပေးမည်။

မထင်မှတ် မယုံနိုင်စွာ သေရမည့်အဖြစ်မျိုးကား ဘယ်သူရောက်မလဲ …၊

"သော .. မင်းနဲ့ ငါ ဒီလိုဖြစ်ဖို့ မလိုသေးဘူး .. ငါလည်း မင်းနဲ့ ရန်မဖြစ်ချင်သေးဘူး .. အခု ငါ့ကို ဦး နဲ့ ခဏတွေ့ခွင့်ပေးပါ..၊ ငါ သူနဲ့ .."

"ဘုတ် .."

ခါးကို ထိထိမိမိ ဖြတ်ကန်ခံလိုက်ရကာ လမ်းပေါ်က လဲကျသည့် အရှိန်နှင့် ပြည့်သျှင် ခြေသုံးလှမ်းလောက် ယိုင်ထွက်သွားသည်။ သို့သော် …

"မင်းကို ငြိမ်းချမ်းဖို့ ပြောနေတာ မဟုတ်ဘူး .. ငါ ဦး နဲ့တွေ့ချင်တယ် .. ငါ့ကို တွေ့ခွင့်ပေးမယ်ဆိုရင် မင်း …"

"ဖောင်း .."





လက်ပြန်လက်ဝါးဆောင်းခုတ်ချက်က ဇက်ပိုးကို အရှိန်နဲ့ ကျလာသဖြင့် စကားပြောရင်း ကမန်းကတန်း လှည့်ရှောင်လိုက်လျှင် ပါးချိတ်ကို ထိခတ် ဖြတ်သန်းသွား၏။

ဒီတစ်ခါ ပြည့်သျှင် မူးမိုက်ကာ နံရံမှာ အင့်ခနဲ ပစ်ကျသွား၏၊ သူ့စိတ်ထဲမှာ လိုလားနေတာ ရန်ပွဲမဟုတ် ..၊ ဦး ကို တွေ့ချင်သည်၊ သူမ မှတ်မိသည်ဖြစ်စေ .. မမှတ်မိသည်ဖြစ်စေ ပြောပြချင်သည်။ ကိုယ့်မျက်နှာကို သေချာပြပြီးတော့ တောင်းပန်ချင်သည်။

ထို့ပြင် သူမကို နောက်ထပ် စိတ်ဆင်းရဲမှုတွေ ဘယ်တော့မှ မပေးတော့ဘူးဆိုတဲ့ကတိတွေလည်း အခိုင်အမာ ပေးချင်၏။

"ကိုကို့ကို ဘာမှမလုပ်ပါနဲ့ .."

"ဦး တောင်းပန်ပါတယ် ,,"

"ကိုကို့ကို ရန်မရှာတော့ဘူးဆိုတဲ့ကတိပဲ ပေးပါ .."

စကားသံတွေကို စွဲနေခဲ့သည်။ ထိုကတိကို သူ မပေးခဲ့နိုင်တာလည်း နာကျင်စွာ ခံစားနေခဲ့ရသည်။ ထို့ကြောင့် သူမရဲ့ တူလေးကိုလည်း သူ ဒုက္ခမပေးချင်တော့ပေ ..။

ကိုယ့်ကို ရန်လိုနေမှန်း သိတာတောင် သူ့ဒေါသ၊ မာနတွေ အိပ်ပျော်နေခဲ့တာပါ ..၊ ခုလို ဦး ရှိနေသေးတာ မြင်ရတော့ ရန်ပွဲတွေကို အဆုံးသတ်ချင်မိသည်။

သူ့ရင်ထဲမှာ အမုန်းက သပ်သပ် ..၊ အချစ်ကတခြား ရှိနေဆဲလို့ ထင်ခဲ့ပေမယ့် ဦး နဲ့ပတ်သက်နေသမျှအပေါ်မှာ မသိစိတ်ကနေ ပျော့ညံ့အရှုံးပေးချင်နေတာ ကိုယ့်ကိုယ်ကိုယ်တောင် သတိမထားမိခဲ့ ..။

စိတ်တခြား လူတခြားမို့ သော ထံက ထိုးနှက်ချက်တွေ သူ့ကိုယ်ပေါ်မှာ ဒဏ်ရာတွေ စိပ်လာသည်။ ဒါပေမယ့် သူ့စိတ်တွေက တိုက်ခိုက်ဖို့ဘက်မှာ မရှိ ..။

"ဦး နဲ့ ငါက မင်းထင်သလို ရန်ငြိုးကလဲ့စားတွေနဲ့ ပေါင်းသင်းခဲ့



www.burmeseclassic.com

ကြတာမှမဟုတ်ဘူး သော .. သူနဲ့ ငါ ကြင်ကြင်နာနာ ...''

''ခင်ဗျားကြီး ပါးစပ်ပိတ်ပြီး အဲဒီနံရံပေါ်က ဓားကို နုတ်လိုက်တော့ ..''

''မင်းကို ငါ ...''

''ခင်ဗျားကို ထပ်မပြောတော့ဘူး .. ဓားနုတ်လိုက် ..''

''အဲဒါတွေ မလိုဘူး .. မင်း ဒီလောက်သွေးဆာနေရင် ...''

''သွေးဆာတာ မဟုတ်ဘူး .. ခင်ဗျားကိုပဲ သတ်ချင်တာ ..''

''သတ်ပစ်လိုက် သား .. ဒီလူ ဉာဏ်များနေတာ ..၊ သူ့ကိုယ်မှာ ဒဏ်ရာတွေရှိလို့ မင်းကို သူ မနိုင်မှန်း သိနေပြီ ..၊ အဲဒါကြောင့် သူ့လူတွေလာအောင် စစ်ကူစောင့်ရင်း ပရိယာယ်ဆင်နေတာ ..''

သူ့ကိုယ်မှာ ဒဏ်ရာတွေဆိုသည့်စကားကြောင့် ဘဒ္ဒါ စကားက အရာမရောက်တော့ဘဲ သော ရဲ့အာရုံတွေ ထွေပြားသွားစေခဲ့၏။ တိုက်နေရတည်းက ဒီလူကြီးညံ့၍ မှားယွင်းနေတာ မဟုတ်မှန်းလည်း သိနေသည်။

ရှောင်ဖယ်နေသည့်လူကို လည်ပင်းလှီးသတ်ဖို့က အခက်ခဲဆုံး..၊

''ဒုတ် ..''

''အား!...''

သော တွေဝေသွားစဉ် ပြည့်သျှင် ရိပ်ခနဲတက်လာကာ သူ့ကျောနောက် ရောက်သွားသည်။ ဇက်ပိုးမှာ ထူပူသွားခဲ့ပြီး လူက စိုက်ခနဲဆင်း၏။

တော်ရုံလူဆို ဒီနေရာမှာ သတိလစ်သွားမှာပေမယ့် သော က အထူးလေ့ကျင့်ထားတဲ့သူ ..၊

ထို့ကြောင့် လူငယ်ဝီဝီ အလစ်ငိုက်ခံလိုက်ရသဖြင့် ဒေါသက ဝုန်းခနဲထဖြစ်၏။ လက်သည် ဓားရှိရာဆီ ရောက်ကာ ...

''ဝုစ် ..''





''အ!...''

လက်ခနဲ မြင့်လိုက်ပေမယ့် ခြေထောက်နှစ်ဖက် ခိုင်ခိုင်မရပ်ရသေးမီမှာ ပြည့်သျှင် လွတ်ကင်းအောင် မရှောင်နိုင်ဘဲ ညာဘက်လက်ပြင်မှာ စိုက်ဝင်သွား၏။

''အဲဒါနဲ့ မရသေးဘူး .. မင်းအဖေကို မသေမချင်း မီးရှို့ပြီး ထိုင်ကြည့်နေခဲ့တဲ့လူ .. မရှုမလှသေအောင် သတ်ပစ်စမ်း ..၊ မင်း မလုပ်ရင် ငါ ကိုယ်တိုင် လုပ်မယ် ..''

''မေမေ နောက်ဆုတ်နေ ..''

ပြည့်သျှင် ဖျတ်ခနဲ ရင်ဆိုင်လှည့်လိုက်တာကို ဘဒ္ဒါ ကို တစ်ခုခုလုပ်တော့မည်ထင်ကာ ဓားကိုင်ပြီး ပြေးထွက်လာသော ဘဒ္ဒါ ကို သောက အလျင်စလိုတား၍ နောက်ထပ် ဓားတစ်ချောင်း ..၊

''သော မလုပ်နဲ့ .. မပစ်နဲ့ ..၊ အဲ့ဒါ မင်းအဖေ ..''

ယက္ခ ၏ အော်ဟစ်တားဆီးသံကြီး ပေါ်လာသည်။ ဒါပေမယ့် နောက်ကျ၏။ ဒါပေမယ့် တွေခနဲ စိတ်ကအဖြစ်မှာ ပစ်မှတ်က မလွဲပေမယ့် တိမ်းစောင်းသွားခဲ့၏။

ဓားသည် ပြည့်သျှင် ၏ လက်မောင်းတစ်ဖက်အစွန်းကို ထိုးခွင်းသွားကာ သွေးတွေ ဖြာခနဲ ကျလေသည်။ ဒီတစ်ခါ လူပါ လဲကျသွားခဲ့လျှင် ...

''မင်း တော်တော့ သော .. သူက မင်းအဖေ .. ဦးဆောက်ပန်းက မင်းရဲ့အမေပဲ ..''

ယက္ခ နှစ်ဖက်ကြားကို ပြေးဝင်လာပြီး အာခေါင်ခြစ် အော်သည်။ သူ အချိန်မီ တားဆီးနိုင်ပါလျက်နှင့် မှားယွင်းသည့် အတွက်အချက်တွေက် ပြင်ဆင်ခွာချဖို့ ခဲယဉ်းနေခဲ့သည်။

ဆရာ့အပေါ်ရှိခဲ့သည့် သံသယာဇဉ်ကို မိန်းမတစ်ယောက်၏မာယာနှံ့နဲ့ ဖုံးကွယ်ဖို့ ကြိုးစားမိ၏။

www.burmeseclassic.com



"အဲဒါ ငါ့အမှားတွေပါ .. ငါ့ကြောင့် ဖြစ်ရတာ .."

ယက္ခ သည် အံ့ဩထိတ်လန့်သည့်မျက်နှာနှင့် ဒယီမ်းဒယိုင် ထရပ်လာသည့် ပြည့်သျှင် ကို ကြည့်၍ ...

"ယက္ခ က ဆရာ့ရဲ့ တာနော ပါ ဆရာရယ် .. ဘဒ္ဒါ ဆိုတာက နိုမီကို ပါ ..၊ မျက်နှာကို ပလတ်စတစ်ဆာဂျရီလုပ်ပြီး သူက .."

လှည့်ကြည့်လိုက်တော့ ဘဒ္ဒါ မရှိတော့ပေ ..။

"သူ မရှိတော့ဘူး .."

ယက္ခ ချောက်ချားသွားသည်။ သို့သော် သော က မကြားသလို နေရာမှာ တောင့်မတ်စွာ ရပ်နေဆဲ ..၊

"မဒါ ဘယ်ရောက်သွားတာလဲ .."

သော ကို ရည်ရွယ်တာပေမယ့် ဖြေသံ ထွက်မလာသည့်ပြင် ပြည့်သျှင် ထံမှာ မျက်ဝန်းတွေ ရှုံးစိုက်လျက် ငေးကြောင်ကြောင် သော ရဲ့အကြည့်တွေက သတိလစ်နေတာနှင့် တူ၏။

"သော မဒါ မရှိတော့ဘူး .. မင်းအမေကို ဒုက္ခပေးလိမ့်မယ် ..၊ လိုက် .. မီအောင်လိုက် .."

ပခုံးကိုဆောင့်တွန်းလိုက်မှ သော ထိတ်ထိတ်ပျာပျာ သတိဝင်၏။

"မြန်မြန်လိုက် .."

သော မျက်နှာမှာ စိုးရိမ်ခြင်းတွေ အမြင့်ဆုံးထိ ဆောင့်တက်ကာ ချက်ချင်း ပြေးထွက်သွား၏။

သို့သော် သူ သံတိုင်တွေနဲ့တံခါးကို ပြေးဝင်လိုက်တာနှင့် နောက်ခန်းထဲကနေ ပြေးထွက်လာသည့် အရိပ်တစ်ခုနှင့် ပက်ပင်းတိုးမိသည်။

မေမေ သို့မဟုတ် နိုမီကို ..၊

"သော .. ငါလေ ..."

နိုမီကို သည် သူမကိုယ်သူမ ဘဒ္ဒါ မဟုတ်တော့တာကို မေ့လျော့ကာ သော ကို စည်းရုံးဖို့ ပါးစပ်ပြင်သေးသည်။





သို့သော် နောက်ထဲ က ထွက်လိုက်လာကြသည့် တီလုံး တို့ နှင့် ယောက် ပေါ်လာလျှင် ...

"တိကြည့်စမ်း .. ငါ့ကို ထိရဲရင် ထိကြည့် .."

သော ဆီကိုလည်း ပြေးမကပ် ..၊ နောက်ကျောမလုံသလို လှည့်ရင် ဆိုင်တာလည်းရှိကာ ဆံပင်တွေ တဖွားဖွားလွင့်ကုန်တဲ့အထိ ရှေ့လှည့် နောက်လှည့် ချာလပတ်ယမ်းရင်း ဓားကိုစုံကိုင်ပြီး ခြိမ်းခြောက်နေ၏၊

သွေးပျက်ချောက်ချားနေကာ ကိုယ့်ကို ဓားနဲ့ချိန်နေသည့် မေမေ့ ပုံစံကို သော စိုက်ကြည့်ရင်း အံတကျိတ်ကျိ ကြိတ်သည်။

မေမေလို့ခေါ်ပြီး သူ့တစ်သက်လုံး ချစ်ခင်ကိုးကွယ်ခဲ့သည်။ အမေ ရင်းကို ပြန်သတ်ဖို့ ကျည်ပြည့်ယမ်းပြည့် ပြင်ဆင်ပေးရင်း ကျောသ ခိုင်းနေသမျှ နာခံခဲ့သည်။ ထို့ပြင် ...

"ငါ့ဆရာမှာ မိန်းမ မပြောနဲ့ ရည်းစားတောင် မရှိဘူး .."

"ဟော့ .. ထွက်သွားစမ်း .."

"မြင်လိုက်တည်းက ထင်သားပဲ .. တစ်ပုံစံတည်းပဲ .."

"ဆရာ မသေဆုံးခင်အထိ ဆရာ့ဘေးမှာ ငါ ရှိတယ် .. ဆရာ့ အကြောင်း ငါ့ထက် ဘယ်သူ ပိုသိမှာလဲ .." တဲ့ ..။

သေချာပေါက်ကြားခဲ့ရသည့် အမှန်တရားတို့ကို စိတ်ထဲထည့်မိ သေးသည်။

ဒီစကားတွေကြောင့်လည်း ရှုပ်ထွေးခဲ့ရ၏။ ဒါပေမယ့် မေမေ့ အပေါ်မှာ သူ သံသယ မဖြစ်ခဲ့ပါ ..။

"မင်းက ငါ့ကို ဘာကြည့်တာလဲ .."

သော ရဲ့မျက်လုံးတွေကို နိုမီကို က သဘောပေါက်သည်။ အား ဟာ ဘာမှ ဖုံးကွယ်စရာ မကျန်တော့သည်မို့ ...

"ငါ့နာမည်က နိုမီကို ..၊ ဟိုအရင်တုန်းက .."

သူမသည် တီလုံး တို့ဘက်ကို ဆတ်ခနဲ လှည့်ပြန်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သူတို့တွေနဲ့ အရင်းနှီးဆုံးလူပဲ .. ပြည့်သျှင် ရဲ့ မရှိသုံးပစ္စည်း တစ်ခုလို ငါ့ဘဝက .."

"မင်း လျှောက်မပြောနဲ့ .. ဆရာက မင်းကို အဲလောက်ထိ နေရာ ပေးခဲ့တာ မဟုတ်ဘူး .. အမျှားကြီး မျှော်လင့်ပြီး ရူးသွပ်နေခဲ့တာက မင်းပဲ .."

တီလုံး က နိုမီကို့ ကို ဟိုအရင်တည်းက သိပ်ကြည့်ရခဲ့တာ မဟုတ်..၊ ပြောရင်း တက်ခေါက်၍ ရှေ့တက်လာကာ ...

"မင်းက နိုမီကို ဟုတ်လား ..၊ ကြည့်စမ်း .. ရုပ်ဖျက်ပြီး လုပ်စားနေ တာပေါ့ .."

"ဟုတ်တယ် .. အသံအိုးပါ ပြင်ထားလို့ နင်တို့ မသိဘူးလေ .. ငတုံးတွေ ..၊ ပြည့်သျှင် လည်လှချေရဲ့ဆိုတာ ခု ဘယ့်နှယ်လဲ ..၊ သူ့ သားကြောင့် သူ အခု ..."

"ဘာ!..."

အခြေအနေကို ဘာမှမသိသေးသဖြင့် တီလုံး တို့ မျက်လုံးပြူးသွား ကြသည်။

"အဲဒီမှာရပ်နေတာ သူ့သား .. သူ့သားက သူ့ကို ပြန်သတ်လိုက် ပြီ ..၊ ဟား .. ဟား .. ဟား ... ပျော်စရာကြီး .."

"တောက်!..."

"မိန်းမယုတ် .."

တီလုံး တို့ နိုမီကို့ ကို ဆောင့်တွန်းပစ်ခဲ့ပြီး အပြင်ကို ပြေးထွက် သွားကြသည်။

သော က သူမရှေ့ကို တိုးသွားကာ ...

"ကျွန်တော့်အမေ ဘယ်မှာလဲ .."

"သေပြီ .. ခုပဲ ငါ သတ်ခဲ့တာ .."

"ဘာဗျ!..."





ဒေါသက ဝုန်းခနဲ ခုန်ထ၏။ ပုံလဲနေသည့် သူမရဲ့ပခုံးစွန်းနှစ်ဖက် ကို အကြမ်းပတမ်း ဆောင့်ခါပြီးမှ ...

"တောက်!..."

သော အိမ်ထဲကို တစ်ရှိန်ထိုး ပြေးပင်ခဲ့သည်။

"ဟား .. ဟား .. ဟား .. ဟား ... သေကြ ရူးကြစမ်း .. ငါ့ကြောင့် သင်းတို့ ကမ္ဘာပျက်ရမယ် ..၊ ရူးကုန်ကြမယ် .. အဲဒါ ကျိန်စာ .."

လူတွေ ရှေ့ပြေး နောက်ပြေးနှင့် ဗျာများကုန်ကြလျှင် နိုမီကို ဟား တိုက်ရယ်၏။ ထိုစဉ် သူမရှေ့ကို ရောက်လာခဲ့သည့်လူရိပ်က မားမား မတ်မတ်ရပ်လျက် ...

"ဒါကြောင့် မင်းကိုယ်က မိန်းမယုတ်အနံ့တွေ ထွက်နေတာ .."

"သျှင် .."

နိုမီကို မျက်နှာပျက်ကာ ကမန်းကတန်း ခုန်ထ၏။ သူမ ဟား တိုက်ရယ်နေသမျှ မျက်နှာပြင်မှာ အပြုံးအရယ်တွေ ပျောက်ပျက်သွား ခဲ့ ပြီး နောက်ကို တရွေ့ရွေ့ကပ်၏။

"ဟုတ်တယ် .. ငါ တုံးခဲ့တာ .. မင်းလောက် ဘယ်သူမှ မတော် ဘူး .."

"ဘာလုပ်တာလဲ ..၊ သွား .. နောက်ဆုတ်စမ်း .."

သွေးသံရဲရဲနှင့်ပုံမှကို ကြောက်လန့်နေတာလား .. ပြည့်သျှင် အသံ ကြားတာနဲ့ သွေးပျက်သွားတာလား မသိ ..၊ ဓားတယမ်းယမ်းနှင့် စကားသံတွေပါ မူမမှန် ဖြစ်လာ၏။

"ငါ သတ်ပြီးပြီ .. နင့်ကို ငါ သတ်ခဲ့ပြီးသား ..၊ ပြန်ထမလာနဲ့ .."

"ထိုးလိုက်စမ်း .. အဲဒီဓား ငါ့ကိုယ်ထဲ ဝင်အောင် မထိုးနိုင်ရင် မင်းကိုယ်ထဲ ပြန်ဝင်သွားမှာ .."

"ဘာ!..."

ပြည့်သျှင် က ရှေ့ကို ရဲရင့်စွာ တိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



နို့မီကို တရွေ့ရွေ့ဆုတ်၏။ ပြီးတော့ ချာခနဲ လှည့်ပြေးလျှင် ပြည့်သျှင် နံရံကသောတ္တံကြီးကို ဖြုတ်ယူကာ သူမဦးခေါင်းကို ချိန်၍...

"မလုပ်နဲ့ ဆရာ ..."

တီလုံး ပြေးဝင်လာပြီး သူ့လက်ကို ဆွဲထားလိုက်သည်။ နောက်မှာ အောင်ဆော် တို့ ပါလာကြကာ ...

"ဆရာ သွေးထွက်လွန်နေပြီ .. ဆေးရုံလိုက်သွားပါ ..၊ ဒီမိန်းမမျိုး ကို ကြက်ငှက်ဖမ်းသလို ကျွန်တော်တို့ အသာလေး ဖမ်းလာပေးမယ်.."

"သော ဘယ်မှာလဲ .."

"အစ်မဦး ကို ရှာမတွေ့ဘူး ဆရာ ..၊ အဲဒီနောက်လိုက်တာ ဖြစ်မယ် .."

"ဖယ် .."

"ဆရာ .. ဆရာ ကျွန်တော်တို့ လိုက်ပါ့မယ် .."

"ဆရာ .. ဟော့ကောင် ဆရာ့နောက်က လိုက် .."

ယက္ခ ကို ရှာမတွေ့ကြပါ။ သူတို့လုစုကတော့ ဒီစံအိမ်ကြီးနှစ်လုံး စလုံးရဲ့အနီးမှာ အမြဲတမ်း လှေ့လာ သတင်းထောက်နေတာမို့ လျှို့ဝှက် ဝင်လမ်း ထွက်လမ်းတွေကိုပါ သိနေကြ၏။

ထို့ကြောင့် ဘဒ္ဒါ နောက်ကို လိုက်ခဲ့ကြရင်း နောက်တံခါးက ဝင်ခဲ့ကြတာ ဖြစ်သည်။ သူတို့အားလုံး မမျှော်လင့်သော အခြေအနေ တစ်ခုထဲမှာ ဝရန်းသုန်းကား ပိတ်မိခဲ့ကြပြီ ...၊

မနက်ဖြန်အတွက် တစ်ပြည်လုံးမှာ သာယာချင်သည်။





## အခန်း (၆၄)

ဒေါ်ဒေါ်ဦး ပြေးပုန်းတတ်သည့်နေရာကို သူ သိသည်။ ထို့ထက် မက လုံခြုံရာရှာပြီး ထွက်ပြေးမသွားဖို့ ဆုတောင်းရင်း ခြံရဲ့အစွန်ထောင့် ကန့်စပ်နားက ခရေပင်ကြီးရှိရာ ပြေးသွားခဲ့မိသည်။

ခရေပင်ခြေရင်း မြေချိုင့်ဝှမ်းရှိသည့်ထဲမှာ လှုပ်လှုပ်ရွရွ ပုံရိပ်လေး ၏အစွန်းအစကို မြင်လိုက်တာနှင့် သော ခြေလှမ်းတုံ့သွား၏။

တစ်ချိန်တည်းမှာ သူ့နောက်ရောက်လာတာက အောင်ဆော် ..၊

သော ရဲ့မျက်နှာကို မြင်လိုက်တည်းက အပင်အောက်မှာ ဦး ဆောက်ပန်း ရှိနေပြီကို သိလိုက်ကာ သူလည်း ရှေ့ဆက်မတိုးတော့ဘဲ ဖုန်းထုတ်လိုက်၍ ...

"ဆရာက ဒဏ်ရာကြီးနဲ့ အပြင်ထွက်လိုက်နေပြ .."

သော ကို ပြောသလိုလို.. ရေရွတ်သလိုလိုနှင့် ဖုန်းခေါ်လိုက်၏။

ထိုအချိန်မှာ ပြည့်သျှင် က ကားထဲမှာ ဖြစ်သည်။ သွေးတစိုစိုမှ ယိုနေသည့်ဒဏ်ရာကို ဖိထားလို့ ရသော်လည်း လက်ပြင်ကဒဏ်ရာက သွေးတွေ လက်လွတ်စပယ် စီးကျနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ရောက်လာကာမှ မျက်လုံးတွေပြာသလို ဖြစ်လာတော့ ရုတ်တရက် စက်မနှိုးရဲဘဲ ခေါင်းကို ခါပစ်နေမိ၏။ သူ လဲကျသွားလို့ မဖြစ် ...။

ဦး စိတ္တဇဝေဒနာရှင် ဖြစ်နေရှာသည်။ ကြောက်အားကြီးပြီး အတင်းစွတ်ပြေးနေလျှင် အန္တရာယ်တွေ အမျိုးမျိုးကို ရောက်နိုင်သည်။ ပြီးတော့ သား ...၊

ဦး ရယ် .. သူရယ် .. သားရယ် .. မိသားစုဘဝလေးကို ပိုင်ဆိုင်ရတော့မည်။ ဒါကို နောက်ထပ် ပျက်စီးပျောက်ရှ မခံနိုင် ...။

အံတစ်ချက်ကြိတ်ရင်း ကားသော့ကိုကိုင်လိုက်မိလျှင် ဖုန်းသံ ဝင်လာ၏။

အောင်ဘော် ဖုန်းမှန်း သိလိုက်သဖြင့် ဒီကောင်တွေ သူ့ကို တားဆီးကြဦးမှာပဲဆိုတာသိကာ မကိုင်ဘဲ စက်နှိုးပစ်လိုက်သည်။ သို့သော်...

ခဏလေးပဲခေါ်ပြီး ဖုန်းသံရပ်သွား၏။ နောက်ထပ် မြည်လာတော့ သော ရဲ့ဖုန်း ...၊

သူ ချက်ချင်း ဖွင့်လိုက်သည်။

"ဆရာ .. ဆရာ ဖုန်းမကိုင်မှာစိုးလို့ ဖုန်းပြောင်းခေါ်လိုက်တာပါ...၊ အစ်မဦး ကို တွေ့ပြီ .. ခြံထဲမှာပဲ ရှိတယ် .."

အောင်ဘော် က နေရာပါ ထည့်ပြောပြီးမှ သော ကို ဖုန်းပြန်ပေးလိုက်သည်။

ထိုအခါ သော ရဲ့ မကြည်လင်သော မျက်ဝန်းတွေနှင့် ဆုံမိ၏။ ကိုယ်က ကမ်းပေးနေပေမယ့် သူက မယူတော့ အောင်ဘော် ဖုန်းပေးနေသောလက်က တွဲလွဲကျသွားခဲ့လျက် ...

"မင်းကို ငါက ပြန်တောင်းပန်ဖို့ လိုသေးသလား .."

ကိုယ့်သမီးလေးကို သင်း က သတ်ခဲ့တာ ...၊ ကိုယ့်ကိုပဲ အမျိုးမျိုး ဘက်တိုက်ပြီး ပြဿနာတွေရှာခဲ့တာလည်း သင်းပဲ။





ခုနလေးတင်ကပဲ ဆရာကို သေကောင်ပေါင်းလဲ ဒဏ်ရာတွေရအောင် သတ်ဖို့ ကြိုးစားခဲ့သေးသည်။

အောင်ဘော့် မျက်နှာက သည်းခံနေရပေမယ့် စိတ်မရှည်မှုတွေ အထင်းသားနှင့် ...

"မင်းက ဆရာသား ဖြစ်သွားတဲ့အတွက် ငါက ငါ့သမီးကို အဆုံးခံပြီး ကျေနပ်ပေးပါတယ် .. ခွင့်လွှတ်ပါလို့ ပြောစေချင်သေးတာဆိုရင် ..."

"ခင်ဗျားသမီးကို ကျွန်တော် မသတ်ဘူး .."

"ဘာ!..."

သော က မျက်နှာခပ်လွှဲလွှဲနေရင်း သူ့ရှေ့ တစ်လှမ်းချင်း လျှောက်ထွက်သွားသည်။ အောင်ဘော် က လည်ပင်းလိမ်အောင် လိုက်ကြည့်ရင်း တရားကျသလို ခေါင်းတညိတ်ညိတ်နှင့် ...

"သူ့ဟာသူ အက်ဆီးဒင့်နဲ့ သေတာကို ကျုပ် တမင် ရှို့မြောခဲ့တာ .." လို့ ဆက်ရှင်းမပြနဲ့ ...၊ ငါ ဘာသာ တွေးယူပြီး ကျေနပ်ပေးမှာမယ် ...၊ ကျေးဇူးတင်ပါတယ် တကောင့်သား ...။

တစ်ယောက်တည်း နှုတ်ခမ်း ခပ်လှုပ်လှုပ် ရေရွတ်ရင်း ကျန်ရစ်၏။

ဒါပေမယ့် သော ရဲ့ခြေလှမ်းတွေလည်း ရပ်တန့်သွားခဲ့လေသည်။ သူ့မြင်ကွင်းထဲကို ခပ်နှဲ့နှဲ့ လျှောက်လာနေသည့် ပြည့်သျှင် မျက်နှာသည် သူ့ကိုပဲ စူးစိုက်ကြည့်နေရင်း စကားတွေ ဆိုနေခဲ့၏။

မျက်နှာချင်းဆိုင် နီးကပ်လာတော့ သူ့ရှေ့မှာ ရပ်တန့်သွားသည်။ ထိုမျက်ဝန်းတို့ကို ကြည့်နေရင်း သော ရင်ထဲမှာ ကျိုးပဲ့ခဲ့လေခဲ့၏။

"မလုပ်နဲ့ .. မပစ်နဲ့ သော .. အဲဒါ မင်းအဖေ .."

"မင်းနဲ့ ငါ ဒီလောက်ထိဖြစ်ဖို့ မလိုသေးပါဘူး .. ဦး နဲ့ ငါ့ကို တွေ့ခွင့်ပေးပါ .."



www.burmeseclassic.com

www.burmeseclassic.com



"သော ဘယ်လိုပဲ စိန်ခေါ်နေနေ .. ဒေါ်ဒေါ်ဦး ရဲ့တူဆိုတဲ့ အသိနဲ့ သူ့ရဲ့မသိစိတ်က ဥပေက္ခာထားနိုင်ခဲ့တာ .."

"မင်းက ပြည့်သျှင် ရဲ့သားလား .."

"ဟွန်း .. တစ်ပုံစံတည်းပဲ .."

ဟိုလူဒီလူ ပြောကြတဲ့စကားတွေ အာရုံထဲမှာ ဟိုတစ်စ ဒီတစ်စ ပေါ်လာသည်။ ပြီးတော့ ဦးခကြီး သူ့ကိုကြည့်ပြီး မကြာမကြာ ပြောတတ်တဲ့စကား ...၊

"မင်းက ဖအေတူသားပဲ" တဲ့ ...။

ရင်ထဲမှာ နင့်နေသည် ...၊ သူ့အဖြစ်က ဘာနဲ့တူနေသလဲ ...၊ သူ့အတွက် လက်ခံမွေးမြူလာခဲ့တဲ့ဘဝက ဘယ်လိုဘဝမျိုးလဲ ...၊

ကြေကွဲမျက်ဝန်းတို့က သေးကို ရွေ့လျားသွားခဲ့သည်။

ပြီးတော့ သူ့ခြေလှမ်းတွေက ပြည့်သျှင် ကို ရှောင်တိမ်း၍ ခရီးဆက်ခဲ့၏။ ကျန်ရစ်ခဲ့သော ပြည့်သျှင် ၏မျက်နှာသည်လည်း သား၏ကျောပြင်ကို အတန်ကြာ ငုံ့စောင်းကြည့်ရင်း ကြည်နူး၍ ကျေနပ်သော...၊ နားလည်ပေမယ့် ဆွေးမြည့်နေသောမျက်ဝန်းတို့က ပြုံးတော့မလို မဲ့သွားတော့မလိုလို ...၊

သူ့ခြေလှမ်းတွေ ခရီးဆက်တော့လည်း ရှေ့မှာ ဦး က သူ့ဘဝနဲ့ အတူ လက်တွဲ ရှင်သန်သွားဖို့အတွက် အဆင်သင့် ရှိနေပြီ ...။

မင်း ဘာလိုသေးလဲ ပြည့်သျှင် ...၊ ရန်သူတော်ကြီးလို မင်းကို ဆက်ဆံလာခဲ့တဲ့ ကလေး ...၊ မင်းကိုသတ်ဖို့ ရည်ရွယ်ချက်ကြီးနဲ့ တစ်ဘဝလုံး လက်သပ်မွေးမြူခံလာခဲ့ရတဲ့ မင်းလိုစရိုက်နဲ့ ကောင်လေး တစ်ယောက် ...၊

ဒီလိုကောင်လေးဆီက အဖေ ဆိုတဲ့ ကမ်းလင့်ကြိုဆိုမှုကို မင်းက မျှော်လင့်နေသေးတာလား ...၊

မင်းရဲ့မျှော်လင့်ချက်တွေကို ပြန်သိမ်းထားလိုက်ဦး ...၊





သူ့ရဲ့ ချစ်ခင်လေးစားမှုကို ရဖို့ မင်းရဲ့မျှော်လင့်ခြင်းတွေနဲ့ ပေးဆပ်ရဦးမှာ ...၊

"ဆရာ .. အစ်မဦး ဟိုကြားထဲမှာ ပုန်းနေတယ် .."

အောင်ဘော် မရဲတရဲလာပြောကာ တကယ်တမ်း သူ ပြောချင်တာက ဒါထက် ပိုအရေးကြီးနေသော သွေးစိမ်းရှင်ရှင်ကျနေဆဲ ဒဏ်ရာအတွက် ဖြစ်သည်မို့ ...၊

"ဆရာ လဲသွားလို့ မဖြစ်ဘူး ဆရာ .. ဆေးခန်းသွားဖို့ကို ခေါင်းထဲ ထည့်ပါဦး ...၊ တော်ကြာ ဆရာချစ်တဲ့ ဒီလူတွေနဲ့ ခဏတာ တွေ့ဆုံရခြင်း ဖြစ်သွားလိမ့်မယ် .. ကျွန်တော် တောင်းပန်နေတာပါ .."

ပြည့်သျှင် နာကျင်မှုကို ထိန်းချုပ်နေရသည့်စိတ်တို့ တစ်ချက်တစ်ချက် လွှတ်သွားတိုင်း မျက်လုံးတွေက ဖွင့်ထားမှန်း မသိတော့သလို ပြာမိုက်နေတတ်တာ ကိုယ့်ကိုယ်ကိုယ် သိနေသည်။

နာကျင်သည့်ဒဏ်ကို မခံနိုင်သည့်အချိန် သတိလွှတ်သွားတာနှင့် အဝတ်စတစ်စကို လွှတ်ချလိုက်သလို ဖြစ်သွားနိုင်မှန်းလည်း သိနေတာ ...

"အောင်ဘော် .."

"ဗျာ .. ဆရာ .."

"ငါ့သားကို ဘယ်မှ နောက်ထပ် ထွက်မသွားပါစေနဲ့ .."

"စိတ်ချပါ ဆရာ .."

"ဒီပတ်လည်မှာ မျက်ခြည်မပြတ် စောင့်ကြည့်ခိုင်းထားစမ်း .. သားဖြစ်ဖြစ် .. ဦး ဖြစ်ဖြစ် .. အပြင်ကို ထွက်လာခဲ့ရင် နောက်တစ်ခါ ပြန်ပျောက်မသွားစေနဲ့ .."

အောင်ဘော် မျက်ရည်ဝဲနေသည့် ဆရာ့မျက်ဝန်းတွေကို မြင်လာ ရင်ထဲမှာ နင့်နေအောင် ခံစားမိ၏။ သူတို့အားလုံးဟာ ဆရာ့ကျေးဇူး၊ ဆရာ့စိတ်နဲ့ ရှင်သန်နေကြသူတွေပါ ...။



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းမိုးမှုတစ်ခုအောက်မှာ ရှိနေကြတာမဟုတ်ဘဲ အရိပ်ကောင်းတစ်ခုအောက်မှာ ငြိမ်းချမ်းစွာ ခိုလှုံနေကြတာ ဖြစ်သည်။ ဆရာ့အတွက် ဆို မိစားချက်တိုင်းက ဆရာနဲ့ ထပ်တူ ...။

ထိုအချိန်မှာ တီလုံး တဖားဖား ပြေးလာတာမြင်လိုက်ရကာ သူတို့ကို မြင်တော့ ရပ်တန့်သွား၏။ ပြည့်သျှင် က ခရေပင်ကြီးအောက်ကို တရွေ့ရွေ့သွားနေကာ ရှေ့အောင်ဘော် က ဒီတိုင်း ရပ်ကြည့်နေသဖြင့် သူလည်း ထိုနေရာမှာပဲ ရပ်တန့်သွားခဲ့သည်။

ဦးဆောက်ပန်း သည် ပတ်ဝန်းကျင်က အသံဗလံတွေကို နားစွင့်ရင်း နားနှစ်ဖက်က လက်ဖဝါးတို့ကို ဖြည်းဖြည်းလေး ဖယ်ချသည်။

တဒိတ်ဒိတ်ဆောင့်ခါနေသည့် ရင်ဘတ်လေးကို ပြန်ငုံ့ကြည့်၍ လက်တစ်ဖက်နဲ့ ပြန်ဖိထားမိ၏။ တစ်ယောက်တည်း အလုပ်ရှုပ်ရင်း ပုကာပ်ပုန်းနေခဲ့သည့် ချိုင့်ဝှမ်းလေးထဲကနေ သာသာလေး ကုန်းကွတက်သည်။

သူမကို ခရေပင်အကွယ် အပေါ်စီးကနေ ငုံ့မိုး ငေးမောနေခဲ့သည့် ပြည့်သျှင် ကို သတိလည်း မထားမိ ...၊ မြင်လည်း မမြင် ...။

ဆံပင်တွေ ခါးအောက်ထိ အားကောင်းမောင်းသန် ရှည်လျားဝဲဖြာနေကြတာကိုကြည့်ကာ အိမ်မှာ သူ ဖြတ်ယူထားလိုက်သည့် ဆံပင်တွေနဲ့ ယှဉ်ကြည့်မိသည်။

ဟိုတုန်းကလို မဟူရာရောင်လက်နေသည့် ပိုးသားနွယ်တွေလောက် မဟုတ်ပေမယ့် နက်မှောင်အုပ်ခဲနေပုံက အရှိန်းဆန်ဆန် လှနေဆဲ ...။

ပြီးတော့ သူမမျက်နှာလေးသည်လည်း သိသာအောင် ထူးခြားပြောင်းလဲသွားတာ ဘာမှမရှိခဲ့ပါ ...၊ သူမ ဟိုတုန်းကအတိုင်း လှနေသည်။ သူချစ်သော ဖြူစင်မှုလေးတွေအပြင် ဝေဒနာသည်၏ အရိပ်အစလေးတွေကြောင့် အထိတ်တလန့်ဖြစ်နေသည့်ပုံစံလေးကလည်း အရင်





က အတိုင်းပါပဲ။ ဒါပေမယ့် ဟိုဒီထိန်းကိုင်ပြီး တက်လာခဲ့သည့် သူမရဲ့ လက်ခုံ တချို့နေရာတွေမှာ မီးလောင်ဒဏ်ရာတွေ ရှိနေခဲ့၏။

ရင်ထဲမှာ နင့်သွားသည် ...၊

ဒါတွေက သူ့ကြောင့် ဖြစ်ခဲ့တာတွေပါ ...၊ သူ စခဲ့တဲ့အတွက် ကြိုက်သလို အဆုံးသတ်ခွင့်ရသွားကြတာ ဖြစ်သည်။

ဦး ကို သူ တောင်းပန်ချင်သည်။

ဟိုတုန်းကအတိုင်း ဒါမှမဟုတ် ဟိုတုန်းကထက် ပိုချစ်တာတွေကို ပြောပြချင်၏။ သူမ အမှတ်ရသည်ဖြစ်စေ .. မရသည်ဖြစ်စေ သူမကို အမြဲတမ်း ဂရုစိုက်ကြင်နာသွားပါမည့်ကတိတွေလည်း ပေးချင်မိသည်။

ဒါပေမယ့် သူ့ကို ဒီပုံစံအတိုင်း သူမမြင်သွားလျှင် ထွက်ပြေးသွားလိမ့်မည်။ ငေးကြည့်နေမိစဉ် သူမ ခရေပင်ကြီးကို ဖက်တွယ် ကာကွယ်ရင်း တရွေ့ရွေ့လေး တိုးထွက်လာသည်။

သူ အသာနောက်ဆုတ်ကာ သူမ မမြင်အောင် ပြန်ကွယ်နေမိ၏။ သူမကိုမြင်ချင်စိတ်တို့နှင့် ရောက်လာခဲ့ပေမယ့် တကယ်တမ်းကျတော့ ထွက်ပြေးသွားမှာစိုးသောစိတ်ကို သူ အနိုင်မတိုက်နိုင်ခဲ့ပေ ...။

သူမ ရှေ့ရောက်လာသလောက် သူ နောက်ကို ဆုတ်ပေးနေရင်း သစ်မြစ်ဆုံတစ်ခုနဲ့တိုက်မိသွား၏။ လူက ခပ်နဲ့နဲ့မို့ ဟန်ချက်ပျက်သွားတာနှင့် ခရေပင်နဲ့ကျောပြင် အင့်ခနဲ ပစ်ဆောင့်သွား၏။

"အ!.."

ဟင်!...

ဦးဆောက်ပန်း ဆံပင်တွေ ဝေ့ခနဲ ခါသွားတဲ့အထိ တစ်ကိုယ်လုံး အထိတ်တလန့် လှည့်၏။

"ရှင် .. ရှင် .. သွေးတွေ .."

ဦး မျက်လုံးတွေဝိုင်းဝိုင်းလည်ကာ လက်ညှိုးလေးထိုးရင်း ဆတ်ဆတ် တုန်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြည့်သျှင် ခေါင်းခါရင်း လက်တကာကာနှင့် ဖြစ်နေ၏။

သူ ဘာမှမပြောနိုင်ဘဲ ပင်စည်ကိုမှီရင်း လူက ပြိုလဲကျတော့မလို ဖြစ်လာသည်။ ဖြုန်းခနဲ ထွက်ပြေးဖို့ ပြင်လိုက်သည့် ဦးဆောက်ပန်းရဲ့ခြေလှမ်းတွေ သူ့ဘက်ကို ပြန်ရောက်လာ၏။

ကိုယ့်ကို ရန်မပြုနိုင်မည့်လူမှန်း ခံစားမိကာ ဝေဒနာ ခံစားနေရခြင်းကိုလည်း မြင်နေသဖြင့် ...

"ရှင် ဘာဖြစ်နေတာလဲ .."

"ဦး .."

"ဟင်!... အဲ .. .."

ဟင် .. ခနဲ ထူးပြီးမှ နှုတ်ခမ်းလေးပေါ် လက်ချောင်းတွေနဲ့ ဖျတ်ခနဲ ပြန်ပိတ်သည်။ ပြီးတော့ သူမ ရှေ့ကို မရဲတရဲတိုးလာကာ ...

"နာနေတာလား ဟင် .."

"ဦး ရယ် .."

ပြည့်သျှင် ထံမှ ညည်းသံရောသည့် ခေါ်သံသဲ့သဲ့ ထွက်လာခဲ့လျက် ...

"မင်းကို ကိုယ် သိပ်ချစ်တာ .."

"အမလေး!..."

သူမတစ်ကိုယ်လုံး သိမ်းကျုံးပွေ့ပိုက်လိုက်မိကာ သူမ အတင်းရုန်းနေတာကို လွတ်ထွက်ခွင့် မပေးနိုင်စွာ သူ ဖက်ထားမိသည်။

သူမ ကြောက်ရွံ့ထွက်ပြေးသွားမှာ စိုးရိမ်ခြင်း ... ထိန်းချုပ်ထားဖို့ ရည်ရွယ်ခြင်း စသဖြင့်သော သူ ပြင်ဆင်ထားခဲ့သည့် အရာရာကို မေ့လျော့သွားခဲ့သည်။

ထို့ပြင် သူ့ရဲ့အသိတရား အားလုံးတို့ဟာ သူမကို နှောက်ထပ်ဆုံးရှုံးမခံနိုင်တော့ခြင်းဖြင့် အဆုံးသတ်ခဲ့လျက် ...

"ဆရာ .."





"ဆရာ လဲသွားပြီ အောင်ဘော် .."

"အစ်မဦး ကို ဂရုစိုက်ထားဦး .."

တီလုံး နဲ့ အောင်ဘော် တို့ တစ်ယောက်ကိုတစ်ယောက် အချက်ပေးရင်း လုံးထွေး လဲကျသွားသည့် နှစ်ယောက်ဆီကို ပြေးသွားကြ၏။

ပြည့်သျှင် သည် ဦး ကို ဖက်ထားရင်း သတိမေ့မြောနေပြီဖြစ်ကာ ဦး ရုန်းထွက်ဖို့ကြိုးစားရင်း မျက်ရည်လေးတွေ ဝေ့နေရှာ၏။

"လုပ်ပါဦး .. ကယ်ပါဦး .. ဒီ .. ဒီလူသေကောင်ကြီး ငါ့ကို ဖက်ထားတာ .."

သူမ အတင်း အော်ရင်း ရုန်းနေလေသည်။

ဒီရင်ခွင်သည်သာ သူမအတွက် ထာဝရ ခိုနားရာဆိုတာ သိခဲ့ရင်တော့ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆၅)

စကားပြောဖြစ်ကြခြင်းသည် နေရာကောင်းတစ်ခုတော့ မဟုတ်ပေ ..၊ ပြည့်သျှင် ကို ခွဲစိတ်ကုသထားပြီး တွေ့ခွင့်မရသေးသည့် ကာလလေးမှာ လူနာကိုစောင့်ရင်း ဧည့်ဆောင်မှာ တွေ့ဆုံခဲ့ကြခြင်း ဖြစ်သည်။

"ရှင် အနားယူရမယ်လေ သော .. သွေးထုတ်ထားတာ နည်းတာ မဟုတ်ဘူး .."

မျက်နှာ ဖြူဖပ်ဖပ်နှင့် သော က ခေါင်းခါသည်။

"လူလေး ခဏဖြစ်ဖြစ်တော့ နားသင့်တယ်ထင်တယ် .."

တီလုံး က ဝင်ပြောတော့ သော က မျက်နှာပါ လွှဲပစ်၏။ သူ ဘယ်သူ့ကိုမှ စကားဟဟ မပြောခဲ့ပေ ..။ တီလုံး တို့တွေ သူ့အပေါ်မှာ ပြောင်းလဲနူးညံ့သွားခဲ့တာတွေကိုလည်း လက်မခံချင်သလိုလို ..၊ မလိုလားသလိုလို ..၊

ဘယ်သူ ဘာပြောပြော နှုတ်ခမ်းတွေကို တင်းတင်းစေ့ထားလျက် ရှောင်ထွက်သွားတတ်သည်သာ များခဲ့၏။ တီလုံးတို့ အချင်းချင်း မျက်လုံးချင်း ဆုံသွားကြ၏။ ပြီးမှ ...





"မင်း ချက်ချင်းကြီး ပြောင်းလဲလက်ခံဖို့ ခက်ခဲမယ်ဆိုတာ ဦးတို့ သိပါတယ် ..၊ တို့တစ်တွေကလည်း မျက်နှာပြောင်တတ်တဲ့လူတွေ တော့ မဟုတ်ဘူး သား .. ဒါပေမယ့် 'ငါတို့ဆရာအတွက် ငါတို့ ဘာမဆို အဆင်သင့်ရှိကြတယ်' ဆိုတဲ့ သစ္စာကိုယ်စီ ရှိကြတယ် .."

"ဟုတ်တယ် .. ငါတို့တွေကို မှော်ပညာနဲ့ ဖမ်းစားထားတာလည်း မဟုတ်ဘူး .. တစ်စုံတစ်ခုနဲ့ ထိန်းချုပ်ထားတာလည်း မရှိဘူး .. လေးစား ထိုက်တဲ့လူမို့ ငါတို့က လေးစားကြတာ .."

အောင်သော့် လေသံက နိုင်မာ ပြတ်သားနေကာ ...

"သူ့ရဲကောင်း နဲ့ ဆရာတို့ ငြိမိခဲ့တဲ့အကြောင်းတွေက မင်းကို ဓာတ်သွင်းခဲ့တဲ့ နိမိကို ပြောသလို မဟုတ်ဘူး ..၊ ဒါပေမယ့် ဒီထဲမှာ အထင်လွဲခဲ့ .. သတ်မှတ်ချက် မှားခဲ့တာတွေ ရှိရင်ရှိလိမ့်မယ် ..၊ ငါ့ဆရာ က လူဆိုးတစ်ယောက် မဟုတ်ဘူး .. မယုတ်မာဘူး .."

"အစ်မ ဦးဆောက်ပန်း နဲ့ ပတ်သက်လာသမျှ သူ့စိတ်ကို အများ ကြီး ချကျွေးခဲ့တဲ့သူပါ .. သူ့ရဲကောင်း ကို မခံချင်အောင် တမင်အနိုင်ယူ ပြောနေရင်း အစ်မကိုတော့ သူ သည်းသည်းလှုပ် ချစ်ခဲ့တာ ..၊ အစ်မမှာ ရောဂါရှိမှန်းသိတော့လည်း ကလေးမယူရင် ဘာမှမဖြစ်ဘူးဆိုပြီး အစ်မ ကို စစ်ဆေးတာတွေ ဘာတွေ ပြေးလုပ်ခဲ့သေးတယ် ..၊ မင်း ထင်နေ သလို အငြိုးနဲ့ ကလဲ့စားချေတာ တစ်ခုမှမပါဘူး .."

"မင်း တွေးကြည့်ပါ လူလေးရယ် .. မင်းရဲ့အသက်နဲ့အမျှ ဆရာ ဘဝသေခဲ့တာပါ..၊ မင်းအမေရဲ့ဆံပင်တွေ ဆရာ ခုထိ အမြတ်တနိုး သိမ်းထားခဲ့တာ သက်သေရှိတယ် ..၊ ပြီးတော့ သူ့မိန်းမ သေဆုံးခဲ့တဲ့ နေရာက ဘယ်မှမခွာဘူးဆိုပြီး ဘာ့တစ်ခုကိုမှ မပြင်ဆင်ဘဲ ဒီတိုင်း ထားတယ် ..၊ ဘယ်နိုင်ငံ ဘယ်နေရာကို ခရီးထွက်သွားသွား ဒီအိမ်ကိုပဲ ပြန်လာနေတယ် .."

"သူတို့ပြောတာတွေ အားလုံး ဟုတ်ပါတယ် လူလေးရယ် .."



www.burmeseclassic.com

www.burmeseclassic.com



အသံနှင့်အတူ ယက္ခ တစ်ဖြစ်လဲ တာနော က အားလုံးရှေ့ကို ရောက်လာ၏။ တာနော ကို မြင်တာနှင့် ဦးဆောက်ပန်း ဆတ်ခနဲ တုန်သွားသည်။

ထပြေးတော့မှာကို သိကာ မို က လက်ကိုဆွဲရုံသာမကဘဲ ခါးလေးကိုပါ ဖက်ထားလိုက်၏။ သူမသည်လည်း မို တစ်ယောက်ကိုပဲ ယုံကြည်နေကာ မို့ လက်ကိုပဲ အားကိုးတကြီး ဆုပ်ဆွဲထားခဲ့၏။

သော ကိုတော့ စကားပြန်ပြောဖော် ရသေးပေမယ့် တခြား ဘယ်သူ့ကိုမှ စေ့စေ့မကြည့်ပေ ..၊ ဘဒ္ဒါ ကို မမြင်ရခြင်းကြောင့် ဟိုဒီခေါ် ထုတ်လာလို့ အဆင်ပြေနေကာ သူမကိုယ်တိုင်က နဂိုတည်းက ငြိမ်ငြိမ်လေးနေတတ်သူမို့ ပြဿနာ သိပ်မရှိပေ ..။

ထို့ပြင် လူတွေကြားထဲမှာ နေတတ်အောင် ပြုပြင်ပေးဖို့ လိုသည်မှန်းလည်း သိနေကာ ဘယ်ဖြစ်ဖြစ် လက်တွဲခေါ်နေရတာ ဖြစ်သည်။

တာနော က ဦးဆောက်ပန်း ရှေ့ထိ လျှောက်လာကာ အနားရောက်မှ နောက်ပြန်ဆုတ် ရပ်လိုက်ပြီး ...

"မဦး မှာ ကိုယ်ဝန်ရှိမှန်း ဆရာ လုံးဝ မသိခဲ့ဘူး ..၊ ငါတို့လည်း မသိကြဘူး .. ဒါပေမယ့် ငါက ငါ့မိသားစုနဲ့ပတ်သက်ပြီး ဆရာ ဂရုမစိုက်ခဲ့တာကို နာကြည်းခဲ့တဲ့စိတ် ..၊ တီလုံး နဲ့ပတ်သက်တိုင်း ငါ့ကို မျက်နှာသာမပေးခဲ့တဲ့ နာကျင်မှုတွေနဲ့ မဒါ .. အဲ .. နိုမီကို ဖြားယောင်းတဲ့နောက်ကို လိုက်ခဲ့မိတယ် .."

သူ့ရဲကောင်း ကို အချိန်မီ သတင်းပေးကာ ပြည့်သျှင် နဲ့ ဦး တို့ ခရီးမထွက်ခင် လက်မတင်အချိန်လေးမှာ မီးရှို့သတ်ဖို့ စီစဉ်ခဲ့သည်။

ထို တိုက်ခန်းကို ရန်ငြိုးတွေ ကြီးမားစွာထားပြီး ပြည့်သျှင် စီစဉ်တည်ဆောက်ခဲ့တာ မှန်သည်။ တကယ်တမ်း သေဆုံးခဲ့ရသည့်အဖြစ်ကတော့ ပြည့်သျှင် နဲ့ မဆိုင်ပေ ..။

ထိုလုပ်ရပ်အတွက် ပြည့်သျှင် ဘယ်လိုမှ မတားဆီး မထင်မှတ်နိုင်





ခင် ဗိုဗိုရိုရို လုပ်သွားခဲ့တာဟာ ဘယ်လက်ရုံးကိုယ်တိုင် ဖြစ်နေသပြ ဒါက အောင့်မြင်ခဲ့သည်။

ကိုယ့်ဘက်သားဖြစ်အောင် စည်းရုံးခဲ့သည့် ယေသားတွေကို မကေ လောက်အောင် ပေးခဲ့သည်။ သူ ညွှန်ကြားသမျှလည်း အားလုံး ပြီးမြောက်ခဲ့၏။

ဒီထဲမှာ နောက်ကွယ်က ဒါရိုက်တာကတော့ နိုမီကို ပါ ..၊

"ဆရာက ငါ့ကို နိုမီကို့ ကို ရှာပြီး သတ်နိုင်းတယ် ..၊ ငါက နိုမီကို နဲ့ လက်ဝါးချင်းရိုက်ပြီး စီစဉ်ခဲ့တယ် ..၊ သူ့ရဲကောင်း ကို တကယ်သတ်လိုက်တာသိရင် မဦး က ဆရာ့ကို တကယ်စိတ်နာမယ်..၊ ဆရာ ဘယ်လောက်ချစ်ချစ် ကွဲကြမှာပဲလို့ သူ တွက်ခဲ့တယ် .. ဒါပေမယ့် သူထင်သလို မဟုတ်ဘဲ မဦး က မီးထဲကို ခုန်ချလာခဲ့တာ .."

သူ့ရဲကောင်း ကို ဒီဂိုဒေါင်ထဲ ဝင်သွားဖြစ်အောင် တွန်းပို့သည်၊ ပြီးတော့ ပေါက်ကွဲအားနည်းအောင် တမင်ချိန်ထားသည့် ဂက်စ်အိုးကို ဖွင့်ပေးလိုက်၏။

ပေါက်ကွဲခဲ့ပေမယ့် မပြင်းထန်ဘဲ မီးလောင်မှုက ကြီးမားခဲ့၏၊ သူ့ရဲကောင်း က လွတ်မြောက်သွားခဲ့ပေမယ့် ညီမဖြစ်သူကြောင့် မီးထဲ ပြန်ရောက်လာသည်။

"သူ ဒဏ်ရာအပြင်းအထန်နဲ့ သူ့ညီမကို ကာကွယ်ရင်း တစ်ခြမ်းပြိုကျသွားတဲ့ဘက်ကို လိမ့်ထွက်လာသေးတယ် ..၊ နိုမီကို က .."

"ခင်ဗျားကြီး .. တော်တော့ .."

"ခွပ် .. ခွပ် .."

"အ!.."

"ဖြောင်း .. ဘုန်း .."

သော အတင်းပြေးထိုးသဖြင့် တာနော ကြမ်းပေါ် ပလိမ့်ခေါက်ကွေး ပစ်လဲသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ဘာစကားမှ ထပ်ပြောခွင့် မရတော့အောင် အင်္ကျီစကို ဆုပ်ဆွဲကာ အတင်းထိုးနေသဖြင့် မို အားလုံးကို အလန့်တကြားကြည့်၍ ...

"ဦးလေးတို့ ဘာလုပ်နေကြတာလဲ ... ဟိုမှာ သေသွားလိမ့်မယ်... တားပေးကြပါဦး .."

"သေပြီ .. သေတော့မယ် .."

ပြောနေရင်း ဦးဆောက်ပန်း က ခုန်ထ၏။ မို ကမန်းကတန်း ပြန်ဖက်ထားရကာ ...

"ဒေါ်ဒေါ်ဦး ကို ငဲ့ပါဦး .. တော်ပါတော့ ... သော .. သော .. ကျွန်မ တားနေတာ ကြားရဲ့လား ... ဒီမှာ ကြောက်နေပြီ .."

သော ရဲ့လက်သီးချက်တွေ ရပ်တန့်သွားသည်။ တာနော မျက်နှာ တစ်ခုလုံးမှာ သွေးတွေ ချင်းချင်းနီနေ၏။

"ဟိတ်ကောင် .. မင်းမျက်နှာ ဟိုဘက်လှည့်ပြီး သွေးတွေ ပြောင်အောင် သုတ်ပစ်စမ်း .. အစ်မ အရမ်းလန့်နေပြီ .."

တီလုံး ရဲ့ မာထန့်သည့်စကားကြောင့် မို စိတ်တိုသွားမိသည်။ အမြင်မတော်တာကို မတားသည့်ပြင် ခံနေရသည့်လူကို ထပ်ပြီး နိုင်လို မင်းထက် ...

"လုပ်ပါ .. သူ့ စိတ်ကျေနပ်အောင် ထိုးပါစေဦး .."

တာနော ထံမှ တုန်ရီရီပြောသံ ထွက်လာတော့ မို အံ့သြ၏။ ပြီးတော့ နားလည်သွားသည်။

ဒါ သူတို့အချင်းချင်း နားလည်နေကြသည့်ပြစ်ဒဏ်ပဲ ...

တာနော လဲနေရာမှ လက်ထောက်၍ ထထိုင်လာ၏။ မို လက်ကိုင် ပဝါလေးကမ်းပေးလိုက်တော့ အောလူတစ်ယောက်က လက်ဆင့်ကမ်း၍ တာနော လက်ထဲကို ထည့်ပေးသည်။

တာနော သည် ပဝါနဲ့ မျက်နှာပွတ်သုတ်ရင်း နာခေါင်းကိုတော့





ဖိအုပ်ထားကာ ထိုနေရာမှ ထရပ်ခြင်းလည်း မရှိဘဲ လူအများ၏ရှေ့ ကြမ်းပြင်မှာ ...

"မင်း မကျေနပ်ရင် ငါ ထွက်သွားမှာပါ ... သတ်မယ်ဆိုလည်း သတ်ပါ .. ဒါပေမယ့် ငါ ဒါတွေကို ပြောပြမှ ဖြစ်မယ် ... ငါကလွဲပြီး အမှန်အတိုင်း ပြောပြနိုင်တဲ့လူ မရှိတော့ဘူး သော .. အဲဒါကြောင့် ငါ ပြောပါရစေ ... ဆရာကို ငါ ရှင်းပြခွင့်မရရင်တောင် မင်းတို့အားလုံး ပြန်ပြောပြပေးဖို့ပါ .."

ဦးဆောက်ပန်း ကလည်း နေရာမှာ ပြန်ထိုင်သွားကာ တာနော ကို စူးစူးစမ်းစမ်းလေး ကြည့်နေသည်။ ဒီလူနဲ့ သော ကို သူမ သိနေ သည်။ ဒါပေမယ့် မရင်းနှီးဘူး ဖြစ်နေ၏။

ထို့ကြောင့် သိတဲ့လူချင်းပဲဆိုတဲ့စိတ် ခဏဝင်သွားလိုက်.. 'မဟုတ် ဘူး'ဆိုတဲ့စိတ် ဖြစ်လိုက်နှင့် မျက်လုံးပြူးပြူး .. တဖားဖား လိုက်သတ် နေသော မိန်းမမျက်နှာကို မြင်သည့်အခါမှာ အားလုံးကို ဘာမှမသိတော့ ခြင်း ဖြစ်သွားတတ်ကာ ...

"သူတို့က ငါ့ကလေးကို ခေါ်သွားကြတာ .."

ဟင်!...

ရုတ်တရက် ထပြောလိုက်သည့်စကားကြောင့် အားလုံး ဟင်..ခနဲ ဖြစ်ကုန်ကြ၏။ ဦးဆောက်ပန်း သည် တာနော ကိုပဲ စိုက်ကြည့်ရင်း မျက်ရည်တွေ ပြည့်အိုင်လာခဲ့လျက် ...

"သူနိုး .. ငါ့ကလေးကို အတင်းနိုးသွားတာ .. ငါ့ကလေးလေး မရှိတော့ဘူး .."

"ဒေါ်ဒေါ်ဦး .."

"ငါ မညာပါဘူး .. ဘာမှလည်း မရှိတော့ဘူး ... မီးတွေ လောင် သွားပြီ .."

သော မျက်ရည်တွေ လည်လာကာ အံကြိတ်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဦးဆောက်ပန်း ရှေ့မှာ ဒူးထောက်ထိုင်ကျသွားခဲ့ပြီး ...

"မေမေ .."

နှုတ်ခမ်းလှုပ်ရုံလေးပေမယ့် ဦးဆောက်ပန်း နဲ့ မို တို့ကတော့ ကောင်းကောင်း ကြားလိုက်၏။ ပြီးတော့ သူမ၏လက်ဖဝါးတို့ကို ထွေးဆုပ်၍ ငိုနေသောမျက်နှာကို ဦးဆောက်ပန်း တအံ့တသြ ငုံ့ကြည့်သည်။

"ခွင့်လွှတ်ပါ.. ကျွန်တော့်ကို ခွင့်လွှတ်ပါ မေမေရယ် .. ကျွန်တော်က အသုံးမကျတဲ့ကောင်ပါ .. သားတစ်ယောက်လုံး ရှိနေရက်နဲ့ မေမေ အကျဉ်းချ ခံနေခဲ့ရတယ် .."

"မင်းမှာ အပြစ်မရှိပါဘူး လူလေးရယ် .. အပြစ်ရှိတာက မင်း သတ်သင့်တဲ့ ငါရယ်ပါ .."

တာနော အသံတွေ ထွက်နေခဲ့၏။

"နိုမီကို က ဆရာ့ကို တစ်ဖက်သတ်စွဲလမ်းပြီး အမျက်ကြီးခဲ့တယ် ...၊ ငါကတော့ နာကြည်းချက်နဲ့ အငြိုးထားခဲ့တာ .. ဆရာ အချစ်နဲ့ အမုန်းကြားမှာ ဘာကိုမှ မစွန့်လွှတ်နိုင်အောင် ဗျာများနေတုန်း သူ့ရဲ့ လက်ရုံးတစ်ဆူက ကျကျနန သစ္စာဖောက်တာကို ခံခဲ့ရတယ် ...၊ တကယ်တော့ အတိတ်ကဖြစ်ရပ်တွေဟာ သွေးလွှမ်းခဲ့တဲ့ ကလဲ့စား မဟုတ်ဘူး .. အချစ်နဲ့ အမုန်းကြောင့် နာကျင်ခဲ့ရတဲ့ နှလုံးသားတွေပါ.."

"ပြောပါ .. မင်းရဲ့ဝန်ခံချက်တွေကို ဆုံးအောင်ပြောပါဦး ...၊ သူ့ရဲ့ ကောင်း က လွတ်မြောက်အောင် ကြိုးစားနိုင်ခဲ့သားနဲ့ ဘာလုပ်ပစ်လိုက်တာလဲ .."

တာနော မျက်နှာငုံ့သွားပြီး အသံ တော်တော်နဲ့ ထွက်မလာခဲ့ပေ ...၊ သော နေရာမှထရပ်ကာ တာနော ရှေ့မှာ ရပ်သည်။

ပြီးတော့ အံကြိတ်ထားသည့်မျက်နှာနှင့် ချာခနဲ လှည့်ထွက်သွားသည်။ တာနော က တစ်ချက်မှ မျက်နှာမမော့ခဲ့ဘဲ ...

"မဦး ကို ငါ ကယ်ခဲ့ပါတယ် .."





"မင်းက သူကြိုးဆွဲရာ ကနေခဲ့ပြီး ဆရာ့ချစ်သူကို အသေသတ်ချင်နေတဲ့ မိန်းမကို ဂရုမစိုက်ဘဲ ကယ်ခဲ့တယ်ပေါ့ .."

"သူ့သဘောတူညီချက် မယူဘဲ ငါ ကယ်ခဲ့တာ တကယ်ပါ ...၊ ဆက်ပြီး ရှင်သန်ခွင့်ပေးဖို့ကတော့ သူ မက်မောလောက်တဲ့ စည်းစိမ်ဥစ္စာနဲ့ ပြန်မျှားရတယ် .."

ထိုအချိန်က ဦး ကိုယ်တိုင် မီးလောင်ပြင်ကို ထိတ်လန့်ကာ ရထားသည့်ဒဏ်ရာအရှိန်တွေနှင့် အပြင်းအထန် ဖျားခဲ့သည်။

သတိရလာတိုင်း တောင်စဉ်ရေမရတွေ လျှောက်ပြောနေခဲ့၏။ ထို့ပြင် သူတို့ကိုလည်း မှတ်မိနေလိုက် .. မမှတ်မိဘူး ဖြစ်သွားလိုက်..။ ထို့ကြောင့် ...

"သူ့အတွက် ကျွန်တော်တို့မှာ အနှောင့်အယှက်ဖြစ်ဖို့မှ မရှိဘဲ မနို ...၊ ပြီးတော့ သူရှိနေရင် ရွှေမရှား ငွေမရှား ဆက်လက်ရပ်တည်နိုင်မယ် .. သူတို့ရဲ့ အမွေထိန်းအဘွားကြီးတစ်ယောက် ရှိနေတာ မမေ့ပါနဲ့.."

ဒီစကားကို တာနော ပြောလိုက်တော့ နိုမီကို လက်ခံသွားသည်။ ထိုအချိန်မှာပဲ ရောဂါကိုကုနေရင်း ထပ်သိရတာက ဦးဆောက်ပန်း မှာ ကိုယ်ဝန်ရှိနေခြင်း ...၊

"သူတို့မှာ ကျင်းနိရှိတယ်ဆိုတာ မင်း သိလား .. အဲဒါ သေချာပြောပြစမ်းပါ"

နိုမီကို က မေးလာတော့ သူလည်း သေချာမသိခဲ့ပေ ...၊ ဒါပေမယ့် ဦးဆောက်ပန်း နဲ့ ဒီကိုယ်ဝန် ဆက်ရှင်သန်ခွင့်ရဖို့အတွက် မသိစိတ်က နေ ကာကွယ်ချင်နေခဲ့သည်။

ပြည့်သျှင် ကို ဒုက္ခအမျိုးမျိုး ပေးချင်နေသည့်စိတ်က တခြား ...၊ 'ဆရာ ချစ်နေတဲ့ မိန်းမ'ဆိုသည့်အသိက သပ်သပ် ...၊ ထို့ပြင် ...

ရင်သွေးဆိုသည့်အသံ ကြားတော့ စိတ်တို့က အရှိန်းတစ်ဝက်



www.burmeseclassic.com

www.burmeseclassic.com



အယဉ်တစ်ဝက်စီ ဖြစ်သွားခဲ့၏။ ဒါကြောင့် သူ တကယ်သိထားတာလို လို အပိုင် ပြောချလိုက်၏။

"ငါ မှန်းပြောလိုက်တာ တကယ်မှန်သွားတယ် ..၊ ဒေါ်မေယု ဆီကနေ ဒါ တကယ်ပဲဆိုတာ ကြားရတော့ နီမိကို ကျေနပ်သွားပြီး မဦး ကို သူ့ခေါင်းထဲ မထည့်တော့ဘူး .."

ကလေးကိုတော့ သူ့အစီအစဉ်နဲ့ လက်သပ်မွေးဖို့ သေချာ အကွက် ရွှေ့ခဲ့တယ် .. ကလေးရဲ့ ပညာရေး လူမှုရေး စိတ်ဓာတ်ကအစ သူ တွန်းပို့သလောက် ခရီးမရောက်အောင် ငါ အများကြီး ထိန်းခဲ့ပါတယ် ကွာ .."

တာနော မျက်ရည်ကျသည့်မျက်နှာနှင့် မော့လာတော့ တီလုံး တို့ မျက်နှာတွေလည်း ပြေပြစ်ကုန်ကြပြီ ဖြစ်၏။ ဆိုးခဲ့တာတွေက ရိုက် သတ်ပစ်ဖို့သာထိုက်ပေမယ့် သော ရဲ့ တစ်ဘဝလုံးကို တာဝန်ယူထားခဲ့ တဲ့သူ ..၊

ဒီကလေး ဤမျှလောက်ထိ ကောင်းမွန်ပြေပြစ်စွာ ကြီးပြင်းလာခဲ့ ရတာ သူ့ရဲ့ ပြုပြင်ထိန်းမတ်မှုတွေကြောင့်ဆိုတာ မယုံနိုင်စရာ ဘာမှ မရှိပေ ..။

"ဆရာ သတိပြန်ရလာတဲ့အချိန်မှာ ငါတို့ ဖန်တီးအစားထိုးခဲ့တဲ့ သူ့ရဲကောင်း တို့မောင်နှမအလောင်းတွေက သူတို့သေပြီဆိုတာကို နိုင်မာ သွားစေခဲ့တယ် .. အဲဒါကလည်း ..."

တာနော သည် အပြစ်ရှိသည့်ကလေးတစ်ယောက်၏ မျက်နှာငယ် ပုံမျိုးနှင့် တီလုံး တို့ကို မော့ကြည့်ကာ ...

"ဆရာ မီးထဲကို ပြေးကပ်လာတော့ ပေါက်ကွဲလောင်ကျွမ်းနေ တာတွေကို အခွင့်ကောင်းယူပြီး မီးလောင်နေတဲ့ထုပ်တန်းတစ်ခုနဲ့ တစ် ယောက်ကို တမင် အပစ်ခိုင်းခဲ့တာ .."

"ဘာ!..."





"ဟောကောင် .. မင်း .. မင်း လုပ်တာ ဟုတ်လား ..၊ မင်းက ဆရာ့ကိုပါ သတ်မလို့ပေါ့ .."

တီလုံး ရှုံးရှုံးရှားရှားထဖြစ်တော့ အောင်သော် က ဆွဲထားလိုက် တာ ခေါင်းခါပြသည်။

"မကောင်းမှု ကျူးလွန်ပါတယ်လို့ ဝန်ခံနေကာမှတော့ ကောင်း တာတွေ မပါနိုင်ဘူး ကိုတီ .. ငါတို့ နားထောင်နိုင်အောင်ပဲ ကြိုးစားရ အောင်ပါ ..၊ အကောင်းဘက်ကတွေးရင် အဲဒီမီးစထိပြီး ဆရာ ဒဏ်ရာ ရသွားလို့ .. သတိသာ မလစ်ခဲ့ဘူးဆိုရင် သူ တစ်ခုခု ဖြစ်သွားနိုင်တယ် မို့လား .. ခု ဘာမှမဖြစ်ခဲ့ဘူး .."

"အေးပေါ့ .."

တီလုံး မကျေမနပ် မဲ့ရွဲ့ကာ ...

"ရင်မဆိုင်ရဲတဲ့ကောင်ဆိုတော့ ချောင်းမြောင်း လုပ်ကြံဖို့ပဲ တတ် မှာပေါ့ .. ဒါပေမယ့် ဆရာ မီးထဲရောက်မသွားခဲ့ဘူးဆိုပြီး ငါကတော့ ကျေးဇူးမတင်နိုင်ဘူး .."

"မတင်ပါနဲ့ .. ခွင့်လွှတ်ပါလို့တောင် ငါ မတောင်းပန်ရဲပါဘူး..၊ ဒါပေမယ့် ငါ ဆရာ့ကို လုပ်ကြံတာ မဟုတ်ပါဘူး .. သေစေချင်တာ လည်း မဟုတ်ဘူး .. ငါ့လို စိတ်ဒုက္ခရောက်အောင် လုပ်ချင်တာ ..၊ နီမိကို့ စကားတွေကြောင့် သတ်ဖို့ဖြတ်ဖို့တွေ စိတ်က ဖြစ်မိတဲ့အခါ ရှိတယ် ..၊ ဒါပေမယ့် ခဏနဲ့ပျောက်ပြီး ငါ တုန်လှုပ်ခဲ့တယ် .."

တီလုံး မျက်နှာက တင်းမာမှုတွေ ပြန်ဖြစ်နေခဲ့၏။

"ကလေး အရွယ်ရောက်လာလို့ ဖအေကို ဓားကြိမ်း ကြိမ်းနေ တိုင်း .."

"တော်ပြီ တာနော .. မင်း ငိုပြတာတွေက ဘီလူးမျက်ရည်ကျ သလိုပဲ ..၊ တိုမိစ္ဆာမ .. နီမိကို ကနေ ဘဒ္ဒါ ဖြစ်သွားတဲ့ကိစ္စကိုပြော.."

"ဒေါ်မေယု ဆီက ရသမျှ ကွဲချူပြီး သူ့မျက်နှာကိုမှာ သူ့အသံ



www.burmeseclassic.com

www.burmeseclassic.com



အိုးကအစ ခွဲစိတ် ပြုပြင်ခဲ့တာ ..၊ ရွှေငွေရတနာတွေ မနည်းမနော ရခဲ့တာတောင် အားလုံးကို ပျော်ပျော်ကြီး သုံးဖြုန်းပစ်တယ် ..၊ အဲဒါတွေ ထက် ပိုဆိုးတာက မျက်ရည်တုတွေနဲ့ ကလေးကို မူရာမာယာတွေ သုံးပြီး မဟုတ်မဟတ် လုပ်ဇာတ်တွေခင်း စည်းရုံးတာ ရွံစရာ အကောင်း ဆုံးပဲ .."

"ဟွန်း .. ရွံစရာမှန်းတော့ သိတယ်ပေါ့ .."

"သိတယ် .. ငါ့ရဲ့ အထင်ကြီးသာယာခဲ့တဲ့စိတ်တွေ အဲဒီမှာ စပြီး ယိုင်နဲ့လာတယ် ..၊ သိပ်လှတယ်လို့ ငါထင်ခဲ့တဲ့ မျက်နှာက မလှတော့ ဘူးလို့ ထင်လာတယ် .. ကလေးကို သူ့နားမှာခေါ်ပြီး မွေးမြူထားမှာစိုး လို့ ငါ့လက်ထဲရောက်အောင် ငါ တော်တော် ကြိုးစားခဲ့ရတာ .."

တီလုံး နဲ့ အောင်ဘော် တို့ မျက်နှာတွေ ပြေကျသွားပြန်သည်။ ဒီအပြစ်ကြီးကို လုပ်ရဲတယ်ဆိုပြီး ခွင့်မလွှတ်နိုင်ပေမယ့် ဆရာ့ကို ချစ် ခင်စွာ အတူနေ လက်တွဲခဲ့ကြတဲ့ ရဲဘော်ရဲဘက်ချင်း ..၊

ပြည့်သျှင် ဆိုပြီး စတင်ရပ်တည်ပြီဆိုတည်းက သူတို့ငါးယောက် က ဆရာ့အားမှာ ရှိခဲ့ကြသည်။ ဒီထဲမှာမှ တာနော နဲ့ သူက ဆရာ့ကို အချစ်ဆုံး ..၊

အောင်ဘော် နဲ့ ရန်အောင် တို့ သုံးယောက်ကတော့ သူတို့ငါး ယောက် စုမိကြမှ ခေါင်းချင်းဆိုင်ကြရတဲ့ တိုင်ပင်ဖော် တိုင်ပင်ဘက် တွေ ..၊

"နောက်တော့မှ သော နဲ့ ငါ့ကို လှည့်မကြည့်နိုင်လောက်အောင် သူ တခြားနိုင်ငံမှာ ထင်တိုင်း ကဲနေတော့တာ ..၊ ပြန်ရောက်လာတော့ လည်း ဆရာ့ကို သဲကြီးမဲကြီး ပြန်ကြိုးစားတယ် .."

"ဘာ!..."

ဒီကိစ္စကို ဆရာ့ဆီက သူတို့ သေချာသိခဲ့ကြတာ မဟုတ် ..၊ ဒါ ကြောင့် တာနော ပြောပြမှ သိကြရသည်။





"ရမွက်စိတ်တစ်ခုနဲ့ပတ်သက်ရင် အရှက်သိက္ခာဆိုတာ ဘာကိုမှ ဂရုမစိုက်တော့တဲ့ မိန်းမ ..၊ ဆရာက လေးစားဖို့ ကောင်းပါတယ် .. နိမိကို မှန်းလည်း မသိဘူး .. အပျိုအရွယ်လေးလို လှနေအောင် ပြင်ထား တဲ့ မိန်းမကိုတောင် အခွင့်အရေး မပေးခဲ့ဘူး ..၊ အဲဒီမှာလည်း ဆရာ့ကို သူ ပိုငြိုးခဲ့တယ် .."

"လဲသေလိုက်ပါလား .. တဏှာရူးမ .."

ဒေါသထွက်ရင်း .. မျက်စောင်းခဲရင်းနှင့် တာနော က ကိုယ့်လူ ကိုယ့်ဘက်သား ပြန်ဖြစ်သွားခဲ့သည်။

ဘယ်ကိုကြည့်ကြည့် စကားပြောကြ ပြုံးကြရယ်ကြတွေပဲ မြင်နေ ရတော့ ဦးဆောက်ပန်း မျက်နှာလေးလည်း ဟိုကြည့်ဒီကြည့်ကနေ စိတ်ဝင်စားပုံလေးတွေ ဖြစ်လာခဲ့၏။

ကြောက်ရွံ့နေတာတွေ သိသာစွာ လျော့ပါးလာခဲ့ပြီး မို ဘာပြော ပြော ခေါင်းညိတ်လာသည်။ မို နဲ့ဆို စကားတွေဘာတွေ ပြောဖော် ရလာခဲ့၏။

ဘာမှ မပြောမဆိုဘဲ မှုန်ကုတ်ကုတ် ငေးနေတတ်တာ သော ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆၆)

"ဦး သက်သာရဲ့လား .."

"အင်း .."

ပြည့်သျှင် က မို မေးတာကို ဖြေတာပေမယ့် သူ့အကြည့်တွေက ဘေးမှာရှိနေသည့် ဦးဆောက်ပန်း ဆီမှာပဲ ဖြစ်၏။ သူ ကြည့်နေမှန်း သိတော့ မို က ပြုံးကာ ဘေးကို မသိမသာ ဖယ်ပေးသည်။

ဦးဆောက်ပန်း က ပြည့်သျှင် ကြည့်နေတာကို ကြောက်ပြီး သူမ နောက် လိုက်ကပ်သည်။ နောက်တော့ မို ကပဲ ဆက်မရွှေ့ဘဲနေလိုက်ရကာ ...

"ဒေါ်ဒေါ်ဦး .."

"ဟင် .."

"ဒီ ဦးလေးက လူကောင်းပါ .. မို တို့ကို ဘာမှမလုပ်ဘူး ...၊ ပြီးတော့ ဒေါ်ဒေါ်ဦး ကိုရော .. သော ကိုရော အရမ်းချစ်တာ .."

"မဟုတ်ဘဲနဲ့ .."

"ဟုတ်ပါတယ် ဒေါ်ဒေါ်ဦး ရဲ့ .. သူက သော ရဲ့အဖေပဲဟာ ...၊ သူ့သားဖြစ်တဲ့ သော ကို ချစ်တာပေါ့ .."





"မဟုတ်ဘဲနဲ့ .."

"ဟင် .. ဒေါ်ဒေါ်ဦး က ဘာလို့ အဲလိုပြောတာလဲ .."

"သူက သော နဲ့ ရန်ဖြစ်နေတာပါ .."

မို အံ့ဩသွားကာ လှည့်ကြည့်လိုက်တော့ ပြည့်သျှင် ရဲ့ မျက်ဝန်းတို့မှာ မြတ်နိုးကြည်နူးသော ရယ်မြူးရိပ်တို့နှင့် ပြည့်နှက်နေ၏။

"ဆရာ .."

တီလုံး က အခန်းတံခါးဝမှာ ပေါ်လာကာ ...

"ဒေါက်တာက .."

"ငါ အေးဆေးနေချင်လို့ ဆေးရုံက ဆင်းလာတာ .."

ပြည့်သျှင် ရဲ့မျက်နှာ တည်သွားသည်။ တီလုံး ခေါင်းညိတ်ရင်း နောက်ပြန်ဆုတ်သည်။

"ဟုတ်ကဲ့ပါ ဆရာ .. ဒါပေမယ့် ဒဏ်ရာတွေက စိတ်မချရသေးဘဲ ဆရာက ဆင်းတော့ .."

"ငါ သေရင် ဆွဲချပစ်လိုက် .. ဘာမှမပြောနဲ့တော့ .. သွား .."

ဆေးရုံက ဆေးနံ့တွေကို စိတ်ပျက်နေမိသည်။ ရောက်လာကြပြန်သွားကြနှင့် ပျောက်လိုက်ပေါ်လိုက်ဖြစ်နေသည့် ကိုယ်မြင်ချင်တဲ့ မျက်နှာတွေကို ကိုယ့်အိမ်ပြန်ရောက်မှပဲ တွေ့ရမှာဆိုတာ သိနေခဲ့၏။

ထို့ကြောင့် သူ ဖွတ်ပြန်ဆင်းခဲ့သည်။ ဒါတောင် ဆရာဝန် ရောက်ရောက်လာတိုင်း လူမမာဖြစ်နေရသည့် ကိုယ့်ကိုယ်ကိုယ် စိတ်ညစ်မိ၏။

"ဆရာ .."

ရောက်လာပြန်ပြီ တစ်ယောက် ...၊ သူ့ရဲ့နောက်မှာ နောက်တစ်ယောက် .. ပြီးတော့ တစ်ယောက် .. အခန်းထဲမှာ လူတွေစုလာကြ၏။ နောက်ဆုံး ဝင်လာသူကို မြင်လိုက်လျှင် ...၊

ပြုံးရိပ်ဆင်နေသည့် ပြည့်သျှင် မျက်နှာ က အေးစက်စက် တည်တင်းသွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလာလုပ်ကြတာလဲ .."

တာနော သည် ခပ်ယိုယို ခေါင်းငုံ့နေကာ ...

"ကျွန်တော့်ရဲ့အပြစ်တွေကို .."

"ငါ ခွင့်မလွှတ်ဘူး .."

တာနော မျက်နှာ ဖျတ်ခနဲ မော့လာပြီးမှ ပြန်ငုံ့သွား၏။ တီလုံးနဲ့ အောင်ဘော် တို့ တာနော ကို ငဲ့ကြည့်ကာ တစ်ခုခု ဝင်ပြောပေးချင်နေကြ၏။ ဒါပေမယ့် ပါးစပ်ပြင်နေရင်း ပြောလို့ မထွက်နိုင် ...။

"တိုက်ချပစ် သိုက်ပြီး ပြန့်ကျဲကျကျန်တဲ့ ပစ္စည်းတွေကို ပြန်ကောက်ထည့်ပေးမယ် ...၊ ပြီးတော့ တောင်းပန်ပါတယ် ပြောမယ် ...၊ ဒါမျိုးကို ကျေနပ်ပေးလိုက်လို့ ရချင်ရမယ် တာနော .. ဒါပေမယ့် မင်းကြောင့် ပြန့်ကျဲ ပျက်စီးသွားတာတွေက ဈေးခြင်းတောင်းထဲက ဘူးသီး ခရမ်းသီးတွေ မဟုတ်ဘူး .."

"ဟုတ်ပါတယ် .. ကျွန်တော် သိပါတယ် ဆရာ .."

"အေး .. သိရင် မင်း ငါ့နားမှာ နေရာရဖို့ မစဉ်းစားနဲ့ .. ဒါပေမယ့် ဒီတစ်ခါ မင်းကို နိမ်တယ်ဆိုပြီး နာကြည်းဦးမယ်ဆိုရင်တော့ ပြည့်သျှင်က နှစ်ခါမတုံ့ဘူးဆိုတာ မင်း သတိထား .."

"ဆရာ .."

တာနော မျက်ရည်ဝေ့သော မျက်လုံးကြီးတွေနှင့် ကတုန်ကယင် ခေါ်ရင်း ခေါင်းခါနေ၏။ ပြီးမှ တော်တော် အားယူနေရသော မချိတရိ သံနှင့် ...

"ကျွန်တော့်ကို အဲလောက်မပြောပါနဲ့ ဆရာ.. ကျွန်တော် .. ကျွန်တော်ကလည်း ဆရာ့မေတ္တာရှုးပြီး လောကငရဲမှာ နေလာခဲ့ရတဲ့ လူပါ..၊ နှစ်ခါထပ်ပြီး ငရဲကျ မခံပါဘူး .. ကျွန်တော် ဆရာ့ရှေ့က ထွက်သွားပါ့မယ် .."

တာနော က တစ်ခါတည်း နှုတ်ဆက်သွားသည်။





"သနားပါတယ် .."

ဦးဆောက်ပန်း အသံလေး ကြားလိုက်တော့ မျက်နှာလွှဲနေသည့် ပြည့်သျှင် ဖျတ်ခနဲ လှည့်ကြည့်သည်။ သူမက တာနော ကိုပဲ ကြည့်နေကာ ...

"ငိုသွားပြီ ...၊ ဟဲ့ .. နင် ပြောတော့ သူက လူကောင်းပါဆို .."

မို့ လက်မောင်းလေးကို ကိုင်လှုပ်မေးတော့ မို ဘာဖြေရမှန်း မသိ ..၊ သူမ ပြည့်သျှင် ကို လှမ်းကြည့်လိုက်တော့ ဦးဆောက်ပန်း ကပါ လိုက်ကြည့်ကာ ...

"ရှင်က ဘာဖြစ်လို့ ဆူလိုက်တာလဲ .."

ပြည့်သျှင် ၏အကြည့်တွေက အလိုလိုက်ချင်နေသည့် နူးညံ့မှုတွေ ဖြစ်သွားပြန်ကာ ...

"ကိုယ် ဆူတာ မဟုတ်ပါဘူး .."

ဦး ဘက်ကိုလှည့်၍ နူးညံ့သွားသည့်အချိန်လေးကို တီလုံး အမိအရ ဆုပ်ဖမ်း၍ ရှေ့နည်းနည်း တိုးကာ ...

"ဆရာရယ် .. သူ့အပြစ်က ကြီးပေမယ့် သူလည်း နောင်တရနေပြီ ..၊ ပြီးတော့ သော ကို ပညာမဲ့ လူရမ်းကားလေး ဖြစ်မသွားအောင် နိုမိကို လက်ထဲကနေ သူ ပြန်ပြီး ကယ်တင်ခဲ့တာတွေ ရှိပါတယ် .."

"ဟုတ်ပါတယ် ဆရာ .. အသက်တွေလည်း ကြီးကုန်ပါပြီ ..၊ ကျွန်တော်တို့ သိုက်သိုက်ဝန်းဝန်း ပြန်နေကြရအောင်ပါ .. သူ့ကို ဟို အရင်ကလိုပဲ သော ရဲ့ဘေးမှာဖြစ်ဖြစ် .. ထောင့်ရောက်ခွင့်လေးတော့ ပေးလိုက်ပါလား ဆရာ ရယ် .."

"ပေးမယ် .. ပေးမယ် .. နေပါစေ .."

ဦးဆောက်ပန်း အသံလေးပဲ ထွက်လာသည်။ ဒါပေမယ့် အားလုံး တိတ်ကျသွားကာ သူမကိုပဲ အံ့သြသလို ဝိုင်းကြည့်နေကြသဖြင့် ကြောင်တောင်တောင်လေး ဖြစ်သွားပြီး ပြည့်သျှင် ဆီ ဖျတ်ခနဲ ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ပေးမယ်မို့လား ဟင် .."

"ပေးမယ် .."

ပြည့်သျှင် မျက်နှာက ပြုံးယောင်သမ်းနေသဖြင့် ပို၍ လေးနက်တည်ငြိမ်နေခဲ့သည်။ စကားသိပ်မပြောဖြစ်သော်လည်း သူ့မျက်ဝန်းတွေထဲမှာ ဦးဆောက်ပန်း ကို မြင်လိုက်ရတိုင်း ချစ်ကြည်နူးခြင်းတွေပဲ ရှိနေကာ ...

"ငါ့သားရော .."

သူ့ကို လှမ်းကြည့်လိုက်လျှင် တီလုံး ပျာပျာသလဲဖြစ်သွားကာ...

"သူ .. သူ့အဘွားအိမ်မှာပဲ ဆရာ .. အစ်မဦး ကလည်း ခေါ်နေလို့ ဒီညတော့ ဒီမှာ လာအိပ်မှာပါ ..၊ ရှုတ်တရက်ကြီး ပြောင်းလဲကုန်တာတွေကို သူ ရင်ဆိုင်ဖို့ ခက်နေတာပါ ..၊ တခြား ဘာစိတ်ကူးမှ မရှိဘူးဆိုတာ သေချာပါတယ် .. ဒါပေမယ့် .."

"ဘာဖြစ်လဲ .. ပြော .."

"သူလည်း ဆရာ့လိုပဲ တာနော ကို ခွင့်လွှတ်တဲ့စကား လုံးဝမပြောဘူး .."

ကျေနပ်သွားသည့် ပြည့်သျှင် မျက်နှာက သိသာစွာ ကြည်လင်သွားခဲ့သည်။ ပြီးမှ ...

"သူ စိတ်ချမ်းသာသလို နေပါစေ .."

"ဟုတ်ကဲ့ပါ .. သူ့ဆန္ဒနဲ့ကလွဲပြီး ကျွန်တော်တို့ ဘာမှ မတောင်းဆို .. မသိမ်းသွင်းပါဘူး ..၊ နည်းနည်းလေးမှ မငြိုငြင်စေရပါဘူး ဆရာ.. စိတ်ချလက်ချ နေပါ .."

"မင်းတို့ သွားတော့ .."

တီလုံး တို့ ထွက်သွားကြတော့ ဦးဆောက်ပန်း ကလည်း မို့ လက်လေးကို ဆွဲ၍ ရှေ့ကထွက်သည်။

"သွားမယ် .."





"ဟင် .. ဘာဖြစ်လို့လဲ .."

"သူက သွားတော့တဲ့ .."

မို့ က ရယ်ကာ သူမလက်လေးကို ပြန်ဆွဲထားလိုက်ပြီး ...

"သူတို့ကို ပြောတာပါ .. ဒေါ်ဒေါ်ဦး မပါဘူး ..၊ လာ .. ဒီမှာ ထိုင်ရအောင် နော် .."

"မထိုင်ချင်ပါဘူး .."

"လာပါ .. ခဏလေးပဲ .."

ပြည့်သျှင် ရဲ့ဘေးမှာ ဦးဆောက်ပန်း ကို နေရာပေးကာ မို့ က ခြေရင်းဘက်မှာ ထိုင်လိုက်သည်။ လူကြီးတွေရဲ့ ဝေးကွာကြသည့် ချစ်ကြင်နာခြင်းကို သိထားခဲ့ပြီမို့ ဒီနေ့ ဒေါ်ဒေါ်ဦး ကို မို့ သေချာ ပြင်ဆင်ပေးထားခဲ့သည်။

ပန်းနုရောင် ဆွဲသားခါးရှည် ရင်ဖြတ်လေးက ရင်ဘတ်မှာ အပေါ်သားလေးနှင့် ပန်းပွင့်အဖြူလေးတွေ သပ်သပ် ကပ်ထားသည်။ ကီမိုနိုအပေါ်သားပန်းရောင်အပွင့်လေးနှင့် ..၊ ဆံပင်တွေကို လှလှပပလေး ဖြန့်ချထား၏။

အကျီလက်ရှည်၏အစွန်းမှာ ဒဏ်ရာတချို့ ရှိနေပေမယ့် ဖွေးနုလှပနေသည့် ဦးဆောက်ပန်း ၏ မျက်နှာလေးက ဟိုအရင်တုန်းကအတိုင်း လှနေလေသည်။

ပြည့်သျှင် က ခေါင်းအုံးနှစ်ထပ်ဆင့်ခံ၍ လှဲနေသည့်အတိုင်းကနေ ဦး ကိုပဲ စူးစိုက်ကြည့်နေခဲ့သည်။ ဘေးမှာ သူ့စိမ်းမိန်းကလေးရှိနေတာကို သူ မေ့လျော့နေပေမယ့် ဦးဆောက်ပန်း က မိန်းမသားပီပီ ရှက်တတ်ခြင်းကို မမေ့ ..။

သူ့မျက်နှာကိုချည်း ကြည့်တော့ သူမ ကိုယ့်ပါးကို ပြန်စမ်းကြည့်သည်။ ပြီးတော့ ရင်ဘတ်လေးပေါ် လက်ဖဝါးလေးနဲ့ ချုတ်ခနဲ ကားပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ လက်ခုံနုနုလေးတွေဆီ အကြည့်ရောက်သွားတော့ လက်တို့ကို နောက်ပို့ပြီး ဝှက်ထားလိုက်ကာ ...

"ငါ ငယ်ငယ်က ကဏန်းညှပ်ခံရတာ .."

မို ပါးစပ်လေးပိတ်ပြီး ရယ်မိကာ ပြည့်သျှင် သွားတွေပေါ်အောင် ပြုံးသည်။ ပြီးတော့ ...

"ဟုတ်လား .. ဒဏ်ရာ ဘယ်လောက်ကြီးလဲ ကိုင်ကြည့်လို့ ရမလား .."

"ကိုင်ကြည့်မယ် .."

"အင်း .."

မို မသိမသာ ထသွားဖို့ပြင်နေကာမှ ဦးဆောက်ပန်း က သူမကို လှည့်ကြည့်ကာ ...

"သူက ငါ့ကို ဘာလုပ်မှာလဲ .."

"ဘာမှမလုပ်ပါဘူး .. ဒေါ်ဒေါ်ဦး ဒဏ်ရာက ကြွက်ကြီးကိုက်ထားတာလို့ ဦးက ထင်နေတာ .."

"မဟုတ်ဘူး .. ကဏန်းညှပ်တာပါ ..၊ မယုံရင် ကိုင်ကြည့်ပါလား .."

လက်ခုံနုနုလေးတွေ သူ့မျက်စိရှေ့ ရောက်လာတော့ ရင်ထဲမှာ နင့်သွားသည်။ တစ်ကျိုးတစ်ကွက်လောက်ပဲကျန်သည့် ဖြူနုနု အသားစိုင်လေးတွေက မီးလောင်ဒဏ်ရာတို့အောက်မှာ ခေါင်းမထူနိုင်ရှာ ..။

ပြီးတော့ သူ့အကြည့်တွေ မျက်နှာလှလှလေးဆီ သနားကြင်နာစွာ ရောက်၏။ တာနော ရှင်းပြသွားသည့်စကားထဲမှာ ပါသွားခဲ့တာကိုလည်း တွေးမိသေးသည်။

"သူ့ရဲ့ကောင်း က သူညီမရဲ့မျက်နှာကို ရင်ခွင်ထဲမှာ အသေဝှက်ပြီး မီးထဲကနေလွတ်အောင် အလူးအလိမ့် ကြိုးစားခဲ့သေးတယ် ..၊ ဒါကြောင့် ဆံပင်တွေသာ မီးလောင်တာ.. မဦး မျက်နှာ ဘာမှမဖြစ်ဘူး"တဲ့..။





ဒါတွေ ရှင်းပြခဲ့ပေမယ့် တာနော ကို သူ ခွင့်မလွှတ်နိုင် ..၊

ဦး ကို ချစ်ခဲ့ကြသူချင်းမို့ ရန်သူဖြစ်ခဲ့ကြသည့် သူရဲကောင်း အပေါ် မုန်းမိသမျှတို့ လျော့ကျ ပျောက်ကွယ်သွားခဲ့ပြီး တရားခံကို ပို၍ ဒေါသထွက်မိသည်။

ထို့ကြောင့် တာနော ကို သူ ခွင့်မလွှတ်နိုင်ပေ ..။

"မင်းကိုတော့ ကျေးဇူးအရမ်းတင်တယ် သဒ္ဒါပိုမို .. ဦးတို့မိသားစုအတွက် မင်းမိဘကိုတောင် ဂရုမစိုက်နိုင်ဘဲ မင်း ကူညီနေခဲ့တာ .."

သူမကိုတော့ လှိုက်လှိုက်လှဲလှဲ ပြောမိ၏။ မို က ပြုံး၍ ...

"ဒေါ်ဒေါ်ဦး ကို ဒီမှာနေစေချင်တဲ့အတွက် မို က ဆေးထွက်နေလို့ မရတော့လို့ပါ .. မေမေကလည်း သူ့အတွက်နဲ့သူ မယိုင်မလဲ ရပ်တည်နေပေမယ့် ဒီကမိသားစုပြဿနာတွေကို ကြားနေရတော့ မို လုပ်နေတာတွေကို နားလည်ပေးဖို့ ကြိုးစားနေပါတယ် .."

"ကျေးဇူးတင်ပါတယ် .. ဒီလောက်ကြားရတာနဲ့တင် ဦးဘက်က စကားတုံ့တင်တွေ ရှိခဲ့သမျှအတွက် ကျေရာကျေကြောင်းပြောဖို့ ကြိုးစားပါ့မယ် ..၊ ရန်ကြွေးဆိုတာကတော့ ဒါက တောင်းပန်ရုံနဲ့လည်း ခွင့်လွှတ်ပေးလို့ ရတတ်တာမျိုး မဟုတ်ဘူးလေ .."

မို က ခေါင်းညိတ်သည်။

"ပြီးခဲ့တာတွေကို မင်းအမေ ထားလိုက်နိုင်တယ်ဆိုရင်တော့ အားလုံး ငြိမ်းချမ်းသွားမှာပါ .."

ပြည့်သျှင် က ဦး မျက်နှာလေးကို ကြည့်၍ မို့ ကိုပဲ ဆက်ပြောနေခဲ့၏။

"ငါ အရမ်းကြည်နူးခဲ့ရတာ မင်း သိလား .. ဦး ရဲ့အခြေအနေကို သမားတော်ကြီးတွေနဲ့ ဆွေးနွေးကြည့်ခဲ့တယ် .. ဘာမှ တရားသေပြောလို့ မရပေမယ့် သူတို့ ကြုံဖူးခဲ့တဲ့ ဆေးပညာအတွေ့အကြုံအရ ဒီလိုရောဂါမျိုးက မိန်းကလေးတွေမှာပဲ ကူးစက်သွားတတ်တာတဲ့ ..၊ အခု



www.burmeseclassic.com

www.burmeseclassic.com



သူ သားတစ်ယောက်ပဲ မွေးမယ်ဆိုရင် ဒီရောဂါ မဖြစ်နိုင်သလို .. သူ့ အသက်အန္တရာယ် မထိနိုက်နိုင်တော့ဘူးလို့လည်း မျှော်လင့်လို့ ရတယ် တဲ့ ..''

''ဟုတ်လား .. ဒါ မင်္ဂလာစကားပဲ ..''

''အင်း ..''

ပြည့်သျှင် က ပြုံးကြည်နေသည့်မျက်နှာနှင့် ခေါင်းညိတ်ကာ ...

''သူ ဘာမှမဖြစ်အောင် ငါ အသက်ရှင်နေသမျှ ဘယ်လိုနည်းနဲ့ ဖြစ်ဖြစ် ကာကွယ်မယ် ...၊ သူ့အသက်ရှင်ခွင့် ရနေပါစေ .. ဒီပုံစံအတိုင်း နဲ့ပဲ ငါ ကျေနပ်နိုင်တယ် .. စောင့်ရှောက်သွားမယ် ...၊ ဒါပေမယ့် ...''

ပျော်စရာကနေ ကြေကွဲစရာတွေ ပြောဖို့ရှိတော့ မျက်နှာပြင်သည် ဆွေးရိပ်သမ်းလျက် ...

''သားကတော့ ငါ့ကို ဘယ်တော့မှ နားလည် လက်ခံမယ်ဆိုတာ မသိဘူး ...၊ သူ .. သူ .. ငါ့ကို ဘယ်တော့မှ အဖေလို့ မခေါ်တော့ဘူးဆို ရင် ..''

စကားသံသည် ဆို့နင့်စွာ မြုပ်ကွယ်သွားပြီးမှ ...

''ငါ ခံစားနိုင်ပါ့မလား မသိဘူး ..''

မို လည်း ဘာမှမပြောနိုင် ...၊ ဒါကတော့ ...





အခန်း (၆၇)

သူ ဘယ်လိုမှ အိပ်မပျော်နိုင်ခဲ့ပေ ...၊

ညတုန်းက သော ရောက်နေပြီဆိုသည့်သတင်း တီလုံး လာပေးသည်။ သူ တစ်ညလုံး မျှော်လင့်နေခဲ့ပေမယ့် ကိုယ့်ရှေ့ကိုတော့ ရောက် မလာခဲ့ပေ ...။

တစ်သက်လုံး ကိုယ့်တစ်ယောက်တည်း အထီးကျန် လှော်ခတ်ရ တော့မယ့် အဆုံးမဲ့ဘဝခရီးကို သူ ရင်ဆိုင်ရမှာ မကြောက်ခဲ့ပေမယ့်...၊

မိသားစုရှိနေပြီဖြစ်သည့် ဒီနေ့ မနက်ဖြန်တွေမှာတော့ တစ်ယောက် တည်း အထီးကျန်နေရခြင်းက ခါးသီးနေခဲ့သည်။

ဇနီးသည်က ကိုယ့်ကို မသိ ...၊ သားက လက်မခံချင် ...။

ဒီလိုဘဝနဲ့ သူ ခရီးဆက်ရတော့မှာလားလို့ တွေးမိတိုင်း ရင်ထဲမှာ မီးလောင်ပြင်တစ်ခုလို ပူလောင် ပြင်းရှနေခဲ့၏။ ထိုအသိက ကိုယ့်ရှေ့ကို သား ရောက်မလာခဲ့သည့်နေ့ နာရီတိုင်း လူကို နှိပ်စက်နေခဲ့သည်။

အိပ်ရာထက်ကနေ ခပ်စမ်းစမ်း ထလာခဲ့ရင်း သားကို ပေးထား သည်ဆိုသော အခန်းရှေ့မှာ အကြာကြီး ရပ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအခန်းက ဦး ကို သူ ထားခဲ့ဖူးသည့်အခန်း ...၊

ဦး ရဲ့ ကြည်ဖြူနှစ်သက်ခြင်းကို မခံရဘဲ ကိုယ်ကချည်း ရယူပိုင်ဆိုင်ချင်ခဲ့သူမို့ သူမလေးရဲ့အခန်းထဲကို သူ အချိန်မရွေး ဝင်ထွက်လို့ရအောင် အထဲကပိတ်ထားလို့မရသည့် ဒိုးလော့ခ်နှင့် ထားခဲ့၏။

သော ကို ဒီအခန်းပေးထားတာက ဟိုဘက်မှာ ဦး ရှိနေလို့ ဒီနေ့ သော ရောက်လာမည်ဆိုမှ မို ပြန်ခွင့်ရသွားခဲ့သည်။ သားအမိ စကားတွေ ပြောနေခဲ့ကြသည်ဆိုတာလည်း ညက သူ ကြားခဲ့၏။

ခုတော့ သား အိပ်ပျော်နေပြီလား ...၊ နာရီကိုကြည့်တော့ ညဥ့်နှစ်နာရီခွဲ ...၊

ဒီအချိန်ဆို လူငယ်တစ်ယောက်အဖို့ အိပ်ပျော်နေပျော် ဖြစ်နေလောက်ပါပြီ ...၊

တံခါးကို အသာလေးလှည့်ဖွင့်၍ ခပ်ဟဟတံခါးရှေ့မှာ သူ အကြာကြီး ရပ်နေမိသည်။ အကယ်၍ သား အိပ်မပျော်သေးဘူးဆိုရင် သူ့ကို ရန်လိုမုန်းတီးစွာ အော်ထုတ်မလား ...၊

ဘယ်သူနဲ့ပတ်သက်၍မှ တစ်ခါမှ စိုးရွံ့ခဲ့ဖူးခြင်းမရှိသည့် ရင်ဘတ်ထဲမှာ ရင်ခုန်သံတွေကြောင့် သိသာစွာ တုန်ခါလာကြသည်။

ဒါပေမယ့် သူ ရှေ့ကို တရွေ့ရွေ့ တိုးလာခဲ့မိသည်။ ညဥ့်၏ တိတ်ဆိတ်ခြင်းနှင့်အတူ အပြာရောင် မီးရောင်ဖျော့ဖျော့အောက်မှာ စောင်မခြုံဘဲ ပက်လက်အတိုင်း နဖူးပေါ်လက်တင်၍ အိပ်ပျော်နေသည့် သော ကို မြင်လိုက်ရသည်။

ဂျင်းနဲ့ဆောင်းဘီနဲ့ အဖြူအပြာကျား ဆွယ်တာလက်ရှည်ကို ဝတ်ထားလျက် အနက်လား နက်ပြာလား မသိသော ဂျာကင်က စားပွဲပေါ်မှာ အပုံလိုက် ...၊

ညဝတ်အင်္ကျီမလဲဘဲ ဒီတိုင်း ဝင်အိပ်နေတာမို့ ညဥ့်နက်မှ အိပ်ပျော်တာလား ...၊ သူ့အမေကို အခန်းပြန်ပို့ပြီးတာနဲ့ ဝင်အိပ်နေတာလား ...။





ခုတင်ဘေးမှာ ရပ်နေရင်း သူ့ရဲ့စိုးရိမ်မှုတွေက ယုတ်လျော့မသွားနိုင်ဘဲ ရှိနေခဲ့၏။

အကယ်၍ သူ ခွင့်မတောင်းဘဲ ဝင်လာခဲ့သည့်အဖြစ်ကြောင့် ဒီအရိပ်ကိုတောင် သား ဘယ်တော့မှ မလာတော့ဘူးဆိုရင် ဘယ်လိုလုပ်မလဲ ...၊

စိုးရွံ့မှုသည် နောက်ကို ခြေလှမ်းပြန်ဆုတ်လိုက်မိတဲ့အထိ ကြီးမားသွားခဲ့သည်။ ဒါပေမယ့် သူ ထိုနေရာမှာပဲ ခြေထောက်တွေက သပ်စွဲနေ၏။

ပြန်ငုံ့ကြည့်မိတော့ သား အိပ်ပျော်နေတာပါလို့ ကိုယ့်ဘာသာလိုရာဆွဲတွေးမိပြန်သည်။ သားကို သူ မြင်ချင်သည်။

'ငါ့သားလေး' ဆိုသည့် ပီတိနှင့် တစိမ့်စိမ့် ကြည့်နေချင်၏။ ထိုဆန္ဒဟာ ဒီညမှ မပြည့်ဝဘူးဆိုလျှင် နောက်နေ့တွေဆိုတာ မသေချာ ...၊

ခုတင်ဘေးမှာ တဖြည်းဖြည်း ဒူးထောက်ကျသွားခဲ့ရင်း ခုတင်နှုတ်ခမ်းပေါ်မှာ လက်တွေကို ဖွဖွတင်မိသည်။

မီးရောင်က ထိန်လင်းနေတာ မဟုတ်သော်လည်း ဖြူဝင်းပြေပြစ်သည့် သော ရဲ့မျက်နှာကို သူ မြင်နေရသည်။

ပေါ်လွင်သည့်နှာတံ .. ပိရိကျနသည့် နှုတ်ခမ်းအစုံတို့က မပြန့်မကားမျက်နှာထက်မှာ ယောက်ျားပီသ ချောမောစွာ ရှိနေကြ၏။

ဒါ .. ငါ့သား ...၊

ငါ့ကို မကြောက်မရွံ့ စိန်ခေါ်ခဲ့တဲ့ သား၊

ပြီးတော့ ဘယ်သူ့ကိုမှ မကြောက်တဲ့ မာကျောကျောအကြည့်တွေ အပြောတွေကအစ ငါနဲ့ ထပ်တူရှိခဲ့တဲ့ သား ...၊

ရင်ထဲမှာ နာကျင်မှုများကြားက ရုန်းကြွလာခဲ့သည့် ပီတိစိတ်တို့ကြောင့် မျက်ရည်တွေ ပြည့်တက်လာရင်း ပြုံးလိုက်မိသည်။

ပြီးတော့ ထိုကြည်နူးခြင်းကို မှတ်မှတ်ရရ ရှိစေချင်တာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းတွေဖွင့်၍ ရယ်မိ၏။ ကိုယ့်ကိုယ်ကိုယ် ရယ်သံမထွက်အောင် ထိန်းနေရသည်ထင်သော်လည်း ခပ်အက်အက်ထွက်လာသည်က ရှိုက်သံတွေ ဖြစ်နေခဲ့၏။

သူ့အသိထဲမှာ သားမှသား ဖြစ်သွားခဲ့သည် ..၊ မြင်နေချင်သည့်စိတ်က သားရဲ့ခါးစပ်မှာ ခပ်လျော့လျော့ ဖေးတင်နေသည့် လက်ဝဲဖက်ကို နိုးချောင်နိုးဝှက် ဆုပ်ကိုင်လိုက်မိတဲ့အထိ သတိလက်လွတ် ..၊

သားရယ် ..၊

သူတို့အားလုံးအပေါ်မှာ ဖေဖေက လူဆိုးကြီးပါ ..၊ ဒါပေမယ့် မေမေ့ရင်သွေးအပေါ်မှာတော့ ဖေဖေက ဖခင်တာဝန် ကျေချင်တဲ့သူပါ..၊ သားရဲ့အဖေ ဖြစ်ခွင့်ရမယ်ဆိုရင် ဖေဖေ မကောင်းခဲ့တာတွေအတွက် ငါ့သား ကြိုက်သလို စီရင်ပါ ..။

သားရဲ့လက်ခုံတစ်ဖက်ကို လွတ်ကျ ကြေမွသွားနိုင်သည့် ပစ္စည်းတစ်ခုလို တယုတယ ကိုင်တွယ်ရင်း လက်တို့က တုန်ယင်လာခဲ့၏။

ပြီးတော့ လက်ဖဝါးချင်းထပ်၍ လက်ခုံကို ဖွဖွလေး ပွတ်သပ်နေမိသည်။ ပြီးတော့ နှုတ်ခမ်းတို့နဲ့ ထိကပ်ရင်း မြတ်နိုးမဝစွာ နမ်းမိ၏။

သားကို ဖေဖေ သိပ်ချစ်ပါတယ် သားရယ် ..၊ မင်း မကျေနပ်ရင် မကျေနပ်တာတွေ ကြိုက်သလောက်ပြောပြီး ဖေဖေ့ကို တစ်ခုခု ပေါက်ကွဲပါ ..၊ မထားခဲ့ပါနဲ့ ..။

မိသားစုဘဝလေးကိုတော့ ဖေဖေ့ကို ပိုင်ဆိုင်ခွင့်ပေးပါ ..၊ မင်းအမေကို ပြန်ရခဲ့ပေမယ့် ဖေဖေ့သားကို ဆုံးရှုံးရဦးမယ်ဆိုရင် ဖေဖေ့ဘဝ နာကျင်ကြေကွဲမှုတွေနဲ့ပဲ ပြီးဆုံးရလိမ့်မယ် ..။

ဖေဖေ့ကို မင်း နားလည်ပေးပါ ..၊ ခွင့်မလွှတ်နိုင်တာတွေရှိခဲ့ရင်လည်း ခွင့်လွှတ်ပေးပါ ..၊ ဖေဖေ တောင်းပန်ပါတယ် သားရယ် .. ဖေဖေ့ကို မထားခဲ့ပါနဲ့ ..၊

ခုတင်စွန်းမှာ မျက်နှာမှောက်ချကာ ငိုချင်နေသမျှကို အံကြိတ်ရင်း





တင်းခံနေမိသည်။ မျက်လုံးတွေကို ဖိမှိတ်၍ လက်သီးဆုပ်ထားပေမယ့် မရ ..၊

ကျောနဲ့ လက်တွေမှာ ဒဏ်ရာတွေက လူ့ကို ရိုက်ပုတ် သတိပေးသလို နာကျင်မှုတွေ အရှိန်တက်လာကြ၏။

သူ သော ရဲ့လက်ခုံပေါ်မှာ သူ့လက်နဲ့ ဖွဖွလေး ထပ်ကပ်ထားရင်း မျက်နှာကို ငေးနေခဲ့မိသည်။

ပြီးတော့ .. ဖြည်းလေးစွာ ထရပ်၏။ ခြေရင်းမှာ ခေါက်ထားသည့် စောင်ကို ဆွဲမိလျှင် ကျောတစ်ပြင်လုံး ရှူးအောင့်သွားကာ ...

"အါ.."

လူက တွန့်ခနဲ ဖြစ်သွားသည်။ ဒါပေမယ့် သော ရဲ့ကိုယ်ပေါ်ကို ရင်ဘတ်ပေါ်ထိ စောင်ခြုံပေးပြီးမှ သူ ပြန်ထွက်လာခဲ့သည်။

ထိုစဉ် သူ့နောက်က လှုပ်ရှားသံတစ်ချက်ကို သိလိုက်ကာ ခြေလှမ်းတွေ တုံ့သွားခဲ့၏။

သား နိုးသွားတာလား ..၊

တစ်စုံတစ်ရာ ဆိုးဝါးသော အခြေအနေတစ်ခုကို ရင်ဆိုင်ရတော့မည့်အသိက လူတစ်ကိုယ်လုံးကို ကိုင်ရိုက်ခံရသလို မူပြင်း နာကျင်သွားခဲ့၏။

ဒါပေမယ့် နောက်ထပ် လှုပ်ရှားသံ ထွက်မလာဘဲ ငြိမ်သက်သွားခဲ့သည်။ ခုတင်ပေါ်မှာ ဘယ်ညာလှိမ့်နေသည့်အသံ မဟုတ်မှန်း သိနေကာ နေရာမှာပဲ ခြေစုံရပ်နေမိသည်။

ကိုယ့်ကိုယ်ကိုယ် အပြစ်ကျခံဖို့ အသင့်စောင့်နေရသူအဖြစ် သဘောထား၍ စောင့်ဆိုင်းနေခဲ့ပေမယ့် ပတ်ဝန်းကျင်သည် ဒီတိုင်းပဲ တိတ်ဆိတ်နေမြဲဖြစ်ကာ သူ ခြေလှမ်းဖို့ ပြင်ကာမှ ...

"ဖေဖေ .."

ဟင်!...



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး ဖျင်းခနဲ ပူရှိန်းသွားသည်။

ဒါ ဟုတ်ရဲ့လား ...။

ပူပြင်းနေသည့်မျက်လုံးအစုံကို မှိတ်လိုက်မိကာ အနာရှိန်နဲ့ အဖျား တက်နေသလား ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်မိ၏။

ဒီလောက်ထိ သူ မျှော်လင့်ရင်း ရှူးသွပ်နေခဲ့တာလား ...။

စိတ်ကူးနဲ့ လက်တွေ့က တခြားစီဖြစ်တတ်တယ် ပြည့်သျှင် ...၊ မင်း မြန်မြန်ထွက်တော့ ...။

သူ အခန်းပြင်ကိုထွက်ရန် တံခါးဆီ လက်လှမ်းလိုက်လျှင် ...

"ကျွန်တော့်ကို စကားတွေ လာပြောပြီး ဒီတိုင်း ပြန်သွားမလို့ လား .."

သား ...၊

ဒါ တကယ် ငါ့ကို ပြောနေတာ ...၊

ပြည့်သျှင် နောက်ကိုလှည့်ဖို့ ပင်ပန်းကြီးစွာ အားယူနေရသည်။ အမြဲတမ်း တက်ကြွလတ်ဆတ်နေခဲ့သည့် သူ့စိတ်တွေ ဒီလောက်ထိ ချုံးချုံးကျနေခဲ့၏။

'တကယ် မဟုတ်ဘူး' ဆိုသည့်အဖြစ်ကို ဘယ်လိုမှ ရင်မဆိုင်ရဲ တော့သည့်အဖြစ်ဟာ ချစ်ခြင်းမေတ္တာအပေါ် တမ်းတ ငတ်မွတ်စွာ ရှိနေ ခြင်းကြောင့်လား ...၊

"ကျွန်တော့်ကို လှည့်ကြည့်လို့ ရပါတယ် ဖေဖေ .."

"သား .."

ပူနွေးရှိန်းမြသည့် စီးကြောင်းတစ်ခုသည် နှလုံးသားဗဟိုမှ နေ၍ တစ်ကိုယ်လုံးသို့ ဖြန့်ကြက်လေသည်။

"သား .. မင်း က .."

သူ ပြန်လှည့်လိုက်တော့ သော က သူ့နောက်မှာ ရောက်နေပြီဖြစ် ကာ ...





"ကျွန်တော့်လက်မှာ ဖေဖေ့မျက်ရည်တွေ .."

မျက်နှာရှေ့ ရောက်လာသည့်လက်ကို ဒီတစ်ခါ ပိုင်နိုင်စွာ ဆုပ် ကိုင်ခွင့် ရခဲ့၏။ လက်နှစ်ဖက် ထိစပ်ခြင်းမှာ ဘယ်သူ့ကြောင့်မှန်းမသိဘဲ လက်တို့ ဆတ်ဆတ်တုန်နေကြသည်။

သူ့မျက်ဝန်းတွေကို သော မြင်နေရပေမယ့် သော ရဲ့မျက်ဝန်းတို့ ကို သူ သေချာမမြင်နိုင် ...၊ ဒါပေမယ့် အက်ရှတုန်ခါနေသည့် စကားသံ တို့အရ ဒီကလေး ငိုနေပြီ ...၊

"သားရယ် .. ဖေဖေ ဝမ်းသာလိုက်တာ .."

သော ရဲ့ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ရင်း ရင်ခွင်ထဲမှာ ကလေး တစ် ယောက်လို ပွေ့ဖိုက်မိသည်။

ထိုအခါ ငါ့သားဆိုသော နွေးထွေးမှုနှင့်အတူ ကြည်နူးပီတိစိတ်က မျက်ရည်တို့ကို အပျော်လွှန်မိုးအဖြစ် သောင်းသောင်းဖြဖြ ရွာ၏။

သူ့ဘဝမှာ ပျော်လွန်းလို့ မျက်ရည်ကျရတဲ့အဖြစ်မျိုး ရှိနိုင်လိမ့်မည် မထင်ခဲ့ပေ ...၊ သော သည် သူ့ကျောပြင်ကို ခပ်ဖွဖွ ပြန်ဖက်လာခဲ့ရင်း တင်းတင်းကျပ်ကျပ် ဖြစ်ခဲ့လျက် ...

"ကျွန်တော် ဖေဖေ့ကို မခေါ်ရဲလို့ပါ ဖေဖေ ...၊ ကျွန်တော် .. ကျွန်တော် .. ဖေဖေ့ကို အများကြီး စော်ကားခဲ့တာ .."

"မငိုရဘူးကွ .. ဒါ စော်ကားတာ မဟုတ်ဘူး ...၊ ငါတို့က သား အဖမှန်းမှ မသိခဲ့ကြတာ .. ဆက်ပြီး ဒီတိုင်းသွားခဲ့ကြရင် ဖေဖေက လည်း မင်းကို သတ်မိနိုင်တာပဲ .."

သားမျက်နှာကို စမ်းကိုင်၍ အားပေးရင်း သူ့မျက်နှာမှာ မျက်ရည် တွေ စိုနေဆဲအဖြစ်ကို သတိမရ ...၊

"မင်း ဖေဖေ့ကို ဖေဖေလို့ ခေါ်လိုက်တဲ့အတွက် ငါ့ရင်ထဲမှာ ငြိမ်း ချမ်းသွားခဲ့တာ မင်းပြုလိုက်တဲ့ ကုသိုလ်ပါ .. ဖေဖေ စိတ်ချမ်းသာသွား ပြီ ...၊ အရမ်းကို ကျေးဇူးတင်ပါတယ် သားရယ် .."



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အရပ်နဲ့ရွယ်တူရှိသော တောင့်တင်းကြံ့ခိုင်နေသည့် သားရဲ့ ကိုယ်ကို မြတ်နိုးစွာ ပွေ့ပိုက်ရင်း ရင်ခွင်ထဲမှာ ကလေးငယ်လေး ပြန်ဖြစ်သွားစေချင်၏။

သားလေး နို့တျာရဲဘဝမှာ ပွေ့ပိုက်ခွင့် မရခဲ့ပေမယ့် သူ့ရင်မှာ ဒီတိုင်း ခံစားလို့ ရနေသည်မို့ မိဘမေတ္တာရဲ့ နွေးထွေးခြင်းမျိုး သူ ပေးနိုင်ခဲ့ပြီကို နားလည်လိုက်သည်။

ဒီမနက် မိုးသောက်ခြင်းဟာ မှောင်ကျနေခဲ့သည့် သူ့ဘဝမှာ အဓိပ္ပာယ်များစွာနှင့် အလင်းရောင်သစ်ကို ပေးတော့မှာပါ ..။

မနက်ဖြန်တိုင်းမှာ သူဟာ မိသားစုဆိုသော ဘဝသစ်တစ်ခုဖြင့်..၊





## အခန်း (၆၈)

"သူတို့တွေ အဆင်ပြေသွားကြပြီဆိုရင်လည်း ညည်း အဲဒီကို သွားလာတာတွေ ရပ်တန်းက ရပ်တော့ မို .."

"ရပ်မှာပါ မေမေ.. ဒါပေမယ့် ဒီနေ့တော့ လူမမာမေးရင် ဒေါ်ဒေါ်ဦး နဲ့ ခဏတော့ သွားတွေ့ပါရစေ .."

"တော်ပြီ မို .. ညအိပ်ညနေ ညည်း သွားနေတာတွေ အပျိုလေးမတန်မယ့် ဘယ်လောက် အကျည်းတန်ရပ်ဆိုးသလဲ ညည်း သိရဲ့လား"

လက်မှာ နာရီပတ်လိုက်ရင်း မေမေ့ကို တောင်းပန်သလို ကြည့်မိသည်။ မနေ့ကလည်း သူမ သွားခဲ့တာမဟုတ် ..၊ သော က ဖုန်းသုံးခါဆက်သည်။

ပြီးတော့ ဒေါ်ဒေါ်ဦး ကို သူပဲ အပြင်ထွက်လည်ဖို့ ခေါ်သွားရသည်တဲ့ ..၊

"မင်းကိုပဲ မေးနေတာ ကလေးမုန့်တောင်းတာ ကျနေတာပဲကွ.. မင်း မလာတော့ဘူးလား .."

"မလာဘူးဆိုရင် ဘာဖြစ်သွားနိုင်လို့လဲ .." မေးတော့ "မင်း မလာရင် ငါ လာခေါ်မှာ" တဲ့ ..။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ တိုးတိုးလေး ပြောသွားသေးသည်။ 'မေဖေနဲ့ ကိုယ် အဆင်ပြေနေပြီ' တဲ့ ..၊

ရုံးမှာ သူမ တစ်ယောက်တည်း ဝမ်းသာအားရ ရယ်မိတဲ့အထိပါ..၊

သော တို့ မိသားစုကို ဒီတိုင်းပဲ ဖြစ်စေချင်ခဲ့သည်။ အဆင်ပြေသွားပြီဆိုတဲ့ သာယာစိုပြည်နေတာလေးတွေကိုလည်း မြင်ချင်နေသေးသည်။

ဒေါ်ဒေါ်ဦး က ခုချိန်မှာ ပတ်ဝန်းကျင်၏ နွေးထွေးမှုကို ယုံကြည်သွားပြီမို့ ကြောက်လန့် ချောက်ချားနေတာတွေလည်း မရှိတော့ဘဲ သွက်သွက်လက်လက်လေး ဖြစ်လာခဲ့သည်။

တစ်ခါတလေ ကြောင်တောင်တောင် ဟိုမေးဒီမေးလေး ဖြစ်နေလျှင် တကယ့် ကလေးငယ်လေးလိုပါပဲ ..၊

ခုဆိုရင် ဦးပြည့်သျှင် ရဲ့ နေအိမ်မင်္ဂလာကြီးဟာ သာယာစိုပြည်မှု အပေါင်း ခသောင်းနေပြီပေါ့ ..။

"ဩော် .. ညည်းက ပြုံးနေတယ် ဟုတ်လား .."

"မေမေ .. ဟို ..."

"ညည်းကို ငါ မနိုင်လို့ လွှတ်ထားပေးတာ မဟုတ်ဘူးနော် မို..၊ ညည်း ပြောပြနေတဲ့ အရှုပ်ချောက်ပုံတွေကြောင့် သူ့ရဲကောင်း ရဲ့ညီမ စိတ်ဝေဒနာသည်ကို သနားစိတ်နဲ့ ကြည့်နေခဲ့တာ .."

"ဟုတ်ပါတယ် မေမေရယ် .. အခု သူတို့တွေအားလုံး အဆင်ပြေသွားကြပြီ ..၊ ဦးပြည့်သျှင် နဲ့ သော လည်း .."

"တော် .. တော် .. အဲဒီသားအဖ အဆင်ပြေတာ မပြေတာ ငါ မသိချင်ဘူး ..၊ ညည်း လုံးဝ ထပ်မသွားရတော့ဘူး .. ဒါပဲ .."

"မေမေရယ် .. ဦးပြည့်သျှင် အိမ်မှာ နာ့စ်တွေနဲ့ အိမ်အကူ အဒေါ်ကြီးလည်း ရှိတယ် ..၊ ဒေါ်ဒေါ်ဦး ရော .. သူ့တပည့်တွေရော .. လူတွေမှ အများကြီးပဲ ..၊ မို က ယောကျ်ားလေးရှိတဲ့အိမ် သွားပြီး မရိုးမသား နှစ်ယောက်တည်းနေတာမှ မဟုတ်တာ .."





"ဟဲ့.. အဲဒါကို ဘယ်သူမှမမြင်ဘူး .. မအေက မတော်ဘူးပြောရင် နာခံလိုက်ပါလား သဒ္ဒါပိုမို ..၊ ဘာဖြစ်လို့ စောဒကတက်နေတာလဲ.."

"မို က ဒီတစ်ခါတည်းပဲ သွားတွေ့မှာပါ .."

"မတွေ့ရဘူး .."

ဒီတစ်ခါ ဒေါ်သဲမာ တားဆီးပုံက အင်အားယုတ်လျော့သွားသလို ရှိလျက် မျက်နှာကလည်း မှိုင်တွေသွား၏။

"သူ့ရဲကောင်း တို့ဘက်က ဘယ်သူမှ မကျန်ခဲ့ဘူးဆိုတဲ့ အသိနဲ့ ငါ နေတတ်ခဲ့ပေမယ့် ခုလို သူ့ညီမ သူ့တူတွေ ရှိနေပြီဆိုတော့ ငါတို့ဘက်မှာ တင်နေဆဲကြွေးကို ပြန်ဆပ်ဖို့ ကြိုးစားရမယ် မို .."

"ဟင်!..."

ဒါကို မေမေ သတိရပြီး ဘယ်လောက်ထိ ပူပင်နေရှာသလဲ ..၊ မို ခုမှ တွေးမိသွားကာ မေမေ့ကို သနားသွားမိ၏။

"မေမေ .."

ဒေါ်သဲမာ က အနားကပ်လာသည့် မို့ လက်လေးကို ဆုပ်ကိုင်ထားလိုက်ကာ ...

"ရန်ကြွေးဆိုတာကို အချိန်ကာလနဲ့ အခြေအနေပေါ်မှာ ပြောင်းလဲ မေ့ပစ်လို့ ရနိုင်ပေမယ့် ကြွေးဆိုတာ မဆပ်နိုင်မချင်း ပျောက်ပျက်သွားမှာ မဟုတ်ဘူး ..၊ ပြည့်သျှင် ဆိုတဲ့လူက အရမ်း ရက်စက်ပြတ်သားတာ .. သူတို့ချင်း ပေါင်းစည်းသွားပြီဆိုတော့ ဒီကြွေးကိစ္စကို သူ့ဘက်က ပြောခွင့်ရှိသွားပြီ .."

မို ကိုယ်တိုင် မျက်လုံးပြူးနေမိ၏။ တင်ရှိခဲ့သည့်ငွေကြေးပမာဏက ခုချိန် ဒီလိုအင်အားမျိုးနဲ့ သူမတို့ ဆပ်နိုင်မှာမဟုတ်သည့် ပမာဏမျိုး ဖြစ်သည်။

"မေမေက လူချင်းဖက်လုံးပြီး အသေအကျေ ချုပ်ချင်တယ် ..၊ စကားလုံးနဲ့ကြောတာမျိုးကို မခံချင်ဘူး .. အထူးသဖြင့် သားသမီးကို



www.burmeseclassic.com

www.burmeseclassic.com



သူများ မျက်စောင်းထိုးကြည့်မှာ နည်းနည်းလေးမှ မခံနိုင်ဘူး ..၊ တချို့က ကိုယ့်မှာလည်း သားသမီးရှိရက်နဲ့ မစာမနာ ပြောချင်ကြတာ ..”

“အရှမ်းလည်း စိတ်ပူမနေပါနဲ့ မေမေရယ်.. မို တို့မှာ ဒီတိုက်ကြီး ခြံကြီး ရှိနေသေးတာပဲ ..၊ တိုက်ပေါ်ကနေ အိမ်ပေါ်ပြောင်းနေနိုင်ရင် တော်ပြီပေါ့ .. အမိကကာ ကြွေးမြီကင်းဖို့ပဲလေ ..”

“အို .. နောက်မှ ဘယ်လိုရှာကြံဆပ်ရဆပ်ရ ဒီရက်ပိုင်းမှာ ညည်း သူတို့နဲ့ မပတ်သက်ရဘူး .. ငါ့သမီးကို သူများ အထင်မြင်သေးတာ လည်း မခံနိုင်ဘူး မို ..၊ မသွားပါဘူးလို့ ကတိပေးစမ်းပါအေ ..”

ပြောနေကြတုန်း ဖုန်းဝင်လာသည်။ မို့ မျက်နှာကို ကြည့်ကာ ဒေါ်သဲမာ က ဖုန်းကို မသကာ ..၊

“ဟိုအိမ်ကလား ..”

မို က ခေါင်းညိတ်၍ ငိုင်တွေနေလျှင် ...

“ကိုင်လိုက် .. တစ်ခုခု အကြောင်းပြပြီး ရှောင်လိုက်တော့ မို..”

“ဟလို ..”

“မို .. မင်း ဘယ်မှာလဲ ..”

“ရုံးမှာ ..”

“ဒီအချိန် မသွားတတ်ဘဲနဲ့ကွာ ..”

“ညှို့သည်နဲ့ တွေ့နေတယ် သော .. ဒီတစ်နေကုန်လည်း အားမှာ မဟုတ်ဘူး ..၊ နောက်မှ ပြန်ဆက်မယ် နော် ..”

“ဟာ .. နေပါဦး .. ညှို့သည်နဲ့တွေ့နေတဲ့ အသံကလည်း အသက် ငွေ့ငွေ့နဲ့ ဟစီဟစီ ဖြစ်နေသလိုပါလား ..၊ ပြောပါဦး .. အဲဒီညှို့သည်နဲ့ တွေ့ပြီးမယ့်အချိန် ..”

“ပြောလို့ မရဘူး .. ဒါပဲ နော် ..”

မို့ မျက်နှာလေးကို ကြည့်ကာ ဒေါ်သဲမာ လည်း စိတ်မကောင်းပါ.. ဒါပေမယ့် မတတ်နိုင် ..။





“ယောက်ျားလေးအိမ်မှာ ညအိပ်ညနေ သွားလာနေတယ် ဆိုတည်းက ညည်းမှာ သိက္ခာကျနေပြီ မို ..၊ နောက်နောင် ကိုယ် လက်ထပ်မယ့်အခါ ဒါက အကြီးမားဆုံးအမည်းစက် ဖြစ်လာနိုင်တယ် ..၊ ညည်း သိလား ..”

“ဒါဆိုလည်း ကျွန်တော်နဲ့ပဲ လက်ထပ်ပေးဖို့ စဉ်းစားပေးပါလား..”

“ဟင်!...”

“သော .. ရှင် .. ရှင်က ...”

“ဟုတ်တယ် .. မင်းဆီကိုပဲ တန်းလာခဲ့တာ ..”

“ဒါဆို မင်း ဒီမှာရောက်နေတာ ကြာပြီပေါ့”

“ခြံဝမှာပါ .. မို ကားနားရောက်လာတာတွေ့လို့ ထွက်လာမှာပဲ ဆိုပြီး စောင့်နေတာ ..”

သူမ နာရီတစ်ခေါက် ဝင်ယူတာပါ ..၊ ညာမိသည့်အဖြစ်ကြောင့် မျက်နှာ ဘယ်လိုထားရမှန်းမသိ ဖြစ်နေမိ၏။ သော က မို့ မျက်နှာလေး ကို အချဉ်ဖမ်းသည့်အကြည့်နှင့် စိုက်ကြည့်၍ ...

“မင်း ညာပြောလိုက်ကာမှ လမ်းလျှောက်ဝင်လာတာ ..”

အပြောရောင်ဝတ်စုံပေါ်မှာ ကုတ်အင်္ကျီရှည်ကြီး ထပ်ဝတ်ပြီး ဆံပင်တွေ လှန်ဖြီးထားသဖြင့် အဖေတူသားလို့ ပြောရလောက်အောင် ဦးပြည့်သျှင် နဲ့ တစ်ပုံစံတည်း ..၊ တစ်ရုပ်တည်း ..။

“မို ..”

ယောက်ျားလေးတစ်ယောက်ကို ငေးစိုက်ကြည့်နေသဖြင့် ဒေါ်သဲမာ အသည်းယားကာ မို့ လက်မောင်းကို ဖျတ်ခနဲ ပုတ်၍ ...

“ပြောလိုက်တော့ ..”

ခပ်ပြတ်ပြတ်ပြောကာ အထဲကို လှည့်ဝင်ခဲ့လျှင် ...

“ကျွန်တော့်ကို အန်တီကိုယ်တိုင် ပြောလည်း ရပါတယ် ..”

အံမာ!... သင်းက ..၊



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သဲမာ မျက်နှာတင်းတင်းနှင့် ဖျတ်ခနဲ လှည့်လာသည်။

"ငါပြောရင် မင်း နားဝင်ချိုမှာ မဟုတ်ဘူး .. အဲဒါကြောင့် လိုရင်းတိုရှင်း နားထောင်ပြီး ပြန်တော့ .."

"သိပါတယ် .. ကျွန်တော်ကလည်း နားဝင်ချိုချင်တာ မဟုတ်ပါဘူး .. ဖေဖေ့ကိုလည်း ဖွင့်ပြောခဲ့တယ် ..၊ ဖေဖေကိုယ်တိုင်က မို့ ကို ကျေးဇူးတင်နေတာ.. ပြီးတော့ အန်တီ ပြောတဲ့ မသင့်တော်တဲ့အကြောင်းတွေကိုလည်း ဖေဖေ သိတယ် .. ဒါကြောင့် နားဝင်ချိုမှာ မဟုတ်ပေမယ့် နားနဲ့မနာ ဖဝါးနဲ့နာဖို့ အရင်တောင်းပန်ပြီး သမီးတောင်းခွင့်အတွက်.."

"ဟေ့ .."

"မိသားဖသားစီပီပါ .."

"မင်းကို ငါတို့က .."

"မို့ က ကျွန်တော့်ကို ချစ်ပါတယ် .."

"သော .."

"ရှက်မနေပါနဲ့ မို့ .. လူကြီးတွေက သိပ်ပြေလည်တာ မဟုတ်ဘူး ..၊ အခု ကိုယ့်ဖေဖေဘက်က မီးစိမ်းပြနေပြီ .. မင်းအမေက .."

"ဒီမှာဟေ့ .. ငါ့သမီးရဲ့အိမ်ထောင်ရေးကို ငါ့စိတ်ကြိုက် ဆုံးဖြတ်လို့ ရတယ် ..၊ ဘယ်သူ ဘယ်လိုဆန္ဒရှိရှိ .."

"မို့ ဆန္ဒက ကျွန်တော့်ကိုပဲ လက်ထပ်ဖို့ရှိနေရင် အန်တီ့စိတ်ကြိုက် ဆုံးဖြတ်လို့ မရတော့ဘူးထင်တယ် .."

ခေါ်သဲမာ နှုတ်ခမ်းတလှုပ်လှုပ်နဲ့ ရုတ်တရက် ဆွံ့အသွားသည်။ သမီးဖြစ်သူကို အကဲခတ်ပေမယ့် သူမလေးက 'သူပြောတဲ့အတိုင်းပါပဲ' လို့ ဝန်ခံနေသည့်မျက်နှာနှင့် ..၊

"ဖေဖေက အန်တီ မီးစိမ်းပြတာနဲ့ ရောက်လာမှာပါ .. မေမေကိုယ်တိုင်ကလည်း အရမ်းချစ်နေတော့ သူတို့ရဲ့သမီးလေးအဖြစ် လိုချင်နေကြတယ်..၊ အန်တီ ဖေဖေ့ကို နာကြည်းမှုရှိနေသေးရင်တောင် မေမေ





က ဦးသူ့ရဲကောင်း ရဲ့ညီမပါ.. တစ်ဖက်ခြမ်းလောက်ဖြစ်ဖြစ် ကျေအေးဖို့ စဉ်းစားပေးပါ .."

ဖြစ်ရလေ ..၊ တစ်ဖက်ခြမ်းပဲ စဉ်းစားရမယ်လို့ ..၊

"သော ရယ် .. အဲဒါတွေ ဦး က .."

"ဖေဖေ ဒီမနက်ပဲ ပြောပြတာ .. မင်းကိုလည်း ပြောလိုက်သေးတယ် ဆို .."

"ဟင်!... ဘာလဲ .."

"မင်းအမေနဲ့ ကျေရာကျေကြောင်း ပြောဆိုချင်တဲ့အကြောင်း .."

မို့ နဲ့ ခေါ်သဲမာ မျက်လုံးချင်းဆုံသွားသည်။ မို့ ဖျတ်ခနဲ မျက်လွှာချကာ ငြိမ်သက်သွားသဖြင့် ခေါ်သဲမာ နားလည်သွားသည်။

သားကိုတောင် အောင်ဘော့ သမီးနဲ့ လက်ထပ်ခွင့် ပြုခဲ့ရသေးတာပဲ ..၊ ရန်ငြိုးဆိုတာကို သော ပြောသွားတဲ့နည်းနဲ့ပဲ ..၊

ခေါ်သဲမာ မို့ နဲ့ သော ကို တစ်လှည့်စီ စိုက်ကြည့်ရင်း နေရာမှ လှည့်ထွက်လာခဲ့သည်။ ပြည့်သျှင် ဆိုတဲ့လူကို မယုံကြည်နိုင်ပေမယ့် သူ့ရဲကောင်း ရဲ့သွေးသားရင်းချာ ဖြစ်သည့်အလျောက် ..၊

သူမ ဆုံးဖြတ်ရပါမည် ..၊ တစ်ဖက်ခြမ်းကနေ ခွင့်လွှတ်ကြည်ဖြူနိုင်ဖို့က ...

"ဘယ်လိုလဲ .. လိုက်တော့မလား .."

"ဘာတွေပြောနေတာလဲ.. ရှင်ပြောတဲ့စကားတွေက မေမေ ကျွန်မကို တားဆီးနေလို့ တမင်ရွဲ့ပြောတာလိုလို .. စနောက်နေသလိုလို .."

"ဟား!... မို့ ရာ ပြဿနာပဲ .."

သော က အင်္ကျီအိတ်ထဲက မျက်မှန်နက်ကို ထုတ်တပ်လိုက်ပြီး သူမနား ကပ်သည်။

မျက်မှန်တပ်လိုက်တိုင်း ငေးကြည့်နေချင်အောင် ဆွဲဆောင်မှုရှိနေတတ်သည့် သူ့မျက်နှာကို မို့ က အမှတ်တမဲ့ မော့ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



သူက မျက်နှာချင်း ထိမတတ် ငုံ့လာကာ ...

"ကိုယ် ဘယ်သူ့ကို ဘယ်လောက်ရွဲ့ရွဲ့ .. မလေးမစား ဘယ်လို လုပ်လုပ် .. မင်းအမေကို လုပ်ရဲပါ့မလား ..၊ ပြီးတော့ မင်းအမေ ချုတ်ချော် ခေါင်းညိတ်လိုက်ရင် တစ်ခါတည်း ညားသွားမယ့်ကိစ္စကြီး .."

"ကြည့်စမ်း .."

"အဲဒါ သိသိကြီးနဲ့ ခင်ဗျားကို တကယ်မလိုချင်ဘဲ မိန်းမတောင်း စရာလား .."

"ဘာဖြစ်ဖြစ် ရှင့်ကို မို က ချစ်တယ် ပြောဖူးလို့လား .."

"သိနေတာပဲကွာ .."

"ဘာသိတာလဲ .."

"မင်း ကိုယ့်ကို ကြိုက်တယ်ဆိုတာ .."

"သေပါလား .."

"ဟော့ .."

"အို .. ဘာလုပ်တာလဲ .. အထဲမှာ မေမေ ရှိတယ် ..၊ ရှင်နော် .."

"ဆွဲထားတာလေ .. မဆွဲစေချင်ရင် ဘာလို့ ပြန်ပြေးဖို့ လုပ်လဲ ..၊ သွားမယ် .."

"ဘယ်ကိုလဲ .. ဒီမှာ ဆရာ့ဆီသွားဖို့ ရှိသေးတယ် .."

"နောက်မှသွားကွာ .. မေမေနဲ့ ဖေဖေ့ကို ပြန်လက်ထပ်ပေးမလို့ ..၊ ဟိုတယ်လ်မှာ ဒိတ်သွားလုပ်မယ် .. ပြီးရင် ဝယ်စရာရှိတာတွေ ဝယ်မယ် .. ပြီးရင် အကောင်းဆုံးဆိုင်မှာ လန့်ချ် ဝင်စားမယ် ..၊ ပြီးရင် ဂါးဒင်းနိတစ်ခုမှာ ဝင်နားမယ် .. ပြီးရင်း ဂျုန်းရှင်းစကွဲရ်မှာ တစ်ပတ်ဝင်ပတ်မယ် .. ပြီးတော့မှ ဒင်နာဝင်စားရင်းနဲ့ ဟိုတယ်လ်တစ်ခုခုမှာ .."

"ဘာ!... ဘာပြောတယ် .."

"မင်းနဲ့ ကိုယ့်အတွက် ဒိတ်လုပ်ရဦးမှာလေ .."

"ဟွန်း .."





"အရှမ်းလှတာပဲ .. မေမေ့ချွေးမလေးက .."

"အို .. ဘယ်လိုဖြစ်နေတာလဲ .."

မို ခြေလှမ်းပြင်တိုင်း ရှေ့ကလိုက်ကပ်ကာ ရင်ဘတ်ချင်းကပ်လိုက် .. ပခုံးချင်းတိုက်လိုက်နှင့် ...

"သွားမယ်ဆိုကွာ .."

"အင်း .. လိုက်မယ် .. ဖယ်ပါ ရှေ့က ..၊ မေမေ့ကို သွားပြောမလို့ .."

"တော်ကြာ ပြန်ဆင်းလာခွင့်မပေးရင် ဘယ့်နှယ်လုပ်မလဲ ..၊ မို နော် .. မင်း ကိုယ့်ကို ယောက္ခမလောင်းနဲ့ ရန်ဖြစ်အောင် မလုပ်နဲ့ ..၊ ကိုယ်က တောင်းလို့မရရင် လုယူမယ့်ကောင် .."

ပြောပြီးတာနှင့် မို့ လက်လေးကို ဆွဲ၍ အိမ်ရှေ့ အတင်းထွက်သည်။

"မေမေ .. မေမေ .. မို ခဏပဲ နော် .. လမ်းကျရင် ဖုန်းဆက်မယ် .."

"နည်းနည်းတော့ ကြာမှာ အန်တီ .. မင်္ဂလာကိစ္စ ရှိသေးလို့ ..၊ လူကြီးကို မလိမ်တစ်ပတ် မပြောကောင်းဘူး .."

အထဲကိုလည်း အော်ပြောသည်။ မို့ ကိုလည်း ကပ်ပြော၏။ ပြီးတော့ သူ့ဘာသာ ပခုံးတွေလှုပ်အောင် ရယ်၏။

"လာ .. အပြင်မှာ ကိုယ့်ကား ပါတယ် .."

မို့ ကို ကားထဲဝင်စေပြီးမှ သူ ဟိုဘက်ကို သွားထိုင်၏။

"ဦးနဲ့ ရှင် ဘယ်လိုအဆင်ပြေသွားတာလဲ ဟင် .. ရှင်က တောင်းပန်လိုက်တာလား .."

"ပြီးရင် ပြောပြမယ် .."

"ဒေါ်ဒေါ်ဦး နဲ့ ဦး ရော .."

"ပြီးရင် ပြောပြမယ်ကွာ .."



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ရဲ့ ပြီးရင်တွေက ဘယ်တော့မှ ပြီးမှာလဲ ..၊ ခု သိချင်လို့ ခု မေးနေတာ .."

"ကိုယ်ကတော့ ပြီးသွားတာကို ကြိုက်တာလေ .."

ဒီဘက်ကို လက်တင်ပြီး ကပ်လာတော့ မို မျက်စောင်းလေးရွယ်ကာ လက်ပိုက်ပစ်၏။

"ဘာလဲ .. မေးတုန်းကမေးပြီး ဘာလို့ တွန့်သွားတာလဲ ..၊ ပြောပြမလို့ ဒီဘက်တိုး .."

"နီးနီးလေးရယ် .. ဒီတိုင်းပဲ ပြော .."

"ပြီးရင် ပြောမယ်ဆိုတာက ပြီးမှ ပြောလို့ဖြစ်မှာလေ .."

"ရှင် နော် .."

မို့ မျက်နှာလေး နီရဲသွားကာ ဖျတ်ခနဲ လှည့်လာသည်နှင့် သောက ပခုံးလေးကို ဖက်ထားလိုက်သည်။

ပြီးတော့ ....

"မင်းရှိမှ ကိုယ့်ဘ၀က ပြည့်စုံမှာ .."

စကားပြောလိုက်တော့ မို့ နားသယ်စပ်လေးမှာ နွေးသွားသည်။ သူ့နှုတ်ခမ်းသားတွေ မထိတထိနဲ့ နီးကပ်နေခြင်းကြောင့် တစ်ကိုယ်လုံးသည် တရှိန်းရှိန်း ပူနွေးကာ မို မျက်လုံးတွေပါ ဖိမှိတ်ပစ်မိ၏။

အချစ်နဲ့ စိမ်းသက်ခဲ့သော နှလုံးသားတို့သည် အကယ်၍များ သူ့အနမ်းတွေ ပေးလာခဲ့လျှင် ..၊





## အခန်း (၆၉)

တစ်ယောက်တည်း စာအုပ်ဖွင့်ကြည့်လိုက် ..၊ မီးဖိုနား ပြေးသွားလိုက်နှင့် သူမကို သျှင် နောက်ကနေ လက်ပိုက်ရပ်ရင်း ကြည့်နေခဲ့တာ ကြာပြီ ..။

ဇေဒါရောင် ရှပ်အင်္ကျီပွပွ ထဘီအညိုလေးနှင့် ဆံပင်တွေကို ပ၀ါလေးနဲ့ စည်းထားသည်။

"ဒေါ်မြညို .."

"ရှင် .."

အိမ်အကူအသစ် ဆိုပေမယ့် ဒေါ်မြညို က မျက်နှာကြီးကိုက သဘောမနောကောင်းမည့်လူမှန်း သိသာသူပါ။ မီးဖိုခန်းဆီကို ခပ်သုတ်သုတ်လျှောက်လာရင်း သျှင့် ကိုမြင်တော့ ပျာပျာသလဲ ဖြစ်သွားသည်။

"ဆရာ ဘာလိုချင်လို့လဲဟင် .."

"မလိုဘူး .. သူ့ကို မီးဖိုချောင်ထဲ ဘယ်သူ ၀င်ခိုင်းထားတာလဲ .."

"သူ့ဟာသူ ၀င်လာတာပါ ဆရာရယ် .. ပြီးတော့ ဆရာ[illegible] က လည်း သူ စိတ်ချမ်းသာနေရင် ပေးလုပ်လိုက်ပါဆိုလို့ .. တားလို့လည်း မရလို့ပါ .."



www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း ဟုတ်သည်မို့ သျှင် ဘာမှမပြောဘဲ နေလိုက်ရကာ ...

"ကျွန်တော့်အတွက် စားစရာတစ်ခုခုလုပ်ပြီး သူ့နဲ့ ပို့ပေးလိုက်ပါ.."

"ဟုတ်ကဲ့ .. ဟုတ်ကဲ့ပါ ဆရာ .."

"နေဦး .."

ထွက်လာကာနီးမှ သျှင် စိတ်ပူသွားပြန်ကာ ...

"အပူတွေ .. အရည်တွေ မပို့နဲ့ .. သစ်သီးတစ်ခုခုပဲ ..၊ တော်ကြာ.. ကိုင်ရင် အပူလောင်လိမ့်မယ် .."

"ဟုတ်ကဲ့ .."

"ခင်ဗျားလည်း သူ့ကို ခုလိုမျိုး မီးဖိုခန်းထဲမှာ ထားပြီး အပြင်မှာ တစ်ခုခုထွက်လုပ်နေတာတွေ မလုပ်ပါနဲ့..၊ ထိုင်နေဖို့ ပြောမရရင် သူ စိတ်ဝင်စားတာလုပ်ဖို့ ပေးထားလိုက် .. ဓားတွေ မီးတွေနဲ့ လုံးဝ မနေစေနဲ့ .."

"ဟုတ်ကဲ့ပါ ဆရာ .."

"သူ့နားမှာ ခင်ဗျား အမြဲရှိနေပါ .."

ဒေါ်မြသို မျက်လုံးအဝိုင်းသားနှင့် ကြည့်နေတာကို စိတ်တိုသလို ဖြစ်နေမိသည်။ အခန်းထဲပြန်ရောက်ကာမှ ကိုယ့်မျက်နှာကို မှန်ထဲပြန်ကြည့်ပြီး တင်းမူန်နေတာကို ပြန်လျှော့ရသည်။

သူမရဲ့စိတ်တွေ လွတ်လပ်ကြည်လင်လာဖို့အတွက် မီးဖိုချောင်ထဲ ထည့်ထားရသည့်အဖြစ်က မဟုတ်သေးပါ ..။

ကိုယ့်ကျောကဒဏ်ရာကို လက်ပြန်စမ်းရင်း အားမလိုအားမရ ဖြစ်မိသည်။ အင်္ကျီချွတ်ပစ်လိုက်ပြီး မှန်ထဲမှာကြည့်တော့ တော်တော် သက်သာနေပြီမို့ စိတ်သက်သာသွား၏။

မဟုတ်ရင် ရဲနေသေးသည် ..၊ ရောင်ချင်နေသည်လို့ ကောက်ချက်ချရင် သူ့မှာ လူမမာဘဝကနေ ကျွတ်လွတ်ခွင့် မမြင် ..။

"ရှင် ဘာလုပ်နေတာလဲ .."





"ဟင်!... လာလေ ဦး .."

သူ အင်္ကျီ ကမန်းကတန်းပြန်ဝတ်ဖို့ ကြိုးစားလိုက်စဉ် ပခုံးတစ်ခြမ်းလုံး အောင့်တက်သွားကာ ...

"ကျွတ်!... ကျွတ် .."

"ဘာဖြစ်သွားတာလဲ .. ဘာဖြစ်တာလဲ လို့ .."

ဦး စိုးရိမ်သည့်မျက်နှာလေးနဲ့ သူ့နားကို ရောက်လာသည်။ လက်ထဲမှာ ပန်းသီးနဲ့ ရွှေသစ်တော်ကို သေချာ အစိတ်လေးတွေ လုပ်လာသည့်ဗန်းလေးနဲ့ ဖြစ်ကာ ...

"နေမကောင်းဘဲနဲ့ ရေချိုးမလို့လား .."

သျှင့် ကို လူမမာမှန်းတော့ သူမ သိနေကာ ဒဏ်ရာကို နောက်ထပ် သူမ မမြင်အောင် လျှို့ဝှက်ထားတာမို့ ဒီဒဏ်ရာကြောင့်ဆိုတာကိုတော့ မေ့နေရှာ၏။

ထို့ကြောင့် သျှင် ကလည်း အင်္ကျီကို ဖြစ်သလိုစွတ်ချလျက် တန်းလန်းနှင့် ခေါင်းခါရင်း ...

"ရေမချိုးပါဘူး .. အင်္ကျီလဲနေတာ .."

"အင်္ကျီလဲတာ .."

"အင်း .."

"မဟုတ်ဘဲနဲ့ .."

"ဘာဖြစ်လို့လဲ .."

"ဒါ .. မနက်က အင်္ကျီကြီးပဲဟာ .."

သျှင် ကျေနပ်စွာ ပြုံးမိသည်။ လက်ပြင်ဒဏ်ရာကြောင့် ပခုံး တစ်ဖက်ကိုတော့ ဖိထားရဆဲနှင့် ...

"ကိုယ့်နောက်ကျောမှာ ဆူးစူးမိတဲ့ဒဏ်ရာ ရှိတယ်.. အဲဒါကြောင့် အင်္ကျီမလဲနိုင်တာ .."

"ဒါဆို ခုမှ လဲရမှာလို့ ပြောတာလား .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .."

"ကျွန်မ လဲပေးမယ်လေ .."

ဦး က ဇွန်းကလေးကို စားပွဲပေါ်သွားချထားကာ သူ့ဆီ ပြန်လှည့်လာ၏။ မိန်းကလေးပီပီ ယောကျ်ားတစ်ယောက်၏ ဇာဟီရကို လုပ်ကိုင်ပေးဖို့အတွက်တော့ သူမအသိစိတ်က သိနေပြီဖြစ်လျက် ...

"အကျႌ ဒီထဲမှာလား ဟင် .."

"အင်း .."

ဦး က အဝတ်ဗီရိုကြီးကို ဖွင့်၍ ဟန်ကြီးပန်ကြီး ရပ်ကြည့်နေကာ ဘယ်အထဲက ဘာကိုဆွဲထုတ်ရမှန်းလည်း မသိ ...၊

"ဦး .."

"ရှင် .."

အမှတ်တမဲ့ထူးလိုက်ပြီးမှ ခေါ်သံက သူမကျောနောက် ရောက်နေတာကို သိလိုက်ပြီး ပြန်လှည့်ကြည့်၏။ ဒါပေမယ့် ဟိုဟိုဒီဒီလည်း တွေးမိပုံ မရှိပေ ...။

"ကျွန်မ ဘာလုပ်ပေးရမလဲ .. ဘာမှလည်း မသိဘူး ...၊ အကျႌတွေက အများကြီးပဲ .."

"ကိုယ့်ကိုယ်ပေါ်က အကျႌကို အရင်ချွတ်ပေးဦးလေ .."

"အင်း .. ဟုတ်တယ် .."

ဦး သူ့ဘက်ကို မျက်နှာချင်းဆိုင် လှည့်လာသည်။ အစတည်းက ဒဏ်ရာရှိနေတာမို့ အကျႌတစ်ထည်နဲ့ အကြာကြီး မနေတတ်ခဲ့တာပါ...။ သူမ ဝင်လာလို့သာ ဒဏ်ရာကို မြင်မှာစိုးပြီး ပြန်ဝတ်လိုက်ရတာ ဖြစ်၏။

"ကိုယ့်ဒဏ်ရာတွေကို မကြည့်နဲ့ နော် .. ဒဏ်ရာဆိုတာ ဘူးသီးနန့ လက်ညှိုးမထိုးရသလိုပဲ .. တခြားလူက စေ့စေ့ကြည့်ရင် မပျောက်နိုင်တော့ဘူး .."

"ဟုတ်လို့လား .."





"တကယ်ပြောတာ .."

"ဒါဆို မကြည့်ပါဘူး .. ဟိုဘက်လှည့်လေ .."

"ဒီတိုင်းပဲ ချွတ်ပါ .. ဒါပေမယ့် မင်းမျက်လုံးတွေ မှိတ်ပြီး ဖြည်းဖြည်းလေး စမ်းချွတ် .."

"အို .. မျက်လုံးမှိတ်ရင် ဘယ်လိုလုပ် မြင်ရမှာလဲ .."

"ဒဏ်ရာတွေကို မမြင်ဖို့ပဲ လိုတာကွာ .. ဒီတိုင်းစမ်းပြီး ချွတ်လို့ရတယ် .."

ဦး က မသက်သာသည့်မျက်ဝန်းလေးတွေ ခဏတစ်ဖြုတ် ဖြစ်သွားပြီး စဉ်းစားသေးသည်။ ပြီးမှ သူမဘာသာ ဆုံးဖြတ်ပြီး မျက်လုံးတွေ မှိတ်လိုက်သည်။

"ကိုယ် ရှေ့တိုးပေးမယ် .."

"အင်း .. နည်းနည်း ပခုံးနှိမ့်ပေးလေ .."

"ပေးမယ် .."

"ရှင် .. ရှင့်လက်က ခါးကို မကိုင်နဲ့လေ .."

"ဒါမှ မင်း အဆင်ပြေမှာပေါ့ .. ကိုယ့်ဒဏ်ရာကို ကိုင်မိရင် စမ်းမကြည့်နဲ့နော် .."

"အင်းပါ .."

"ရလား .."

"ရ .. ရတယ် .. ဒါပေမယ့် ရှင် ဘာဖြစ်လို့ လူကို ဖက်ထားတာလဲ .."

"လက်တွေ ဒီတိုင်း စုံချပေးထားရင် နာလို့ .."

"ဒါပေမယ့် .."

"မျက်လုံးတွေ မဖွင့်ရဘူး .."

သူ ဦး ရဲ့ကိုယ်လေးကို မြတ်နိုးစွာ ပွေ့ပိုက်ထားမိသည်။ မေမှေ့မူးမူး နမ်းချင်ခဲ့မိသည့် ရင်ခုန်သံတို့က လွန်ခဲ့သော နှစ်များစွာကအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လတ်ဆတ်နေဆဲ ..၊

သူမကို သူ တစ်သက်လုံး ဒီတိုင်း ဆောင့်ရှောက်သွားနိုင်ဖို့အတွက် သူ့ဘက်မှာ ပြင်ဆင်စရာတွေ ရှိသည်။ ရည်ရွယ်ထားတာတွေလည်း အများကြီးပါ။

အရေးကြီးဆုံးသည် သူမ ဒီရင်ခွင်ကနေ ထိတ်လန့်ကြောက်ရွံ့ပြီး ထွက်ပြေးသွားလို့ မဖြစ် ..။

"ဒေါက် .. ဒေါက် ..."

တံခါးခေါက်သံကြောင့် ဦး ကိုယ်လေး တွန့်သွားသည်။

"ဒေါ်ဒေါ်ဦး ဒီထဲမှာလား .."

"ဟုတ်တယ် .. မို လားဟင် ..၊ ဒီမှာလေ .. သော ရဲ့အဖေက ဝ့ါကို အတင်း .."

"ဟော့ .."

"အာ .. ဘာလုပ်တာလဲ ..၊ ရှင် .. ရှင်နော် .."

အပြင်ကခေါ်သံလည်း ချက်ချင်းပျောက်ကွယ်သွားသည်။ ဦး ကလည်း ငြိမ်ငြိမ်လေး မနေတော့ဘဲ ရွတ်ရုန်းလာ၏။

"အတင်းမရုန်းနဲ့လေ ..ကိုယ့်ကို မသနားဘူးလား .."

"ဘာဆိုင်လို့လဲ .. ဟင့်အင်း နော် .."

"မင်းကို အတင်းလိုက်ဖက်နေရတော့ ကိုယ့်ဒဏ်ရာတွေက အရမ်း နာလာတယ် .."

"ဆူးစူးတာဆို .."

"ဟုတ်တယ် .. ဒါပေမယ့် အကြီးကြီး စူးတာ .."

"ကျွန်မ ဘာဖြစ်လို့ မကြည့်ရတာလဲ ဟင် .."

"ကြည့်လိုက်ရင် မင်း လန့်သွားမှာစိုးလို့ .."

"ဟင့်အင်း .. မလန့်ပါဘူး .."

"လန့်သွားရင် ထွက်ပြေးမှာလား .."





"မပြေးဘူး .."

"နောက်ပြီး ကိုယ့်နား မလာတော့ပါဘူးလို့ မပြောရဘူး .. ဘယ်လိုလဲ .."

"မပြောပါဘူး .. ရှင်ကလည်း ပြပါ ဆိုမှ .."

"ကြည့်လိုက်ရင် ဒဏ်ရာက မပျောက်နိုင်တော့ဘူးကွ .. အဲဒီတော့ ကြည့်တဲ့လူကို အနမ်းပေးမှ ကြည့်ခွင့်ပေးလို့ ရမှာ .."

"ဘာ!..."

"မကြည့်တော့ဘူးလား .."

ဦး မျက်တောင်လေး နစ်ချက်လောက်ပဲ ခတ်၏။

"ကြည့်မယ် .. ပြ .."

သူ အင်္ကျီကြွာနေပြီးသားမို့ သူမဘက်ကို ကျောလှည့်ပြလိုက်သည်။

"ဟင်!..."

ဒဏ်ရာက သိပ်မဟုတ်တော့ပေမယ့် သူမကတော့ စိတ်ဝေဒနာ ရှင်လေးမို့ အနီးကပ် မြင်လိုက်ရတာနှင့် ကိုယ်လေး တောင့်သွားကာ မျက်တောင်ဖျားလေးတွေ ကော့ကပ်သွားတဲ့အထိ တုန်လှုပ်နေခဲ့လျက်...

"ဒါ .. ဒါကြီး .."

"ဘာမှ မဖြစ်တော့ဘူး .."

"အို!..."

ထိတ်လန့်ကြောင်ငေးသွားသည့် သူမကိုယ်လေးကို ရင်ခွင်ထဲ ဆွဲယူလိုက်ကာ သူ တယုတယ ပွေ့ပိုက်ထားမိသည်။ ပြီးတော့ ...

"မင်းကို သိပ်ချစ်တာပဲ ဦး ရယ် .. ကိုယ်လေ မင်းကို မက်မောမိတာ ဟိုးအရင်ကအတိုင်းပဲ .."

အနမ်းတို့ဖြင့် မွန်းကျပ်နေသော ရင်ခွင်ကျယ်သည် သူမအတွက် စိမ်းသက်နေခြင်း မဖြစ်ခဲ့ဘဲ ထိုရင်ခွင်မှာပဲ ငြိမ်ငြိမ်သက်သက်လေး နေခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျောပြင်ကျယ်ကို ပြန်ဖက်ထားမိကာ ...

"ဟင်!... ဦး .. မင်း .. မင်းဘာဖြစ်လို့ ငိုတာလဲ ဟင် .."

ကိုယ်လေး တုန်သွားအောင် ရှိုက်သံလေး ထွက်လာတော့ သျှင်ပျာပျာသလဲ ဖြစ်သွား၏။ ဦးက မျက်နှာလေး မော့လာပြီး သူ့ကိုကြည့်၍ ခေါင်းခါပြသည်။ ထို့ပြင် ...

"ဒဏ်ရာကြီးနဲ့ ရှင့်ကို ကျွန်မ သနားလို့ .."

"ဦး ရယ် .."

ရင်ထဲမှာ နွေးသွားသည်။ သူမရဲ့ပါးပြင်လေးကို သာသာလေး ပွတ်သပ်ရင်း မျက်ရည်တွေ သုတ်ပေးမိကာ ...

"အဲဒါ သိလား .. မင်းက ကိုယ့်ကို ချစ်နေလို့ .."

"ကျွန်မက ချစ်နေတာ .."

သူမ ပြန်မေးတာကို မဖြေတော့ဘဲ အနမ်းတို့နှင့် လက်ဆောင်ပေးမိသည်။

ကြည်နူးသာယာလာခဲ့သော နေ့ရက်တိုင်းဟာ သူတို့ ထားခဲ့ကြသော အဆုံးမဲ့သစ္စာတွေကြောင့်လား ..।

ဒီအတိုင်း ထာဝရ သာယာချင်ပါ၏။

***ပရိသတ်အတွက်***
***ထာဝရ***



www.burmeseclassic.com